ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားစီရင်ထုံးများ

## ၂၀၁၁ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

# ပြစ်မှုဆိုင်ရာမှုခင်းများ

စာမျက်နှာ

ဥပဒေများ-

- ကလေးသူငယ်ဥပဒေ
- ကာလစည်းကမ်းသတ်အက်ဥပဒေ
- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- ပြည်ထောင်စုတရားစီရင်ရေးဥပဒေ
- လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်
- သက်သေခံဥပဒေ
- ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ
- ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ

**တရားခံများအပေါ် လူသတ်မှုဖြင့်စွဲဆိုသည့်အမှုတွင် တရားခံတစ်ဦးက ကျောင်းထောက်ခံစာတင်ပြ၍ မိမိသည်ကလေးသူငယ်ဖြစ်ကြောင်း တင်ပြသည်ကို တရားရုံးက စုံစမ်းစစ်ဆေးမှု မပြုလုပ်ခဲ့သည့်အပြင် ကျောင်းထောက်ခံစာနှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ရန်ပျက်ကွက်ခြင်း၊ ကလေးသူငယ်တရားရုံး မဟုတ်သည့် အခြားသော တရားရုံးများသည်လည်း တရားခံသည် ကလေးသူငယ် ဟုတ် မဟုတ် အငြင်းပွားမှုပေါ်ပေါက်**

**လာပါက ချက်ချင်းစိစစ်၍ အဆုံးအဖြတ်ပေးရန်လိုခြင်း၊ အငြင်းပွားမှုအပေါ် တစ်စုံတစ်ရာသုံးသပ်ဝေဖန်၍ အဆုံးအဖြတ် မပြုလုပ်ခြင်းသည် တရားရုံး၏တာဝန် ပျက်ကွက်ရာရောက်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ အမှု၌ မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ နှစ်ဖက်တင်ပြချက်အရ အငြင်းပွားမှုပေါ်ပေါက်နေသည်။ ရဲစွဲချက်ပုံစံတွင် မျိုးမင်းသူ၏အသက်ကို ၁၉ နှစ်ဟုဖော်ပြထားပြီး သက်သေခံအမှတ် (၁) ကျောင်းထောက်ခံစာတွင် မွေးသက္ကရာဇ်ကို ၄-၂-၁၉၉၅ ဟုဖော်ပြထား၍ အခင်းဖြစ်ချိန်တွင် မျိုးမင်းသူ၏အသက်မှာ ၁၅ နှစ် ၆ လသာရှိကြောင်းပေါ်ပေါက်နေသည်။ မူလခရိုင်တရားရုံးက မျိုးမင်းသူမှတင်ပြသော သက်သေခံအမှတ်(၁) ထောက်ခံစာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ခြင်းမရှိသည့်ပြင် သက်သေခံအမှတ် (၁) ထောက်ခံစာအပေါ်သုံးသပ်ဆုံးဖြတ်ထားခြင်းမရှိကြောင်းတွေ့ရသည်။

ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းကို လက်ခံရရှိသည့်အခါ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က) တွင်ဖော်ပြထားသည့်အတိုင်း အမှုတွဲတွင်ပါရှိသော ကလေးသူငယ်၏ အသက်နှင့်ပတ်သက်သည့် အထောက်အထားကို ဦးစွာစိစစ်ကြည့်ရှုကြသည်။ ထို့နောက်အမှုတွဲပါ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ ဆရာဝန်ဆေးစာ သို့မဟုတ် အခြားခိုင်လုံသောအထောက်အထားများအရ ကလေးသူငယ် ဖြစ်မဖြစ် ဆုံးဖြတ်ကြသည်။ ကလေးသူငယ်တရားရုံးက ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က)ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေလိုက်နာဆောင်ရွက်ကြသော်လည်း အခြားတရားရုံးများက မိမိတို့ရုံးတွင် တရားစွဲဆိုတင်ပို့သည့်တရားခံ

စာမျက်နှာ

သည် ကလေးသူငယ် ဟုတ် မဟုတ် အငြင်းပွားမှုပေါ်ပေါက်လာသည့်အခါ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က) တွင်ဖော်ပြထားသည့်အထောက်အထားများရယူစိစစ်၍ ခိုင်လုံသောအထောက်အထားများအရ ကလေးသူငယ် ဟုတ် မဟုတ် စိစစ်ရန်ပျက်ကွက်တတ်ကြသည်။

အခြားတရားရုံးများကလည်း မိမိတို့ရုံးသို့ တရားစွဲဆို တင်ပို့သည့် တရားခံသည် မျက်မြင်အားဖြင့် ကလေးသူငယ်အရွယ်တွေ့ရှိရလျှင်လည်းကောင်း၊ တရားခံက ကလေးသူငယ်ဖြစ်သည်ဟုထုချေပြီး ကလေးသူငယ် ဟုတ် မဟုတ်အငြင်းပွားမှုပေါ်ပေါက်လာလျှင်လည်းကောင်း ယင်းပြဿနာနှင့်စပ်လျဉ်း၍ ချက်ချင်းစိစစ်၍ အဆုံးအဖြတ်ပေးရန် လိုပေသည်။ အဘယ်ကြောင့်ဆိုသော် တရားခံသည် ကလေးသူငယ်ဖြစ်နေပါက ကလေးသူငယ်မှုခင်းကို စစ်ဆေးစီရင်ခြင်းသည် မူလကပင် ပျက်ပြယ်နေမည်ဖြစ်သောကြောင့်ဖြစ်သည်။

မူလခရိုင်တရားရုံးက တရားခံ မျိုးမင်းသူ၏အသက်နှင့်စပ်လျဉ်း၍ တရားခံဘက်မှတင်ပြသည့် သက်သေခံအမှတ်(၁) ကျောင်းထောက်ခံစာအပေါ် နှစ်ဖက်အငြင်းပွားနေကြပြီး အပြီးသတ်လျှောက်လဲတင်ပြရာ၌လည်း ထည့်သွင်းလျှောက်ထားခဲ့ကြပါလျက် ဤအငြင်းပွားမှုအပေါ် တစ်စုံတစ်ရာ ဝေဖန်သုံးသပ်၍ အဆုံးအဖြတ်မပြုလုပ်ခဲ့ခြင်းသည် တရားရုံး၏ တာဝန်ပျက်ကွက်ရာရောက်ပေသည်။

အောင်ကိုမင်းပါ ၃ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၁၃၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် — အောင်ကိုမင်းပါ ၃

(ဃ) ညွှန်းချက်

**အပြီးအပြတ်လွှတ်ပြီးဖြစ်သော ပူးတွဲတရားခံများနှင့်အတူ အယူခံမှု၊ ပြင်ဆင်မှုမတင်သွင်းခဲ့ခြင်းကိုအကြောင်းပြုပြီး ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ အယူခံတရားလိုတင်သွင်းသည့် ပြင်ဆင်မှုကို တရားရုံးချုပ်က ပလပ်ခဲ့ခြင်းသည် မှန်ကန်မှု ရှိ မရှိ။ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှတင်သွင်းခြင်းကို လက်ခံနိုင်ခြင်း ရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ အမှုတစ်မှုတွင် ပူးတွဲတရားစွဲဆိုအပြစ်ပေးခံရသူများသည် အယူခံမှု၊ ပြင်ဆင်မှုများကို ပူးတွဲတင်သွင်းရမည်ဟူသော သတ်မှတ်ချက်မရှိချေ။ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းကြခြင်းမှာ တရားခံတစ်ဦးစီ၏ သီးခြားအခြေအနေပေါ်မူတည်၍ တင်သွင်းကြခြင်းဖြစ်ပေသည်။ အယူခံမှု၊ ပြင်ဆင်မှုလက်ခံစစ်ဆေးရသည့် တရားရုံးအနေဖြင့် မူလရုံးအမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံအထောက်အထားနှင့် ဥပဒေပြဋ္ဌာန်းချက်များအပေါ် သုံးသပ်၍ ဆုံးဖြတ်ရန်သာဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားခံတင်အောင်ဝင်းမှာ အကျဉ်းထောင်မှတစ်ဆင့်အယူခံဝင်ရောက်ရသူဖြစ်ပြီး ရဲဘက်စခန်းတွင် ရောက်ရှိနေသူဖြစ်သည့်အတွက် အယူခံမှုကို အကျဉ်းနည်းပလပ်ခံရသည်ကို အချိန်မီသိရှိနိုင်ခဲ့ခြင်းမရှိ၍ ပြင်ဆင်မှုတင်သွင်းရန် ကာလစည်းကမ်းသတ်ကျော်လွန်သွားရသည် ဆိုသည့်အကြောင်းပြချက်မှာ တရားခံ၏လက်ရှိအနေအထားအရ ခိုင်လုံသော အကြောင်းပြချက်ဖြစ်သည်ဟု သုံးသပ်ရရှိသည်။ ထို့ကြောင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ အရ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သွင်းသည့် ၎င်း၏လျှောက်လွှာကို ခွင့်ပြုသည်။

တင်အောင်ဝင်း နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၄၈

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ စွဲဆိုမှု၊ မည်သည့်ပြုလုပ်မှုမျိုး သည် ကာယိန္ဒြေပျက်စီးစေမှုဖြစ်ရာရောက်ခြင်း၊ အပြုခံရသူ အမျိုးသမီး၏ယဉ်ကျေးမှု၊ အနေအထိုင်၊ ဓလေ့စရိုက်ပေါ် မူတည်၍ ကာယိန္ဒြေပျက်စီးစေသည့်ပြုလုပ်မှု ဟုတ် မဟုတ် ဆုံးဖြတ်ရခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ မူလရုံးမှ တရားခံစိုးမိုးသူအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၅၄ အရ ပြစ်မှုကျူးလွန်ကြောင်းဖြင့် သုံးသပ်ရာတွင် မည်သို့သော ပြုလုပ်မှုသည် ကာယိန္ဒြေကို ပျက်စီးစေသည်ဟု ဥပဒေသတ်မှတ်ထားခြင်းမရှိ သဖြင့် အပြုခံရသူ အမျိုးသမီး၏ယဉ်ကျေးမှု၊ အနေအထိုင်၊ ဓလေ့စရိုက် အပေါ်မူတည်၍ ကာယိန္ဒြေပျက်စီးစေသည့် ပြုလုပ်မှု ဟုတ် မဟုတ်ဆိုခြင်း ကိုဆုံးဖြတ်ရမည်ဖြစ်သည်။ အနောက်နိုင်ငံယဉ်ကျေးမှုအရ အမျိုးသမီးတစ် ဦး၏ခါးကိုဖက်ခြင်းသည် ကာယိန္ဒြေကိုပျက်စီးစေသည်ဟု ဆိုနိုင်မည်မဟုတ် သော်လည်း မြန်မာအမျိုးသမီးတစ်ဦး၏ ခါးကိုသွားဖက်လျှင် ကာယိန္ဒြေပျက် စီးမှုမြောက်မည်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ဓလေ့အရ အမျိုးသမီးတစ်ဦး၏ လက်နှင့်ဆံပင်ကိုဆွဲလျှင် ကာယိန္ဒြေပျက်စီးစေရာရောက်ကြောင်းဖြင့် လမ်းညွှန်ထုံးဖွဲ့ထားသည့် **မလှစိုးနှင့် မောင်သန်းအမှု** [၂] ကို ကိုးကား၍ တရားခံကိုစိုးမိုးသူမှ မခိုင်ခိုင်ထွေး၏ ဆံပင်ကိုဆွဲ၍ လမ်းမပေါ်အထိ ဆွဲထုတ် သောပြုမူမှုသည် မခိုင်ခိုင်ထွေး၏ ကာယိန္ဒြေပျက်စီးစေသည်ဟု မှတ်ယူရ ကြောင်း သုံးသပ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

အချင်းဖြစ်နေ့က တရားခံ စိုးမိုးသူမှ မခိုင်ခိုင်ထွေး၏ အလှပြင်ဆိုင် အတွင်းတွင် မခိုင်ခိုင်ထွေးနှင့်စကားအချေအတင်ပြောဆိုနေရာမှ အလှပြင် ဆိုင်အပြင်ဘက်သို့ မခိုင်ခိုင်ထွေး၏ ဆံပင်ဆွဲ၍ထုတ်လာပြီးလက်သီးဖြင့်

ထိုးကြိတ်မှုပြုသဖြင့် သက်သေခံ အင်္ကျီအပြဲနှင့် လူအများမြင်ကွင်းသို့ဆံပင် စာမျက်နှာ
ဆွဲခံရလျက် ရောက်ရှိသွားသည့် မခိုင်ခိုင်ထွေးသည် လူပုံအလယ်အများ
အမြင်တွင် မိန်းကလေး၏ ကာယိန္ဒြေမဲ့သွားစေသည့်အဖြစ်မျိုးသို့ရောက်ရှိ
စေမည်ဖြစ်ကြောင်း မြင်သာထင်ရှားနေပေသည်။

| ကိုစိုးမိုးသူပါ ၂ | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂ | ၁၀ |
|---|---|---|---|
| ကိုစိုးမိုးသူပါ ၂ | | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂ | |

**ဒေါသထွက်စဉ် မရေရာသောပြောဆိုမှုသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၆ နှင့်အကျုံးဝင်ခြင်း ရှိ မရှိ။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၅၅ မြောက်ရန် လိုအပ်သည့်အချက်။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၃ အရ မည်သူမဆို အခြားသူတစ်ဦးတစ်ယောက်၏ ကိုယ်ကိုသော်လည်းကောင်း၊ ဂုဏ်သရေကို သော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း နစ်နာစေမည်ဟုခြိမ်း ခြောက်ရာတွင် ထိုသို့ခြိမ်းခြောက်ခြင်းသည် ထိုသူအား ထိတ်လန့်ခြင်းဖြစ်စေ ရန်အကြံဖြင့် ခြိမ်းခြောက်ခြင်းဖြစ်လျှင် ပြစ်မှုမကင်းသော ခြောက်လှန့်မှု ကျူးလွန်သည်မည်ပြီး ပြစ်မှုမကင်းသောခြောက်လှန့်မှုကို ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆ နှင့်အကျုံးဝင်မည်ဖြစ်ကြောင်းပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် တရားခံဦးစိုးနိုင်က စိန်ခေါ်သည်ဆိုရာ၌ “ သတ္တိရှိ လျှင် အပြင်ထွက်ခဲ့ ” ဟုပြောဆိုခဲ့ကြောင်း တရားလို ဦးစိုးဝေယံထွန်း၏ ထွက်ဆိုချက်အရ ပေါ်ပေါက်သည်။ ထိုသို့သော ပြောဆိုမှုမှာ တစ်ဦးနှင့် တစ်ဦး စကားများရာမှ ဒေါသထွက်စဉ် မရေရာသော ပြောဆိုမှုဖြစ်ပြီး ထိတ်လန့်ခြင်း

ဖြစ်စေရန်အကြံနှင့်ပြုသည့် ခိုးခြောက်မှုဖြစ်သည်ဟု ဆိုနိုင် မည်မဟုတ်သဖြင့် စာမျက်နှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆ နှင့်အကျုံးဝင်ခြင်းမရှိကြောင်း မြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅ နှင့်အကျုံးဝင်ရန်မှာ မည်သူမဆို မိမိအား တစ်ဦးတစ်ယောက်သောသူက ရုတ်တရက်အကြီးအကျယ်ဒေါသထွက်အောင်ပြုမှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် ထိုသူကို အရှက်တကွဲအကျိုးနည်းဖြစ်စေရန်အကြံဖြင့် လက်ရောက်မှုကိုကျူးလွန်ရန် သို့တည်းမဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကို ကျူးလွန်ရန်လိုပေသည်။

တရားခံဦးဇော်နိုင်၏ ပြုမူဆောင်ရွက်မှုမှာ တရားလို ဦးစိုးဝေယံထွန်း၏ခြံထဲသို့ ဝင်ရောက်ရာတွင် ခြံတံခါးအားဆိုင်ကယ်ဖြင့် တိုက်ဖွင့်သည့်ကိစ္စနှင့်အချေအတင်စကားများရာမှ တရားခံဦးဇော်နိုင်က ဦးစိုးဝေယံထွန်း၏ခြံထဲဖြစ်နေသောကြောင့် ဦးစိုးဝေယံထွန်းအား ဆွဲဖက်၍ ခြံပြင်သို့ထုတ်ရန်ပြုခြင်းဖြင့် ပြစ်မှုမကင်းသောအနိုင်အထက်ပြုခြင်းသာဖြစ်ကြောင်းပေါ်ပေါက်ပြီး အရှက်တကွဲအကျိုးနည်းဖြစ်စေရန်အကြံဖြင့် ပြစ်မှုမကင်းသောအနိုင်အထက်ပြုမှုကျူးလွန်ကြောင်း၊ ထိုသို့သောအကြံရှိကြောင်း ပေါ်ပေါက်မှုမရှိသည့်အခြေအနေတွင် တရားခံဦးဇော်နိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅ အရလည်းကောင်း၊ တရားခံ ဦးစိုးနိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅/၁၁၄ အရလည်းကောင်း စွဲချက်တင်ခြင်းမှာ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

ဦးဇော်နိုင်ပါ ၂ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂ ၂၈

**မမှန်မကန်လိမ်လည်၍ ကျမ်းကျိန်လွှာပြုလုပ်သည်ဆိုကာ ပြစ်မှု ဆိုင်ရာဥပဒေပုဒ်မ ၁၈၁ အရ အရေးယူပေးရန် ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းမှုပြုလုပ်ခွင့် ရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆(၁) ပြဋ္ဌာန်းချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)နှင့်(ဂ) တို့တွင် ရည်ညွှန်းသည့် ပြစ်မှုတစ်စုံတစ်ရာနှင့်စပ်လျဉ်းပြီးအဆိုပါတရားရုံးအနေနှင့် ထိုကိစ္စအလို့ငှာ ၎င်းထံလျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ တရားမျှတမှုအတွက် စုံစမ်းစစ်ဆေးမှုပြုသင့်သည်ဟု ထင်မြင်ယူဆလျှင် စုံစမ်းစစ်ဆေးရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅(၁)(ခ)နှင့်(ဂ)တို့တွင် ရည်ညွှန်းသောပြစ်မှုများတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၁ ၏ ပြစ်မှုပါဝင်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အယူခံမှုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ ပါပြဋ္ဌာန်းချက်ကို ကျူးလွန်ခြင်း ရှိ မရှိအတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးစေရန် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးအား ညွှန်ကြားခဲ့ခြင်းမှာ မှားယွင်းသည်ဟု ဆိုရပေမည်။

ဒေါ်ဂျယ်နီစော (ခ) ဒေါ်ရင်ရင်မြ နှင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ပါ ၂ ၁

**လင်ယောကျ်ားဖြစ်သူက ဇနီးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲဆိုခြင်း၊ လင်မယားနှစ်ဦးပိုင် မော်တော်ယာဉ်ကို လက်ဝယ်ထားသူဇနီးက ယာဉ်လိုင်စင်သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုမြောက် မမြောက်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားစွဲတင်သည့် တရားခံပြေးအမှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ အရဆောင်ရွက်ခဲ့ပြီးနောက် ဖမ်းဆီးမိသည့်တရားခံအပေါ် နောက်ထပ်စွဲဆိုသည့်အမှုကို ချေဖျက်နိုင်ခြင်း ရှိ မရှိ။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုထင်ရှားရန်မှာ မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားမှုရှိရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၄ အရ မရိုးမဖြောင့်သောသဘောဆိုသည်မှာ မတရားဆုံးရှုံးစေရန်အကြံဖြင့်ဖြစ်စေ၊ မတရားရယူရန်အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုဖြစ်သည်ဟု ဖွင့်ဆိုထားသည်။ တရားခံ ဒေါ်ဌေးဌေးမွန်၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြစ်မှုမြောက်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း မတွေ့ရှိရပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားစွဲတင်သည့် တရားခံပြေးမှုများတွင် တရားခံမျက်ကွယ်၌ရယူသည့် တရားလိုပြသက်သေများ၏ သက်သေခံသည့်အချက်အလက်များအရ ပြစ်မှုမှာ လုံလောက်စွာ ယုတ္တိထင်ရှားခြင်းရှိက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရ ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပြီး တရားခံသည် မည်သည့်

(ည) ညွှန်းချက်

ဥပဒေပုဒ်မ၊ မည်သည့်ပြစ်မှုကျူးလွန်ကြောင်း တိတိကျကျသတ်မှတ်ဆောင် စာမျက်နှာ ရွက်ခြင်းမဟုတ်ပေ။ တရားခံကိုယ်တိုင်ရုံးရှေ့သို့လာရောက်ခုခံထားခြင်းမရှိသည့်အခြေအနေတွင် ရေးမှတ်ထားသည့် သက်သေခံချက်များကို တရားခံကိုယ်တိုင်ရုံးရှေ့ရောက်ရှိသည့်အချိန်တွင် သက်သေခံဥပဒေပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များအရမှတစ်ပါး သက်သေခံအဖြစ် အသုံးမပြုနိုင်ပေ။ သို့ဖြစ်ရာ တရားခံ ဒေါ်ဌေးဌေးမွန်အား တရားခံပြေးအမှုအဖြစ် ဗဟန်းမြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၆၈/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၂၀၊ ၄၆၈၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ စတင်တရားစွဲဆိုစဉ်က တရားခံဒေါ်ဌေးဌေးမွန်အပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရ ဆောင်ရွက်စေကာမူ တရားခံ ဒေါ်ဌေးဌေးမွန်အား ဖမ်းဆီးရမိပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ဗဟန်းမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၄၈၆/၂၀၀၉ ဖြင့် ထပ်မံတရားစွဲဆိုရာတွင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း ရှိ မရှိ ထိုအမှုမှ သက်သေခံအထောက်အထားများအရသာ ဆုံးဖြတ်ရမည်ဖြစ်ပေသည်။

တရားခံဒေါ်ဌေးဌေးမွန်အပေါ် ထပ်မံစွဲဆိုသည့်အမှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲဆိုတင်ပို့လာခြင်းဖြစ်၍ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရအမှုတွဲချေဖျက်ရန် သင့် မသင့် စဉ်းစားသည့်အခါ တရားခံအပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုမြောက် မမြောက်ကိုသာ စဉ်းစားသုံးသပ်ရန် ရှိပေသည်။

ဦးသိန်းဟန် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂ ၁၀၇

စာမျက်နှာ

**ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုချေဖျက်ပေး ရန်လျှောက်ထားမှု၊ တရားလိုဘက်မှ စွပ်စွဲချက်သည်မှန် ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်းပေါ်ပေါက်ခြင်းမရှိလျှင် သော်လည်းကောင်း၊ အမှုတွဲကိုကြည့်ရုံမျှဖြင့် အထင်အရှား အခိုင်အလုံ တရားမျှတမှုကင်းမဲ့နေကြောင်းတွေ့ရလျှင် သော်လည်းကောင်း၊ တရားလိုဘက်က သက်သေခံချက်များ မှာ ပြစ်မှုတစ်ခုခုနှင့်စွဲချက်တင်နိုင်အောင် အထင်အရှား ခိုင်လုံမှုမရှိလျှင်သော်လည်းကောင်း၊ အမှုတွဲကိုကြည့်ရုံမျှ ဖြင့် ဆက်လက်စစ်ဆေးနေလျှင် အချိန်ကုန်လူပမ်းဖြစ်ရန် အကြောင်းရှိသောအမှုဖြစ်လျှင်သော်လည်းကောင်း အမှုကို ချေဖျက်ရန်ဖြစ်ခြင်း၊ အမှုတွဲချေဖျက်ပေးရန် လျှောက်ထား မှုအား ပယ်သည့်အမိန့်သည် အပြီးသတ်ဆုံးဖြတ်သည့် အမိန့်မဟုတ်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရလည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၉ အရလည်းကောင်း အထူးအယူခံဝင်ခွင့်ရှိ သည့်အမိန့်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ယခုအမှုတွင် တရားလိုဒေါ်ကြည်ကြည်နှင်းက တရားခံ ဦးထင်ဇမ္ဗူကျော်ပါ ၃ ဦးတို့သည် တရားလို၏ကားကို မတရားသဖြင့်ပိုင် ဆိုင်လို၍ စာချုပ်များအဆင့်ဆင့်လိမ်လည်အတုပြုလုပ်ထားကြသည်ဟု စွပ်စွဲ ထားပြီးသက်သေခံစာချုပ်များပေါ်ရှိလက်မှတ်များမှာလည်းဒေါ်ကြည်ကြည်နှင်း၊ ကိုအေးကျော်တို့ ရေးထိုးထားသည့် လက်မှတ်များမဟုတ်ဟု အင်းစိန်မှုခင်း

တပ်ဖွဲ့မှ ပြန်ကြားစာရှိနေခြင်းတို့ကြောင့် တရားလိုက စွဲဆိုထားသောပြစ်မှု စာမျက်နှာ သည်အခြေအမြစ်မရှိဟု မဆိုနိုင်ပေ။ အခြေအမြစ်မရှိဘဲ စွဲဆိုခြင်းပြုမှသာ လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုချေဖျက်ပေးလေ့ ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမှုတွဲချေဖျက်ပေးပါရန် တရားရုံးချုပ်/ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားမှုအား တရားရုံးချုပ်/ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပယ်သည့်အမိန့်ချမှတ်ခြင်းသည် မူလရုံးအမှုကို အပြီးသတ်ဆုံးဖြတ်သည့်အမိန့်မဟုတ်သဖြင့် ယင်းအမိန့် အပေါ် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရလည်းကောင်း၊ ပြည်ထောင် စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၉ အရလည်းကောင်း အထူးအယူခံ လျှောက်ထားခြင်းအား ခွင့်ပြုရန်အကြောင်းမရှိပေ။

ဦးထင်ဇမ္ဗူကျော်ပါ ၃ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂ ၆၂

**စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်လျှောက်ထားခြင်း၊ စာချွန်တော် အမိန့်လျှောက်ထားလွှာများကို ကြားနာရာတွင် အယူခံ စီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် ပြင်ဆင်မှုစီရင်ပိုင်ခွင့် အာဏာကိုသုံးစွဲ၍ သုံးသပ်ဝေဖန်မည်မဟုတ်ခြင်း၊ လက်အောက်ခံတရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စကိုစီရင် ဆုံးဖြတ်ခြင်းအား စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက် ဖက်မည်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်

အမိန့်တောင်းခံသည့် လျှောက်ထားလွှာများကို ကြားနာရာတွင် အမိန့်ချမှတ် စာမျက်နှာ သည့် တရားရုံးက လျှောက်ထားသူတို့အား ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှု ထင်ရှားစီရင်ထားသည့်အမိန့်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံစီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို သုံးစွဲ၍ သုံးသပ်ဝေဖန်ခြင်းမပြုပေ။ ထိုရုံးများက ချမှတ်သောအမိန့်သည် မှားယွင်း ချွတ်ချော်နေပါက လျှောက်ထားသူတို့သည် ဥပဒေကခွင့်ပြုသည့်အတိုင်း အထက်တရားရုံးများသို့ အယူခံဝင်ရန် သို့မဟုတ် ပြင်ဆင်မှုလျှောက် ထားရန်ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန် တော်အမိန့်ထုတ်ပေးရန် လျှောက်ထားတောင်းခံရာတွင် လက်အောက်ခံ တရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စကို စီရင်ဆုံးဖြတ်ခြင်းအား စာချွန်တော် အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

ဦးမြင့်သန်းပါ ၅ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂ ၉၃

**စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန်လျှောက်ထားခြင်း၊ စာချွန်တော် အမိန့်ထုတ်ဆင့်ခွင့် အာဏာကို အပ်နှင်းထားခြင်း၏ ရည်ရွယ်ချက်၊ အောက်တရားရုံးများအပေါ် ပြည်ထောင်စု တရား လွှတ်တော်ချုပ်က ကြီးကြပ်ကွပ်ကဲခြင်းအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို ကျင့်သုံးနိုင်ရန်ဖြစ်ခြင်း၊ အမြင့်ဆုံး တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် စာချွန်တော်**

**အမိန့်ထုတ် ဆင့်နိုင်ခွင့်မရှိခြင်း၊ အထူးအယူခံဝင်ခွင့်ပြု ရန်သာ လျှောက်ထားခွင့်ရှိခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့် အာဏာကို အပ်နှင်းထားသည်။ စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့်အာဏာ ကိုအပ်နှင်းထားသည့် ရည်ရွယ်ချက်မှာ အောက်တရားရုံးများက ယင်းတို့၌ စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စီရင်ခြင်း၊ စီရင်ပိုင်ခွင့်အာဏာထက်ပို၍ဆောင် ရွက်ခြင်း၊အပ်နှင်းထားသောစီရင်ပိုင်ခွင့်အာဏာကို လက်ခံနိုင်ဖွယ်မရှိအောင် ကျင့်သုံးရန်ပျက်ကွက်ခြင်းတို့ပြုလုပ်ခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော် ချုပ်က ကြီးကြပ်ကွပ်ကဲခြင်းအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို ကျင့်သုံးရန်ဖြစ်သည်။ **D.D. GROVER(APPLICANT) နှင့် A.C KOONDA CONTROLLER OF RENT, MANDALAY. (RESPONDENTS)အမှု**(၁) ကို ရည်ညွှန်းသည်။ အမြင့်ဆုံးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်များဖြင့် ကြီးကြပ် ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှု အာဏာကို လက်အောက်ခံတရားရုံးအပေါ် ကျင့်သုံးခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အောက်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံတင်သွင်းခြင်း သို့မဟုတ် ပြင်ဆင်မှုလျှောက်ထား၍ အမြင့်ဆုံးတရား ရုံးဖြစ်သော ယခင်တရားရုံးချုပ်၊ ယခုပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ပြီးပါက အမြင့်ဆုံးတရားရုံး၏ ဆုံးဖြတ်ချက်ပေါ် အဆင့်တူအမြင့် ဆုံးတရားရုံးက ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို သုံးစွဲ၍ စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ပေ။

ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို လက်အောက် စာမျက်နှာ တရားရုံးများအပေါ်တွင်သာ ကျင့်သုံးရန်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ အပြီးသတ်ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်အပေါ်ပြန်လည်စစ်ဆေးစီရင်စေရန် လျှောက်ထားနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခြင်းသာဖြစ်သည်။

သျှင်ဥာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ပြီးဖြစ်၍ ထပ်မံပြီး စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခွင့်မရှိတော့ပေ။

သျှင်ဥာဏ (ခ) ရှင်မိုးပြာ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၁၂၆

**ပြစ်ဒဏ်တိုးမြှင့်ပေးရန်လျှောက်ထားခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်မထုတ်ပြန်မီ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက တရားခံအပေါ်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရလျှော့ပေးပြီးပြစ်ဒဏ်ကိုတိုးမြှင့်ရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါအမိန့်အမှတ် ၂၈/၂၀၁၁ အပိုဒ် ၁(ခ) အရ ၁၇-၅-၂၀၁၁ ရက်နေ့မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း

(တ) ညွှန်းချက်

၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးအပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရှိပြီးသော လျှော့ရက်များအပြင် ၁ နှစ်(တစ်နှစ်) ထပ်မံလျှော့ပေါ့စေရန် လွတ်ငြိမ်းချမ်းသာခွင့်ပြုကြောင်းထုတ်ပြန်ထားသည်။ စာမျက်နှာ

တော်လှန်ရေးကောင်စီဥက္ကဋ္ဌအမိန့်အမှတ် ၈၇/၁၉၇၁ ကိုထုတ်ပြန်၍ယင်းအမိန့်မတိုင်မီ ကျခံနေရသော ပြစ်ဒဏ်များကို လျှော့ပေးခဲ့သည်။ လျှော့ပေးပြီးသော ပြစ်ဒဏ်ကို တရားရုံးက တိုးမြှင့်ခြင်းမပြုနိုင်၊ တိုးမြှင့်ပေးခြင်းမပြုအပ်ကြောင်း **မောင်စိုးသိန်းပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၁] တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

အမှုတွင် တရားခံဦးတင်နိုင်အပေါ် ၁၁-၄-၂၀၁၁ ရက်နေ့က ပြစ်ဒဏ်များချမှတ်ခဲ့ရာ အကယ်၍တရားခံအပေါ် ထောင်ဒဏ်ကျခံစေမည်ဆိုပါက နိုင်ငံတော်သမ္မတရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါစာအမိန့်အမှတ် ၂၈/၂၀၁၁ နှင့်အကျုံးဝင်သက်ဆိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားခံရသူဦးတင်နိုင်အပေါ် ထပ်မံ၍ပြစ်ဒဏ်တိုးမြှင့်ရန် သင့်မြတ်မည်မဟုတ်ပေ။

ဒေါ်တင်တင်အောင် နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂ ၃၉

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၀၊ ၃၆၃၊ ၃၇၆ အရစွဲဆိုမှု၊ ရဲကစုံစမ်းမှုပြုလုပ်စဉ် တရားခံအား ပြစ်မှုကျူးလွန်ပုံကို သရုပ်ပြစေကာ ဓါတ်ပုံရိုက်ယူသည့်အချက်ကို အထောက်အထား အဖြစ်တင်ပြခြင်းသည် သက်သေခံဥပဒေပုဒ်မ ၂၄၊ ၂၆ တို့အရ အကျုံး ဝင် မဝင်။**

**ဆုံးဖြတ်ချက်** ။ ။ အမှုတွင် မဝင်းလဲ့မူအား အိမ်ဖောက်ထွင်းခိုးယူပြီး စာမျက်နှာ အဓမ္မပြု၍ စွန့်ပစ်ထားသူမှာ တရားခံ လှဝင်း(ခ)လဝင်း ဖြစ်ကြောင်းစွဲဆို ခြင်းမှာ တရားလိုပြသက်သေ ရဲဒုတပ်ကြပ်ထွန်းနိုင် (လိုပြ-၉)နှင့် ရဲတပ်သား တင်ထွန်း (လိုပြ-၁၀) တို့၏ ထွက်ချက်အရ ရဲမှစုံစမ်းမှုပြုပြီး တရားခံလှဝင်း (ခ) လဝင်းအား အချင်းဖြစ်ပြစ်မှုကျူးလွန်သည့်ကိစ္စနှင့်စပ်လျဉ်း၍ စစ်ဆေး ချက်ရယူပြီး တရားခံလှဝင်း (ခ) လဝင်း အားပြစ်မှုကျူးလွန်ပုံကိုသရုပ်ပြ ဓာတ်ပုံရိုက်ယူသည့်အချက်ကို အဓိကအထောက်အထားအဖြစ်တင်ပြလျက် အရေးယူခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ရဲမှစစ်ဆေးပြီး တရားခံအား ချုပ်ထားစဉ် စစ်ဆေးပေါ်ပေါက်ချက်အရဟုဆိုကာ တရားခံအား အချင်းဖြစ် ပြစ်မှုကျူးလွန်စဉ်က လုပ်ဆောင်ချက်ကို သရုပ်ပြစေသည့်အချက်သည် သက်သေခံဥပဒေပုဒ်မ ၂၄၊ ၂၆ တို့အရ ရဲအချုပ်တွင်ရှိနေစဉ် ဖြောင့်ဆိုချက် ရယူသည့်အချက်တွင် အကျုံးဝင်ပြီး သက်သေခံဥပဒေအရ သက်သေခံမဝင်ပေ။



**၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့် ရှောက်ရေးဥပဒေပုဒ်မ ၃ အရ စီရင်ဆုံးဖြတ်ခြင်း- တစ်ဦး တစ်ယောက်က ၎င်းတွင်တာဝန်ရှိပါသည်ဟုဆိုကာမျှနှင့် ၎င်းအပေါ်ပြစ်မှုကြောင်းအရ အရေးယူရန် ခိုင်လုံသည်ဟု မမှတ်ယူသင့်ခြင်း၊ ပြစ်မှုကျူးလွန်ကြောင်းစွဲဆိုရာတွင် တရားခံ၌ မည်သည့်တာဝန်ရှိ၍ ယင်းတာဝန်ပျက်ကွက် ခြင်းကြောင့် မည်သည့်ပြစ်မှုမြောက်ကြောင်း၊ ယင်းပြစ်မှု**

**ဖြစ်စေသည့် အင်္ဂါစုံလင်အောင် သက်သေထူရန် တရားလို** စာမျက်နှာ **ဘက်၌ တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရပြစ်မှုမြောက်ရန်မှာ တရားခံသည် အများနှင့်သက်ဆိုင်သောပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားမှု၊ လိမ်လည်မှုကို ကျူးလွန်ကြောင်း သက်သေခံချက် ထင်ရှားရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မကွေးတိုင်းသမဝါယအသင်းစုချုပ်တွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း သမအသင်းစုချုပ်ရုံး ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အတွင်းရေးမှူးဦးသက်ဝင်းထွန်း၊ အမှုဆောင်ဒါရိုက်တာ ဦးလှကြီးတာဝန်ယူဆောင်ရွက်စဉ် ကာလအတွင်း စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ စပါး၊ မြေပဲဆံနှင့် မန်ကျည်းမှည့် ဝယ်ရောင်းလုပ်ငန်းတွင် အရှုံးပေါ်၍လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကျော်၍ သုံးစွဲငွေများအတွက်လည်းကောင်း၊ ဦးလှကြီးတွင် ကြီးကြပ်ကွပ်ကဲမှုအားနည်း၍ အချိုးကျပေးလျော်ပါမည်ဟု ဝန်ခံကတိပြုထားပြီး ပေးလျော်မှုမရှိပါက တရားမကြောင်းအရသာ စွဲဆိုရမည်ဖြစ်ပေသည်။

တစ်ဦးတစ်ယောက်က ၎င်းတွင်တာဝန်ရှိပါသည်ဟုဆိုကာမျှနှင့် ၎င်းအပေါ်ပြစ်မှုကြောင်းအရ အရေးယူရန်ခိုင်လုံသည်ဟု မမှတ်ယူသင့်၊ ပြစ်မှုကျူးလွန်ကြောင်း စွဲဆိုရာတွင် တရားခံ၌ မည်သည့်တာဝန်ရှိ၍ ယင်းတာဝန်ပျက်ကွက်ခြင်းကြောင့် မည်သည့်ပြစ်မှုမြောက်ကြောင်း၊ ယင်းပြစ်မှုဖြစ်စေသည့် အင်္ဂါစုံလင်အောင် သက်သေထူရန် တရားလိုဘက်တွင်

တာဝန်ရှိသည်ဟု **မောင်ဟန်စိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**[၂] စာမျက်နှာတွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

သို့ဖြစ်ပေရာ မကွေးခရိုင်တရားရုံးမှ ဦးလှကြီးသည် မန်ကျည်းမှည့်ဝယ်ယူစဉ်ကမပါရှိသော်လည်း အရှုံးဖြင့်ရောင်းချရန်ဆုံးဖြတ်သည့်အဖွဲ့၌ပါဝင်နေခြင်း၊ စပါးဝယ်ရောင်းလုပ်ငန်းတွင် သတ်မှတ်သည့်အမြတ်ငွေမရရှိခြင်း၊ မြေပဲဆံဝယ်ခြင်း၊ ကြိတ်ခွဲခြင်း၌ ဦးတိုးလုံအား ငွေထုတ်ခွင့်နှင့် လုပ်ပိုင်ခွင့်ပေးသူအဖြစ်ပါဝင်ပြီး အဆိုပါလုပ်ငန်းတွင် သတ်မှတ်သည့်အမြတ်ငွေရရှိမှုနည်းပါးခြင်းတို့အတွက် ဦးလှကြီးတွင် တာဝန်ရှိနေသည်ဟုဆိုကာ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်ကြမ်းနှင့်ထောင် ၁၀ နှစ်ကျခံစေရန်ချမှတ်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်အား မကွေးတိုင်းဒေသကြီးတရားလွှတ်တော်မှ အတည်ပြုခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ဦးလှကြီး နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၈၁

**၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ယင်းပြစ်မှုဖြင့် မြေနှင့်နေအိမ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်မှု ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ ပါပြဋ္ဌာန်းချက်အရ မူရင်းပုဒ်မ

(န) ညွှန်းချက်

၁၆ မှ ပုဒ်မ ၂၀ အထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် စာမျက်နှာ
အားပေးကူညီမှုအတွက် ပုဒ်မ ၂၁ နှင့်တွဲ၍ စွဲဆိုပြီး ပြစ်မှုထင်ရှားစီရင်ပါက
ပုဒ်မ ၂၄(က)အရ ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို
ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း
မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရန် ပြဋ္ဌာန်း
ထားခြင်းမရှိပေ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းသိမ်းယူခြင်းနှင့်စပ်လျဉ်း၍
ပုဒ်မ ၂၄(ခ)တွင် အားပေးကူညီမှုပုဒ်မ ၂၁ အား ရည်ညွှန်းထားခြင်းမရှိပေ။

သို့ဖြစ်ပေရာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ
စေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်ဒဏ်ချမှတ်
ခြင်းခံရသူပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်
သိမ်းယူပါက ယင်းဥပဒေပုဒ်မ ၂၄(ခ)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိဟု
သုံးသပ်တွေ့ရှိရသည်။

အန်းယီ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၁၄၄

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးမြင့်ဟန် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
ဒီဇင်ဘာလ
၂၃ ရက်

## ဒေါ်ဂျယ်နီစော (ခ) ဒေါ်ရင်ရင်မြ
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂*

**မမှန်မကန်လိမ်လည်၍ ကျမ်းကျိန်လွှာပြုလုပ်သည်ဆိုကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ အရ အရေးယူပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆အရလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ စုံစမ်းမှုပြုလုပ်ခွင့် ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆(၁) ပြဋ္ဌာန်းချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)နှင့်(ဂ) တို့တွင် ရည်ညွှန်းသည့် ပြစ်မှုတစ်စုံတစ်ရာနှင့်စပ်လျဉ်းပြီးအဆိုပါတရားရုံးအနေနှင့် ထိုကိစ္စအလို့ငှာ ၎င်းထံလျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ တရားမျှတမှုအတွက် စုံစမ်းစစ်ဆေးမှုပြုသင့်သည်ဟု ထင်မြင်ယူဆလျှင် စုံစမ်းစစ်ဆေးရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)နှင့်(ဂ)တို့တွင် ရည်ညွှန်းသောပြစ်မှုများတွင် ပြစ်မှုဆိုင်ရာ

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉(ခ)

\+ ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၆ တွင်ချမှတ်သော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ၇-၆-၂၀၁၁ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှု။

ဥပဒေပုဒ်မ ၁၈၁ ၏ ပြစ်မှုပါဝင်ခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်**။ ။ သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အယူခံမှုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ ပါပြဋ္ဌာန်းချက်ကို ကျူးလွန်ခြင်း ရှိ မရှိအတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးစေရန် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးအား ညွှန်ကြားခဲ့ခြင်းမှာ မှားယွင်းသည်ဟု ဆိုရပေမည်။

လျှောက်ထားသူအတွက် - ဦးတင်မောင်အေး
တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူ(၁)အတွက် - ဒေါ်ငွေးငွေးငြိမ်း
ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
လျှောက်ထားခံရသူ(၂)အတွက် - ကိုယ်တိုင်

လျှောက်ထားသူ ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြနှင့် ၎င်း၏အစ်ကို ဦးလှသိန်း(ခ)ဦးစောဂွမ်တိတ်တို့အပေါ် လျှောက်ထားခံရသူအမှတ်(၂) ဦးအုန်းရွှေမှ လိမ်လည်၍ကျမ်းကျိန်ဆိုခဲ့သူများဖြစ်ကြောင်းဖော်ပြ၍ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတွင် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၂၄/၂၀၀၉၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ အရေးယူရန်လျှောက်ထားရာ ပလပ်ခြင်းခံခဲ့ရသည်။ ဦးအုန်းရွှေက ရန်ကုန်တိုင်းဒေသကြီးတရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄/၂၀၁၀ ဖြင့်လည်းကောင်း၊ တရားရုံးချုပ်(ရန်ကုန်) သို့ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၉၆(ခ)/၂၀၁၀ ဖြင့်ဝင်ရောက်ခဲ့ရာတွင်

၂၀၁၁
ဒေါ်ဂျယ်နီစော (ခ)
ဒေါ်ရင်ရင်မြ
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ၂

လည်းကောင်း တရားရုံးအသီးသီးက ပလပ်သည့်အမိန့်ချမှတ်ခဲ့သည်။ တဖန် ဦးအုန်းရွှေမှပင် ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၁ အရ အရေးယူပေးရန် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၃၂/၂၀၁၀ ဖြင့်ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးသို့ ထပ်မံလျှောက်ထားပြန်ရာပလပ်ခံရသည်။ ဆက်လက်၍ ဦးအုန်းရွှေမှ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၆/၂၀၁၁ ဖြင့် အယူခံလျှောက်ထားသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး **" ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြသည် လိမ်လည်ကျမ်းကျိန်ဆိုခဲ့စဉ် တင်ပြချက်မှန် မမှန်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးမှုဖွင့်လှစ်ဆောင်ရွက်သွားရန်"** ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးအား ညွှန်ကြားသည့်အမိန့်ချခဲ့သည်။ ထိုအမိန့်အပေါ် ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြက မကျေနပ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကိုလျှောက်ထားသည်။

အမှုမှာ လျှောက်ထားသူဦးအုန်းရွှေက ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတွင် ပြစ်မှုဆိုင်ရာအထွေထွေမှုအတွက် လျှောက်ထားရာ၌ ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြနှင့် ၎င်း၏အစ်ကိုဖြစ်သူ ဦးလှသိန်း(ခ) ဦးစောဂွမ်တိတ် (၁၉-၂-၂၀၁၀ နေ့က ကွယ်လွန်)တို့သည် ၎င်းတို့၏အစ်မအရင်းဖြစ်သူ" ဒေါက်တာ နော်မာစော(ခ)ဒေါ်ခင်မြနွယ်သည် ၁၄-၉-၂၀၀၈ နေ့က အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးမွေးစားခြင်းမရှိဘဲ ကွယ်လွန်သွားခဲ့ပါသည်" ဟု ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးမှ ဒုတိယဦးစီးမျှုးထံတွင် ကျမ်းကျိန်ဆိုခဲ့ကြသည်။ လျှောက်ထားသူ၏ ဇနီးဒေါ်မြမြအေးက

လျှောက်ထားခံရသူတို့အပေါ် စွဲဆိုထားသော ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၅၃၀/၂၀၀၉ တွင် ၎င်းတို့တရားပြိုင်နှစ်ဦးကိုယ်တိုင်ချေပလွှာအပိုဒ်(၄)၌ "ဦးတင်လှသည် ဒေါ်နော်မာစော(ခ)ဒေါ်ခင်မြနွယ်နှင့်လက်ထပ်ခဲ့သည်မှာ မှန်ပါသည်" ဟု ချေပထားခဲ့သည်။ ဒေါက်တာနော်မာစောမှာ ဦးတင်လှနှင့် လက်ထပ်ပြီး အတူနေထိုင်ခဲ့ကြောင်း၊ လျှောက်ထားခံရသူကိုယ်တိုင်သိပါလျက် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးတွင် ဒေါ်နော်မာစောကို အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားကြောင်း ကျမ်းကျိန်ဆိုဆိုခြင်းမှာ မမှန်မကန်လိမ်လည်ကျမ်းကျိန်ဆိုမှုဖြစ်၍ လျှောက်ထားခံရသူအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ အရ အရေးယူပေးရန် လျှောက်ထားခဲ့သည်။ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးက ၎င်း၏လျှောက်ထားချက်အားပလပ်ခဲ့သည်။ ထိုသို့ပလပ်ခဲ့သည့်အမိန့်ကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ဦးအုန်းရွှေက ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၆ ဖြင့်ထပ်မံတင်သွင်းရာ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၏အမိန့်အားပယ်ဖျက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရစုံစမ်းစစ်ဆေးမှုဖွင့်လှစ်ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ရှေ့နေက ဦးအုန်းရွှေသည် တောင်ပိုင်းခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၃၂/၂၀၁၀ ဖြင့်လျှောက်ထားရာတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ အရ အရေးယူပေးပါရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ လျှောက်လွှာဟု ဖော်ပြထားကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ အရ လျှောက်ထားလာသော အမှုများနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က) တွင်" ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ မှ ၁၈၈ အထိ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံ

၂၀၁၁
ဒေါ်ဂျယ်နီစော (ခ)
ဒေါ်ရင်ရင်မြ
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ၂

တစ်ရာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ (သို့မဟုတ်) ၎င်းအထက်ပြည်သူ့ဝန်ထမ်း၏စာဖြင့် ရေးသားတိုင်တန်းချက်အရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ ” ဟူ၍ ပြဋ္ဌာန်းထားကြောင်း၊ “ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅(၁)(ခ) နှင့် ပုဒ်မ ၁၉၅(၁)(ဂ) တို့တွင်လည်း “တရားရုံးတွင် တရားစီရင်ရေးကို ထိပါးသည့် ပြစ်မှုများအတွက် တရားစွဲခြင်းနှင့် သက်သေခံအဖြစ်တင်ပြသည့်စာတမ်းအမှတ်အသားများနှင့်စပ်လျဉ်း၍ ကျူးလွန်သည့် ပြစ်မှုများအတွက် တရားစွဲဆိုခြင်း ” တို့နှင့်ပတ်သက်၍ ပြဋ္ဌာန်းထားကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆(၁) တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၅(၁)(က) နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ ထိုသို့ဥပဒေတွင်ပြဋ္ဌာန်းထားခြင်းမရှိသည်ကို စုံစမ်းစစ်ဆေးရန် ညွှန်ကြားသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ ချမှတ်ခဲ့သော အမိန့်သည် မှားယွင်းလျက်ရှိနေသဖြင့် ပြင်ဆင်တည့်မတ်ပေးရန်လျှောက်ထားသည်။

လျှောက်ထားခံရသူ (၁) အတွက် လိုက်ပါဆောင်ရွက်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးကလျှောက်ထားရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ) နှင့် (ဂ) ပါ ပြစ်မှုများနှင့်စပ်လျဉ်းပြီး အဆိုပါတရားရုံးအနေဖြင့် ဤကိစ္စအလို့ငှာ မိမိထံလျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ၊ တရားမျှတမှုအတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆလျှင် ပဏာမစုံစမ်းစစ်ဆေးမှုကို ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားကြောင်း၊ ယခုလျှောက်ထားလွှာပါ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ သည် ပြစ်မှုဆိုင်ရာ

ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က) တွင် ဖော်ပြသည့် ပြစ်မှုအမျိုးအစားဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ) နှင့် (ဂ) တွင်ဖော်ပြထားသော ပြစ်မှုအမျိုးအစားမဟုတ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှ ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးမှုဖွင့်လှစ်ဆောင်ရွက်သွားရန်အတွက် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးအား ညွှန်ကြားခဲ့သည့်အမိန့်သည် ဥပဒေအရမှန်ကန်သည်ဟုမဆိုနိုင်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်အညီ သင့်မြတ်သည့်အမိန့်တစ်ရပ်ချမှတ်သင့်ပါကြောင်း လျှောက်ထားခဲ့သည်။

လျှောက်ထားခံရသူ (၂) ဦးအုန်းရွှေက ကိုယ်တိုင်လျှောက်ထားရာတွင် လိမ်လည်ကျမ်းကျိန်ဆိုသူအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ အရ အရေးယူအပြစ်ပေးနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးအရေးယူရန် လျှောက်ထားသည့် လျှောက်ထားမှုသည် လျှောက်ထားခံရသူ (၂) လျှောက်ထားသည့်အတိုင်း ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းက အရေးယူဆောင်ရွက်ပေးရန် လျှောက်ထားသည့် လျှောက်လွှာဖြစ်ခြင်းကြောင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က) နှင့် ဆန့်ကျင်ခြင်းမရှိသည်မှာ ထင်ရှားမြင်သာကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆(ခ) အရ အယူခံမှုကို ဥပဒေနှင့်အညီ စစ်ဆေးစီရင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ဥပဒေတစ်စုံတစ်ရာ မှားယွင်းချွတ်ချော်မှုမရှိသဖြင့် ပြင်ဆင်ရန်မလိုအပ်ပါကြောင်း လျှောက်ထားခဲ့သည်။

| ၂၀၁၁ |
| --- |
| ဒေါ်ဂျယ်နီစော (ခ) ဒေါ်ရင်ရင်မြ နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပါ၂ |

ယခုအမှုမှာ ကျမ်းကျိန်လွှာပါဖော်ပြချက်နှင့် အချေလွှာပါဖော်ပြချက်မှာ ဆန့်ကျင်ကွဲလွဲနေသဖြင့် မူလမှုတွင် လျှောက်ထားသူက မမှန်မကန်ကျမ်းကျိန်လွှာဖြစ်သည်ဆိုကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ အရ အရေးယူပေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ လျှောက်ထားခြင်းဖြစ်သည်။ ယင်းလျှောက်ထားချက်ကို ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးက ပလပ်ခဲ့သည်။ အယူခံမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က "ဒေါ်ဂျယ်နီစော(ခ)ဒေါ်ရင်ရင်မြသည် လိမ်လည်ကျမ်းကျိန်ဆိုခဲ့သည်ဆိုသော တင်ပြချက် မှန် မမှန်နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးမှုဖွင့်လှစ်ဆောင်ရွက်သွားရန် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးအား ညွှန်ကြားသည်" ဟုအမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်သည် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ ဤအမှုတွင် စိစစ်ရန်ဖြစ်သည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆(၁) ပြဋ္ဌာန်းချက်တွင် "တရားမရုံး သို့မဟုတ် အခွန်ရုံး သို့မဟုတ် ရာဇဝတ်တရားရုံး၌ စစ်ဆေးစီရင်ရာတွင်ဖြစ်စေ၊ ၎င်းတို့နှင့်စပ်လျဉ်း၍ဖြစ်စေ ကျူးလွန်ခဲ့ဟန်လက္ခဏာရှိသော ပုဒ်မ ၁၉၅ အပိုဒ်ခွဲ (၁) ၏ အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တွင် ရည်ညွှန်းသည့်ပြစ်မှုတစ်စုံတစ်ရာနှင့်စပ်လျဉ်းပြီး အဆိုပါတရားရုံးအနေဖြင့် ဤကိစ္စအလို့ငှာ မိမိထံလျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ တရားမျှတမှုအတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆလျှင် အကယ်၍ လိုအပ်သည်ထင်၍ ယင်းကဲ့သို့ ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးမှု၏ ဆုံးဖြတ်ချက်ကို ရေးမှတ်နိုင်သည့်အပြင် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ တိုင်တန်းချက်ရေးသားပြီး အဆိုပါတရားရုံး၏ ရုံးထိုင်အရာရှိက လက်မှတ်ထိုးကာ ထိုတိုင်တန်းချက်ကို စီရင်ခွင့်အာဏာရှိသော

ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးထံ တင်ပို့ရမည်” ဟု ပြဋ္ဌာန်းထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆(၁) ပြဋ္ဌာန်းချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ) နှင့် (ဂ) တို့တွင် ရည်ညွှန်းသည့် ပြစ်မှုတစ်စုံတစ်ရာနှင့်စပ်လျဉ်းပြီး အဆိုပါတရားရုံးအနေနှင့် ထိုကိစ္စအလို့ငှာ ၎င်းထံလျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ တရားမျှတမှုအတွက် စုံစမ်းစစ်ဆေးမှုပြုသင့်သည်ဟု ထင်မြင်ယူဆလျှင် စုံစမ်းစစ်ဆေးရန် ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ) နှင့် (ဂ) တို့တွင် ရည်ညွှန်းသော ပြစ်မှုများတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ ၏ ပြစ်မှုပါဝင်ခြင်းမရှိပေ။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ အရ အရေးယူရန်လျှောက်ထားရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က) အရသာ သက်ဆိုင်ပေသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က) တွင် “ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၇၂ မှ ၁၈၈ အထိ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို သက်ဆိုင်ရာပြည်သူ့ဝန်ထမ်း၏ သို့မဟုတ် ၎င်း၏အထက် ပြည်သူ့ဝန်ထမ်း၏စာဖြင့် ရေးသားတိုင်တန်းချက်အရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ ” ဟုပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်အရ ကျမ်းကျိန်ဆိုသူအရာရှိသည် မိမိရှေ့မှောက်၌ ကျမ်းကျိန်ဆိုသူ ပုဂ္ဂိုလ်တစ်ဦးဦးက ကျမ်းကျိန်ဆိုချက်နှင့်ပတ်သက်၍ မမှန်မကန်ကျမ်းကျိန်ဆိုကြောင်း သို့မဟုတ် လိမ်လည်၍ ကျမ်းကျိန်ဆိုကြောင်း သို့မဟုတ် ကျမ်းကျိန်ဆိုချက်နှင့်ကွဲလွဲသောအချက်များရှိနေကြောင်း

တစ်စုံတစ်ယောက်က တင်ပြလာသည့်အခါ သို့မဟုတ် မိမိကိုယ်တိုင်သိရှိရသည့်အခါ မမှန်မကန်ကျမ်းကျိန်ဆိုမှုဖြင့် မိမိကိုယ်တိုင်လျှောက်လွှာရေး၍လည်းကောင်း သို့မဟုတ် မိမိ၏အထက်အရာရှိထံတင်ပြ၍ အထက်အရာရှိမှ တိုင်လျှောက်လွှာရေးသား၍လည်းကောင်း တရားစွဲဆိုရန်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

သို့ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အယူခံမှုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၈၁ ပါပြဋ္ဌာန်းချက်ကို ကျူးလွန်ခြင်း ရှိ မရှိအတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးစေရန် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးအား ညွှန်ကြားခဲ့ခြင်းမှာ မှားယွင်းသည်ဟု ဆိုရပေမည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၆/၂၀၁၁ တွင် ၇-၆-၂၀၁၁ ရက်နေ့ကချမှတ်ခဲ့သော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးမှု ဖွင့်လှစ်ဆောင်ရွက်သွားရန် ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံးအား ညွှန်ကြားသည့်အမိန့်အား ပယ်ဖျက်လိုက်သည်။

**ပြစ်မှုဆိုင်ရာပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

**ဦးအောင်ဇော်သိန်း ရှေ့တွင်**

+ ၂၀၁၁ ခုနှစ်
ဒီဇင်ဘာလ
၁ ရက်

**ကိုစိုးမိုးသူပါ ၂**

**ကိုစိုးမိုးသူပါ ၂**

**နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂ ***

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂**

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ စွဲဆိုမှု၊ မည်သည့်ပြုလုပ်မှုမျိုးသည် ကာယိန္ဒြေပျက်စီးစေမှုဖြစ်ရာရောက်ခြင်း၊ အပြုခံရသူအမျိုးသမီး၏ယဉ်ကျေးမှု၊ အနေအထိုင်၊ ဓလေ့စရိုက်ပေါ်မူတည်၍ ကာယိန္ဒြေပျက်စီးစေသည့်ပြုလုပ်မှု ဟုတ် မဟုတ် ဆုံးဖြတ်ရခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မူလရုံးမှ တရားခံစိုးမိုးသူအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ ပြစ်မှုကျူးလွန်ကြောင်းဖြင့် သုံးသပ်ရာတွင် မည်သို့သောပြုလုပ်မှုသည် ကာယိန္ဒြေကို ပျက်စီးစေသည်ဟု ဥပဒေသတ်မှတ်ထားခြင်းမရှိ

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၃(ခ)
၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၄(ခ)

\+ ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၈(ခ) နှင့် ၄၉(ခ) တွင်ချမှတ်သောမွန်ပြည်နယ်တရားလွှတ်တော်၏ ၇-၉-၂၀၁၁ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှု။

သဖြင့် အပြုခံရသူ အမျိုးသမီး၏ယဉ်ကျေးမှု၊ အနေအထိုင်၊ ဓလေ့စရိုက် အပေါ်မူတည်၍ ကာယိန္ဒြေပျက်စီးစေသည့် ပြုလုပ်မှု ဟုတ် မဟုတ်ဆိုခြင်းကိုဆုံးဖြတ်ရမည်ဖြစ်သည်။ အနောက်နိုင်ငံယဉ်ကျေးမှုအရ အမျိုးသမီးတစ်ဦး၏ခါးကိုဖက်ခြင်းသည် ကာယိန္ဒြေကိုပျက်စီးစေသည်ဟု ဆိုနိုင်မည်မဟုတ်သော်လည်း မြန်မာအမျိုးသမီးတစ်ဦး၏ ခါးကိုသွားဖက်လျှင် ကာယိန္ဒြေပျက်စီးမှုမြောက်မည်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ဓလေ့အရ အမျိုးသမီးတစ်ဦး၏ လက်နှင့်ဆံပင်ကိုဆွဲလျှင် ကာယိန္ဒြေပျက်စီးစေရာရောက်ကြောင်းဖြင့် လမ်းညွှန်ထုံးဖွဲ့ထားသည့် **မလှစိုးနှင့် မောင်သန်းအမှု** [၂] ကို ကိုးကား၍ တရားခံကိုစိုးမိုးသူမှ မခိုင်ခိုင်ထွေး၏ ဆံပင်ကိုဆွဲ၍ လမ်းမပေါ်အထိ ဆွဲထုတ်သောပြုမူမှုသည် မခိုင်ခိုင်ထွေး၏ ကာယိန္ဒြေပျက်စီးစေသည်ဟု မှတ်ယူရကြောင်း သုံးသပ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

အချင်းဖြစ်နေ့က တရားခံ စိုးမိုးသူမှ မခိုင်ခိုင်ထွေး၏ အလှပြင်ဆိုင်အတွင်းတွင် မခိုင်ခိုင်ထွေးနှင့်စကားအချေအတင်ပြောဆိုနေရာမှ အလှပြင်ဆိုင်အပြင်ဘက်သို့ မခိုင်ခိုင်ထွေး၏ ဆံပင်ဆွဲ၍ထုတ်လာပြီးလက်သီးဖြင့်ထိုးကြိတ်မှုပြုသဖြင့် သက်သေခံ အင်္ကျီအပြဲနှင့် လူအများမြင်ကွင်းသို့ဆံပင်ဆွဲခံရလျက် ရောက်ရှိသွားသည့် မခိုင်ခိုင်ထွေးသည် လူပုံအလယ်အများအမြင်တွင် မိန်းကလေး၏ ကာယိန္ဒြေမဲ့သွားစေသည့်အဖြစ်မျိုးသို့ရောက်ရှိစေမည်ဖြစ်ကြောင်း မြင်သာထင်ရှားနေပေသည်။

လျှောက်ထားသူများအတွက်     - ဦးအေးနိုင်၊ တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူ(၁)အတွက် - ဒေါ်ယဉ်မျိုးမေ၊ ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
လျှောက်ထားခံရသူ(၂)အတွက် - ဦးခင်မြင့်၊ တရားလွှတ်တော်ရှေ့နေ

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ကျိုက်ထိုမြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၁၁ တွင် ကိုစိုးမိုးသူနှင့် မနှင်းနုနုထွေးတို့အပေါ် မခိုင်ခိုင်ထွေးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇/၃၂၃/၃၅၄/၄၅၁တို့အရတရားစွဲဆိုခဲ့ရာ၁၉-၈-၂၀၁၀ နေ့တွင် တရားခံစိုးမိုးသူကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အရ ငွေဒဏ် ၂၀၀၀ဝိ/-ပေးဆောင်စေ၊ မဆောင်ပါက ထောင်ဒဏ် ၆ လကျခံစေ၊ ပုဒ်မ ၃၂၃ အရ ငွေဒဏ်ကျပ် ၁၀၀ဝိ/-ပေးဆောင်စေ၊ မဆောင်ပါက ထောင်ဒဏ် ၁ လကျခံစေ၊ ပုဒ်မ ၃၅၄ အရရုံးတက်ရုံးဆင်းထောင်ဒဏ် ၁ ရက်နှင့် ငွေကျပ် ၃၀၀ဝိ/- ပေးဆောင်စေ၊ မဆောင်ပါက ထောင်ဒဏ် ၆ လကျခံစေ၊ (၂) တရားခံ မနှင်းနုနုထွေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရ ငွေဒဏ်ကျပ် ၁၀၀ဝိ/- ပေးဆောင်စေ၊ မဆောင်ပါက ထောင်ဒဏ် ၁ လကျခံစေရန် အသီးသီးအမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလရုံးတရားလို မခိုင်ခိုင်ထွေးက မကျေနပ်သဖြင့် မွန်ပြည်နယ်တရားရုံးသို့ပြစ်ဒဏ်တိုးမြှင့်ပေးရန် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၀၆/၂၀၁၀ ဖြင့်တင်သွင်းခဲ့ပြီး မူလရုံးတရားခံများကလည်း မြို့နယ်တရားရုံးမှချမှတ်သည့်ပြစ်ဒဏ်ကို မကျေနပ်သဖြင့် သထုံခရိုင်တရားရုံးသို့ အယူခံတက်ရောက်ခဲ့ရာ မွန်ပြည်နယ်တရားရုံးရှိ ပြင်ဆင်မှုနှင့်တပေါင်းတည်း ကြားနာနိုင်ရန် တင်ပို့၍ မွန်ပြည်နယ်တရားရုံး ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၇/၂၀၁၀ ဖြင့်လက်ခံကြားနာခဲ့သည်။ ထို့နောက် မွန်ပြည်နယ်တရားရုံးက အဆိုပါပြစ်မှုဆိုင်ရာပြင်ဆင်မှုနှင့် အယူခံမှုတို့ကို ပလပ်သည့်အမိန့်ချမှတ်ခဲ့ပေသည်။ အဆိုပါ မွန်ပြည်နယ်တရားရုံး၏ ၂၈-၁၂-၂၀၁၀ နေ့စွဲပါအမိန့်ကိုမကျေနပ်၍ မွန်ပြည်နယ်တရားလွှတ်တော်သို့ မခိုင်ခိုင်ထွေးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၈(ခ)/၂၀၁၁ အရလည်းကောင်း၊ ကိုစိုးမိုးသူနှင့်မနှင်းနုနုထွေး

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

တို့က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉(ခ)/၂၀၁၁ အရလည်းကောင်း အသီးသီးတင်သွင်းခဲ့ကြရာ အဆိုပါအမှုနှစ်မှုကို တပေါင်းတည်းကြားနာပြီး ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉(ခ)/၂၀၁၁ ကိုပလပ်သည့်အမိန့်ချမှတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၈(ခ)/၂၀၁၁ ကို တစ်စိတ်တစ်ဒေသခွင့်ပြုပြီး မွန်ပြည်နယ်တရားရုံး၏ ၂၈-၁၂-၂၀၁၀ ရက်စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။ ကျိုက်ထိုမြို့နယ်တရားရုံးက တရားခံမနှင်းနုနုထွေးအပေါ် ချမှတ်သည့်ပြစ်ဒဏ်အား အတည်ပြုပြီး တရားခံကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အရ ငွေဒဏ်ကျပ် ၂၀၀၀ိ/- နှင့် ပုဒ်မ ၃၂၃ အရ ငွေဒဏ် ၁၀၀ိ/- ပေးဆောင်စေသည့်အမိန့်ကို အတည်ပြုကာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ ချမှတ်သည့်ပြစ်ဒဏ်ကိုပယ်ဖျက်၍ ယင်းဥပဒေပုဒ်မ ၃၅၄ အရ ထောင်ဒဏ် ၃ လကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ အဆိုပါမွန်ပြည်နယ်တရားလွှတ်တော်၏ အမိန့်ကို ကိုစိုးမိုးသူနှင့် မနှင်းနုနုထွေးတို့က မကျေနပ်၍ ဤပြင်ဆင်မှုအသီးသီးကို တင်သွင်းလာခြင်းဖြစ်သည်။

ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၃(ခ)/၂၀၁၁ နှင့် ၁၉၄(ခ)/၂၀၁၁ တို့သည် ကျိုက်ထိုမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၁၁/၂၀၀၉ မှ ပေါ်ပေါက်လာသောအမှုများဖြစ်၍ ဤစီရင်ချက်သည် ယင်းပြင်ဆင်မှုနှစ်မှုလုံးနှင့် သက်ဆိုင်စေရမည်။

အမှုမှာကျိုက်ထိုမြို့နယ်၊ကန့်ကော်ရပ်ကွက်၊ ဆေးရုံလမ်းရှိ မခိုင်ခိုင်ထွေး၏အလှပြင်ဆိုင်သို့ ၂-၂-၂၀၀၉ ရက်နေ့ ၁၀း၄၅ နာရီအချိန်တွင် ကိုစိုးမိုးသူနှင့်ဇနီး မနှင်းနုနုထွေးတို့ရောက်ရှိလာပြီး ဆိုင်အတွင်းဝင်ကာ အကြွေးကိစ္စစကားအခြေအတင်ပြောရာမှ ကိုးစိုးမိုးသူက “ ငါ့ပိုက်ဆံပေး

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

မလား မပေးဘူးလား ” ဟုပြောပြီး ဆံပင်ဆွဲ၍ “ နင့်လိုကောင်မမျိုး ပိုက်ဆံရှိရင် ဆွဲသတ်လို့ရတယ် ” ဟုပြောကာ ဆိုင်အပြင်သို့ဆွဲထုတ်သွားကြောင်း၊ ထို့နောက် မခိုင်ခိုင်ထွေး၏မျက်နှာကို လက်သီးနှင့်ထိုး၊ ခြေဖြင့်ကန်ခြင်းများပြုလုပ်ကာ ဆိုင်မျက်နှာစာကို ကာရံထားသည့်မှန်ချပ်ကိုလည်း ခြေဖြင့်ကန်သဖြင့် တစ်စစီကွဲကြေသွားကြောင်း၊ ကိုစိုးမိုးသူက ထိုးကြိတ်ကန်ကျောက်သဖြင့် မခိုင်ခိုင်ထွေး၏ ညာဘက်မျက်လုံး၊ ရင်ဘတ်နှင့်ဝဲဘက်တို့တွင်ပွန်းပဲ့နာကျင်ဒဏ်ရာများရရှိပြီး အလှပြင်ဆိုင်၏ ပစ္စည်းတန်ဖိုး ကျပ်တစ်သိန်းခန့်ဆုံးရှုံးကြောင်း၊ သို့ဖြစ်၍ ကိုစိုးမိုးသူအား အရေးယူပေးရန်တိုင်တန်းရာမှပေါ်ပေါက်သောအမှုဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူများ၏ရှေ့နေက ပြင်ဆင်မှုနှစ်မှုလုံးအတွက် တင်ပြရာတွင် မခိုင်ခိုင်ထွေးက မနှင်းနုနုထွေးအပေါ်နာကျင်စေမှုကျူးလွန်ချိန်တွင် ကိုစိုးမိုးသူအနေဖြင့် ဇနီးဖြစ်သူအား မဖြစ်မနေကာကွယ်ရမည်ဖြစ်၍ မခိုင်ခိုင်ထွေးအား ကာအိန္ဒြေပျက်စေရန်အကြံ သို့မဟုတ် ဖြစ်စေတန်ရာသည်ဟူ၍ စဉ်းစားရန်အချိန်မရှိကြောင်း၊ ဇနီးဖြစ်သူ ကိုယ်ဝန်နှင့်ပက်လက်လန်လဲကျနေသည့်အချိန် ကိုစိုးမိုးသူအနေဖြင့် ရုတ်တရက်ဒေါသထွက်ပြီး မခိုင်ခိုင်ထွေးအား ဆောင့်တွန်းလိုက်ခြင်းသာဖြစ်ကြောင်း၊ ကိုစိုးမိုးသူအနေဖြင့် မခိုင်ခိုင်ထွေး၏ဆံပင်ကိုဆွဲပြီး ကားလမ်းသို့ဆွဲထုတ်ရိုက်နှက်သည်ဟု တင်ပြနေကြသော်လည်း မခိုင်ခိုင်ထွေး၊ ကိုဝင်းနိုင်၊ မသင်းစံပယ်တို့ကိုယ်တိုင်က မခိုင်ခိုင်ထွေးဆိုင်ရှေ့တွင် ကားရပ်ထားကြောင်းထွက်ဆိုခဲ့ပြီးမြေပုံကြမ်းအရလည်း ဆိုင်ရှေ့၌ကားရပ်ထားသည်မှာ ပေါ်လွင်လျက်ရှိကြောင်း၊ တရားခံပြသက်သေများကလည်း ဆိုင်ရှေ့တွင်ကားရပ်ထားကြောင်း အထင်အရှားထွက်ဆိုထားကြောင်း၊ မခိုင်ခိုင်ထွေးကို ကိုစိုးမိုးသူက

ဆံပင်ကိုဆွဲပြီး ကားလမ်းပေါ်သို့ ဆွဲထုတ်ခဲ့ကြောင်း ပထမသတင်းပေးတိုင်ချက်တွင်လည်းမပါ၊ မြေပုံအရလည်းမဖြစ်နိုင်၊ သက်သေထွက်ချက်များအရလည်း မပေါ်ပေါက်ကြောင်း၊ မနှင်းနုနုထွေးနှင့်ပတ်သက်၍ မခိုင်ခိုင်ထွေး၏ထွက်ဆိုချက်ကို တရားလိုပြသက်သေများက ထောက်ခံထွက်ဆိုခြင်းမရှိကြောင်း ထင်ရှားနေသော်လည်း အချင်းဖြစ်စဉ်က ကိုစိုးမိုးသူနှင့်အတူရှိနေ၍ အားပေးသည်ဟု ကောက်ယူသုံးသပ်ခြင်းမှာ မှားယွင်းလျက်ရှိကြောင်း၊ သို့ဖြစ်၍ ကိုစိုးမိုးသူအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းနှင့် မနှင်းနုနုထွေးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းတို့အား ပယ်ဖျက်၍ အပြီးအပြတ်လွှတ်သည့်အမိန့် တစ်ရပ်ပြင်ဆင်ချမှတ်ပေးရန် တင်ပြလျှောက်ထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက ပြင်ဆင်မှုနှစ်မှုလုံးအတွက် လျှောက်လဲတင်ပြရာတွင် ကိုစိုးမိုးသူနှင့် မနှင်းနုနုထွေးတို့က ဆိုင်ထဲတွင် စကားပြောနေရာမှ မခိုင်ခိုင်ထွေးက မနှင်းနုနုထွေး၏ ပုခုံးကို ဆောင့်တွန်းလိုက်၍ ကိုယ်ဝန် ၆ လ ရှိသော မနှင်းနုနုထွေး လဲကျသွားသဖြင့် ကိုစိုးမိုးသူက မခိုင်ခိုင်ထွေးအား တွန်းလိုက်ရာ ဝုန်းကနဲအသံကြားရပြီး ဘာထိသည်ကိုမသိကြောင်း၊ တရားလိုစွပ်စွဲသကဲ့သို့ ပြုမူပြောဆိုခဲ့ခြင်း မရှိကြောင်းထွက်ဆိုထားကြောင်း၊ သက်သေခံ (ဂ) ဓါတ်ပုံမှတ်တမ်းများနှင့် သက်သေခံ (စ) ဆေးစာတို့အရ မခိုင်ခိုင်ထွေး၏ညာဘက်မျက်လုံးတစ်ဝိုက်တွင် ဖူးရောင်ညိုမဲဒဏ်ရာတစ်ခု၊ ဝဲဘက်လက်ပွန်းခြစ်ဒဏ်ရာနှင့်လည်ပင်းတွင် ကုတ်ခြစ်ဒဏ်ရာအနည်းငယ်ရှိ ကြောင်း၊ မခိုင်ခိုင်ထွေး၏ဆိုင်ရှေ့မှန်ချပ်ကြီးကွဲနေခြင်းကိုလည်း သက်သေခံ မှတ်တမ်းဓါတ်ပုံများတွင်တွေ့ရကြောင်း၊ သက်သေခံ(ခ) မြေပုံကြမ်းအရ အချင်းဖြစ်ပွားသည့်နေရာမှာ

ကျိုက်ထိုမြို့တွင်း၊ ဆေးရုံလမ်းမပေါ်ရှိ သမဝါယမဈေးဆိုင်ခန်း ၁၂ ခန်းတွဲရှိသော အဆောက်အအုံဖြစ်သဖြင့် လူအများအပြားမြင် တွေ့နိုင်သောနေရာဖြစ်ကြောင်း၊ တရားလိုနှင့် လိုပြ သက်သေများ၏ထွက်ဆိုချက်များကို တရားခံများဘက်မှ လွှမ်းမိုးပယ်ဖျက်နိုင်ခြင်းမရှိကြောင်းပေါ်ပေါက်နေကြောင်း၊ အချင်းဖြစ်ပွားရသည့်အကြောင်းမှာ နှစ်ဘက်ကြွေးတောင်းရာမှ ဒေါသအလျောက်ဖြစ်ခဲ့ကြောင်းတွေ့ရသဖြင့် ကိုစိုးမိုးသူအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ အလုပ်နှင့်ထောင်ဒဏ် ၃ လ ကျခံစေရန်ချမှတ်ခဲ့သည့် မွန်ပြည်နယ်တရားလွှတ်တော်၏စီရင်ချက်၊ အမိန့်မှာ သင့်လျော်သည်ဟု သုံးသပ်ရရှိကြောင်း၊ ကျိုက်ထိုမြို့နယ်တရားရုံးမှ ကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၄၂၇ အရ ချမှတ်သော ပြစ်ဒဏ်များနှင့် တရားခံမနှင်းနုနုထွေးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရ ချမှတ်သောပြစ်ဒဏ်များမှာမူ သင့်လျော်မှန်ကန်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၃(ခ)/ ၂၀၁၁ နှင့် ၁၉၄(ခ)/၂၀၁၁ အမှုများအား ပလပ်ပေးရန် တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူ မခိုင်ခိုင်ထွေး၏ရှေ့နေက ပြင်ဆင်မှုနှစ်မှုလုံးအတွက် တင်ပြရာတွင် မူလကျိုက်ထိုမြို့နယ်တရားရုံး၊ မွန်ပြည်နယ်တရားရုံးနှင့် မွန်ပြည်နယ်တရားလွှတ်တော်တို့က ယခုအမှု၏အမှုအဖြစ်အပျက်၊ အကြောင်းခြင်းရာများနှင့်ပတ်သက်၍ ကောက်ယူသုံးသပ်ခဲ့မှုများသည် လွန်စွာမှားယွင်းချွတ်ချော်နေသည်ဟုလည်းကောင်း၊ မတရားဖြစ်နေသည်ဟုလည်းကောင်း လုံးဝပေါ်ပေါက်ခြင်းမရှိခဲ့ကြောင်း၊ ကိုစိုးမိုးသူကျူးလွန်ခဲ့သည့် ပြစ်မှု၏ အတိုင်းအတာ၊ ထူးခြားမှုအနေအထားအရ ပြည်နယ်တရားလွှတ်တော်က ၎င်းအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ ထောင်ဒဏ် ၃ လ

ပြစ်ဒဏ်တိုးမြှင့်ချမှတ်ခဲ့ခြင်းသည်လည်း တရားမျှတမှုကင်းမဲ့ခဲ့သည်ဟု ပေါ်ပေါက်ခြင်းလုံးဝမရှိသဖြင့် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၃(ခ)/ ၂၀၁၁ နှင့် ၁၉၄(ခ)/၂၀၁၁ အမှုများအားလက်မခံဘဲ ပလပ်သင့်ကြောင်း တင်ပြလျှောက်ထားသည်။

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

မူလရုံးအမှုတွဲကိုလေ့လာရာတွင် တရားလို မခိုင်ခိုင်ထွေး၏ ပထမ သတင်းပေးတိုင်ချက်တွင်ကိုစိုးမိုးသူက ၎င်း၏ဆံပင်အားဆွဲပြီး နင့်လိုကောင်မ မျိုး ပိုက်ဆံရှိရင် ဆွဲသတ်လိုက်လို့ရတယ်ဟုပြောကာ ဆိုင်ပြင်သို့ ၎င်းကိုဆွဲ ထုတ်၍ မျက်နှာအား လက်သီးဖြင့်ထိုးခြင်း၊ ခြေဖြင့်ကန်ခြင်းများပြုလုပ်ပြီး ဆိုင်မျက်နှာစာတွင် ကာရံထားသည့်မှန်ကိုလည်း ခြေဖြင့်ကန်ကျောက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတွင် ယာဘက်မျက်လုံးဖူးရောင်ဒဏ်ရာ၊ ရင်ဘတ် ဖူးရောင်နာကျင်ဒဏ်ရာ၊ ဝဲဘက်လက်ပွန်းခြစ်ဒဏ်ရာများရရှိခဲ့ကြောင်း စသည်ဖြင့်ဖော်ပြတိုင်တန်းထားသော်လည်း မခိုင်ခိုင်ထွေးမှ ရုံးရှေ့ထွက်ဆိုခဲ့ သည့်အခါတွင်မူ မနှင်းနုနုထွေးက ၎င်း၏လည်ပင်းကိုညှစ်၍ ၎င်းကလက်ဖြင့် ကာလိုက်သည့်အခါတွင် တံစက်မြိတ်အောက်ကုလားထိုင်တွင် ထိုင်နေသည့် ကိုစိုးမိုးသူက ဆိုင်ထဲသို့ဝင်ပြီး ၎င်း၏အင်္ကျီရင်ဘတ်ကိုဆောင့်ဆွဲ၍ ခြေထောက် ကိုကန်ကြောင်း၊ ပါးနားရိုက်ပြီးမျက်လုံးကိုလည်း လက်သီးဖြင့် ထိုးရာ ယာဘက်မျက်လုံးတွင် ဖူးရောင်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဆိုင်ထဲရှိခုံများ ကို ဆွဲလွှဲကန်ကျောက်ပြီး ဆိုင်ရှေ့တွင်ကာထားသောမှန်ကိုလည်းခြေထောက် ဖြင့်ကန်ကျောက်လိုက်ရာ မှန်ကွဲသွားကြောင်း၊ ထိုအခါ မနှင်းနုနုထွေးမှ "လုပ် လုပ် အသေလုပ်၊ အပြင်ကိုဆွဲထုတ်ပြီးလုပ်" ဟု ဝင်ပြောကြောင်း၊ ထိုအခါ ကိုစိုးမိုးသူမှ ၎င်း၏ဆံပင်ကိုဆွဲပြီး ဆိုင်အပြင်သို့ တရွတ်တိုက်ဆွဲသွားကြောင်း၊ အပြင်ရောက်သောအခါ ၎င်းအားခြေထောက်ဖြင့်ကန်ပြီး လက်သီးဖြင့်

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

မျက်လုံးကိုထိုး၍ ပါးနားရိုက်ကြောင်း၊ ဆိုင်နှင့် ၁၀ ပေခန့်အကွာ ကားလမ်းမပေါ်အထိ ဆွဲခေါ်သွားကြောင်းဖြင့် ထွက်ဆိုခဲ့သည့်အပြင် ၎င်း၏အင်္ကျီရင်ဘတ်ကို ကိုစိုးမိုးသူက ဆွဲလွဲသောကြောင့် အင်္ကျီပြဲပြီး ရင်သားများပေါ်၍ အရှက်ကွဲခဲ့ရကြောင်းဖြင့် တိုင်ချက်တွင်မပါရှိသော အချက်ကိုပါထွက်ဆိုထားသည်ကိုတွေ့ရသည်။

တိုင်ချက်ဖွင့်ရေးသားရာ၌ တိုင်တန်းသူတစ်ဦးသည် ဖြစ်ပွားပုံအပြည့်အစုံထည့်သွင်းရန် လိုမည်မဟုတ်၊ အဓိကအချက်ကိုသာဖော်ပြရန်လိုသည်။ ရုံးတွင်ထွက်ဆိုသောအခါ၌ အချက်အလက်အပြည့်အစုံကိုမေးမြန်းသောမေးခွန်းများအပေါ်မူတည်၍ ဖြေကြားထွက်ဆိုရမည်ဖြစ်သည်။ ပထမသတင်းပေးတိုင်ချက်မှာ ကျမ်းသစ္စာပြုထားသောထွက်ချက်မဟုတ်၊ ပြန်လှန်မေးခွန်းထုတ်ရန်လည်း အခွင့်အရေးမရသည့်တိုင်ချက်မှတ်တမ်းတစ်ခုသာဖြစ်၍ အခြေခံအထောက်အထားအဖြစ် အသုံးမပြုနိုင်ချေ။ ရုံးရှေ့ထွက်ချက်ကိုသက်သေခံဥပဒေပုဒ်မ ၁၅၇အရ ထောက်ခံသည့်အနေဖြင့်လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၄၅ အရ ဆန့်ကျင်သည့်အနေဖြင့်လည်းကောင်း အသုံးပြုနိုင်သည်ဟူ၍ **ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဝင်းမင်း (ခ)ညီညီ (ခ) ဝင်စတန်ခင်မောင်ကြီးအမှု**[၁] တွင်လမ်းညွှန်ထုံးဖွဲ့ထားသည်။

တရားလို မခိုင်ခိုင်ထွေး၏ ထွက်ချက်အား ထောက်ခံသောသက်သေခံချက် ရှိမရှိ ဆန်းစစ်ရာတွင် မသင်းစံပယ် (လိုပြ-၄)မှ ကိုစိုးမိုးသူကမခိုင်ခိုင်ထွေး၏ အင်္ကျီရင်ဘတ်အားဆွဲ၍ မခိုင်ခိုင်ထွေးကိုဆိုင်အတွင်းမှလမ်းပေါ်အထိဆွဲထုတ်လာပြီး လက်သီးဖြင့်ထိုးသည်ကိုတွေ့ရကြောင်းဖြင့်

---

(၁) ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၁

တရားလိုအား ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရသည်။

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ကိုဝင်းနိုင် (လိုပြ-၂)ကလည်း ကိုစိုးမိုးသူက ဆိုင်ရှေ့ရှိမှန်ကို ခြေထောက်နှင့်ကန်ပြီးခွဲလိုက်၍ မှန်ကွဲသွားသဖြင့် ကိုစိုးမိုးသူအားပြေးဖက်၍ဆွဲထားစဉ် ကိုစိုးမိုးသူက ၎င်းအားဆောင့်တွန်းပြီးဆိုင်အတွင်းသို့ ပြေးဝင်သွားကြောင်း၊ မခိုင်ခိုင်ထွေး၏ အင်္ကျီဂုတ်နေရာမှဆွဲပြီး လက်သီးဖြင့်ထိုးရာထိသွားကြောင်း၊ ထိုသို့ဆိုင်ခန်းအတွင်းရုန်းရင်းဆန်ခတ်ဖြစ်နေ၍ ပြန်လာခဲ့ကြောင်း၊ တစ်မိနစ်ခန့်အကြာတွင် ကိုစိုးမိုးသူက မခိုင်ခိုင်ထွေး၏ဆံပင်ကိုဆွဲပြီး ဆိုင်အပြင်လမ်းမပေါ်ထိ ဆွဲထုတ်လာကာ ဆံပင်ဆွဲလျက်အနေထားဖြင့် ထပ်မံထိုးသော်လည်းမထိကြောင်းဖြင့်တရားလို၏ထွက်ဆိုချက်အားထောက်ခံထွက်ဆိုထားသည်ကို တွေ့ရသည်။

အမှုတွင်ပေါ်ပေါက်နေသော သက်သေခံအထောက်အထားများနှင့် စပ်လျဉ်း၍လည်း သက်သေခံ(ခ)ရှာဖွေပုံစံဖြင့် ရင်ဘတ်တွင်အနည်းငယ်ပြဲနေသောအင်္ကျီအား မခိုင်ခိုင်ထွေးမှ အပ်နှံထားကြောင်းတွေ့ရသည်။ သက်သေခံ(ဂ) ဓါတ်ပုံမှတ်တမ်းများနှင့် တရားလို မခိုင်ခိုင်ထွေး၏ သက်သေခံ(စ) ဆေးစာတို့အရ မခိုင်ခိုင်ထွေး၏ ညာမျက်လုံးတစ်ဝိုက် ဖူးရောင်ညိုမဲဒဏ်ရာတစ်ခု၊ ဝဲဘက်လက်ပွန်းခြစ်ဒဏ်ရာတစ်ခု၊ လည်ပင်းတွင် ကုတ်ခြစ်ရာအနည်းငယ်ရှိကြောင်း၊ ညာဘက်ရင်ဘတ်အောင့်နာကျင်ခဲ့ကြောင်းတွေ့ရသည်။ မခိုင်ခိုင်ထွေး၏ဆိုင်ရှေ့မှန်ချပ်ကြီးကွဲနေခြင်းကိုလည်း သက်သေခံ(ဂ) မှတ်တမ်းဓါတ်ပုံ ၃၊ ၅၊ ၈ တို့အရ တွေ့ရသည်။ ဒုရဲအုပ်ဖိုးစိန်(လိုပြ-၆)က မှန်ကွဲစများအား သက်သေခံ(ခ) ရှာဖွေပုံစံဖြင့်သိမ်းဆည်းထားကြောင်းလည်း ပေါ်ပေါက်ထင်ရှားနေသည်။ မခိုင်ခိုင်ထွေးက မှန်ကွဲ၍ ကျပ်တစ်သိန်းဖိုးခန့် ဆုံးရှုံးကြောင်းထွက်ဆိုချက်အား အခြားထောက်ခံထွက်ဆိုသည့်

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

သက်သေခံချက်မရှိသော်လည်း ၅၀/- တန်ဖိုးထက်မနည်းဆုံးရှုံးကြောင်း ကောက်ယူနိုင်ပေမည်။ ဖော်ပြပါသက်သေခံအထောက်အထားများကလည်း တရားလိုမခိုင်ခိုင်ထွေး၏ထွက်ဆိုချက်အားထောက်ခံနေကြောင်းတွေ့ရသည်။

ကိုဝင်းနိုင်(လိုပြ-၂)၊ မသင်းစံပယ်(လိုပြ-၄)တို့၏ ထွက်ဆိုချက်များကိုလည်း သက်သေခံ(ခ)ရှာဖွေပုံစံ၊ သက်သေခံ(ဂ)မှတ်တမ်းဓါတ်ပုံများနှင့် သက်သေခံ(ဃ) မြေပုံကြမ်း၊ သက်သေခံ(င) ဆေးစာအစရှိသည့် သက်သေခံအထောက်အထားများက ထောက်ခံနေပေသည်။

တရားခံ ကိုစိုးမိုးသူက ကိုယ်ဝန် ၆ လရှိနေသောဇနီးဖြစ်သူကို မခိုင်ခိုင်ထွေးက ဆောင့်တွန်းလိုက်၍ ဖင်ထိုင်ရက်လဲကျသွားသောကြောင့် ဇနီးအား ကာကွယ်ရန်ရုတ်တရက်ထပြီး မခိုင်ခိုင်ထွေးအား ဆောင့်တွန်းလိုက်သဖြင့် ဝုန်းကနဲမှန်ထိလား၊ ဘာထိလဲမသိကြောင်း၊ မခိုင်ခိုင်ထွေးအားရိုက်နှက်ထိုးကြိတ်ခြင်းများမရှိကြောင်း၊ မခိုင်ခိုင်ထွေး၏ဆိုင်ပျက်စီးစေရန်မှန်ခွဲခြင်းမှစ၍ အခြားဘာကိုမှမလုပ်ခဲ့ကြောင်း၊ မခိုင်ခိုင်ထွေး၏ ကာယိန္ဒြေပျက်စီးစေရန်သော်လည်းကောင်း၊ ကာယိန္ဒြေပျက်စီးစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ မခိုင်ခိုင်ထွေးအားဆံပင်ဆွဲခြင်း၊ လမ်းမပေါ်သို့ဆွဲထုတ်ခြင်းများပြုလုပ်ခြင်းမရှိကြောင်း ခုခံချေပပြီး တရားခံပြသက်သေများကလည်း ၎င်းအားထောက်ခံထွက်ဆိုခဲ့ကြသော်လည်း တရားခံများနှင့် ရန်ညှိုးရန်စရှိကြောင်းမပေါ်ပေါက်သည့် မသင်းစံပယ်(လိုပြ-၄)၊ ရဃကစာရေးဝန်ထမ်း ကိုဝင်းနိုင်(လိုပြ-၂)တို့၏ ထွက်ဆိုချက်များ၊ သက်သေခံ(ခ)ရှာဖွေပုံစံ၊ သက်သေခံ(ဂ)မှတ်တမ်းဓါတ်ပုံများ၊ သက်သေခံ(ဃ)မြေပုံကြမ်း၊ သက်သေခံ(စ)ဆေးစာစသည့်သက်သေခံချက်နှင့်

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

သက်သေခံအထောက်အထားများကို လွှမ်းမိုးချေဖျက်နိုင်ခြင်းမရှိကြောင်း တွေ့ရသည်။

မူလရုံးမှ တရားခံစိုးမိုးသူအား ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၅၄ အရ ပြစ်မှုကျူးလွန်ကြောင်းဖြင့် သုံးသပ်ရာတွင် မည်သို့သော ပြုလုပ်မှုသည် ကာယိန္ဒြေကိုပျက်စီးစေသည်ဟု ဥပဒေသတ်မှတ်ထားခြင်း မရှိသဖြင့် အပြုခံရသူအမျိုးသမီး၏ယဉ်ကျေးမှု၊ အနေအထိုင်၊ ဓလေ့စရိုက်အပေါ် မူတည်၍ ကာယိန္ဒြေပျက်စီးစေသည့်ပြုလုပ်မှုဟုတ် မဟုတ်ဆိုခြင်းကို ဆုံးဖြတ်ရမည်ဖြစ်သည်။ အနောက်နိုင်ငံယဉ်ကျေးမှုအရ အမျိုးသမီးတစ်ဦး၏ ခါးကိုဖက်ခြင်းသည် ကာယိန္ဒြေပျက်စီးစေသည်ဟု ဆိုနိုင်မည်မဟုတ်သော်လည်း မြန်မာအမျိုးသမီးတစ်ဦး၏ ခါးကိုသွားဖက်လျှင်ကာယိန္ဒြေပျက်စီးမှု မြောက်မည်ဖြစ်သည်။ မြန်မာလူမျိုးတို့၏ ဓလေ့အရအမျိုးသမီးတစ်ဦး၏ လက်နှင့်ဆံပင်ကိုဆွဲလျှင် ကာယိန္ဒြေပျက်စီးစေရာရောက်ကြောင်းဖြင့် လမ်းညွှန်ထုံးဖွဲ့ထားသည့် **မလှစိုးနှင့်မောင်သန်းအမှု**[၂] ကို ကိုးကား၍ တရားခံ ကိုစိုးမိုးသူမှ မခိုင်ခိုင်ထွေး၏ဆံပင်ကိုဆွဲ၍ လမ်းမပေါ်အထိဆွဲထုတ်သောပြုမူမှုသည် မခိုင်ခိုင်ထွေး၏ကာယိန္ဒြေပျက်စီးစေသည်ဟုမှတ်ယူရကြောင်း သုံးသပ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

မူလရုံးတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ မခိုင်ခိုင်ထွေး ဖွင့်လှစ်ထားသော အလှပြင်ဆိုင်မှာ ကျိုက်ထိုမြို့နယ်၊ ကန့်ကော်ရပ်ကွက်၊ ဆေးရုံလမ်းရှိ သမဝါယမဆိုင်ခန်း ၁၂ ခန်းပါဝင်သော ဆိုင်ခန်းတွဲတွင် ဖွင့်လှစ်ထားသောအခန်းဖြစ်၍ အများပြည်သူသွားလာမှုများပြားသော လူစည်ကား

---

(၂) **အတွဲ (၄)၊ ဘားမားလောတိုင်း၊ စာ-၂၆၈**

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ရာနေရာရှိဆိုင်ခန်းဖြစ်ကြောင်း ပေါ်ပေါက်ထင်ရှားသည်။ အချင်းဖြစ်နေ့က တရားခံကိုစိုးမိုးသူ၏ ပြုလုပ်မှုကြောင့် မခိုင်ခိုင်ထွေး၏ ရင်ဘတ်နေရာတွင် ပြဲသွားသောအင်္ကျီကိုလည်း မခိုင်ခိုင်ထွေးမှသက်သေခံ(ခ)ရှာဖွေပုံစံဖြင့် ပေးအပ်ထားကြောင်း ပေါ်ပေါက်ထင်ရှားသည်။

သို့ဖြစ်၍ အချင်းဖြစ်နေ့က တရားခံကိုစိုးမိုးသူမှ မခိုင်ခိုင်ထွေး၏ အလှပြင်ဆိုင်အတွင်းတွင် မခိုင်ခိုင်ထွေးနှင့်စကားအခြေအတင်ပြောဆိုနေရာမှ အလှပြင်ဆိုင်အပြင်ဘက်သို့ မခိုင်ခိုင်ထွေး၏ဆံပင်ကိုဆွဲ၍ထုတ်လာပြီး လက်သီးဖြင့်ထိုးကြိတ်မှုပြုသဖြင့် သက်သေခံအင်္ကျီအပြဲနှင့်လူအများမြင်ကွင်းသို့ ဆံပင်ဆွဲခံရလျက် ရောက်ရှိသွားသည့်မခိုင်ခိုင်ထွေးသည် လူပုံအလယ် အများအမြင်တွင် မိန်းကလေး၏ကာယိန္ဒြေမဲ့သွားစေသည့်အဖြစ်မျိုးသို့ ရောက်ရှိစေမည်ဖြစ်ကြောင်း မြင်သာထင်ရှားနေပေသည်။ ထိုသို့လူအများ သွားလာနေသော လူစည်ကားရာနေရာတွင် တရားခံကိုစိုးမိုးသူ၏ အဆိုပါ ပြုမူဆောင်ရွက်ချက်ကို ဆန်းစစ်ကြည့်လျှင် ကာယိန္ဒြေပျက်စီးစေရန်အကြံ နှင့်ပြုလုပ်ခဲ့သည်ဟုမဆိုနိုင်သော်လည်း တရားခံ ကိုစိုးမိုးသူအနေဖြင့် ကာယိန္ဒြေပျက်စီးတန်ရာသည်ကိုသိလျက်နှင့်ရာဇဝတ်မကင်းသော အနိုင် အထက်ပြုမူခြင်း၊လက်ရောက်မှုကျူးလွန်ခြင်းတို့ကို ပြုလုပ်ကြောင်းကောက်ယူ သုံးသပ်ရပေမည်။

တရားခံမနှင်းနုနုထွေးနှင့်ပတ်သက်၍လည်း ၎င်းကတရားခံ ကိုစိုးမိုးသူအားတစ်စုံတစ်ရာအားပေးကူညီခြင်းမရှိကြောင်း ထုချေခဲ့သည်။ တရားလိုမခိုင်ခိုင်ထွေးက ၎င်းကို တရားခံမနှင်းနုနုထွေးမှလည်ပင်းညှစ်ခြင်း၊ “လုပ် လုပ် အသေလုပ်၊ အပြင်ဆွဲထုတ်ပြီးလုပ်” ဟူ၍ခင်ပွန်းဖြစ်သူတရားခံ ကိုစိုးမိုးသူအား တိုက်တွန်းပြောဆိုခြင်းကိုပြုလုပ်ခဲ့သည်ဟု ထွက်ဆိုခဲ့သော်

လည်းအဆိုပါ ထွက်ဆိုချက်အား ခိုင်မာစွာထောက်ခံသည့် ထွက်ဆိုချက်နှင့် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာမတွေ့ရှိရပေ။ သို့သော် အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ တရားခံကိုစိုးမိုးသူက မခိုင်ခိုင်ထွေးအား အလှပြင်ဆိုင်အတွင်း လက်သီးဖြင့်ထိုးကြိတ်နေချိန်တွင် တရားခံမနှင်းနုနုထွေးသည် အချင်းဖြစ်နေရာတွင် အတူရှိနေကြောင်း ပေါ်ပေါက်ပြီး မူလရုံးမှ သုံးသပ်တွေ့ရှိသကဲ့သို့ အကြွေးတောင်းသည့်ကိစ္စဖြင့် တရားလိုမခိုင်ခိုင်ထွေးနှင့် တရားခံမနှင်းနုနုထွေးတို့စကားအခြေအတင် ပြောဆို၍ စတင်အချင်းများရာမှ အချင်းဖြစ်ကိစ္စဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ပေါ်ပေါက်နေသည့်အပြင် တရားခံ မနှင်းနုနုထွေးသည် ကိုယ်ဝန် ၆ လနှင့်ဖြစ်၍ တရားလိုအား ခင်ပွန်းဖြစ်သူတရားခံကိုစိုးမိုးသူမှ ထိုးကြိတ်ကန်ကျောက်မှုများပြုလုပ်သည်ကို ကိုယ်ထိလက်ရောက်ဟန့်တား၊ တားမြစ်ခြင်းမပြုနိုင်စေကာမူ ထိုသို့မပြုလုပ်ရန်ဟန့်တားသောစကားများဖြင့် တရားခံကိုစိုးမိုးသူ၏ ပြုလုပ်မှုကို အချင်းဖြစ်ချိန်က ဟန့်တားနိုင်ပါလျက် ထိုသို့ပြောဆိုဟန့်တားမှုမျိုးမရှိခဲ့ကြောင်းလည်း ပေါ်ပေါက်နေသဖြင့် မူလရုံးမှ တရားခံမနှင်းနုနုထွေးသည် တရားခံကိုစိုးမိုးသူမှ တရားလိုမခိုင်ခိုင်ထွေးအား မိမိအလိုအလျောက် နာကျင်အောင်ပြုရာတွင် အားပေးကူညီသည်ဟု ကောက်ယူသုံးသပ်၍ တရားခံမနှင်းနုနုထွေးအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်အား ဆက်လက်အတည်ပြုသုံးသပ်ခဲ့သည့် မွန်ပြည်နယ်တရားရုံးနှင့် မွန်ပြည်နယ်တရားလွှတ်တော်၏အမိန့်တို့မှာ မှားယွင်းသည်ဟုမဆိုနိုင်ပေ။

ထို့ကြောင့် မူလကျိုက်ထိုမြို့နယ်တရားရုံးက တရားခံကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၄၂၇/၃၅၄ အရလည်းကောင်း၊

တရားခံမနှင်းနုနုထွေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရ လည်းကောင်း ပြစ်မှုထင်ရှားတွေ့ရှိချက်များမှာ မှားယွင်းခြင်းမရှိသဖြင့် မွန်ပြည်နယ်တရားရုံးနှင့် မွန်ပြည်နယ်တရားလွှတ်တော်တို့မှလည်း တစ်သဘောတည်းကောက်ယူသုံးသပ်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

ချမှတ်သောပြစ်ဒဏ်များနှင့်စပ်လျဉ်း၍ မူလမြို့နယ်တရားရုံးမှ တရားခံကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃ နှင့် ၄၂၇ တို့အရ ချမှတ်သောပြစ်ဒဏ်နှင့် တရားခံမနှင်းနုနုထွေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရချမှတ်သော ပြစ်ဒဏ်တို့ကို မွန်ပြည်နယ်တရားရုံးက အတည်ပြုထားခြင်းအား မွန်ပြည်နယ်တရားလွှတ်တော်က ဆက်လက်အတည်ပြုခဲ့သည်မှာ မှန်ကန်မျှတမှုရှိကြောင်းတွေ့ရသည်။

သို့သော် မူလကျိုက်ထိုမြို့နယ်တရားရုံးမှ ၁၉-၈-၂၀၁၀ နေ့တွင် တရားခံကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရရုံးတက်ရုံးဆင်း ထောင်ဒဏ် ၁ ရက်နှင့်ငွေဒဏ် ကျပ် ၃၀၀၀၀/- ပေးဆောင်စေ၊ မဆောင်ပါက ထောင်ဒဏ် ၆ လ ကျခံစေရန်ချမှတ်ခဲ့သောပြစ်ဒဏ်အား မွန်ပြည်နယ်တရားရုံးက ဆက်လက်အတည်ပြုခဲ့သော်လည်း မွန်ပြည်နယ်တရားလွှတ်တော်က တရားခံကိုစိုးမိုးသူ၏ ပြုလုပ်မှုသည် လူအများရှေ့တွင် အမျိုးသမီးတစ်ဦးအား နိုင့်ထက်စီးနင်းပြုလုပ်မှုကို သက်ညှာစွာအပြစ်ပေးရန်သင့်လျော်မည်မဟုတ်ကြောင်းသုံးသပ်၍ တရားခံကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရချမှတ်ထားသော ပြစ်ဒဏ်ကိုပယ်ဖျက်ပြီး ယင်းဥပဒေပုဒ်မ ၃၅၄ အရ ထောင်ဒဏ် ၃ လကျခံစေရန်၊ ၇-၉-၂၀၁၁ နေ့တွင်ပြင်ဆင်အမိန့် ချမှတ်ထားသည်ကို တွေ့ရသည်။

သို့ဖြစ်၍ မွန်ပြည်နယ်တရားလွှတ်တော်မှ ၇-၉-၂၀၁၁ နေ့တွင် ချမှတ်ခဲ့သည့် ပြစ်ဒဏ်တိုးသောအဆိုပါအမိန့်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါအမိန့်အမှတ် ၂၈/၂၀၁၁ အရ လွတ်ငြိမ်းချမ်းသာခွင့်ပြုသည့်အမိန့်ထုတ်ပြန်ပြီးနောက်တွင်မှ ချမှတ်သောအမိန့်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

၂၀၁၁
ကိုစိုးမိုးသူပါ ၂
ကိုစိုးမိုးသူပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါအမိန့်အမှတ် ၂၈/၂၀၁၁ အပိုဒ် (ခ)အရ ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ် သတ်မှတ်ထားသော ထောင်ဒဏ်ကိုသာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် ၁ နှစ် ထပ်မံလျှော့ပေါ့စေရန်အတွက် လွတ်ငြိမ်းချမ်းသာခွင့်ပြုကြောင်း ထုတ်ပြန်ထားခြင်းဖြစ်သည်။

သို့ဖြစ်၍ မူလမြို့နယ်တရားရုံးနှင့် မွန်ပြည်နယ်တရားရုံးတို့မှ ချမှတ်ထားသောအမိန့်များအရ တရားခံကိုစိုးမိုးသူသည် ပြစ်ဒဏ်များကျခံပြီးဖြစ်သကဲ့သို့ ဖော်ပြပါလွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့်လည်း အကျုံးဝင်သောအမိန့်များဖြစ်၍ နိုင်ငံတော်မှပြစ်ဒဏ်ကျအကျဉ်းသားများအပေါ် ထားရှိသည့်စေတနာကို အလေးဂရုပြုသောအားဖြင့် အဆိုပါလွတ်ငြိမ်းချမ်းသာခွင့်အမိန့်မတိုင်မီ ချမှတ်ထားသောပြစ်ဒဏ်များကို တိုးမြှင့်ချမှတ်ပေးသင့်မည်မဟုတ်ဟု သုံးသပ်ရပေသည်။

**မောင်စိုးသိန်းပါ ၅ နှင့် မြန်မာနိုင်ငံတော်အမှု** [၃]တွင်လည်း အယူခံတရားလိုတို့သည် အမှုနှင့်ပတ်သက်၍ ချုပ်နှောင်ခံခဲ့ကြပြီးလည်းဖြစ်သည်။ ပြစ်မှုကျူးလွန်ခဲ့သည်ဟု တွေ့ရှိခြင်းမှန်စေဦး ထောင်ဒဏ်ကျခံခဲ့ပြီး

---

**(၃) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၅**

သည့်သဘောရှိသည်။ တော်လှန်ရေးကောင်စီဥက္ကဋ္ဌကအမိန့်အမှတ် ၈၇/၇၁ ကို ထုတ်ပြန်၍ ယင်းအမိန့်မတိုင်မီက ကျခံနေရသော ရာဇဝတ်ပြစ်ဒဏ်များကို သုံးပုံတစ်ပုံလျှော့ပေးခဲ့သည်။ လျှော့ပေးပြီးပြစ်ဒဏ်ကို တရားရုံးက တိုးမြှင့်ခြင်းမပြုနိုင်၊ တိုးမြှင့်ခြင်းမပြုအပ်၊ နိုင်ငံတော်အာဏာဖြင့် ထုတ်ပြန်သော အမိန့်ဖြစ်၍ တရားဥပဒေအာနိသင်ဆောင်သည်။ ဤအမှုတွင် ကွန်ုပ်တို့က အယူခံတရားလိုအပေါ် ထောင်ဒဏ်သတ်မှတ်လျှင်လည်း အမှန်စင်စစ်အားဖြင့် ပြစ်ဒဏ်တိုးမြှင့်သည့်သဘောသက်ရောက်လိမ့်မည်။ ယင်းကဲ့သို့မပြုကောင်း၊ မပြုနိုင်ဟူ၍ လမ်းညွှန်ဆုံးဖြတ်ထားသည့်သာဓကရှိသည်။

ထို့ကြောင့် အဆိုပါစီရင်ထုံးအထောက်အထားအရ မွန်ပြည်နယ်တရားလွှတ်တော်မှ တရားခံကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရထောင်ဒဏ် ၃ လကျခံစေရန်ပြင်ဆင်ချမှတ်သောအမိန့်မှာ ပြင်ဆင်မှုလျှောက်ထားသူ ကိုစိုးမိုးသူအပေါ် နစ်နာစေမှုဖြစ်ပေါ်စေနိုင်၍ နိုင်ငံတော်မှ ပြစ်ဒဏ်ကျအကျဉ်းသားများအပေါ် ထားရှိသည့်စေတနာကို လျှောက်ထားသူအနေဖြင့် ခံစားခွင့်မရလိုက်သကဲ့သို့လည်း ဖြစ်နေပေမည်။

သို့ဖြစ်၍ ပြင်ဆင်မှုလျှောက်ထားသူများ၏ ပြင်ဆင်မှုအမှတ် ၁၉၃(ခ)/၂၀၁၁ ကိုတစ်စိတ်တစ်ဒေသခွင့်ပြုသည်။ မွန်ပြည်နယ်တရားလွှတ်တော်မှ တရားခံကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရထောင်ဒဏ် ၃ လကျခံစေရန် ချမှတ်သောအမိန့်ကိုပယ်ဖျက်လိုက်ပြီး တရားခံကိုစိုးမိုးသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရ ရုံးတက်ရုံးဆင်းထောင်ဒဏ် ၁ ရက်နှင့်ငွေဒဏ်ကျပ် ၃၀၀၀၀/-ပေးဆောင်စေ၊ ငွေဒဏ်မဆောင်ပျက်ကွက်ပါက ထောင်ဒဏ် ၆ လကျခံစေရန် ချမှတ်သောမူလကျိုက်ထို

မြို့နယ်တရားရုံးအမိန့်နှင့်ယင်းအမိန့်ကို အတည်ပြုသောမွန်ပြည်နယ်တရားရုံး၏ အမိန့်တို့ကိုပြန်လည်အတည်ပြုလိုက်သည်။ ထို့ပြင်တရားခံကိုစိုးမိုးသူအပေါ်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရလည်းကောင်း၊ တရားခံမနှင်းနုနုထွေးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၁၁၄ အရလည်းကောင်း မူလကျိုက်ထိုမြို့နယ်တရားရုံးမှချမှတ်ခဲ့သောအမိန့်နှင့် ယင်းအမိန့်ကိုဆက်လက်အတည်ပြုခဲ့သော တရားရုံးအဆင့်ဆင့်၏အမိန့်ကိုဆက်လက်အတည်ပြုသည်။ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၄(ခ)/၂၀၁၁ ကို ပလပ်လိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
# ဦးမြင့်ဟန် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
ဒီဇင်ဘာလ
၂၈ ရက်

**ဦးဇော်နိုင်ပါ ၂**

**နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂***

**ဒေါသထွက်စဉ် မရေရာသောပြောဆိုမှုသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၆ နှင့်အကျုံးဝင်ခြင်း ရှိ မရှိ။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၅၅ ပြောင်းရန် လိုအပ်သည့်အချက်။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၃ အရ မည်သူမဆို အခြားသူတစ်ဦးတစ်ယောက်၏ ကိုယ်ကိုသော်လည်းကောင်း၊ ဂုဏ်သရေကို သော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း နစ်နာစေမည်ဟုခြိမ်း ခြောက်ရာတွင် ထိုသို့ခြိမ်းခြောက်ခြင်းသည် ထိုသူအား ထိတ်လန့်ခြင်းဖြစ်စေ ရန်အကြံဖြင့် ခြိမ်းခြောက်ခြင်းဖြစ်လျှင် ပြစ်မှုမကင်းသော ခြောက်လှန့်မှု ကျူးလွန်သည်မည်ပြီး ပြစ်မှုမကင်းသောခြောက်လှန့်မှုကို ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆ နှင့်အကျုံးဝင်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထား သည်။

---

* **၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၇၀(ခ)**

\+ **၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၆(ခ)တွင် ချမှတ်သော စစ်ကိုင်းတိုင်း ဒေသကြီးတရားလွှတ်တော်၏ ၁၂-၈-၂၀၁၁ ရက်စွဲပါအမိန့်အပေါ် ပြင်ဆင်မှု။**

၂၀၁၁
ဦးဇော်နိုင်ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ယခုအမှုတွင် တရားခံဦးစိုးနိုင်က စိန်ခေါ်သည်ဆိုရာ၌ " သတ္တိရှိလျှင် အပြင်ထွက်ခဲ့ " ဟုပြောဆိုခဲ့ကြောင်း တရားလို ဦးစိုးဝေယံထွန်း၏ ထွက်ဆိုချက်အရ ပေါ်ပေါက်သည်။ ထိုသို့သော ပြောဆိုမှုမှာ တစ်ဦးနှင့်တစ်ဦး စကားများရာမှ ဒေါသထွက်စဉ် မရေရာသော ပြောဆိုမှုဖြစ်ပြီး ထိတ်လန့်ခြင်းဖြစ်စေရန်အကြံနှင့်ပြုသည့် ခြိမ်းခြောက်မှုဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆ နှင့်အကျုံးဝင်ခြင်းမရှိကြောင်း မြင်သာသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅ နှင့်အကျုံးဝင်ရန်မှာ မည်သူမဆို မိမိအား တစ်ဦးတစ်ယောက်သောသူက ရုတ်တရက်အကြီးအကျယ်ဒေါသထွက်အောင်ပြုမှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် ထိုသူကို အရှက်တကွဲအကျိုးနည်းဖြစ်စေရန်အကြံဖြင့် လက်ရောက်မှုကိုကျူးလွန်ရန် သို့တည်းမဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကိုကျူးလွန်ရန်လိုပေသည်။

တရားခံဦးဇော်နိုင်၏ ပြုမူဆောင်ရွက်မှုမှာ တရားလို ဦးစိုးဝေယံထွန်း၏ခြံထဲသို့ ဝင်ရောက်ရာတွင် ခြံတံခါးအားဆိုင်ကယ်ဖြင့် တိုက်ဖွင့်သည့်ကိစ္စနှင့်အချေအတင်စကားများရာမှ တရားခံဦးဇော်နိုင်က ဦးစိုးဝေယံထွန်း၏ခြံထဲဖြစ်နေသောကြောင့် ဦးစိုးဝေယံထွန်းအား ဆွဲဖက်၍ ခြံပြင်သို့ထုတ်ရန်ပြုခြင်းဖြင့် ပြစ်မှုမကင်းသောအနိုင်အထက်ပြုခြင်းသာဖြစ်ကြောင်းပေါ်ပေါက်ပြီး အရှက်တကွဲအကျိုးနည်းဖြစ်စေရန်အကြံဖြင့် ပြစ်မှုမကင်းသောအနိုင်အထက်ပြုမှုကျူးလွန်ကြောင်း၊ ထိုသို့သောအကြံရှိကြောင်း ပေါ်ပေါက်မှုမရှိသည့်အခြေအနေတွင် တရားခံဦးဇော်နိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅

| ၂၀၁၁ |
| --- |
| ဦးဇော်နိုင်ပါ ၂ နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ပါ ၂ |

အရလည်းကောင်း၊ တရားခံ ဦးစိုးနိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅/ ၁၁၄ အရလည်းကောင်း စွဲချက်တင်ခြင်းမှာ မှန်ကန်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။

လျှောက်ထားသူအတွက် - ဦးဇော်ဝင်း၊ တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူ(၁)အတွက် - ဒေါ်ငွေငွေငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး
လျှောက်ထားခံရသူ(၂)အတွက် - ဦးတင်ကို၊ တရားလွှတ်တော်ရှေ့နေ

စစ်ကိုင်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂၀၈၉/ ၂၀၀၉ တွင်တရားလို ဦးစိုးဝေယံထွန်းမှ တရားခံဦးဇော်နိုင်၊ ဦးစိုးနိုင်တို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၄၅၁၊ ၃၅၅၊ ၅၀၆/၁၁၄ အရ စွဲဆိုသောအမှု တွင် တရားခံဦးဇော်နိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၃၅၂ အရ လည်းကောင်း၊ တရားခံဦးစိုးနိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇အရ လည်းကောင်း စွဲချက်တင်သည့်အမိန့်ကို စစ်ကိုင်းခရိုင်ဥပဒေရုံးကမကျေနပ် ၍ စစ်ကိုင်းခရိုင်တရားရုံးသို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၄/၂၀၁၀ ဖြင့်တင်သွင်းရာ ဦးဇော်နိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၃၅၅ အရလည်းကောင်း၊ ဦးစိုးနိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၅၀၆၊ ၃၅၅/၁၁၄ အရလည်းကောင်း စွဲချက်တင်စေရန်အမိန့်ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို ဦးဇော်နိုင် နှင့် ဦးစိုးနိုင်တို့ကမကျေနပ်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး တရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၇၆/၂၀၁၀ ဖြင့် တင်သွင်းရာ စစ်ကိုင်းခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး မူလစစ်ကိုင်းမြို့နယ်တရားရုံး

၏အမိန့်ကို ပြန်လည်အတည်ပြုသည်။ ယင်းအမိန့်ကို မူလရုံးတရားလို ဦးစိုးဝေယံထွန်းကမကျေနပ်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၆(ခ)/၂၀၁၁ ဖြင့်တင်သွင်းရာ စစ်ကိုင်းမြို့နယ် တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသော စစ်ကိုင်းတိုင်းဒေသကြီးတရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး စစ်ကိုင်းခရိုင်တရားရုံး၏အမိန့်ကို အတည်ပြုကြောင်း အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို မူလရုံးတရားခံ ဦးဇော်နိုင်၊ ဦးစိုးနိုင်တို့က မကျေနပ်ကြသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

၂၀၁၁

ဦးဇော်နိုင်ပါ ၂

နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂

အမှုမှာ ၄-၁၀-၂၀၀၉ နေ့ ညနေ (၆)နာရီခွဲခန့် စစ်ကိုင်းမြို့၊ ပိုးတန်းရပ်နေအိမ်၌ ဦးစိုးဝေယံထွန်းမှာ တစ်ယောက်တည်းအိမ်စောင့်ကျန်ရစ်စဉ် နေအိမ်ရှေ့ခြံတံခါးဘက်မှ ဝင်းတံခါးထုသံကြားရသဖြင့် နေအိမ်ရှေ့သို့ထွက်ကြည့်ရာ ဦးဇော်နိုင်နှင့် ဦးစိုးနိုင်တို့နှစ်ဦး ခြံဝင်းတံခါးအား ဆိုင်ကယ်ဖြင့် တိုက်ဖွင့်ဝင်ရောက်လာသည်ကိုတွေ့ရသဖြင့် ဘာကြောင့်ဝင်လာကြောင်း မေးမြန်းရာ ဦးဇော်နိုင်မှ ဖခင်ဖြစ်သူအား တွေ့လိုကြောင်းပြောဆို၍ တွေ့ချင်ရင် လူလိုလာဟု ပြန်ပြောစဉ် ဦးစိုးနိုင်မှ ရန်လုပ်ကာ နေအိမ်ခြံဝင်းအပြင်ဘက်ထွက်သွားပြီး အပြင်သို့ထွက်ခဲ့ရန် စိန်ခေါ်ကြောင်း၊ တရားလိုက အပြင်တော့မထွက်ဘူး၊ ခင်ဗျားဝင်လာခဲ့ဟု ပြန်ပြောစဉ် ခြံဝင်းထဲရှိ ဦးဇော်နိုင်က တရားလိုအား ဝင်ရောက်ချုပ်ကိုင်ပြီး ခြံဝင်းအပြင်သို့ဆွဲထုတ်သဖြင့် တရားလိုသည်အနီးရှိ ခြံသံတံခါးအားလက်ဖြင့် ချိတ်ပြီးရုန်းကန်ခဲ့ရကြောင်း၊ သို့ပါ၍ နေအိမ်ဝင်းအတွင်း ကျူးကျော်ဝင်ရောက်ပြီး စိန်ခေါ်ချုပ်ကိုင်ခဲ့သော ဦးဇော်နိုင် နှင့် ဦးစိုးနိုင်တို့အပေါ် အရေးယူပေးပါရန် ဦးစိုးဝေယံထွန်းက စစ်ကိုင်းမြို့ အမှတ်(၁)ရဲစခန်းသို့ တိုင်တန်းသောအမှုဖြစ်သည်။

၂၀၁၁
ဦးဇော်နိုင်ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

လျှောက်ထားသူ၏ရှေ့နေက ဦးဇော်နိုင် နှင့် ဦးစိုးနိုင်တို့သည် ဆရာဦးထွန်းအောင်ကျော်နေအိမ်သို့သွားရာတွင် ဆရာ၏သား ဦးစိုးဝေယံထွန်းနှင့်စကားများကြရာမှ တရားလိုဦးစိုးဝေယံထွန်းက တုတ်ဆွဲထွက်လာသဖြင့် ခြေလွန်လက်လွန်မဖြစ်စေရန် (၁) တရားခံဦးဇော်နိုင်က နောက်မှဆွဲထားခြင်းဖြစ်၍တရားလိုအားအရှက်တကွဲအကျိုးနည်းစေရန်အကြံနှင့်လက်ရောက်မှုပြုလုပ်ကြောင်း သို့တည်းမဟုတ် ရာဇဝတ်မကင်းသောအနိုင်အထက်ပြုမှုကြောင်း မပေါ်ပေါက်ပါလျက် ပြစ်မှုပုဒ်မ ၄၄၇၊ ၃၅၅ အရစွဲချက်တင်ခြင်းကို အတည်ပြုစေခြင်းမှာ မှားယွင်းနေကြောင်း၊ တရားခံဦးစိုးနိုင်အနေဖြင့် တရားလို၏ခြံဝင်းအတွင်းသို့ ဆိုင်ကယ်ဖြင့်တိုက်ဝင်သည်မှအပ တရားလိုအား စိတ်ငြိုငြင်စေရန်ခြိမ်းခြောက်ခြင်းပြုလုပ်ခဲ့ကြောင်း မပေါ်လွင်ပါလျက် ပုဒ်မ ၄၄၇၊ ၅၀၆၊ ၃၅၅/၁၁၄ အရစွဲချက်တင်စေခြင်းသည် ဥပဒေအရ မှားယွင်းနေကြောင်း၊ သို့ပါ၍ ယခုပြင်ဆင်မှုကိုလက်ခံပြီး စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်မှ ချမှတ်ထားသော အမိန့်ကိုပယ်ဖျက်၍ စစ်ကိုင်းတိုင်းဒေသကြီးတရားရုံးနှင့် စစ်ကိုင်းမြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုပေးပါရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက လျှောက်ထားသူများသည် အရက်မူးပြီး ခြံအဝင်တံခါးအား (၃)(၄)ကြိမ် ဆိုင်ကယ်စီး၍ တိုက်ဖွင့်ဝင်လာခြင်းမှာ ကနဦးကပင် ပြဿနာဖန်တီးလိုခြင်းဖြစ်ကြောင်း ကိုယင်းတို့၏ပြုလုပ်မှုများမှ ညွှန်ပြနေကြောင်း၊ ဦးစိုးဝေယံထွန်းအား စိန်ခေါ်ခြင်း၊ ခြံအပြင်သို့ဆွဲထုတ်စဉ် မထွက်ဝံ့သည်ကို အတင်းချုပ်ကိုင်ပြုလုပ်မှုကြောင့် ဦးစိုးဝေယံထွန်းမှာ ရှန်းကန်၍ခြံတံခါးအား ဆွဲဖက်တွယ်ထားရသည့် အခြေအနေရောက်ရှိစေရန်ပြုလုပ်ခြင်းတို့သည် ဦးထွန်းအောင်ကျော်မိသားစု

ကို ရပ်ကွက်အတွင်း အရှက်ရစေပြီး လက်ရောက်မှုကျူးလွန်ခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူ ဦးဇော်နိုင်သည် မူလရုံးတရားလိုဦးစိုးဝေယံထွန်း၏ နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်ပြီး တရားလိုစိတ်ပြိုင်ပြင်စေရန် ပြုမူဆောင်ရွက်ကာ ဦးစိုးဝေယံထွန်းအား ဆွဲဖက်လုံးထွေးချုပ်ကိုင်ခြင်း၊ လျှောက်ထားသူ ဦးစိုးနိုင်မှ ခြံဝင်းအပြင်လမ်းမပေါ်ထွက်၍ဦးစိုးဝေယံထွန်းကို စိန်ခေါ်နေရာမထွက်ဝံ့သည့် ဦးစိုးဝေယံထွန်းအား ဦးဇော်နိုင်သည် အတင်းဆွဲချုပ် အပြင်ထုတ်နေသော ကြောင့်မူလရုံးတရားလိုမှာ ခြံတံခါးကို အတင်းဖက်တွယ်ဆွဲထားရခြင်း၊ ရပ်ကွက်အတွင်း အေးချမ်းစွာနေထိုင်သည့် ဝန်ထမ်းမိသားစုအပေါ် လျှောက်ထားသူများ၏ ပြုလုပ်မှုများသည် အရှက်တကွဲဖြစ်စေခြင်း၊ ဦးဇော်နိုင်နှင့်အတူ ဖြစ်စဉ်အစအဆုံး ကိုယ်တိုင်ရှိနေပြီး အားပေးကူညီကျူးလွန်သူအဖြစ် ဦးစိုးနိုင် ပါဝင်နေကြောင်းလည်း မြင်သာကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူ ဦးဇော်နိုင်နှင့် ဦးစိုးနိုင်တို့၏ ပြင်ဆင်မှုလျှောက်လွှာအား ပလပ်သည့်အမိန့် ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ(၂)၏ရှေ့နေကအချင်းဖြစ်စဉ်က ဦးစိုးဝေယံထွန်းအား ချုပ်နှောင်၍ အိမ်ဝင်းအပြင်ထုတ်ကြခြင်း၊ မြို့နယ်အဆင့်အရာရှိတစ်ဦး၏နေအိမ်ဝင်းအတွင်း သောက်စားမူးယစ်ပြီး ဝင်ရောက်ရမ်းကားစော်ကားခြင်းစသည့် မူလရုံးတရားခံနှစ်ဦး၏ ပြုမူလုပ်ဆောင်ချက်များသည် မူလရုံးတရားလိုအား အရှက်တကွဲအကျိုးနည်းဖြစ်စေရာ အနိုင်အထက်ပြုရာ ရောက်ကြောင်း၊ လျှောက်ထားသူတို့၏ ပြုလုပ်မှုကြောင့် စိုးဝေယံထွန်းသာမက ၎င်း၏မိသားစုပါ အရှက်ရမခံချင်စရာဖြစ်နေရကြောင်း၊ မူလရုံးတရားခံများ ပြုမူလုပ်ဆောင်ချက်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅

နှင့် ၅၀၆ တို့နှင့် ငြိစွန်းနေသည်မှာ မြင်သာကြောင်း၊ ထို့အပြင် တရားလို မိသားစုက တရားခံတို့အား လာရောက်တောင်းပန်ခိုင်းသည်ကို လာရောက်တောင်းပန်ခြင်းမရှိ ပေယျာလကန်ပြုနေရာ ၎င်းတို့အနေနှင့် တမင်စော်ကားရန်ရည်ရွယ်ခဲ့သည်မှာ မြင်သာထင်ရှားကြောင်း၊ တရားခံတို့သည် မူးယစ်လာပြီး တရားလို၏ဝင်းတံခါးကို ဆိုင်ကယ်ဖြင့် (၃၊၄၊၅)ခါ တိုက်ဖွင့်ကြောင်း၊ တရားလိုအား နောက်မှချုပ်ကိုင်ပြီး ဆွဲလားရမ်းလားပြုမူကြောင်းတို့မှာ အငြင်းမထွက်ပေါ်ပေါက်ကြောင်း၊ ထိုသို့ငြိစွန်းချက်များရှိနေလျှင် တရားခံတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၃၅၅/၅၀၆ တို့ဖြင့် စွဲချက်တင်ဖြေရှင်းစေသင့်ကြောင်း၊ ထို့ကြောင့် ဤပြင်ဆင်မှုအားပလပ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်အမိန့်အားလည်းကောင်း၊ စစ်ကိုင်းခရိုင်တရားရုံး၏ အမိန့်တို့အားလည်းကောင်း ဆက်လက်အတည်ပြုသည့် အမိန့်တစ်ရပ် ချမှတ်ပေးသင့်ပါမည့်အကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးတရားခံတို့က စစ်ကိုင်းတိုင်းဒေသကြီးတရားရုံးနှင့် စစ်ကိုင်းမြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုပေးပြီး စစ်ကိုင်းခရိုင်တရားရုံး၏အမိန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်များကို ပယ်ဖျက်စေလို၍ ပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်ရာ စစ်ကိုင်းတိုင်းဒေသကြီးတရားရုံးနှင့် စစ်ကိုင်းမြို့နယ်တရားရုံးမှ တရားခံဦးဇော်နိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၃၅၂ အရလည်းကောင်း၊ တရားခံဦးစိုးနိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရလည်းကောင်း စွဲချက်တင်သည့်အမိန့်ချမှတ်ခဲ့သည်ကို တွေ့ရှိရသည်။ စစ်ကိုင်းခရိုင်တရားရုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်က တရားခံဦးဇော်နိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၃၅၅ အရလည်း

၂၀၁၁
ဦးဇော်နိုင်ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ကောင်း၊ တရားခံဦးစိုးနိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၅၀၆၊ ၃၅၅/၁၁၄ အရလည်းကောင်း စွဲချက်တင်စေရန် ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့သည်။ တရားခံဦးဇော်နိုင်က ၎င်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၃၅၂ အရလည်းကောင်း၊ တရားခံဦးစိုးနိုင်က ၎င်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရလည်းကောင်း စွဲချက်တင်ခဲ့သည့်အမိန့်နှင့်စပ်လျဉ်း၍ အငြင်းပွားလျှောက်ထား တင်ပြမှုမရှိသော်လည်း ကျန်ပုဒ်မများနှင့်စပ်လျဉ်း၍ အငြင်းပွားလျှောက်လဲတင်ပြထားသည်ဖြစ်၍ တရားခံဦးဇော်နိုင်၏ပြုမူမှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅ အရလည်းကောင်း၊ တရားခံဦးစိုးနိုင်၏ ပြုမူမှုသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆၊၃၅၅/၁၁၄ အရလည်းကောင်း ကျူးလွန်ရာရောက်သည့် ငြိစွန်းမှုများ ရှိ မရှိ အဓိကစိစစ်ရန်ဖြစ်သည်။

အချင်းဖြစ်ချိန်က မူလရုံးတရားလို ဦးစိုးဝေယံထွန်း၏ ဖခင် ဦးထွန်းအောင်ကျော်မှာ နေပြည်တော်၊ တပ်ကုန်းမြို့အခွန်ဦးစီးမှူးအဖြစ်လည်းကောင်း၊ တရားခံဦးဇော်နိုင်မှာ ယင်းရုံး၌ပင် ဒုဦးစီးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိကြသော ဆရာတပည့်များဖြစ်ကြောင်း ပေါ်ပေါက်သည်။

အမှုတွင် မူလရုံးတရားလိုဦးစိုးဝေယံထွန်း၏ ထွက်ချက်နှင့် ၎င်းကို ထောက်ခံထွက်ဆိုကြသည့် မျက်မြင်သက်သေ ဒေါ်မြို့မြို့ကြည်(လိုပြ-၃)၊ ဦးထွန်းဝေ (လိုပြ-၄)၊ ဒေါ်ချိုချိုဦး (လိုပြ-၅)တို့၏ ထွက်ဆိုချက်အရ အခင်းဖြစ်နေ့ ၄-၁၀-၂၀၀၉ နေ့ညနေ ၆ နာရီခွဲခန့်တွင် တရားခံဦးဇော်နိုင်စီးနင်းလိုက်ပါလာပြီး တရားခံဦးစိုးနိုင်မောင်းနှင်လာသည့်ဆိုင်ကယ်သည် မူလရုံးတရားလို ဦးစိုးဝေယံထွန်း၏ ခြံဝင်းတံခါးအား ဆိုင်ကယ်ဖြင့်တိုက်ဖွင့်ပြီး ခြံဝင်းထဲဝင်ရောက်လာချိန်တွင် ယင်းသို့ ခြံဝင်းတံခါးအား ဆိုင်ကယ်နှင့်တိုက်

၂၀၁၁
ဦးဇော်နိုင်ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ဖွင့်သည့်ကိစ္စနှင့်စကားများကြကြောင်း၊ ထိုစဉ်က ဦးစိုးဝေယံထွန်းက ခင်ဗျား တို့လာရင်လည်း လူလိုလာမှပေ့ါဟုပြောသည်တွင် ဦးစိုးနိုင်က ငါကလူလို လာတာဘဲမင်းကဘာလုပ်ချင်လို့လဲ၊ဘာကောင်လဲပြောသဖြင့် ဦးစိုးဝေယံထွန်း က ခင်ဗျားတို့ သူများအိမ်ခြံတံခါးကို ဆိုင်ကယ်နဲ့တိုက်ဖွင့်ပြီး သူများအိမ်ခြံ ထဲဝင်လာတာ ရိုက်ချင်တာပေ့ါဟု ပြန်ပြောကြောင်း၊ ထိုစဉ် တရားခံ ဦးစိုးနိုင် က ဆိုင်ကယ်ပေါ်မှဆင်းလျက် စိန်ခေါ်ပြီး ခြံပြင်သို့ ထွက်ခဲ့ကြောင်း ပေါ်ပေါက်သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၃ အရ မည်သူမဆို အခြားသူတစ်ဦး တစ်ယောက်၏ ကိုယ်ကိုသော်လည်းကောင်း၊ဂုဏ်သရေကိုသော်လည်းကောင်း၊ ပစ္စည်းကိုသော်လည်းကောင်း၊ နစ်နာစေမည်ဟု ခြိမ်းခြောက်ရာတွင် ထိုသို့ ခြိမ်းခြောက်ခြင်းသည် ထိုသူအား ထိတ်လန့်ခြင်းဖြစ်စေရန်အကြံဖြင့် ခြိမ်းခြောက်ခြင်းဖြစ်လျှင် ပြစ်မှုမကင်းသော ခြောက်လှန့်မှုကျူးလွန်သည်မည် ပြီး ပြစ်မှုမကင်းသောခြောက်လှန့်မှုကို ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၆ နှင့်အကျုံးဝင်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် တရားခံဦးစိုးနိုင်က စိန်ခေါ်သည်ဆိုရာ၌ "သတ္တိရှိ လျှင် အပြင်ထွက်ခဲ့" ဟုပြောဆိုခဲ့ကြောင်း၊ တရားလိုဦးစိုးဝေယံထွန်း၏ ထွက်ချက်အရ ပေါ်ပေါက်သည်။ ထိုသို့သောပြောဆိုမှုမှာ တစ်ဦးနှင့်တစ်ဦး စကားများရာမှ ဒေါသထွက်စဉ် မရေရာသော ပြောဆိုမှုဖြစ်ပြီး ထိတ်လန့်ခြင်း ဖြစ်စေရန်အကြံနှင့်ပြုသည့် ခြိမ်းခြောက်မှုဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်သ ဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၆ နှင့် အကျုံးဝင်ခြင်းမရှိကြောင်း မြင်သာ သည်။

၂၀၁၁
ဦးဇော်နိုင်ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅ နှင့်အကျုံးဝင်ရန်မှာ မည်သူမဆို မိမိအား တစ်ဦးတစ်ယောက်သောသူက ရုတ်တရက်အကြီးအကျယ်ဒေါသထွက်အောင်ပြုမှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းကြောင့် ထိုသူကို အရှက်တကွဲ အကျိုးနည်းဖြစ်စေရန်အကြံဖြင့် လက်ရောက်မှုကိုကျူးလွန်ရန် သို့တည်းမဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှုကို ကျူးလွန်ရန်လိုပေသည်။

အမှုတွင် တရားခံဦးဇော်နိုင်က အခင်းဖြစ်ခြံသို့လာရောက်သည်တွင် ဆရာနဲ့တွေ့ချင်လို့ဟုပြောခဲ့ကြောင်း၊ တရားလိုဦးစိုးဝေယံထွန်း၏ထွက်ဆိုချက်အရ အခင်းဖြစ်ခြံသို့ တရားခံဦးဇော်နိုင်လာရောက်ရသည့်ရည်ရွယ်ချက်မှာ ၎င်း၏ဆရာဖြစ်သောဦးစိုးဝေယံထွန်း၏ဖခင်ဦးစီးမျှူးဦးထွန်းအောင်ကျော်နှင့်တွေ့ရန်ကိစ္စဖြစ်ကြောင်းပေါ်ပေါက်သည်။ ထိုစဉ်က ဦးထွန်းအောင်ကျော်မှာ နေအိမ်၌ရှိမနေပေ။ အခင်းဖြစ်စဉ်က တရားခံဦးဇော်နိုင်သည် “ကျနော်တော့ အပြင်မထွက်ဘူး ခင်ဗျားတို့ဘဲ ဝင်ချင်ဝင်လာ ” ဟုပြန်ပြောခဲ့သော ဦးစိုးဝေယံထွန်းကို ဘေးဘက်မှနေ၍ ဆွဲဖက်ပြီး ခြံအပြင်သို့ ဆွဲထုတ်သဖြင့် ဦးစိုးဝေယံထွန်းက ခြံတံခါး၏အတွင်းဘက်အစွန်းအား တတောင်ဖြင့်ချိတ်ထားပြီး ရုန်းခဲ့ရကြောင်း တွေ့ရသည်။ သို့ဖြစ်၍ တရားခံဦးဇော်နိုင်၏ ပြုမူဆောင်ရွက်မှုမှာ တရားလိုဦးစိုးဝေယံထွန်းခြံထဲသို့ဝင်ရောက်ရာတွင် ခြံတံခါးအားဆိုင်ကယ်ဖြင့်တိုက်ဖွင့်သည့်ကိစ္စနှင့်အချေအတင်စကားများရာမှ တရားခံဦးဇော်နိုင်က ဦးစိုးဝေယံထွန်း၏ ခြံထဲဖြစ်နေသောကြောင့် ဦးစိုးဝေယံထွန်းအား ဆွဲဖက်၍ခြံပြင်သို့ထုတ်ရန်ပြုခြင်းဖြင့် ပြစ်မှုမကင်းသောအနိုင်အထက်ပြုခြင်းသာဖြစ်ကြောင်း ပေါ်ပေါက်ပြီး အရှက်တကွဲအကျိုးနည်းဖြစ်စေရန် အကြံဖြင့် ပြစ်မှုမကင်းသောအနိုင်အထက်ပြုမှုကျူးလွန်ကြောင်း၊ ထိုသို့သော

အကြံရှိကြောင်းပေါ်ပေါက်မှုမရှိသည့် အခြေအနေတွင် တရားခံဦးဇော်နိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅ အရလည်းကောင်း၊ တရားခံဦးစိုးနိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၅/၁၁၄ အရလည်းကောင်းစွဲချက်တင်ခြင်းမှာ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

၄-၁၀-၂၀၀၉ နေ့က တရားခံဦးဇော်နိုင်နှင့် ဦးစိုးနိုင်တို့သည် ဦးစိုးဝေယံထွန်းလက်ရှိဖြစ်သော ခြံဝင်းအတွင်းသို့ဝင်ရောက်ပြီး အခင်းဖြစ်ပွားမှုကြောင့် ဦးစိုးဝေယံထွန်းအား စိတ်ငြိုငြင်စေခဲ့သဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရလည်းကောင်း၊ တရားခံဦးဇော်နိုင်သည် ဦးစိုးဝေယံထွန်းအားဖက်၍ ခြံပြင်ဆွဲထုတ်ရန်ပြုသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၂ အရလည်းကောင်း ဖြေရှင်းရန်အချက်အလက်များအဖြစ် ပေါ်ပေါက်နေ၍ ယင်းပုဒ်မများဖြင့် အသီးသီးစွဲချက်တင်ခဲ့ခြင်းမှာ မှားယွင်းခြင်းမရှိပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကိုခွင့်ပြုသည်။ မူလရုံးတရားခံဦးဇော်နိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၃၅၅ အရလည်းကောင်း၊ တရားခံဦးစိုးနိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇၊ ၅၀၆၊ ၃၅၅/၁၁၄ အရလည်းကောင်း စွဲချက်တင်ရန်ညွှန်ကြားသည့် စစ်ကိုင်းခရိုင်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်များကို ပယ်ဖျက်လိုက်ပြီး မူလစစ်ကိုင်းမြို့နယ်တရားရုံးမှ တရားခံဦးဇော်နိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၃၅၂ အရလည်းကောင်း၊ တရားခံ ဦးစိုးနိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရလည်းကောင်း စွဲချက်တင်ရန်ချမှတ်သောအမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော စစ်ကိုင်းတိုင်းဒေသကြီးတရားရုံး၏အမိန့်များကို ပြန်လည်အတည်ပြုလိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
# ဦးအောင်ဇော်သိန်း ရှေ့တွင်

\+ ၂၀၁၁ ခုနှစ်
နိုဝင်ဘာလ
၃၀ ရက်

## ဒေါ်တင်တင်အောင်
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂*

**ပြစ်ဒဏ်တိုးမြှင့်ပေးရန်လျှောက်ထားခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်မထုတ်ပြန်မီ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက တရားခံ အပေါ်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရလျှော့ပေးပြီးပြစ်ဒဏ် ကိုတိုးမြှင့်ရန် မသင့်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါအမိန့်အမှတ် ၂၈/၂၀၁၁ အပိုဒ် ၁(ခ) အရ ၁၇-၅-၂၀၁၁ ရက်နေ့မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း ၍ ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးပါက ယင်းကဲ့သို့ကျခံနေရသော ပြစ်ဒဏ်အသီး သီးအပေါ် သတ်မှတ်ထားသောထောင်ဒဏ်ကို သာမန်ရှိပြီးသော လျှော့ရက် များအပြင် ၁ နှစ်(တစ်နှစ်) ထပ်မံလျှော့ပေါ့စေရန် လွတ်ငြိမ်းချမ်းသာခွင့် ပြုကြောင်းထုတ်ပြန်ထားသည်။

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၃(ခ)

\+ ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၄၅ တွင်ချမှတ်သော ရန်ကုန်တိုင်း ဒေသကြီးတရားလွှတ်တော်၏ ၂၁-၆-၂၀၁၁ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှု။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌအမိန့်အမှတ် ၈၇/၁၉၇၁ ကိုထုတ်ပြန်၍ယင်းအမိန့်မတိုင်မီ ကျခံနေရသော ပြစ်ဒဏ်များကို လျှော့ပေးခဲ့သည်။ လျှော့ပေးပြီးသော ပြစ်ဒဏ်ကို တရားရုံးက တိုးမြှင့်ခြင်းမပြုနိုင်၊ တိုးမြှင့်ပေးခြင်းမပြုအပ်ကြောင်း **မောင်စိုးသိန်းပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၁] တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

အမှုတွင် တရားခံဦးတင်နိုင်အပေါ် ၁၁-၄-၂၀၁၁ ရက်နေ့က ပြစ်ဒဏ်များချမှတ်ခဲ့ရာ အကယ်၍တရားခံအပေါ် ထောင်ဒဏ်ကျခံစေမည်ဆိုပါက နိုင်ငံတော်သမ္မတရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါစာအမိန့်အမှတ် ၂၈/၂၀၁၁ နှင့်အကျုံးဝင်သက်ဆိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားခံရသူ ဦးတင်နိုင်အပေါ် ထပ်မံ၍ပြစ်ဒဏ်တိုးမြှင့်ရန် သင့်မြတ်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် - ဦးစိုးညွန့်၊ တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူ(၁)အတွက် - ဦးခင်မောင်ညို၊ ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
လျှောက်ထားခံရသူ(၂)အတွက် - ဦးဝင်းလှိုင်၊ တရားလွှတ်တော်ရှေ့နေ

တာမွေမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၅၅၆/၂၀၁၀ တွင် တရားခံ ဦးတင်နိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃ အရငွေဒဏ် ၁၀၀ဝိ/-ပေးဆောင်စေရန်၊ မဆောင်က ထောင် ၂ လကျခံစေရန်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အရ ငွေဒဏ် ၁၀၀ဝိ/-ပေးဆောင်စေရန်၊ မဆောင်က ထောင် ၁ လကျခံစေရန်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရထောင်ဒဏ် ၁ ရက်နှင့်ငွေဒဏ် ၁၀၀ဝိ/-ပေးဆောင်စေရန်၊ မဆောင်က ထောင် ၃ လ

ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်တင်တင်အောင်မှ မကျေနပ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုဝင်ရောက်ရာ အကျဉ်းနည်းပလပ်ခဲ့သဖြင့် လျှောက်ထားသူမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ တရားလို ဒေါ်တင်တင်အောင်နှင့် တရားခံဦးတင်နိုင်တို့သည် လွန်ခဲ့သော ၁၃နှစ်မှစ၍တရားဝင်ပေါင်းသင်းခဲ့ရာ ၂၀၀၆ခုနှစ်မှစတင်ပြီး ဦးတင်နိုင်သည် နေ့စဉ်နှင့်အမျှ အကြောင်းအမျိုးမျိုးရှာကြံ၍ ရိုက်နှက်ဆဲဆိုမှုများပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်အတွင်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်နေ အမျိုးသမီးငယ်တစ်ဦးနှင့်လူမှုရေးဖောက်ပြန်ခဲ့ပြီး ၎င်းအား ကိုယ်ထိလက်ရောက်ရိုက်နှက်စော်ကားခြင်းပြု၍ တရားလိုသည် မိဘများနေအိမ်နှင့် ၎င်း၏ဆိုင်ခန်း၌ တိမ်းရှောင်နေခဲ့ရကြောင်း၊ ၂၀၀၉ခုနှစ်မှစ၍စက်တင်ဘာလတွင် ဦးတင်နိုင်သည် အိမ်ဖော်ဖြစ်သူမနော်ဖောဘွဲ့ထူးနှင့် လူမှုရေးဖောက်ပြန်နေထိုင်ခဲ့သည်ကို မျက်မြင်တွေ့ခဲ့ရပြီး တရားလိုကိုလည်း ကိုယ်ထိလက်ရောက်လက်သီးနှင့်ထိုးခြင်း၊ ပါးရိုက်ခြင်း၊ ဝါးရင်းတုတ်ဖြင့်ရိုက်ခြင်းတို့ကြောင့် ဦးတင်နိုင်အပေါ် ဥပဒေအရအရေးယူပေးရန် ဒေါ်တင်တင်အောင်မှ ဦးတိုက်လျှောက်ထားတရားစွဲဆိုခဲ့မှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက လျှောက်ထားသူသည် လျှောက်ထားခံရသူ၏ အမျိုးမျိုးနှိပ်စက်ညှင်းပမ်းမှုကို ၄ နှစ်ကြာမျှ သည်းခံခဲ့ပြီး မတတ်နိုင်သောအခြေအနေရောက်မှ ကျူးလွန်သူအား ထိုက်သင့်သောပြစ်ဒဏ်ချမှတ်မည်ဟူ၍ တရားဥပဒေအရိပ်ကို ခိုလှုံခဲ့ပါကြောင်း၊ သို့သော်လည်း ပြစ်မှုကျူးလွန်ကြောင်းထင်ရှားလျက်နှင့် အဆုံးသတ်ပြစ်ဒဏ်ကို လွန်စွာလျှော့ပေါ့

လိုက်ခြင်းသည် လျှောက်ထားသူအတွက် ထိခိုက်နစ်နာလွန်းကြောင်း၊ မူလရုံးမှ တရားခံအပေါ် ချမှတ်သောပြစ်ဒဏ်သည် ၎င်းကျူးလွန်သောပြစ်မှုနှင့် လုံးဝမျှတမှုမရှိပါကြောင်း၊ လက်ရှိပြစ်ဒဏ်သည် တရားခံအား နောင်ကြဉ်စေသော ပြစ်ဒဏ်မျိုးအလျဉ်းမဟုတ်ပါကြောင်း၊ ပြစ်ဒဏ်ပေးရခြင်း၏ ရည်ရွယ်ချက်မှာ ပြစ်မှုကျူးလွန်သူအား နောင်ကြဉ်စေရန်နှင့် နောက်ထပ်ပြစ်မှုမကျူးလွန်စေရန်ဖြစ်ပါကြောင်း၊ တရားခံအား ကျူးလွန်သည့်ပြစ်မှုအလိုက် ထိုက်သင့်သောပြစ်ဒဏ်ချမှတ်ပေးပါရန် လျှောက်ထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက မူလရုံး "တရားခံသည် တရားလိုအား ရိုက်နှက်ခြင်း၊ အင်္ကျီဆုတ်ဖြဲခြင်းနှင့် တရားလို၏ လက်ကိုင်ဖုန်းအား လွှင့်ပစ်ခဲ့ခြင်းတို့ ပြုလုပ်ခဲ့ကြောင်းပေါ်လွင်ထင်ရှားသဖြင့် ၎င်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃/၄၂၇/၃၅၄ တို့အရ အပြစ်ပေးရန်သာရှိကြောင်း၊ တရားခံသည် တရားလိုအပေါ် နောက်နောင်ယခုကဲ့သို့ ပြစ်မှုကျူးလွန်ခြင်းမျိုးမရှိအောင် ပညာပေးပြစ်ဒဏ်မျိုးချမှတ်သင့်ကြောင်း" သုံးသပ်ထားပြီး ဖော်ပြပါအတိုင်း ပြစ်ဒဏ်များကို ချမှတ်ခြင်းမှာ သက်ညှာလွန်းရာရောက်ပြီး ယင်းအမိန့်အပေါ် တင်သွင်းသည့် တရားလို၏ ပြင်ဆင်မှုလျှောက်လွှာကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အကျဉ်းနည်းဖြင့် ပလပ်ခဲ့ခြင်းမှာ သင့်မြတ်မှုမရှိပါကြောင်း၊ တရားလိုနှင့် တရားခံမှာ လင်မယားအဖြစ်ပေါင်းသင်းနေစဉ် တရားခံမှာအိမ်ထောင်ရေးဖောက်ပြန်သူဖြစ်၍ ပြောဆိုမှုအပေါ် တရားခံက တရားလိုအား အကြိမ်ကြိမ်ကိုယ်ထိလက်ရောက်ပြုမူခြင်း၊ တရားခံမှ နောင်မလုပ်တော့ပါဟု ကတိစာချုပ်ပြုလုပ်ခဲ့သော်လည်း တရားလိုအား ဆံပင်ဆောင့်ဆွဲခြင်း၊ ဦးခေါင်းကိုတုတ်ဖြင့်ရိုက်၍ ဒဏ်ရာများရရှိပြီး ဆေးရုံသို့ပြသကုသရသည်အထိဖြစ်ခြင်း၊

တရားခံ၏ပြုလုပ်မှုကြောင့် တရားလိုတွင် ခေါင်းမူးဝေဒနာခံစားနေရခြင်းတို့မှာ အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်ရာရောက်ကြောင်းထင်ရှားပါလျက် တရားခံ၏ပြုလုပ်မှုနှင့်နှိုင်းစာလျှင် မျှတမှုမရှိသောစတိပြစ်ဒဏ်ချမှတ်ထားကြောင်း ပေါ်ပေါက်ပါကြောင်း လျှောက်ထားသည်။

အမှတ် (၂) လျှောက်ထားခံရသူ၏ရှေ့နေက လျှောက်ထားသူ ဒေါ်တင်တင်အောင်သည် အသက် ၄၈ နှစ်ခန့်ရှိပြီး ဦးတင်နိုင်သည်အသက် ၆၃ နှစ်ကျော်ရှိပြီဖြစ်ပါကြောင်း၊ ဦးတင်နိုင်သည် အသက်အရွယ်ကြီးရင့်သူတစ်ဦးဖြစ်သော်လည်း ဒေါ်တင်တင်အောင်အား ပြင်သစ်ဧည့်လမ်းညွှန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် ကောင်းမွန်စွာလုပ်ကိုင်ရှာဖွေကျွေးမွေးနေသူတစ်ဦးဖြစ်ပါကြောင်း၊ လျှောက်ထားသူမှာ လက်ရှိအားဖြင့် အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိဘဲ အတူနေထိုင်သည့် အမှတ်(၁၃၄)၊ ၄၂ လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်ရှိတိုက်ခန်းမှ ဦးတင်နိုင်အားစွန့်ပစ်ထွက်ခွာ၍ ၂၀-၅-၂၀၀၈ ရက်နေ့မှ ယနေ့တိုင်သီးခြားစီနေထိုင်လျက်ရှိပါကြောင်း၊ တာမွေမြို့နယ်တရားရုံးကလျှောက်ထားခံရသူ၏အသက်အရွယ်၊ အလုပ်အကိုင်၊ လူနေမှုအဆင့်အတန်း၊ စိတ်အခြေအနေတို့အပေါ် ဆင်ခြင်တုံတရားလက်ကိုင်ထား၍ လင်မယားဖြစ်နေသည့်အတွက် ပညာပေးသောပြစ်ဒဏ်မျိုးချမှတ်သည်ဟုဆုံးဖြတ်၍ လျှောက်ထားခံရသူ ဦးတင်နိုင်အပေါ် ချမှတ်ခဲ့သော ၁၁-၄-၂၀၁၁ ရက်စွဲပါအမိန့်သည် ပြစ်မှုနှင့်ပြစ်ဒဏ် ကိုက်ညီမှုမရှိဟုဆိုရန် အလွန်ခဲယဉ်းပါကြောင်း၊ ဒေါ်တင်တင်အောင်၏ထွက်ဆိုချက်အရ ဦးတင်နိုင်က ဖုန်းကိုလွှင့်ပစ်ကြောင်း၊ လည်ပင်းကိုညှစ်ပြီး လက်သီးဖြင့် သုံးလေးချက်ထိုးကာ အနီးရှိဝါးရင်းတုတ်ဖြင့် ညာဘက်ဦးခေါင်းကို ရိုက်ခဲ့ရာ ကွဲသွားကြောင်း ထွက်ဆိုချက်များသည် ဝါးရင်းတုတ်သော်လည်းကောင်း၊

လက်ကိုင်ဖုန်းပြင်ဆင်ကြောင်း အထောက်အထားတစ်စုံတစ်ရာကိုသော်လည်းကောင်း သက်သေခံအဖြစ် တင်ပြနိုင်ခြင်းမရှိသည့်အပြင် ဒေါက်တာဦးဇော်ဟိန်း၏ထွက်ချက်အရ ပြင်ပဒဏ်ရာမရှိပါကြောင်း ထင်ရှားပါလျက် ဦးတင်နိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၃ အရ ငွေဒဏ် ၁၀၀၀ိ/- မဆောင် ထောင် ၂ လကျခံစေခြင်းမှာ စတိပြစ်ဒဏ်ဟုမဆိုနိုင်ပါကြောင်း၊ လက်ကိုင်ဖုန်းအား နှစ်သောင်းကျပ်ဖိုးပြင်ဆင်ခဲ့ရကြောင်း သက်သေခံအထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်းပေါ်လွင်ထင်ရှားနေသည့်အပေါ် ဦးတင်နိုင်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၇ အရ ငွေဒဏ် ၁၀၀၀ိ/- မဆောင် ထောင် ၁ လကျခံစေရန်အမိန့်ချမှတ်ခဲ့ခြင်းသည် စတိပြစ်ဒဏ်ဟုဆိုရန်ခဲယဉ်းပါကြောင်း၊ ဦးတင်နိုင်သည် ဒေါ်တင်တင်အောင်အား ကာယိန္ဒြေပျက်ပြားအောင် ထူးခြားသောမည်သည့်အပြုအမူမျိုးကိုမျှ ပြုလုပ်ခဲ့ခြင်းမရှိ၍ ဦးတင်နိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၅၄ အရချမှတ်ခဲ့သည့်အမိန့်မှာ မှန်ကန်မှုမရှိပါကြောင်း၊ ပြစ်ဒဏ်တိုးမြှင့်ပေးရန် နစ်နာသူက ပြင်ဆင်မှုတင်သွင်းသည့် တရားခံက မိမိတွင် လုံးဝအပြစ်မရှိကြောင်း၊ တရားသေလွှတ်ထိုက်ပါသည်ဟု ပြန်လည်ချေပ လျှောက်လဲခွင့်ရှိသည်။ ဥပဒေဟူသည် မျှတရသည်။ တစ်ဖက်သတ်မလုပ်ရချေဟု **မောင်စိုးသိန်းပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်** (၁၉၇၂၊ မတစ၊ စာ-၁၅) တွင်လမ်းညွှန်ဆုံးဖြတ်ထားပါကြောင်း၊ ဦးတင်နိုင် သည်ပြစ်မှုတစ်စုံတစ်ရာကိုမျှ ကျူးလွန်ခဲ့ခြင်းမရှိ၍ အပြီးအပြတ်လွှတ်သည့် အမိန့်ချမှတ်ပေးပါရန်လျှောက်ထားသည်။

မူလရုံးအမှုတွဲ သက်သေခံချက်များအရ ၂၀၀၆ ခုနှစ် ၆လပိုင်းခန့်က တရားခံဦးတင်နိုင်သည် တရားလိုဒေါ်တင်တင်အောင်၏ ပင်မင်းဆိုင်တွင် အလုပ်လုပ်ကိုင်နေသူ မနှင်းဝတ်ရည်ကျော် (၁၇ နှစ်)နှင့်ဖောက်ပြန်ကြောင်း

ကြားသိရ၍ မနှင်းဝတ်ရည်ကျော်အား အလုပ်မှထုတ်ပစ်ခဲ့ရာ ထိုကိစ္စနှင့် ပတ်သက်ပြီး ဒေါ်တင်တင်အောင်အား ပါးရိုက်ခြင်း၊ လည်ပင်းညှစ်ခြင်း များကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း၊ ၁၇-၉-၂၀၀၆ ရက်နေ့က ဒေါ်တင်တင်အောင်အား ဆံပင်ဆောင့်ဆွဲခြင်း၊ လက်သီးနှင့်ထိုးခြင်း၊ ကိုင် ဆောင့်ခြင်း၊ ပါးရိုက်ခြင်းတို့ပြုလုပ်၍ အင်္ကျီစုတ်ပြဲကာ ခါးမြှောင်နှင့်လိုက်လံ ထိုးသတ်၍ အပေါ်ထပ်သို့တက်ပြေးပြီး တံခါးပိတ်ထားရကြောင်း၊ အချင်းဖြစ် ကိစ္စကို ကိုကြည်စိုး (လိုပြ-၂)နှင့် နိုင်နိုင်တို့တွေ့မြင်ကြပါကြောင်း၊ ၂၀၀၈ ခုနှစ်အတွင်းက မိဘအိမ်တွင် အိမ်ဖော်လုပ်ကိုင်သူ နော်ဖောဘွဲ့ထူးနှင့် ပတ်သက်ပြီးစကားများရာ ဦးတင်နိုင်မှ ဒေါ်တင်တင်အောင်အားပါးရိုက်ခြင်း၊ လည်ပင်းကိုဆွဲညှစ်ခြင်း၊ ဆောင့်တွန်းခြင်းများပြုလုပ်၍ နားထင်ကွဲခဲ့ရာ အေးရိပ်သာဆေးခန်းသို့ပြသခဲ့ရကြောင်း၊ ၂၄-၄-၂၀၀၉ ရက်နေ့က ၄၂ လမ်း ထိပ်တွင် နော်ဖောဘွဲ့ထူးနှင့်တွေ့၍ ဒိန်ချဉ်ဆိုင်သို့သွားရောက်ပြီး စကား ပြောကြရာ ဦးတင်နိုင်ရောက်လာကြောင်း၊ ဦးတင်နိုင်မှ ဒေါ်တင်တင်အောင် အား လက်သီးနှင့်ထိုးခြင်း၊ ပါးရိုက်ခြင်း၊ ဝါးရင်းတုတ်နှင့်ညာဘက်ဦးခေါင်း အားရိုက်၍ မူးလဲကျသွားရာ ကိုဖိုးကျော်(လိုပြ-၅)နှင့်ကိုကျော်မင်း(လိုပြ-၆) တို့မှ ဆေးရုံသို့ ပို့ပေးခဲ့ကြောင်း၊ ဦးတင်နိုင်သည်နောင်တွင် ကောင်းမွန်စွာ နေထိုင်ပါမည်ဟု စာချုပ်၌လက်မှတ်ရေးထိုးပေးခဲ့သော်လည်း အကြိမ်ကြိမ် ရိုက်နှက်သည့်အပြင် အချင်းဖြစ်နေ့က လက်ကိုင်ဖုန်းအား ဦးတင်နိုင်မှအဝေး သို့ ကိုင်ပေါက်ပစ်ခဲ့၍ပြင်ဆင်စရိတ်မှာ နှစ်သောင်းကျပ်ခန့်ကုန်ကျခဲ့ကြောင်း၊ ဦးတင်နိုင်၏ပြုလုပ်မှုကြောင့် ခေါင်းအမြဲမူးနေ၍ ၁၁-၁၁-၂၀၀၉ ရက်နေ့ တွင် ရန်ကုန်ဆေးရုံတွင် ထပ်မံ၍ဆေးကုသမှုခံယူခဲ့ကြောင်း၊ တရားလို ဒေါ်တင်တင်အောင်၏ထွက်ဆိုချက်အား ဦးကြည်စိုး(လိုပြ-၂)၊ ကျော်ထွန်း

(လိုပြ-၃)၊ ဖိုးကျော်(လိုပြ-၅)၊ ကျော်မင်းဦး (လိုပြ-၆)တို့မှ ထောက်ခံထွက်ဆို ထားကြသည်။ တရားခံ ဦးတင်နိုင်မှ တရားလိုစွပ်စွဲသည့်အတိုင်း ပြစ်မှုများ ကို ကျူးလွန်ခဲ့ခြင်းမရှိပါဟု ထုချေသော်လည်း အတူနေထိုင်စဉ်က မကြာခဏ စကားများရန်ဖြစ်လေ့ရှိကြောင်း ဝန်ခံထွက်ဆိုထားသည်။

သို့ဖြစ်ပေရာ တရားခံဦးတင်နိုင်သည်ဇနီးဖြစ်သူဒေါ်တင်တင်အောင် နှင့်မကြာခဏစကားများရန်ဖြစ်ကာ ရိုက်နှက်လေ့ရှိသည်မှာထင်ရှားသည်။ ၂၄-၉-၂၀၀၉ ရက်နေ့က နော်ဖောဘွဲ့ထူးနှင့်ပတ်သက်၍ စကားများကြရာ ဒေါ်တင်တင်အောင်အား လက်သီးနှင့်ထိုး၊ ပါးရိုက်ကာ ခေါင်းအားဝါးရင်း တုတ်ဖြင့်ရိုက်ခဲ့ပြီး လက်ကိုင်ဖုန်းအား ပစ်ပေါက်ခဲ့၍ ပျက်စီးမည်မှာထင်ရှား ပေါ်ပေါက်သည့်အခြေအနေတွင် မူလရုံးမှ ဦးတင်နိုင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃၊ ပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၃၅၄ တို့အရ ပြစ်မှုထင်ရှားစီရင် ခြင်းသည် ဥပဒေအရ မှားယွင်းမှုမရှိ မှန်ကန်ညီညွတ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါအမိန့်အမှတ် ၂၈/၂၀၁၁ အပိုဒ် ၁(ခ) အရ ၁၇-၅-၂၀၁၁ ရက်နေ့ မတိုင်မီ ကျူးလွန်ခဲ့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံ ရပြီးပါက ယင်းကဲ့သို့ကျခံနေရသော ပြစ်ဒဏ်အသီးသီးအပေါ် သတ်မှတ် ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် ၁ နှစ်(တစ်နှစ်) ထပ်မံလျှော့ပေါ့စေရန် လွတ်ငြိမ်းချမ်းသာခွင့်ပြုကြောင်း ထုတ်ပြန်ထားသည်။

တော်လှန်ရေးကောင်စီဥက္ကဋ္ဌက အမိန့်အမှတ် ၈၇/၁၉၇၁ ကို ထုတ်ပြန်၍ ယင်းအမိန့်မတိုင်မီ ကျခံနေရသောပြစ်ဒဏ်များကို လျှော့ပေးခဲ့

သည်။ လျှော့ပေးပြီး ပြစ်ဒဏ်ကို တရားရုံးက တိုးမြှင့်ခြင်းမပြုနိုင်၊ တိုးမြှင့်ပေးခြင်းမပြုအပ်ကြောင်း **မောင်စိုးသိန်းပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**[၁] တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

အမှုတွင် တရားခံဦးတင်နိုင်အပေါ် ၁၁-၄-၂၀၁၁ ရက်နေ့က ပြစ်ဒဏ်များချမှတ်ခဲ့ရာ အကယ်၍ တရားခံအပေါ် ထောင်ဒဏ်ကျခံစေမည်ဆိုပါက နိုင်ငံတော်သမ္မတရုံး၏ ၁၆-၅-၂၀၁၁ ရက်စွဲပါအမိန့်အမှတ် ၂၈/၂၀၁၁ နှင့်အကျုံးဝင်သက်ဆိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားခံရသူ ဦးတင်နိုင်အပေါ် ထပ်မံ၍ ပြစ်ဒဏ်တိုးမြှင့်ရန် သင့်မြတ်မည်မဟုတ်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

---

**(၁) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၅**

**ပြစ်မှုဆိုင်ရာအထူးအယူခံမှု**
**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးသာဌေး နှင့် ဦးမြင့်အောင် တို့ရှေ့တွင်**

+ ၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၅ ရက်

**တင်အောင်ဝင်း**
**နှင့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်***

**အပြီးအပြတ်လွှတ်ပြီးဖြစ်သော ပူးတွဲတရားခံများနှင့်အတူ အယူခံမှု၊ ပြင်ဆင်မှုမတင်သွင်းခဲ့ခြင်းကိုအကြောင်းပြုပြီး ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ အယူခံတရားလိုတင်သွင်းသည့် ပြင်ဆင်မှုကို တရားရုံးချုပ်က ပလပ်ခဲ့ခြင်းသည် မှန်ကန်မှု ရှိ မရှိ။ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တင်သွင်းခြင်းကို လက်ခံနိုင်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ အမှုတစ်မှုတွင် ပူးတွဲတရားစွဲဆိုအပြစ်ပေးခံရသူများသည် အယူခံမှု၊ ပြင်ဆင်မှုများကို ပူးတွဲတင်သွင်းရမည်ဟူသော သတ်မှတ်ချက်မရှိချေ။ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းကြခြင်းမှာ တရားခံတစ်ဦးစီ၏ သီးခြားအခြေအနေပေါ်မူတည်၍ တင်သွင်းကြခြင်းဖြစ်ပေသည်။ အယူခံမှု၊

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၅

\+ ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၄၆(ခ)တွင်ချမှတ်သော ၃-၃-၂၀၁၀ ရက်စွဲပါ တရားရုံးချုပ် (ရန်ကုန်)၏ အမိန့်ကို အထူးအယူခံမှု။

ပြင်ဆင်မှုလက်ခံစစ်ဆေးရသည့် တရားရုံးအနေဖြင့် မူလရုံးအမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံအထောက်အထားနှင့် ဥပဒေပြဋ္ဌာန်းချက်များ အပေါ် သုံးသပ်၍ ဆုံးဖြတ်ရန်သာဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားခံတင်အောင်ဝင်းမှာ အကျဉ်းထောင်မှ တစ်ဆင့်အယူခံဝင်ရောက်ရသူဖြစ်ပြီး ရဲဘက်စခန်းတွင် ရောက်ရှိနေသူဖြစ်သည့်အတွက် အယူခံမှုကို အကျဉ်းနည်းပလပ်ခံရသည်ကို အချိန်မီသိရှိနိုင်ခဲ့ခြင်းမရှိ၍ ပြင်ဆင်မှုတင်သွင်းရန် ကာလစည်းကမ်းသတ်ကျော်လွန်သွားရသည် ဆိုသည့်အကြောင်းပြချက်မှာ တရားခံ၏လက်ရှိအနေအထားအရ ခိုင်လုံသော အကြောင်းပြချက်ဖြစ်သည်ဟု သုံးသပ်ရရှိသည်။ ထို့ကြောင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ အရ ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ တင်သွင်းသည့် ၎င်း၏လျှောက်လွှာကို ခွင့်ပြုသည်။

| | |
|---|---|
| အယူခံတရားလိုအတွက် | - ဦးကျော်မင်း၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားခံအတွက် | - ဦးသောင်းစိန်၊ ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၂၁/၂၀၀၇ တွင် တရားခံမြင့်အေး၊ တင်အောင်မိုး၊ တင်စိုး၊ တင်ဝင်း၊ ကိုကိုစည်သူ၊ တင်အောင်ဝင်း၊ တင်ဦး၊ အောင်ကျော်လှ၊ မျိုးညွှန့်၊ မင်းမင်းခိုင်၊ ဇော်ဦး(ခ) မော်စီတုံး တို့(၁၁)ဦးအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီ ကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံ

၂၀၁၁
တင်အောင်ဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

တင်အောင်ဝင်းက ရန်ကုန်တိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၀၅/၂၀၀၉ နှင့် တရားရုံးချုပ်(ရန်ကုန်) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၄၆(ခ)/၂၀၀၉ တို့ကိုတင်သွင်းသော်လည်း အောင်မြင်မှုမရှိ၍ အထူးအယူခံဝင်ခွင့်ပြုရန် တရားရုံးချုပ်(ရန်ကုန်)သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၈၄/၂၀၁၀ ဖြင့်လျှောက်ထားရာ အောက်ပါပြဿနာအပေါ် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

" တရားမဝင်ကျွန်းသစ်များ သယ်ယူပို့ဆောင်ရာတွင်တင်အောင်ဝင်းပါဝင်ပတ်သက်ကြောင်း အထောက်အထားမရှိသည့်အပြင် အင်းစိန်ကံဦးပရိယတ္တိစာသင်တိုက်၌ အတူလာရောက်လုပ်အားပေးနေခဲ့သူ ပူးတွဲတရားခံ(၅)ဦးအနက် အချင်းဖြစ်ပွားစဉ်ကလည်း အတူရှိနေခဲ့သူ (၄)ဦးကို တရားရုံးချုပ်က အပြီးအပြတ်လွှတ်ပြီးဖြစ်ပါလျက် တင်အောင်ဝင်းသည် အဆိုပါတရားခံ (၄)ဦးနှင့်အတူ ပူးတွဲပြီး အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းခြင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကိုအကြောင်းပြုပြီး တင်အောင်ဝင်းတင်သွင်းသည့် ပြင်ဆင်မှုကို တရားရုံးချုပ်က ပလပ်ခဲ့ခြင်းသည် မှန်ကန်မှု ရှိ မရှိ။ "

အမှုမှာ ၂-၃-၂၀၀၇ ရက်နေ့(၂၀း၄၅)နာရီအချိန်တွင် အောင်ဇေယျတံတားအနီး လှိုင်မြစ်အတွင်းရှိ တွန်းသင်္ဘောနှင့် စီဘီတွဲများပေါ်မှ တရားမဝင်ကျွန်းသစ်များကို ကမ်းပေါ်သို့တင်နေကြောင်း သတင်းရရှိသဖြင့် သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးရာ လှိုင်မြစ်အတွင်းရှိ ပြည်တွင်းရေကြောင်းပိုင် ငါးရံ့ (အမှတ် ၅၁၀၃) တွန်းသင်္ဘောနှင့် ကသ ၀၁၀JR. ၅၉ စီဘီတွဲများပေါ်မှ တရားမဝင်ကျွန်းသစ်စကွဲယားတုံး(၁၉)တုံး၊ ကျွန်းတံခါး

ဆိုဒ်စုံ (၅၃၆)ချပ်တို့ကို ဒိုင်နာယာဉ်အမှတ် ဘ/၈၂၉၊ တိုက်တန်းယာဉ်အမှတ် ၆က/၁၈၇၅၊ ကင်တာယာဉ်အမှတ် ၂ခ/၂၆၆၀ ယာဉ်များပေါ်သို့ ပြောင်းရွှေ့တင်ဆောင်နေစဉ် သိမ်းဆည်းရမိပြီး ဇော်ဦး၊ တင်ဦး၊ ကိုကိုစည်သူ၊ တင်အောင်ဝင်း၊ တင်ဝင်း၊ တင်စိုး၊ သန်းထွန်း၊ မြင့်အေး၊ တင်အောင်စိုး၊ ရေယာဉ်မောင်း ဦးအောင်ကျော်လှ၊ မျိုးညွန့်၊ စက်မောင်း မင်းမင်းခိုင်တို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့အပေါ် ဥပဒေအရ အရေးယူပေးရန် အင်းစိန်ရဲစခန်းမှူး ရဲအုပ်ကျော်ကျော်အောင်က အင်းစိန်ရဲစခန်း၌ တိုင်ချက်ဖွင့်ခဲ့သောအမှုဖြစ်သည်။

၂၀၁၁
တင်အောင်ဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

အယူခံတရားလို၏ရှေ့နေက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ၂၀၀၇ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၁၂၂ တွင် တရားခံ (၁၁)ဦးအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်စီကျခံစေရန်ချမှတ်သည့်အမိန့်ကို အခြားတရားခံအသီးသီးက ရှေ့နေရှေ့ရပ်ဖြင့် ရန်ကုန်တိုင်းတရားရုံးနှင့် တရားရုံးချုပ်သို့ အယူခံမှု/ပြင်ဆင်မှုများ တင်သွင်းနိုင်သော်လည်း တရားခံ တင်အောင်ဝင်းမှာ အကျဉ်းထောင်မှတစ်ဆင့်သာလျှင် အယူခံတင်သွင်းနိုင်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးမှ အယူခံမှုကို အကျဉ်းနည်းဖြင့် ပလပ်သည်ကို သိရှိခဲ့ခြင်းမရှိဘဲ အတူပူးတွဲတရားစွဲဆိုခံရသော မြင့်အေး၊ ကိုကိုစည်သူ၊ တင်စိုး၊ တင်ဝင်းတို့ကို တရားရုံးချုပ်(ရန်ကုန်)က ၎င်းတို့တင်သွင်းသော ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၅(ခ) နှင့် ၂၈၆(ခ)တို့တွင် အပြီးအပြတ်လွှတ်သည့်အခါတွင်မှ တရားခံတင်အောင်ဝင်းအနေဖြင့် ၎င်း၏ အယူခံမှု ပလပ်ခံရသည်ကိုသိရှိပြီး ပြင်ဆင်မှုတင်သွင်းရခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းဖြစ်ကြောင်း၊ ထောင်တွင်ရဲဘက်စခန်း၌

နေထိုင်ရသည့်အတွက် အချိန်နှင့်တပြေးညီ ပြင်ဆင်မှုမတင်သွင်းနိုင်ခြင်း အတွက် ပြစ်ချက်ကိုတည်စေရမည်ဟု မယူဆသင့်ကြောင်း၊ တရားရုံးချုပ် (ရန်ကုန်)၏ ၂၀၀၉ ခုနှစ်၊ ပြင်ဆင်မှုအမှတ် ၂၈၅(ခ)နှင့် ၂၈၆(ခ)တို့တွင် အမှုမှအပြီးအပြတ်လွှတ်သော မြင့်အေးပါ(၄)ဦးတို့နှင့်တရားခံတင်အောင်ဝင်း တို့မှာ အမှုတွင်အတူထုချေခုခံခဲ့ကြသူများဖြစ်ပြီး သက်သေခံအထောက် အထားအရလည်း ၎င်းတို့(၅)ဦးလုံးအပေါ် ညှိစွန်းမှုမရှိသည့်အချက် တူညီကြ သူများဖြစ်ပါလျက် တရားရုံးချုပ် (ရန်ကုန်) က တရားခံတင်အောင်ဝင်း တင်သွင်းသည့် ပြင်ဆင်မှုအမှတ် ၅၄၆(ခ)/၂၀၀၉ တွင် အပြီးအပြတ်လွှတ် သွားသော တရားခံများနှင့်ပူးတွဲ၍ အယူခံမှု/ပြင်ဆင်မှုတင်သွင်းခြင်းမရှိ သည့်အချက်နှင့်ကာလစည်းကမ်းသတ်ကျော်လွန်သည့်အချက်ကိုအကြောင်း ပြ၍ တရားခံတင်အောင်ဝင်းမှာ အပြစ်မကင်းဟုသုံးသပ်ပြီး ၎င်းတင်သွင်း သည့်ပြင်ဆင်မှုကိုပလပ်ခြင်းမှာ မျှတမှန်ကန်မှုမရှိ မှားယွင်းကြောင်းနှင့် အယူခံကိုခွင့်ပြု၍ လျှောက်ထားသူအား အမှုမှ အပြီးအပြတ်လွှတ်သင့်ပါ ကြောင်းလျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက ရန်ကုန်မြောက်ပိုင်းခရိုင်တရား ရုံး၊ ပြစ်မှုကြီးအမှတ် ၁၂၁/၂၀၀၇ တွင် တရားခံတင်အောင်ဝင်းနှင့်အတူ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၃ ဖြင့် တရားစွဲဆိုခံရပြီး ပြစ်ဒဏ်ကျခံသူ တရားခံမြင့်အေးနှင့် ကိုကိုစည်သူ၊ တင်စိုးနှင့် တင်ဝင်းတို့တင်သွင်းသည့် တရားရုံးချုပ်(ရန်ကုန်) ၂၀၀၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၅(ခ)နှင့် ၂၈၆(ခ)တို့တွင် ပြင်ဆင်မှုလျှောက်ထားသူများ ပြစ်မှုကျူးလွန်သည့် အထောက်အထားမရှိ ကြောင်း သုံးသပ်၍ အမှုမှအပြီးအပြတ်လွှတ်ခဲ့ကြောင်း၊ တင်အောင်ဝင်းက

တရားရုံးချုပ်သို့တင်သွင်းသည့် ပြင်ဆင်မှု ၅၄၆(ခ)/၂၀၀၉ တွင်လည်း တရားခံ တင်အောင်ဝင်း ပြစ်မှုကျူးလွန်သည့် အထောက်အထားအခိုင်အမာ မရှိဟု သုံးသပ်ထားပါလျက် တရားရုံးချုပ်က ၎င်းတင်သွင်းသည့် ပြင်ဆင်မှု ၅၄၆(ခ)/၂၀၀၉ တွင် တရားခံတင်အောင်ဝင်းသည် မြင့်အေး၊ ကိုကိုစည်သူ၊ တင်စိုး၊ တင်ဝင်းတို့နှင့်အတူ ပူးတွဲ၍ အယူခံမှု/ပြင်ဆင်မှုတင်သွင်းခြင်းမရှိသည့်အတွက် အမှန်တကယ် ဆရာတော်ဦးပညာဇောတကျောင်း၌ လုပ်အားပေးသူဟုတ် မဟုတ် သံသယဖြစ်ဖွယ်ရှိခြင်း၊ ကာလစည်းကမ်းသတ်ထက် (၉၄)ရက်ကျော်လွန်ပြီးမှ လျှောက်ထားခြင်းတို့ကြောင့် ပြင်ဆင်မှုကိုပလပ်ခြင်းသည် မှန်ကန်မှု ရှိ မရှိ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်သင့်ကြောင်း၊ **ဒေါ်မြနု နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ပါ ၂ အမှု**[၁] တွင် တရားရုံးချုပ်က ပြင်ဆင်မှုရုံးအား အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်အရ ထည့်သွင်းစဉ်းစား၍ အယူခံမှု/ပြင်ဆင်မှုဝင်ရောက်ခြင်းမရှိသူကို အမှုမှလွှတ်ခဲ့သည့်သာဓကရှိကြောင်း၊ သက်သေထင်ရှားပေါ်လွင်ခြင်းမရှိဘဲ ထင်ကြေးဖြင့် အပြစ်ပေးလျှင် အန္တရာယ်ရှိသောထုံးသာဓကများဖြစ်မည်ဟု **မောင်တင်လှ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၂] တွင် ဆုံးဖြတ်ကြောင်း၊ ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုပြီး သင့်မြတ်သည့်အမိန့်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွင် တရားလိုရဲအုပ်ကျော်ကျော်အောင် (လိုပြ-၁၈) ဦးဆောင်၍ ဒုရဲအုပ်အောင်မြင့်သိန်း(လိုပြ-၂)၊ ရဲတပ်ကြပ်ကြီးအောင်ကျော်ဦး

---

**(၁) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၆၇(၇၁)**

**(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၄၉**

(လိုပြ-၃)၊ ဒုတပ်ကြပ် ကျော်ဇောမင်း (လိုပြ-၁၀)တို့သည် သတင်းအရရှာဖွေသက်သေ ဦးတင်ဦး(လိုပြ-၄)၊ ဦးခင်လှ (လိုပြ-၅)၊ ဦးဝင်းမြင့်(လိုပြ-၉)တို့နှင့်အတူ ၂-၃-၂၀၀၇ နေ့ (၂၀း၄၅)နာရီအချိန်ခန့်တွင် အင်းစိန်ကမ်းနားလမ်းအနောက်ဘက်၊ လှိုင်မြစ်ကမ်းဘေးသို့ သွားရောက်ရှာဖွေဖမ်းဆီးကြရာ ငါးရံ့အမည်ရှိ တွန်းသဘော်နှင့် စီဘီတွဲ (၂)တွဲပေါ်မှ တရားမဝင်ကျွန်းသစ်စကွဲယားတုံးများ၊ ကျွန်းတံခါးဆိုဒ်စုံများကို ဒိုင်နာယာဉ်အမှတ် ဘ/၈၂၉၊ တိုက်တန်းယာဉ်အမှတ် ၆က/၁၈၇၅ နှင့် ကင်တာယာဉ်အမှတ် ၂ခ/၂၆၆၀ တို့အပေါ် တင်ဆောင်နေသည်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြသည်။ ယာဉ်အမှတ် ဘ/၈၂၉ ပေါ်တွင် ကျွန်းတံခါးဆိုဒ်စုံ (၅၁)ချပ်၊ ၆က/၁၈၇၅ ပေါ်တွင် ကျွန်းတံခါးဆိုဒ်စုံ (၁၂၈)ချပ်၊ ၂ခ/၂၆၆၀ ပေါ်မှ ကျွန်းတံခါးဆိုဒ်စုံ (၁၃)ချပ်တွေ့ရှိပြီး သိမ်းဆည်းခဲ့ကြောင်း၊ ပစ္စည်းသယ်ဆောင်ရာအနီးတွင် မြင့်အေး၊ တင်အောင်မိုး၊ တင်စိုး၊ တင်ဝင်း၊ ကိုကိုစည်သူ၊ တင်အောင်ဝင်း၊ တင်ဦးတို့ကိုလည်းကောင်း၊ ပစ္စည်းသယ်သော တွန်းသဘော်နှင့်စီဘီတွဲပေါ်တွင် ရေယာဉ်အုပ် အောင်ကျော်လှ၊ စက်မောင်း မင်းမင်းလတ်နှင့် တက်မကိုင် မျိုးညွန့်တို့ကိုလည်းကောင်း တွေ့ရှိပြီး အဆိုပါစီဘီတွဲနှင့် တွန်းသဘော်ပေါ်မှ ကျွန်းတံခါးဆိုဒ်စုံ (၃၄၄)ချပ်၊ ကျွန်းစကွဲယားတုံး (၁၉)တုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ပေါ်ပေါက်သည်။ အဆိုပါ သက်သေခံကျွန်းခွဲသားများ၊ ကျွန်းစကွဲယားတုံးများ၊ ကျွန်းတံခါးတုံးများသည် တရားမဝင်သယ်ဆောင်လာသည့် ပစ္စည်းများဖြစ်ကြောင်း တောအုပ်ကြီး ဦးမောင်မောင်တင် (လိုပြ-၁၂)၏ ထွက်ချက်နှင့် သက်သေခံ (ခ-၁)တို့အရပေါ်ပေါက်သည်။

တရားခံတင်အောင်ဝင်းက ကြံခင်းမြို့နယ်၊ အလုံတောင်ကျေးရွာမှဖြစ်ပြီး ၎င်းနှင့်အတူ ပူးတွဲစွဲဆိုခံရသူများဖြစ်ကြသော တင်ဝင်း၊ တင်စိုး၊

မြင့်အေး၊ ကိုကိုစည်သူတို့နှင့်အတူ အင်းစိန်မြို့ အောင်ဆန်းရပ်ကွက်၊ ကံဦး ပရိယတ္တိစာသင်တိုက် နှစ်ထပ်စာသင်တိုက်ကျောင်းဆောက်လုပ်ရာတွင် လုပ်အားပေးရန်အတွက် မိဘများနှင့်ဆရာရင်း ဒကာရင်းဖြစ်သော ဆရာတော် ဦးပညာဇောတက စာရေးခေါ်၍ ၂၀-၂-၂၀၀၇ နေ့တွင် ကိုမြင့်အေး၊ ကိုတင်စိုး၊ ကိုတင်ဝင်းတို့နှင့်အတူ အဆိုပါ ကျောင်းတိုက်သို့ ရောက်ရှိခဲ့ကြကြောင်း၊ ပန်းရံလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြောင်း၊ (၄/၅) ရက်ခန့်အကြာတွင် ကိုကိုစည်သူလည်းရောက်လာကြောင်း၊ လုပ်အား ပေးနေစဉ် ဆရာတော် ဦးပညာဇောတ(ခံပြ-၃၆)က အုတ်၊ သဲ၊ ကျောက် များဝယ်ရန်ဈေးနှုန်း စုံစမ်းခိုင်းလိုက်သည့်အတွက် မိမိတို့သည် အချင်းဖြစ် နေရာသို့ ပူးတွဲတရားခံ ကိုတင်ဦး၏ ကူညီလမ်းပြပေးမှုအရ ရောက်ရှိပြီး အုတ်၊ သဲ၊ ကျောက်ဒိုင်များတွင် ဈေးနှုန်းစုံစမ်းပြီးနောက် အောင်ဇေယျ တံတား ညာဘက်လမ်းရှိ လက်ဘက်ရည်ဆိုင်တွင် လက်ဘက်ရည်သောက် နေကြောင်း၊ ထိုစဉ်က ဆိပ်ကမ်းတွင်ရှိသော သင်္ဘောပေါ်မှသစ်များချနေ သည်ကိုတော့မြင်ရကြောင်း၊ ကိုတင်ဝင်းမှ အပေ့ါသွားရန် ကမ်းဘက်သွား စဉ် အဖမ်းခံရပြီး ရဲများက မိမိတို့အားလည်း လာရောက်ဖမ်းဆီးခြင်းဖြစ် ကြောင်း ထုချေသည်ကိုတွေ့ရသည်။ ပူးတွဲတရားခံများဖြစ်သော မူလရုံး တရားခံမြင့်အေး (ခံပြ-၁)၊ တရားခံ ကိုတင်စိုး (ခံပြ-၃)၊ တရားခံ ကိုတင်ဝင်း (ခံပြ-၄)၊ တရားခံကိုကိုစည်သူ (ခံပြ-၅)၊ တရားခံ ကိုတင်ဦး (ခံပြ-၇) တို့က လည်း အလားတူ ထုချေထားသည်။

တရားခံတင်အောင်ဝင်းနှင့် မြင့်အေး၊ တင်ဝင်း၊ တင်စိုး၊ ကိုကိုစည်သူ တို့၏ ထုချေတင်ပြချက်နှင့်စပ်လျဉ်း၍ ၎င်းတို့နေထိုင်ခဲ့သည့် ကျေးရွာအသီး သီးမှ ရယကများကပေးသည့် ထောက်ခံချက်များကို သက်သေခံ ၇၊ ၈၊ ၉၊

၁၀၊ ၁၁ အဖြစ် တင်ပြထားပြီး အဆိုပါထောက်ခံစာများအား ထုတ်ပေးခဲ့ကြောင်း ဦးသောင်းလှိုင်(ခံပြ-၁၆)နှင့် ဦးပိုင်(ခံပြ-၁၇)တို့က ထောက်ခံထားသည်။ ကံဦးပရိယတ္တိကျောင်းမှ ဦးပညာဇောတ(ခံပြ-၃၆)ကလည်း ၎င်း၏ကျောင်းတွင် လာရောက်လုပ်အားပေးကြသည်မှာ မှန်ကြောင်း ထောက်ခံထွက်ဆိုခဲ့ကြောင်း တွေ့ရသည်။ အုတ်၊ သဲ၊ ကျောက် ရောင်းဝယ်ရေးဒိုင်ဖြစ်သူ ဦးမြင့်သိန်း(ခံပြ-၃၀)ကလည်း လျှောက်ထားသူများသည် ၎င်း၏ဒိုင်သို့အချင်းဖြစ်ညက အုတ်၊ သဲ၊ ကျောက်စျေးများလာရောက်စုံစမ်းခဲ့ကြောင်း ထောက်ခံထွက်ဆိုခဲ့သည်။

အမှုတွင် အချင်းဖြစ်နေရာ၌ရှိကြသော တရားလိုပြသက်သေများ၏ထွက်ချက်အရ ကျွန်းသစ်များကို မြစ်အတွင်းရှိ စီဘီတွဲများပေါ်မှ ကမ်းပေါ်ရှိ မော်တော်ယာဉ်များပေါ်သို့ သယ်ရာတွင် ကြီးကြပ်ဆောင်ရွက်သူထဲတွင် တရားခံတင်အောင်ဝင်းပါဝင်ဆောင်ရွက်ကြောင်း ထင်ရှားသည့်သက်သေခံအထောက်အထား အခိုင်အမာမရှိကြောင်း တွေ့ရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၂၁/၂၀၀၇ တွင် တရားခံ(၁၁)ဦးအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ်စီ ကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ရန်ကုန်တိုင်းတရားရုံးက အတည်ပြုခဲ့သည်။

မြင့်အေးနှင့် ကိုကိုစည်သူတို့က တရားရုံးချုပ်(ရန်ကုန်)သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၅(ခ)/၂၀၀၉၊ တင်ဝင်းနှင့် တင်စိုးတို့က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈၆(ခ)/၂၀၀၉ တို့ကိုတင်သွင်းကြရာ တရားရုံးချုပ်

(ရန်ကုန်)က ထိုပြင်ဆင်မှုနှစ်မှုကို ခွင့်ပြုပြီး မြင့်အေး၊ ကိုကိုစည်သူ၊ တင်စိုး နှင့် တင်ဝင်းတို့အား အမှုမှအပြီးအပြတ်လွှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

တရားခံတင်အောင်ဝင်းက တရားရုံးချုပ်(ရန်ကုန်)သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၄၆(ခ)/၂၀၀၉ ကိုတင်သွင်းရာ ၎င်းတင်သွင်းသည့် ပြင်ဆင်မှုသည် ကာလစည်းကမ်းသတ် (၉၄)ရက်ကျော်လွန်နေကြောင်းနှင့် မြင့်အေး၊ ကိုကိုစည်သူ၊ တင်ဝင်း၊ တင်စိုးတို့နှင့်အတူ ပူးတွဲ၍ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းခြင်းမရှိသည့်အတွက် တရားခံတင်အောင်ဝင်းသည် အမှန်တကယ်ဆရာတော်ကျောင်း၌ လုပ်အားပေးရာတွင် ပါဝင်ခဲ့သည်ဆိုသည်မှာ သံသယဖြစ်ဖွယ်ရှိသည်ဟု သုံးသပ်ပြီး ပြင်ဆင်မှုကိုပလပ်ခြင်းသည် မှန်ကန်မှု ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၄၆(ခ)/၂၀၀၉ တွင် တရားရုံးချုပ် (ရန်ကုန်)က တရားလိုဘက်အနေဖြင့် ကျွန်းသစ်များကို မြစ်အတွင်းရှိ စီဘီ တွဲများပေါ်မှ ကမ်းပေါ်ရှိမော်တော်ယာဉ်များပေါ်သို့ သယ်ချရာတွင် တရားခံ တင်အောင်ဝင်း ကြီးကြပ်ဆောင်ရွက်ပါဝင်သည်ဆိုသည့် သက်သေ အထောက်အထားအခိုင်အမာ တင်ပြနိုင်ခြင်းမရှိကြောင်း၊ ၎င်းသည် အင်းစိန်၊ ကန်ဦးပရိယတ္တိစာသင်တိုက်ကျောင်းဆောက်လုပ်ရေးတွင် လာရောက်လုပ် အားပေးသူဖြစ်ကြောင်းနှင့် ဆရာတော်မှ အုတ်၊ သဲ၊ ကျောက်စျေးများ စုံစမ်း ခိုင်း၍ အချင်းဖြစ်နေရာအနီးသို့ရောက်ရှိနေကြောင်း ထုချေခဲ့သည်ကို ဆရာတော် ဦးပညာဇောတ(ခံပြ-၃၆)နှင့် အုတ်၊ သဲ၊ ကျောက်ရောင်းဝယ် ရေးပိုင်ရှင် ဦးမြင့်သိန်း (ခံပြ-၃၀)တို့က ထောက်ခံထားကြောင်း စသည့် အချက်များကို ညွှန်ပြပြီးနောက် ပြင်ဆင်မှုလျှောက်ထားသူ တင်အောင်ဝင်း

သည် မြင့်အေး၊ ကိုကိုစည်သူ၊ တင်ဝင်း၊ တင်စိုးတို့နှင့်အတူ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းခြင်းမရှိသည့်အတွက် အမှန်တကယ် ဆရာတော်ကျောင်းဆောက်လုပ်ရာတွင် လုပ်အားပေးပါဝင်ခဲ့သည်ဟုဆိုခြင်းမှာ သံသယဖြစ်ဖွယ်တွေ့ရသည်ဟု ထပ်မံသုံးသပ်ခြင်းမှာ ရှေ့နောက်ညီညွတ်မှုမရှိကြောင်း တွေ့ရသည်။ အမှုတစ်မှုတွင် ပူးတွဲတရားစွဲဆိုအပြစ်ပေးခံရသူများသည် အယူခံမှု၊ ပြင်ဆင်မှုများကို ပူးတွဲတင်သွင်းရမည်ဟူသောသတ်မှတ်ချက် မရှိချေ။ အယူခံမှု၊ ပြင်ဆင်မှုတင်သွင်းကြခြင်းမှာ တရားခံတစ်ဦးစီ၏ သီးခြားအခြေအနေပေါ်မူတည်၍ တင်သွင်းကြခြင်းဖြစ်ပေသည်။ အယူခံမှု၊ ပြင်ဆင်မှုလက်ခံစစ်ဆေးရသည့်တရားရုံးအနေဖြင့် မူလရုံးအမှုတွဲတွင်ပေါ်ပေါက်သောသက်သေခံအထောက်အထားနှင့် ဥပဒေပြဋ္ဌာန်းချက်များအပေါ် သုံးသပ်၍ဆုံးဖြတ်ရန်သာဖြစ်ပေသည်။

တရားခံ တင်အောင်ဝင်းအပေါ် ကာလစည်းကမ်းသတ်ကျော်လွန်၍ ပြင်ဆင်မှုတင်သွင်းသည့်အချက်နှင့်စပ်လျဉ်း၍ သုံးသပ်ပါက ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ တွင် ကာလစည်းကမ်းသတ်ကျော်လွန်တင်သွင်းလာသော အယူခံမှုများကို ခိုင်လုံသောအကြောင်းပြချက်ရှိပါက စည်းကမ်းသတ်ကာလကို တိုးချဲ့နိုင်ကြောင်းနှင့်စပ်လျဉ်း၍-

> " ပြဋ္ဌာန်းထားသည့်စည်းကမ်းသတ်ကာလကုန်ဆုံးပြီးမှ အယူခံမှုကိုတင်သွင်းသည့်ကိစ္စတွင် သို့တည်းမဟုတ် စီရင်ချက်ကို ပြန်လည်စစ်ဆေးရန်သော်လည်းကောင်း၊ အယူခံဝင်ခွင့်ရရှိစေရန်သော်လည်းကောင်း ပြုသောလျှောက်ထားမှုကို တင်သွင်းသည့်ကိစ္စတွင် သို့တည်းမဟုတ် တည်ဆဲဖြစ်သောပြဋ္ဌာန်းသည့် ဥပဒေတစ်ခုခုဖြင့်

ဖြစ်စေ၊ အရဖြစ်စေ ဤပုဒ်မနှင့်သက်ဆိုင်စေနိုင်သည့် အခြား လျှောက်ထားမှုကို တင်သွင်းသည့်ကိစ္စတွင် အယူခံသူကဖြစ်စေ၊ လျှောက်ထားသူကဖြစ်စေ စည်းကမ်းသတ်ကာလအတွင်း အဘယ် ကြောင့်မတင်သွင်းခဲ့သည်ကို တရားရုံးကျေနပ်အောင် လုံလောက် သောအကြောင်းပြနိုင်လျှင် တရားရုံးသည် အဆိုပါအယူခံမှုကို သော်လည်းကောင်း၊ လျှောက်ထားမှုကိုသော်လည်းကောင်း လက်ခံ နိုင်သည်။ ”

ဟုပြဋ္ဌာန်းထားသည်။

“ **အေးနှင့်သားများလီမီတက်နှင့် ဘဏ္ဍာရေးနှင့်အခွန်တော် ဝန်ကြီးပါ ၃ အမှု**[၃] တွင် “ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ အရ **လုံလောက်သောအကြောင်း** ဆိုသည်ကား စီရင်ထုံးများတွင် သေချာ တိကျစွာပြဋ္ဌာန်းထားခြင်းမရှိပေ။ ၎င်းကိစ္စကို ဆုံးဖြတ်ရာ၌ အမှုအခင်းတွင် ပေါ်ပေါက်သောအကြောင်းပြချက်ပေါ်တွင်သာ ကြည့်ရှု၍ဆုံးဖြတ်ရသည်။” ဟုလည်းကောင်း၊ **ဦးအုန်းခင် နှင့် ဒေါ်စိန်ရင် အမှု**[၄] တွင် “**လုံလောက် သောအကြောင်း** ဟူသောစကားရပ်ကို ကာလစည်းကမ်းသတ်ဥပဒေတွင် အဓိပ္ပါယ်ဖွင့်ဆိုရှင်းလင်းထားခြင်းမရှိပေ။ အမှုတစ်မှုချင်း၏အကြောင်းခြင်း ရာနှင့် အခြေအနေများအပေါ်အခြေခံဆုံးဖြတ်ရပေမည်။” ဟုလည်းကောင်း လမ်းညွှန်ထားသည်။

တရားခံတင်အောင်ဝင်းမှာ အကျဉ်းထောင်မှတစ်ဆင့် အယူခံဝင်

---

**(၃) ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၂၅**

**(၄) ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး၊ စာ-၁၀၅**

ရောက်ရသူဖြစ်ပြီး ရဲဘက်စခန်းတွင် ရောက်ရှိနေသူဖြစ်သည့်အတွက် အယူခံမှုကို အကျဉ်းနည်းပလပ်ခံရသည်ကို အချိန်မီသိရှိနိုင်ခဲ့ခြင်းမရှိ၍ ပြင်ဆင်မှုတင်သွင်းရန် ကာလစည်းကမ်းသတ်ကျော်လွန်သွားရသည် ဆိုသည့် အကြောင်းပြချက်မှာ တရားခံ၏ လက်ရှိအနေအထားအရ ခိုင်လုံသောအကြောင်းပြချက်ဖြစ်သည်ဟု သုံးသပ်ရရှိသည်။ ထို့ကြောင့် ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ အရ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တင်သွင်းသည့် ၎င်း၏လျှောက်လွှာကို ခွင့်ပြုသည်။

သို့အတွက် ဤအထူးအယူခံမှုတွင် ထုတ်ထားသော ပြဿနာနှင့်စပ်လျဉ်း၍ " တရားမဝင်ကျွန်းသစ်များ သယ်ယူပို့ဆောင်ရာတွင် တင်အောင်ဝင်း ပါဝင်ပတ်သက်ကြောင်း အထောက်အထားမရှိသည့်အပြင် အင်းစိန် ကံဦးပရိယတ္တိစာသင်တိုက်၌ အတူလာရောက်လုပ်အားပေးနေခဲ့သူ ပူးတွဲတရားခံ (၅)ဦးအနက် အချင်းဖြစ်ပွားစဉ်ကလည်း အတူရှိနေခဲ့သူ (၄)ဦးကို တရားရုံးချုပ်က အပြီးအပြတ်လွှတ်ပြီးဖြစ်ပါလျက် တင်အောင်ဝင်းသည် အဆိုပါ တရားခံ(၄)ဦးနှင့်အတူပူးတွဲပြီး အယူခံမှု၊ ပြင်ဆင်မှုမတင်သွင်းခြင်း၊ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းကို အကြောင်းပြုပြီး တင်အောင်ဝင်း တင်သွင်းသည့်ပြင်ဆင်မှုကို တရားရုံးချုပ်က ပလပ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း" ဖြေဆိုသည်။

ဤအထူးအယူခံမှုကိုခွင့်ပြု၍ တရားခံတင်အောင်ဝင်းအပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ်ကျခံစေရန်ချမှတ်သည့် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၂၁/၂၀၀၇ ၏အမိန့်

နှင့် ယင်းအမိန့်ကို အတည်ပြုသည့် ရန်ကုန်တိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၀၅/၂၀၀၉၊ တရားရုံးချုပ်(ရန်ကုန်)၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၄၆(ခ)/၂၀၀၉ တို့၏ အမိန့်များကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလို တင်အောင်ဝင်းအား အမှုမှ အပြီးအပြတ်လွှတ်လိုက်သည်။

# ပြစ်မှုဆိုင်ရာအထူးအယူခံမှု
# ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
# ဦးသာဌေး နှင့် ဦးစိုးညွန့် တို့ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
ဇွန်လ ၂၇ ရက်

## ဦးထင်ဇမ္ဗူကျော်ပါ ၃
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂*

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုချေဖျက်ပေးရန်လျှောက်ထားမှု၊ တရားလိုဘက်မှ စွပ်စွဲချက်သည်မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်းပေါ်ပေါက်ခြင်းမရှိလျှင်သော်လည်းကောင်း၊ အမှုတွဲကိုကြည့်ရုံမျှဖြင့် အထင်အရှားအခိုင်အလုံ တရားမျှတမှုကင်းမဲ့နေကြောင်းတွေ့ရလျှင်သော်လည်းကောင်း၊ တရားလိုဘက်က သက်သေခံချက်များမှာ ပြစ်မှုတစ်ခုခုနှင့်စွဲချက်တင်နိုင်အောင် အထင်အရှားခိုင်လုံမှုမရှိလျှင်သော်လည်းကောင်း၊ အမှုတွဲကိုကြည့်ရုံမျှဖြင့် ဆက်လက်စစ်ဆေးနေလျှင် အချိန်ကုန်လူပမ်းဖြစ်ရန်

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၁၄

\+ ၂၀၁၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၃ တွင် ချမှတ်သော တရားရုံးချုပ် (မန္တလေး)၏ ၁၇-၈-၂၀၁၀ ရက်စွဲပါအမိန့်ကို အထူးအယူခံမှု။

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

**အကြောင်းရှိသောအမှုဖြစ်လျှင်သော်လည်းကောင်း အမှုကို ချေဖျက်ရန်ဖြစ်ခြင်း၊ အမှုတွဲချေဖျက်ပေးရန် လျှောက်ထားမှုအား ပယ်သည့်အမိန့်သည် အပြီးသတ်ဆုံးဖြတ်သည့် အမိန့်မဟုတ်၍ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေ ပုဒ်မ ၇ အရလည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၉ အရလည်းကောင်း အထူးအယူခံဝင်ခွင့်ရှိသည့်အမိန့်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ယခုအမှုတွင် တရားလိုဒေါ်ကြည်ကြည်နှင်းက တရားခံ ဦးထင်ဇမ္ဗူကျော်ပါ ၃ ဦးတို့သည် တရားလို၏ကားကို မတရားသဖြင့်ပိုင်ဆိုင်လို၍ စာချုပ်များအဆင့်ဆင့်လိမ်လည်အတုပြုလုပ်ထားကြသည်ဟု စွပ်စွဲထားပြီးသက်သေခံစာချုပ်များပေါ်ရှိလက်မှတ်များမှာလည်းဒေါ်ကြည်ကြည်နှင်း၊ ကိုအေးကျော်တို့ ရေးထိုးထားသည့် လက်မှတ်များမဟုတ်ဟု အင်းစိန်မှုခင်းတပ်ဖွဲ့မှ ပြန်ကြားစာရှိနေခြင်းတို့ကြောင့် တရားလိုက စွဲဆိုထားသောပြစ်မှုသည်အခြေအမြစ်မရှိဟု မဆိုနိုင်ပေ။ အခြေအမြစ်မရှိဘဲ စွဲဆိုခြင်းပြုမှသာလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုချေဖျက်ပေးလေ့ရှိသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမှုတွဲချေဖျက်ပေးပါရန် တရားရုံးချုပ်/ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားမှုအား တရားရုံးချုပ်/ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပယ်သည့်အမိန့်ချမှတ်ခြင်းသည် မူလရုံးအမှုကို အပြီးသတ်ဆုံးဖြတ်သည့်အမိန့်မဟုတ်သဖြင့် ယင်းအမိန့်အပေါ် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရလည်းကောင်း၊

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရလည်းကောင်း အထူးအယူခံလျှောက်ထားခြင်းအား ခွင့်ပြုရန်အကြောင်းမရှိပေ။

အယူခံတရားလိုများအတွက် - ဦးလှရွှေ၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားခံများအတွက် - ၁။ ဦးသောင်းစိန်၊ ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး
၂။ ဦးမြင့်သွင်၊ တရားလွှတ်တော်ရှေ့နေ (မလာ)၊
၎င်းရေးသားလျှောက်လဲချက်ကို တရားလွှတ်တော်ရှေ့နေဦးဇေယျာမောင်ကတင်သည်။

မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုအမှတ် ၁၁/၂၀၁၀ တွင် တရားလို ဒေါ်ကြည်ကြည်နှင်းက တရားခံဦးထင်ဇမ္ဗူကျော်ပါ ၃ ဦးတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေအရ ဦးတိုက်လျှောက်ထားစွဲဆိုသောအမှုကို မြို့နယ်တရားရုံးက တရားခံဦးထင်ဇမ္ဗူကျော်ပါ ၃ ဦးတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့် အရေးယူရန်ဆုံးဖြတ်သည်။ တရားလိုနှင့်လိုပြသက်သေများကို စတင်စစ်ဆေးနေစဉ် ဦးထင်ဇမ္ဗူကျော်ပါ ၃ ဦးတို့က တရားရုံးချုပ်(မန္တလေးရုံးထိုင်) သို့ မိတ္ထီလာမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၁၁/၂၀၁၀ အား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၃/၂၀၁၀ ဖြင့် လျှောက်ထားသည်။တရားရုံးချုပ်က အထွေထွေလျှောက်လွှာကိုပယ်ကြောင်း

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

အမိန့်ချမှတ်သည့်အတွက် ဦးထင်ဇမ္ဗူကျော်ပါ ၃ ဦးက အထူးအယူခံဝင်ခွင့်ပြုရန် တရားရုံးချုပ် (မန္တလေး)သို့ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ(အထူး) အမှတ် ၉၈/၂၀၁၀ ကိုတင်သွင်းရာ အောက်ပါပြဿနာအပေါ် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " တရားရုံးချုပ် (မန္တလေးရုံးထိုင်)က ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားလွှာအမှတ် ၄၃/၂၀၁၀ ကိုပယ်ကြောင်းချမှတ်ခဲ့သောအမိန့်သည် အမှုတွဲပါသက်သေခံချက်များအရ ဥပဒေနှင့်ညီညွတ်မှန်ကန်မှု ရှိ မရှိ "

အမှုမှာ တရားလို ဒေါ်ကြည်ကြည်နှင်းက ၎င်းပိုင်ဆိုင်သော ၁က/၃၄၈၇ ဆန်နီပစ်ကပ်ကားကို ကိုအေးကျော်မှ ၂၅-၃-၂၀၀၈ ရက်နေ့က ငှားရမ်းသွားခဲ့ပြီး (၂)တရားခံ ဦးကျော်ကျော်သိန်း ထံငွေကျပ်သိန်း(၇၀)ဖြင့် ပေါင်နှံခဲ့ကြောင်း၊ (၂)တရားခံ ဦးကျော်ကျော်သိန်းနှင့် သားဖြစ်သူ (၁)တရားခံ ဦးထင်ဇမ္ဗူကျော်တို့က ငွေကျပ်သိန်း(၁၂၀)ဖြင့် ကိုအေးကျော်မှ (၁)တရားခံ ဦးထင်ဇမ္ဗူကျော် သို့ရောင်းချသည်ဆိုသည့်စာချုပ် အတုနှင့် တရားလို ဒေါ်ကြည်ကြည်နှင်းက ဦးအေးကျော်သို့ ကားရောင်းချသည်ဆိုသည့် စာချုပ်အတုတို့ကို လိမ်လည်ချုပ်ဆိုခဲ့ကြောင်း၊ တရားလို ဒေါ်ကြည်ကြည်နှင်းနှင့် ဦးအေးကျော်တို့၏ လက်မှတ်အတု သက်သေအတုထည့်ကာ လိမ်လည်အတုပြုလုပ်ကြောင်းဖော်ပြပြီး တရားခံဦးထင်ဇမ္ဗူကျော်ပါ ၃ ဦးအပေါ် အရေးယူပေးရန် မိတ္ထီလာမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုသော အမှုဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက မူလရုံးအမှုတွဲပါ သက်သေခံ

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

အထောက်အထားများအရ ဒေါ်ကြည်ကြည်နှင်းသည် မိတ္ထီလာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၈၁/၂၀၀၈ တွင် တရားခံကိုအေးကျော်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆၊ ၄၆၈ တို့အရ တရားစွဲဆိုသည့်အမှုတွင် ဦးထင်ဇမ္ဗူကျော် နှင့် ဦးကျော်ကျော်သိန်းတို့သည် တရားလိုပြသက်သေအဖြစ်ပါဝင်ခဲ့ပြီး သက်သေခံ ၁က/၃၄၈၇ ကားနှင့်စာရွက်စာတမ်းအထောက်အထားများကို ဦးထင်ဇမ္ဗူကျော်က ရှာဖွေပုံစံဖြင့် ရဲထံပေးအပ်ခဲ့ကြောင်း၊ ထိုအမှုတွင် ကိုအေးကျော်မှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ထောင်ဒဏ် ၄ နှစ်၊ ပြစ်မှုပုဒ်မ ၄၆၈ အရ ၂ နှစ် ပြစ်ဒဏ်ကျခဲ့ကြောင်း၊ သက်သေခံ ၁က/၃၄၈၇ ကားနှင့်ပတ်သက်၍ မြို့နယ်တရားရုံးက ဒေါ်ကြည်ကြည်နှင်းသို့ ပြန်လည်ထုတ်ပေး၍ ဦးထင်ဇမ္ဗူကျော်က ပြင်ဆင်မှုလျှောက်ထားခဲ့ရာ မိတ္ထီလာခရိုင်တရားရုံး၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈/၂၀၀၉၊ မန္တလေးတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၉၈/၂၀၀၉၊ တရားရုံးချုပ်(မန္တလေးရုံးထိုင်)၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၁(ခ)/၂၀၁၀ တို့တွင် အချင်းဖြစ်ကားကို ဦးထင်ဇမ္ဗူကျော်သို့ ပြန်လည်ထုတ်ပေးခဲ့ကြောင်း၊ မိတ္ထီလာမြို့နယ်တရားရုံး ပြစ်မှုကြီးအမှတ် ၃၈၁/၂၀၀၈ အမှုတွင် အဓိကတရားခံ ဦးအေးကျော် ပြစ်ဒဏ်ကျသွားခဲ့ပြီးနောက်တွင်မှ ဒေါ်ကြည်ကြည်နှင်းက မိတ္ထီလာမြို့နယ်တရားရုံးတွင် ပြစ်မှုကြီးအမှတ် ၁၁/၂၀၁၀ ဖြင့် ဦးထင်ဇမ္ဗူကျော်တို့(၃)ဦးအပေါ် စာချုပ်များအတုပြုလုပ်ကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့် စွဲဆိုခဲ့ရုံမက တရားရုံးအဆင့်ဆင့်သို့လည်း ထိုအချက်ကို ထပ်ကာတလဲလဲ တင်ပြစွပ်စွဲနေခြင်းသည် တရားစီရင်ရေးယန္တရားကို တလွဲအသုံးပြုရာရောက်နေကြောင်း၊ ဒေါ်ကြည်ကြည်နှင်းမှ က. ည. န ရုံး၏စာချုပ်အား ရုံးရှေ့ထုတ်ပေးစေရန် ပြစ်မှုဆိုင်ရာကျင့်ထုံး

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ဥပဒေပုဒ်မ ၉၄(၁)နှင့် ၉၆(၁)အရ လျှောက်ထားခြင်းကို မြို့နယ်တရားရုံးက ခွင့်ပြုခဲ့သည့်အခြေအနေအား ထည့်သွင်းသုံးသပ်၍ တရားရုံးချုပ်က မူလရုံး တရားလိုစွဲဆိုထားသော အမှုကိုချေဖျက်ပေးရန် သင့်မည်မဟုတ်ဟု သုံးသပ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်ဟု တစ်ထစ်ချဆိုနိုင်မည်မဟုတ်ကြောင်း **ဦးအေး (ခ) ဦးမင်းဇော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ (၄) အမှု** [၁] ၏ လမ်းညွှန်ချက်အပေါ် အလေးထားဆောင်ရွက်ပေးပါရန် လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက မိတ္ထီလာမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၁/၂၀၁၀ တွင် တရားလို ဒေါ်ကြည်ကြည်နှင်းက ဦးဇေယျာမင်းထံမှ ဝယ်ယူခဲ့သော ဆန်နီပစ်ကပ်ကားကို ကိုအေးကျော်ထံသို့ ကတိစာချုပ်ဖြင့်ငှားခဲ့ရာ ရက်ပြည့်၍ ကားပြန်မပေးသည့်အတွက် စုံစမ်းသည့်အခါ ဦးကျော်ကျော်သိန်းထံ သိန်း (၇၀)ဖြင့် ပေါင်နှံထားသည်ဟုသိရပြီး ဦးကျော်ကျော်သိန်းနှင့် ဦးထင်ဇမ္ဗူကျော်တို့က အပေါင်ခံထားသောမော်တော်ယာဉ်အား ပိုင်ဆိုင်ရန်မမှန်မကန် စာချုပ်များပြုလုပ်သည်ဟု သိရကြောင်း၊ စာချုပ်ပေါ်ရှိ လက်မှတ်များမှာ ဒေါ်ကြည်ကြည်နှင်း၊ ကိုအေးကျော်တို့ရေးထိုးခြင်းမဟုတ်ကြောင်း၊ အဆိုပါ ကားအရောင်းအဝယ်စာချုပ်ကို ရုံးရှေ့တင်ပြစေရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄(၁) နှင့် ၉၆(၁) အရ ဒေါ်ကြည်ကြည်နှင်းက လျှောက်ထား၍ ၁-၆-၂၀၁၀ ရက်နေ့တွင် မြို့နယ်တရားရုံးက ခွင့်ပြုသည်ဟု အမိန့်ချမှတ်ထားကြောင်း၊ ယခုအမှုတွင် တရားလို၏ စွပ်စွဲချက်များအရ တရားခံများသည် တရားလို၏ကားကို မတရားသဖြင့်

---

**(၁) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၉**

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ပိုင်ဆိုင်လို၍ စာချုပ်များအဆင့်ဆင့် လိမ်လည်အတုပြုလုပ်ထားကြသည်ဟု စွပ်စွဲထားခြင်း၊ သက်သေခံစာချုပ်ပေါ်ရှိ လက်မှတ်များမှာလည်း ဒေါ်ကြည်ကြည်နှင်း၊ ကိုအေးကျော်တို့ ရေးထိုးထားခြင်းမဟုတ်ဟု အင်းစိန်မှုခင်းတပ်ဖွဲ့မှ ပြန်ကြားစာရှိနေခြင်းတို့ကြောင့် တရားလိုက စွဲဆိုသောပြစ်မှုသည် အခြေအမြစ်မရှိဟု မဆိုသာကြောင်း၊ အခြေအမြစ်မရှိဘဲ စွဲဆိုခြင်းပြုမှသာလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရချေဖျက်ပေးလေ့ရှိပါကြောင်း၊ မူလရုံးတွင် တရားလိုဘက်သက်သေများစစ်ဆေးပြီး သက်သေခံချက်များအရ တရားခံများအပေါ် ငြိစွန်းမှုမရှိပါက စွဲချက်မတင်မီလွှတ်ရန် လျှောက်ထားနိုင်သည့် အခွင့်အရေးလည်းရှိနေကြောင်း **ဦးညီလေး နှင့် နိုင်ငံတော်ပါ (၂)အမှု** [၂] ၊ **ဦးစံချိန်(ခ)ဦးစံရှိန် နှင့် နိုင်ငံတော်ပါ (၂)အမှု** [၃] များကို ကိုးကားလျှောက်လဲတင်ပြသည်။

အယူခံတရားလို (၂)၏ရှေ့နေက ဒေါ်ကြည်ကြည်နှင်း၏ ရုံးရှေ့ထွက်ဆိုချက်အရ ဦးအေးကျော်က ဦးကျော်ကျော်သိန်းတို့ထံ ငွေကျပ်သိန်း(၇၀)နှင့် ပေါင်နှံထားစဉ်အတွင်း ဦးကျော်ကျော်သိန်း နှင့် ဦးထင်ဇမ္ဗူကျော်တို့က အပေါင်ခံထားသော မော်တော်ယာဉ်အား မမှန်မကန်စာချုပ်များပြုလုပ်၍ ပိုင်ဆိုင်စေရန်ပြုလုပ်သည်ဟု ကြားသိရကြောင်း၊ ဒေါ်ကြည်ကြည်နှင်း နှင့် ဦးအေးကျော်တို့ ကားအရောင်းအဝယ်စာချုပ်ကို အတုပြုလုပ်ပြီး လက်မှတ်အတုထိုးကြကြောင်း၊ မူလအမည်ပေါက်ပိုင်ရှင် ဦးဇေယျာမင်းမှ ဦးထင်ဇမ္ဗူကျော်သို့ ငွေကျပ်သိန်း(၈၀)ဖြင့် ရောင်းပါသည်ဟု ဦးဇေယျာမင်း၏ လက်မှတ်အတုထိုးကာ စာချုပ်ချုပ်ဆိုအမည်ပြောင်းခဲ့ကြောင်း ထွက်ဆိုပြီး

---

**(၂) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(လွှတ်တော်ချုပ်)၊ စာ-၆၀**

**(၃) ၁၉၉၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၀**

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

အဆိုပါကားအရောင်းအဝယ်စာချုပ်ကို ရုံးရှေ့ထုတ်ပေးစေရန်ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၉၄(၁) နှင့် ပုဒ်မ ၉၆(၁)တို့အရ လျှောက်ထားရာ တရားရုံးက ၁-၆-၂၀၁၀ နေ့တွင် ခွင့်ပြုသည့်အမိန့်ချမှတ်ထားကြောင်း၊ ဤအခြေအနေတွင် တရားရုံးချုပ်က မူလရုံးတရားလိုစွဲဆိုသောအမှုကို ချေဖျက်ပေးရန် သင့်မည်မဟုတ်ကြောင်း၊ တစ်ဘက်တွင်လည်း မူလတရားခံများအနေဖြင့် တရားလိုဘက် သက်သေခံချက်များအရ ငြိစွန်းမှုမရှိဟုထင်မြင်က စွဲချက်မတင်မီလွှတ်ရန် လျှောက်ထားနိုင်သည့်အခွင့်အရေးလည်းရှိကြောင်း၊ ထို့ကြောင့် ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအား ပယ်သည်ဟု အမိန့် ချမှတ်ထားခြင်းသည် တရားမျှတပြီး ဥပဒေအရ မှန်ကန်မှုရှိပါသဖြင့် ဤအထူးအယူခံမှုအား ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က တွင်-

ဤဥပဒေအရ ချမှတ်သောအမိန့်တစ်ရပ်ကို အတည်ပြုရန်အတွက် လိုအပ်သည့်အမိန့်များကို ချမှတ်ရန်ဖြစ်စေ၊ တရားရုံး၏ ဥပဒေလုပ်ထုံးလုပ်နည်းကို အလွဲပြုခြင်းမှတားဆီးကာကွယ်ရန်ဖြစ်စေ၊ အခြားနည်းဖြင့် တရားဖြောင့်မှန်ရာရောက်အောင်ပြုလုပ်ရန်ဖြစ်စေ တရားလွှတ်တော်၌ရှိရင်းစွဲဖြစ်သော မူလဘူတအာဏာကို ဤဥပဒေတွင်ပါသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ကန့်သတ်သည် သို့မဟုတ် ထိခိုက်သည်ဟု မမှတ်ယူစေရဟု ပြဋ္ဌာန်းထားသည်။

**ဦးစံမြင့်(ခ) ဦးစံညွန့် (ခ) ရှင်အဂ္ဂဝံသ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အမှု**[၄] တွင် တရားလိုဘက်မှ

(၄) ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၃

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

စွပ်စွဲချက်သည်မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်းပေါ်ပေါက်ခြင်းမရှိလျှင် အမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၅၆၁-က အရချေဖျက်ပေးနိုင်သည်ဟု ထုံးဖွဲ့ထားသည်။

**ဦးစောသာဦး နှင့် နိုင်ငံတော်အမှု** [5] တွင် အမှုတွဲကိုကြည့်ရှုမှုဖြင့် အထင်အရှားအခိုင်အလုံ တရားမျှတမှုကင်းမဲ့နေသောအမှုများ သို့မဟုတ် တရားလိုဘက်က သက်သေခံချက်များမှာ ပြစ်မှုတစ်ခုခုနှင့်စွဲချက်တင်နိုင်အောင် အထင်အရှားမခိုင်လုံမှုများ သို့မဟုတ် အမှုတွဲကိုကြည့်ရှုမှုဖြင့် ဆက်လက်စစ်ဆေးနေလျှင် အချိန်ကုန်ငွေကုန်လူပမ်းဖြစ်ရန် အကြောင်းရှိသောအမှုဖြစ်မှသာ အမှုကိုချေဖျက်ပေးရန်ဖြစ်သည်ဟု ထုံးဖွဲ့ထားသည်။

ယခုအမှုတွင် တရားလို ဒေါ်ကြည်ကြည်နွဲ့က တရားခံ ဦးထင်ဇမ္ဗူကျော် ပါ (၃)ဦးတို့သည် တရားလို၏ကားကို မတရားသဖြင့် ပိုင်ဆိုင်လို၍ စာချုပ်များအဆင့်ဆင့်လိမ်လည်အတုပြုလုပ်ထားကြသည်ဟု စွပ်စွဲထားပြီး သက်သေခံစာချုပ်များပေါ်ရှိ လက်မှတ်များမှာလည်း ဒေါ်ကြည်ကြည်နွဲ့၊ ကိုအေးကျော်တို့ ရေးထိုးထားသည့်လက်မှတ်များမဟုတ်ဟု အင်းစိန်မှုခင်းတပ်ဖွဲ့မှ ပြန်ကြားစာရှိနေခြင်းတို့ကြောင့် တရားလိုကစွဲဆိုထားသောပြစ်မှုသည် အခြေအမြစ်မရှိဟု မဆိုနိုင်ပေ။ အခြေအမြစ်မရှိဘဲ စွဲဆိုခြင်းပြုမှသာလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုချေဖျက်ပေးလေ့ရှိသည်။

**ကိုသန်းဆွေပါ ၄နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ အမှု** [6] တွင် “ အမှုတွဲချေဖျက်ပေးပါရန် တရားရုံးချုပ်သို့လျှောက်ထားခြင်း

---

(၅) **၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၇၉**

(၆) **၂၀၁၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၇**

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

အား တရားရုံးချုပ်က ပယ်သည့်အမိန့်ချမှတ်ခြင်းသည် မူလရုံးအမှု၏ အမှားအမှန်ကို အပြီးသတ်ဆုံးဖြတ်သည့်အမိန့်မဟုတ်သဖြင့် ယင်းအမိန့်အပေါ် ၂၀၀၀ ပြည့်နှစ်၊ တရာစီရင်ရေးဥပဒေပုဒ်မ ၇ အရ အထူးအယူခံလျှောက်ထားခြင်းအား ခွင့်ပြုရန်အကြောင်းမရှိ ” ဟု စီရင်ထုံးဖွဲ့သည်။

၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇ တွင်လည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၉ တွင်လည်းကောင်း တရားရုံးချုပ်/ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အပြီးသတ်စီရင်ထားသောအမှုကိုဖြစ်စေ၊ တရားရုံးတစ်ရုံးရုံး၏ အပြီးသတ်ဆုံးဖြတ်ချက်အပေါ် တရားရုံးချုပ်/ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အပြီးသတ်စီရင်ထားသောအမှုကိုဖြစ်စေ အထူးခုံရုံးက လုပ်ထုံးလုပ်နည်းနှင့်အညီ အထူးအယူခံမှုဝင်ခွင့်ပြုပြီးပါက အထူးအယူခံခုံရုံးတွင် ပြန်လည်စစ်ဆေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

အမှုတွဲချေဖျက်ပေးပါရန် တရားရုံးချုပ်/ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားမှုအား တရားရုံးချုပ်/ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပယ်သည့်အမိန့်ချမှတ်ခြင်းသည် မူလရုံးအမှုကို အပြီးသတ်ဆုံးဖြတ်သည့်အမိန့်မဟုတ်သဖြင့် ယင်းအမိန့်အပေါ် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၇ အရလည်းကောင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရလည်းကောင်း အထူးအယူခံလျှောက်ထားခြင်းအား ခွင့်ပြုရန်အကြောင်းမရှိပေ။

သို့ဖြစ်၍ တရားရုံးချုပ်(မန္တလေးရုံးထိုင်)က ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၄၃/၂၀၁၀ တွင် အမှုတွဲချေဖျက်ပေးရန် လျှောက်ထား

၂၀၁၁
ဦးထင်ဇမ္ဗူကျော်
ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ချက်ကို ပယ်ကြောင်းချမှတ်ခဲ့သောအမိန့်သည် အမှုတွဲပါသက်သေခံချက်များအရ ဥပဒေနှင့်ညီညွတ်မှန်ကန်မှုရှိကြောင်းဖြေဆို၍ ဤအထူးအယူခံမှုအား ပလပ်သည်။

# ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှု
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
# ဦးစိုးညွန့် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၂၀ ရက်

## ဦးမြင့်သန်းပါ ၅
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂*

**စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်လျှောက်ထားခြင်း၊ စာချွန်တော်အမိန့်လျှောက်ထားလွှာများကို ကြားနာရာတွင် အယူခံစီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ သုံးသပ်ဝေဖန်မည်မဟုတ်ခြင်း၊ လက်အောက်ခံတရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စကိုစီရင်ဆုံးဖြတ်ခြင်းအား စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်မည်မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်တောင်းခံသည့် လျှောက်ထားလွှာများကို ကြားနာရာတွင် အမိန့်ချမှတ်သည့် တရားရုံးက လျှောက်ထားသူတို့အား ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုထင်ရှားစီရင်ထားသည့်အမိန့်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံစီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို သုံးစွဲ၍ သုံးသပ်ဝေဖန်ခြင်းမပြုပေ။ ထိုရုံးများက ချမှတ်သောအမိန့်သည်

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှုအမှတ် ၁

၂၀၁၁
ဦးမြင့်သန်း ပါ ၅
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

မှားယွင်းချွတ်ချော်နေပါက လျှောက်ထားသူတို့သည် ဥပဒေကခွင့်ပြုသည့် အတိုင်း အထက်တရားရုံးများသို့ အယူခံဝင်ရန် သို့မဟုတ် ပြင်ဆင်မှုလျှောက် ထားရန်ဖြစ်ပေသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန် တော်အမိန့်ထုတ်ပေးရန် လျှောက်ထားတောင်းခံရာတွင် လက်အောက်ခံ တရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စကို စီရင်ဆုံးဖြတ်ခြင်းအား စာချွန်တော် အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။

လျှောက်ထားသူများအတွက် - ဦးအောင်နိုင်
တရားလွှတ်တော်ရှေ့နေ

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ ၂၀၀၉ ခုနှစ် ပြစ်မှုကြီးအမှုအမှတ် ၁၀၃ တွင် အမှတ်(၂)လျှောက်ထားခံရသူ ဦးမြင့်တိုးက လျှောက်ထားသူများ ဖြစ်ကြသော ဦးမြင့်သန်းပါ ၅ ဦးတို့အပေါ် ဥပဒေအရအရေးယူပေးရန် ဦးတိုက်လျှောက်ထားစွဲဆိုရာ တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/ ၅၀၆ အရအရေးယူခဲ့သည်။ ထို့နောက် တရားရုံးက ဦးမြင့်သန်းပါ ၅ ဦး တို့အား ပြစ်မှုဆိုင်ဥပဒေပုဒ်မ ၄၄၇ အရ ငွေဒဏ် ကျပ် ၅၀၀ စီပေးဆောင် စေရန်နှင့် မဆောင်က ထောင်ဒဏ် ၁၅ ရက်စီကျခံစေရန် အမိန့်ချမှတ်သော် လည်း တရားလို၏ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁) အရလျှောက် ထားချက်ကို ခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် အမှတ် (၂)လျှောက်ထားခံရသူမှ ၂၀၁၁ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၇ ဖြင့်လည်းကောင်း၊ လျှောက်ထားသူများက ၂၀၁၁ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်

၂၀၁၁
ဦးမြင့်သန်း ပါ ၅
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

မှုအမှတ် ၁၀၀ ဖြင့်လည်းကောင်း မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုများ အသီးသီးတက်ရောက်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်မှ ပြင်ဆင်မှုအမှတ် ၄၇/၂၀၁၁ တွင် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးမှ လျှောက်ထားသူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရဒဏ်ငွေ ကျပ် ၅၀၀ စီပေးဆောင်စေရန် ချမှတ်သည့်အမိန့်ကို အတည်ပြုပြီးတရားလိုက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၁)အရ လျှောက်ထားချက်ကို ခွင့်မပြုသည့်အမိန့်ကို ပယ်ဖျက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၃) အရ မူလရုံးတရားလို လက်လွတ်ဆုံးရှုံးရသည့် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈/၂၇) မြေကွက်ကိုမူလရုံးတရားခံများမှ တရားလိုသို့လက်ရောက်ပေးအပ်စေရန် ပြင်ဆင်အမိန့်ချမှတ်သည်။ ပြင်ဆင်မှုအမှတ် ၁၀၀/၂၀၁၁ ကိုမူပလပ်ခဲ့သည်။ သို့ဖြစ်၍လျှောက်ထားသူများက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ချမှတ်သည့် စီရင်ချက်ကိုပယ်ဖျက်ပြီး ဦးမြင့်တိုးကသော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကသော်လည်းကောင်း အချင်းဖြစ်ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၈/၂၇) မြေကွက်နှင့်ပတ်သက်သရွေ့ဦးမြင့်သန်းမိသားစုအပေါ် မည်သည့်တရားရုံးကမျှ ပြစ်မှုကြောင်းအရတရားစွဲဆိုခြင်းမပြုလုပ်စေရန်အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့အမှုခေါ်စာချွန်တော်အမိန့်နှင့် ထာဝစဉ်တားမြစ်သည့် စာချွန်တော်အမိန့်ထုတ်ပေးရန်လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ရှေ့နေက ၅-၆-၂၀၀၀ ရက်နေ့တွင် ဦးအောင်စိုးသည် ဦးမြင့်သန်းတို့မိသားစုမရှိခိုက် နေအိမ်သော့ဖျက်ဆီးဝင်ရောက်ပြီး ပရိဘောဂများကို ရောင်းစားပစ်ကာ အချင်းဖြစ်နေအိမ်အတွင်း

၂၀၁၁
ဦးမြင့်သန်း ပါ ၅
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ကျူးကျော်ဝင်ရောက်နေထိုင်ခဲ့ကြောင်း၊ ၁၀-၇-၂၀၀၀ ရက်နေ့တွင် ဦးမြင့်သန်းမိသားစုမှ အချင်းဖြစ်အိမ်သို့ ပြန်လည်နေထိုင်ခဲ့သောကြောင့် ဦးမြင့်သန်း၏သမီး ၃ ဦးအပေါ် ဦးအောင်စိုးက ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတွင် ပြစ်မှုကြီးအမှတ် ၁၀၉၃/၂၀၀၀ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၄၂၇/၅၀၆ ဖြင့် တရားစွဲဆိုခဲ့သော်လည်း တရားခံများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၁)အရ တရားရှင်လွှတ်ခဲ့ပြီးဖြစ်ကြောင်း၊ တရားခံများအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၄၂၇/၅၀၆ အရ စွဲဆိုထားသောအမှုဖြစ်၍ သမ္မာန်မှုဖြစ်ကြောင်း၊ သမ္မာန်မှုကို ဝရမ်းမှုအဖြစ် စစ်ဆေးခဲ့ပြီး တရားခံများကို တရားရှင်လွှတ်သည့်အမိန့်သည် ဥပဒေသဘောအရ တရားသေလွှတ်သည့်အမိန့်ပင်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပြစ်မှုကြီးအမှုအမှတ် ၇၆/၂၀၀၈ (ဒုတိယအမှု)ကို ထပ်မံစွဲဆိုခွင့်မရှိတော့ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ အရ ပိတ်ပင်ကြောင်း၊ ထိုဥပဒေသဘောကို **အဗ္ဗဒူရာဟင်ပါ ၂ နှင့် ကေမဒါးဆဟစ်ပါ ၂** အမှု (၁၉၅၈ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး(လွှတ်တော်) စာ-၆၁၃) တွင် လမ်းညွှန်ဆုံးဖြတ်ထားကြောင်း၊ ယခုပြစ်မှုကြီးအမှုအမှတ် ၁၀၃/၂၀၀၉ မှာလည်း ယခင်ပြစ်မှုကြီးအမှတ် ၁၀၉၃/၂၀၀၀ ၏ဖြစ်ရပ်များအပေါ် အခြေခံ၍ ထပ်မံတရားစွဲဆိုထားခြင်းဖြစ်သဖြင့် ဥပဒေအရ ပိတ်ပင်ထားသော စွဲဆိုခွင့်မရှိသောအမှုဖြစ်ကြောင်း၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၏ ပြစ်မှုကြီးအမှုအမှတ် ၁၀၃/၂၀၀၉ အမှု၌ ၂၅-၈-၂၀၁၁ နေ့တွင် မြေအပ်ဝရမ်းအတည်ပြုရန် အမိန့်ချမှတ်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်မှားယွင်းနေကြောင်း၊ သို့ဖြစ်ပါ၍ ငွေရှင် ဦးမြင့်တိုးကသော်လည်းကောင်း၊ မြေပွဲစား ဦးအောင်စိုးကသော်လည်းကောင်း၊ တရုတ်ငွေရှင် ဦးစိုးစိုးကသော်လည်းကောင်း၊ အခြားတစ်စုံတစ်ယောက်ကသော်

လည်းကောင်း ဦးမြင့်သန်းမိသားစုအပေါ် အချင်းဖြစ်မြေကွက်နှင့်ပတ်သက်၍ မည်သည့်တရားရုံးတွင်မျှ ပြစ်မှုကြောင်းဖြင့် တရားစွဲဆိုခြင်း၊ ဖယ်ရှားနှင့်ထုတ်ခြင်းတို့ မပြုလုပ်စေရန်အတွက် ထာဝစဉ်တားမြစ်သည့် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးပါရန် လျှောက်လဲတင်ပြသည်။

၂၀၁၁
ဦးမြင့်သန်း ပါ ၅
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

လျှောက်ထားသူတို့က မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၁ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၇ တွင် ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၏ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရ ဒဏ်ငွေကျပ် ၅၀၀ ပေးဆောင်စေရန်ချမှတ်သည့်အမိန့်ကို အတည်ပြုခြင်းနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂(၃) အရ အချင်းဖြစ်မြေကို မူလရုံးတရားလိုသို့ လက်ရောက်ပေးစေရန် ချမှတ်သည့်အမိန့်များအား ပယ်ဖျက်ပေးရန်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သရွေ့ မည်သည့်တရားရုံးကမျှ ပြစ်မှုကြောင်းအရ အရေးယူခြင်းမပြုစေရန်အတွက် တားမြစ်ပေးစေရန် စာချွန်တော်အမိန့်များ တောင်းခံခြင်းဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်တောင်းခံသည့်လျှောက်ထားလွှာများကို ကြားနာရာတွင် အမိန့်ချမှတ်သည့်တရားရုံးက လျှောက်ထားသူတို့အား ပြစ်မှုဆိုင်ရာဥပဒေအရ ပြစ်မှုထင်ရှားစီရင်ထားသည့် အမိန့်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အယူခံစီရင်ပိုင်ခွင့်အာဏာ သို့မဟုတ် ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကိုသုံးစွဲ၍ သုံးသပ်ဝေဖန်ခြင်းမပြုပေ။ ထိုရုံးများက ချမှတ်သောအမိန့်သည် မှားယွင်းချွတ်ချော်နေပါက လျှောက်ထားသူတို့သည် ဥပဒေကခွင့်ပြုသည့်အတိုင်း အထက်တရားရုံးများသို့ အယူခံဝင်ရန် သို့မဟုတ် ပြင်ဆင်မှုလျှောက်ထားရန်ဖြစ်ပေသည်။ **ရန်ဖီးဝှါးပါ ၅ (လျှောက်ထားသူ) နှင့် နယ်ခြားခရိုင်ဝန်၊**

၂၀၁၁
ဦးမြင့်သန်း ပါ ၅
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

**ကျိုင်းတုံနယ်ခြားခရိုင်၊ ကျိုင်းတုံမြို့(လျှောက်ထားခံရသူ)အမှု**[၁] ကိုကြည့်ပါ။

**ရန်ဖီးဂျါးပါ ၅ (လျှောက်ထားသူ) နှင့် နယ်ခြားခရိုင်ဝန်၊ ကျိုင်းတုံနယ်ခြားခရိုင်၊ ကျိုင်းတုံမြို့(လျှောက်ထားခံရသူ)အမှု** ၌ စာချွန်တော်အမိန့်တောင်းခံသည့်လျှောက်ထားလွှာများကို ကြားနာရာတွင် ရာဇဝတ်တရားရုံးများက ချမှတ်ထားသောအမိန့်များ မှန် မမှန်ကိုကြားနာသည့် နိုင်ငံတော်တရားရုံးချုပ်က သုံးသပ်နိုင်ခြင်း ရှိ မရှိကိုလေ့လာခဲ့ရာ ရာဇဝတ်တရားရုံးများက ချမှတ်ခဲ့ပြီးသော အမိန့်များကို စာချွန်တော်များဖြင့် ကြားနာရာ၌ ပြန်လည်ကြည့်ရှုစစ်ဆေးပိုင်ခွင့်ရှိသည်ဟု ကျေနပ်ဖွယ်ရာ မတွေ့ရကြောင်း၊ ရာဇဝတ်တရားရုံးများက အာဏာမဲ့ဆုံးဖြတ်ခဲ့ခြင်းဖြစ်လျှင် တရားခံတို့၏အခွင့်အရေးဆိတ်သုဉ်းသွားခြင်းမရှိစေရန် ဝင်ရောက်စွက်ဖက်သင့်ကောင်း သင့်မည်ဖြစ်သည်ဟု မှတ်ချက်ပြုထားသည်ကို တွေ့ရသည်။

**အဖတ် (ခ) ဦးအောင်သိန်း (လျှောက်ထားသူ) နှင့် ဦးသာဝင်းနှင့်တစ်ဦး(လျှောက်ထားခံရသူများ)အမှု**[၂] မှာ လျှောက်ထားသူက နိုင်ငံသားလက်မှတ်ထုတ်ပေးရန် လျှောက်ထားရာတွင် ကျမ်းကျိန်ပြီး လိမ်လည်ဖော်ပြခဲ့သည်ဆိုကာ ၎င်းအားလိမ်လည်ထွက်ဆိုမှုဖြင့် တရားစွဲဆိုနိုင်ရေးအတွက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းမှုပြုလုပ်ပေးရန် လျှောက်ထားခံရသူက တရားရုံးတွင် လျှောက်ထားခြင်းအား တားမြစ်ပေးရန် လျှောက်ထားသူက တားမြစ်စေ စာချွန်တော်အမိန့် လျှောက်ထားမှုဖြစ်သည်။

---

**(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၉၅**

**(၂) ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၃ (လွှတ်တော်)**

၂၀၁၁
ဦးမြင့်သန်း ပါ ၅
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ထိုအမှုတွင် တရားလွှတ်တော်ချုပ်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းမှုပြုလုပ်ပေးရန် လျှောက်ထားမှုကို တရားရုံးက စုံစမ်းမှုပြုလုပ်ရန် အာဏာရှိကြောင်း၊ထို့ပြင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (ခ) တွင် ပုဒ်မ ၄၇၆ အရ ချမှတ်သည့်အမိန့်အပေါ် တရားလွှတ်တော်သို့ အချိန်မရွေး အယူခံဝင်ရောက်ပြီး သက်သာခွင့်လျှောက်ထားနိုင်ကြောင်းကို ရှင်းလင်းပြတ်သားစွာ ပြဋ္ဌာန်းထားကြောင်း၊ သို့ဖြစ်၍ စုံစမ်းမှုပြုလုပ်ခြင်းကို တားမြစ်ပေးရန် လျှောက်ထားသူက တားမြစ်စေစာချွန်တော်အမိန့် တောင်းခံခြင်းကို ပလပ်ကြောင်း ဆုံးဖြတ်သည်။

ယခုအမှုတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်သည် ပြင်ဆင်မှုရုံးအနေဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၃) အရ မူလတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၂ (၁) အရ ချမှတ်ခွင့်ရှိသည့်အမိန့်အတိုင်း ချမှတ်နိုင်သည့်အာဏာရှိသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့် ထုတ်ပေးရန် လျှောက်ထားတောင်းခံရာတွင် လက်အောက်ခံတရားရုံးက စီရင်ပိုင်ခွင့်ရှိသည့်ကိစ္စကို စီရင်ဆုံးဖြတ်ခြင်းအား စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်မည် မဟုတ်ပေ။

လျှောက်ထားသူတို့အနေဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်ကို မကျေနပ်ပါက ဥပဒေကခွင့်ပြုသည့်အတိုင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှု လျှောက်ထားနိုင်ပေသည်။

သို့ဖြစ်၍ လျှောက်ထားသူတို့၏ ရှေ့နေအား ကြားနာပြီးနောက် လျှောက်ထားခံရသူများထံ အကြောင်းပြရန် ကနဦးဆုံးဖြတ်ချက်ချပေးရန်

၂၀၁၁
ဦးမြင့်သန်း ပါ ၅
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

မပေါ်ပေါက်သဖြင့် လျှောက်ထားသူတို့၏ ထာဝစဉ်တားမြစ်သည့် စာချွန်တော်အမိန့် ထုတ်ပေးရန် လျှောက်ထားလွှာကို ပယ်သည်။

## ပြစ်မှုဆိုင်ရာပြင်ဆင်မှု
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးအောင်ဇော်သိန်း ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
နိုဝင်ဘာလ
၃၀ ရက်

## ဦးလှကြီး
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ စီရင်ဆုံးဖြတ်ခြင်း- တစ်ဦးတစ်ယောက်က ၎င်းတွင်တာဝန်ရှိပါသည်ဟုဆိုကာမျှနှင့် ၎င်းအပေါ်ပြစ်မှုကြောင်းအရ အရေးယူရန် ခိုင်လုံသည်ဟု မမှတ်ယူသင့်ခြင်း၊ ပြစ်မှုကျူးလွန်ကြောင်းစွဲဆိုရာတွင် တရားခံ၌ မည်သည့်တာဝန်ရှိ၍ ယင်းတာဝန်ပျက်ကွက်ခြင်းကြောင့် မည်သည့်ပြစ်မှုမြောက်ကြောင်း၊ ယင်းပြစ်မှုဖြစ်စေသည့် အင်္ဂါစုံလင်အောင် သက်သေထူရန် တရားလိုဘက်၌ တာဝန်ရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရပြစ်မှုမြောက်ရန်မှာ တရားခံ

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၅(ခ)

\+ ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂ တွင်ချမှတ်သော မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၁၈-၅-၂၀၁၁ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှု။

သည် အများနှင့်သက်ဆိုင်သောပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားမှု၊ လိမ်လည်မှုကို ကျူးလွန်ကြောင်း သက်သေခံချက် ထင်ရှားရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မကွေးတိုင်းသမဝါယမအသင်းစုချုပ်တွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း သမအသင်းစုချုပ်ရုံး ဥက္ကဋ္ဌ ဦးဝင်းမောင်၊ အတွင်းရေးမှူးဦးသက်ဝင်းထွန်း၊ အမှုဆောင်ဒါရိုက်တာ ဦးလှကြီးတာဝန်ယူဆောင်ရွက်စဉ် ကာလအတွင်း စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ စပါး၊ မြေပဲဆံနှင့် မန်ကျည်းမှည့် ဝယ်ရောင်းလုပ်ငန်းတွင် အရှုံးပေါ်၍လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကျော်၍ သုံးစွဲငွေများအတွက်လည်းကောင်း၊ ဦးလှကြီးတွင် ကြီးကြပ်ကွပ်ကဲမှုအားနည်း၍ အချိုးကျပေးလျော်ပါမည်ဟု ဝန်ခံကတိပြုထားပြီး ပေးလျော်မှုမရှိပါက တရားမကြောင်းအရသာ စွဲဆိုရမည်ဖြစ်ပေသည်။

တစ်ဦးတစ်ယောက်က ၎င်းတွင်တာဝန်ရှိပါသည်ဟုဆိုကာမျှနှင့် ၎င်းအပေါ်ပြစ်မှုကြောင်းအရ အရေးယူရန်ခိုင်လုံသည်ဟု မမှတ်ယူသင့်၊ ပြစ်မှုကျူးလွန်ကြောင်း စွဲဆိုရာတွင် တရားခံ၌ မည်သည့်တာဝန်ရှိ၍ ယင်းတာဝန်ပျက်ကွက်ခြင်းကြောင့် မည်သည့်ပြစ်မှုမြောက်ကြောင်း၊ ယင်းပြစ်မှုဖြစ်စေသည့် အင်္ဂါစုံလင်အောင် သက်သေထူရန် တရားလိုဘက်တွင် တာဝန်ရှိသည်ဟု **မောင်ဟန်စိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**[၂] တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

သို့ဖြစ်ပေရာ မကွေးခရိုင်တရားရုံးမှ ဦးလှကြီးသည် မန်ကျည်းမှည့်ဝယ်ယူစဉ်ကမပါရှိသော်လည်း အရှုံးဖြင့်ရောင်းချရန်ဆုံးဖြတ်သည့်အဖွဲ့၌

ပါဝင်နေခြင်း၊ စပါးဝယ်ရောင်းလုပ်ငန်းတွင် သတ်မှတ်သည့်အမြတ်ငွေမရရှိခြင်း၊ မြေပဲဆံဝယ်ခြင်း၊ ကြိတ်ခွဲခြင်း၌ ဦးတိုးလုံအား ငွေထုတ်ခွင့်နှင့် လုပ်ပိုင်ခွင့်ပေးသူအဖြစ်ပါဝင်ပြီး အဆိုပါလုပ်ငန်းတွင် သတ်မှတ်သည့်အမြတ်ငွေရရှိမှုနည်းပါးခြင်းတို့အတွက် ဦးလှကြီးတွင် တာဝန်ရှိနေသည်ဟုဆိုကာ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်ကြမ်းနှင့်ထောင် ၁၀ နှစ်ကျခံစေရန်ချမှတ်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်အား မကွေးတိုင်းဒေသကြီးတရားလွှတ်တော်မှ အတည်ပြုခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

| | |
|---|---|
| လျှောက်ထားသူအတွက် | - ဦးလှဝင်း၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | - ဦးခင်မောင်ညို၊ ဒုတိယညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး |

မကွေးခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၂၃/၂၀၁၀ တွင် တရားခံ ဦးလှကြီးအပေါ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၃ အရ အလုပ်ကြမ်းနှင့်ထောင် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်ရောက်ရာ အယူခံမှုကို ပလပ်ခဲ့သဖြင့် လျှောက်ထားသူမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ မကွေးတိုင်းအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ

အသင်းစုချုပ်လီမိတက်၏ သမဝါယမဘဏ်ချေးငွေများပေးဆပ်ရန်ပျက်ကွက်ခြင်းနှင့်ပတ်သက်၍ သမဝါယမအသင်းညွှန်ကြားရေးမှူးချုပ်ရုံးမှ အထူးစုံစမ်းစစ်ဆေးချက်အပေါ် သမဝါယမဝန်ကြီးဌာနရုံးက စပါးဝယ်ရောင်းလုပ်ငန်း၊ မြေပဲဆံရောင်းဝယ်ရေးလုပ်ငန်းနှင့် မန်ကျည်းမှည့်ဝယ်ရောင်းလုပ်ငန်းများမှ နစ်နာဆုံးရှုံးငွေများအတွက် ဥက္ကဋ္ဌဟောင်း ဦးဝင်းမောင်နှင့် ဦးသက်ဝင်းထွန်းတို့က တာဝန်ရှိငွေများကို ပေးသွင်းခဲ့ကြပြီး ဦးလှကြီးအနေဖြင့် ၎င်းတာဝန်ရှိငွေကျပ် ၂၉၉၄၁၇၁/၆၆ပြား ပေးသွင်းရန်ပျက်ကွက်ခဲ့သည့်အပြင် အသင်းစုချုပ်ရုံး၏ ၂၈-၁၂-၂၀၀၉ ရက်နေ့တွင် ကျင်းပပြုလုပ်သောဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း ၅/၂၀၀၉ ဆုံးဖြတ်ချက် (၄)အရအချိုးကျတာဝန်ရှိငွေကျပ် ၁၈၂၅၀ဝိ/- နှင့် အသင်းစုချုပ်ငွေကိုင်ထံမှ ခေတ္တယူငွေကျပ် ၁၅၀၀၀ဝိ/- တို့ကို ၈-၁-၂၀၁၀ နေ့တွင် ပေးသွင်းပါမည်ဟုဝန်ခံကတိပြုခဲ့သော်လည်း ပေးသွင်းရန်ပျက်ခဲ့ကြောင်း၊ ထို့ကြောင့်အတွင်းရေးမှူးဟောင်း ဦးလှကြီးအနေဖြင့် ပေးသွင်းရန် တာဝန်ရှိငွေစုစုပေါင်းကျပ် ၃၃၂၆၇၁/၆၆ ပြား ကိုပေးသွင်းရန် ပျက်ကွက်ခဲ့သဖြင့်၎င်းအား ဥပဒေအရ အရေးယူပေးရန် အသင်းစုချုပ်ဥက္ကဋ္ဌ ဦးဘိုအောင်ကမကွေးမြို့၊ အမှတ်(၁)ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့မှုဖြစ်သည်။

လျှောက်ထားသူ၏ ရှေ့နေကအမှုတွင် မကွေးတိုင်း၊ သမဝါယမအသင်းစုချုပ်မန်နေဂျာ ဒေါ်လှဲ့လှဲ့ဝင်း(လိုပြ-၂)၏ ထွက်ချက်အရ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း သမအသင်းစုချုပ်ရုံးဥက္ကဋ္ဌမှာ ဦးဝင်းမောင်၊ အတွင်းရေးမှူးမှာ ဦးသက်ဝင်းထွန်း၊ အမှုဆောင်ဒါရိုက်တာမှာ ဦးလှကြီးဖြစ်ကြောင်း၊ ဦးဝင်းမောင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်းမန်ကျည်းမှည့်များကို တစ်ပိဿာလျှင် ၇၀ဝိ/-ဖြင့် အချိန်တစ်သောင်းဝယ်ယူ

ထားခဲ့ကြောင်း၊ ၁၃-၅-၂၀၀၈ ရက်နေ့တွင် ဦးဝင်းမောင်အား ဥက္ကဋ္ဌတာဝန်မှ ရပ်စဲလိုက်ချိန်တွင် မန်ကျည်းမှည့်အချိန်တစ်သောင်းမှာ ကုန်ကျန်အဖြစ်ကျန် ရစ်ခဲ့ရာ မန်ကျည်းမှည့်များအရည်အသွေးကျသွား၍ ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တစ်ပိဿာ ၁၇၀ိ/-ဖြင့်ထုတ်ရောင်းရာ အသင်းမှ ၅၃ သိန်းကျော်နစ်နာခဲ့ကြောင်း၊ အချိန်ပြည့်ဒါရိုက်တာအဖွဲ့ အစည်းအဝေးအမှတ်စဉ် ၃/၂၀၀၇-၂၀၀၈(၁၀-၁၀-၂၀၀၇)နေ့စွဲပါ အစည်း အဝေးဆုံးဖြတ်ချက် (၃)အရ စပါးတစ်တင်းလျှင် ၄၀၀ဝိ/-နှုန်းဖြင့် ဝယ်ရန် ဦးလှကြီးအား တာဝန်ပေးခဲ့ကြောင်း၊ ဦးလှကြီးမှ စပါး ၂၈၇၅ တင်းအား ၄၀၀ဝိ/-ဈေးနှုန်းဖြင့်ဝယ်ယူခဲ့ပြီး ၂၇-၃-၂၀၀၈ နေ့ ဒေသပေါက်ဈေး ၄၁၀ဝိ/-ဖြင့်ရောင်းချကာ စပါးဝယ်ယူရာတွင် ထုတ်ယူငွေ ၁၁၅ သိန်း အတွက် ၂၈-၃-၂၀၀၈ နေ့တွင် ငွေ ၁၁၇၈၇၅၀ဝိ/-အား ပြန်လည်ပေးသွင်း ခဲ့ကြောင်း ပေါ်ပေါက်ပြီး ငွေကိုင် ဒေါ်ယဉ်ကြည် (လိုပြ-၄)၏ထွက်ချက်အရ ဦးလှကြီးအား စပါးစာချုပ် ချုပ်ဆိုဝယ်ယူရန်ငွေ ၁၁၅ သိန်းပေးသည့် ငွေပေးပြေစာ ၁၀၀၁၀၂ ကို မိမိမှ ရေးပေးခဲ့ပြီး စပါးဖိုးပြန်လည်ပေးသွင်း သည် ဆိုသော ၁၁၇၈၇၅၀ဝိ/-အား ငွေသွင်းပြေစာအမှတ် ၀၀၀၃၁၂ ၌ ဖော်ပြ ထားသော်လည်း အမှန်တကယ်ရခဲ့ခြင်းမရှိကြောင်း၊ ထိုသို့ပေးသွင်း သည့် ငွေရပြေစာကိုဖြတ်ပေးပြီး ထိုငွေကို ဝါစေ့ဖိုးထုတ်ပေးရန်ငွေ ၁၁၆၁၅၀၀ဝိ/- ကိုလည်းကောင်း၊ ချိန်တွယ်အလုပ်သမားခ ၁၇၂၅၀ဝိ/- ကိုလည်းကောင်း ဒေါ်ဝါဝါသန်းအား ပြန်လည်ထုတ်ပေးသည့်စာရင်းပြသ ရဖြင့် စာရင်းအချိန်း အပြောင်းသာရှိပါကြောင်း၊ ငွေကိုင်အနေနှင့် ဦးလှကြီးအား စပါးဖိုးကျပ် ၁၁၅ သိန်းထုတ်ပေးခဲ့ရခြင်းမရှိကြောင်း၊ မြေပဲဝယ်သည့် သိန်း ၂၀၀ ကို ငွေသားဖြင့်အပေးအယူလုပ်ရခြင်းမရှိဘဲ

စာရင်းအချိန်းအပြောင်းသာပြခဲ့ရပြီး မြေပဲဆံဝယ်ခြင်း၊ ဆီကြိတ်ခြင်းအားလုံးကို ဦးတိုးလုံမှသာ လုပ်သွားခြင်း ဖြစ်ကြောင်း ပေါ်ပေါက်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်ကျော်ပြီး သုံးစွဲထားသော အသုံးစရိတ်များအတွက် ဦးလှကြီးတွင် တာဝန်မရှိပါကြောင်း၊ ငွေကိုင်ထံမှ ခေတ္တယူငွေ ၁၅၀၀၀၀ိ/-မှာ စာရင်းစစ်ချိန်၌ သုံးစွဲခဲ့ပြီး ပြန်ပေးသွင်းပြီးဖြစ် ပါကြောင်း၊ ဦးလှကြီးအပေါ် စွဲဆိုထားသောအမှုမှာ စပါးဝယ်ရောင်းလုပ်ငန်း အမြတ်နည်း၍ နစ်နာမှုအတွက် ၈၀၃၈၅ိ/- မြေပဲဆံ ဝယ်ယူမှု၌ အမြတ်နည်း၍ နစ်နာမှုအတွက် ၄၂၀၀၀ိ/- မန်ကျည်းမှည့် အရှုံးအတွက် အချိုးကျငွေပေးလျော်ခြင်းမရှိသည့်အတွက် စွဲဆိုခြင်းဖြစ်ပါကြောင်း၊ လျော်ရန်ငွေများအား ဦးလှကြီးမှ အလွဲသုံးစားပြုခဲ့ခြင်းမဟုတ်ပါကြောင်း၊ ဌာနဆိုင်ရာမှ ဆုံးဖြတ်သည့်အတိုင်း ပေးလျော်ခြင်းမရှိပါက တရားမကြောင်း အရသာ စွဲဆိုသင့်ပါကြောင်း၊ ရာဇဝတ်ကြောင်းဖြင့် စွဲဆိုပြီး အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းလျက်ရှိကြောင်း လျှောက်ထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက အသင်းစုချုပ်မန်နေဂျာ ဒေါ်လှဲ့လှဲ့ဝင်း (လိုပြ-၂)၊ မကွေးတိုင်းသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း (လိုပြ-၃)၊ အသင်းစုချုပ်ငွေကိုင် ဒေါ်ယဉ်ကြည်(လိုပြ-၄)၊ဘတ်ဂျက်မန်နေဂျာဒေါ်သန်းတင်(လိုပြ-၆) တို့၏ ထွက်ချက်အရ ဘဏ်ချေးငွေနှင့်စပ်လျဉ်း၍ ပြဿနာပေါ်ပေါက်ခဲ့ရာမှ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး အသင်းစုချုပ်ကို စစ်ဆေးစေခဲ့ကြောင်း၊ အထူးစုံစမ်းစစ်ဆေးချက်အရ တာဝန်ရှိသူဝန်ထမ်း၊ ကြီးကြပ်ရာတွင် ပေါ့လျော့သော အထက်အရာရှိများအား သတိပေးခြင်း၊ ရာထူးတိုးရပ်

ဆိုင်းခြင်းဆောင်ရွက်သကဲ့သို့ လျော့နည်းကွာခြားငွေနှင့်စပ်လျဉ်း၍ ဦးဝင်းမောင်၊ ဦးသက်ဝင်းထွန်းနှင့် ဦးလှကြီးတို့အား ပေးလျော်စေရန် ပျက်ကွက်က အရေးယူရန် ညွှန်ကြားချက်အရ ပေးလျော်ရန် ပျက်ကွက်သူ ဦးလှကြီးအား တရားစွဲဆိုခဲ့ကြောင်းပေါ်ပေါက်ပါကြောင်း၊ အသင်း၏ ဒါရိုက်တာများဖြစ်သော ဦးဝင်းမောင်၊ ဦးသက်ဝင်းထွန်းနှင့် ဦးလှကြီးတို့သည် အသင်းပိုင်ငွေများကို စာရင်းလွှဲပြောင်းပြုခြင်းဖြင့် အသင်းအတွက် နစ်နာဆုံးရှုံးမှုကို ဖြစ်ပေါ်စေခဲ့ပြီး ဦးလှကြီးသည် အများနှင့်သက်ဆိုင်သောငွေများကို အလွဲသုံးစားပြုလုပ်ကြောင်း ထင်ရှားသဖြင့် လျှောက်ထားသူ၏ ပြင်ဆင်မှု လျှောက်ထားချက်အား ပလပ်သင့်ပါကြောင်း လျှောက်ထားသည်။

မူလရုံးအမှုတွဲသက်သေခံချက်များအရ မကွေးတိုင်းသမဝါယမ အသင်းစုချုပ်တွင် ဘဏ်ချေးငွေကို သမဝါယမပိုင်ပစ္စည်းများအား ထုခွဲ ရောင်းချ၍ ပေးဆပ်ရသည့်အတွက် ဘဏ်ချေးငွေသည် မည်သည့်အတွက် ဆုံးရှုံးရကြောင်း၊ မည်သူ့တွင် တာဝန်ရှိကြောင်းသိရှိနိုင်ရန် အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ရုံးချုပ်မှ ဖွဲ့စည်းပေး၍ မကွေးတိုင်းသမဝါယမအသင်းစုချုပ်ရုံးအား စစ်ဆေးစေခဲ့သည်။

သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၁၆-၁၀-၂၀၀၉ ရက်စွဲပါ အထူးစုံစမ်းစစ်ဆေးခြင်းအစီရင်ခံစာ (သက်သေခံ-တ)တွင် ဦးလှကြီးသည် ၁၀-၁၀-၂၀၀၇ ရက်က ငွေပေါင်းကျပ် ၁၁၅ သိန်းအသုံးပြု၍ စပါးဝယ်ပြီး ၂၈-၃-၂၀၀၈ ရက်တွင် စရိတ်နုတ်လျက် စပါးရောင်းရငွေကျပ် ၁၁၆၁၅၀၀၀ိ/-ကို အသင်းသို့အပေးပြခဲ့သဖြင့် ကျပ် ၁၁၅၀၀ိ/-သာ အမြတ်ရရှိခဲ့ကြောင်း၊ ၆ လကြာအောင် ဆောင်ရွက်ခဲ့ရသဖြင့် ငွေကျပ် ၁၀၀

ကျပ် တစ်လ ၁၇ ပြားသာ အမြတ်ရရှိပါကြောင်း၊ အနိမ့်ဆုံး ၂ ကျပ် ၅၀ ပြား ခန့်အမြတ်ရရှိသင့်သဖြင့် ခြားနားငွေ ၂ ကျပ် ၃၃ ပြားကို ဥက္ကဋ္ဌ ဦးဝင်းမောင်နှင့် ဒါရိုက်တာ ဦးလှကြီးတို့က အညီအမျှပေးလျော်ရန်တာဝန် ရှိပါကြောင်း၊ ငွေ ၁၀၀ ကျပ် တစ်လလျှင် ၂ ကျပ် ၃၃ ပြားနစ်နာရာ ငွေပေါင်း ကျပ် ၁၁၅ သိန်း၊ ၆ လတွင် ကျပ် ၁၆၀၇၇၀၀ိ/-နစ်နာခဲ့ရပါကြောင်း၊ ၁၈-၂-၂၀၀၈ ရက်စွဲဖြင့် အသင်းစုချုပ် ဒုဥက္ကဋ္ဌ ဦးတိုးလုံသို့ ကြိုတင်ငွေကျပ် သိန်း ၂၀၀ ထုတ်ပေးလျက် မြေပဲဆံများဝယ်ယူစေခဲ့ရာ ၂၄-၆-၂၀၀၈ ရက်စွဲ ဖြင့် ရှင်းတမ်းတက်လျက် အသင်းစုချုပ်သို့ ငွေကျပ်သိန်း ၂၁၀ ပြန်လည်ပေး သွင်းခဲ့ရာ ကျပ်သိန်း ၂၀၀ အတွက် ၁၀ သိန်း မြတ်ခဲ့ကြောင်း၊ ငွေ ၁၀၀ ကျပ် တစ်လလျှင် ၁ ကျပ် ၁၀ ပြားသာအမြတ်ရရှိခဲ့၍ အကျိုးအမြတ် ၂ ကျပ် ၅၀ ပြား အနိမ့်ဆုံးရသင့်သည်ဖြစ်ရာ ၁ ကျပ် ၄၀ ပြားနစ်နာမှုရှိပါကြောင်း၊ ကျပ်သိန်း ၂၀၀၊ ၄ လခွဲတွင် ကျပ် ၁၂၆၀၀၀၀ိ/- နစ်နာခဲ့သည့်အတွက် ဒါရိုက်တာအဖွဲ့တွင် တာဝန်ရှိပါကြောင်း၊ ၂၃-၃-၂၀၀၇ ရက်နေ့က မန်ကျည်းမှည့်ပိဿာ တစ်သောင်းအား တစ်ပိဿာ ၇၀ိ/-နှုန်းဖြင့် ဝယ်ယူခဲ့ ပြီး အချိန်တစ်နှစ်ခန့်အကြာ ၆၄. ၅ ပိဿာလျော့နည်းခဲ့ရာ ပျက်စီးလုဖြစ်မှ တစ်ပိဿာ ၁၇ိ/-ဖြင့် ရောင်းချခဲ့၍ ကျပ် ၅၂၆၅၈၁၅ိ/-အရှုံးပေါ်ခဲ့ရာ အချိန်ပြည့်ဒါရိုက်တာအဖွဲ့မှ ပေးလျော်သင့်ကြောင်း ဖော်ပြအစီရင်ခံထား သည်ကို တွေ့ရသည်။

သမဝါယမဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး၊ မကွေးမြို့၏ အထူးစုံစမ်းစစ် ဆေးခြင်းအစီရင်ခံစာ ၁/၀၉(သက်သေခံ တ-၁) တွင် ၂၀၀၈-၂၀၀၉ ခုနှစ် နှစ်လွန်အသုံးစရိတ် ကျပ် ၇၃၀၀၀၀ိ/- ရှိကြောင်း စုံစမ်းပေါ်ပေါက်ခဲ့ရာ

၂၈-၁၂-၂၀၀၉ ရက်နေ့တွင် ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ်စဉ် ၅/၀၉ (သက်သေခံ-ဖ)၌ အဆိုပါငွေအား ဥက္ကဋ္ဌဟောင်း ဦးသက်ဝင်းထွန်း၊ အတွင်းရေးမှူး ဦးလှကြီး၊ ဒါရိုက်တာအဖွဲ့ဝင် ဦးဘသန်းဦး၊ မန်နေဂျာ ဒေါ်လဲ့လဲ့ဝင်းတို့မှ အချိုးကျ ကျပ် ၁၈၂၅၀၀ိ/-အား အပြေအကြေပေးလျော်စေရန် ဆုံးဖြတ်ခဲ့သည်။

သို့အတွက် ဦးလှကြီးအပေါ် စပါးဝယ်ရောင်းလုပ်ငန်းနစ်နာငွေ ကျပ် ၈၀၃၈၅၀ိ/-မြေပဲဆံဝယ်ယူမှု၌ နစ်နာငွေကျပ် ၄၂၀၀၀ိ/- မန်ကျည်းမှည့်ဝယ်ရောင်းလုပ်ငန်းနစ်နာငွေကျပ် ၁၇၇၀၃၂၁/၆၆ပြား၊ နှစ်လွန်အသုံးစရိတ်အပေါ် တာဝန်ရှိငွေကျပ် ၁၈၂၅၀၀ိ/-နှင့် အသင်းစုချုပ်ငွေကိုင်ထံမှ ခေတ္တယူငွေကျပ် ၁၅၀၀၀၀ိ/-တို့ကို ပြန်လည်ပေးသွင်းရန်အကြောင်းကြားခဲ့သော်လည်း ပြန်လည်ပေးသွင်းမှုမရှိ၍ ပြည်ထဲရေးဝန်ကြီးဌာန၏ တရားစွဲဆိုခွင့်ပြုမိန့် သက်သေခံ (အ) အား ရယူပြီး တရားခံ ဦးလှကြီးအပေါ် ၁၉၆၃ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုတင်ပို့ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ပေသည်။

တရားခံ ဦးလှကြီးမှ စပါးနှင့်ပတ်သက်၍ အသင်းစုချုပ်မှ ငွေကျပ် ၁၁၅ သိန်းကို ထုတ်ယူခဲ့မှုမရှိ၊ စပါးဖိုးငွေကျပ် ၁၁၆၂၁၆၁၀ိ/-ကိုလည်း ပေးသွင်းခဲ့ခြင်းမရှိပါကြောင်း၊ မန်ကျည်းမှည့်ကိစ္စမှာ မိမိတာဝန်မယူမီကပင် ဝယ်ထားပြီး တစ်စုံတစ်ရာပါဝင်ဆောင်ရွက်ခဲ့ရခြင်းမရှိကြောင်း၊ မြေပဲဆံနှင့်ပတ်သက်၍လည်း ဦးတိုးလုံမှသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်လွန်အသုံးစရိတ်မှာ စီမံမန်နေဂျာမှ အချိန်မီတင်ပြခြင်းမရှိ၍ အသုံးစရိတ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ငွေကိုင်ထံမှ ယူသုံးငွေမှာ မိမိကိုယ်ကျိုးအတွက်မဟုတ်

ဘဲ စာရင်းစစ်လာရောက်ချိန်၌ ဧည့်ခံသုံးစွဲသောစရိတ်ဖြစ်ပြီး ထိုငွေကို ပြန်လည်ပေးသွင်းပြီးဖြစ်ပါကြောင်း၊ မြေပဲ၊ စပါး၊ မန်ကျည်းမှည့်ကိစ္စတို့တွင် ငွေထုတ်သုံးစွဲခဲ့ခြင်းမရှိသဖြင့် ပေးလျော်ခဲ့ခြင်းမရှိပါကြောင်း ထုချေထွက်ဆိုခဲ့သည်။

၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ ပြစ်မှုမြောက်ရန်မှာ တရားခံသည် အများနှင့်သက်ဆိုင်သောပစ္စည်းတစ်ခုခုနှင့်စပ်လျဉ်း၍ ခိုးမှု၊ အလွဲသုံးစားမှု၊ လိမ်လည်မှုကို ကျူးလွန်ကြောင်း သက်သေခံချက်ထင်ရှားရမည်ဖြစ်သည်။

အမှုတွင် တရားခံဦးလှကြီးသည် မကွေးတိုင်းသမဝါယမအသင်းစုချုပ်ပိုင်ငွေများကို အလွဲသုံးစားပြုခဲ့ပါသည်ဟု သက်သေခံချက်မတွေ့ရပေ။ မန်နေဂျာ ဒေါ်လဲ့လဲ့ဝင်း (လိုပြ-၂)၊ ငွေကိုင် ဒေါ်ယဉ်ကြည်(လိုပြ-၄)၊ ဘတ်ဂျက်မန်နေဂျာ ဒေါ်သန်းတင် (လိုပြ-၆) တို့၏ထွက်ချက်အရ မန်ကျည်းမှည့်ဝယ်ယူသည့်ကိစ္စတွင် ဦးဝင်းမောင်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့်အချိန်က ၎င်းတစ်ဦးတည်း၏ဆုံးဖြတ်ချက်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး မြေပဲဆံကိစ္စတွင် ဦးတိုးလုံကသာ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။ စပါးဝယ်ယူသည့်ကိစ္စတွင် ဦးလှကြီးအမည်ဖြင့် သက်သေခံ (၃) ပြေစာဖြင့် ငွေကျပ် ၁၁၅ သိန်းကို ထုတ်ယူခဲ့ပြီး သက်သေခံ(ဇ) ပြေစာဖြင့် စပါးရောင်းရငွေ ကျပ် ၁၁၇၈၇၅၀၀/- အားပြန်လည်ပေးသွင်းခဲ့ကြောင်း တွေ့ရှိရသည်။

တရားခံအပြစ်ရှိကြောင်း တရားလိုဘက်မှ အခိုင်အမာသက်သေထူနိုင်ခြင်းမရှိ၊ တရားခံက ၎င်းတွင် ကျွမ်းကျင်မှုနည်းပါးခြင်း၊ ဝန်ထမ်းမလုံလောက်၊ ပစ္စည်းထားသိုရန်မပြည့်စုံ၊ အလုပ်မနိုင်မနင်းဖြစ်ခဲ့ရ၍ အလျော့

၂၀၁၁
ဦးလှကြီး
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

အနည်းရှိတန်သရွေ့ရှိပါမည်၊ အလွဲသုံးစားမလုပ်ခဲ့ရပါဟု တင်ပြချက်မှာ မှန်နိုင်လောက်သည်။ ၎င်းအပေါ်စွပ်စွဲသည့်အတိုင်းအတာအထိ ၎င်း၌တာဝန်ရှိသည်ဟု ယူဆရန်ခဲယဉ်းကြောင်း **မခင်မြင့် (ခ) မခင်ညွန့်ကြည် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု** [၁] တွင် လမ်းညွှန်ဆုံးဖြတ်ခဲ့သည်။

မကွေးတိုင်းသမဝါယမအသင်းစုချုပ်တွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း သမအသင်းစုချုပ်ရုံးဥက္ကဋ္ဌ ဦးဝင်းမောင်၊ အတွင်းရေးမှူး ဦးသက်ဝင်းထွန်း၊ အမှုဆောင်ဒါရိုက်တာ ဦးလှကြီး တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ရာ စပါး၊ မြေပဲဆံနှင့် မန်ကျည်းမှည့် ဝယ်ရောင်းလုပ်ငန်းတွင် အရှုံးပေါ်၍လည်းကောင်း၊ ဘဏ္ဍာရေးနှစ်ကျော်လွန်၍ သုံးစွဲငွေများအတွက်လည်းကောင်း ဦးလှကြီးတွင် ကြီးကြပ်ကွပ်ကဲမှုအားနည်း၍ အချိုးကျပေးလျော်ပါမည်ဟု ဝန်ခံကတိပြုထားပြီး ပေးလျော်မှုမရှိပါက တရားမကြောင်းအရသာ စွဲဆိုရမည်ဖြစ်ပေသည်။

တစ်ဦးတစ်ယောက်က ၎င်းတွင် တာဝန်ရှိပါသည်ဟုဆိုကာမျှနှင့် ၎င်းအပေါ်ပြစ်မှုကြောင်းအရ အရေးယူရန် ခိုင်လုံသည်ဟု မမှတ်ယူသင့်၊ ပြစ်မှုကျူးလွန်ကြောင်းစွဲဆိုရာတွင် တရားခံ၌ မည်သည့်တာဝန်ရှိ၍ ယင်းတာဝန်ပျက်ကွက်ခြင်းကြောင့် မည်သည့်ပြစ်မှုမြောက်ကြောင်း၊ ယင်းပြစ်မှုဖြစ်စေသည့် အင်္ဂါစုံလင်အောင် သက်သေထူရန် တရားလိုဘက်တွင်တာဝန်

---

**(၁) ၁၉၇၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(အထူးရာဇဝတ်ရုံးအယူခံအဖွဲ့)၊ စာ-၃၁၂**

၂၀၁၁
ဦးလှကြီး
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

ရှိသည်ဟု **မောင်ဟန်စိုး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု** (၂) တွင် လမ်းညွှန်ဆုံးဖြတ်ထားသည်။

သို့ဖြစ်ပေရာ မကွေးခရိုင်တရားရုံးမှ ဦးလှကြီးသည် မန်ကျည်းမှည့် ဝယ်ယူစဉ်ကမပါရှိသော်လည်း အရှုံးဖြင့် ရောင်းချရန် ဆုံးဖြတ်သည့်အဖွဲ့၌ ပါဝင်နေခြင်း၊ စပါးဝယ်ရောင်းလုပ်ငန်းတွင် သတ်မှတ်သည့်အမြတ်ငွေ မရရှိခြင်း၊ မြေပဲဆံဝယ်ခြင်း၊ ကြိတ်ခွဲခြင်း၌ ဦးတိုးလုံအား ငွေထုတ်ခွင့်နှင့် လုပ်ပိုင်ခွင့်ပေးသူအဖြစ် ပါဝင်ပြီး အဆိုပါလုပ်ငန်းတွင် သတ်မှတ်သည့် အမြတ်ငွေရရှိမှုနည်းပါးခြင်းတို့အတွက် ဦးလှကြီးတွင် တာဝန်ရှိနေသည်ဟုဆိုကာ အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်ကြမ်းနှင့်ထောင် ၁၀ နှစ်ကျခံစေရန် ချမှတ်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်အား မကွေးတိုင်းဒေသကြီးတရားလွှတ်တော်မှ အတည်ပြုခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ လျှောက်ထားသူ ဦးလှကြီးအပေါ် ၁၉၆၃ ခုနှစ် အများနှင့်သက်ဆိုင်သောပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၃ အရ အလုပ်ကြမ်းနှင့်ထောင် ၁၀ နှစ် ကျခံစေရန်ပြစ်မှုထင်ရှားစီရင်ခဲ့သည့် မကွေးခရိုင်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုခဲ့သော မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ အမိန့်များကိုပယ်ဖျက်ပြီး လျှောက်ထားသူ ဦးလှကြီးအား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည်။

---

**(၂) ၁၉၇၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(အထူးရာဇဝတ်ရုံးအယူခံအဖွဲ့)၊ စာ-၃၀၇**

**ပြစ်မှုဆိုင်ရာအထူးအယူခံအမှု**
**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးသာဌေး နှင့် ဦးစိုးညွန့် တို့ရှေ့တွင်**

+ ၂၀၁၁ ခုနှစ်
ဇွန်လ ၂၇ ရက်

**လှဝင်း (ခ) လဝင်း**
**နှင့်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂***

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၀၊ ၃၆၃၊ ၃၇၆ အရစွဲဆိုမှု၊ ရဲကစုံစမ်းမှုပြုလုပ်စဉ် တရားခံအား ပြစ်မှုကျူးလွန်ပုံကို သရုပ်ပြစေကာ ဓါတ်ပုံရိုက်ယူသည့်အချက်ကို အထောက်အထားအဖြစ် တင်ပြခြင်းသည် သက်သေခံဥပဒေပုဒ်မ ၂၄၊ ၂၆ တို့အရ အကျုံး ဝင် မဝင်။**

**ဆုံးဖြတ်ချက်** ။ ။ အမှုတွင် မဝင်းလဲ့မူအား အိမ်ဖောက်ထွင်းခိုးယူပြီး အဓမ္မပြု၍ စွန့်ပစ်ထားသူမှာ တရားခံ လှဝင်း(ခ)လဝင်း ဖြစ်ကြောင်းစွဲဆိုခြင်းမှာ တရားလိုပြသက်သေ ရဲဒုတပ်ကြပ်ထွန်းနိုင် (လိုပြ-၉)နှင့် ရဲတပ်သားတင်ထွန်း (လိုပြ-၁၀) တို့၏ ထွက်ချက်အရ ရဲမှစုံစမ်းမှုပြုပြီး တရားခံလှဝင်း (ခ) လဝင်းအား အချင်းဖြစ်ပြစ်မှုကျူးလွန်သည့်ကိစ္စနှင့်စပ်လျဉ်း၍ စစ်ဆေး

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၇

\+ ၂၀၀၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၂(ခ) တွင်ချမှတ်သော တရားရုံးချုပ် (မန္တလေး)၏ ၃၀-၆-၂၀၀၃ ရက်နေ့စွဲပါအမိန့်ကို အထူးအယူခံမှု။

၂၀၁၁
လှဝင်း (ခ) လဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ချက်ရယူပြီး တရားခံလှဝင်း (ခ) လဝင်း အားပြစ်မှုကျူးလွန်ပုံကိုသရုပ်ပြခေတ်ပုံရိုက်ယူသည့်အချက်ကို အဓိကအထောက်အထားအဖြစ်တင်ပြလျက်အရေးယူခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ရဲမှစစ်ဆေးပြီး တရားခံအားချုပ်ထားစဉ် စစ်ဆေးပေါ်ပေါက်ချက်အရဟုဆိုကာ တရားခံအား အချင်းဖြစ်ပြစ်မှုကျူးလွန်စဉ်က လုပ်ဆောင်ချက်ကို သရုပ်ပြစေသည့်အချက်သည် သက်သေခံဥပဒေပုဒ်မ ၂၄၊ ၂၆ တို့အရ ရဲအချုပ်တွင်ရှိနေစဉ် ဖြောင့်ဆိုချက်ရယူသည့်အချက်တွင် အကျုံးဝင်ပြီး သက်သေခံဥပဒေအရ သက်သေခံမဝင်ပေ။

အယူခံတရားလိုအတွက် - ဦးကိုကိုလေး၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားခံအတွက် - ဦးသောင်းစိန်၊ ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

မုံရွာခရိုင်တရားရုံး ပြစ်မှုကြီးမှုအမှတ် ၂၇/၂၀၀၂ တွင် တရားလိုကိုတင်ဆန်းက တရားခံ လှဝင်း(ခ)လဝင်း အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၀၊ ၃၆၃၊ ၃၇၆ အရ စွဲဆိုမှုတွင် တရားခံ လှဝင်း (ခ) လဝင်း အား ပုဒ်မ ၃၇၆ အရ တစ်သက်တစ်ကျွန်းဒဏ်၊ ပုဒ်မ ၃၆၃ အရ အလုပ်နှင့်ထောင်ဒဏ် ၇ နှစ်၊ ပုဒ်မ ၄၅၀ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်တို့ကို သီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ခရိုင်တရားရုံးမှ ချမှတ်သော ပြစ်မှုပြစ်ဒဏ်ကို တရားခံ လှဝင်း(ခ)လဝင်း ကစစ်ကိုင်းတိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄/၂၀၀၃ ဖြင့် အယူခံဝင်ရာ ခရိုင်တရားရုံး၏အမိန့်ကိုအတည်ပြုသည်။ တရားရုံးချုပ်(မန္တလေး)သို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်

၂၀၁၁
လှဝင်း (ခ) လဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

၂၁၂(ခ)/၂၀၀၃ ဖြင့် ပြင်ဆင်မှုတင်သွင်းရာ တရားရုံးချုပ်က တရားခံ လှဝင်း (ခ)လဝင်း အပေါ် ပြစ်မှုထင်ရှားတွေ့ရှိချက်နှင့် ပြစ်ဒဏ်သတ်မှတ်ချက်တို့ကို အတည်ပြုသော်လည်း ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ တရားရုံးချုပ်၏ အမိန့်ကို တရားခံ လှဝင်း(ခ) လဝင်းက အထူးအယူခံဝင်ခွင့်ပြုရန် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ (အထူး)အမှတ် ၁၂၄/၂၀၀၃ ကိုတင်သွင်းသော်လည်း အောင်မြင်မှုမရှိသည့်အတွက် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၈ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားရာ အောက်ပါပြဿနာအပေါ် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

" မုံရွာခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် ၂၇/၂၀၀၂ တွင် တရားခံ လှဝင်း(ခ)လဝင်း အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆၊ ပုဒ်မ ၃၆၃ နှင့် ပုဒ်မ ၄၅၀ တို့အရပြစ်ဒဏ်များစီရင်ချမှတ်ခဲ့ခြင်းအား တည်ပြုပေးခဲ့သည့် တရားရုံးချုပ်(မန္တလေး)၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၂(ခ)/၂၀၀၃ အမိန့်သည် အမှုတွဲရှိသက်သေခံချက်များအရ မှန်ကန်မှု ရှိ မရှိ။ "

အမှုမှာ မုံရွာမြို့နယ်၊ ညောင်ပင်ရွာနေ တရားလို ဦးတင်ဆန်းသည် ၂၆-၈-၂၀၀၂ နေ့ညက တောင်ပေါ်ရွာ ဘုရားပွဲသို့ ဇာတ်ပွဲသွားရောက်ကြည့်စဉ် ၎င်း၏ဇနီး မဌေးနွယ်မှာ နို့စို့အရွယ်ကလေးငယ်နှင့် (၄)နှစ်အရွယ်သမီး မဝင်းလဲ့မူ တို့ကို အိမ်မှာသိပ်ထားပြီး ည(၁၁း၀၀)နာရီခန့်၌ ပွဲခင်းသို့သွားရောက်ကာ ဦးတင်ဆန်းကို အိမ်သို့ပြန်ရန်ခေါ်ဆောင်ခဲ့သည်။ ည (၁၁း၃၀) အချိန်တွင် အိမ်သို့ပြန်လည်ရောက်ရှိသည့်အခါ နေအိမ်တံခါးပတ္တာပျက်စီးပြီး မဝင်းလဲ့မူ ပျောက်ဆုံးနေ၍ လိုက်လံရှာဖွေရာ နံနက် (၅)နာရီအချိန်

ခန့်တွင် ရွာအရှေ့ဘက် ဘောလုံးကွင်းမြောက်ဘက်ထိပ်၌ သမီးဖြစ်သူကို ပြန်လည်တွေ့ရှိခဲ့သည်။ ထို့ကြောင့် သမီးဖြစ်သူအား ခိုးယူပစ်ထားသူကို အရေးယူပေးရန် မုံရွာမြို့အမှတ်(၂)ရဲစခန်းတွင် တိုင်ကြားသောအမှုဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက မူလရုံးအမှုတွဲပါ နှစ်ဖက်သက်သေများ၏ ထွက်ချက်အရ အခင်းဖြစ်ညက ပွဲကနေစဉ် ဇာတ်စင်ပေါ်သို့ လောက်စာလုံးများကျသဖြင့် ရုတ်ရုတ်သဲသဲဖြစ်သည့်အခါ ပွဲဆက်ကရန်အတွက် ဇာတ်မင်းသားနှင့်ညှိနှိုင်းကြရာတွင် ကိုလှဝင်းလည်းပါဝင်သည်ဟု တရားလိုနှင့် ဦးဘိုနီ (လိုပြ-၈)၊ ဦးထွန်းအေး (ခံပြ-၃)၊ ကိုငယ်လေး (ခံပြ-၄)၊ ကိုစန်းဝင်း (လိုပြ-၇)၊ ရဲတပ်သားတင်ထွန်း (လိုပြ-၁၀) တို့၏ ထွက်ချက်များအရပေါ်ပေါက်ကြောင်း၊ ပွဲခင်းလုံခြုံရေးအတွက် စောင့်ရှောက်ပေးနေသော လူကြီးများနှင့် ရဲတပ်ဖွဲ့ဝင်များရှိပြီး ပွဲခင်းကြီးကြပ်သူများဖြစ်သော ဦးဘိုနီ၊ ဦးထွန်းအေး၊ ကိုငယ်လေး၊ တရားခံ ကိုလှဝင်းနှင့် ဦးဝင်းတို့ပွဲခင်းထဲရှိနေသည်ဟု ပေါ်ပေါက်ကြောင်း၊ ရဲဒုတပ်ကြပ် ထွန်းနိုင် (လိုပြ-၉) နှင့် ရဲတပ်သား တင်ထွန်း (လိုပြ-၁၀)တို့က မငွေးနွယ်မှ ကလေးပျောက်သည့်ညက သူမထံသို့ တရားခံ ကိုလှဝင်း (ခ) လဝင်း ရောက်လာပြီး အပြင်သို့လိုက်ခဲ့ရန်ခေါ်ရာ မငွေးနွယ်မှ ငြင်းဆိုခဲ့သည့်အတွက် ကိုလှဝင်း(ခ) လဝင်းသည် နေအိမ်ဝင်းထဲမှ ပြန်ထွက်သွားသည်ဟု ၎င်းတို့ထံလာရောက်ပြောပြပါသည်ဟု ထွက်ဆိုထားသော်လည်း မငွေးနွယ် (လိုပြ-၂)က မိမိတို့နေအိမ်သို့ မည်သူတစ်ဦးတစ်ယောက်မျှ လာရောက်ခြင်းမရှိပါဟု ထွက်ဆိုထားကြောင်း (လိုပြ-၉) နှင့် (လိုပြ-၁၀) တို့က မိမိတို့နှင့် ရယကအဖွဲ့ဝင် ဦးဘိုနီတို့မှ ကိုလှဝင်း (ခ) လဝင်း အားအဆိုပါညက မငွေးနွယ်ကိုလက်ဆွဲ

၂၀၁၁
လှဝင်း (ခ) လဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ခဲ့သည့်ကိစ္စအား မေးမြန်းရာ ကိုလှဝင်း (ခ) လဝင်း မှ ပထမပိုင်းတွင် ငြင်းသော်လည်း နောက်ပိုင်းတွင် တစ်စုံတစ်ရာ မပြောတော့၍ ရပ်ရွာလူကြီးများက ကျပ်ငွေ ၅၀၀၀၀/- ပေးလျော်စေရန်ဆုံးဖြတ်သည်ဟု ထွက်ဆိုထားသော်လည်း ယင်းအချက်များနှင့်ပတ်သက်၍ ကျန်သက်သေများ၏ ထောက်ခံသောထွက်ချက်မရှိကြောင်း၊ (သက်သေခံ-င) ရှာဖွေပုံစံပါ သက်သေခံတူရွင်းပြားကို တရားခံ လှဝင်း (ခ) လဝင်း ထံမှ သိမ်းဆည်းသော်လည်း ထိုစဉ်က ကိုလှဝင်း (ခ) လဝင်း အားရဲမှ ဖမ်းဆီးချုပ်နှောင်ထားပြီးဖြစ်ကြောင်း၊ သက်သေခံတူရွင်းပြားကို တရားခံ ကိုလှဝင်း (ခ) လဝင်း က လိုက်လံပြသသဖြင့် ရှာဖွေသိမ်းဆည်းရမိပါသည်ဟု မည်သည့်တရားလိုပြသက်သေကမျှ ထွက်ဆိုထားခြင်းမရှိကြောင်း၊ **ဆိုဘီကာရာမန်နှင့် ပြည်ထောင်စုအမှု**[၁] တွင် လမ်းညွှန်ဆုံးဖြတ်ချက်အရ တရားခံ၏ ညွှန်ပြမှုကြောင့် သက်သေခံပစ္စည်း တွေ့ရှိခြင်းမဟုတ်ဘဲ ပစ္စည်းရှာဖွေတွေ့ရှိပြီးမှ ထိုပစ္စည်းကို တရားခံထံမှ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခြင်းသည် သက်သေခံဥပဒေပုဒ်မ ၂၇ နှင့် အကျုံးမဝင်ကြောင်း၊ တရားခံအား အမှုဖွင့်လှစ်ပြီး ရဲအချုပ်၌ရှိနေစဉ်အတွင်း တရားခံက အခင်းဖြစ်နေရာသို့ လိုက်လံပြသခြင်း၊ အခင်းဖြစ်စဉ်က ပြုမူခဲ့သည့်အနေအထားတို့ကို သရုပ်ပြစေခြင်းတို့သည် တရားခံပြစ်မှုကျူးလွန်ကြောင်း ရဲထံဝန်ခံချက်များသာဖြစ်၍ သက်သေခံမဝင်ဟု **မောင်တင်အောင် နှင့် ပြည်ထောင်စုအမှု** [၂] တွင် ဆုံးဖြတ်ထားကြောင်း၊ တရားခံ လှဝင်း (ခ) လဝင်း ထံမှ အခင်းဖြစ်စဉ် ဝင်းဝတ်ဆင်ထားသည်ဟု အဆိုရှိသော ပုဆိုးတစ်ထည်ကို ၁၂-၁၂-၂၀၀၂ နေ့တွင် ရှာဖွေ

---

**(၁) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၈၅**

**(၂) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၃၈**

၂၀၁၁
လှဝင်း (ခ) လဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ပုံစံဖြင့် သိမ်းဆည်းခဲ့ကြောင်း၊ ထိုပုဆိုးတွင် သုတ်ရည်သုတ်ပိုး တွေ့ရှိရသည်ဟု ဓာတုဗေဒဝန်ရုံးမှ ပြန်ကြားသော်လည်း အခင်းဖြစ်သည်ဆိုသောရက်မှာ ၂၆-၈-၂၀၀၂ နေ့ဖြစ်သည့်အတွက် အခင်းဖြစ်ပြီးရက်ပေါင်း (၁၀၈)ရက်ကြာမှ ကိုလှဝင်း (ခ) လဝင်း ထံမှ ပုဆိုးကို သိမ်းဆည်းခြင်းဖြစ်သည်ဟု ပေါ်ပေါက်ကြောင်း၊ စွပ်စွဲသည့် ပြစ်မှုနှင့်ပတ်သက်ပြီး မျက်မြင်သက်သေမရှိသကဲ့သို့ ပတ်ဝန်းကျင်သက်သေခံချက်များအရလည်း ယခုအမှုကို လှဝင်း (ခ) လဝင်း က ကျူးလွန်ခဲ့သည်ဟု တစ်ထစ်ချကောက်ယူနိုင်သည့်သက်သေခံအထောက်အထားမရှိကြောင်း၊ မျက်မြင်သက်သေမရှိဘဲ ပတ်ဝန်းကျင်သက်သေခံချက်များဖြင့် တရားခံ လှဝင်း (ခ) လဝင်း အပေါ် အပြစ်ပေးမည်ဆိုပါက တရားခံအပြစ်ရှိကြောင်း တစ်ထစ်ချကောက်ယူရမည့် အထောက်အထားဖြစ်ရမည်ဟု **မောင်သိန်း နှင့် ပြည်ထောင်စုအမှု**[၃] တွင် ဆုံးဖြတ်ကြောင်း၊ ပတ်ဝန်းကျင်သက်သေခံချက်သာ ရှိသောအမှုများတွင် ကွင်းဆက်တစ်ခုပြတ်နေလျှင် ကွင်းဆက်အားလုံးပြတ်သည်ဟု **ဘင်ဂျာမင်ဇေဗွီယား(ခ)မောင်တင်ဝင်း နှင့် ပြည်ထောင်စုအမှု**[၄] ၊ **မောင်ငြိမ်းမောင်ပါ ၃ နှင့်ပြည်ထောင်စုအမှု**[၅]၊ **မောင်သောင်းကြည်ပါ ၂ နှင့် ပြည်ထောင်စုအမှု**[၆] တို့တွင် ဆုံးဖြတ်ကြောင်း၊ မူလမှုတစ်ခုလုံးတွင် အချင်းချင်းကွဲလွဲထွက်ဆိုနေကြသော တရားလိုဘက်သက်သေများ၏ ထွက်ချက်များ၊ သက်သေခံအဖြစ်အသုံးမပြုနိုင်သော ပြောဆိုဆောင်ရွက်မှုများကို ထင်ကြေးဖြင့်ဆက်စပ်၍ တရားခံ

---

**(၃) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၅၈**

**(၄) ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၆**

**(၅) ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၁**

**(၆) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄**

၂၀၁၁
လှဝင်း (ခ) လဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

အပေါ် အပြစ်ပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ တရားရုံးအဆင့်ဆင့်တို့၏ အမိန့်များကိုပယ်ဖျက်ပြီး အယူခံတရားခံ လှဝင်း (ခ) လဝင်း အား အပြီးအပြတ်လွှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက တရားလိုပြသက်သေ ကျောက္ကာရဲစခန်းမှ ဒုတပ်ကြပ် ထွန်းနိုင်(လိုပြ-၉) နှင့် တပ်သားတင်ထွန်း(လိုပြ-၁၀) တို့ထွက်ချက်အရ မဝင်းလှဲ့မှုဆေးရုံမှဆင်းလာပြီးနောက်တွင် ဦးတင်ဆန်းနှင့် မဒွေးနွယ်တို့သည် ရဲကင်းသို့လာရောက်၍ အချင်းဖြစ်ညက မဒွေးနွယ်မှ ကလေးများကိုသိပ်ပြီး ပွဲခင်းသို့သွားမည်အပြုတွင် လှဝင်းရောက်လာကာ အပြင်လိုက်ခဲ့ရန် လက်ဆွဲခေါ်ရာ ၎င်းမှငြင်းဆန်ခဲ့၍ လှဝင်းပြန်သွားသည်ဟု ပြောပြကြောင်း၊ နောက်ရက်တွင် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဦးဘိုနီ (လိုပြ-၈)အိမ်တွင် မဒွေးနွယ်နှင့် လှဝင်းတို့အားတွေ့ဆုံဖြေရှင်းစေခဲ့ရာ လှဝင်း ကလူကြီးတွေဆုံးဖြတ်တာ နာခံပါမယ်ပြောသဖြင့် ကျပ်ငွေ ၅၀၀၀၀ိ/-ပေးလျော်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါထွက်ဆိုချက်များအရ တရားခံမှာ အချင်းဖြစ်ကိစ္စကို ကျူးလွန်ခဲ့သည်ဟု ပေါ်ပေါက်ကြောင်း၊ သက်သေ ဒုတပ်ကြပ် ထွန်းနိုင်နှင့် တပ်သား တင်ထွန်းတို့မှာ အမှုကို စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ခြင်းခံရသည့် ရဲများမဟုတ်ခြင်း၊ ၎င်းတို့ကိုယ်တိုင်က အမှုစစ်ဆေးသည့်သဘောမျိုးမဟုတ်ဘဲ ညှိနှိုင်းဆောင်ရွက်ပေးမှုပြုသည့်သဘောသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ယင်းထွက်ချက်များမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ ၏ တားမြစ်ချက်တွင် အကျုံးဝင်ခြင်းမရှိကြောင်း၊ သက်သေဒေါက်တာ အောင်စိုးထွန်း၏ ထွက်ချက်အရ မဝင်းလှဲ့မှု၏ မိန်းမကိုယ်မှာ စအိုအထိစုတ်ပြဲနေပြီး မိန်းမကိုယ်ထက်ကြီးသော အရာဖြင့် ပြုလုပ်ပြီးမှ ရရှိနိုင်သည်ဟု ပေါ်ပေါက်ခြင်း၊ အချင်းဖြစ်ညက

လှဝင်းဝတ်ဆင်ခဲ့သည့်ပုဆိုးတွင် သုတ်ရည်စမ်းသပ်တွေ့ရှိခြင်း၊ အချင်းဖြစ်စဉ်က အိမ်တံခါးဖွင့်ရာတွင် အသုံးပြုသော သံတူရွင်းပြားကို တရားခံက (သက်သေခံ-င)ရှာဖွေပုံစံဖြင့် ပေးအပ်ထားခြင်း၊ တံခါးပေါက်ဘောင်ပေါ်တွင် ထင်ကျန်ခဲ့သော ချိုင့်များမှာ ယင်းတူရွင်းပြားများ၏ ထိပ်နှင့်တူညီသည်ဟု မှုခင်းတပ်ဖွဲ့၏ ပြန်ကြားစာ(သက်သေခံ-ထ) အရပေါ်ပေါက်ကြောင်း၊ ပတ်ဝန်းကျင်သက်သေခံချက်များအရ ပြစ်မှုကျူးလွန်သူမှာ တရားခံမှတစ်ပါး အခြားသူဖြစ်နိုင်ကြောင်း မပေါ်ပေါက်လျှင် တရားခံအပေါ် အပြစ်ပေးနိုင်ကြောင်း၊ အမှုတွဲပါသက်သေခံချက်များအရ တရားခံ လှဝင်း (ခ) လဝင်း အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆၊ ပုဒ်မ ၃၆၃ နှင့် ပုဒ်မ ၄၅၀ တို့အရ ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ခြင်းမှာ ဥပဒေအရမှန်ကန်ကြောင်း၊ ဤအယူခံမှုမှာ တရားရုံးချုပ်(မန္တလေးရုံးထိုင်)မှ ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုပြီး ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခြင်းမှာ မှန်ကန်မှု ရှိ မရှိကိုသာလျှင် စိစစ်ရန်ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင် တရားလို ဦးတင်ဆန်း (လိုပြ-၁) နှင့် ၎င်း၏ဇနီး မဌေးနွယ် (လိုပြ-၂) အပြင် လိုပြသက်သေ (၁၃)ဦးကို စစ်ဆေးခဲ့သည်။ အမှုတွင်ပေါ်ပေါက်သော သက်သေခံချက်များအရ တရားလို ဦးတင်ဆန်းနှင့် မဌေးနွယ်တို့သည် ၂၆-၈-၂၀၀၂ နေ့ညတွင် ၎င်းတို့ရွာဘုရားပွဲရှိ ဇာတ်ပွဲတွင်ပွဲကြည့်ပြီးနောက် မဌေးနွယ်က အသက်(၄)နှစ်အရွယ်ရှိ သမီး မဝင်းလဲ့မူနှင့် (၄)လအရွယ်ရှိ သမီးငယ်တို့ကို အိမ်သို့ပြန်သိပ်ပြီးနောက် (၁၁း၀၀)နာရီခန့်တွင် အိမ်တံခါးသော့ခတ်၍ ပွဲခင်းသို့ပြန်သွားပြီး ခင်ပွန်းဖြစ်သူ ဦးတင်ဆန်းကို ခေါ်၍ အိမ်သို့အတူပြန်လာရာ (၁၁း၃၀)နာရီခန့်တွင် ပြန်ရောက်သည်။

အိမ်ပြန်ရောက်သည့်အခါ ၎င်းခတ်ထားသောသော့မှာ ပျက်စီးနေပြီး အိမ်တွင်သိပ်ထားခဲ့သည့် သမီး(၂)ဦးအနက် အသက်(၄)နှစ်အရွယ်ရှိ မဝင်းလဲ့မူ ပျောက်ဆုံးနေကြောင်းတွေ့ရ၍ ပွဲခင်းရှိ လူကြီးများထံသွားရောက်သတင်းပို့ခဲ့ကြသည်။ ပွဲခင်းတွင် ကလေးပျောက်ကြောင်း ကြော်ငြာပြီး ရပ်ရွာလူကြီးများနှင့် ရဲဒုတပ်ကြပ် ထွန်းနိုင် (လိုပြ-၉) ရဲတပ်သား တင်ထွန်း (လိုပြ-၁၀) တို့က ဝိုင်းဝန်းရှာဖွေကြသော်လည်း မဝင်းလဲ့မူကို တွေ့ခဲ့ကြခြင်းမရှိပေ။ နံနက် (၅း၀၀)နာရီခန့်တွင် မအေးစန်း (လိုပြ-၆)က ကလေးငိုသံကြား၍ ပြေးကြည့်ရာမှ မဝင်းလဲ့မူကို တွေ့ရှိရခြင်းဖြစ်သည်။ မဝင်းလဲ့မူအားပြန်တွေ့စဉ် တစ်ကိုယ်လုံး အေးစက်ပြီး မျက်နှာဖူးယောင်ဒဏ်ရာဖြင့် တွေ့ရှိခြင်းဖြစ်သည်။ သက်သေဆရာဝန် ဒေါက်တာ အောင်မိုးထွန်း (လိုပြ-၁၂)က ဆေးစာအရ မဝင်းလဲ့မူ၏ မိန်းမကိုယ်တွင် အပျိုအမြှေးပါးစုတ်ပြဲနေပြီး စုတ်ပြဲဒဏ်ရာသည် မိန်းမကိုယ်နောက်ဆက်နံရံကိုကျော်လွန်ပြီး စအိုအထိစုတ်ပြဲနေကာ (၁)လက်မခွဲခန့်နက်ပြီး မိန်းမကိုယ်အတွင်းသို့ မိန်းမကိုယ်ထက်အရွယ်ကြီးသည့်အရာဖြင့် ထိုးသွင်းပါက ထိုဒဏ်ရာမျိုးရနိုင်ကြောင်းကို ဆရာဝန်က ထွက်ဆိုသည်။ မဝင်းလဲ့မူ၏ မိန်းမကိုယ်တွင် သုတ်ရည်သုတ်ပိုး ရှိ မရှိ စစ်ဆေးပေးရန် ဓာတုဗေဒဝန်ရုံးသို့ ပေးပို့စမ်းသပ်ရာတွင် သုတ်ရည်သုတ်ပိုး စမ်းသပ်မတွေ့ရဟု ပြန်ကြားကြောင်း ဆရာဝန်၏ထွက်ချက်အရတွေ့ရသည်။

အထက်ပါအချက်များအရ မဝင်းလဲ့မူသည် ၎င်း၏နေအိမ်အိပ်ခန်းအတွင်းမှ အိမ်ကိုဖောက်ထွင်း၍ ခိုးယူခံရကာ အဓမ္မပြုကျင့်ခံရပြီးနောက် စွန့်ပစ်ခံခဲ့ရသော အနေအထားဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်သည်။ သို့ရာတွင် မဝင်းလဲ့မူကို တရားခံ လှဝင်း (ခ) လဝင်း က အဓမ္မပြုကျင့်ခဲ့

သည်ကို မြင်သည့်မျက်မြင်သက်သေမရှိပေ။

တရားလို ဦးတင်ဆန်း နှင့် လိုပြသက်သေများဖြစ်သော မဌေးနွယ် (လိုပြ-၂)၊ မချောစု(လိုပြ-၃)၊ဦးစိန်အောင်မင်း(လိုပြ-၄)၊ ဦးဆန်း(လိုပြ-၅)၊ မအေးစန်း(လိုပြ-၆)၊ ကိုစန်းဝင်း(လိုပြ-၇)၊ ဦးဘိုနီ(လိုပြ-၈)တို့၏ ထွက်ချက်တွင် အချင်းဖြစ်အမှုနှင့်စပ်လျဉ်း၍ တရားခံ လှဝင်း (ခ) လဝင်းမှ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်မှုမရှိသည်ကို တွေ့ရသည်။ ဦးစိန်အောင်မင်း (လိုပြ-၄) နှင့် ဦးဆန်း (လိုပြ-၅) တို့မှာ ရဲက တရားခံ လှဝင်း (ခ) လဝင်းအားအချင်းဖြစ်အမှုနှင့်စပ်လျဉ်း၍ သရုပ်ပြခါတ်ပုံရိုက်ရာ၌ သက်သေအဖြစ် လိုက်ပါဆောင်ရွက်ပေးခြင်းကိုသာ ထွက်ဆိုခြင်းဖြစ်ကြောင်း တွေ့ရသည်။

တရားလို ဦးတင်ဆန်း နှင့် ဦးဘိုနီ (လိုပြ-၈)တို့က အချင်းဖြစ်ညတွင် ဇာတ်ပွဲတွင် ဇာတ်ကနေစဉ် (၁၀း၀၀)နာရီခန့်က ပွဲခင်းထဲခဲကျပြီး ပွဲဆက်ကရေး မကရေးနှင့်စပ်လျဉ်း၍ မင်းသားနှင့်ရပ်ရွာလူကြီးများ ညှိနှိုင်းသည့်အစည်းအဝေးပြုလုပ်စဉ် ပွဲခင်းလုံခြုံရေးတွင် တာဝန်ရှိသော ဦးဘိုနီ အပါအဝင် ကိုငယ်လေး၊ ကိုထွန်းလေး၊ တရားခံ လှဝင်း (ခ) လဝင်း တို့ တက်ရောက်ညှိနှိုင်းကြောင်း၊ တရားလို ဦးတင်ဆန်းက ကလေးပျောက်မှုလာရောက်တိုင်ကြားစဉ် ဦးဘိုနီ နှင့် ရယကလူကြီး (၄)ဦး အပါအဝင် ကိုငယ်လေး၊ ကိုဝင်း၊ ကိုထွန်းလေး နှင့် တရားခံ လှဝင်း (ခ) လဝင်းတို့ ရှိနေကြောင်း ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

တရားလိုပြသက်သေ ရဲဒုတပ်ကြပ် ထွန်းနိုင် (လိုပြ-၉) နှင့် တပ်သား တင်ထွန်း (လိုပြ-၁၀)တို့ နှစ်ဦးက မဝင်းလဲ့မူ ဆေးရုံမှဆင်းပြီး တစ်ပတ်ခန့်တွင် မဌေးနွယ်နှင့် ဦးတင်ဆန်းတို့နှစ်ဦး ကျောက္ကာရဲစခန်းသို့ရောက်လာပြီး

၂၀၁၁
လှဝင်း (ခ) လဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

မဒေးနွယ်က ကလေးပျောက်သည့်ညတွင် ရုံးရှေ့ တရားခံ လှဝင်း(ခ)လဝင်း လက်နှိပ်ဓာတ်မီးနှင့်ရောက်လာကာ မဒေးနွယ်၏လက်ကိုဆွဲ၍ အပြင်လိုက်ရန်ခေါ်ကြောင်း၊ မဒေးနွယ်က ယခုအချိန်ကာလတွင် ဒါတွေစိတ်မဝင်စားတော့ကြောင်း၊ ခင်ပွန်းသိက အသတ်ခံရမည်ဖြစ်ကြောင်း ငြင်းဆန်ရာ တရားခံ လှဝင်း (ခ) လဝင်းမှာ ပြန်ထွက်သွားကြောင်း ပြောပြသိရှိရကြောင်း၊ မိမိတို့နှစ်ဦးက စုံစမ်းမေးမြန်းရန် ညောင်ပင်ရွာသို့သွားရောက်ပြီး ရယက ဦးဘိုနီထံပြောပြကြောင်း၊ ဦးဘိုနီက တရားခံ လှဝင်း (ခ) လဝင်းအားမေးရာ ငြင်းဆန်ကြောင်း၊ ထို့ကြောင့် ရယကလူကြီးများနှင့် မိမိတို့ရှေ့တွင်ပင် တရားခံ လှဝင်း (ခ) လဝင်း နှင့် မဒေးနွယ်တို့အား မျက်နှာစုံညီရှင်းလင်းရန်အတွက်ခေါ်မေးရာတွင် တရားခံလှဝင်း (ခ) လဝင်း က ပထမငြင်းဆန်သော်လည်း နောက်ပိုင်းတစ်စုံတစ်ရာ မပြောတော့ဘဲ ခေါင်းငိုက်စိုက်ကျပြီး လူကြီးများဆုံးဖြတ်တာ နာခံမည်ဟုပြောကြောင်း၊ လူကြီးများက ငွေ ၅၀၀၀ဝိ/- ပေးရန်ဆုံးဖြတ်ရာ နာခံမည်ဟု ပြောခဲ့ကြောင်း၊ ရယကလူကြီး ဦးဘိုကြည်၊ ဦးစိန်အောင်မင်းတို့လည်းရှိကြောင်း၊ မိမိတို့စုံစမ်းရာ တရားခံ လှဝင်း (ခ) လဝင်းနှင့် မဒေးနွယ်တို့ ညှိစွန်းဘူးသည်ဟု သိရကြောင်း၊ တရားလို၏ အိမ်ကို တရားခံ လှဝင်း (ခ) လဝင်းမှ ဆောက်ပေးထားသည်ဟု သိရကြောင်း ထွက်ဆိုထားသည်။

(လိုပြ-၉) နှင့် (လိုပြ-၁၀) တို့၏ ထွက်ဆိုချက်ပါအချက်များကို တရားလို ဦးတင်ဆန်း နှင့် အခြားတရားလိုပြသက်သေများက ထောက်ခံထွက်ဆိုခြင်းမရှိကြောင်းတွေ့ရသည်။လိုပြသက်သေ ဦးဘိုနီ၊ ဦးစိန်အောင်မင်းတို့က အဆိုပါအချက်များကို ထွက်ဆိုခြင်းမရှိသကဲ့သို့ ပြန်လှန်မေးမြန်းရာတွင်လည်း ဦးဘိုနီ (လိုပြ-၈)က တရားခံ လှဝင်း (ခ) လဝင်း ကိုခေါ်ယူမေး

မြန်းရခြင်းမရှိကြောင်း၊ ညှိနှိုင်းပေးရခြင်းမရှိကြောင်း ငြင်းဆန်ထားသည်ကို တွေ့ရသည်။

တရားခံပြသက်သေ ရယကဥက္ကဌ ဦးဘိုကြည် (ခံပြ-၅)ကလည်း ညှိနှိုင်းပေးရသည်ဆိုသည့်အချက်မဟုတ်ကြောင်း ထွက်ဆိုထားသည်။ တရားခံပြသက်သေများဖြစ်သော ဦးဝင်း (ခံပြ-၂)၊ ဦးထွန်းအေး (ခံပြ-၃)၊ ကိုငယ်လေး (ခံပြ-၄)၊ ဦးဘိုကြည် (ခံပြ-၅) တို့နှင့် လိုပြသက်သေ ဦးဘိုနီ (လိုပြ-၈) တို့သည် ပွဲခင်းဖြစ်မြောက်ရေးအတွက် တာဝန်ယူကြသူများဖြစ်ပြီး တရားခံ လှဝင်း (ခ) လဝင်း မှာ ပွဲခင်းဖြစ်မြောက်ရေးတွင် တာဝန်ရှိသူတစ်ဦး အဖြစ်ပါဝင်ပြီး အချင်းဖြစ်သည်ဆိုသည့် ညကပွဲခင်းထဲတွင် မိမိတို့နှင့်အတူ ရှိနေကြောင်း၊ ပွဲခင်းထဲခဲကျ၍ ရုတ်ရုတ်သဲသဲဖြစ်စဉ် ပွဲဆက်ကရန် ဇာတ်အဖွဲ့နှင့်ညှိနှိုင်းကြရာ၌ ၎င်းတို့အားလုံးအတူရှိနေကြကြောင်း ထွက်ဆိုထားသည်ကိုတွေ့ရှိရသည်။

အမှုတွင် မဝင်းလှဲ့မူအား အိမ်ဖောက်ထွင်းခိုးယူပြီး အဓမ္မပြု၍ စွန့်ပစ်ထားသူမှာ တရားခံ လှဝင်း (ခ) လဝင်းဖြစ်ကြောင်း စွဲဆိုခြင်းမှာ တရားလိုပြသက်သေ ရဲဒုတပ်ကြပ် ထွန်းနိုင် (လိုပြ-၉) နှင့် ရဲတပ်သား တင်ထွန်း (လိုပြ-၁၀) တို့၏ ထွက်ချက်အရ နှင့် ရဲမှစုံစမ်းမှုပြုပြီး တရားခံ လှဝင်း (ခ) လဝင်း အားအချင်းဖြစ် ပြစ်မှုကျူးလွန်သည့်ကိစ္စနှင့်စပ်လျဉ်း၍ စစ်ဆေးချက်ရယူပြီး တရားခံ လှဝင်း (ခ) လဝင်းအားပြစ်မှုကျူးလွန်ပုံကို သရုပ်ပြခာတ်ပုံရိုက်ယူသည့်အချက်ကို အဓိကအထောက်အထားအဖြစ် တင်ပြလျက် အရေးယူခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ရဲမှစစ်ဆေးပြီး တရားခံအား ချုပ်ထားစဉ် စစ်ဆေးပေါ်ပေါက်ချက်အရဟုဆိုကာ တရားခံအား အချင်းဖြစ်ပြစ်မှုကျူးလွန်စဉ်က လုပ်ဆောင်ချက်ကို သရုပ်ပြစေသည့်

၂၀၁၁
လှဝင်း (ခ) လဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

အချက်သည် သက်သေခံဥပဒေပုဒ်မ ၂၄၊ ၂၆ တို့အရ ရဲအချုပ်တွင်ရှိနေစဉ် ဖြောင့်ဆိုချက်ရယူသည့်အချက်တွင် အကျုံးဝင်ပြီး သက်သေခံဥပဒေအရ သက်သေခံမဝင်ပေ။ ထို့ကြောင့် ထိုအချက်သည် သက်သေခံအဖြစ်လက်ခံ စဉ်းစားသင့်သောအချက်မဟုတ်သဖြင့် ထိုရဲတပ်ဖွဲ့ဝင်နှစ်ဦး၏ ထွက်ချက်ကိုအခြေခံပြီး တရားခံ လှဝင်း (ခ) လဝင်း အပေါ်အရေးယူအပြစ်ပေးခြင်းသည် မျှတ မှန်ကန်မှုမရှိပေ။

တရားခံ လှဝင်း (ခ) လဝင်း အပ်နှံထားသော ပုဆိုးတွင် သုတ်ရည်စမ်းသပ်တွေ့ရှိသည်ဆိုသည့် ဓာတုဗေဒဝန်ရုံး၏ပြန်ကြားစာ သက်သေခံ “ ဌ ” သာရှိပေသည်။ ထိုအချက်နှင့်ပတ်သက်၍ သုံးသပ်ပါက အချင်းဖြစ်သည်ဆိုသည့်နေ့မှာ ၂၆-၈-၂၀၀၂ နေ့ဖြစ်သည်။ တရားခံ လှဝင်း (ခ) လဝင်း ထံမှ ပုဆိုးသိမ်းသည့်နေ့မှာ ၁၂-၁၂-၂၀၀၂ နေ့ဖြစ်ကြောင်း သက်သေခံ “ဎ” ပုဆိုးသိမ်းသည့် ရှာဖွေပုံစံအရ တွေ့ရသည်။ ယင်းအချက်အရပင် တရားခံ လှဝင်း (ခ) လဝင်းသည် ၂၆-၈-၂၀၀၂ နေ့က မဝင်းလှဲ့မူအား ၁၂-၁၂-၂၀၀၂ နေ့တွင် အပ်နှံသည့် ပုဆိုးဝတ်ဆင်ထားစဉ် အဓမ္မကျူးလွန်သည်ဟု မှတ်ယူရန် အလှမ်းဝေးကြောင်း ပေါ်ပေါက်နေပေသည်။ မဝင်းလှဲ့မူကဲ့သို့သော အသက်(၄)နှစ် အရွယ်သာရှိသေးသည့် ကလေးတစ်ဦးအပေါ် လူမဆန်စွာပြုကျင့်သောအမှုတွင် တရားခံအား ထိရောက်ဟန့်တားသော ပြစ်ဒဏ်ကို ချမှတ်သင့်သည်မှာ မှန်သော်လည်း တရားခံအပေါ်ပြစ်ဒဏ် ချမှတ်နိုင်လောက်သော ခိုင်လုံသည့်သက်သေခံအထောက်အထားရရန် အထူးလိုအပ်ပေသည်။ ရာဇဝတ်မှုတွင် တရားခံအပေါ် အရေးယူအပြစ်ပေးရာ၌ ကွင်းဆက်မပြတ်သော ခိုင်လုံသည့်အထောက်အထားလိုကြောင်း ကွင်းဆက်ပြတ်သည်ကို ထင်မြင်ချက်ဖြင့် ဆက်၍မရကြောင်း၊ ထင်ကြေး

၂၀၁၁
လှဝင်း (ခ) လဝင်း
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ဖြင့် အပြစ်ပေးရှိမရကြောင်း **မောင်ငြိမ်းမောင်ပါ ၃ နှင့် ပြည်ထောင်စု အမှု** [၅] ၊ **မောင်သောင်းကြည် နှင့် ပြည်ထောင်စုအမှု**[၆] **နှင့် ဦးကျော်နှင့် ပြည်ထောင်စုအမှု**[၇] တို့တွင် လမ်းညွှန်ထားသည်။

အထက်ပါအချက်များအရ “ မုံရွာခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် ၂၇/၂၀၀၂ တွင် တရားခံ လှဝင်း (ခ) လဝင်း အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆၊ ပုဒ်မ ၃၆၃ နှင့် ပုဒ်မ ၄၅၀ တို့အရ ပြစ်ဒဏ်များ စီရင်ချမှတ်ခဲ့ခြင်းအား အတည်ပြုပေးခဲ့သည့် တရားရုံးချုပ် (မန္တလေး)၏ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၂(ခ)/၂၀၀၃ အမိန့်သည် အမှုတွဲရှိသက်သေခံချက်များအရ မှန်ကန်မှုမရှိကြောင်း” ဖြေဆိုလိုက်သည်။

ထို့ကြောင့် ဤအထူးအယူခံကို ခွင့်ပြုသည်။

တရားခံ လှဝင်း (ခ) လဝင်း အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆၊ ပုဒ်မ ၃၆၃၊ ပုဒ်မ ၄၅၀ တို့အရ ပြစ်မှုထင်ရှားစီရင်ထားသည့် မုံရွာခရိုင်တရားရုံး၊ ပြစ်မှုကြီးမှုအမှတ် ၂၇/၂၀၀၂ ၏ အမိန့်ကိုအတည်ပြုသည့် စစ်ကိုင်းတိုင်းတရားရုံး၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၄/၂၀၀၃ ၏ အမိန့်နှင့် တရားရုံးချုပ်(မန္တလေး) ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၁၂(ခ)/၂၀၀၃ ၏ အမိန့်တို့ကို ပယ်ဖျက်လိုက်ပြီး တရားခံ လှဝင်း (ခ) လဝင်း အားအမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

---

**(၇) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁**

## ပြစ်မှုဆိုင်ရာအထူးအယူခံအမှု
## ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
## ဦးစိုးညွန့် နှင့် ဦးမြင့်ဟန် တို့ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၅ ရက်

## ဦးသိန်းဟန်
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၂*

**လင်ယောကျ်ားဖြစ်သူက ဇနီးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲဆိုခြင်း၊ လင်မယားနှစ်ဦးပိုင် မော်တော်ယာဉ်ကို လက်ဝယ်ထားသူဇနီးက ယာဉ်လိုင်စင်သက်တမ်းတိုးပေးရန်လျှောက်ထားခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုမြောက် မမြောက်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားစွဲတင်သည့် တရားခံပြေးအမှုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ အရဆောင်ရွက်ခဲ့ပြီးနောက် ဖမ်းဆီးမိသည့်တရားခံအပေါ် နောက်ထပ်စွဲဆိုသည့်အမှုကို ချေဖျက်နိုင်ခြင်း ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုထင်ရှားရန်

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထူးအယူခံမှုအမှတ် ၂၁

\+ ၂၀၁၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာအမှတ် ၁၄ တွင် ချမှတ်သော တရားရုံးချုပ် (ရန်ကုန်)၏ ၁၀-၅-၂၀၁၀ ရက်စွဲပါအမိန့်ကို အထူးအယူခံမှု။

မှာ မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားမှုရှိရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၄ အရ မရိုးမဖြောင့်သောသဘောဆိုသည်မှာ မတရားဆုံးရှုံးစေရန်အကြံဖြင့်ဖြစ်စေ၊ မတရားရယူရန်အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုဖြစ်သည်ဟု ဖွင့်ဆိုထားသည်။ တရားခံ ဒေါ်ငွေးငွေးမွန်၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြစ်မှုမြောက်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း မတွေ့ရှိရပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားစွဲတင်သည့် တရားခံပြေးမှုများတွင် တရားခံမျက်ကွယ်၌ရယူသည့် တရားလိုပြသက်သေများ၏ သက်သေခံသည့်အချက်အလက်များအရ ပြစ်မှုမှာ လုံလောက်စွာ ယုတ္တိထင်ရှားခြင်းရှိက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရ ဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပြီး တရားခံသည် မည်သည့် ဥပဒေပုဒ်မ၊ မည်သည့်ပြစ်မှုကျူးလွန်ကြောင်း တိတိကျကျသတ်မှတ်ဆောင်ရွက်ခြင်းမဟုတ်ပေ။ တရားခံကိုယ်တိုင်ရုံးရှေ့သို့လာရောက်ခုခံထားခြင်းမရှိသည့်အခြေအနေတွင် ရေးမှတ်ထားသည့် သက်သေခံချက်များကို တရားခံကိုယ်တိုင်ရုံးရှေ့ရောက်ရှိသည့်အချိန်တွင် သက်သေခံဥပဒေပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များအရမှတစ်ပါး သက်သေခံအဖြစ် အသုံးမပြုနိုင်ပေ။ သို့ဖြစ်ရာ တရားခံ ဒေါ်ငွေးငွေးမွန်အား တရားခံပြေးအမှုအဖြစ် ဗဟန်းမြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၆၈/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၂၀၊ ၄၆၈၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ စတင်တရားစွဲဆိုစဉ်က တရားခံဒေါ်ငွေးငွေးမွန်အပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရ ဆောင်ရွက်စေကာမူ တရားခံ ဒေါ်ငွေးငွေးမွန်အား ဖမ်းဆီးရမိပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ဗဟန်းမြို့နယ်တရားရုံး ပြစ်မှုကြီး

၂၀၁၁
ဦးသိန်းဟန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

အမှတ် ၄၈၆/၂၀၀၉ ဖြင့် ထပ်မံတရားစွဲဆိုရာတွင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း ရှိ မရှိ ထိုအမှုမှ သက်သေခံအထောက်အထားများအရသာ ဆုံးဖြတ်ရမည်ဖြစ်ပေသည်။

တရားခံဒေါ်ဌေးဌေးမွန်အပေါ် ထပ်မံစွဲဆိုသည့်အမှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲဆိုတင်ပို့လာခြင်းဖြစ်၍ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရအမှုတွဲချေဖျက်ရန် သင့် မသင့် စဉ်းစားသည့်အခါ တရားခံအပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုမြောက် မမြောက်ကိုသာ စဉ်းစားသုံးသပ်ရန် ရှိပေသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးမျိုးညွန့်၊ တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားခံ (၁) အတွက် | - | ဦးသောင်းစိန်၊ ညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| အယူခံတရားခံ (၂) အတွက် | - | ဦးသိန်းဟန်၊ တရားလွှတ်တော်ရှေ့နေ |

ဦးသိန်းဟန်က ဒေါ်ဌေးဌေးမွန်အပေါ် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၂၀ ဖြင့် တရားစွဲဆိုသော ဗဟန်းမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၄၈၆/၂၀၀၉ အမှုကို တရားရုံးချုပ် (ရန်ကုန်)၏ ပြစ်မှုဆိုင်ရာအထွေထွေမှု အမှတ် ၁၄/၂၀၁၀ တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲချေဖျက်သည့်အမိန့် ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို ဦးသိန်းဟန်က ကျေနပ်မှုမရှိသဖြင့် အထူးအယူခံဝင်ခွင့်ပြုရန် ပြစ်မှုဆိုင်ရာအထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၈၅/၂၀၁၀ ကိုတင်သွင်းရာအောက်ပါပြဿနာ

အပေါ် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

၁။ တရားလိုထံတွင် အချင်းဖြစ် ၁ခ/၅၃၇၇ ယာဉ်၏ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မူရင်းနှင့်ယာဉ်ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများရှိနေကြောင်း၊ တရားခံမှသိရှိနေလျက် အဆိုပါ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် တရားခံကလျှောက်ထားခဲ့ သည်ဟု သက်သေခံချက်များ အမှု၌ ပေါ်ပေါက်ပါလျက် တရားရုံးချုပ်မှ အမှုကို ချေဖျက်ခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မှု ရှိ မရှိ၊

၂။ တရားခံပြေးမှုစွဲဆိုစဉ်က ရဲစွဲချက်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၄၆၇ တို့ဖြင့် ရဲမှ တရားစွဲဆို၍ မြို့နယ်တရားရုံးမှ စစ်ဆေးပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့သည့် တရားခံအား ဖမ်းဆီး ရမိပြီးနောက် ထပ်မံတရားစွဲဆိုသည့်အခါတွင် ရဲစွဲချက်၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့်သာ တရားစွဲဆိုလာခြင်း အပေါ် အဆိုပါတရားရုံးမှ အမှုလက်ခံဆောင်ရွက်ခဲ့ခြင်းသည် မှန်ကန်မှု ရှိ မရှိ။

အမှုမှာ တရားလို ဦးသိန်းဟန်က ၎င်းသည် မော်တော်ယာဉ်အမှတ် ၁ခ/၅၃၇၇(တိုယိုတာကရောင်း၊ပုလဲဖြူရောင်)ကို မူလပိုင်ရှင် ဒေါ်ခိုင်မျိုးအောင် ထံမှ ဝယ်ယူခဲ့ပြီး ကားနှင့်သက်ဆိုင်သော ယာဉ်မှတ်ပုံတင်စာအုပ်၊ အာမခံ စာအုပ်၊ အခွန်စာရွက်၊ အရောင်းအဝယ်စာချုပ်မူရင်းများကို လက်ဝယ်ထားရှိ ခဲ့ကြောင်း၊ ၉-၁၀-၂၀၀၄ နေ့တွင် ဇနီးဖြစ်သူ ဒေါ်ဌေးဌေးမွန် နှင့် လင်မယား

ချင်းစကားများရန်ဖြစ်ပြီး ဦးသိန်းဟန်အိမ်ပေါ်မှ ဆင်းခဲ့သည့်အခါ ယာဉ်အမှတ် ၁ခ/၅၃၇၇ သည် ဇနီးဒေါ်ဌေးဌေးမွန်ထံတွင် ကျန်ခဲ့ကြောင်း၊ ၉-၃-၂၀၀၅ နေ့ထုတ်မြန်မာ့အလင်းသတင်းစာတွင် (ကမ-၃) မိတ္တူလျှောက်ထားသည့် ကြော်ငြာပါလာ၍ စုံစမ်းရာ ဒေါ်ဌေးဌေးမွန်သည် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ရရှိရန်အတွက် ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံးသည်ဟု လိမ်လည်လျှောက်ထားသည်ကိုသိရှိရကြောင်း၊ ဦးသိန်းဟန်မှ သက်ဆိုင်ရာ ရန်ကုန်တိုင်း (က. ည. န) တိုင်းဦးစီးမှူးထံသို့လည်းကောင်း၊ မူလပိုင်ရှင်ဒေါ်ခိုင်မျိုးအောင်ထံသို့လည်းကောင်း ဒေါ်ဌေးဌေးမွန်၏ အမည်ပြောင်းလဲမပေးရန် ကန့်ကွက်စာနှင့် အကြောင်းကြားစာများ ပေးပို့ခဲ့ကြောင်း၊ ဒေါ်ဌေးဌေးမွန်သည် ၁ခ/၅၃၇၇ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ဝယ်ယူခြင်းဆိုင်ရာ စာချုပ်အတုပြုလုပ်ပြီး ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ရရှိရေးအတွက် လိမ်လည်ဆောင်ရွက်သဖြင့် ဥပဒေနှင့်အညီ အရေးယူပေးရန် ဦးသိန်းဟန်က ဗဟန်းရဲစခန်းသို့တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက တရားလို ဦးသိန်းဟန်၏ ပထမသတင်းပေးတိုင်ချက်နှင့် ရုံးရှေ့ထွက်ဆိုချက်များအရ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း (ကမ-၃)၊ ယာဉ်နှင့်သက်ဆိုင်သည့် အာမခံပရီမီယံစာအုပ်၊ ယာဉ်အတွက် အခွန်ပေးဆောင်မှုမှတ်တမ်း၊ တရားလို နှင့်ဒေါ်ခိုင်မျိုးအောင် တို့မော်တော်ယာဉ်အရောင်းအဝယ်ပြုလုပ်ထားသောအရောင်းအဝယ်စာချုပ်များ ဦးသိန်းဟန်လက်ဝယ်ရှိကြောင်း၊ဒေါ်ဌေးဌေးမွန်သိရှိပါလျက် ရန်ကုန်တိုင်း (က. ည. န)ရုံးတွင် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံးသည်ဟု လိမ်လည်၍ လျှောက်ထားသည့်အချက်မှာ ပြစ်မှု

ကြောင်းအရ ငြိစွန်းသောအချက်ဖြစ်ကြောင်း၊ အမှုတွင် သက်သေစာရင်းအရ သက်သေ (၁၀)ဦးရှိရာ ဦးသိန်းဟန်တစ်ဦးတည်းကိုသာ စစ်ဆေးရသော အဆင့်တွင် တရားရုံးချုပ်က အမှုကို ချေဖျက်ခြင်းမှာ လျော်ကန်မှုမရှိကြောင်း၊ တရားရုံးချုပ်က ဒေါ်ဌေးဌေးမွန်အနေဖြင့် လိမ်လည်အတုပြုလုပ်သော စာရွက်စာတမ်းကို (က. ည. န)ရုံးသို့ တင်ပြခြင်းသည် ဦးသိန်းဟန်ကို လိမ်လည်ခြင်းမဟုတ်၍ (က. ည. န)ရုံးကသာ အရေးယူရမည်ဟု သုံးသပ်ခြင်းမှာ စီရင်ထုံးလမ်းညွှန်နှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၂)၊ ၁၉၅(၁)(ဂ) တို့နှင့် ညီညွတ်မှုမရှိကြောင်း၊ ပြစ်မှုဆိုင်ရာအမှုများတွင် အမှုအကြောင်းသိရှိသူ မည်သူမဆို တိုင်တန်းနိုင်သည်ဟု **ဦးဉာဏ်လင်းအောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ အမှု**(၁) တွင် ထုံးဖွဲ့ကြောင်း၊ ဒေါ်ဌေးဌေးမွန်အပေါ် မူလစွဲဆိုစဉ်က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၄၆၇၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားခံပြေးမှု ဖွင့်လှစ်စွဲဆိုခြင်းဖြစ်ပြီး၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ အရလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ဒေါ်ဌေးဌေးမွန်မှ ၅-၈-၂၀၀၉ ရက်နေ့တွင် ဗဟန်းရဲစခန်း၌ အဖမ်းခံ၍ ပြန်လည်တရားစွဲတင်ပို့ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ ကိုဖျက်၍ ပုဒ်မ ၄၂၀ ဖြင့်သာ စွဲဆိုလာခြင်းကို မူလရုံးက လက်ခံဆောင်ရွက်ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၃ နှင့် တရားရုံးလက်စွဲအပိုဒ် ၁၁၃၇ တို့နှင့်ညီညွတ်မှုမရှိကြောင်း၊ ထိုအခြေအနေတွင် အမှုတွဲချေဖျက်လိုက်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၆၇ အရ စွဲဆိုမှုကို ချေဖျက်ခြင်း ရှိ မရှိ အငြင်းပွားဖွယ်ရာဖြစ်ကြောင်း၊ ထို့ပြင် တရားခံပြေးမှုဖြင့်စွဲဆိုစဉ်က ဒေါ်ဌေးဌေးမွန် နှင့် ဦးမင်းဇော်ဦးတို့အပေါ် စွဲဆိုခြင်းဖြစ်

---

**(၁) ၂၀၀၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၅**

၂၀၁၁
ဦးသိန်းဟန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

ကြောင်း၊ အမှုကိုချေဖျက်စဉ် ဦးမင်းဇော်ဦးမှာ တရားခံပြေးအဖြစ်သာရှိနေသေး၍ ရုံးရှေ့မရောက်သော တရားခံအတွက်ပါ အမှုချေဖျက်ရာရောက်ပြီး **ဦးဝင်းစိန်ပါ ၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ အမှု**[၂] စီရင်ထုံးလမ်းညွှန်နှင့်ဆန့်ကျင်နေကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ ၂ ဒေါ်ဌေးဌေးမွန်၏ရှေ့နေကဒေါ်ဌေးဌေးမွန်အနေဖြင့် မော်တော်ယာဉ် ၁ခ/၅၃၇၇ ၏ လိုင်စင်သက်တမ်းပြည့်သွားသည့်အတွက် သွားလာရေးခက်ခဲမှုရှိလာ၍ (က. ည. န)ရုံးသို့ မူလအမည်ပေါက်ဒေါ်ခိုင်မျိုးအောင်အမည်ဖြင့် (ကမ-၃) မိတ္တူရရှိရန်လျှောက်ထားခြင်းဖြစ်ကြောင်း၊ ဒေါ်ဌေးဌေးမွန်၏ အမည်သို့ပြောင်းပေးရန်လျှောက်ထားခြင်းမရှိကြောင်း၊ (က. ည. န)ရုံးမှ သတင်းစာ၌ ကြော်ငြာရာတွင် (ကမ-၃) မိတ္တူလျှောက်ထားကြောင်းသာ ဖော်ပြထားပြီး တရားလိုစွပ်စွဲသကဲ့သို့ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် ပျောက်ဆုံး၍ လျှောက်ထားသည်ဟု မပါရှိကြောင်း၊ ထို့ကြောင့် သတင်းစာပါ (က. ည. န)ရုံး၏ ကြော်ငြာစာကို အကြောင်းပြုပြီး ဒေါ်ဌေးဌေးမွန်က လိမ်လည်လျှောက်ထားသည်ဟု တရားလို၏စွပ်စွဲချက်မှာမှန်ကန်မှုမရှိကြောင်း၊ အမှုစတင်စွဲဆိုစဉ်က ဒေါ်ဌေးဌေးမွန်မှာဂုဏ်အပေါ်တရားစွဲဆိုသည်ကို သိရှိခြင်းမရှိကြောင်း၊ အမှုစွဲဆိုထားကြောင်းသိ၍ သွားရောက်အဖမ်းခံသည့်ကိစ္စတွင် သက်ဆိုင်ရာတရားစွဲအဖွဲ့အစည်းမှ ပုဒ်မ ၄၂၀ ဖြင့်သာ စွဲတင်ခြင်းကို တရားရုံးမှ လက်ခံစစ်ဆေးခြင်းမှာ တရားရုံးအနေဖြင့် မိမိသဘောဖြင့် ဆောင်ရွက်ခြင်းမဟုတ်ကြောင်း၊ ရဲစွဲချက်ကိုလက်ခံပြီး ပြစ်မှုကြီးအမှတ် ၄၈၆/၂၀၀၉ ဖြင့်အမှုဖွင့်လှစ်ဆောင်ရွက်ခြင်း

---

(၂) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၃၈

သည် ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း၊ တရားလို၏ တိုင်လျှောက်လွှာ (သို့) တိုင်လျှောက်သူ၏ ရုံးရှေ့အစစ်ခံချက်အရ တရားခံပြစ်မှုကျူးလွန်ကြောင်း မပေါ်ပေါက်ပါက အမှုကိုချေဖျက်ပေးနိုင်သည်ဟု စီရင်ထုံးများတွင် လမ်းညွှန်ထုံးဖွဲ့ထားပြီးဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက အချင်းဖြစ်မော်တော်ယာဉ် ၁ခ/၅၃၇၇ သည် တရားလို ဦးသိန်းဟန် နှင့် တရားခံ ဒေါ်ဌေးဌေးမွန်တို့ လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်ပြီး ထိုမော်တော်ယာဉ်ကို ဒေါ်ဌေးဌေးမွန်က လိမ်လည်လှည့်ဖြားရယူထားသည်ဟု ပေါ်ပေါက်ခြင်းမရှိကြောင်း၊ဦးသိန်းဟန် နေအိမ်မှဆင်းသွားစဉ် အချင်းဖြစ် မော်တော်ယာဉ် ၁ခ/၅၃၇၇ ယာဉ်မှတ်ပုံတင်စာအုပ်၊ ယာဉ်ပိုင်ဆိုင်ခွင့်စာရွက်စာတမ်းများ ဦးသိန်းဟန်လက်ဝယ်ပါသွားစေကာမူ မော်တော်ယာဉ်မှာ ဒေါ်ဌေးဌေးမွန်လက်ဝယ်တွင်ရှိနေခြင်းဖြစ်၍ ဒေါ်ဌေးဌေးမွန်သည် လိမ်လည်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊ (က. ည. န)ရုံးသို့ ဒေါ်ဌေးဌေးမွန်က လိမ်လည်အတုပြုလုပ်တင်ပြသည်ဆိုလျှင် (က. ည. န)ရုံးက အရေးယူရမည့်ကိစ္စဖြစ်ကြောင်း၊ အမှုတစ်ခုရုံးရှေ့ရောက်ရှိသောအခါ သက်သေထွက်ချက်အထောက်အထားအပေါ် မူတည်၍ တရားသူကြီးသည် ဥပဒေအရ စီရင်ဆုံးဖြတ်ရမည်ဖြစ်ပြီး မည်သည့်ဥပဒေပုဒ်မအရသာ စွဲတင်ရမည်ဟု တရားစွဲသူကသော်လည်းကောင်း၊ အစွဲခံရသူကသော်လည်းကောင်း သတ်မှတ်ညွှန်ကြားခြင်းမပြုနိုင်ဟု **နိုင်ငံတော်နှင့် ဦးစံသိန်းပါ၃ အမှု**(၃) တွင်လမ်းညွှန်ဆုံးဖြတ်ထားကြောင်း၊ တရားခံ ဒေါ်ဌေးဌေးမွန်အပေါ် တရားခံပြေးမှုဖြင့် စွဲဆိုသောအမှုတွင် ပြစ်မှုဆိုင်ရာ

---

**(၃) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၃၂**

ကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့အရ ဝရမ်းထုတ်သည်မှာ မှန်သော်လည်း မည်သည့်ပြစ်မှုကို ကျူးလွန်သည်ဟု တိတိကျကျ ဆုံးဖြတ်ထားခြင်းမရှိသေးကြောင်း၊ တရားခံအား ဖမ်းဆီးရမိပြီးနောက် ထပ်မံတရားစွဲသည့်အခါ စွဲချက်၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့် တရားစွဲခြင်းမှာ တရားစွဲအဖွဲ့အစည်း၏ ဆောင်ရွက်ချက်သာဖြစ်ပြီး ထိုအမှုကို လက်ခံဆောင်ရွက်သော တရားရုံး၏ ဆောင်ရွက်ချက်သည် မှားယွင်းမှုမရှိကြောင်း လျှောက်လဲတင်ပြသည်။

အမှုတွင်ပေါ်ပေါက်သော သက်သေခံအထောက်အထားများအရ ဦးသိန်းဟန်သည် ဒေါ်ငွေငွေမွန်နှင့် လင်မယားချင်းစကားများရန်ဖြစ်၍ နှစ်ဦးအတူပေါင်းသင်းနေထိုင်သော ဗဟန်းမြို့နယ်၊ ဆရာစံလမ်းနေအိမ်မှ ဆင်းလာစဉ် အချင်းဖြစ်မော်တော်ယာဉ် ၁ခ/၅၃၇၇ မှာ အဆိုပါဆရာစံလမ်းနေအိမ်တွင် ကျန်ရစ်ပြီး မော်တော်ယာဉ်နှင့်စပ်လျဉ်းသည့် ယာဉ်မှတ်ပုံတင်စာအုပ်၊ အာမခံ ပရီမီယံစာအုပ်၊ အခွန်ပေးဆောင်သည့်မှတ်တမ်း၊ မော်တော်ယာဉ်အရောင်းအဝယ်စာချုပ်မူရင်းများကို တရားလို ဦးသိန်းဟန်က ယူဆောင်သွားခဲ့သည်။ တရားခံ ဒေါ်ငွေငွေမွန်က ယာဉ်လိုင်စင်သက်တမ်းတိုးရန်အတွက် သက်ဆိုင်ရာရန်ကုန်တိုင်း (က. ည. န)ရုံးတွင် (ကမ-၃) မိတ္တူလျှောက်ထားခြင်း၊ ဗဟန်းမြို့နယ်အခွန်ဦးစီးဌာနရုံးတွင် မော်တော်ယာဉ်အတွက် ကျသင့်သည့်အခွန်ငွေပေးဆောင်ခြင်းပြုရာတွင် တရားခံ ဒေါ်ငွေငွေမွန် သည်ယာဉ်အမှတ် ၁ခ/၅၃၇၇ ကိုဝယ်ယူသည့်စာချုပ်အတုပြုလုပ်၍ လျှောက်ထားဆောင်ရွက်သည်ဟု တရားလို ဦးသိန်းဟန်က စွပ်စွဲပြီး တရားခံ ဒေါ်ငွေငွေမွန်ကို အရေးယူပေးရန် တိုင်တန်းခဲ့ခြင်းဖြစ်သည်။

ဦးသိန်းဟန်၏ တိုင်ချက်တွင် မော်တော်ယာဉ်မှာ ဇနီးဖြစ်သူ ဒေါ်ငွေငွေမွန်၏ လက်ဝယ်တွင် ကျန်ရစ်ခဲ့ရာမှ ၉-၃-၂၀၀၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မော်တော်ယာဉ်အမှတ် ၁ခ/၅၃၇၇ နှင့်ပတ်သက်၍ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားသည့် ကြော်ငြာပါရှိလာသည့်အတွက် ရန်ကုန်တိုင်း(က. ည. န)ရုံးသို့ သွားရောက်စုံစမ်းရာ ၎င်းမော်တော်ယာဉ်အမှတ် ၁ခ/၅၃၇၇ ဝယ်ယူခြင်းဆိုင်ရာစာချုပ်စာတမ်းများအတုပြုလုပ်ပြီး မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်ပျောက်ဆုံးသည်ဟု လိမ်လည်လျှောက်ထားကြောင်းသိရသည့်အတွက် ဒေါ်ငွေငွေမွန်အား အရေးယူပေးရန်တိုင်ကြားခြင်းဖြစ်ကြောင်း တိုင်ချက်တွင် ဖော်ပြထားသည်။ သက်သေအဖြစ်အစစ်ခံထွက်ဆိုရာ၌ အချင်းဖြစ်ယာဉ်အမှတ် ၁ခ/၅၃၇၇ ၏ (ကမ-၃) မိတ္တူလျှောက်ထားခြင်းကို ကန့်ကွက်ရန် မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာအရသွားရောက်စုံစမ်းရာတွင်ဒေါ်ငွေငွေမွန်က ရန်ကုန်တိုင်း(က. ည. န)ရုံးတွင် (ကမ-၃) မိတ္တူထုတ်ပေးရန်လျှောက်လွှာ (သက်သေခံ-ဇ) ဖြင့်လျှောက်ထားသည်ကို တွေ့ရကြောင်း၊ အချင်းဖြစ်မော်တော်ယာဉ်၏ (ကမ-၃)မူရင်း မိမိလက်ဝယ်ရှိနေပါလျက်ဒေါ်ငွေငွေမွန်က မိတ္တူလျှောက်ထားခြင်းမှာ လိမ်လည်လျှောက်ထားခြင်းဖြစ်ကြောင်း တင်ပြထွက်ဆိုထားသည်။

ဒေါ်ငွေငွေမွန်သည် ၎င်းလက်ဝယ်ကျန်ရှိနေသောမော်တော်ယာဉ်ကို အသုံးပြုမောင်းနှင်နေစဉ် ယာဉ်လိုင်စင်သက်တမ်းတိုးရန်အလို့ငှာ ရန်ကုန်တိုင်း(က. ည. န)ရုံးသို့ ယာဉ်၏ (ကမ-၃)မိတ္တူလျှောက်ထားရာတွင် မူရင်း (ကမ-၃) ပျောက်ဆုံးသွားသည်ဟု လိမ်လည်ဖော်ပြကြောင်း ဦးသိန်းဟန်က တင်ပြသော်လည်း ယင်းသို့လိမ်လည်ဖော်ပြသည်ဆိုသည့်အချက်ကို

သက်သေတင်ပြနိုင်ခြင်းမရှိပေ။ ရန်ကုန်တိုင်း (က. ည. န)ရုံးမှ ယာဉ်အမှတ် ၁ခ/၅၃၇၇ ၏ (ကမ-၃)မိတ္တူလျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိက ကန့်ကွက်ရန် ၉-၃-၂၀၀၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာ (သက်သေခံ-င) တွင် " ယာဉ်အမှတ် ၁ခ/၅၃၇၇ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူကိုလျှောက်ထားလာပါသဖြင့် " ဟုသာပါရှိပြီး ထိုကြော်ငြာအရ (ကမ-၃) မူရင်းပျောက်ဆုံး၍မိတ္တူလျှောက်ထားသည်ဆိုသည့်အချက်ပါဝင်ခြင်းမရှိသကဲ့သို့(ကမ-၃) မိတ္တူထုတ်ပေးရန် ဒေါ်ငွေငွေမွန်ကလျှောက်ထားသည့်လျှောက်လွှာ (သက်သေခံ-ဇ) တွင်လည်း ဦးသိန်းဟန်စွပ်စွဲသကဲ့သို့ (ကမ-၃) မူရင်းပျောက်ဆုံးသည့်အတွက် လျှောက်ထားခြင်းဖြစ်သည်ဆိုသည့်အချက်မပါရှိကြောင်း တွေ့ရသည်။

တရားလိုဦးသိန်းဟန်က တရားခံဒေါ်ငွေငွေမွန်သည် ရန်ကုန်တိုင်း (က. ည. န)ရုံးသို့ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူကိုလျှောက်ထားရာတွင် အချင်းဖြစ် ၁ခ/၅၃၇၇ မော်တော်ယာဉ်ဝယ်ယူခြင်းဆိုင်ရာစာချုပ်ကို အတုပြုလုပ်လျှောက်ထားသည်ဟု စွပ်စွဲတိုင်ကြားသော်လည်း သက်ဆိုင်ရာ ရန်ကုန်တိုင်း (က. ည. န)ရုံးက ၎င်းတို့ရုံးတွင် ဒေါ်ငွေငွေမွန်မှလိမ်လည် အတုပြုသော စာရွက်စာတမ်းဖြင့် တင်ပြလျှောက်ထားကြောင်း တိုင်တန်းထားခြင်းမရှိပေ။

ထို့ပြင် ဦးသိန်းဟန်မှ ရန်ကုန်တိုင်း(က. ည. န)ရုံးသို့ သွားရောက် ကန့်ကွက်စဉ်က ဒေါ်ငွေငွေမွန်သည် အချင်းဖြစ်ကားရောင်းချသော စာချုပ် တစ်စောင်တင်ပြထားကြောင်း၊ စာချုပ်တွင် ရောင်းချသူအမည် ဦးမြင့်မောင် နှင့် ဝယ်ယူသူအမည် ဒေါ်ငွေငွေမွန် အမည်ပါရှိသည့် စာချုပ်ကိုတွေ့ရ

ကြောင်း ထွက်ဆိုတင်ပြထားသော်လည်း ထိုစာချုပ်ကို သက်သေခံ(ဇ) ကဲ့သို့ မိတ္တူကူးယူတင်ပြထားခြင်းမရှိပေ။ ထို့ကြောင့် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ ၁၄/၂၀၁၀ တွင်-

> " မူလရုံးတရားခံ ဒေါ်ဌေးဌေးမွန်က (က. ည. န)ရုံးသို့ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားရာတွင် အချင်းဖြစ် ၁ခ/၅၃၇၇ဝယ်ယူခြင်းဆိုင်ရာစာချုပ်များကိုအတုပြုလုပ်၍လျှောက်ထားခြင်းဖြစ်ကြောင်း စွပ်စွဲတိုင်တန်းခြင်းဖြစ်သည်။ တရားလို ဦးသိန်းဟန်အနေဖြင့် ထိုသို့စွပ်စွဲတိုင်တန်းခြင်းသာရှိပြီး တရားခံ မည်သည့်စာရွက်စာတမ်းများကို မည်သို့မည်ပုံလိမ်လည်အတုပြုကြောင်း တင်ပြနိုင်ခြင်းမတွေ့ရပေ။ "

ဟုသုံးသပ်ထားပေသည်။

ဦးသိန်းဟန် နှင့် ဒေါ်ဌေးဌေးမွန်တို့သည် အချင်းဖြစ်ယာဉ်အမှတ် ၁ခ/၅၃၇၇ မော်တော်ယာဉ်ကိုမဝယ်မီ ဒေါ်ဌေးဌေးမွန်အမည်ပေါက် ၅ခ/၄၆၄၇ မော်တော်ယာဉ်ကို ဦးသိန်းဟန်ကရောင်းချပြီး အချင်းဖြစ် မော်တော်ယာဉ်အမှတ် ၁ခ/၅၃၇၇ ကို ဦးသိန်းဟန်အမည်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် အချင်းဖြစ် ၁ခ/၅၃၇၇ မော်တော်ယာဉ်သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်သည့်အတွက် ဒေါ်ဌေးဌေးမွန် အနေဖြင့် ၎င်းလည်းပူးတွဲပိုင်ဆိုင်ခွင့်ရှိသော မော်တော်ယာဉ်၏ သက်တမ်းတိုးရန်ဆောင်ရွက်ခြင်းသည် လိမ်လည်ဆောင်ရွက်သည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ဦးသိန်းဟန်အိမ်ပေါ်မှ ဆင်းသွားပြီးနောက် လင်မယားနှစ်ဦးပိုင် ပစ္စည်းကို လက်ဝယ်ထားရှိသူ ဒေါ်ဌေးဌေးမွန်မှ ယာဉ်လိုင်စင်သက်တမ်း

တိုးရန်အတွက် ရန်ကုန်တိုင်း (က. ည. န)ရုံးတွင် (ကမ-၃)မိတ္တူလျှောက်ထားရာ၌ ၉-၃-၂၀၀၆ ရက်စွဲပါစာဖြင့် ယာဉ်အမှတ် ၁ခ/၅၃၇၇ ၏ သက်တမ်းတိုးပေးရန်နှင့် (ကမ-၃)မိတ္တူထုတ်ယူခွင့်ပြုရန် ခေါင်းစဉ်ပါသောလျှောက်လွှာဖြင့် လျှောက်ထားခြင်းဖြစ်သည်။ အဆိုပါလျှောက်လွှာတွင် ဒေါ်ဌေးဌေးမွန်က ၎င်းသည်အဆိုပါယာဉ်အမှတ် ၁ခ/၅၃၇၇ ကိုလက်ရှိမောင်းနှင်နေသူဖြစ်ကြောင်း၊ ယာဉ်သက်တမ်းမှာ ၂/၂၀၀၆ ဖြစ်ပြီး ယာဉ်အမည်ပေါက်မှာ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်းနေ ဒေါ်ခိုင်မျိုးအောင်ဖြစ်ကြောင်း၊ ကွာရှင်းခွင့်ရရှိပြီးဖြစ်သော ခင်ပွန်းဖြစ်သူဦးသိန်းဟန်က ကန့်ကွက်ထား၍ သက်တမ်းတိုးအမည်ပြောင်းကိစ္စ ကြန့်ကြာနေကြောင်း၊ သက်တမ်းလွန်ယာဉ်အားမောင်းနှင်ရာတွင် ဒုက္ခများသည့်အတွက် (ကမ-၃)မိတ္တူထုတ်ယူခွင့်နှင့် သက်တမ်းတိုးခွင့်ပြုရန် ဖော်ပြလျှောက်ထားခြင်းဖြစ်ကြောင်း သက်သေခံ(ဇ)ပါလျှောက်လွှာအရ တွေ့ရှိသည်။

ထိုလျှောက်ထားချက်အရ ဦးသိန်းဟန်အမည်ပေါက်ယာဉ်ကို တရားခံ ဒေါ်ဌေးဌေးမွန်က ၎င်းတစ်ဦးတည်းအမည်ပေါက်ပြောင်းရန် လျှောက်ထားခြင်းမဟုတ်ဘဲ ယာဉ်သက်တမ်းတိုးပေးရန်နှင့် (ကမ-၃)မိတ္တူထုတ်ပေးရန် လျှောက်ထားခြင်းသာဖြစ်၍ ဦးသိန်းဟန်အပေါ် အချင်းဖြစ်ယာဉ်နှင့်စပ်လျဉ်း၍ မတရားဆုံးရှုံးစေရန်အကြံဖြင့်ဖြစ်စေ၊ မတရားရယူရန်အကြံဖြင့်ဖြစ်စေ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်မှုမရှိပေ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုထင်ရှားရန်မှာ မရိုးမဖြောင့်သောသဘောဖြင့် လှည့်ဖြားမှုရှိရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၄ အရ မရိုးမဖြောင့်သော သဘောဆိုသည်မှာ မတရားဆုံးရှုံးစေရန်အကြံဖြင့်ဖြစ်စေ၊ မတရားရယူရန် အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုဖြစ်သည်ဟု ဖွင့်ဆိုထားသည်။

၂၀၁၁
ဦးသိန်းဟန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

တရားခံ ဒေါ်ဌေးဌေးမွန်၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြစ်မှုမြောက်သည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း မတွေ့ရှိရပေ။

တရားခံ ဒေါ်ဌေးဌေးမွန်၏ ဆောင်ရွက်ချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ နှင့် ငြိစွန်းမှုမရှိသည့်အခြေအနေတွင် အမှုအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်နိုင်ပေသည်။ ယင်းမူသဘောကို **ဦးစိုးမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂အမှု**[၄] တွင် လမ်းညွှန်ထုံးဖွဲ့ထားသည်။

တရားခံ ဒေါ်ဌေးဌေးမွန်အား စတင်တရားစွဲဆိုစဉ်က တရားခံပြေးမှုအဖြစ် ဗဟန်းမြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၆၈/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၄၆၇/ကျင့်ထုံး ၅၁၂ အရ တရားစွဲဆိုခဲ့သည်။ တရားခံဒေါ်ဌေးဌေးမွန်သည် ၅-၈-၂၀၀၉ နေ့တွင် ဗဟန်းရဲစခန်းသို့ ကိုယ်တိုင်သွားရောက်အဖမ်းခံသည့်အခါ ဗဟန်းရဲစခန်းမှ တရားခံ ဒေါ်ဌေးဌေးမွန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် တရားစွဲဆိုတင်ပို့လာခြင်းဖြစ်သည်။ ဒေါ်ဌေးဌေးမွန်သည် ယာဉ်အရောင်းအဝယ်စာချုပ်အတုပြုလုပ်၍ လိမ်လည်ပြီး (ကမ-၃)လျှောက်ထားခြင်းဖြစ်သည်ဟု ဦးသိန်းဟန်၏ စွပ်စွဲတိုင်တန်းချက်အပေါ် ဒေါ်ဌေးဌေးမွန်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့် တရားစွဲဆိုရန် ဗဟန်းမြို့နယ် ဥပဒေရုံးက အကြံပြုပြီး အကြံပြုချက်အရ ဗဟန်းရဲစခန်းမှ ဒေါ်ဌေးဌေးမွန်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့်တရားစွဲတင်ပို့ခဲ့ခြင်းဖြစ်သည်။

---

**(၄) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄**

သက်ဆိုင်ရာ ရဲစခန်းမှ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀အရ တရားစွဲဆိုတင်ပို့လာခြင်းနှင့်စပ်လျဉ်း၍ မူလဗဟန်းမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၄၈၆/၂၀၀၉ တွင် ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ၅-၈-၂၀၀၉ ရက်စွဲပါစာအမှတ် ၁၀၉၆(၁၀)/၂၁၀/ဦး ၄ ဖြင့်တင်ပြသော အစီရင်ခံစာကို အမှုတွဲတွင် တွဲထားကြောင်း တွေ့ရှိရသည်။ ထိုအစီရင်ခံစာတွင် သက်ဆိုင်ရာဥပဒေရုံးအဆင့်ဆင့်၏အကြံပြုချက်အရတရားခံဒေါ်ဌေးဌေးမွန်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့် တရားစွဲဆိုတင်ပို့ကြောင်း ဖော်ပြထားသည်။

ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံများနှင့်စပ်လျဉ်း၍ မှင်ပြာသက်သေကို စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့အရ အရေးယူဆောင်ရွက်ပုံကို တရားရုံးများလက်စွဲအပိုဒ် ၅၁၃ အပိုဒ်ခွဲ (၅) တွင် အောက်ပါအတိုင်း ညွှန်ပြထားသည်-

> " (၅) သက်သေခံချက်ကို ရေးမှတ်ယူပြီးသောအခါ ရာဇဝတ်တရားသူကြီးသည် ပြစ်မှုမှာလုံလောက်စွာ ယုတ္တိထင်ရှားခြင်း ရှိ မရှိ စဉ်းစားဆင်ခြင်ရမည်။ ယုတ္တိထင်ရှားခြင်းရှိလျှင် ရာဇဝတ်တရားသူကြီးက ပုဒ်မ ၈၇ နှင့် ၈၈ အရ ဆက်လက်ဆောင်ရွက်နိုင်သည်။ ပြစ်မှုမှာလုံလောက်စွာ ယုတ္တိထင်ရှားခြင်းမရှိလျှင် ရာဇဝတ်တရားသူကြီးသည် ကြော်ငြာစာထုတ်ရန်သော်လည်းကောင်း၊ ပစ္စည်းဖမ်းဝရမ်းထုတ်ရန်သော်လည်းကောင်း ငြင်းပယ်ရမည်။"

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ ဖြင့် တရားစွဲတင်သည့် တရားခံပြေးမှုများတွင် တရားခံမျက်ကွယ်၌ ရယူသည့်တရားလိုပြသက်သေ

များ၏ သက်သေခံသည့်အချက်အလက်များအရ ပြစ်မှုလုံလောက်စွာ ယုတ္တိထင်ရှားခြင်းရှိက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရဆက်လက်ဆောင်ရွက်ခြင်းဖြစ်ပြီး တရားခံသည် မည်သည့်ဥပဒေပုဒ်မ၊ မည်သည့်ပြစ်မှုကျူးလွန်ကြောင်း တိတိကျကျသတ်မှတ်ဆောင်ရွက်ခြင်းမဟုတ်ပေ။ တရားခံကိုယ်တိုင်ရုံးရှေ့သို့ လာရောက်ခုခံထားခြင်းမရှိသည့် အခြေအနေတွင် ရေးမှတ်ထားသည့် သက်သေခံချက်များကို တရားခံကိုယ်တိုင်ရုံးရှေ့ရောက်ရှိသည့်အချိန်တွင် သက်သေခံဥပဒေပုဒ်မ ၃၂ ပါပြဋ္ဌာန်းချက်များအရမှတစ်ပါး သက်သေခံအဖြစ်အသုံးမပြုနိုင်ပေ။သို့ဖြစ်ရာတရားခံဒေါ်ဌေးဌေးမွန်အား တရားခံပြေးအမှုအဖြစ် ဗဟန်းမြို့နယ်တရားရုံးတွင် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၆၈/၂၀၀၇၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀၊ ၄၆၇၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ စတင်တရားစွဲဆိုစဉ်က တရားခံဒေါ်ဌေးဌေးမွန်အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ တို့အရဆောင်ရွက်ခဲ့စေကာမူ တရားခံ ဒေါ်ဌေးဌေးမွန်အား ဖမ်းဆီးရမိပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ဗဟန်းမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၄၈၆/၂၀၀၉ ဖြင့် ထပ်မံတရားစွဲဆိုရာတွင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း ရှိ မရှိ ကို ထိုအမှုမှ သက်သေခံအထောက်အထားများအရသာ ဆုံးဖြတ်ရမည်ဖြစ်ပေသည်။

တရားခံ ဒေါ်ဌေးဌေးမွန်အပေါ် ထပ်မံစွဲဆိုသည့်အမှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ တရားစွဲဆိုတင်ပို့လာခြင်းဖြစ်၍ တရားရုံးချုပ်က ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ အမှုတွဲချေဖျက်ရန် သင့်မသင့် စဉ်းစားသည့်အခါ တရားခံပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုမြောက် မမြောက်ကိုသာ စဉ်းစားသုံးသပ်ရန် ရှိပေသည်။

၂၀၁၁
ဦးသိန်းဟန်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်ပါ ၂

**ဦးအပ္ပလယ်ကွန်တာပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂ အမှု**[၅] တွင် တရားရုံးသို့ တိုင်လျှောက်လွှာ သို့မဟုတ် တိုင်လျှောက်သူ၏ ရုံးရှေ့အစစ်ခံချက်ပါ အကြောင်းအချက်များကို လေ့လာစိစစ်ပြီးနောက် ယင်းအချက်အလက်များသည် ပြစ်မှုမမြောက်ကြောင်း တွေ့ရှိသည့်အခါတွင်ဖြစ်စေ၊ ပေါ်ပေါက်လာသည့်သက်သေခံချက် တစ်စုံတစ်ခုကြောင့် ပြစ်မှုမမြောက်နိုင်ကြောင်း အထင်အရှားတွေ့ရှိသည့်အခါ၌ဖြစ်စေ၊ တရားရုံးချုပ်သည် မူလဘူတအာဏာကိုသုံး၍ စစ်ဆေးဆဲအမှုတစ်ခုကို ချေဖျက်ပေးနိုင်သည်ဟု လမ်းညွှန်ထုံးဖွဲ့ထားသည်။

ယခုအမှုတွင် တရားလိုနှင့် တရားခံတို့သည် တရားဝင်အကြင်လင်မယားဖြစ်ကြသည်။ တရားခံ ဒေါ်ဒွေးဒွေးမွန်က သက်သေခံ(ဇ)လျှောက်လွှာဖြင့် လင်မယားနှစ်ဦးပိုင် မော်တော်ယာဉ်ကို ယာဉ်သက်တမ်းတိုးခွင့်နှင့် (ကမ-၃) မိတ္တူထုတ်ယူခွင့်ပြုရန်လျှောက်ထားရာ၌-

"ကျွန်မ၏ လေးတန်းကျောင်းသူ သမီးကို ဒရိုင်ဘာမရှိဘဲ နေ့စဉ်ကျောင်းကြိုပို့ဆောင်ရွက်နေရသော ကျွန်မအဖို့ သက်တမ်းလွန်ယာဉ်အား လမ်းပေါ်မောင်းနှင်းရာတွင် လွန်စွာဒုက္ခများလျက်ရှိပါသည်။ စစ်ဆေးရေးအဖွဲ့၏ လိုင်စင်မဲ့ယာဉ်ဟု သံသယရှိခြင်းကိုလည်း ခဏခဏ ဖြေရှင်းနေရပါသည်။ သို့ဖြစ်ပါသောကြောင့် ကျွန်မကဲ့သို့ ကလေးငယ်မိခင်တစ်ဦးအား ထောက်ထားညှာတာသောအားဖြင့် (ကမ-၃)စာအုပ်ထုတ်ယူခွင့်နှင့် သက်တမ်းတိုးခွင့်ပြုပါရန် လေးစားစွာဖြင့် အသနားခံလျှောက်ထားအပ်ပါသည်။"

---

(၅) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၅

ဟု ဖော်ပြခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုမမြောက်နိုင်ကြောင်း အထင်အရှားတွေ့နေရပြီးဖြစ်၍ တရားလို ဦးသိန်းဟန်၏ သက်သေခံချက်တစ်ခုတည်းအပေါ် သုံးသပ်ရုံမျှဖြင့် အမှုတွဲချေဖျက်ရန် သင့်မသင့် ဆုံးဖြတ်နိုင်ပြီဖြစ်သည်။ ဤအခြေအနေတွင် အမှုကိုဆက်လက်စစ်ဆေးမည်ဆိုပါက တရားစီရင်ရေးယန္တရားကို အလွဲအသုံးပြုရာရောက်နိုင်သည်။

**ဒေါ်အီမတ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ ၂အမှု**(၆) တွင် "တရားရုံး၏ဆောင်ရွက်ပိုင်ခွင့်များကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ မတရားမမျှတမှုမဖြစ်စေရန်အတွက်လည်းကောင်း၊ တရားရုံးချုပ်သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ပါ မူလဘူတအာဏာကိုကျင့်သုံး၍ သင့်တော်သည့်အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ×××××× အမှုဆက်လက်စစ်ဆေးမည်ဆိုပါက ပြစ်မှုဆိုင်ရာတရားစီရင်ရေးယန္တရားကို အလွဲအသုံးပြုရာရောက်နိုင်သည့်အခြေအနေတွင် တရားရုံးချုပ်က ယင်းအမှုအား ချေဖျက်သည့်အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်သည်" ဟု ထုံးဖွဲ့ထားသည်။

အမှုတွဲပါ အချက်အလက်အထောက်အထားများအရ တရားရုံးချုပ် (ရန်ကုန်)က တရားခံ ဒေါ်ငွေငွေမွန်လျှောက်ထားသည့်အတိုင်း အမှုတွဲကို ချေဖျက်ပေးခဲ့ခြင်းသည် မှားယွင်းမှုမရှိပေ။

သို့အတွက် ကြားနာလျှောက်ရှိသော ပြဿနာနှင့်စပ်လျဉ်း၍-

၁။ တရားလိုထံတွင်အချင်းဖြစ် ၁ခ/၅၃၇၇ ယာဉ်၏ မော်တော်

**(၆) ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၁၄**

ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မူရင်းနှင့် ယာဉ်ပိုင်ဆိုင်ခွင့် စာရွက်စာတမ်းများရှိနေကြောင်းတရားခံမှသိရှိနေလျက် အဆိုပါ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် တရားခံကလျှောက်ထား ခဲ့သည့် သက်သေခံချက်များ အမှု၌ပေါ်ပေါက်ခြင်းမရှိ၍ တရားရုံးချုပ်မှ အမှုကို ချေဖျက်ခွင့်ပြုခဲ့ခြင်းသည် မှန်ကန်မှု ရှိကြောင်း၊

၂။ တရားခံပြေးမှုစွဲဆိုစဉ်က ရဲစွဲချက်တွင် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၄၂၀၊ ၄၆၇ တို့ဖြင့် ရဲမှတရားစွဲဆို၍ မြို့နယ် တရားရုံးမှ စစ်ဆေးပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၈၇ နှင့် ၈၈ တို့ဖြင့် အရေးယူဆောင်ရွက်ခဲ့သည့် တရားခံအား ဖမ်းဆီး ရမိပြီးနောက် ထပ်မံတရားစွဲဆိုသည့်အခါတွင် ရဲစွဲချက် ၌ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့်သာ တရားစွဲဆိုလာခြင်း အပေါ် အဆိုပါတရားရုံးမှ အမှုလက်ခံဆောင်ရွက်ခဲ့ခြင်း သည် မှန်ကန်မှုရှိကြောင်း။

ဖြေဆိုပြီး ဤအထူးအယူခံမှုကို ပလပ်သည်။

## ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှု
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးစိုးညွန့် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၂၀ ရက်

## သျှင်ဉာဏ (ခ) ရှင်မိုးပြာ
## နှင့်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်*

**စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန်လျှောက်ထားခြင်း၊ စာချွန်တော်အမိန့်ထုတ်ဆင့်ခွင့်အာဏာကို အပ်နှင်းထားခြင်း၏ ရည်ရွယ်ချက်၊ အောက်တရားရုံးများအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးကြပ်ကွပ်ကဲခြင်းအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို ကျင့်သုံးနိုင်ရန်ဖြစ်ခြင်း၊ အမြင့်ဆုံးတရားရုံး၏ ဆုံးဖြတ်ချက်အပေါ် စာချွန်တော်အမိန့်ထုတ်ဆင့်နိုင်ခွင့်မရှိခြင်း၊ အထူးအယူခံဝင်ခွင့်ပြုရန်သာ လျှောက်ထားခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့် အာဏာကို အပ်နှင်းထားသည်။ စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့်အာဏာ

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်ထားမှုအမှတ် ၂

ကိုအပ်နှင်းထားသည့် ရည်ရွယ်ချက်မှာ အောက်တရားရုံးများက ယင်းတို့၌ စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စီရင်ခြင်း၊ စီရင်ပိုင်ခွင့်အာဏာထက်ပို၍ဆောင်ရွက်ခြင်း၊အပ်နှင်းထားသောစီရင်ပိုင်ခွင့်အာဏာကို လက်ခံနိုင်ဖွယ်မရှိအောင် ကျင့်သုံးရန်ပျက်ကွက်ခြင်းတို့ပြုလုပ်ခဲ့လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကြီးကြပ်ကွပ်ကဲခြင်းအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို ကျင့်သုံးရန်ဖြစ်သည်။ **D.D. GROVER(APPLICANT) နှင့် A.C KOONDA CONTROLLER OF RENT, MANDALAY. (RESPONDENTS)အမှု**[၁] ကို ရည်ညွှန်းသည်။ အမြင့်ဆုံးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်များဖြင့် ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို လက်အောက်ခံတရားရုံး အပေါ် ကျင့်သုံးခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အောက်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံတင်သွင်းခြင်း သို့မဟုတ် ပြင်ဆင်မှုလျှောက်ထား၍ အမြင့်ဆုံးတရားရုံးဖြစ်သော ယခင်တရားရုံးချုပ်၊ ယခုပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ပြီးပါက အမြင့်ဆုံးတရားရုံး၏ ဆုံးဖြတ်ချက်ပေါ် အဆင့်တူအမြင့်ဆုံးတရားရုံးက ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို သုံးစွဲ၍ စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ပေ။ ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို လက်အောက်တရားရုံးများအပေါ်တွင်သာ ကျင့်သုံးရန်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာကို

ကျင့်သုံး၍ဖြစ်စေ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ အပြီးသတ်ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်အပေါ်ပြန်လည်စစ်ဆေးစီရင်စေရန် လျှောက်ထားနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခြင်းသာဖြစ်သည်။

သျှင်ဉာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ပြီးဖြစ်၍ ထပ်မံပြီး စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခွင့်မရှိတော့ပေ။

လျှောက်ထားသူအတွက် - ဦးကြီးမြင့်
တရားလွှတ်တော်ရှေ့နေ

ပုသိမ်ကြီးမြို့နယ်၊ ကျိုကုန်းရွာအနုပါဒယဉ်ကျေးမှုမိုးပြာခံ့နေ သျှင်ဉာဏ(ခ)သျှင်မိုးပြာ (ခ)ရှင်မိုးပြာသည် ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာအဖြစ် သီးခြားခွဲထွက်ရပ်တည်ကာ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ ကြီးကြပ်မှုကိုခံယူခြင်းမရှိကြောင်း ပေါ်ပေါက်နေသဖြင့်လည်းကောင်း၊ ထေရဝါဒ ဗုဒ္ဓဘာသာနှင့်ပစ္စုပ္ပန်ကမ္မဝါဒဗုဒ္ဓဘာသာမှာ ဘုရား၊ တရား၊ သံဃာတို့မတူကွဲပြားခြားနားကြောင်း စည်းရုံးလှုံ့ဆော်ဟောပြောရေးသားခဲ့ကြောင်း ပေါ်ပေါက်သဖြင့်လည်းကောင်း ပုသိမ်ကြီးမြို့နယ်တရားရုံး ၂၀၁၀ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၈၃ တွင် သျှင်ဉာဏ(ခ)သျှင်မိုးပြာ(ခ)ရှင်မိုးပြာအား သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေပုဒ်မ ၁၂ အရအလုပ်နှင့်ထောင်ဒဏ် ၃ နှစ် နှင့်

ပုဒ်မ ၁၃ အရ အလုပ်နှင့်ထောင်ဒဏ် ၃ နှစ်ကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။

ပုသိမ်ကြီးမြို့နယ်တရားရုံး ၂၀၁၀ ခုနှစ် ပြစ်မှုကြီးအမှတ် ၅၄ တွင် သျှင်ဥာဏ(ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာဦးဆောင်သည့်အဖွဲ့သည် ပစ္စုပ္ပန်ကမ္ဘ ဝါဒဗုဒ္ဓဘာသာအမည်ခံပြီး ထေရဝါဒဗုဒ္ဓဘာသာကိုစော်ကားပုတ်ခတ်ခဲ့သည့် အပြင် သံဃာ့အဖွဲ့အစည်းဆိုင်ရာနှင့် အဓမ္မဝါဒအား ပြန်လည်အသက်သွင်း ပြီး သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ပြိုကွဲပျက်စီးအောင် ဆောင်ရွက်ခဲ့ခြင်း ကြောင့် သျှင်ဥာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၅ အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ်နှင့် ပုဒ်မ ၂၉၅-က အရ အလုပ်နှင့် ထောင်ဒဏ် ၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ မန္တလေးခရိုင်တရားရုံး ၂၀၁၀ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၃ တွင် သျှင်ဥာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာသည် ၁၉၈၈ ခုနှစ်အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၆ အရ ပြစ်မှုကိုကျူးလွန်သဖြင့် အလုပ်နှင့်ထောင်ဒဏ် ၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

| ၂၀၁၁ |
| --- |
| သျှင်ဥာဏ(ခ)ရှင်မိုးပြာ နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် |

သျှင်ဥာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာက ပုသိမ်ကြီးမြို့နယ်တရား ရုံးနှင့် မန္တလေးခရိုင်တရားရုံးတို့၏အမိန့်များကို မကျေနပ်သဖြင့် မန္တလေး ခရိုင်တရားရုံး၊ မန္တလေးတိုင်းဒေသကြီးတရားရုံး၊ တရားရုံးချုပ်(မန္တလေး) သို့အယူခံမှု၊ ပြင်ဆင်မှုများလျှောက်ထားခဲ့သော်လည်း အယူခံမှု၊ ပြင်ဆင်မှု အသီးသီးကို ပလပ်ခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုတရားလွှတ်တော် ချုပ်သို့ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားသော်လည်း လျှောက်ထား လွှာကို ပယ်ခြင်းခံရသည်။

သို့ဖြစ်၍ သျှင်ဥာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာ၏ရှေ့နေက

၂၀၁၁

သျှင်ဉာဏ(ခ)ရှင်မိုးပြာ
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

သျှင်ဉာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာ အပေါ် ချမှတ်သည့်အမိန့်များသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁ ပါပြဋ္ဌာန်းချက်၊ ၁၉၇၃ ခုနှစ်စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၂၂ အရ ပြဋ္ဌာန်းချက်များနှင့်မညီ ညွတ်ကြောင်းဖော်ပြပြီး တရားစီရင်ရေးလမ်းကြောင်းဆုံးသွားသဖြင့် ဥပဒေ နှင့်မညီသော ယင်းအမိန့်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမှု ခေါ် စာချွန်တော်ဖြင့် ပယ်ဖျက်ပေးနိုင်ရန် ဤပြစ်မှုဆိုင်ရာအထွေထွေ လျှောက်ထားမှုကို လျှောက်ထားသည်။

လျှောက်ထားသူ၏ရှေ့နေက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၁၊ ၁၉၇၃ ခုနှစ် စကားရပ်များအနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၂၂၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၅ နှင့် ၂၃၅ တို့တွင်ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုသည် ဥပဒေနှစ်ရပ် သို့မဟုတ် နှစ်ရပ်ထက်ပိုသောဥပဒေများအရ ပြစ်မှုမြောက်လျှင် ပြစ်မှုကျူးလွန်သူကို ယင်းဥပဒေများအနက် ဥပဒေတစ် ရပ်ရပ်ဖြင့်သာ တရားစွဲဆိုအပြစ်ပေးရမည်။ ပြစ်မှုတစ်ရပ်တည်းအတွက် ပြစ်ဒဏ်တစ်ကြိမ်ထက်ပို၍ မခံစေရဟုပြဋ္ဌာန်းထားကြောင်း၊ သျှင်ဉာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာ အားပြုလုပ်မှုတစ်ခုတည်းအပေါ် အကြိမ်ကြိမ်အပြစ် ပေးထားသဖြင့် အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်လွှာများတင်သွင်း လျှောက်ထားခဲ့သော်လည်း ပလပ်ခြင်း၊ ပယ်ခြင်းခံရသဖြင့် စာချွန်တော်လုပ် ထုံးလုပ်နည်း အပိုဒ် ၆၁ အရ ဤလျှောက်ထားလွှာကို ၃ လအတွင်း လျှောက်ထားခြင်းဖြစ်ပါ၍ လက်ခံကြားနာပေးရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားသူ၏ရှေ့နေတင်သွင်းသည့် အမှုခေါ် စာချွန်တော် အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာအပိုဒ် ၄ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

“ အမှုခေါ်စာချွန်တော်အမိန့်သည် အမြင့်ဆုံးသောတရားရုံးမှ လက်အောက်ခံတရားရုံးများအပေါ်၌ ကြီးကြပ်အာဏာသုံးချမှတ်သည့်အမိန့်ဖြစ်ပါသည်။ ဥပဒေနှင့်မညီညွတ်သောအမိန့်များကို အမှုခေါ်စာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်နိုင်ခွင့်ရှိပါသည်။”

၂၀၁၁
သျှင်ဥာဏ(ခ)ရှင်မိုးပြာ
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာကို အပ်နှင်းထားသည်။ စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့်အာဏာကို အပ်နှင်းထားသည့်ရည်ရွယ်ချက်မှာ အောက်တရားရုံးများက ယင်းတို့၌စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စီရင်ခြင်း၊ စီရင်ပိုင်ခွင့်အာဏာထက်ပို၍ ဆောင်ရွက်ခြင်း၊ အပ်နှင်းထားသော စီရင်ပိုင်ခွင့်အာဏာကို လက်ခံနိုင်ဖွယ်မရှိအောင် ကျင့်သုံးရန်ပျက်ကွက်ခြင်းတို့ပြုလုပ်ခဲ့လျှင် တရားလွှတ်တော်ချုပ်က ကြီးကြပ်ကွပ်ကဲခြင်းအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို ကျင့်သုံးရန်ဖြစ်သည်။ **D.D. GROVER(APPLICANT) နှင့် A.C KOONDA CONTROLLER OF RENT, MANDALAY. (RESPONDENTS)အမှု**[(၁)] ကို ရည်ညွှန်းသည်။ အမြင့်ဆုံးဖြစ်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်များဖြင့် ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို လက်အောက်ခံတရားရုံးအပေါ် ကျင့်သုံးခြင်းဖြစ်သည်။

အောက်တရားရုံးများ၏ ဆုံးဖြတ်ချက်အပေါ် အယူခံတင်သွင်းခြင်း သို့မဟုတ် ပြင်ဆင်မှုလျှောက်ထား၍ အမြင့်ဆုံးတရားရုံးဖြစ်သော ယခင်တရားရုံးချုပ်၊ ယခုပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆုံးဖြတ်ပြီးပါက

---

**(၁) ၁၉၅၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၄**

အမြင့်ဆုံးတရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အဆင့်တူ အမြင့်ဆုံးတရားရုံးက ကြီးကြပ်ကွပ်ကဲမှုအာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကိုသုံးစွဲ၍ စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်နိုင်မည်မဟုတ်ပေ။ ကြီးကြပ်ကွပ်ကဲမှု အာဏာ သို့မဟုတ် ကြီးကြပ်မှုအာဏာကို လက်အောက်တရားရုံးများအပေါ် တွင်သာ ကျင့်သုံးရန်ဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မူလစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ အယူခံမှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ၊ ပြင်ဆင်မှုစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံး၍ဖြစ်စေ အပြီးသတ်ချမှတ်သော စီရင်ချက်၊ ဒီကရီ သို့မဟုတ် အမိန့်အပေါ် ပြန်လည်စစ်ဆေးစီရင်စေရန် လျှောက်ထားနိုင်သည့်တစ်ခုတည်းသောနည်းလမ်းမှာ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခြင်းသာဖြစ်သည်။

သျှင်ဥာဏ (ခ) သျှင်မိုးပြာ (ခ) ရှင်မိုးပြာ သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားခဲ့ပြီးဖြစ်၍ ထပ်မံ၍ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခွင့်မရှိတော့ပေ။

သို့ဖြစ်၍ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် ကနဦးဆုံးဖြတ်ချက်ချမှတ်ပေးရန်အကြောင်း မပေါ်ပေါက်သဖြင့် လျှောက်ထားသူ၏ အမှုခေါ်စာချွန်တော်ထုတ်ပေးရန် လျှောက်ထားလွှာကိုပယ်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

သေဒဏ်အတည်ပြုမှု*

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော

ဦးစိုးညွန့် နှင့် ဦးအောင်ဇော်သိန်း တို့ရှေ့တွင်

+ ၂၀၁၁ ခုနှစ်

ဒီဇင်ဘာလ

၃၀ ရက်

အောင်ကိုမင်းပါ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အောင်ကိုမင်းပါ ၃

တရားခံများအပေါ်လူသတ်မှုဖြင့်စွဲဆိုသည့်အမှုတွင် တရားခံတစ်ဦးက ကျောင်းထောက်ခံစာတင်ပြ၍ မိမိသည်ကလေးသူငယ်ဖြစ်ကြောင်း တင်ပြသည်ကို တရားရုံးက စုံစမ်းစစ်ဆေးမှုမပြုလုပ်ခဲ့သည့်အပြင် ကျောင်းထောက်ခံစာနှင့်စပ်လျဉ်း၍ စိစစ်သုံးသပ်ရန်ပျက်ကွက်ခြင်း၊ ကလေးသူငယ်တရားရုံးမဟုတ်သည့် အခြားသောတရားရုံးများသည်လည်း တရားခံသည် ကလေးသူငယ် ဟုတ် မဟုတ် အငြင်းပွားမှုပေါ်ပေါက်လာပါ က ချက်ချင်းစိစစ်၍ အဆုံးအဖြတ်ပေးရန်လိုခြင်း၊

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၃၊ ၂၄၊ ၂၅

၂၀၁၁ ခုနှစ်၊ သေဒဏ်အတည်ပြုမှုအမှတ် ၂၂

\+ ၂၀၁၁ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၄ တွင်ချမှတ်သော ပြည်ခရိုင်တရားရုံး၏ ၁၆-၉-၂၀၁၁ ရက်စွဲပါအမိန့်ကို အယူခံမှုများနှင့် သေဒဏ်အတည်ပြုမှု။

၂၀၁၁
အောင်ကိုမင်းပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
အောင်ကိုမင်းပါ ၃

**အငြင်းပွားမှုအပေါ် တစ်စုံတစ်ရာသုံးသပ်ဝေဖန်၍ အဆုံးအဖြတ် မပြုလုပ်ခြင်းသည် တရားရုံး၏တာဝန် ပျက်ကွက်ရာရောက်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အမှု၌ မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ နှစ်ဖက်တင်ပြချက်အရ အငြင်းပွားမှုပေါ်ပေါက်နေသည်။ ရဲစွဲချက်ပုံစံတွင် မျိုးမင်းသူ၏အသက်ကို ၁၉ နှစ်ဟုဖော်ပြထားပြီး သက်သေခံအမှတ် (၁) ကျောင်းထောက်ခံစာတွင် မွေးသက္ကရာဇ်ကို ၄-၂-၁၉၉၅ ဟုဖော်ပြထား၍ အခင်းဖြစ်ချိန်တွင် မျိုးမင်းသူ၏အသက်မှာ ၁၅ နှစ် ၆ လသာရှိကြောင်းပေါ်ပေါက်နေသည်။ မူလခရိုင်တရားရုံးက မျိုးမင်းသူမှတင်ပြသော သက်သေခံအမှတ်(၁) ထောက်ခံစာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ခြင်းမရှိသည့်ပြင် သက်သေခံအမှတ်(၁) ထောက်ခံစာအပေါ် သုံးသပ်ဆုံးဖြတ်ထားခြင်းမရှိကြောင်းတွေ့ရသည်။

ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းကို လက်ခံရရှိသည့်အခါ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က) တွင်ဖော်ပြထားသည့်အတိုင်း အမှုတွဲတွင်ပါရှိသော ကလေးသူငယ်၏အသက်နှင့်ပတ်သက်သည့် အထောက်အထားကို ဦးစွာစိစစ်ကြည့်ရှုကြသည်။ ထို့နောက်အမှုတွဲပါ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ ဆရာဝန်ဆေးစာ သို့မဟုတ် အခြားခိုင်လုံသောအထောက်အထားများအရ ကလေးသူငယ် ဖြစ်မဖြစ် ဆုံးဖြတ်ကြသည်။ ကလေးသူငယ်တရားရုံးက ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က)ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေလိုက်နာဆောင်ရွက်ကြသော်

လည်း အခြားတရားရုံးများက မိမိတို့ရုံးတွင် တရားစွဲဆိုတင်ပို့သည့်တရားခံသည် ကလေးသူငယ် ဟုတ် မဟုတ် အငြင်းပွားမှုပေါ်ပေါက်လာသည့်အခါ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က) တွင်ဖော်ပြထားသည့်အထောက်အထားများရယူစိစစ်၍ ခိုင်လုံသောအထောက်အထားများအရ ကလေးသူငယ် ဟုတ် မဟုတ် စိစစ်ရန်ပျက်ကွက်တတ်ကြသည်။

အခြားတရားရုံးများကလည်း မိမိတို့ရုံးသို့ တရားစွဲဆို တင်ပို့သည့် တရားခံသည် မျက်မြင်အားဖြင့် ကလေးသူငယ်အရွယ်တွေ့ရှိရလျှင်လည်းကောင်း၊ တရားခံက ကလေးသူငယ်ဖြစ်သည်ဟုထုချေပြီး ကလေးသူငယ်ဟုတ် မဟုတ်အငြင်းပွားမှုပေါ်ပေါက်လာလျှင်လည်းကောင်း ယင်းပြဿနာနှင့်စပ်လျဉ်း၍ ချက်ချင်းစိစစ်၍ အဆုံးအဖြတ်ပေးရန် လိုပေသည်။ အဘယ်ကြောင့်ဆိုသော် တရားခံသည် ကလေးသူငယ်ဖြစ်နေပါက ကလေးသူငယ်မှုခင်းကို စစ်ဆေးစီရင်ခြင်းသည် မူလကပင် ပျက်ပြယ်နေမည်ဖြစ်သောကြောင့်ဖြစ်သည်။

မူလခရိုင်တရားရုံးက တရားခံ မျိုးမင်းသူ၏အသက်နှင့်စပ်လျဉ်း၍ တရားခံဘက်မှတင်ပြသည့် သက်သေခံအမှတ်(၁) ကျောင်းထောက်ခံစာအပေါ် နှစ်ဖက်အငြင်းပွားနေကြပြီး အပြီးသတ်လျှောက်လဲတင်ပြရာ၌လည်း ထည့်သွင်းလျှောက်ထားခဲ့ကြပါလျက် ဤအငြင်းပွားမှုအပေါ် တစ်စုံတစ်ရာ ဝေဖန်သုံးသပ်၍ အဆုံးအဖြတ်မပြုလုပ်ခဲ့ခြင်းသည် တရားရုံး၏ တာဝန်ပျက်ကွက်ရာရောက်ပေသည်။

အယူခံတရားလို(၁)(၂)အတွက်- ဦးမောင်မောင်ချို

တရားလွှတ်တော်ရှေ့နေ

| | | | |
|---|---|---|---|
| ၂၀၁၁ အောင်ကိုမင်းပါ ၃ | အယူခံတရားလို (၃) အတွက် | - | ဒေါ်သိန်းသိန်းဌေး တရားလွှတ်တော်ရှေ့နေ |
| ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အောင်ကိုမင်းပါ ၃ | လျှောက်ထားသူအတွက် | - | ဒေါ်ဌေးဌေးငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| | အယူခံတရားခံအတွက် | - | ဒေါ်ဌေးဌေးငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး |
| | အယူခံတရားလို(၁)(၂)အတွက် | - | ဦးမောင်မောင်ချို တရားလွှတ်တော်ရှေ့နေ |
| | အယူခံတရားလို (၃) အတွက် | - | ဒေါ်သိန်းသိန်းဌေး တရားလွှတ်တော်ရှေ့နေ |

ပြည်ခရိုင်တရားရုံး ပြစ်မှုကြီးအမှုအမှတ် ၄၄/၂၀၁၀ တွင် တရားခံ အောင်ကိုမင်း၊ မင်းထွဋ် နှင့် မျိုးမင်းသူတို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ သေဒဏ်ကျခံစေရန်ချမှတ်သည့်အမိန့်ကို ၎င်းတို့က မကျေနပ်၍ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၃/၂၀၁၁၊ ၂၄/၂၀၁၁ နှင့် ၂၅/၂၀၁၁တို့ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်သကဲ့သို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှလည်း ပြည်ခရိုင်တရားရုံးက ချမှတ်ခဲ့သော သေဒဏ်အမိန့်ကို သေဒဏ်အတည်ပြုမှုအမှတ် ၂၂/၂၀၁၁ ဖြင့် သေဒဏ်အတည်ပြုမှု ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ အဆိုပါအမှုများသည် ပြည်ခရိုင်တရားရုံး ပြစ်မှုကြီးအမှုအမှတ် ၄၄/၂၀၁၀ တွင် ချမှတ်သောအမိန့် အပေါ် အခြေခံသဖြင့် ဤစီရင်ချက်သည် အဆိုပါအမှု ၄ မှုလုံးနှင့်သက်ဆိုင် စေရမည်။

၂၀၁၁
အောင်ကိုမင်းပါ ၃
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်
အောင်ကိုမင်းပါ ၃

အမှုမှာ ၇-၈-၂၀၁၁ နေ့ ၁၅း၀၀ နာရီအချိန်ခန့်တွင် ပေါင်းတည်မြို့နယ်၊ မှတ်တိုင်ရဲစခန်းအပိုင် ဆည်မြောင်းလက်တံတွင်းမှ အမျိုးသမီးအလောင်းတစ်လောင်းတွေ့ရှိ၍ ပေါင်းတည်မြို့နယ်ဆေးရုံတွင် ရင်ခွဲစစ်ဆေးရာ လည်ပင်းရိုးကျိုး၍ သေဆုံးနေကြောင်းတွေ့ရပြီး သေသူမှာ မြောက်ကုန်းကြီးရွာနေ မညွန့်ညွန့်အေးဖြစ်ကြောင်းသိရှိရ၍ မညွန့်ညွန့်အေးအား သတ်သူကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် ပေါင်းတည်ရဲစခန်းမှ ဒုရဲအုပ်မောင်မောင်မှ တရားလိုပြုလုပ်တိုင်တန်းရာမှ ပေါ်ပေါက်လာသောအမှုဖြစ်သည်။

အယူခံတရားလို/လျှောက်ထားခံရသူ အောင်ကိုမင်းနှင့် မင်းထွဋ်တို့၏ ရှေ့နေက ရဲထံတွင် ၄ ရက် ချုပ်နှောင်ခံရပြီးမှ ပေးခဲ့သောဖြောင့်ချက်မှာ ၎င်းတို့သဘောအလျောက်ပေးခဲ့သည့် ဖြောင့်ချက်ဟု တစ်ထစ်ချကောက်ယူနိုင်ရန် ခဲယဉ်းကြောင်း၊ ပြန်လည်ရုပ်သိမ်းထားသော ဖြောင့်ချက်ပေါ်အခြေခံ၍ အပြစ်ပေးထားခြင်းမှာ မှားယွင်းကြောင်း၊ အခင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ အမှုတွင်မျက်မြင်သက်သေမရှိဘဲ သေသူဝတ်ဆင်ထားသောနားကပ်ကို တရားခံမင်းထွဋ်ကဖြုတ်ယူကြောင်း၊ အောင်ကိုမင်းထံမှ နားကပ်တွေ့ရှိမှုပေါ်အခြေခံ၍ အပြစ်ပေးထားကြောင်း၊ ပြန်လည်ရုပ်သိမ်းထားသောဖြောင့်ချက်ကိုအခြေခံ၍ တရားခံများအပေါ် စိတ်ချလက်ချအပြစ်မပေးသင့်ကြောင်း၊ ထို့ကြောင့် သေဒဏ်အတည်မပြုဘဲ အယူခံမှုကို ခွင့်ပြုပေးရန်လျှောက်လဲတင်ပြသည်။

အယူခံတရားလို/လျှောက်ထားခံရသူ မျိုးမင်းသူ၏ရှေ့နေက မျိုးမင်းသူမှာ သက်သေခံအမှတ်(၁) ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ

၂၀၁၁
အောင်ကိုမင်းပါ ၃
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
အောင်ကိုမင်းပါ ၃

၄-၂-၁၉၉၅ ဖြစ်၍ အသက် ၁၅ နှစ် နှင့် ၆ လ သာရှိသောကလေးသူငယ်သာ ဖြစ်ကြောင်း၊ ကလေးသူငယ်တရားရုံးတွင် စစ်ဆေးခွင့်မရ၍ ဥပဒေမှပေးသောအခွင့်အရေးမရခဲ့ကြောင်း၊ ကလေးသူငယ်ဥပဒေပုဒ်မ ၇၁(က)အရ ကလေးသူငယ်အား သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခြင်း မပြုနိုင်သဖြင့် မျိုးမင်းသူအပေါ် သေဒဏ်ချမှတ်ခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးသင့်ကြောင်း၊ အမှုတွင် မျက်မြင်သက်သေလုံးဝမရှိဘဲ ပူးတွဲတရားခံများဖြစ်သော အောင်ကိုမင်းနှင့် မင်းထွဋ်တို့၏ ပြန်လည်ရုပ်သိမ်းသောဖြောင့်ချက်အရ မျိုးမင်းသူအပေါ် သေဒဏ်ချမှတ်ထားကြောင်း၊ သို့ဖြစ်၍ သေဒဏ်အတည်မပြုနိုင်ဘဲ အမှုမှ အပြီးအပြတ်လွှတ်ပေးရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက တရားခံ အောင်ကိုမင်းနှင့် မင်းထွဋ်တို့က ပေါင်းတည်မြို့နယ်တရားရုံးတွင် ဖြောင့်ချက်ပေးရာတွင် တရားသူကြီးမှ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ရယူခဲ့ကြောင်း၊ ဖြောင့်ချက်ကိုပြန်လည်ရုပ်သိမ်းခဲ့သော်လည်း အမှုတွဲရှိ အခြားသက်သေခံချက်များအရ တရားခံများသည် သေသူမညွှန့်ညွှန့်အေး၏နားကပ်ကို လုယက်စဉ် လူသတ်မှုကိုကျူးလွန်ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ကြောင်း၊ မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ သစ်ပုတ်ကျေးရွာအခြေခံမူလတန်းကျောင်း၏ ကျောင်းထောက်ခံစာကို သက်သေခံအမှတ်(၁)အဖြစ် တင်သွင်းထားကြောင်း၊ မျိုးမင်းသူ အဆိုပါကျောင်းတွင် ပညာသင်ကြားခဲ့ကြောင်း ထုချေခဲ့ခြင်းမရှိဘဲ ရဲဖမ်းစဉ်က ၁၆ နှစ် မပြည့်သေးဟုပြောသည်ကို မယုံ၍ အိမ်ထောင်စုဇယားကို အပ်ခိုင်းသဖြင့် မိခင်မှပေးအပ်ခဲ့ကြောင်းသာ ထုချေထားကြောင်း၊ ရဲစွဲချက်ပုံစံတွင် မျိုးမင်းသူ၏အသက်ကို ၁၉ နှစ်ဟုသာ ဖော်ပြထားကြောင်း၊ အိမ်ထောင်စုဇယားကို ရုံးသို့သက်သေခံအဖြစ် တင်ပြခဲ့ခြင်း

မရှိကြောင်း၊ သက်သေခံအမှတ်(၁) ကျောင်းထောက်ခံစာတွင် မှင်ဖျက်ရာများရှိ၍ ထည့်သွင်းမသုံးသပ်သင့်ကြောင်း၊ မူလပြည်ခရိုင်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ ပြစ်မှုထင်ရှားတွေ့ရှိ၍ သေဒဏ်ချမှတ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ကြောင်း၊ သေဒဏ်ကိုအတည်ပြုပြီး အယူခံမှု ကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲတွင် မျက်မြင်သက်သေမရှိသော်လည်း တရားခံအောင်ကိုမင်းနှင့် မင်းထွန်းတို့၏ဖြောင့်ချက် (သက်သေခံ-င) နှင့် (သက်သေခံ-စ)တို့အရ အခင်းဖြစ်နေ့တွင် မျိုးမင်းသူက သေသူမညွန့်ညွန့်အေး၏ ပါးစပ်ကိုပိတ်ပြီး အောင်ကိုမင်းကလည်ပင်းကို လက်နှစ်ဖက်နှင့်ညှစ်ကြောင်း၊ မညွန့်ညွန့်အေးလဲကျစဉ် မင်းထွန်းကလှမ်းဆွဲရာ မညွန့်ညွန့်အေး၏အပေါ်ဝတ်အင်္ကျီလက်ထဲပါလာကြောင်း၊ လဲကျသွားသော မညွန့်ညွန့်အေး၏ နားကပ်ကို အောင်ကိုမင်းနှင့် မျိုးမင်းသူတို့က တစ်ယောက်တစ်ဖက်စီဖြုတ်ကြကြောင်း၊ အသက်မရှုတော့ဟု ထင်၍ပြန်ထွက်လာစဉ် မညွန့်ညွန့်အေးကထပြေး၍ မင်းထွန်းကနောက်မှလိုက်ရာ မညွန့်ညွန့်အေးခြေချော်၍ ဝမ်းလျားမှောက်လဲသွားစဉ် ဆည်မြောင်းဘက်သို့ ဆွဲခေါ်သွားကြောင်း၊ ထိုသို့ခေါ်သွားစဉ် အောင်ကိုမင်းနှင့် မျိုးမင်းသူတို့က မညွန့်ညွန့်အေး၏လက်နှစ်ဖက်ကိုကိုင်ထားပြီး မင်းထွန်းက မညွန့်ညွန့်အေး၏အင်္ကျီဖြင့်လည်ပင်းကို ချည်ပြီး ရေထဲတွန်းပို့ခဲ့ကြောင်းပေါ်ပေါက်သည်။

အမှုမှ တရားခံအောင်ကိုမင်းနှင့် မင်းထွန်းတို့က ဖြောင့်ချက်များကို ရုပ်သိမ်းထားသော်လည်း အဆိုပါဖြောင့်ချက်များကို ပေါင်းတည်မြို့နယ်တရားရုံးမှ တွဲဖက်မြို့နယ်တရားသူကြီးမှ ဥပဒေနှင့်အညီရယူထားသည်ကို တွေ့ရသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံ နှင့် အလှ (ခ) မောင်လှ အမှု**[၁] တွင် ဖြောင့်ချက်ကို ဖြောင့်ချက်ပေးသူက ပြန်လည်ရုပ်သိမ်းလျှင် ထိုဖြောင့်ချက်မှအပ အခြားလုံလောက်သော သက်သေခံချက်ရှိရမည်။ ဖြောင့်ချက်ကိုထောက်ခံသည့် အခြားသက်သေခံချက်များရှိရမည်ဟု ဆုံးဖြတ်ထားသည်။

သက်သေခံအမှတ် (ဒ) ဆေးစာနှင့် ဒေါက်တာထိုက်ထိုက်လင်း (လိုပြ-၂၄)၏ ထွက်ချက်အရ သေသူ၏လည်ပင်းကြွက်သားများ သွေးခြေဥ ဒဏ်ရာရှိပြီး လည်ပင်းအရိုးနုကျိုးနေကြောင်း၊ သေဆုံးရသည့်အကြောင်းရင်းမှာ လည်ပင်းညှစ်ခံထားရသောကြောင့် အသက်ရှူကြပ်၍လည်းကောင်း၊ ရေမွန်းကြပ်၍လည်းကောင်း သေဆုံးရခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် အောင်ကိုမင်းနှင့် မင်းထွဋ်တို့၏ဖြောင့်ချက်တွင် ထွက်ဆိုခဲ့သည့်အတိုင်း သေသူအားလည်ပင်းညှစ်သတ်ခဲ့ကြောင်း ထင်ရှားနေသည်။

အခင်းဖြစ်ပြီးနောက် မညွှန့်ညွှန့်အေး၏အလောင်းကို နဝင်းဆည် ရေမြောင်း ရေလည်တွင်တွေ့ရှိချိန်တွင် လည်ပင်း၌အညိုကွက်အကျီနှင့် နှစ်ပတ်ချည်နှောင်ထားပြီး နားတွင်လည်းနားကပ်မရှိတော့ကြောင်းတွေ့ရသည်။ အောင်ကိုမင်းအား လိုက်လံဖမ်းဆီးရာတွင် ၎င်းပစ်ချခဲ့သော လွယ်အိတ်အတွင်းမှ အသဲပုံရွှေနားကပ်တစ်ဖက် (နောက်ပိတ်မပါ) ကိုတွေ့ရှိသိမ်းဆည်းထားသဖြင့် အောင်ကိုမင်း နှင့် မင်းထွဋ်တို့၏ဖြောင့်ချက်ပါ သေသူမညွှန့်ညွှန့်အေး၏နားကပ်ကို အောင်ကိုမင်းနှင့် မင်းထွဋ်တို့မှ တစ်ဖက်စီဖြုတ်ယူခဲ့သည်ဆိုသောအချက်ကို ထောက်ခံကြောင်းတွေ့ရသည်။

---

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး(တရားလွှတ်တော်)၊ စာ-၂၉

**မောင်မောင်ကြည်နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၂] တွင်လည်း ရဲကခြိမ်းခြောက်သဖြင့် ဖြောင့်ချက်ပေးရသည်ဟုဆိုကာ ပြန်လည်ရုပ်သိမ်းသော်လည်း အကြောင်းခြင်းရာများနှင့်တကွ တွေ့ရှိသောပစ္စည်းများက ဖြောင့်ချက်ကိုထောက်ခံလျက်ရှိလျှင် မိမိအလိုအလျောက်ဖြောင့်ချက်ပေးခဲ့သည်ဟု ကောက်ယူရကြောင်း လမ်းညွှန်ဆုံးဖြတ်ထားသည်။

သို့ဖြစ်ရာ အယူခံတရားလို အောင်ကိုမင်းနှင့် မင်းထွဋ်တို့သည် သေသူမညွန့်ညွန့်အေး၏ နားကပ်ကိုလုယူစဉ်အတူတကွ လူသတ်မှုကျူးလွန်ခဲ့ကြောင်း ပေါ်ပေါက်သည်။

သို့ရာတွင် အမှု၌ မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ နှစ်ဖက်တင်ပြချက်အရ အငြင်းပွားမှုပေါ်ပေါက်နေသည်။ ရဲစွဲချက်ပုံစံတွင် မျိုးမင်းသူ၏အသက်ကို ၁၉ နှစ်ဟုဖော်ပြထားပြီး သက်သေခံအမှတ်(၁) ကျောင်းထောက်ခံစာတွင် မွေးသက္ကရာဇ်ကို ၄-၂-၁၉၉၅ ဟု ဖော်ပြထား၍ အခင်းဖြစ်ချိန်တွင် မျိုးမင်းသူ၏အသက်မှာ ၁၅ နှစ် ၆ လသာရှိကြောင်း ပေါ်ပေါက်နေသည်။ မူလခရိုင်တရားရုံးက မျိုးမင်းသူမှ တင်ပြသောသက်သေခံအမှတ်(၁) ထောက်ခံစာနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးခဲ့ခြင်းမရှိသည့်ပြင် သက်သေခံအမှတ်(၁)ထောက်ခံစာပေါ် သုံးသပ်ဆုံးဖြတ်ထားခြင်းမရှိကြောင်း တွေ့ရသည်။

ဤနေရာတွင် မှတ်ချက်ပြုလိုသည်မှာ ကလေးသူငယ်တရားရုံးသည် ကလေးသူငယ်မှုခင်းကို လက်ခံရရှိသည့်အခါ ကလေးသူငယ်ဥပဒေပုဒ်မ ၄၁(က) တွင်ဖော်ပြထားသည့်အတိုင်း အမှုတွဲတွင်ပါရှိသော ကလေးသူငယ်

---

**(၂) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၀၃**

၏ အသက်နှင့်ပတ်သက်သည့် အထောက်အထားကိုဦးစွာ စိစစ်ကြည့်ရှုကြသည်။ ထို့နောက်အမှုတွဲပါ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်၊ ကျောင်းဝင်မှတ်ပုံတင်စာရင်းကောက်နုတ်ချက်မိတ္တူမှန်၊ ဆရာဝန်၏ဆေးစာ သို့မဟုတ် အခြားခိုင်လုံသောအထောက်အထားများအရ ကလေးသူငယ်ဖြစ် မဖြစ် ဆုံးဖြတ်ကြသည်။ ကလေးသူငယ်တရားရုံးက ကလေးသူငယ်ဥပဒေပုဒ်မ ၄၁ (က)ပါ ပြဋ္ဌာန်းချက်အတိုင်း မလွဲမသွေလိုက်နာဆောင်ရွက်ကြသော်လည်း အခြားတရားရုံးများက မိမိတို့ရုံးတွင် တရားစွဲဆိုတင်ပို့သည့် တရားခံသည် ကလေးသူငယ် ဟုတ် မဟုတ် အငြင်းပွားမှု ပေါ်ပေါက်လာသည့်အခါ ကလေးသူငယ်ဥပဒေ ပုဒ်မ ၄၁ (က) တွင် ဖော်ပြထားသည့် အထောက်အထားများရယူစိစစ်၍ ခိုင်လုံသော အထောက်အထားများအရ ကလေးသူငယ်ဟုတ် မဟုတ် စိစစ်ရန် ပျက်ကွက်တတ်ကြသည်။

အခြားတရားရုံးများကလည်း မိမိတို့ရုံးသို့ တရားစွဲဆိုတင်ပို့သည့် တရားခံသည် မျက်မြင်အားဖြင့် ကလေးသူငယ်အရွယ်တွေ့ရှိရလျှင်လည်းကောင်း၊ တရားခံက ကလေးသူငယ်ဖြစ်သည်ဟု ထုချေပြီး ကလေးသူငယ်ဟုတ် မဟုတ် အငြင်းပွားမှုပေါ်ပေါက်လာလျှင်လည်းကောင်း ယင်းပြဿနာနှင့်စပ်လျဉ်း၍ ချက်ချင်းစိစစ်၍ အဆုံးအဖြတ်ပေးရန်လိုပေသည်။ အဘယ်ကြောင့်ဆိုသော် တရားခံသည် ကလေးသူငယ်ဖြစ်နေပါက ကလေးသူငယ်မှုခင်းကို စစ်ဆေးစီရင်ခြင်းသည် မူလကပင် ပျက်ပြယ်နေမည်ဖြစ်သောကြောင့်ဖြစ်သည်။

မူလခရိုင်တရားရုံးက တရားခံမျိုးမင်းသူ၏ အသက်နှင့်စပ်လျဉ်း၍ တရားခံဘက်မှ တင်ပြသည့်သက်သေခံအမှတ်(၁) ကျောင်းထောက်ခံစာ

အပေါ် နှစ်ဖက်အငြင်းပွားနေကြပြီး အပြီးသတ်လျှောက်လဲတင်ပြရာ၌လည်း ထည့်သွင်းလျှောက်ထားခဲ့ကြပါလျက် ဤအငြင်းပွားမှုအပေါ် တစ်စုံတစ်ရာ သုံးသပ်ဝေဖန်၍ အဆုံးအဖြတ်မပြုလုပ်ခဲ့ခြင်းသည် တရားရုံး၏တာဝန် ပျက်ကွက်ရာ ရောက်ပေသည်။

မူလရုံးက မျိုးမင်းသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/ ၃၄ အရ သေဒဏ်ချမှတ်ထား၍ ၎င်း၏အသက်နှင့်ပတ်သက်၍ အမှန်သိရှိရန်လိုအပ်သည်။ အသက်နှင့်ပတ်သက်၍ အမှန်သိရှိရန်စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးမှသာ မျိုးမင်းသူ၏ အယူခံမှုနှင့် သေဒဏ်အတည်ပြုမှုကို သုံးသပ်ဆုံးဖြတ်သင့်သည်ဟု ကျွန်ုပ်တို့ယူဆသည်။

အယူခံတရားလို အောင်ကိုမင်းနှင့် မင်းထွဋ်တို့နှင့်ပတ်သက်၍ မူလရုံးအမှုရှိသက်သေခံအထောက်အထားများအရ သီးခြားဆုံးဖြတ်နိုင်သည်ဖြစ်၍ အမှုကြန့်ကြာခြင်းမရှိစေရန် မျိုးမင်းသူနှင့်သာသက်ဆိုင်သည့် သက်သေခံချက်များကိုစောင့်ဆိုင်းခြင်းမပြုတော့ဘဲ အမိန့်ချမှတ်မည်ဖြစ်သည်။

သို့အတွက် အယူခံတရားလို အောင်ကိုမင်းနှင့် မင်းထွဋ်တို့အပေါ် မူလခရိုင်တရားရုံးက ၎င်းတို့အပေါ်ချမှတ်သည့်ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ ၎င်းတို့အပေါ်ချမှတ်သည့် သေဒဏ်အမိန့်ကို အတည်ပြုပြီး ၎င်းတို့တင်သွင်းသည့် ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၃/၂၀၁၁ နှင့် ၂၄/၂၀၁၁ များကို ပလပ်လိုက်သည်။

အယူခံတရားလို မျိုးမင်းသူ၏အသက်နှင့်ပတ်သက်၍ စုံစမ်းမှုပြုပြီး ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၅/၂၀၁၁ နှင့် သေဒဏ်အတည်ပြုမှုအမှတ် ၂၂/၂၀၁၁ တို့တွင် ပြန်လည်တင်ပြရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၇၅(၁)အရ ညွှန်ကြားလိုက်သည်။

# ပြစ်မှုဆိုင်ရာပြင်ဆင်မှု
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
# ဦးမြင့်ဟန် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
နိုဝင်ဘာလ
၁၁ ရက်

**အန်းယီ**

**နှင့်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်***

**၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး ယင်းပြစ်မှုဖြင့် မြေနှင့်နေအိမ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်မှု ရှိ မရှိ။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ ပါပြဋ္ဌာန်းချက်အရ မူရင်းပုဒ်မ ၁၆ မှ ပုဒ်မ ၂၀ အထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားပေးကူညီမှုအတွက် ပုဒ်မ ၂၁ နှင့်တွဲ၍ စွဲဆိုပြီး ပြစ်မှုထင်ရှားစီရင်ပါက ပုဒ်မ ၂၄(က)အရ ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း

---

* ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၈(ခ)

\+ ၂၀၁၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၅ တွင်ချမှတ်သော ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၅-၅-၂၀၁၁ ရက်စွဲပါအမိန့်ကို ပြင်ဆင်မှု။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရန် ပြဋ္ဌာန်းထားခြင်းမရှိပေ။ မရွှေ့မပြောင်းနိုင်သော ပစ္စည်းသိမ်းယူခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၄(ခ)တွင် အားပေးကူညီမှုပုဒ်မ ၂၁ အား ရည်ညွှန်းထားခြင်းမရှိပေ။

သို့ဖြစ်ပေရာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပါက ယင်းဥပဒေပုဒ်မ ၂၄(ခ)ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်မှုမရှိဟု သုံးသပ်တွေ့ရှိရသည်။

လျှောက်ထားသူအတွက် - ဦးခင်မောင်ဇော်
တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ဒေါ်ဌေးဌေးငြိမ်း၊ ဒုတိယညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

တောင်ကြီးခရိုင်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၅၃/၂၀၁၀ တွင်တရားခံ အန်းယီအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ ထောင်(၄)နှစ် နှင့် ယင်းဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ထောင်ဒဏ် (၁၁)နှစ်ကျခံစေရန်၊ ပြစ်ဒဏ်များကိုသီးခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို လျှောက်ထားသူမှ မကျေနပ်၍ ရှမ်းပြည်နယ်တရားလွှတ်တော်သို့ အယူခံဝင်ရောက်ရာ အယူခံမှုကို ပလပ်ခဲ့၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် ဤပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

၂၀၁၁
အန်းယီ
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်

အမှုမှာ ၇-၃-၂၀၁၀ ရက်နေ့ ၁၄း၃၀ နာရီအချိန်တွင် ဖယ်ခုံမြို့နယ် ရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး အောင်အောင် နှင့် ရဲတပ်ကြပ် ခင်မောင်စန်းတို့သည် ဖယ်ခုံမှ ပင်လောင်းမြို့အထွက်သီးနှံခွန် စစ်ဆေးရေးဂိတ်၌ ယာဉ်စစ်ပညာပေးမှုများ ပြုလုပ်နေစဉ် အောင်ကိုလတ်မောင်းနှင်ပြီး အောင်သန်းထွန်းလိုက်ပါလာသည့် ၂ဂ/၅၈၁၇ မီးခိုးရောင်ကားအား စစ်ဆေးရာ မြွေရေခွံအိတ် (၅)အိတ်ကို တွေ့ရှိရ၍ ဖွင့်ဖောက်စစ်ဆေးမည်ပြုရာ အောင်ကိုလတ်မှ ဘိန်းဝါများဖြစ်ကြောင်း မစစ်ဆေးရန်နှင့် ငွေဆယ်သိန်းပေးမည်ဖြစ်ကြောင်း ညှိနှိုင်းခဲ့သည်။ ရဲတပ်ကြပ်ကြီး အောင်အောင်မှ အယုံသွင်း၍ ခေါ်ဆောင်လာခဲ့ရာ ဖယ်ခုံရဲစခန်းအရောက်တွင် အောင်ကိုလတ်မှ သေနတ်ဖြင့်တစ်ချက်ပစ်၍ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ကားပေါ်ရှိ မြွေရေခွံအိတ် (၅)အိတ်အား ၂ဂ/၅၈၁၇ ယာဉ်ပေါ်မှ ၅က/၅၇၆၁ ယာဉ်သို့ လွှဲပြောင်းပေးခဲ့ပြီး ၅က/၅၇၆၁ ယာဉ်အား ရင်းမှီးဂိတ်တွင် ရှာဖွေရာ မောင်ဘဲ့နှင့် ချစ်လှိုင်တို့နှစ်ဦးအား တွေ့ရှိရသည်။ ၎င်းတို့နှစ်ဦး၏ ထွက်ဆိုချက်များအရ မူးယစ်ဆေးဝါးပါ မြွေရေခွံအိတ် (၅)အိတ်ကို ပင်လောင်းမြို့နယ်၊ ထီတလိကျေးရွာနေ ဒေါ်နန်းတင်နေအိမ်၌ တွေ့ရှိသဖြင့် ဘိန်းညိုမှုန့် ၉၈.၂ ကီလိုအား လက်ဝယ်ထားရှိသယ်ဆောင်သူ အောင်ကိုလတ်၊ အောင်သန်းထွန်း၊ ဝင်းထိန်ကျော် (ခ) မောင်ဘဲ့၊ ချစ်လှိုင်၊ မနန်းတင်အပေါ် ဥပဒေအရ အရေးယူပေးရန် တောင်ကြီးမူးယစ် (အထူး) အဖွဲ့မှ ရဲအုပ်သန်းစိုးက တရားလိုပြုလုပ်၍ တိုင်တန်းခဲ့မှုဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေမှ လျှောက်ထားသူမှာ မူလတိုင်ချက်တွင် မပါဝင်သော်လည်း စစ်ဆေးပေါ်ပေါက်ချက်အရဟုဆိုကာ အမှုကိုရုံးသို့ တင်သွင်းရာတွင် အမှတ်(၆)တရားခံအဖြစ် စွဲဆိုတင်ပို့ခံရသူဖြစ်ပါကြောင်း၊

အမှုတွင် တရားလိုပြသက်သေ ၁၈ ဦးနှင့် ရုံးခေါ်သက်သေ (၃)ဦး၊ စုစုပေါင်း (၂၁)ဦးကို စစ်ဆေးခဲ့ရာတွင် လျှောက်ထားသူအန်းယီသည် “ မူးယစ်ဆေးဝါးသို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်းကို ကျူးလွန်ရာတွင် အားပေးကူညီခြင်းပြုသည်ဟု ကောက်ချက်ချနိုင်လောက်အောင် ထွက်ဆိုသွားသူမရှိပါကြောင်း၊ ရဲအုပ်သန်းစိုးက အန်းယီအမှုတွင် ပါဝင်လာရခြင်းမှာ တရားခံအောင်ကိုလတ်၏ စစ်ကြောချက်အရ ဘိန်းညိုမှုန့်များ ငွေကြေးစိုက်ထုတ်ပေးသည့် ဦးလေးလတ်နှင့်ဆက်သွယ်ပေးကြောင်း ပေါ်ပေါက်သဖြင့် အမှုစစ်မှ ကွင်းဆက်တရားခံအဖြစ် ထည့်သွင်းခဲ့ရခြင်းဖြစ်ပါသည် ” ဟုထွက်ဆိုခဲ့ကြောင်း၊ တောင်ကြီးခရိုင်တရားရုံးမှ “အောင်ကိုလတ်၏ ရဲထံထွက်ချက်နှင့် သိမ်းဆည်းခဲ့သည့် သက်သေခံစာအုပ်ပါ ဖုန်းနံပါတ်များအရသာ အန်းယီကို ကွင်းဆက်တရားခံအဖြစ် ဖမ်းဆီးခဲ့ခြင်းဖြစ်သော်လည်း ယခုအမှုတွင် သိမ်းဆည်းရမိခဲ့သည့် ဘိန်းညိုမှုန့်များနှင့် မည်သို့ပတ်သက်ကြောင်း တရားလိုဘက်က အထောက်အထားခိုင်လုံစွာတင်ပြထားခဲ့ခြင်းမရှိသည့်အပြင် အန်းယီအိမ်အတွင်းမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပစ္စည်းတစ်စုံတစ်ရာလည်းမတွေ့ခဲ့ချေ။ ဤအခြေအနေတွင် သက်သေခံဘိန်းညိုမှုန့်များကို အောင်ကိုလတ်က ရောင်းချရန်အလို့ငှာလက်ဝယ်ထားရှိခြင်းကို အားပေးကူညီခဲ့ကြောင်းဆိုရန် ခဲယဉ်းပေသည်” ဟုသုံးသပ်ထားခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တရားလွှတ်တော်ကလည်း ပြင်ဆင်မှုလျှောက်ထားသူနှင့်ပတ်သက်၍သုံးသပ်ရာတွင် “ တရားစွဲအဖွဲ့အစည်းမှ သက်သေခံလက်ကိုင်ဖုန်းဖြင့် မူးယစ်မှုမှ အဓိကတရားခံ (ပြေး)များနှင့် ဆက်သွယ်မှုရှိပါသည်ဟု သက်သေခံတင်ပြခြင်းဖြစ်ဟန်တူသည်။

သို့ရာတွင် မည်သို့မည်ပုံဆက်သွယ်ဆောင်ရွက်၍ ပူးပေါင်းကြံစည်မှုများပြု လုပ်ပါသည်ဟု ထင်ရှားပေါ်လွင်သည့် သက်သေခံချက်များကို မူလရုံးတွင် တင်ပြခြင်းမပြုနိုင် ” ဟု သုံးသပ်ပြီးပါလျက် လျှောက်ထားသူအပေါ် ပြစ်ဒဏ် ကိုအတည်ပြုခဲ့ခြင်းသည် ဥပဒေအရ အထင်အရှားမှားယွင်းလျက်ရှိပါ ကြောင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၄ (ခ) တွင် တရားရုံးသည် ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀အရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းထားသော ပြစ်မှု နှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့် ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ အမှုတွင် လျှောက်ထား သူသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၉(က)/၂၁ အရ ပြစ်မှုကို ကျူးလွန်ကြောင်းမပေါ်ပေါက်ဘဲ လျက် လျှောက်ထားသူနှင့်ပတ်သက်၍ သိမ်းဆည်းထားသည့်အိမ်နှင့်မြေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန် အမိန့်ချမှတ်ခဲ့သည်မှာလည်း ဥပဒေအရ မှားယွင်းပါကြောင်း လျှောက်ထားသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးက တရားခံ အောင်ကိုလတ်နှင့် ၅က/၅၇၆၁ ဟိုင်းလတ်ယာဉ်ပေါ်မှ ဖမ်းဆီးရမိသော ဝင်းထိန် (ခ) မောင်ဘဲ့နှင့် ချစ်လှိုင်တို့၏ ထွက်ဆိုချက်အရ လျှောက်ထားသူ အန်းယီအား ထည့်သွင်းအရေးယူခဲ့ရာ အန်းယီ၏နေအိမ်အိပ်ခန်းဘီရိုအံဆွဲ အတွင်းမှ ဖုန်းနံပါတ်များ ရေးမှတ်ထားသော စာအုပ်ငယ်တစ်အုပ်နှင့် ၀၉၅၂၁၅၇၆၅ နံပါတ်ပါနိုကီရာလက်ကိုင်ဖုန်းတစ်လုံး သိမ်းဆည်းရမိခဲ့ ကြောင်း၊ အမှုစစ်ရဲအုပ် မြင့်ဦး (လိုပြ-၁၈)၏ ထွက်ဆိုချက်အရ တရားခံ အောင်ကိုလတ်အား စစ်ဆေးရာတွင် စာအုပ်ငယ်အတွင်း တရားခံပြေး

ကိုလေးလတ် (ခ) ကိုလတ်၏ ဖုန်းနံပါတ် ၀၉၅၁၅၉၇၈၁၊ တရားခံပြေး မောင်ဖေ (ခ) အားဖေ၏ ဖုန်းနံပါတ် ၀၈၁၈၀၁၅၀၊ တရားခံ အောင်ကိုလတ်၏ ဇနီးစန်းစန်းထူး၏ ဖုန်းနံပါတ် ၀၉၅၂၁၄၀၂၆ တို့ကို အမည်နှင့်တွဲ၍ ဖော်ထုတ်ခဲ့ကြောင်း ပေါ်ပေါက်ပါကြောင်း၊ လျှောက်ထားသူ အန်းယီက ရေရောင်းသည့် အလုပ်ကိုလုပ်ရာ သက်သေခံစာအုပ်အတွင်းရှိ ဖုန်းနံပါတ်များမှာ ရေမှာသူများ၏ ဖုန်းနံပါတ်များဖြစ်ကြောင်း ထုချေချက်မှာ သဘာဝယုတ္တိမရှိပါကြောင်း၊ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၁ ပြဋ္ဌာန်းချက်အရ ပူးပေါင်းကြံစည်ခြင်းလည်း ပါဝင်ပေရာ ပူးပေါင်းကြံစည်မှုများတွင် တိုက်ရိုက်သက်သေခံချက်ရရှိရန်မှာ ရနိုင်ခဲပြီး ပူးပေါင်းကြံစည်သူတို့ကြား သဘောတူညီချက်ရှိကြောင်းကို အချင်းမဖြစ်မီနှင့် အချင်းဖြစ်ပြီးနောက်ပိုင်း ၎င်းတို့၏ အပြုအမူများမှ ပေါ်ပေါက်လာသော ပတ်ဝန်းကျင်အကြောင်းခြင်းရာများမှ ကောက်ယူရကြောင်း၊ အောင်ကိုလတ်အား ဖမ်းဆီးရမိလျှင်ရမိခြင်း အန်းယီကို ကွင်းဆက်ဖော်ထုတ်ခြင်း၊ ၎င်းဖော်ထုတ်သည့် ဖုန်းနံပါတ်များအတိုင်း အန်းယီထံမှ သိမ်းဆည်းရမိသည့်စာအုပ်တွင် ရေးမှတ်ထားသည်ကို တွေ့ရှိခြင်းတို့မှာ အောင်ကိုလတ်နှင့် ပူးပေါင်းကြံစည်မှုရှိကြောင်း ကောက်ယူနိုင်သော ပတ်ဝန်းကျင်အကြောင်းခြင်းရာများဖြစ်ကြောင်း၊ ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄(ခ) တွင် ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်စပ်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားရာ ပုဒ်မ ၂၄(ခ)အရ မူရင်းပြစ်မှုဖြစ်သော ပုဒ်မ ၁၉ နှင့် ပုဒ်မ

၂၀ ကိုသာ ရည်ညွှန်းထားကြောင်း၊ လျှောက်ထားသူအား ပြစ်မှုထင်ရှားစီရင်သော ပြစ်မှုမှာ ပုဒ်မ ၁၉(က)/၂၁ အားပေးကူညီမှုဖြစ်ရာ ယင်းပြစ်မှုဖြင့်နေအိမ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခဲ့သည့် မူလခရိုင်တရားရုံးနှင့် အယူခံရုံးတို့၏ အမိန့်များသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်မှု ရှိမရှိ အမြင့်ဆုံးတရားရုံး၏ အဆုံးအဖြတ်ရယူသင့်သည်ဟု သုံးသပ်ရရှိပါကြောင်း၊ သို့ဖြစ်ပါ၍ လျှောက်ထားသူအား ပြစ်မှုထင်ရှားစီရင်ခဲ့သည့် တောင်ကြီးခရိုင်တရားရုံး၏ စီရင်ချက်အမိန့်နှင့် ယင်းအမိန့်ကို ဆက်လက်အတည်ပြုခဲ့သည့် ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်အမိန့်တို့ကို အတည်ပြုသင့်ကြောင်းနှင့် လျှောက်ထားသူ၏နေအိမ်အား ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းစေသည့်အမိန့်နှင့်စပ်လျဉ်း၍ သင့်မြတ်သောအမိန့်ချမှတ်သင့်ကြောင်း လျှောက်ထားသည်။

မူလရုံးအမှုတွဲ သက်သေခံချက်များအရ ဖယ်ခုံမြို့ သီးနှံခွန်စစ်ဆေးရေးဂိတ်တွင် အောင်ကိုလတ်မောင်းနှင်သည့် ၂၈/၅၈၁၇ နှစ်ခန်းတွဲ (4-Wheel) မီးခိုးရောင်ကားအား စစ်ဆေးရာ ကားပေါ်မှ မြွေရေခွံအိတ် ၅ အိတ်အတွင်း မော်ဖင်းစမ်းသပ်တွေ့ရှိရသည့် အညိုရောင်အမှုန့် ၉၈. ၂ ကီလိုဂရမ်အား တွေ့ရှိရသည်။ ထိုကားအား မောင်းသူမှာ အောင်ကိုလတ်ဖြစ်ပြီး ကားခေါင်းခန်းတွင် အောင်သန်းထွန်းဆိုသူ လိုက်ပါလာသည်။ အောင်ကိုလတ်မှ ဒုရဲအုပ် အောင်အောင် (လိုပြ-၅)အား မြွေရေခွံအိတ်(၅) အိတ်မှာ ဘိန်းဝါမှုန့်များဖြစ်၍ မဖမ်းလျှင် ငွေ ၁၀ သိန်းပေးမည်ဟု ညှိနှိုင်းခဲ့သည်။ ဒုရဲအုပ်အောင်အောင်မှ လက်ခံကြောင်းပြောပြီး အိမ်သို့သွားမည်ဟု လှည့်စားလျက် ဖယ်ခုံရဲစခန်းသို့ ခေါ်ဆောင်ခဲ့ရာ အောင်ကိုလတ်မှ ဖမ်းလာကြောင်း ရိပ်မိသွားပြီး သေနတ်နှင့်တစ်ချက်ပစ်ခတ်ပြီး ကားကိုမောင်းနှင်

ထွက်ပြေးခဲ့၍ အောင်သန်းထွန်းအား ဖမ်းဆီးရမိခဲ့သည်။ နောက်နေ့ ဝ၂း၄၅ နာရီအချိန်တွင် အောင်ကိုလတ်အား အချင်းဖြစ်ကားကို နံပါတ်ပြောင်းပြန်တပ်၍ မောင်းနှင်လာစဉ် ပင်လောင်းမြို့ ရင်းမှီးစစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိခဲ့ပြီး ကားဒက်(ရှ်)ဘုတ်အောက်အံဝှက်အတွင်းမှ ၉-မမပစ္စတို(၁)လက်နှင့် ကျည်အိမ် (၁)ခု၊ ကျည်ဆံ(၈)တောင့်၊ သေနတ်အိတ် (၁)လုံးအား ရှာဖွေတွေ့ရှိခဲ့သည်။ အောင်ကိုလတ်မှ ဘိန်းဝါအိတ် (၅)အိတ်အား မောင်ဘဲ့ကားသို့ လွှဲပြောင်းတင်ပေးခဲ့ကြောင်း၊ မောင်ဘဲ့ကားမှာ နံနက် ၆ နာရီကျော်လျှင် ပင်လောင်းသို့ရောက်မည်ဖြစ်ကြောင်း၊ ဖော်ထုတ်ချက်အရ ရင်းမှီးစစ်ဆေးရေးဂိတ်တွင် စောင့်ဆိုင်းနေစဉ် နံနက် ၆း၃၀ နာရီအချိန်တွင် မောင်ဘဲ့မောင်းနှင်ပြီး ဘေးတွင် ချစ်လှိုင်ဆိုသူလိုက်ပါလာသော အပြာရောင်ဟိုင်းလတ်ယာဉ်အမှတ် ၅က/၅၇၆၁ ယာဉ်ရောက်ရှိလာကြောင်း၊ ၎င်းတို့နှစ်ဦးကို စစ်ဆေးရာ ဘိန်းဝါအိတ်များကို ပင်လောင်းမြို့၊ ထီတလိရွာနေ ဒေါ်နန်းတင်နေအိမ်တွင် ဝှက်ထားကြောင်းသိရှိရသဖြင့် မောင်ဘဲ့နှင့်ချစ်လှိုင်တို့၏ လိုက်လံပြသချက်အရ ဒေါ်နန်းတင်နေအိမ်အောက်ထပ်မှ မြွေရေခွံအိတ် (၅)အိတ် အတွင်းဘိန်းညိုမှုန့် ၉၈. ၂ ကီလိုဂရမ်အား တွေ့ကြောင်းအငြင်းမပွားပေ။

သက်သေခံပစ္စည်း ဘိန်းညိုမှုန့်များအား ဒုရဲမှူး ညွန့်ဝေ(လိုပြ-၉)မှ ဦးဖြူလုံး (လိုပြ-၁)၊ ဦးစိုးဝင်း (လိုပြ-၂)၊ ဦးလှလှိုင် (လိုပြ-၃) တို့ရှေ့တွင် သက်သေခံ (ဂ) ရှာဖွေပုံစံဖြင့် သိမ်းဆည်းရာ အိမ်ရှင်ဒေါ်နန်းတင်၊ မောင်ဘဲ့၊ ချစ်လှိုင်နှင့် အောင်ကိုလတ်တို့မှ လက်မှတ်ရေးထိုးအပ်နှံပေးခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်။

အောင်ကိုလတ်၏ ထွက်ဆိုချက်အရ လျှောက်ထားသူ အန်းယီအား

ကွင်းဆက်တရားခံအဖြစ် ထည့်သွင်းအရေးယူခဲ့ပြီး အန်းယီအား တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ (၇)၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ် ည/၇၉၉ နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။ အန်းယီနေအိမ် အိပ်ခန်းဘီရိုအံဆွဲအတွင်းမှ ၀၉၅၁၅၉၇၈၁၊ ၀၈၁၈၀၁၅၀၊ ၀၉၅၂၁၄၀၂၆ ဖုန်းနံပါတ်များရေးသားထားသော Black and White စာတမ်းပါ စာအုပ်ငယ် (၁)အုပ်နှင့် ၀၉၅၂၁၅၇၆၅ နံပါတ်ပါ နိုကီရာအမျိုးအစားလက်ကိုင်ဖုန်း (၁)လုံးအား ရှာဖွေတွေ့ရှိ၍ ရဲအုပ်သန်းနိုင် (လိုပြ-၁၇)မှ သက်သေများရှေ့တွင် သက်သေခံ(ပ)ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့ရာ အန်းယီမှ လက်မှတ်ရေးထိုးအပ်နှံပေးခဲ့ကြောင်း တွေ့ရှိရသည်။ အန်းယီအိမ်မှ တွေ့ရှိသိမ်းဆည်းရမိသော ဖုန်းမှတ်တမ်းစာအုပ်တွင် အဆိုပါဖုန်းနံပါတ်များသာ ရေးသွင်းထားပြီး အမည်များ ရေးမှတ်ထားမှုမရှိပေ။

ဖမ်းဆီးရမိသော တရားခံများ၏ စစ်ဆေးဖော်ထုတ်ချက်အရ ဖုန်းမှတ်တမ်းစာအုပ်ပါ ဖုန်းနံပါတ် ၀၉၅၁၅၉၇၈၁ မှာ တာချီလိတ်နေ တရားခံပြေး ကိုလေးလတ် (ခ) ကိုလတ်၏ ဖုန်းနံပါတ်ဖြစ်ကြောင်း၊ ဖုန်းနံပါတ် ၀၈၁၈၀၁၅၀ မှာ နမ့်စန်မြို့နေ တရားခံပြေး မောင်ဖေ (ခ) အားဖေ၏ ဖုန်းနံပါတ်ဖြစ်ကြောင်း၊ ဖုန်းနံပါတ် ၀၉၅၂၁၄၀၂၆ မှာ အောင်ကိုလတ်၏ဇနီး မစန်းစန်းထူး၏ ဖုန်းနံပါတ်ဖြစ်ကြောင်း ရဲအုပ်သန်းနိုင် (လိုပြ-၁၇)၏ ထွက်ချက်အရ တွေ့ရှိရသည်။

အောင်ကိုလတ်အား ဖမ်းဆီးရမိစဉ် အောင်ကိုလတ် မောင်းနှင်လာသော ၂ဂ/၅၈၁၇ ယာဉ်ပေါ်မှ ပစ္စတိုသေနတ် (၁)လက်၊ ကျည်၊ကျည်ကတ်၊ ဓားဦးချွန် ၁ ချောင်းတို့နှင့်အတူ ဆိုနီတံဆိပ်ပါ နံပါတ် ၀၉၅၂၁၄၀၂၆ အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံးကိုပါ သိမ်းဆည်းရမိ၍ အောင်ကိုလတ်မှ

သက်သေခံ (က) ရှာဖွေပုံစံဖြင့် အပ်နှံပေးခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ပေရာ ၀၉၅၂၁၄၀၂၆ လက်ကိုင်ဖုန်းမှာ တရားခံအောင်ကိုလတ်မှ ကိုင်ဆောင်သုံးစွဲလျက်ရှိသည့် လက်ကိုင်ဖုန်းဖြစ်သည်မှာ ထင်ရှားသည်။

တရားခံအန်းယီမှ ဝမ်းစတားအမည်ဖြင့် တို့ဖူးချဉ်လုပ်ငန်းကိုလုပ်ကိုင်ပြီး ဇနီး ဒေါ်ခင်နွဲ့ရီ (ခံပြ-၇) မှာ တရုတ်ကျူရှင်ပြသကြောင်း၊ နေအိမ်တွင် အဝီစိတွင်းတူးကာ ရေရောင်းချ၍ စာအုပ်တွင်ရှိသည့် ဖုန်းနံပါတ်များမှာ ရေမှာသူ၏ ဖုန်းနံပါတ်များသာဖြစ်ကြောင်း၊ အောင်ကိုလတ်အားမမြင်ဘူးသလိုသိလည်းမသိရှိပါဟု ထုချေသော်လည်း အဆိုပါဖုန်းနံပါတ်များမှာ ရေမှာသူမည်သူ၏ ဖုန်းနံပါတ်များဖြစ်ပါသည်ဟု သက်သေထင်ရှားတင်ပြနိုင် မှုမတွေ့ရပေ။၀၉၅၂၁၄၀၂၆ ဖုန်းမှာ တရားခံအောင်ကိုလတ်လက်ဝယ်ထားရှိကိုင်ဆောင်သော ဖုန်းဖြစ်ကြောင်းမှာ အငြင်းမပွားထင်ရှားပြီး ကျန်ဖုန်းနှစ်လုံးမှာ မူးယစ်ဆေးဝါးနှင့် ဆက်နွယ်ပတ်သက်လျက်ရှိသူ တရားခံပြေး ကိုလေးလတ်နှင့်မောင်ဖေတို့၏ ဖုန်းများသာဖြစ်ကြောင်း တထစ်ချကောက်ယူနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လျှောက်ထားသူအန်းယီသည် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးခံရသည့် တရားခံ အောင်ကိုလတ်နှင့်လည်းကောင်း၊ တရားခံပြေးများဖြစ်သည့်မောင်ဖေ၊ ကိုလေးလတ်တို့နှင့်လည်းကောင်း ဆက်နွယ်ပတ်သက်မှုရှိကြောင်း ထင်ရှားပေရာ လျှောက်ထားသူအပေါ် တောင်ကြီးခရိုင်တရားရုံးမှ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းနှင့် ယင်းအမိန့်ကို ရှမ်းပြည်နယ်တရားလွှတ်တော်မှ ဆက်လက်အတည်ပြုခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုနိုင်ပေ။

လျှောက်ထားသူအပေါ် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်မှု ထင်ရှားစီရင်ခဲ့ပြီး ယင်းပြစ်မှုဖြင့် နေအိမ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့်ညီညွတ်မှု ရှိ မရှိ သုံးသပ်ရမည် ဖြစ်သည်။

၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါး များဆိုင်ရာဥပဒေ ပုဒ်မ ၂၄ တွင်-

(က) ပုဒ်မ ၁၆ မှ ၂၁ ထိ ပြဋ္ဌာန်းထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်ဒဏ်ချမှတ်လျှင် ပြစ်မှုနှင့် သက်ဆိုင်သည့် မူးယစ်ဆေးဝါး၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါး၊ ငွေကြေး၊ ကိရိယာ၊ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ ယာဉ်၊ တိရစ္ဆာန်ကိုပြည်သူ့ဘဏ္ဍာ အဖြစ်သိမ်းယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း သို့မဟုတ် သတ်မှတ်ချက်နှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့် အမိန့်ချမှတ် ရမည်၊

(ခ) ပုဒ်မ ၁၉ သို့မဟုတ် ၂၀ အရ ပြစ်ဒဏ်ချမှတ်လျှင် သက်သေ ခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပြစ်မှုနှင့်သက်ဆိုင် သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် အမိန့်ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

အဆိုပါ ပြဋ္ဌာန်းချက်အရ မူရင်း ပုဒ်မ ၁၆ မှ ၂၀ အထိ ပြဋ္ဌာန်း ထားသော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားပေးကူညီမှုအတွက် ပုဒ်မ ၂၁ နှင့်တွဲ၍ စွဲဆိုပြီး ပြစ်မှုထင်ရှားစီရင်ပါက ပုဒ်မ ၂၄ (က) အရ ပြစ်မှုနှင့်

သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသော်လည်း မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူရန် ပြဋ္ဌာန်းထားခြင်းမရှိပေ။ မရွှေ့မပြောင်းနိုင်သောပစ္စည်းသိမ်းယူခြင်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၄ (ခ) တွင် အားပေးကူညီမှု ပုဒ်မ ၂၁ အား ရည်ညွှန်းထားခြင်း မရှိပေ။

သို့ဖြစ်ပေရာ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉ (က)/၂၁ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူပါက ယင်းဥပဒေပုဒ်မ ၂၄ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှု မရှိဟု သုံးသပ်တွေ့ရှိရသည်။

**မောင်တင့်လွင် (ခ) တောသား နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမှု**[၁] တွင် ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ တိုက်အမှတ် ၁၅၊ တတိယထပ်ဝဲဘက်အခန်းတွင် မူးယစ်ဆေးဝါးဘိန်းဖြူများ ရှာဖွေသိမ်းဆည်းရမိကြောင်းသာပေါ်လွင်ကြောင်း၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊၂၉ လမ်း၊ အမှတ် ၆၄၊ အခန်း ၄၆ သည် တရားခံ မောင်တင့်လွင် (ခ)တောသား နေထိုင်သောအခန်းဖြစ်ခြင်း တစ်ချက်သာရှိပြီး အဆိုပါအခန်းတွင် မူးယစ်ဆေးဝါးတစ်စုံတစ်ရာရှာဖွေ သိမ်းဆည်းရမိခြင်းမရှိသည့်အပြင် မူးယစ်ဆေးဝါးရောင်းချရရှိငွေဖြင့် ဝယ်ယူခဲ့သည့်အခန်းဖြစ်ကြောင်း သက်သေခံချက်တစ်စုံတစ်ရာမရှိသဖြင့် အဆိုပါအခန်းသည် ပြစ်မှုနှင့်သက်ဆိုင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်ကြောင်း ကောက်ယူနိုင်မည်

---

**(၁) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၁**

မဟုတ်ကြောင်း၊ အဆိုပါအခန်းအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄ (ခ) နှင့် ညီညွတ်မှုမရှိကြောင်း လမ်းညွှန်ဆုံးဖြတ်ခဲ့သည်။

အမှုတွင် လျှောက်ထားသူအန်းယီအိမ်အတွင်းမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ပစ္စည်းတစ်စုံတစ်ရာမတွေ့ရှိသကဲ့သို့ မူးယစ်ဆေးဝါးကိုရောင်းချကြောင်း၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိကြောင်းလည်းငြိစွန်းချက်တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိသည့် အခြေအနေတွင် အန်းယီနေအိမ်မှာ မူးယစ်ဆေးဝါးရောင်းချရရှိငွေဖြင့် ဝယ်ယူခဲ့သည့်အခန်းဖြစ်ကြောင်း၊ ပြစ်မှုနှင့်သက်ဆိုင်သည့် အခန်းဖြစ်ကြောင်း သုံးသပ်၍ရနိုင်မည်မဟုတ်ပေ။

အန်းယီမှာ အောင်ကိုလတ်မှ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာလက်ဝယ်ထားရှိရာ၌ ပူးပေါင်းကြံစည်ခဲ့ကြောင်း၊ အားပေးကူညီခဲ့ကြောင်းထင်ရှားပေါ်ပေါက်၍ တောင်ကြီးခရိုင်တရားရုံးမှ အန်းယီအပေါ် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)/၂၁ အရသာ ပြစ်မှုထင်ရှားစီရင်ခဲ့သည့် အခြေအနေတွင်အန်းယီနေအိမ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းသည် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၂၄(ခ)နှင့် ညီညွတ်ခြင်းမရှိကြောင်း သုံးသပ်ရရှိသည်။

အထက်ပါအကြောင်းများကြောင့် ဤပြစ်မှုဆိုင်ရာပြင်ဆင်မှုအားတစ်စိတ်တစ်ဒေသခွင့်ပြုသည်။

လျှောက်ထားသူ အန်းယီအား ပြစ်မှုထင်ရှားစီရင်ခဲ့သည့်တောင်ကြီးခရိုင်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် ရှမ်းပြည်နယ်တရားလွှတ်တော်၏ အမိန့်ကို ဆက်လက်အတည်ပြုသည်။ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ နယ်မြေ(၇)၊ အောင်မင်္ဂလာလမ်း၊ အမှတ် ည/၇၇၉ ရှိမြေကွက် (၁)ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နံကပ် (၁)ထပ်တိုက်တစ်လုံး၊ လျှပ်စစ်မီတာ (၁)လုံးအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေဟု ချမှတ်သည့် တောင်ကြီးခရိုင်တရားရုံး၏ အမိန့် နှင့် ယင်းအမိန့်ကိုအတည်ပြုသည့် ရှမ်းပြည်နယ်တရားလွှတ်တော်၏ အမိန့်တို့ကို ပယ်ဖျက်၍ လျှောက်ထားသူ အန်းယီသို့ ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။

## တရားမဆိုင်ရာမှုခင်းများ　　　　　　　　စာမျက်နှာ

ဥပဒေများ-

- တရားမကျင့်ထုံးဥပဒေ
- တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေ
- ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ
- ပြည်ထောင်စုတရားစီရင်ရေးဥပဒေ
- မြန်မာဓလေ့ထုံးတမ်းဥပဒေ
- သီးခြားသက်သာခွင့်အက်ဥပဒေ
- ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းကြီးကြပ်ရေးဥပဒေ

**အမှုတွင် ချေလွှာတင်ရန် ချိန်းဆိုသောနေ့၌ လျှောက်ထားခံရသူနှင့် ၎င်း၏ရှေ့နေတို့လာရောက်ခြင်း မရှိသဖြင့် ချေလွှာမတင်သွင်းဘိသကဲ့သို့သတ်မှတ်၍ အမှုကို ဆက်လက်ဆောင်ရွက်ပေးရန်လျှောက်ထားခြင်း၊ တရားပြိုင်ကချေလွှာ တင်သွင်းရန်ပျက်ကွက်ပါက မည်သို့မည်ပုံဆောင်ရွက်ရမည်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁ တွင် ပြဋ္ဌာန်းမထားခြင်း၊ တရားမမှုများတွင်အတိအလင်း သတ်မှတ်ထားခြင်းမရှိသည့်ကိစ္စများ၌ အမှုတစ်မှုစီတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာများကို ထောက်ချင့်၍ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ရန်ဖြစ်ခြင်း၊ ချေလွှာတင်ရန် အကြိမ်ကြိမ် ပျက်ကွက်ပါမူ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်း ၃ ၌ ပြဋ္ဌာန်းထား**

**သော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်နိုင်ခြင်း၊ ချေလွှာတင်ရန် တစ်ကြိမ်တစ်ခါသာ ပျက်ကွက်မှုအတွက် ချမှတ်သင့်သည့် ပြစ်ဒဏ်သည် တရားစရိတ်ပေးစေသည့် ပြစ်ဒဏ်ဆိုပါက တရားမျှတသည့်အမိန့်ဖြစ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁ တွင် အောက်ပါအတိုင်း ဖော်ပြ ပြဋ္ဌာန်းထားသည်-

"တရားပြိုင်သည် မိမိ၏ခုခံချေပချက်အတွက် ချေလွှာကို အမှုပထမ အကြိမ်ကြားနာ စစ်ဆေးသည့်အခါဖြစ်စေ၊ ထိုသို့ ကြားနာစစ်ဆေးခြင်းမပြုမီ ဖြစ်စေ၊ တရားရုံးကခွင့်ပြုသည့် အချိန်အတွင်းဖြစ်စေ တင်သွင်းနိုင်သည်။ တရားရုံးက ဆင့်ဆိုလျှင် တရားပြိုင်သည်မိမိ၏ ခုခံချေပချက်အတွက် ချေလွှာကို တင်သွင်းရမည်။"

တရားရုံးက ဆင့်ဆိုပါလျက် တရားပြိုင်က ချေပလွှာ တင်သွင်း ရန် ပျက်ကွက်လျှင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို နည်း ၁ တွင် ပြဋ္ဌာန်း ထားခြင်းမရှိပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁၀ တွင် "ချေလွှာ တင်သွင်း ရန် ဆင့်ဆိုခြင်းခံရသည့် အမှုသည်တစ်ဦးဦးသည် တရားရုံးက သတ်မှတ်သော အချိန်အတွင်းတင်သွင်းရန် ပျက်ကွက်သည့်အခါ တရားရုံး သည် ၎င်းအမှုသည် အား အရှုံးပေးသော စီရင်ချက်ချမှတ်နိုင်သည်။ သို့တည်းမဟုတ် ယင်းအမှုနှင့် စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထား သည်။

နည်း ၁၀ တွင် ရည်ညွှန်းသော ချေလွှာတင်ရန် ဆင့်ဆိုခြင်းခံရ စာမျက်နှာ သည့်အမှုသည် တစ်ဦးဦးဆိုသည်မှာ နည်း ၉ အရ ဆင့်ဆိုခြင်းခံရသော တရားလို သို့မဟုတ် တရားပြိုင်ဖြစ်သည်။ သို့ဖြစ်ရာ တရားရုံးက သတ်မှတ် ပေးသောနေ့တွင် နည်း ၁ အရ ချေလွှာတင်ရန်ပျက်ကွက်လျှင် တရားရုံး သည် ၎င်းအပေါ် နည်း ၁၀ အရ ၎င်းအားအရှုံးပေးသော စီရင်ချက် ချမှတ်နိုင် မည်မဟုတ်ပေ။ အမိန့် ၈ နည်း ၉ အရ ဆင့်ဆိုသော ချေလွှာကို တင်သွင်းရန် ပျက်ကွက်မှသာ တရားရုံးသည်ပျက်ကွက်သည့် အမှုသည်အပေါ် နည်း ၁၀ အရ စီရင်ချက် ချမှတ်နိုင်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားပြိုင်သည် ချေလွှာတင်ရန်ပျက်ကွက်၍ တရားရုံးကချေလွှာတင်ရန် ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက တရားပြိုင်သည် အမှုတွင် ခုခံချေပ ချက် တင်သွင်းခွင့်နှင့် သက်သေထူခွင့်များ လက်လွတ်သွားမည်ဖြစ်၍ ချေလွှာ တင်ခွင့်မရသည့် ပြစ်ဒဏ်သည် မည်မျှကြီးမားကြောင်း သိသာသည်။

တရားမမှုများတွင် အတိအလင်း သတ်မှတ်ထားခြင်းမရှိသည့် ကိစ္စများ၌ တရားစရိတ်ပေးစေသည့် ပြစ်ဒဏ်ကို ချမှတ်ပေးခြင်းဖြင့် တစ်ဖက် အမှုသည်၏ နစ်နာမှုကို ကုစားနိုင်သည် သို့မဟုတ် တရားမျှတသည် ထင်မြင် သည့် အခြားအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ မည်သို့သော အမိန့်ချမှတ် သင့်သည်ကိုမူ တရားရုံးက အမှုတစ်မှုစီတွင်ပေါ်ပေါက်သော အကြောင်းခြင်း ရာများကို ထောက်ချင့်၍ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ရန် ဖြစ်သည်။

ချေလွှာတင်ရန် အကြိမ်ကြိမ်ပျက်ကွက်ပါက တရားရုံးသည် တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၇ နည်း ၃ ၌ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်အရ

ဆောင်ရွက်နိုင်သည်။ **ဒေါ်လှကြည်ပါ ၆** နှင့် **ဒေါ်တင်မာဦးအမှု**[၇] ကိုကြည့် စာမျက်နှာ ပါ။ ယခုအမှုတွင် တရားပြိုင်သည် ချေလွှာတင်ရန် အကြိမ်ကြိမ် ပျက်ကွက်နေခြင်းမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားပြိုင်သည် ချေလွှာတင်ရန် တစ်ကြိမ်တစ်ခါသာ ပျက်ကွက်ပြီး ပျက်ကွက်ခြင်းအတွက် အကြောင်းပြနိုင်သည့် အခြေအနေတွင် ချေလွှာတင်သွင်းခွင့် ဆုံးရှုံးသည့်ပြစ်ဒဏ်ထက် သက်ညှာသောပြစ်ဒဏ်ကိုသာ ပေးသင့်သည်။

သို့ဖြစ်ရာ ချေလွှာတင်ရန် တစ်ကြိမ်တစ်ခါ ပျက်ကွက်မှု အတိုင်းအတာအလျောက် ပြစ်ဒဏ်ကို ချိန်ဆသတ်မှတ်မည်ဆိုပါက တရားစရိတ်ပေးစေသည့် ပြစ်ဒဏ်ချမှတ်ပေးခြင်းက တရားမျှတသည့်အမိန့် ဖြစ်ပေမည်။

Myanmar C.P Marketing Co.Ltd ( ၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်မာဆွေ ) နှင့် Mirari Japan Co.Ltd ( ၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ ) ၁၆၅

**အမှုမဖြစ်မီအချိန်ကပင် တရားပြိုင်၏ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သူရှေ့နေတစ်ဦးအား တရားလိုက တရားပြိုင်တို့အပေါ် စွဲဆိုသည့်အမှုတွင် တရားပြိုင်၏ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့် မပြုသင့်ကြောင်း လျှောက်ထားမှု၊ ယေဘုယျအားဖြင့် ရှေ့နေရှေ့ရပ်တစ်ဦးအပေါ် အမှုသည်တစ်ဦးအတွက် လိုက်ပါခြင်းမှ တားမြစ်ကန့်သတ်ရန်အတွက် ခိုင်မာသည့် အချက်များရှိရန်လိုသည်။ တရားစီရင်သည့် မှုခင်းတစ်ရပ်**

**တွင် အမှုသည်တစ်ဦးဦးသည် တရားစီရင်မှုလုပ်ငန်းဆိုင်ရာ ပံ့ပိုးမှုရခွင့်ရှိခြင်း၊ ရှေ့နေရှေ့ရပ်တစ်ဦးသည် အမှုသည်တစ်ဦးအတွက် လွတ်လပ်စွာဆောင်ရွက် ပိုင်ခွင့်ရှိခြင်း၊ ရှေ့နေတစ်ဦးအနေဖြင့် အမှုသည်တစ်ဦးထံမှ အမှု၏ အချက်အလက်များကို သိရှိပြီးဖြစ်လျှင် သို့မဟုတ် လေ့လာပြီးဖြစ်လျှင် ထိုအမှုသည်အား ဆန့်ကျင်၍ ဆန့်ကျင်ဘက်အမှုသည်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်းသည် မလျော်ကန်သော အပြုအမူဖြစ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ ယေဘုယျအားဖြင့် တရားရုံးသည် ရှေ့နေရှေ့ရပ်တစ်ဦးအပေါ် တားဝရမ်းထုတ်ဆင့်ခြင်း ဖြင့်ဖြစ်စေ၊ အမှုသည်တစ်ဦးအတွက် လိုက်ပါခြင်းမှ တားမြစ်ကန့်သတ်ခြင်းဖြင့်ဖြစ်စေ ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် ခိုင်မာသည့်အချက်များရှိရမည်ဖြစ်သည်။ ၎င်းရှေ့နေသည် ယခင်အမှုသည်၏ အမှုကိစ္စများဆောင် ရွက်စဉ်အတွင်း အကြောင်းကိစ္စရပ်များကို အထူးသိရှိထားခဲ့ကြောင်း ကျမ်းကျိန်ဆို၍ သက်သေထင်ရှားပြသရန်လိုပေသည်။

တရားစီရင်သည့်မှုခင်းတစ်ရပ်တွင် အမှုသည်တစ်ဦးဦးသည် ၎င်းအတွက်အသင့်တော်ဆုံးဟု ထင်မြင်သည့် တရားစီရင်မှုလုပ်ငန်းဆိုင်ရာ ပံ့ပိုးမှုရရှိခွင့်ရှိသည်။

ရှေ့နေရှေ့ရပ်တစ်ဦးသည် ၎င်း၏အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ ဂုဏ်သိက္ခာနှင့် နည်းလမ်းတကျ တရားစီရင်ရေး စီမံဆောင်ရွက်မှုနှင့် ကိုက်ညီသည့် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ဆုံးရှိသည်ဟု ထင်မြင်ယူဆသည့်

စည်းကမ်းချက်များကို သတ်မှတ်၍ အမှုသည်တစ်ဦးအတွက် လွတ်လပ်စွာ စာမျက်နှာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

သို့ရာတွင် ရှေ့နေရှေ့ရပ်တစ်ဦးသည် မိမိ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရာတွင် အမှုသည်ထံမှရရှိသည့် အတွင်းရေးအချက်အလက်တစ်စုံတစ်ရာအား ဆန့်ကျင်ဘက်အမှုသည်ထံသို့ဖြစ်စေ၊ သို့မဟုတ် နောင်တွင် ဆန့်ကျင်ဘက်အမှုသည်အဖြစ် တရားစွဲဆိုခံရမည့်သူထံသို့ဖြစ်စေ မိမိရရှိသည့် သတင်း အချက်အလက်များကို လွတ်လွတ်လပ်လပ်ပြောဆိုခွင့်ပေးပို့ခွင့်မရှိပေ။

ဥပဒေနှင့်အသက်မွေးဝမ်းကျောင်းပြုခြင်းသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော အသက်မွေးမှုဖြစ်ပေရာ တရားလွှတ်တော်ရှေ့နေများအနေဖြင့် အကျိုးသင့်အကြောင်းသင့်အားဖြင့် အထင်အမြင်လွဲမှားနိုင်လောက်သည့် အပြုအမူတစ်ရပ်ရပ်ပြုမူခြင်းမှ ကောင်းစွာရှောင်ကြဉ်ရမည်ဖြစ်သည်။ ရှေ့နေတစ်ဦးတစ်ယောက်သည် အမှုသည်တစ်ဦးအတွက် အကြံဉာဏ်ပေးခဲ့လျှင်ဖြစ်စေ၊ သို့မဟုတ် လိုက်ပါဆောင်ရွက်ခဲ့လျှင်ဖြစ်စေ ၎င်းအနေနှင့် ယင်းအမှုသည်ထံမှရရှိခဲ့သည့် အချက်အလက်များကို သတိမပြုမိဘဲ သုံးစွဲကောင်း သုံးစွဲနိုင်လောက်သည်ဟု ထင်မြင်ဖွယ်ရှိလျှင်ပင် နောက်ပေါ်ပေါက်လာ သည့် မှုခင်းတစ်ရပ်၌ ယင်းအမှုသည်အား ဆန့်ကျင်၍ လိုက်ပါဆောင်ရွက်ခြင်းမပြုသင့်ပေ။ ရှေ့နေလုပ်ငန်းဆောင်ရွက်ရာမှ ယခင်အမှုသည်ထံမှရရှိခဲ့သည့်အချက်အလက်များကို ယင်းအမှုသည်အားဆန့်ကျင်၍ သုံးစွဲကောင်းသုံးစွဲဖွယ်ရာ အရိပ်အယောင်ကိုပင် ရှောင်ကြဉ်ရမည်မှာ ရှေ့နေရှေ့ရပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့၏ တာဝန်ဖြစ်ပေသည်။

ရှေ့နေရှေ့ရပ်များသည် အမှုသည်ထံမှ ထိုက်သင့်သည့် အခကြေး စာမျက်နှာ ငွေလက်ခံထားသည့်အတွက် အပြန်အလှန်အားဖြင့် ယင်းသို့ငှားရမ်းထား သည့်အမှုသည်များအား ဆန့်ကျင်၍ဆောင်ရွက်ခွင့်မရှိချေ။

အသက်မွေးဝမ်းကျောင်းရှုထောင့်မှကြည့်လျှင် တရားလွှတ်တော် ရှေ့နေတစ်ဦးသည် မိမိ၏ ရှေ့နေလုပ်ငန်းရပ်ဆောင်ရွက်ရာတွင် အမှုကိစ္စ တစ်ခုအပေါ် ဆွေးနွေးတိုင်ပင်ခြင်းခံရပြီးနောက် အမှုသည်တစ်ဦးက တင်ပြပြောဆိုသည့် အမှု၏အချက်အလက်များကို လေ့လာပြီးဖြစ်လျှင် ဆန့်ကျင်ဘက်အမှုသည်၏ အကျိုးအတွက် ၎င်းအမှုအား တာဝန်ယူဆောင် ရွက်ခြင်းသည် မလျော်ကန်သော အပြုအမူပင်ဖြစ်သည်။

ဒေါ်ကြည်ပါ ၄ နှင့် ဒေါ်အေးကြည် ၉
(ကိုယ်တိုင်နှင့်လျှောက်ထားခံရသူ ၂၊၃
တို့၏ အခွင့်ရကိုယ်စားလှယ်စာရသူ)ပါ ၉

**အပြီးအပိုင် အရောင်းအဝယ်စာချုပ်သည် ပျက်ပြယ်သောစာချုပ်ဖြစ် ကြောင်း မြွက်ဟကြေညာပြီး ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုခြင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရယူနိုင်ရန် လိုအပ်ချက်တစ်ရပ်။**

**ဆုံးဖြတ်ချက်** ။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကိုရယူနိုင်ရန် လွှဲပြောင်းရရှိသူက အရောင်းအဝယ်ပြုလုပ် သည့်တန်ဖိုးငွေကို အပြေအကျေပေးချေပြီးဖြစ်ရန်မလိုပေ၊ ပေးချေရန်အသင့် ရှိကြောင်း တင်ပြနိုင်ရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ယခုအမှုမှ တရားလို ဒေါ်တင်တင်လှိုင် (ခ) စာမျက်နှာ
ဒေါ်အင်ဂျလာလှိုင်သည် (၂၃-၁၀-၈၆) ရက်စွဲပါ (သက်သေခံအမှတ်-၄) အရောင်းအဝယ်ကတိစာချုပ်နှင့် (၁-၆-၈၉) ရက်စွဲပါ (သက်သေခံအမှတ်-၁) စာချုပ်များကိုပြုလုပ်၍ ပစ္စည်းလွှဲပြောင်းပေးသူ ဒေါ်ကြင်၏ အမွေဆက်ခံသူဖြစ်ရာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က နှင့် အကျုံးဝင်သူဖြစ်သည်။ သို့ဖြစ်ရာ ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့ပြုလုပ်ခဲ့သည့် (၂၃-၁၀-၈၆) ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်၊ ဒေါ်မူမူသိန်းနှင့် ဒေါ်ကြင်တို့ပြုလုပ်သည့် (၁-၆-၈၉) နေ့စွဲပါ သက်သေခံအမှတ် (၁) စာချုပ်များနှင့် စပ်လျဉ်း၍ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ၅၃-က ၏ အကာအကွယ်ကိုရထိုက်ကြောင်း ထင်ရှားပေါ်ပေါက်သည်။ တရားရုံးချုပ် (ရန်ကုန်)က မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းတို့သည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်ခွင့်မရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုသာချေ။

| ဒေါ်မူမူသိန်း | နှင့် | ဒေါ်တင်တင်လှိုင် (ခ) အင်ဂျလာလှိုင်ပါ ၇ | ၈၃ |
|---|---|---|---|
| ဒေါ်မူမူသိန်း | | ဒေါ်တင်တင်လှိုင် (ခ) အင်ဂျလာလှိုင်ပါ ၇ | |

**မည်သည့်အခါ မူလအငှားချထားခြင်းကို ပြန်အပ်ရာရောက်၍ မူလအငှားချထားမှု ကုန်ဆုံးခြင်း၊ မည်သည့်အခါ ငှားရမ်းသူအဖြစ်မှ အခမဲ့နေထိုင်သူအဖြစ်သို့ ရောက်ရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ခုနှစ်နောက်ပိုင်းတွင် ဦးမြင့်ဌေး၊ ဒေါ်လှအေး

မိသားစုသည် သဘောတူညီချက်အရ မူလ နေထိုင်သည့်နေရာမှ အရှေ့ဘက် ခြမ်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်ရာ ယင်းသို့ နေထိုင်ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၁၁ (စ) အရ ယခင်ငှားရမ်းနေထိုင်ခဲ့ သည့် အနောက်ဘက်ခြမ်းမြေနေရာကို ပြန်အပ်ရာရောက်ပေသည်။ ထို့ကြောင့် အနောက်ခြမ်းမြေနေရာနှင့်စပ်လျဉ်း၍ အငှားချထားခြင်းမှာ ကုန်ဆုံးပြီးဖြစ်သည်။ **ဦးခင်မောင်သန်း နှင့် ဒေါ်လှလှမြင့် (၎င်း၏ ကိုယ်စားလှယ် ဒေါက်တာစိုးတင့်)အမှု**(၁) ကိုကြည့်ပါ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ ဒေါ်လှအေးက မြေပိုင်ရှင်များမှ မြေငှားရမ်းခ လက်ခံခြင်းမပြုဟု ထွက်ဆိုသည်။ သက်သေခံ (၅)စာဖြင့် ပြောင်းရွှေ့နေထိုင် သည့် အရှေ့ဘက်ခြမ်းမြေအတွက် မြေရှင်အား မြေလခပေးရန် ဦးမြင့်ဌေးက တင်ပြသော်လည်း ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့က မြေငှားခရယူခဲ့ကြောင်း၊ ဦးမြင့်ဌေး၊ ဒေါ်လှအေးတို့ကလည်း မြေငှားခပေးခဲ့ကြောင်း အမှုတွင် ပေါ်ပေါက်ခြင်းမရှိချေ။ သို့ဖြစ်၍ ၁၉၉၃ခုနှစ်၊ အောက်တိုဘာလ နောက်ပိုင်း တွင် ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းနှင့် ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစု တို့ကြားတွင် မြေရှင်မြေငှား ဆက်သွယ်မှု ထပ်မံပေါ်ပေါက်ခြင်းမရှိပေ။ ဦးမြင့်ဌေးက ၎င်းတို့မိသားစု နောင်အချိန်ပြေလည်လျှင် မြေပေါ်မှ ပြောင်းရွှေ့ပေးရန် သဘောတူခဲ့ရာ ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့သည် ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုအား အချင်းဖြစ် မြေနှင့်အိမ်တွင် အခမဲ့ နေထိုင်စေခဲ့ကြောင်း ပေါ်ပေါက်သည်။

ဒေါ်လှအေးပါ ၃ နှင့် ဦးကျော်သိန်းပါ ၁၄ ၁၁၁

(ကည)                              ညွှန်းချက်

**အရင်းခံပြဋ္ဌာန်းချက်သည် နောက်ကြောင်းပြန်ဆောင်ရွက်ခွင့်မရှိသည့် ပြဋ္ဌာန်းချက်ဖြစ်ခြင်း၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ အတည်မဖြစ်ခင်က ချမှတ်သော စီရင်ချက်နှင့် ဒီကရီများအပေါ် နောက်ကြောင်းပြန်၍ အမှုခေါ်စာချွန်တော်အမိန့် နှင့် တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့် ခွင့်ရှိမရှိ။ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်ကို လျှောက်ထားတောင်းခံရမည့် စည်းကမ်းသတ်ကာလ။**    စာမျက်နှာ

**ဆုံးဖြတ်ချက်** ။     ။ လျှောက်ထားသူမှ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားသည့် အမိန့်များသည် ပန်းဘဲတန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၀/၂၀၀၈ တွင် ၆-၈-၂၀၁၀ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်၊ ဒီကရီနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမအယူခံမှုအမှတ် ၄၁/၂၀၁၀ တွင် ၂၉-၁၀-၂၀၁၀ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ အရ စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် အခွင့်အရေး (Right) ကို သတ်မှတ်သည့် အရင်းခံပြဋ္ဌာန်းချက် (Substantive Law) သာဖြစ်သည်။ အရင်းခံပြဋ္ဌာန်းချက်သည် နောက်ကြောင်းပြန်ဆောင်ရွက်ခွင့် (Restrospective Effect) မရှိသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့် ၃၁-၁-၂၀၁၁

နေ့တွင် အာဏာတည်သည်။ လျှောက်ထားသူက အမှုခေါ် စာချွန်တော်အမိန့် စာမျက်နှာနှင့် တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့်ပြင်ဆင်ပေးရန် လျှောက်ထားသည့် ပန်းဘဲတန်းမြို့နယ်တရားရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအတည်မဖြစ်ခင်က ချမှတ်သော စီရင်ချက်နှင့် ဒီကရီများဖြစ်သည်။ ယင်းစီရင်ချက်နှင့် ဒီကရီများအပေါ် နောက်ကြောင်းပြန်၍ အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များကို ဤရုံးတော်မှ ထုတ်ဆင့်ခွင့်မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမှုခေါ် စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်ကို သုံးလအတွင်း လျှောက်ထားတောင်းခံရန်ဖြစ်သည်။ ယင်းသို့လျှောက်ထားခြင်းမရှိလျှင် စာချွန်တော်အမိန့်ထုတ်ပေးခြင်းမပြုရန် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၁ တွင် ပိတ်ပင်ထားသည်။ စာချွန်တော်အမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ယခင်တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့် ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင်လည်း အမှုခေါ် စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်ကို ပြက္ခဒိန်သုံးလအတွင်း လျှောက်ထားခြင်းမပြုလျှင် ခွင့်မပြုရန် အလားတူပြဋ္ဌာန်းထားသည်။

| | | | |
|---|---|---|---|
| ဦးကျော်မြင့် | | ဒေါ်တင်လှ | ၁ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | နှင့် | (၎င်း၏အခွင့်ရကိုယ်စားလှယ် | |
| ဦးကျော်မြင့်(ခ)ဟူတောင်အာမက်) | | ဦးမောင်မောင်ခင် ) | |

**စာချွန်တော်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း၊ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားလွှာနှင့်အတူ လျှောက်ထားရခြင်းအကြောင်းအချက်များနှင့် ယင်းအချက်များမှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရန် လိုအပ်ခြင်း၊ ကျမ်းကျိန်လွှာ ပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက်-လျှောက်ထားသူကိုယ်တိုင် ကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာမဟုတ်ဘဲ ရှေ့နေကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားလွှာပါအချက်များမှန်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထား မဟုတ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားလွှာနှင့်အတူ အမှုခေါ်စာချွန်တော်အမိန့်လျှောက်ထားရခြင်း အကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်များ မှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရန်လိုအပ်သည်။ လျှောက်ထားသူများတင်သွင်းသည့် အမှုခေါ်စာချွန်တော်အမိန့် လျှောက်ထားလွှာနှင့်အတူ ကျမ်းကျိန်လွှာပူးတွဲတင်ပြထားခြင်းမရှိသဖြင့် လိုအပ်သည့် ကျမ်းကျိန်လွှာကို တင်သွင်းရန် လျှောက်ထားသူများ၏ ရှေ့နေအား ဤရုံးက ညွှန်ကြားခဲ့သည်။

ဤရုံး၏ ညွှန်ကြားချက်အရ လျှောက်ထားသူများ၏ရှေ့နေက တင်ပြသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာမဟုတ်ဘဲ ရှေ့နေမှ ကျမ်းကျိန်ထွက်ဆိုထားသည့် ကျမ်းကျိန်လွှာသာဖြစ်ကြောင်း တွေ့ရသည်။ စာချွန်တော်အမိန့် လျှောက်ထားမှုများတွင် ကျမ်းကျိန်လွှာပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက်သည်

ယင်းလျှောက်ထားမှုအတွက် သီးခြားသက်သေခံချက်များ ရယူခြင်းမပြုဘဲ စာမျက်နှာ ကျမ်းကျိန်လွှာပါအချက်များအရ စာချွန်တော်အမိန့်ထုတ်ဆင့်ရန်သင့် မသင့် အဆုံးအဖြတ်ပြုနိုင်ရန်အတွက်ဖြစ်သည်။ လျှောက်ထားသူများ၏ ရှေ့နေက စာချွန်တော်အမိန့်လျှောက်ထားမှုအတွက် တင်သွင်းသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ပြုလုပ်သည့် ကျမ်းကျိန်လွှာမဟုတ်သဖြင့် လျှောက်ထားလွှာပါအချက်များမှန်ကြောင်း ကောက်ယူနိုင်သည့် အထောက် အထားဖြစ်သည်ဟု မဆိုနိုင်ပေ။

ဒေါ်ဘေဘီသန်းပါ ၉ / ဦးညီညီထွန်းပါ ၁၁ / ဒေါက်တာ လှမောင်ဒင် နှင့် ဦးတင့်လွင် / ဦးတင့်လွင် / ဦးတင့်လွင် ၇၈

**စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း၊ အမှုခေါ် စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့် လျှောက်ထားရမည့်စည်းကမ်းသတ်ကာလ၊ကာလစည်းကမ်း သတ်ဥပဒေပုဒ်မ ၅ သည် စာချွန်တော်လျှောက်ထားမှုများ နှင့် သက်ဆိုင်ခြင်း ရှိ မရှိ၊ စာချွန်တော်အမိန့် ထုတ်ဆင့် သည့်အာဏာနှင့် အယူခံမှုစီရင်ပိုင်ခွင့်အာဏာ ကွဲပြားခြား နားခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ သည် အယူခံမှု သို့မဟုတ် စီရင်ချက်ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန်လျှောက်လွှာ သို့တည်းမဟုတ် တည်ဆဲဥပဒေတစ်ခုခုက ၎င်းနှင့်သက်ဆိုင်စေရမည်ဟူ၍ ပြဋ္ဌာန်းထားသော လျှောက်လွှာနှင့်သာ သက်ဆိုင်သည်။ အမှုခေါ် စာချွန်တော်

အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်လျှောက်ထားမှုများနှင့် စာမျက်နှာ သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမှုခေါ်စာချွန်တော်အမိန့်ဆိုသည်မှာ အောက်တရားရုံး၏ ဆုံးဖြတ်ချက်သည် ၎င်း၏စီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်ခြင်း ရှိ မရှိ ကို အထက်တရားရုံးက ကျေနပ်စွာ သိရှိနိုင်ရန် အောက်ရုံးဆုံးဖြတ်ချက်ကို တောင်းယူကြည့်ရှုရန် ရည်ရွယ်ပြီး ထုတ်ပြန်သည့် အမိန့်ဖြစ်သည်။

တားမြစ်စေစာချွန်တော်အမိန့်ကို အောက်တရားရုံးက စီရင်ပိုင်ခွင့် အာဏာမရှိဘဲ စီရင်ခြင်းအား တားမြစ်ရန် ထုတ်ပြန်ခြင်းဖြစ်သည်။

အောက်တရားရုံးများကို ကြီးကြပ်ကွပ်ကဲသည့် စာချွန်တော်အမိန့် ထုတ်ဆင့်သည့်အာဏာသည် အယူခံမှုများကို ကြားနာသည့် စီရင်ပိုင်ခွင့် အာဏာနှင့် လုံးဝကွဲပြားခြားနားသည်။ အကယ်၍ အောက်တရားရုံးက ဥပဒေ အရဖြစ်စေ၊ အကြောင်းခြင်းရာအရဖြစ်စေ မှားယွင်းဆုံးဖြတ်ထားခြင်းသည် သူ၏စီရင်ပိုင်ခွင့်အာဏာအတွင်း ဆုံးဖြတ်ခြင်းဖြစ်ပါက ကြီးကြပ်ကွပ်ကဲရန် အာဏာရှိသော စာချွန်တော်အမိန့်ထုတ်ဆင့်နိုင်ခွင့်ရှိသည့် ဤတရားရုံးက ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။ အောက်တရားရုံး၏ အဆိုပါ ဆုံးဖြတ်ချက် သည် မှန်ကန်မှုရှိ မရှိ သင့်မြတ်လျော်ကန်မှု ရှိ မရှိ ကို စစ်ကြောရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ အယူခံမှုလျှောက်ထားခြင်းပင် ဖြစ်သည်။

| | | | |
|---|---|---|---|
| ဒေါ်မြရွှေ | | ခရိုင်တရားသူကြီး | ၁၀၃ |
| ( ၎င်း၏အခွင့်ရ | နှင့် | ဟသ်ာတခရိုင်တရားရုံး | |
| ကိုယ်စားလှယ် မစန်းစန်းဝေ ) | | ဟသ်ာတမြို့ပါ ၃ | |

**ကျမ်းကျိန်လွှာပါအချက်များ မှန်ကြောင်းဝန်ခံချက်ပါရှိရန် လိုအပ်ခြင်း။ အမိန့်တစ်ရပ်သည် စီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ မှားယွင်းခြင်းမရှိပါက စာချွန်တော်အမိန့် ထုတ်ဆင့်ရန် အကြောင်းမရှိခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသည့် လျှောက်ထားလွှာနှင့်အတူ စာချွန်တော်အမိန့် လျှောက်ထားရခြင်း အကြောင်းအချက်များကို လျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာတွင်လည်း ပြည့်ပြည့်စုံစုံဖော်ပြပြီး ကျမ်းကျိန်လွှာပါအချက်များမှန်ကြောင်းဝန်ခံချက်ပါရှိရန် လိုအပ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် ထုတ်ဆင့်ရန် သင့် မသင့်ကို မူလရုံးများကဲ့သို့ သက်သေများဆင့်ခေါ် စစ်ဆေးမည်မဟုတ်ဘဲ လျှောက်ထားလွှာနှင့်ပူးတွဲတင်ပြထားသည့် ကျမ်းကျိန်လွှာများကို စိစစ်ကြည့်ရှု၍ မျက်မြင်အားဖြင့် ချမှတ်သည့်အမိန့်များသည် ဥပဒေနှင့်ဆန့်ကျင်ခြင်း ရှိ မရှိ စာချွန်တော်အမိန့်ထုတ်ဆင့်ရန် လိုအပ်ခြင်းရှိ မရှိကို စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။ **ချန်ယူတ (လျှောက်ထားသူ) နှင့် အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးရုံး၊ ရန်ကုန်မြို့ပါ ၁ (လျှောက်ထားခံရသူများ) အမှု** [၁] ကိုကြည့်ပါ။

သို့ဖြစ်ရာ စာချွန်တော်လျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာများကို ပေါ့ပေါ့တန်တန် ပြုလုပ်ရန်မဟုတ်၊ လေးလေးနက်နက် သတိပြုဆောင်ရွက်ရန်ဖြစ်ကြောင်း **BO KYI MYINT and OTHERS (APPLICANTS) V. CONTROLLER OF RENTS, RANGOON and OTHERS (RESPONDENTS) အမှု** [၂] တွင်ညွှန်ပြထားသည်။

| | | စာမျက်နှာ |
|---|---|---|
| **ထပ်မံဆုံးဖြတ်ချက်**။ | ။ အမိန့်တစ်ရပ်သည် အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည့်အမိန့်ဖြစ်သည်ဟုလည်းကောင်း၊ အခွင့်အာဏာရှိသည်ထက်ကျော်လွန်ဆုံးဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ထိုအမိန့်သည် အပေါ်ယံကြော ကြည့်ရုံဖြင့် ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်းဖြစ်နေသည့် အမိန့်တစ်ရပ်ဖြစ်သည်ဟုလည်းကောင်း ပေါ်လွင်ခြင်းမရှိလျှင် ယင်းအမိန့်မျိုးကို ဤရုံးတော်မှ စာချွန်တော်အမိန့်နှင့် ပယ်ဖျက်ခွင့်မရှိကြောင်း **ဒေါ်ညွန့်ရီ (လျှောက်ထား သူ)နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အတွင်းဝန်ပါ ၂ (လျှောက်ထားခံရသူ) အမှု**[၃] တွင်ညွှန်ပြထားသည်။ | |

လျှောက်ထားသူများမှ နောက်တိုးငြင်းချက် ၇ ရပ် ထပ်မံထုတ် ပေးရန် လျှောက်ထားခြင်းအပေါ် ငြင်းပယ်ခဲ့သည့် တိုင်းဒေသကြီးတရားရုံး အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တိုင်းဒေသကြီးတရားလွှတ်တော် အမိန့်များသည် ကြောင်းကျိုးဆီလျော်စွာသုံးသပ်၍ ၎င်းတို့၏ အခွင့်အာဏာ ရှိသည့်အတွင်း ဆုံးဖြတ်ခဲ့သည့် အမိန့်များဖြစ်ကြောင်းတွေ့ရသည်။ ထို့ပြင် ယင်းအမိန့်များသည် ဥပဒေအရ မှားယွင်းချွတ်ချော်လျက်ရှိသည်ဟု မဆိုနိုင်သဖြင့် စာချွန်တော်အမိန့်ထုတ်ဆင့်ရန် အကြောင်းမရှိပေ။

သို့ဖြစ်ရာ လျှောက်ထားသူများတင်သွင်းသည့် လျှောက်ထားလွှာအရ အမှုခေါ်စာချွန်တော်အမိန့်နှင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်အကြောင်းမရှိသဖြင့် လျှောက်ထားခံရသူများထံ အကြောင်းပြစေရန်အတွက် ကနဦးဆုံးဖြတ်ချက်ချမှတ်ပေးရန် လိုအပ်ခြင်းမရှိကြောင်း တွေ့ရသည်။

ဒေါ်သန်းသန်းဌေးပါ ၂ နှင့် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ၁၂၇
မကွေးတိုင်းဒေသကြီးတရားလွှတ်တော်
မကွေးမြို့ ပါ ၇

**မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အား ဖျက်သိမ်းပေးစေလိုမှု၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းကို လင်ဖြစ်သူက မယား၏ သဘောတူညီချက်မရှိဘဲ သမီးဖြစ်သူအား မေတ္တာဖြင့်ပေး ကမ်းခြင်း၊ လင်မယားနှစ်ဦးအနက် တစ်ဦးဦးသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းမှ ၎င်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးနိုင်ခြင်း၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းတစ်ခု လုံးကို ပေးကမ်းခြင်းနှင့် တစ်စိတ်တစ်ပိုင်းကို ခွဲခြား၍ ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အကျိုးသက်ရောက် ပုံချင်းမတူညီခြင်း၊ လင်မယားနှစ်ဦး ပိုင်ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ပေးကမ်းခြင်းသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းကိုခွဲဝေပေးပြီး ပေးကမ်းရာ ရောက်၍ ထိုပေးကမ်းခြင်းသည် အတည်မဖြစ်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ လင်မယားနှစ်ဦးပိုင်ပစ္စည်းတစ်ခုလုံးကို ပေးကမ်းခြင်း နှင့် တစ်စိတ်တစ်ပိုင်းကို ခွဲခြား၍ ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ အကျိုးသက်ရောက်ပုံချင်းမတူညီပေ။

လင်မယားနှစ်ဦးအနက် တစ်ဦးက လင်မယားနှစ်ဦးပိုင် ပစ္စည်း တစ်ခုလုံးကို ပေးကမ်းရာတွင် ပစ္စည်းကိုခွဲဝေခြင်းမပြုဘဲ နှစ်ဦးပိုင်ပစ္စည်းမှ ပေးကမ်းသူ၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးရာရောက်သဖြင့် လင်မယား နှစ်ဦးပိုင်ပစ္စည်းသည် လွှဲပြောင်းလက်ခံရရှိသူနှင့် ကျန်လင် သို့မဟုတ် မယား တစ်ဦးတို့၏ ပူးတွဲပိုင်ပစ္စည်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။

လင်မယားနှစ်ဦးပိုင်ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ပေးကမ်းခြင်း

သည် လင်မယားနှစ်ဦးပိုင် ပစ္စည်းကို ခွဲဝေပြီးပေးကမ်းရာ ရောက်သည်။ စာမျက်နှာ

မြန်မာဓလေ့ထုံးတမ်းဥပဒေအရဆိုလျှင် လင်မယားကွာရှင်းပြီးသည့်နောက်တွင်မှ ပစ္စည်းခွဲဝေပေးရန် အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။ လင်မယားကွာရှင်းခြင်းမပြုရသေးမီ ပစ္စည်းခွဲဝေခြင်းပြုခဲ့သည့်တိုင်အောင်ပင် ယင်းပစ္စည်းခွဲဝေမှုသည် အပြည့်အဝအကျိုးသက်ရောက်မှုရှိနိုင်မည် မဟုတ်ဟု စီရင်ထုံးများတွင် ထုံးဖွဲ့သည်။ **မထွေး** နှင့် **မတင်ဦးအမှု**[၅]၊ **မောင်ထွန်းလင်း ပါ ၆** နှင့် **မမယ်ခင် အမှု**[၆]၊ **ဦးစိုးမြင့်ပါ၂** နှင့် **မခင်စိုးဝင်း အမှု**[၇]၊ **ဒေါ်စန်းရီ** နှင့် **ဒေါ်ကျော့ကျော့ခိုင် အမှု**[၈] များ ကို ကြည့်ပါ။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအဖြစ် တည်နေသရွေ့ ကာလပတ်လုံး လင်ကဖြစ်စေ၊ မယားကဖြစ်စေ လင်မယားပိုင်ပစ္စည်းများကို ခွဲဝေပေးစေရန် တရားစွဲဆိုခွင့်မရှိပါက မိမိတစ်ဦးတည်း၏သဘောအတိုင်း လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ခွဲဝေပေးကမ်းနိုင်ခွင့်လည်း ရှိမည် မဟုတ်ပေ။ လင်မယားကွာရှင်းခြင်းမပြုရသေးမီ ပစ္စည်းကိုခွဲဝေပေးကမ်းသည့်တိုင်အောင် ခွဲဝေပေးကမ်းသည့်ပစ္စည်းတွင် လင်မယားနှစ်ဦး၏ အကျိုး သက်ဆိုင်ခွင့်သည် ခွဲခြားမရအောင် တည်ရှိနေသဖြင့် ယင်းပစ္စည်းခွဲဝေမှုသည် အပြည့်အဝ အကျိုးသက်ရောက်မှု ရှိနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ လျှောက်ထားသူ အမှတ်(၂) ဦးသိန်းဟန်သည် ၎င်းအကျိုးခံစား ခွင့်ရှိသော အစုထက်ပင် လျော့နည်း၍ ပေးကမ်းသည်ဆိုစေကာမူ မယားဖြစ်သူ ဒေါ်ခင်မကြီး သဘောမတူဘဲ လင်မယားနှစ်ဦးပိုင်ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ခွဲဝေပေးကမ်းခြင်းဖြစ်၍ ထိုပေးကမ်းခြင်းသည် အတည်မဖြစ်ချေ။

မညွှန့်ညွှန့်ဆန်းပါ ၂ နှင့် ဒေါ်ခင်မကြီး ၅၄

**မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည် သို့မဟုတ် အမွေဆက်ခံခွင့်ရှိသည့်ပစ္စည်းဖြစ်သည်ဟု ပဏာမဒီကရီ ချမှတ်သည့်အဆင့်၌ မည်သည့်အခါသုံးသပ်ဆုံးဖြတ်နိုင်ခြင်း။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ အမွေမှုများတွင် အမွေပုံပစ္စည်းလက်ရှိဖြစ်သူ တရားပြိုင်တို့သည်-

(၁) အဆိုလွှာတွင်ဖော်ပြထားသည့် အမွေပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ မှန်ကန်သည်ဟုလည်းကောင်း၊
(၂) အချို့သာ ကျန်ရစ်ခဲ့သည်ဟုလည်းကောင်း၊
(၃) လုံးဝကျန်ရစ်ခြင်းမရှိဟုလည်းကောင်း၊
(၄) ကျန်ရစ်ခဲ့သောပစ္စည်းများသည် အမွေဆက်ခံခွင့်မရှိ၍ အမွေတောင်းဆိုခွင့်မရှိဟုလည်းကောင်း

အမျိုးမျိုး ချေပလေ့ရှိကြသည်။ အမွေမှုတစ်မှုနှင့် တစ်မှုဖြစ်စဉ်များ၊ ချေပချက်များ တူညီလေ့မရှိပေ။

အထက်အပိုဒ် (၁) နှင့် (၂) အရ ချေပလာသည့်အမှုများတွင် ပဏာမဒီကရီချမှတ်ရာ၌ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည်ဟု သုံးသပ်ဆုံးဖြတ်ရန်မလိုဘဲ အမွေပုံပစ္စည်းများကျန်ရစ်ခဲ့သည်မှာ မှန်ကန်သည်ဟု ပဏာမဒီကရီတွင် ဖြေကြားနိုင်သည်။

သို့ရာတွင် အထက်အပိုဒ် (၃) နှင့် (၄) အရ ချေပလာခဲ့ပါက အမွေရှင်ကွယ်လွန်စဉ် ကျန်ရစ်ခဲ့သော မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည် သို့တည်းမဟုတ် အမွေဆက်ခံခွင့်ရှိသော ပစ္စည်းဖြစ်သည်ဟု သုံးသပ်

ဆုံးဖြတ်ရန်လိုအပ်သည်။ သို့မှသာ အမွေပုံပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ စာမျက်နှာ မှန်ကန်သည် သို့မဟုတ် မှန်ကန်မှုမရှိဟု ပဏာမဒီကရီတွင် ဖြေကြားနိုင်မည်ဖြစ်သည်။

ဦးဘစိန်ပါ ၂          နှင့်          ဦးထွန်းကြိုင်ပါ ၄          ၆၈

**အရောင်းအဝယ်ပဋိညာဉ်အတိုင်း အရောင်းစာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုမှု စွဲဆိုခြင်း၊ နှစ်ဦး အမည်ပေါက်ပူးတွဲပိုင်မြေကို တစ်ဦးတည်းကရောင်းချခြင်း၊ ကျန်တစ်ဦးက ရောင်းချခြင်းကို သဘောတူခြင်းမရှိ၍ ရောင်းသူ၏ ဝေစုထက်ဝက်အတွက်သာ အတည်ဖြစ်ခြင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅၊ ဝယ်သူသည် ရောင်းသူအကျိုးသက်ဆိုင်ခွင့်ဖြစ်သော ဥပစာ၏ထက်ဝက်ကို ဥပစာတစ်ခုလုံးအတွက်ဝယ်ရန် သဘောတူထားသည့် ငွေဖြင့်ဝယ်ရန် သဘောတူပါက သီးခြားဆောင်ရွက်စေသည့် ဒီကရီရရှိနိုင်ခြင်း၊ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၅ အရ သက်သာခွင့်ပေးရန်အတွက် လိုအပ်ချက်များ။**

**ဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ အရ ဝယ်သူဒေါ်ခင်စန်းမြင့်သည် ရောင်းသူ ဒေါ်ခင်ခင်စန်း၏ အကျိုးသက်ဆိုင်ခွင့်ဖြစ်သော အချင်းဖြစ်မြေနှင့် အဆောက်အအုံ၏ထက်ဝက်ကို ယင်းမြေနှင့် အဆောက်အအုံတစ်ခုလုံးအတွက် ဝယ်ရန်သဘောတူထားသော ကျပ်သိန်း ၄၀ ဖြင့် ဝယ်ယူရန်သဘောတူပါက သီးခြားဆောင်ရွက်စေသည့် ဒီကရီရရှိနိုင်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ အရ စာမျက်နှာ သက်သာခွင့်ပေးရန်မှာ တရားလိုသည် ရောင်းကြေးငွေအားလုံးကို ပေးချေ၍ ရောင်းရန်ပဋိညာဉ်ပြုသူ၏ ဝေစုကိုသာရယူရန်လိုလားရမည့် အပြင် နောက်ထပ်ဆောင်ရွက်ရန် တောင်းဆိုချက်များနှင့် လျော်ကြေးရခွင့် အရပ်ရပ် တို့ကို စွန့်လွှတ်ခြင်းရှိရန် လိုအပ်သည်။ ယခုအမှုတွင် တရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းသည် ယင်းဥပဒေပုဒ်မ ၁၅ ၏ ခြွင်းချက်များကို လိုက်နာ ကြောင်း ပေါ်လွင်ခြင်းမရှိသည့်အခြေအနေတွင် အဆိုပါ ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်း ချက်အတိုင်း သီးခြားဆောင်ရွက်စေသည့် ဒီကရီကို မရထိုက်ပေ။ ပုဒ်မ ၁၉ သို့မဟုတ် ၂၂ အရ သက်သာခွင့်ပေးရန်ကိစ္စရပ်မှာ တရားရုံးက မိမိဆင်ခြင်တုံ တရားအရ ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် ဤအမှု တွင် အချင်းဖြစ်မြေနှင့် အဆောက်အအုံ၏ထက်ဝက်ကို ခွဲခြမ်းစိတ်ပိုင်း၍ လက်ရောက်ပေးအပ်စေ ခြင်းထက် ရောင်းကြေးငွေ၏ ၂ ဆ ကို လျော်ကြေးအဖြစ် ပေးစေခြင်းက ပိုမိုလျော်ကန်မှုရှိကြောင်း တရားရုံးချုပ် (မန္တလေး) က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမျှတမှုကင်းမဲ့သည်ဟု မဆိုသာချေ။

ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်း နှင့် ဒေါ်ကေကေစန်း (ခ) မတွတ် ၂၄

**မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်ပါ ကတိပဋိညာဉ်အတိုင်း စာချုပ် မှတ်ပုံတင်ပေးစေရန်နှင့် အိမ်မြေဥပစာကို လက်ရောက် ပေးအပ်စေလိုမှုစွဲဆိုခြင်း၊ ရောင်းသူသည် ဦးစွာဝယ်ယူသူနှင့် အရောင်း အဝယ်ပြုထားပြီးနောက် တဖန်ဒုတိယဝယ်ယူသူ သို့ အချင်းဖြစ်မြေနှင့်အိမ်ကိုပင် ရောင်းချကာ လက်ရောက်**

**ပေးအပ်ခဲ့ခြင်း၊ မှတ်ပုံမတင်သော စာချုပ်စာတမ်းဖြင့် ဒုတိယဝယ်ယူသူသည် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၂၇ (ခ) တွင် အကျုံးဝင်သည့် လွှဲပြောင်းရရှိသူဟုတ် မဟုတ်၊ ၎င်းအပေါ်ပဋိညာဉ်အတိုင်း အတည်ပြုရန်လိုမလို၊ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၁၂ ၏ ရှင်းလင်းချက်၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအား လွှဲပြောင်းရောင်းချရန် ပဋိညာဉ် ဖောက်ဖျက်သည့်အတွက် လျော်ကြေးငွေပေးခြင်းသည် လုံလောက်သည့် သက်သာခွင့် ဟုတ် မဟုတ်။** စာမျက်နှာ

**ဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇ (ခ) ပါ "လွှဲပြောင်းရရှိသူ" ဆိုသော စကား ရပ်ကို လွှဲပြောင်းစာချုပ်ချုပ်ဆိုရရှိသောသူဟု ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲထားခြင်းမဟုတ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လိုက်နာကာလွှဲပြောင်းရရှိသောသူအနေဖြင့် သုံးစွဲထားခြင်းဖြစ်သည်။ တန်ဖိုးကျပ် ၁၀၀ ကျော်တန်ဖိုးရှိသောမြေကို လွှဲပြောင်းပေးသည့် မှတ်ပုံမတင်ရသေးသော စာချုပ်သာရှိသူသည် ပုဒ်မ ၂၇ (ခ) ၏ အဓိပ္ပာယ်အရ လွှဲပြောင်းရရှိသူမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မူလရုံးတရားလိုနှင့် တရားပြိုင်အမှတ် (၁) တို့ သက်သေခံအမှတ် (က) စာချုပ် ချုပ်ဆိုသည့်နေ့မှာ ၁-၆-၂၀၀၇ နေ့ဖြစ်ပြီး မူလရုံးတရားပြိုင်အမှတ် (၁) နှင့် တရားပြိုင်အမှတ် (၂)တို့ သက်သေခံအမှတ် (၁) စာချုပ် ချုပ်ဆိုသည့်နေ့မှာ ၁၀-၃-၂၀၀၉ နေ့ဖြစ်သည်။ မူလရုံးတရားလိုသည် မူလရုံးတရားပြိုင် အမှတ်(၁) ထံမှ မူလရုံးတရားပြိုင်အမှတ် (၂) ထက် အရင်အရောင်းအဝယ် ပဋိညာဉ်ပြုထားသူဖြစ်သည်။ မူလရုံး တရားပြိုင် အမှတ် (၂) သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇ (ခ)တွင် ခြွင်းချက်

ပြုထားသည့် လွှဲပြောင်းရရှိသူ မဟုတ်သောကြောင့် ဦးစွာဝယ်ယူသူ တရားလို က တရားပြိုင်အမှတ် (၁) အပေါ်တွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန် အတည်ပြုခွင့်ရှိမည်ဖြစ်သည်။ တရားပြိုင်အမှတ်(၁)ထံမှ မှတ်ပုံမတင်သောစာချုပ်ဖြင့် ဝယ်ယူသူတရားပြိုင်အမှတ် (၂) ထံပိုင်ဆိုင်မှု လွှဲပြောင်းရောက်ရှိသွားခြင်းမရှိ၍ တရားလိုက ၎င်းအပေါ်ပဋိညာဉ်အတိုင်း အတည်ပြုရန်လိုမည် မဟုတ်ပေ။ စာမျက်နှာ

| ဦးစိုးအောင် | နှင့် | ဒေါ်မြင့် (ခ) ဒေါ်စန်းရင် ပါ ၂ | ၃၇ |
|---|---|---|---|
| ဦးစိုးအောင် | | ဒေါ်ခင်အေး ပါ ၂ | |

**နစ်နာကြေးငွေရလိုမှုနှင့် အမြဲတမ်း တားဝရမ်းရလိုမှုစွဲဆိုခြင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄၊ မည်သည့်အခါ ထာဝရတားဝရမ်းခွင့်ပြုနိုင်ခြင်း၊ ထာဝရတားဝရမ်း၏ သဘောသဘာဝ၊သီးခြားသက်သာ ခွင့်အက်ဥပဒေပုဒ်မ ၅၅၊ မည်သည့်အခါ အာဏာတ္တိက တားဝရမ်းထုတ်ပေးနိုင်ခြင်း၊ ထာဝရတားဝရမ်း နှင့် အာဏာတ္တိကတားဝရမ်းတို့၏ ကွဲပြားခြားနားချက်။**

**ဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်အရဆိုလျှင် တရားပြိုင်သည်ပစ္စည်း၌ တရားလို၏ အခွင့်အရေးကို ဖြစ်စေ၊ တရားလို၏ပစ္စည်းခံစားခွင့်ကိုဖြစ်စေ ထိပါးလျှင်သော်လည်းကောင်း၊ ထိပါးရန်ခြိမ်းခြောက်လျှင်သော်လည်းကောင်း တရားရုံးက အောက်ပါကိစ္စများတွင် ထာဝရတားဝရမ်း ခွင့်ပြုနိုင်သည်-

(ကဘ)                    ညွှန်းချက်

(က) တရားပြိုင်သည် တရားလိုအတွက် ပစ္စည်းကို ယုံကြည်အပ်နှံ    စာမျက်နှာ ခံရသူဖြစ်ခြင်း၊

( ခ) ထိပါးခြင်းကြောင့်ဖြစ်စေသော သို့မဟုတ် ဖြစ်စေတန်ရာသော အမှန်တကယ်ပျက်စီးနစ်နာမှုကို သိသာစေသည့် စံနှုန်းမရှိခြင်း၊

( ဂ) ငွေကြေးပေးလျော်စေခြင်းသည် လုံလောက်သော သက်သာခွင့်ဖြစ်မည်မဟုတ်သော ထိပါးမှုဖြစ်ခြင်း၊

(ဃ) ထိပါးခြင်းအတွက် ငွေကြေးဖြင့် လျော်ကြေးရနိုင်ဖွယ်ရာ မရှိခြင်း၊

( င ) တရားစီရင်သောမှုခင်းများ ပွားများခြင်းကို ပိတ်ပင်ရန် အလို့ငှာ တားဝရမ်းထုတ်ဆင့်ရန် လိုအပ်ခြင်း။

သို့ဖြစ်၍ထာဝရတားဝရမ်း၏ သဘောသဘာဝမှာ တရားပြိုင်အား သတ်မှတ်ထားသော အမှုကိစ္စကိုမပြုလုပ်စေရန်၊ အစဉ်အမြဲ ရှောင်ကြဉ်ရန် တားဆီးပိတ်ပင်ခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။   ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ တွင် တာဝန်ဖောက်ဖျက်မှုကို တားဆီးပိတ်ပင်ရန် အလို့ငှာတရားရုံးက ဆောင်ရွက်စေနိုင်သော အမှုကိစ္စအချို့ကို ဆောင်ရွက်စေရန်အလို့ငှာ ဆင့်ဆိုရန်လိုအပ်လျှင် တိုင်တန်းလျှောက်ထားသောဖောက်ဖျက်မှုကိုတားဆီးပိတ်ပင်ရန်နှင့် လိုအပ်သည့်အမှုကိစ္စများကို ဆောင်ရွက်စေရန်အလို့ငှာ ဆင့်ဆိုရန် မိမိသဘောအတိုင်း တားဝရမ်းခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ အရ ထုတ်ဆင့်သော

အာဏာတ္တိက တားဝရမ်းများသည် အနှစ်သာရအားဖြင့် တရားပြိုင်အား အမှု စာမျက်နှာ ကိစ္စတစ်ရပ်ရပ်ကိုဆောင်ရွက်စေသည့် တားဝရမ်းမျိုးသာဖြစ်သည်။ အမြဲ တမ်းတားဝရမ်းမှာကဲ့သို့ တာဝန်ဖောက်ဖျက်မှုကို တားဆီးပိတ်ပင်ပါသော်လည်း လိုအပ်သည့်အမှုကိစ္စကို ဆောင်ရွက်ရန် ဆင့်ဆိုသည့် တားဝရမ်းဖြစ်သည်။ သို့ဖြစ်၍ ထိုတားဝရမ်းကို အာဏာတ္တိက သို့မဟုတ် အမိန့်ပေး တားဝရမ်းဟု ခေါ်ခြင်းဖြစ်သည်။ပုဒ်မ ၅၅ ၏ ဥပမာများကို ဖတ်ရှုပါက တရားပြိုင်များအား မည်သည့်အမှုကိစ္စများ ပြုလုပ်စေရန် ဆင့်ဆိုသည့် တားဝရမ်းများဖြစ်ကြောင်း ထင်ရှားတွေ့မြင်နိုင်သည်။ ဤအချက်တွင် အာဏာတ္တိက တားဝရမ်းများသည်ထာဝရတားဝရမ်းများနှင့် ကွဲပြားခြားနားသည်။

အဆိုပါပုဒ်မ ၅၅ အရ အာဏာတ္တိက တားဝရမ်းထုတ်ဆင့်ပေးရန် စွဲဆိုသောအမှုတွင် တရားပြိုင်အနေဖြင့် တစ်စုံတစ်ခုသော အမှုကိစ္စများကို ပြုရန် တာဝန်ရှိပြီး ထိုတာဝန်ကို ဖောက်ဖျက်ကြောင်း တရားလိုက အဆိုပြုရမည်ဖြစ်သည်။ တရားပြိုင်တွင် တစ်စုံတစ်ခုသော အမှုကိစ္စကိုပြုရန်တာဝန် မရှိပါက ထိုအမှုကိစ္စကို ဆောင်ရွက်စေရန်အတွက် အာဏာတ္တိကတားဝရမ်း ထုတ်ပေးနိုင်မည်မဟုတ်ပေ။ ယင်းမူသဘောကို **အီဝင်းရှောက်ဝ နှင့် ဦးဖိုးညွန့် အမှု**[၁] တွင်ကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၅၅ အရ အာဏာတ္တိက တားဝရမ်းကို တရားပြိုင်အနေဖြင့် တာဝန်ဖောက်ဖျက်ခြင်း မပြုစေရန် ထုတ်ဆင့်ခြင်းဖြစ်ရာ တာဝန်မရှိသည့်ကိစ္စ၌ ထိုတားဝရမ်းကို ထုတ်ဆင့်ခြင်းပြုနိုင်မည်မဟုတ်ချေ။ မူလရုံးတရားပြိုင်များက အဆောက် အအုံကိုပြင်ဆင်ခြင်းတွင် အိမ်ရှင်ဖြစ်သူ တရားလိုဒေါ်နီသား(ခ)ဒေါ်လှလှတင်

ထံ အကြောင်းကြားရန် တာဝန်မရှိသည့်အလျောက် တရားရုံးချုပ်က တရားပြိုင် များအား နောင်တွင်အဆောက်အအုံအား ပြင်ဆင်ရန် ပေါ်ပေါက်ပါက တရားလိုထံ အကြောင်းကြား၍ ဆောင်ရွက်စေရန် အာဏတ္တိကတားဝရမ်း ထုတ်ဆင့်ပေးခြင်းမှာ တရားလိုမတောင်းဆိုသော ထာဝရတားဝရမ်းနှင့် အကျိုးသက်ရောက်မှုချင်းမတူညီသော သက်သာခွင့်ကို ချမှတ်ပေးရာရောက် သောကြောင့် မှန်ကန်သည်ဟု မဆိုသာချေ။ စာမျက်နှာ

ဦးဟာရစ်ချန်ဒရာပါ ၄ နှင့် ဒေါ်နီသား (ခ) ဒေါ်လှလှတင်ပါ ၆ ၁၃၄

**မူလမြို့နယ်တရားရုံး၏ဒီကရီကို ခရိုင်တရားရုံးက အတည်ပြုခဲ့သဖြင့် ဥပဒေသဘောအရ ခရိုင်တရားရုံး ၏ဒီကရီအဖြစ်တည်ရှိသွား၍ မြို့နယ်တရားရုံးက တရားပြိုင်ရရှိသော ဒီကရီသည် မူလကပင် ပျက်ပြယ်သော ဒီကရီဖြစ်ကြောင်း ကြေညာရုံမျှဖြင့် ခရိုင်တရားရုံး၏ ဒီကရီကိုပယ်ဖျက်ရာ မရောက်ခြင်း၊ ခရိုင်တရားရုံး၏ ဒီကရီကိုအဆင့်မြင့် တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်းမပြုပါက အတည်ဖြစ် နေခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ဦးအောင်ခင်က ဒေါ်မြခင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) နှင့် ၁၂(၁)(ဂ)တို့အရ အနိုင်ဒီကရီကိုရရှိခဲ့သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ကျောက်မဲခရိုင်တရားရုံး ၂၀၀၈ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင် အတည်ပြုခဲ့သည်။ **ဦးအေးပါ ၃** နှင့် **ဒေါ်နှင်းရီပါ ၂ အမှု**[?] နှင့်

**ဦးစင်းတစ်(ခ)ဦးတင်မြင့်ပါ ၂** နှင့် **ဦးစိန်မြင့် အမှု**[၈]တွင် ညွှန်ပြချက်အရ စာမျက်နှာ

မူလမြို့နယ်တရားရုံး၏ ဒီကရီကို ခရိုင်တရားရုံးက အတည်ပြုခဲ့သဖြင့် တရားဥပဒေသဘောအရ ခရိုင်တရားရုံး၏ ဒီကရီသည် မြို့နယ်တရားရုံး၏ ဒီကရီနှင့်ပေါင်းစပ်သွား၍ မြို့နယ်တရားရုံး၏ ဒီကရီမဟုတ်တော့ဘဲ ခရိုင်တရားရုံး၏ ဒီကရီအဖြစ်တည်ရှိသွားသည်။ ဤအခြေအနေတွင် မြို့နယ်တရားရုံးက တရားပြိုင်ရရှိထားသော စီရင်ချက်နှင့်ဒီကရီများသည် မူလကပင် တရားမဝင်ပျက်ပြယ်သောဒီကရီများဖြစ်ကြောင်း မြွက်ဟကြေညာ ရုံမျှဖြင့် ခရိုင်တရားရုံး၏ ဒီကရီကိုပယ်ဖျက်ရာရောက်မည် မဟုတ်ပေ။

တစ်နည်းအားဖြင့်ဆိုပါက ကျောက်မဲခရိုင်တရားရုံး ၂၀၀၈ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင် ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီကို အဆင့်မြင့်ရုံးက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းမရှိသဖြင့် အတည်ဖြစ်နေရာ ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ချမှတ်သော တရားပြိုင်ရရှိထားသော စီရင်ချက်နှင့်ဒီကရီသည် မူလကပင် တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာသည့်ဒီကရီသည် အဟောသိကံဖြစ် ပေလိမ့်မည်။

ဦးအောင်ခင် နှင့် ဒေါ်မြခင် ၁၅၂

(၎င်း၏ကိုယ်စားလှယ်စာရသူ မကြည်ကြည်ဝင်း)

# တရားမအထွေထွေလျှောက်ထားမှု
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
# ဦးမြသိမ်း ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
ဇူလိုင်လ ၈ ရက်

ဦးကျော်မြင့်
{ ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်မြင့် (ခ)
ဟူတောင်အာမက် }

နှင့်

ဒေါ်တင်လှ *
( ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမောင်မောင်ခင် )

အရင်းခံပြဋ္ဌာန်းချက်သည် နောက်ကြောင်းပြန်ဆောင်ရွက်ခွင့်မရှိသည့် ပြဋ္ဌာန်းချက်ဖြစ်ခြင်း၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ အတည်မဖြစ်ခင်က ချမှတ်သော စီရင်ချက်နှင့်ဒီကရီများအပေါ် နောက်ကြောင်းပြန်၍ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့်ခွင့်ရှိ မရှိ။ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်ကို လျှောက်ထားတောင်းခံရမည့်စည်းကမ်းသတ်ကာလ။

**ဆုံးဖြတ်ချက်** ။ ။ လျှောက်ထားသူမှ အမှုခေါ်စာချွန်တော်အမိန့်နှင့်

---

* ၂၀၁၁ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၉

၂၀၁၁

ဦးကျော်မြင့်
{ ၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်မြင့် (ခ)
ဟူတောင်အာမက် }

နှင့်

ဒေါ်တင်လှ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမောင်မောင်ခင်)

တားမြစ်စေ စာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားသည့် အမိန့်များသည် ပန်းဘဲတန်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၃၀/၂၀၀၈ တွင် ၆-၈-၂၀၁၀ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်၊ ဒီကရီ နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမအယူခံမှုအမှတ် ၄၁/၂၀၁၀ တွင် ၂၉-၁၀-၂၀၁၀ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ အရ စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် အခွင့်အရေး (Right) ကို သတ်မှတ်သည့် အရင်းခံပြဋ္ဌာန်းချက် (Substatsive Law) သာဖြစ်သည်။ အရင်းခံပြဋ္ဌာန်းချက်သည် နောက်ကြောင်းပြန်ဆောင်ရွက်ခွင့် (Restrospective Effect) မရှိသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့် ၃၁-၁-၂၀၁၁ နေ့တွင် အာဏာတည်သည်။ လျှောက်ထားသူက အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့်ပြင်ဆင်ပေးရန် လျှောက်ထားသည့် ပန်းဘဲတန်းမြို့နယ်တရားရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ အတည်မဖြစ်ခင်က ချမှတ်သော စီရင်ချက်နှင့် ဒီကရီများဖြစ်သည်။ ယင်းစီရင်ချက်နှင့် ဒီကရီများအပေါ် နောက်ကြောင်းပြန်၍ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေ စာချွန်တော်အမိန့်များကို ဤရုံးတော်မှ ထုတ်ဆင့်ခွင့်မရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်

စေစာချွန်တော်အမိန့်ကို သုံးလအတွင်း လျှောက်ထားတောင်းခံရန်ဖြစ်သည်။ ယင်းသို့လျှောက်ထားခြင်းမရှိလျှင် စာချွန်တော်အမိန့်ထုတ်ပေးခြင်းမပြုရန် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၁ တွင် ပိတ်ပင်ထားသည်။ စာချွန်တော်အမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ယခင်တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းသည့် နည်းဥပဒေများနှင့် ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင်လည်း အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေ စာချွန်တော်အမိန့်ကို ပြက္ခဒိန်သုံးလအတွင်း လျှောက်ထားခြင်းမပြုလျှင် ခွင့်မပြုရန် အလားတူ ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူအတွက် - ဦးလှစိန်
တရားလွှတ်တော်ရှေ့နေ

ဦးကျော်မြင့်က ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်မြင့် (ခ) ဟူတောင်အာမက်မှတစ်ဆင့် ဒေါ်တင်လှအပေါ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(က)(၃) နှင့် (၅) တို့အရ အမှုခေါ်စာချွန်တော်အမိန့် (Writ of Certiorari) နှင့် တားမြစ်စေစာချွန်တော်အမိန့် (Writ of Prohibition) ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာတင်သွင်း လျှောက်ထားသည်။

လျှောက်ထားလွှာနှင့် ယင်းလျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာများကို ဖတ်ရှုပြီးနောက် စာချွန်တော်အမိန့် လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများအခန်း ၄ အမှုခေါ်စာချွန်တော်အမိန့်

၂၀၁၁

ဦးကျော်မြင့်
{ ၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်မြင့် (ခ)
ဟူတောင်အာမက် }

နှင့်

ဒေါ်တင်လှ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမောင်မောင်ခင်)

နှင့် တားမြစ်စေစာချွန်တော်အမိန့်များဆိုင်ရာ ပြဋ္ဌာန်းချက်အပိုင်း အပိုဒ် ၄၇ အရ ကနဦးဆုံးဖြတ်ချက်အမိန့် ချမှတ်ခြင်းဖြစ်သည်။

လျှောက်ထားသူ၏ လျှောက်ထားလွှာနှင့် ကျမ်းကျိန်လွှာတွင် ပန်းဘဲတန်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃၀/၂၀၀၈ ဖြင့် လျှောက်ထားခံရသူ ဒေါ်တင်လှက လျှောက်ထားသူအပေါ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) (ဒုတိယပိုင်း) နှင့် ပုဒ်မ ၁၂(၁)(ဂ) တို့အရ တရားစွဲဆိုခဲ့ကြောင်း၊ မြို့နယ်တရားရုံးက လျှောက်ထားခံရသူစွဲဆိုသည့်အတိုင်း ၆-၈-၂၀၁၁ နေ့တွင် ဒီကရီချမှတ်ပေးခဲ့ကြောင်း၊ လျှောက်ထားသူက အဆိုပါဒီကရီကိုမကျေနပ်သဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားမအယူခံမှုအမှတ် ၄၁/၂၀၁၀ ဖြင့်တင်သွင်းအယူခံရာ ၂၉-၁၀-၂၀၁၀ နေ့တွင် အယူခံလွှာကို ပလပ်ခဲ့ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အဆိုပါစီရင်ချက်နှင့် ဒီကရီအပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ဒုတိယခြွင်းချက်အရ တရားမပြင်ဆင်မှုဖွင့်လှစ်၍ ပြင်ဆင်ပေးရန် ၂၇-၁၂-၂၀၁၀ ရက်နေ့က လျှောက်ထားခဲ့ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပဏ္ဏာမစိစစ်၍ လျှောက်ထားသူ၏ လျှောက်လွှာကို ခွင့်မပြုကြောင်းဖြင့် ၂၇-၅-၂၀၁၁ နေ့တွင် အကြောင်းပြန်ကြားခဲ့ကြောင်း၊ လျှောက်ထားခံရသူက လျှောက်ထားသူအပေါ် တရားမဇာရီမှုအမှတ် ၁၀/၂၀၁၁ ဖွင့်လှစ်၍ နေအိမ်မှ ဖယ်ရှားရန် ဆောင်ရွက်နေကြောင်း စသည်ဖြင့်ဖော်ပြ၍ ပန်းဘဲတန်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃၀/၂၀၀၈ တွင် ၆-၈-၂၀၁၀ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်ဒီကရီနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမအယူခံမှုအမှတ် ၄၁/၂၀၁၀ တွင် ၂၉-၁၀-၂၀၁၀ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက် ဒီကရီအပေါ်

၂၀၁၁

ဦးကျော်မြင့်
{ ၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်မြင့် (ခ)
ဟူတောင်အာမက် }

နှင့်

ဒေါ်တင်လှ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမောင်မောင်ခင်)

အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် ဤရုံးတော်သို့ လျှောက်ထားလာခြင်းဖြစ်သည်။

လျှောက်ထားသူမှ အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် လျှောက်ထားသည့်အမိန့်များသည် ပန်းဘဲတန်းမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃၀/၂၀၀၈ တွင် ၆-၈-၂၀၁၀ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်ဒီကရီနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမအယူခံမှုအမှတ် ၄၁/၂၀၁၀ တွင် ၂၉-၁၀-၂၀၁၀ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်ဒီကရီဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရရှိသည့် စာချွန်တော်အမိန့်များ ထုတ်ဆင့်ခွင့်အာဏာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆ ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့်အာဏာ အပ်နှင်းသဖြင့် ရရှိသည့်အာဏာဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ အရ စာချွန်တော်အမိန့်များထုတ်ဆင့်ခွင့်အာဏာသည် အခွင့်အရေး (Right) ကို သတ်မှတ်သည့်အရင်းခံပြဋ္ဌာန်းချက် (Substantive Law) သာဖြစ်သည်။ အရင်းခံပြဋ္ဌာန်းချက်သည် နောက်ကြောင်းပြန်ဆောင်ရွက်ခွင့် (Retrospective Effect ) မရှိသည့် ပြဋ္ဌာန်းချက်ဖြစ်သည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့် (၃၁-၁-၂၀၁၁) နေ့တွင် အာဏာတည်သည်။ လျှောက်ထားသူက အမှုခေါ် စာချွန်တော်အမိန့်

၂၀၁၁

ဦးကျော်မြင့်
{ ၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်မြင့် (ခ)
ဟူတောင်အာမက် }

နှင့်

ဒေါ်တင်လှ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမောင်မောင်ခင်)

နှင့် တားမြစ်စေစာချွန်တော်အမိန့်ထုတ်ဆင့်ပြင်ဆင်ပေးရန် လျှောက်ထားသည့် ပန်းဘဲတန်းမြို့နယ်တရားရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများသည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအတည်မဖြစ်ခင်က ချမှတ်သော စီရင်ချက်နှင့် ဒီကရီများဖြစ်သည်။ ယင်းစီရင်ချက်နှင့် ဒီကရီများအပေါ် နောက်ကြောင်းပြန်၍ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များကို ဤရုံးတော်မှ ထုတ်ဆင့်ခွင့်မရှိပေ။

လျှောက်ထားသူက ပန်းဘဲတန်းမြို့နယ်တရားရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတို့၏ စီရင်ချက်နှင့်ဒီကရီများအပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ၏ ဒုတိယခြွင်းချက်အရ တရားမပြင်ဆင်မှုတင်သွင်းခွင့်ပြုရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၇-၁၂-၂၀၁၀ နေ့က လျှောက်ထားကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပဏာမစိစစ်ပြီး လျှောက်ထားသူ၏ လျှောက်လွှာကို ခွင့်မပြုခဲ့ကြောင်းဖြင့် လျှောက်ထားလွှာတွင် ဖော်ပြထားသည်။

လျှောက်ထားသူက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ၏ ဒုတိယခြွင်းချက်အရ ပြင်ဆင်မှုတင်သွင်းခွင့်ပြုရန် လျှောက်ထားရာ မအောင်မြင်သဖြင့် စာချွန်တော်အမိန့်လျှောက်ထားမှုကို တင်သွင်းခြင်းဖြစ်ဟန်ရှိသည်။ ၎င်းတင်သွင်းသည့် လျှောက်ထားလွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တင်သွင်းခြင်း ဖြစ်သဖြင့် ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ကာလစည်းကမ်းသတ် ကျော်လွန်သည့်ရက်များကို ခွင့်ပြုပေးရန်အတွက် ကျမ်းကျိန်လွှာနှင့်အတူ တွေ့ရသည်။

| ၂၀၁၁ |
|---|
| ဦးကျော်မြင့် { ၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးကျော်မြင့် (ခ) ဟူတောင်အာမက် } နှင့် ဒေါ်တင်လှ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမောင်မောင်ခင်) |

အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်ကို သုံးလအတွင်း လျှောက်ထားတောင်းခံရန်ဖြစ်သည်။ ယင်းသို့ လျှောက်ထားခြင်းမရှိလျှင် စာချွန်တော်အမိန့်ထုတ်ပေးခြင်းမပြုရန် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းဥပဒေအပိုဒ် ၆၁ တွင် ပိတ်ပင်ထားသည်။ စာချွန်တော်အမိန့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ယခင်တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းသည့်နည်းဥပဒေများနှင့် ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင်လည်း အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်ကို ပြက္ခဒိန်သုံးလအတွင်း လျှောက်ထားခြင်းမပြုလျှင် ခွင့်မပြုရန် အလားတူ ပြဋ္ဌာန်းထားသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ သည် အယူခံမှု၊ ပြန်လည်သုံးသပ်ပေးစေလိုမှုနှင့် ဥပဒေတစ်ရပ်ရပ်အရ ဤပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည့် လျှောက်ထားမှုများကို သတ်မှတ်ထားသည့် ကာလစည်းကမ်းသတ်ကာလကျော်လွန်ပြီးမှ လျှောက်ထားသည့်အခါ ကာလစည်းကမ်းသတ်ကာလကျော်လွန်ရခြင်းအတွက် လုံလောက်သည့် အကြောင်းတင်ပြနိုင်လျှင် တရားရုံးကခွင့်ပြုနိုင်ကြောင်း ပြဋ္ဌာန်းချက်ဖြစ်သည်။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်သည် ဖော်ပြပါအမှုများနှင့်သာ သက်ဆိုင်သည်။ အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့် လျှောက်ထားမှုများနှင့် သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။ **ဆရာတော် ဦးသြဘာသ (မေတ္တာရပ်ခံသူ) နှင့် ဆရာတော် ဦးရေဝတပါ ၅ (မေတ္တာရပ်ခံခြင်း ခံရသူများ)** [၁] အမှုကို ကြည့်ပါ။

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်ချုပ်)၊ စာ-၃၉

၂၀၁၁

ဦးကျော်မြင့်
{ ၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးကျော်မြင့် (ခ)
ဟူတောင်အာမက် }

နှင့်

ဒေါ်တင်လှ
(၎င်း၏အခွင့်ရ
ကိုယ်စားလှယ်
ဦးမောင်မောင်ခင်)

အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်ကို သုံးလအတွင်း လျှောက်ထားမှသာ ဤရုံးတော်က လက်ခံစဉ်းစားခွင့်ရှိမည်ဖြစ်သည်။ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တင်သွင်းသည့် အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာများကို လက်ခံစဉ်းစားရန် အကြောင်းမရှိ၊ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းအတွက် လုံလောက်သောအကြောင်းရှိကြောင်း ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ အရ ကင်းလွတ်ခွင့်ပြုရန် ကျမ်းကျိန်လွှာ ပူးတွဲတင်ပြလျှောက်ထားစေဦး ဤရုံးတော်က ခွင့်ပြုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ လျှောက်ထားသူများတင်သွင်းသည့် အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာအပေါ် လျှောက်ထားခံရသူများမှ အကြောင်းပြစေရန်အတွက် ဆင့်ဆိုရန်အကြောင်းမပေါ်ပေါက်သဖြင့် ကနဦးဆုံးဖြတ်ချက်(rule *nisi*) ချမှတ်ရန် ငြင်းပယ်လိုက်သည်။

ထို့ကြောင့် လျှောက်ထားသူများ တင်သွင်းသည့် အမှုခေါ်စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာကို ပယ်သည်။

## တရားမပြင်ဆင်မှု

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးစိုးညွန့် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
ဒီဇင်ဘာလ
၃၀ ရက်

## ဒေါ်ကြည်ပါ ၄

## နှင့်

## ဒေါ်အေးကြည်

## (ကိုယ်တိုင်နှင့်လျှောက်ထားခံရသူ ၂၊၃ တို့၏အခွင့်ရ ကိုယ်စားလှယ်စာရသူ)ပါ ၉ *

အမှုမဖြစ်မီအချိန်ကပင် တရားပြိုင်၏ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့သူရှေ့နေတစ်ဦးအား တရားလိုက တရားပြိုင်တို့အပေါ် စွဲဆိုသည့်အမှုတွင် တရားပြိုင်၏ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခွင့် မပြုသင့်ကြောင်း လျှောက်ထားမှု၊ ယေဘုယျအားဖြင့် ရှေ့နေရှေ့ရပ်တစ်ဦးအပေါ် အမှုသည် တစ်ဦးအတွက် လိုက်ပါခြင်းမှ တားမြစ်ကန့်သတ်ရန်အတွက် ခိုင်မာသည့် အချက်များရှိရန်လိုသည်။ တရားစီရင်သည့်မှုခင်းတစ်ရပ်တွင် အမှုသည်တစ်ဦးဦးသည် တရားစီရင်

* ၂၀၁၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၅

\+ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇ ၌ ချမှတ်သော ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၃၀-၆-၂၀၁၁ ရက်နေ့စွဲပါအမိန့်ကို ပြင်ဆင်မှု။

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

**မှုလုပ်ငန်း ဆိုင်ရာ ပံ့ပိုးမှုရခွင့်ရှိခြင်း၊ ရှေ့နေရှေ့ရပ်တစ်ဦးသည် အမှုသည်တစ်ဦးအတွက် လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊ ရှေ့နေတစ်ဦးအနေဖြင့် အမှုသည်တစ်ဦးထံမှ အမှု၏ အချက်အလက်များကို သိရှိပြီးဖြစ်လျှင် သို့မဟုတ် လေ့လာပြီးဖြစ်လျှင် ထိုအမှုသည်အား ဆန့်ကျင်၍ ဆန့်ကျင်ဘက်အမှုသည်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်းသည် မလျော်ကန်သော အပြုအမူဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ယေဘုယျအားဖြင့် တရားရုံးသည် ရှေ့နေရှေ့ရပ်တစ်ဦးအပေါ် တားဝရမ်းထုတ်ဆင့်ခြင်း ဖြင့်ဖြစ်စေ၊ အမှုသည်တစ်ဦးအတွက် လိုက်ပါခြင်းမှ တားမြစ်ကန့်သတ်ခြင်းဖြင့်ဖြစ်စေ ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် ခိုင်မာသည့်အချက်များရှိရမည်ဖြစ်သည်။ ၎င်းရှေ့နေသည် ယခင်အမှုသည်၏ အမှုကိစ္စများဆောင်ရွက်စဉ်အတွင်း အကြောင်းကိစ္စရပ်များကို အထူးသိရှိထားခဲ့ကြောင်း ကျမ်းကျိန်ဆို၍ သက်သေထင်ရှားပြသရန်လိုပေသည်။

တရားစီရင်သည့်မှုခင်းတစ်ရပ်တွင် အမှုသည်တစ်ဦးဦးသည် ၎င်းအတွက်အသင့်တော်ဆုံးဟု ထင်မြင်သည့် တရားစီရင်မှုလုပ်ငန်းဆိုင်ရာ ပံ့ပိုးမှုရရှိခွင့်ရှိသည်။

ရှေ့နေရှေ့ရပ်တစ်ဦးသည် ၎င်း၏အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ ဂုဏ်သိက္ခာနှင့် နည်းလမ်းတကျ တရားစီရင်ရေး စီမံဆောင်ရွက်မှုနှင့်ကိုက်ညီသည့် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ဆုံးရှိသည်ဟု ထင်မြင်ယူဆသည့် စည်းကမ်းချက်များကို သတ်မှတ်၍ အမှုသည်တစ်ဦးအတွက် လွတ်လပ်စွာ

ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

သို့ရာတွင် ရှေ့နေရှေ့ရပ်တစ်ဦးသည် မိမိ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်ရာတွင် အမှုသည်ထံမှရရှိသည့် အတွင်းရေးအချက်အလက်တစ်စုံတစ်ရာအား ဆန့်ကျင်ဘက်အမှုသည်ထံသို့ဖြစ်စေ၊ သို့မဟုတ် နောင်တွင် ဆန့်ကျင်ဘက်အမှုသည်အဖြစ် တရားစွဲဆိုခံရမည့်သူထံသို့ဖြစ်စေ မိမိရရှိသည့် သတင်း အချက်အလက်များကို လွတ်လွတ်လပ်လပ်ပြောဆိုခွင့်ပေးပို့ခွင့်မရှိပေ။

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

ဥပဒေနှင့်အသက်မွေးဝမ်းကျောင်းပြုခြင်းသည် အကျင့်သိက္ခာနှင့်ပြည့်စုံသော အသက်မွေးမှုဖြစ်ပေရာ တရားလွှတ်တော်ရှေ့နေများအနေဖြင့် အကျိုးသင့်အကြောင်းသင့်အားဖြင့် အထင်အမြင်လွဲမှားနိုင်လောက်သည့် အပြုအမူတစ်ရပ်ရပ်ပြုမူခြင်းမှ ကောင်းစွာရှောင်ကြဉ်ရမည်ဖြစ်သည်။ ရှေ့နေတစ်ဦးတစ်ယောက် သည် အမှုသည်တစ်ဦးအတွက် အကြံဉာဏ်ပေးခဲ့လျှင်ဖြစ်စေ၊ သို့မဟုတ် လိုက်ပါဆောင်ရွက်ခဲ့လျှင်ဖြစ်စေ ၎င်းအနေနှင့် ယင်းအမှုသည်ထံမှရရှိခဲ့သည့် အချက်အလက်များကို သတိမပြုမိဘဲ သုံးစွဲကောင်း သုံးစွဲနိုင်လောက်သည်ဟု ထင်မြင်ဖွယ်ရှိလျှင်ပင် နောက်ပေါ်ပေါက်လာ သည့် မှုခင်းတစ်ရပ်၌ ယင်းအမှုသည်အား ဆန့်ကျင်၍ လိုက်ပါဆောင်ရွက်ခြင်းမပြုသင့်ပေ။ ရှေ့နေလုပ်ငန်းဆောင်ရွက်ရာမှ ယခင်အမှုသည်ထံမှ ရရှိခဲ့သည့်အချက်အလက်များကို ယင်းအမှုသည်အားဆန့်ကျင်၍ သုံးစွဲကောင်းသုံးစွဲဖွယ်ရာ အရိပ်အယောင်ကိုပင် ရှောင်ကြဉ်ရမည်မှာ ရှေ့နေရှေ့ရပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့၏ တာဝန်ဖြစ်ပေသည်။

ရှေ့နေရှေ့ရပ်များသည် အမှုသည်ထံမှ ထိုက်သင့်သည့် အခ

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၊၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

ကြေးငွေလက်ခံထားသည့်အတွက် အပြန်အလှန်အားဖြင့် ယင်းသို့ ငှားရမ်းထားသည့်အမှုသည်များအား ဆန့်ကျင်၍ဆောင်ရွက်ခွင့်မရှိချေ။

အသက်မွေးဝမ်းကျောင်းရှုထောင့်မှကြည့်လျှင် တရားလွှတ်တော်ရှေ့နေတစ်ဦးသည် မိမိ၏ ရှေ့နေလုပ်ငန်းရပ်ဆောင်ရွက်ရာတွင် အမှုကိစ္စတစ်ခုအပေါ် ဆွေးနွေးတိုင်ပင်ခြင်းခံရပြီးနောက် အမှုသည် တစ်ဦးက တင်ပြပြောဆိုသည့် အမှု၏အချက်အလက်များကို လေ့လာပြီးဖြစ်လျှင် ဆန့်ကျင်ဘက်အမှုသည်၏ အကျိုးအတွက် ၎င်းအမှုအား တာဝန်ယူဆောင်ရွက်ခြင်းသည် မလျော်ကန်သော အပြုအမူပင်ဖြစ်သည်။

| | |
|---|---|
| လျှောက်ထားသူများအတွက် | - ဦးစိန်ဝင်းချမ်း<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ(၁)(၂)(၃)အတွက် | - ဦးကိုကိုလေး<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ(၄)(၅)(၆)(၇)အတွက် | - ကိုယ်တိုင်<br>(အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးကျော်မြင့် လာသည်) |
| လျှောက်ထားခံရသူ (၈) အတွက် | - ဦးသိန်းရွှေ<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ (၉) အတွက် | - ကိုယ်တိုင် (မလာ) |

၂၀၁၁

ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၇ တွင် တရားလို ဒေါ်အေးကြည်၊ ဒေါ်စိမ်းညို၊ ဦးအုန်းဖေတို့က တရားပြိုင် ဒေါ်ကြည်၊ ဦးအောင်သန့်၊ ဒေါ်ဝင်းမေ၊ ဒေါ်ရွှေသန်း၊ဒေါ်ရီရွှေ၊ ဦးကျော်မြင့်၊ ဦးတက်ထွန်း၊ ဒေါ်စောမြိုင်၊ ဒေါ်အုန်းမေ၊ ဒေါ်မြင့်ဝေတို့ အပေါ် ကွယ်လွန်သူ ဦးတောက်ထွန်းနှင့် ဒေါ်ဥတို့ ကျန်ရစ်သောအိမ်နှင့် မြေကွက်တို့ကို အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရာ တရားလိုများဘက်က နောက်တိုးသက်သေတစ်ဦးကို စစ်ဆေးရန်အဆင့်တွင် တရားပြိုင် ဒေါ်ကြည်၊ ဦးအောင်သန့်၊ ဒေါ်စောမြိုင်၊ ဒေါ်အုန်းမေတို့၏ရှေ့နေအား အမှုတွင် ရှေ့နေအဖြစ်လိုက်ပါ ဆောင်ရွက်ရန် ခွင့်မပြုသင့်ကြောင်း လျှောက်ထားသည်။ မူလရုံးက နှစ်ဖက်လျှောက်လဲချက် ကြားနာပြီး တရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့၏ တရားလွှတ်တော်ရှေ့နေဦးကိုကိုလေးအား ဤအမှုတွင် လိုက်ပါ ဆောင်ရွက်ခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ အမိန့် အပေါ် မူလရုံးတရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့က ကျေနပ်မှု မရှိသဖြင့် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးက တရားမကြီးမှုအမှတ် ၇/၂၀၁၁ (ယင်းအမှုသည် ယင်းတရားရုံး တရားမကြီးမှုအမှတ် ၁၃/၂၀၁၁ နှင့်လည်း ဆက်စပ်သည်)တွင် တရားလိုအမှတ် (၁) နှင့် တရားလိုအမှတ် (၂) (၃) တို့၏ အခွင့်ရကိုယ်စားလှယ်နှင့် ဒေါ်မြင့်ငွေ (လိုပြ-၂) တို့၏ ထွက်ဆိုချက်များအရ တရားပြိုင်ဘက်မှလိုက်ပါဆောင်ရွက်သည့် တရားလွှတ်တော်ရှေ့နေဦးကိုကိုလေးသည် အမှုမစွဲဆိုမီကပင် တရားပြိုင်ဦးအောင်သန့်မှ အမှုအခင်းအတွက် ငှားရမ်းထားပြီး အမှုနှင့်သက်ဆိုင်သည့် အကျိုးအကြောင်းများကိုလည်းကောင်း အမှုတွင်တင်ပြမည့် စာရွက်စာတမ်းများ၏ အရည်အသွေးကိုလည်းကောင်း သိရှိ

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

သူတစ်ဦးဖြစ်ကြောင်း၊ အမှုမစွဲဆိုမီကပင် အမှုအခြေအနေအရပ်ရပ်ကို သိရှိသူတစ်ဦးဖြစ်သည့် အားလျော်စွာ အမှုသည်များ၏ အကျိုးဆောင်အဖြစ် ဆောင်ရွက်ခြင်းထက် အမှုတွင် သက်သေအဖြစ် ပါဝင်သင့်သူတစ်ဦးဖြစ်သည်မှာ အငြင်းပွားဖွယ်ရာမရှိကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၁၉၉၂ ခုနှစ်ထုတ် "ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့်အခွင့်အရေးများ စာစောင်၊ အပိုဒ် ၃၇ ၌ ရှေ့နေရှေ့ရပ်များသည် မိမိကိုယ်တိုင်သက်သေအဖြစ် ပါဝင်လာမည်ကို မသိ၍ အမှုလိုက်ပါဆောင်ရွက်ခဲ့မိလျှင် သိသည့်အချိန်တွင် ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းမှ နုတ်ထွက်သင့်ပါသည်" ဟု ဖော်ပြထားကြောင်း၊ သို့ဖြစ်၍ ဤအမှုတွင် တစ်ဖက်ဖက်သော အမှုသည်အတွက် တရားလွှတ်တော်ရှေ့နေဦးကိုကိုလေးသည် လိုက်ပါဆောင်ရွက်ရန် သင့်မြတ်မည် မဟုတ်ကြောင်းသုံးသပ်၍ တရားလိုဘက်လျှောက်ထားသည့်အတိုင်း ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ရှေ့နေက မူလ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၇ မှာ ယခင်ရှမ်းပြည်နယ်တရားရုံး၏ ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ ဖြင့် ၆-၄-၂၀၀၉ ရက်နေ့မှ အစပြုကာ ဒေါ်အေးကြည်ပါ ၃ ဦးတို့က အဆိုလွှာတင် စွဲဆိုခဲ့မှုဖြစ်ကြောင်း၊ စတင်စွဲဆိုချိန်မှ တရားလိုသက်သေများ စစ်ဆေးပြီးသည့်အချိန်အထိ ၂ နှစ်ကျော် တစ်လျှောက်လုံး တရားပြိုင်အမှတ် (၁) (၂) (၈) (၉) အတွက် တရားလွှတ်တော်ရှေ့နေဦးကိုကိုလေး (စဉ် - ၃၆၇၂/၈၆) ကသာ လိုက်ပါ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုများဘက်က တစ်စုံတစ်ရာကန့်ကွက် ခဲ့ခြင်းမပြုဘဲ နောက်တိုးတရားလိုပြ သက်သေတစ်ဦးတည်းစစ်ဆေးရန်

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၊၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

ကျန်သည့်အဆင့်တွင်မှ ကန့်ကွက်တင်ပြ လာခြင်းသည် တရားပြိုင်အမှတ် (၁) ဒေါ်ကြည် (အသက် ၈၀ ကျော်)အား ကိုယ်တိုင်လာရောက် မထွက်ဆိုနိုင်အောင် မရိုးမဖြောင့်သော သဘောဖြင့် အချိန်ဆွဲနေခြင်းဖြစ်ကြောင်း၊ တရားလို ဒေါ်အေးကြည်၏ ရုံးရှေ့ထွက်ဆို ချက်အရ တရားလွှတ်တော်ရှေ့နေ ဦးကိုကိုလေး (စဉ် - ၃၆၇၂/၈၆) က ၎င်းသည် တရားပြိုင်ဦးအောင်သန့်၏ ရှေ့နေဖြစ်ကြောင်း ကြေညာပြီးမှ ကျန်အမွေဆိုင်များနှင့် တွေ့ဆုံခြင်းဖြစ်ကြောင်း၊တာဝန်အရ အမှုသည်ဖြစ်သူ၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆန့်ကျင်ဘက်အမှုသည်၏ရှေ့နေအား မိမိတို့၏ အတွင်းရေး လျှို့ဝှက်ချက်များကို ထုတ်ဖော်မည် မဟုတ်ကြောင်း၊ တရားလိုဘက်ကလည်း ထိုသို့ပြောဆိုဆွေးနွေးခဲ့ကြောင်း ခိုင်မာစွာ စွပ်စွဲနိုင်မှုမရှိကြောင်း၊ ဒေါ်မြင့်မြင့်ဌေး (လိုပြ-၂) ကလည်း ၁၉၇၁ ခုနှစ် စာချုပ်နှင့် စပ်လျဉ်း၍ ၎င်းက ဦးကိုကိုလေးအား ဖုန်းဆက်မေးစဉ် ဦးကိုကိုလေးက တရားဝင်သည်လည်းမပြော၊ ဘာမှမပြောခဲ့ဟု ဖြေကြားထားကြောင်း၊ မည်သည့်အမှုသည်ကမျှ ရှေ့နေဦးကိုကိုလေးအား သက်သေအဖြစ် တင်ပြမည်ဟု တင်ပြချက်လည်း လုံးဝမရှိကြောင်း၊ ရှမ်းပြည်နယ်တရားလွှတ်တော်၏ အမိန့်ကိုပြင်ဆင် ပယ်ဖျက်ပေးပါရန် တင်ပြလျှောက်ထားသည်။

လျှောက်ထားခံရသူအမှတ် (၁) (၂) (၃) တို့၏ ရှေ့နေက တရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့သာမက ကျန်တရားပြိုင်များနှင့် တရားလိုများ လူမှုရေးပြောဆိုစဉ်က ပါဝင်ညှိနှိုင်းပေးခဲ့သူဖြစ်ကြောင်း၊ သက်သေခံအမှတ် (ခ)အဖြစ် တင်သွင်းထားသော တရားလိုဒေါ်အေးကြည်၏ တင်ပြစာတွင် တရားပြိုင်အမှတ် (၁၀) ဒေါ်မြင့်ဝေမှ စာရွက်စာတမ်းများကို ရှေ့နေတောင်းခံသည့်အတိုင်း ထုတ်ယူပြသရာ ဦးအောင်သန့်၏ရှေ့နေဦးကိုကိုလေးက

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

အားလုံးကြည့်ရှုပြီး နောက် အခြားရှေ့နေနှင့် တိုင်ပင်ရန် ပြောဆိုခဲ့သည်မှာ ထင်ရှားကြောင်း၊ တရားပြိုင်အမှတ် (၂) ဦးအောင်သန့်၏ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက် သည်ဆိုသော်လည်း အမှုမဖြစ်ပွားမီ တရားပြိုင်အမှတ် (၁၀) ဒေါ်မြင့်ဝေနှင့် တရားပြိုင်အမှတ် (၇) ဦးတက်ထွန်းတို့၏ဆန္ဒ၊ အကြောင်းအရာ၊ စာရွက် စာတမ်းများကို ကိုယ်တိုင်မြင်တွေ့ကြားသိပြီးသူ ရှေ့နေတစ်ဦးအနေဖြင့် ဆန့်ကျင်ဘက်အမှုသည်အတွက် လိုက်ပါဆောင်ရွက် ရန်မသင့်၍ ကန့်ကွက် ရခြင်းဖြစ်ကြောင်း၊ အမွေဆက်ခံထိုက်သူ ဒေါ်မြင့်ဌေး (ခ) ဒေါ်မြင့်မြင့်ဌေး (လိုပြသက်သေ)နှင့်အပြန်အလှန်ပြောဆိုသည့်ကိစ္စ၊ တရားလို ဒေါ်အေးကြည် နှင့် အပြန်အလှန်ပြောဆိုသည့်ကိစ္စတို့မှာလည်း အမှုတွဲတွင် ပေါ်လွင်ပြီးဖြစ် ကြောင်း၊ ရုံးတော်မှသင့်လျော်သည် ယူဆပါက စုံစမ်းစစ်ဆေးမှုဆောင်ရွက်စေရန်သာရှိကြောင်း၊ ပြင်ဆင်မှုကို ပလပ်ပေး ပါရန် တင်ပြလျှောက်လဲသည်။

လျှောက်ထားခံရသူအမှတ် (၄) (၅) (၆) (၇) တို့အတွက် လျှောက် ထားခံရသူအမှတ် (၄) (၅) (၆) တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ လျှောက်ထားခံရသူအမှတ် (၇) ဦးကျော်မြင့်က အမှုမဖြစ်ပွားမီ အမှတ် (၁) (၂) (၈) (၉) တရားပြိုင်များ၏ ရှေ့နေဦးကိုကိုလေး (တောင်ကြီး) သည် အမွေဆိုင်ညီအစ်ကို ဦးအောင်သန့်၊ ဦးကျော်မြင့်၊ ဦးတက်ထွန်းတို့ ၃ ဦး တွေ့ဆုံချိန် အချင်းဖြစ်ဦးပိုင်မြေကွက် အမည်ပြောင်းကိစ္စ၊ လွှဲပြောင်းခြင်း ကိစ္စရပ်များအတွက် အကျိုးဆောင်ခကို ၂ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်လုပ် ကိုင်မည်ဟု ပြောဆိုခဲ့ဘူးခြင်းရှိကြောင်း၊ ပြင်ဆင်မှုလျှောက်ထားသူများ၏ အကြောင်းပြချက် (၁) ပါ နှစ်နှစ်ကျော်ကြာမြင့်ခြင်းမှာ ရုံး၏လုပ်ထုံးလုပ်နည်း အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားပြိုင်အမှတ် (၁) (၂) (၈) (၉)

တို့၏ တရားလွှတ်တော်ရှေ့နေဦးကိုကိုလေး (စဉ်-၃၆၇၂/၈၆) အားအမှုတွင် ဆက်လက်လိုက်ပါဆောင်ရွက်ခွင့်မပြုခြင်းမှာ မှူတပြီး အမှတ် (၁) (၂) (၈) (၉) တရားပြိုင်များအတွက် များစွာထိခိုက်နစ်နာစေခြင်းလည်း မရှိကြောင်း၊ ၎င်းတို့အနေဖြင့် နောက်ထပ်တရားလွှတ်တော်ရှေ့နေတစ်ဦးကို အချိန်မီထပ်မံ ငှားရမ်း၍ အမှုဆက်လက်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း လျှောက်လဲတင်ပြ သည်။

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

လျှောက်ထားခံရသူအမှတ် (၈) ၏ရှေ့နေကလည်း တရားလို ထွက်ချက်၊ဒေါ်မြင့်ဌေး (လိုပြ-၂) တို့၏ထွက်ချက်များအရ တရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့၏ တရားလွှတ်တော်ရှေ့နေ ဦးကိုကိုလေးသည် အမှု မစွဲဆိုမီကပင် တရားပြိုင်အမှတ် (၂) ဦးအောင်သန့်က အမှုအတွက် ငှားရမ်း ထားပြီး အမှုနှင့်သက်ဆိုင်သည့် အကျိုးအကြောင်းများကိုလည်းကောင်း၊ အမှု တွင်တင်ပြမည့် စာရွက်စာတမ်းများ၏ အရည်အသွေးများကိုလည်းကောင်း သိရှိနေသူတစ်ဦးဖြစ်ကြောင်း၊ လျှောက်ထားသူများဘက်တွင် ရှေ့နေ ဦးကိုကိုလေးအား လိုက်ပါဆောင်ရွက်ခွင့်မပြုကြောင်း မူလရုံးအမိန့်သည် သင့်တော်မှန်ကန်၍ ပြင်ဆင်မှုကို ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အချင်းဖြစ်အမှုတွင် လျှောက်ထားခံရသူများက အဓိကထား တင်ပြ သည်မှာတရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့၏ အကျိုးဆောင်သည် ယခုအမှုမစွဲဆိုမီ သက်ဆိုင်ရာ အမွေဆိုင်များ အမွေခွဲဝေစီမံကြရန် ညှိနှိုင်း ခဲ့ကြစဉ်က ပါဝင်ဆောင်ရွက်ပေးခဲ့သူဖြစ်ပြီး အမွေဆိုင်များ၏ကိစ္စရပ်များကို အတွင်းသိသူ တစ်ဦးဖြစ်ကြောင်း၊ ထို့ကြောင့် တရားပြိုင်၏ အကျိုးဆောင် အဖြစ် လိုက်ပါဆောင်ရွက်ခွင့်မပြုသင့်ကြောင်း လျှောက်ထားခြင်းဖြစ်သည်။

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၊၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

ထို့ကြောင့် ဤပြင်ဆင်မှုတွင် မူလရုံးက တရားပြိုင် (၁) (၂) (၈) (၉) တို့၏ရှေ့နေအား အချင်းဖြစ်အမှုတွင် ရှေ့နေအဖြစ်လိုက်ပါဆောင်ရွက်ခွင့်မပြုခြင်းသည် မှန်ကန်မှု ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

မူလရုံး၏စီရင်ချက်၌ ဖော်ပြထားသည့် တရားမကြီးမှုအမှတ် ၇/၂၀၁၁ တွင် တရားလိုအမှတ် (၁) ဖြစ်ပြီး တရားလိုအမှတ် (၂) (၃) တို့၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အေးကြည်၏ ထွက်ဆိုချက်အရ ၎င်းတို့မိသားစုညီအစ်ကိုမောင်နှမဝမ်းကွဲများ မတွေ့ဆုံမီကပင် တရားပြိုင်ဦးအောင်သန့်က ၎င်း၏ရှေ့နေအဖြစ် ဦးကိုကိုလေးအား ငှားရမ်းထားခဲ့ပြီး မိသားစုများတွေ့ဆုံရာတွင် ရှေ့နေဦးကိုကိုလေးသည် တရားပြိုင်ဦးအောင်သန့်၏ရှေ့နေအဖြစ် အမှုမဖြစ်မီကပင်လိုက်ပါ ဆောင်ရွက်ခဲ့ကြောင်းတွေ့ရှိရသည်။

မူလရုံးစီရင်ချက်၌ ဖော်ပြထားသည့် **ဦးကျော်ရှိန်ပါ ၂ ဦးနှင့် ဒေါ်ပုပါ ၃ဦးအမှု**(၁)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် တရားရုံးချုပ်ရှေ့နေများကောင်စီ၏ ၁၉၉၂ ခုနှစ်ထုတ် ရှေ့နေရှေ့ရပ်များ၏ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများ စာစောင်၊ အပိုဒ် ၃၇ တွင် ဖော်ပြချက်များသည် အမှုတွင်လိုက်ပါဆောင်ရွက်သူ ရှေ့နေအနေဖြင့် အဆိုပါအမှုတွင် သက်သေအဖြစ် ပါဝင်လာရန် အကြောင်းပေါ်ပေါက်လျှင် ရှေ့နေအဖြစ်ဆက်လက်၍ လိုက်ပါခြင်းမပြုသင့်ကြောင်း ညွှန်ပြထားချက်များဖြစ်သည်။ ယခုအမှုတွင် ရှေ့နေဦးကိုကိုလေးသည် တရားပြိုင်ဦးအောင်သန့်၏ ရှေ့နေအဖြစ် အမှုမဖြစ်မီကပင် ဆောင်ရွက်ခဲ့သည်မှာ မှန်သော်လည်း

(၁) ၁၉၇၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်)၊ စာ-၁ (တရားမ)

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

ထိုအချိန်မတိုင်မီက ဖြစ်ပွားခဲ့သည့်အမှုဖြစ်ကြောင်းရာများနှင့် သက်ဆိုင်သူမဟုတ်၍ အမှုတွင် သက်သေအဖြစ်ပါဝင်လာရန် အကြောင်းရှိသူမဟုတ်ပေ။ ထို့ကြောင့်ပင် တရားပြိုင်၏ရှေ့နေဦးကိုကိုလေးအား မည်သည့်အမှုသည်ဘက်ကမှ သက်သေအဖြစ်တင်ပြထားကြောင်း မတွေ့ရှိရပေ။

**ဦးရဲထွဋ်လှ နှင့် ဒေါ်တင်မေပါ ၄ အမှု**[၂]တွင် "တစ်ဖက်အမှုသည်ထံမှ အမှုအတွက်လိုက်ပါပေးရန် ညှိနှိုင်းတိုင်ပင်ခြင်းဖြင့်ဖြစ်စေ သို့မဟုတ် အဆိုပါအမှုသည်နှင့် ရင်းနှီး၍ ပြောဆိုတိုင်ပင်မှုကြောင့်ဖြစ်စေ အမှုအကြောင်းခြင်းရာများကို သိရှိပြီးနောက်တွင် ယင်းသို့သိရှိပြီးသောရှေ့နေတစ်ဦးက အခြားဆန့်ကျင်ဘက်အမှုသည်အတွက် လိုက်ပါဆောင်ရွက်ရန် မသင့်တော့သည်မှာ အငြင်းပွားဖွယ်ရာမရှိဟုဆိုရပေမည်"ဟု ထုံးပြုထားသည်။ ယခုအမှုတွင် ရှေ့နေဦးကိုကိုလေးသည် တရားပြိုင် (၁) (၂) (၈) (၉)၏ ရှေ့နေအနေဖြင့်လိုက်ပါဆောင်ရွက်ရာ၌ တစ်ဖက်အမှုသည်များဖြစ်ကြသော တရားလိုတို့နှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ ရင်းနှီး၍ ပြောဆိုတိုင်ပင်ခြင်းကြောင့် အမှုအကြောင်းခြင်းရာများကို သိရှိပြီးဖြစ်ကြောင်း တရားလိုဘက်က ထင်ရှားအောင် တင်ပြထားကြောင်း မတွေ့ရ၍ ဤစီရင်ထုံးနှင့် သက်ဆိုင်ခြင်းမရှိချေ။

ယေဘုယျအားဖြင့် တရားရုံးသည် ရှေ့နေရှေ့နေတစ်ဦးအပေါ် တားဝရမ်းထုတ်ဆင့်ခြင်းဖြင့်ဖြစ်စေ၊ အမှုသည်တစ်ဦးအတွက် လိုက်ပါခြင်းမှ တားမြစ်ကန့်သတ်ခြင်းဖြစ်စေ ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် ခိုင်မာသည့် အချက်များရှိရမည်ဖြစ်သည်။ ၎င်းရှေ့နေသည် ယခင်အမှုသည်၏ အမှုကိစ္စ

---

**(၂) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး ၊ စာ-၁၃၂**

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

များ ဆောင်ရွက်စဉ်အတွင်း အကြောင်းကိစ္စရပ်များကို အထူးသိရှိထားခဲ့ကြောင်း ကျမ်းကျိန်ဆို၍ သက်သေထင်ရှားပြသရန်လိုပေသည်။

တရားစီရင်သည့် မှုခင်းတစ်ရပ်တွင် အမှုသည်တစ်ဦးဦးသည် ၎င်းအတွက်အသင့်တော်ဆုံးဟု ထင်မြင်သည့် တရားစီရင်မှုလုပ်ငန်းဆိုင်ရာ ပံ့ပိုးမှုရရှိခွင့်ရှိသည်။

ရှေ့နေရှေ့ရပ်တစ်ဦးသည် ၎င်း၏အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ဂုဏ်သိက္ခာနှင့် နည်းလမ်းတကျ တရားစီရင်စီမံဆောင်ရွက်မှုနှင့် ကိုက်ညီသည့် အကျိုးကျေးဇူးဖြစ်ထွန်းနိုင်ဆုံးရှိသည်ဟု ထင်မြင်ယူဆသည့် စည်းကမ်းချက်များကို သတ်မှတ်၍ အမှုသည်တစ်ဦးအတွက် လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိသည်။

သို့ရာတွင် ရှေ့နေရှေ့ရပ်တစ်ဦးသည် မိမိ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်ရာတွင် အမှုသည်ထံမှ ရရှိသည့် အတွင်းရေးအချက်အလက် တစ်စုံတစ်ရာအား ဆန့်ကျင်ဘက်အမှုသည်ထံသို့ဖြစ်စေ၊ သို့မဟုတ် နောင်တွင် ဆန့်ကျင်ဘက်အမှုသည်အဖြစ် တရားစွဲဆိုခံရမည့်သူထံသို့ဖြစ်စေ မိမိရရှိသည့် သတင်းအချက်အလက်များကို လွတ်လွတ်လပ်လပ်ပြောဆိုခွင့်၊ ပေးပို့ခွင့်မရှိပေ။

ဥပဒေနှင့် အသက်မွေးဝမ်းကျောင်းပြုခြင်းသည် အကျင့်သိက္ခာနှင့်ပြည့်စုံသောအသက်မွေးမှုဖြစ်ပေရာ တရားလွှတ်တော်ရှေ့နေများအနေဖြင့် အကျိုးသင့်အကြောင်းသင့်အားဖြင့် အထင်အမြင်လွဲမှားနိုင်လောက်သည့် အပြုအမူတစ်ရပ်ရပ်ပြုမူခြင်းမှ ကောင်းစွာရှောင်ကြဉ်ရမည်ဖြစ်သည်။ ရှေ့နေတစ်ဦးတစ်ယောက်သည် အမှုသည်တစ်ဦးအတွက် အကြံဉာဏ်ပေးခဲ့လျှင်

ဖြစ်စေ၊ သို့မဟုတ် လိုက်ပါဆောင်ရွက်ခဲ့လျှင်ဖြစ်စေ ၎င်းအနေနှင့် ယင်းအမှုသည်ထံမှရရှိခဲ့သည့် အချက်အလက်များကို သတိမပြုမိဘဲ သုံးစွဲကောင်းသုံးစွဲနိုင်လောက်သည်ဟု ထင်မြင်ဖွယ်ရှိလျှင်ပင် နောက်ပေါ်ပေါက်လာသည့် မှုခင်းတစ်ရပ်၌ ယင်းအမှုသည်အား ဆန့်ကျင်၍ လိုက်ပါဆောင်ရွက်ခြင်း မပြုသင့်ပေ။ ရှေ့နေလုပ်ငန်းဆောင်ရွက်ရာမှ ယခင်အမှုသည်ထံမှ ရရှိခဲ့သည့် အချက်အလက်များကို ယင်းအမှုသည်အား ဆန့်ကျင်၍ သုံးစွဲကောင်းသုံးစွဲဖွယ်ရာ အရိပ်အယောင်ကိုပင် ရှောင်ကြဉ်ရမည်မှာ ရှေ့နေရှေ့ရပ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့၏ တာဝန်ဖြစ်ပေသည်။

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

ရှေ့နေရှေ့ရပ်များသည် အမှုသည်ထံမှ ထိုက်သင့်သည့်အခကြေးငွေ လက်ခံထားသည့်အတွက် အပြန်အလှန်အားဖြင့် ယင်းသို့ ငှားရမ်းထားသည့် အမှုသည်များအား ဆန့်ကျင်၍ ဆောင်ရွက်ခွင့်မရှိချေ။

အသက်မွေးဝမ်းကျောင်းရှုထောင့်မှကြည့်လျှင် တရားလွှတ်တော်ရှေ့နေတစ်ဦးသည် မိမိ၏ ရှေ့နေလုပ်ငန်းရပ်ဆောင်ရွက်ရာတွင် အမှုကိစ္စရပ်တစ်ခုအပေါ် ဆွေးနွေးတိုင်ပင်ခြင်းခံရပြီးနောက် အမှုသည်တစ်ဦးက တင်ပြပြောဆိုသည့် အမှု၏အချက်အလက်များကို လေ့လာပြီးဖြစ်လျှင် ဆန့်ကျင်ဘက်အမှုသည်၏ အကျိုးအတွက် ၎င်းအမှုအား တာဝန်ယူ ဆောင်ရွက်ခြင်းသည် မလျော်ကန်သော အပြုအမူပင်ဖြစ်သည်။ **မမြစိန် နှင့် လီကင်ဟန် အမှု** [၃] ကိုရည်ညွှန်းသည်။

ယခုအမှုတွင် တရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့ဘက်မှ လိုက်ပါဆောင်ရွက်သော တရားလွှတ်တော်ရှေ့နေသည် အမွေဆိုင်များ ညှိနှိုင်း

---

**(၃) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၁၅**

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၊၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

ဆွေးနွေးရာတွင် ပါဝင်ခဲ့ခြင်း၊ အမှုတွင် တရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့၏ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခြင်းတို့သည် ရှေ့နေတစ်ဦး၏ သာမန်အလုပ်တာဝန်ဝတ္တရားများ ဆောင်ရွက်မှုပင်ဖြစ်သည်။ ယင်းကိစ္စများကို တစ်ဖက်အမှုသည်များသည် အမှုမစွဲဆိုမီကပင် သိရှိထားပြီးဖြစ်ရာ ထိုအချက်များအပေါ် အခြေပြု၍ ရှေ့နေလိုက်ပါ ဆောင်ရွက်မှုကို ကန့်ကွက်လိုလျှင် အမှုစတင်ကတည်းက ကန့်ကွက်သင့်သည်။ ယခုအမှုစွဲဆိုပြီး ၂နှစ်ကျော်သည်အထိ ကန့်ကွက်ခြင်းမရှိဘဲနှင့်လည်းကောင်း၊ တရားလိုပြသက်သေစာရင်းတွင် တင်ပြထားခြင်းမရှိဘဲနှင့်လည်းကောင်း၊ အမှုတွင်ဆက်လက်လိုက်ပါရန်မသင့်ဟု တင်ပြနေခြင်းမှာ သဘောရိုးဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ယူဆရန်ခဲယဉ်းသည်။

တရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့၏ရှေ့နေသည် တရားပြိုင် ဦးအောင်သန့်အတွက် ကိုယ်စားပြု၍ အခြားအမွေဆိုင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းသည် တစ်ဖက်အမှုသည်များနှင့် မှုခင်းကိစ္စတိုင်ပင်ဆွေးနွေးမှုမဟုတ်ခြင်း၊ ထိုသို့ညှိနှိုင်းဆွေးနွေးပြီးနောက် အမှုဖြစ်ပွားရာတွင်လည်း တရားပြိုင် ဦးအောင်သန့်တို့ဘက်မှပင် လိုက်ပါဆောင်ရွက်ခဲ့ခြင်း၊ မူလက တရားပြိုင်များဘက်မှ ဆောင်ရွက်ခဲ့ရာမှ အမှုစွဲဆိုသည့်အခါ တရားလိုရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်မှုမပြုလုပ်ခြင်းတို့ကြောင့် တရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့၏ ရှေ့နေသည် ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာကို ဖေါက်ဖျက်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ မူလရုံးက တရားပြိုင်အမှတ် (၁) (၂) (၈) (၉)တို့၏ ရှေ့နေဦးကိုကိုလေးသည် အမှုနှင့်သက်ဆိုင်သည့် အကျိုးအကြောင်းများကို

၂၀၁၁
ဒေါ်ကြည်ပါ ၄
နှင့်
ဒေါ်အေးကြည်
(ကိုယ်တိုင်နှင့်
လျှောက်ထားခံရသူ
၂၃တို့၏ အခွင့်ရ
ကိုယ်စားလှယ်စာရသူ)
ပါ၉

လည်းကောင်း၊ အမှုတွင် တင်ပြသည့် စာရွက်စာတမ်းများ၏ အရည်အသွေးကိုလည်းကောင်း သိရှိနေသူတစ်ဦးဖြစ်၍ အမှုတွင် သက်သေအဖြစ် ပါဝင်သင့်သူတစ်ဦးဖြစ်ကြောင်း သုံးသပ်ကာ အမှုတွင် လိုက်ပါ ဆောင်ရွက်ခွင့်မပြုကြောင်း အမိန့်ချမှတ်ခဲ့ခြင်းသည် အမှုတွဲ ပေါ်ပေါက်ချက်အရ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

မူလရှမ်းပြည်နယ်တရားလွှတ်တော်၏ ၃၀-၆-၂၀၁၁ ရက်စွဲပါ အမိန့်သည် စီရင်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ (ဂ) နှင့်ငြိစွန်းကြောင်း ပေါ်ပေါက်နေသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် ပြင်ဆင်မှုအာဏာကိုကျင့်သုံး၍ ဝင်ရောက်စွက်ဖက်ရန်ဖြစ်ပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၃၀-၆-၂၀၁၁ ရက်စွဲပါ အမိန့်ကိုပယ်ဖျက်လိုက်သည်။ တရားလွှတ်တော်ရှေ့နေဦးကိုကိုလေး (စဥ - ၃၆၇၂/၈၆) အား မူလရုံးတရားပြိုင်အမှတ် (၁) (၂) (၈) (၉) တို့၏ အကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်ခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ သတ်မှတ်သည်။

## တရားမအထူးအယူခံမှု
## ပြည်ထောင်စုတရားသူကြီးချုပ်ဦးထွန်းထွန်းဦး၊
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
## ဦးစိုးညွန့်နှင့် ဦးအောင်ဇော်သိန်း တို့ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၁၉ ရက်

## ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်း

## နှင့်

## ဒေါ်ကေကေစန်း (ခ) မတွတ်*

အရောင်းအဝယ်ပဋိညာဉ်အတိုင်း အရောင်းစာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုမှု စွဲဆိုခြင်း၊ နှစ်ဦး အမည်ပေါက်ပူးတွဲပိုင်မြေကို တစ်ဦးတည်းကရောင်းချခြင်း၊ ကျန်တစ်ဦးက ရောင်းချခြင်းကို သဘောတူခြင်းမရှိ၍ ရောင်းသူ၏ ဝေစုထက်ဝက်အတွက်သာ အတည်ဖြစ်ခြင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅၊ ဝယ်သူသည် ရောင်းသူအကျိုးသက် ဆိုင်ခွင့်ဖြစ်သော ဥပစာ၏ထက်ဝက်ကို ဥပစာတစ်ခုလုံးအတွက်ဝယ်ရန် သဘောတူထားသည့် ငွေဖြင့်ဝယ်ရန် သဘောတူပါက သီးခြားဆောင်ရွက်စေသည့် ဒီကရီ ရရှိနိုင်ခြင်း၊ သီးခြား သက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅

---

* ၂၀၁၁ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၂

\+ ၂၀၀၉ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၉၅ တွင် ချမှတ်သော တရားရုံးချုပ် (မန္တလေး) ၏ ၂၆-၆-၂၀၀၉ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

## အရ သက်သာခွင့်ပေးရန်အတွက် လိုအပ်ချက်များ။

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ)
ဒေါ်ညိုညိုစန်း
နှင့်
ဒေါ်ကေကေစန်း (ခ)
မတွတ်

**ဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ အရ ဝယ်သူဒေါ်ခင်စန်းမြင့်သည် ရောင်းသူ ဒေါ်ခင်ခင်စန်း၏ အကျိုးသက်ဆိုင်ခွင့်ဖြစ်သော အချင်းဖြစ်မြေနှင့် အဆောက်အအုံ၏ထက်ဝက်ကို ယင်းမြေနှင့် အဆောက်အအုံတစ်ခုလုံးအတွက် ဝယ်ရန်သဘောတူထားသော ကျပ်သိန်း ၄၀ ဖြင့် ဝယ်ယူရန်သဘောတူပါက သီးခြားဆောင်ရွက်စေသည့် ဒီကရီရရှိနိုင်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ အရ သက်သာခွင့်ပေးရန်မှာ တရားလိုသည် ရောင်းကြေးငွေအားလုံးကို ပေးချေ၍ ရောင်းရန်ပဋိညာဉ်ပြုသူ၏ ဝေစုကိုသာရယူရန်လိုလားရမည့်အပြင် နောက်ထပ်ဆောင်ရွက်ရန် တောင်းဆိုချက်များနှင့် လျော်ကြေးရခွင့် အရပ်ရပ်တို့ကို စွန့်လွှတ် ခြင်းရှိရန် လိုအပ်သည်။ ယခုအမှုတွင် တရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းသည် ယင်းဥပဒေပုဒ်မ ၁၅ ၏ ခြွင်းချက်များကို လိုက်နာကြောင်း ပေါ်လွင်ခြင်းမရှိသည့် အခြေအနေတွင် အဆိုပါ ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်အတိုင်း သီးခြားဆောင်ရွက်စေသည့် ဒီကရီကို မရထိုက်ပေ။ ပုဒ်မ ၁၉ သို့မဟုတ် ၂၂ အရ သက်သာခွင့်ပေးရန်ကိစ္စရပ်မှာ တရားရုံးက မိမိဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် ဤအမှုတွင် အချင်းဖြစ်မြေနှင့် အဆောက်အအုံ၏ထက်ဝက်ကို ခွဲခြမ်းစိတ်ပိုင်း၍ လက်ရောက်ပေးအပ်စေခြင်းထက် ရောင်းကြေးငွေ၏ ၂ ဆ ကို လျော်ကြေးအဖြစ်ပေးစေခြင်းက ပိုမိုလျော်ကန်မှုရှိကြောင်း တရားရုံးချုပ် (မန္တလေး) က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမျှတမှုကင်းမဲ့သည်ဟု မဆိုသာချေ။

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ)
ဒေါ်ညိုညိုစန်း
နှင့်
ဒေါ်ကေကေစန်း (ခ)
မတွတ်

အယူခံတရားလိုအတွက် - ဦးမျိုးချစ်၏
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဦးလှဝင်း
တရားလွှတ်တော်ရှေ့နေ

မင်းဘူးခရိုင်တရားရုံး၊ ၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆ တွင် တရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းက တရားပြိုင် ဒေါ်ကေကေစန်း (ခ) မတွတ်အပေါ် အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေကိုလက်ခံ၍ အရောင်းစာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုမှုစွဲဆိုရာ ကျန်ငွေကျပ် ၂၇ သိန်းကို တရားလိုမှ ပေးချေပါက တရားပြိုင်သည်အရောင်း အဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေကိုလက်ခံ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေရန်နှင့် မြေနှင့်တိုက်ကို တရားလိုသို့လက်ရောက် ပေးအပ်စေရန်အနိုင်ဒီကရီချမှတ်ခဲ့သည်။ထိုစီရင်ချက်နှင့်ဒီကရီကို တရားပြိုင် ဒေါ်ကေကေစန်း (ခ) မတွတ်က ကျေနပ်မှုမရှိသဖြင့် မကွေးတိုင်းတရားရုံး သို့ ၂၀၀၉ ခုနှစ် တရားမအယူခံမှုအမှတ် ၁၃ တင်သွင်းခဲ့သော်လည်း အောင်မြင်မှုမရချေ။ သို့ဖြစ်၍ ဒေါ်ကေကေစန်း (ခ) မတွတ်က တရားရုံး ချုပ်(မန္တလေး)သို့ ၂၀၀၉ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၉၅ ကို တင်သွင်းရာ အယူခံမှုကို ခွင့်ပြုပြီး တရားပြိုင် ဒေါ်ကေကေစန်း (ခ) မတွတ် သည် တရားလိုဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းသို့ လျော်ကြေးငွေ ကျပ် (၂၆)သိန်းပေးလျော်စေရန် ဒီကရီချမှတ်ခဲ့သည်။

တရားရုံးချုပ် (မန္တလေး)၏ စီရင်ချက်နှင့် ဒီကရီအပေါ် တရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်

(မန္တလေး)၊ ၂၀၁၀ ပြည့်နှစ် တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ် ၆၉ ကိုတင်သွင်းရာ အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာနိုင်ရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ)
ဒေါ်ညိုညိုစန်း
နှင့်
ဒေါ်ကေကေစန်း (ခ)
မတွတ်

" တရားရုံးချုပ်က မူလရုံးတရားပြိုင် ဒေါ်ကေကေစန်း (ခ)မတွတ်သည် မူလရုံးတရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းသို့ လျော်ကြေးငွေကျပ် ၂၆ သိန်းပေးလျော်စေရန် ဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ခြင်း ရှိ မရှိ။ "

မင်းဘူးခရိုင်တရားရုံးက အချင်းဖြစ်ဝိုင်းမြေနှင့် တိုက်ကိုမိဘများကွယ်လွန်ပြီးနောက် ပိုင်ဆိုင်ကြသူများမှာ ကွယ်လွန်သူ ဒေါ်ခင်ခင်စန်းနှင့် ညီမဒေါ်ကေကေစန်းတို့ဖြစ်ကြကြောင်း၊ သက်သေခံအမှတ်(က) စာချုပ်အရ ငွေကျပ် (၁၃)သိန်းပေးပြီးကြောင်း ပေါ်ပေါက်သော်လည်း နောက်ထပ်ငွေကျပ် (၁၅)သိန်းပေးကြောင်းမှာ အထောက်အထားမရှိကြောင်း၊ တရားပြိုင်ပြသက်သေများ၏ ထွက်ဆိုချက်အရ ဒေါ်ကေကေစန်းသည် သက်သေခံအမှတ်(က) အရောင်းအဝယ်စာချုပ်ပြုလုပ်သည်ကို သိရှိကြောင်း၊ ရောင်းချသူ ဒေါ်ခင်ခင်စန်းကွယ်လွန်သွားသဖြင့် အမွေဆက်ခံသူ ဒေါ်ကေကေစန်းသည် မူလပဋိညာဉ်အရ ပဋိညာဉ်ပြီးမြောက်အောင် အကောင်အထည်ဖော်ပေးရန်တာဝန်ရှိကြောင်း၊ ပေးချေရန်တာဝန်ရှိကျန်ငွေမှာ ကျပ် (၁၂)သိန်းဖြစ်သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားပြိုင်သည် ကွယ်လွန်သူ၏ အမွေဆက်ခံသူအနေဖြင့် တရားလိုက ကျန်ငွေကိုပေးချေပါက မြေကွက်နှင့်တိုက်ကို တရားလိုသို့ပေးအပ်ရန် တာဝန်ရှိကြောင်း၊ တရားလိုသည် ကွယ်လွန်သူ ဒေါ်ခင်ခင်စန်းသို့ ငွေကျပ် (၁၃)သိန်းသာပေးချေခဲ့သဖြင့် ကျန်ငွေ ကျပ် (၂၇)သိန်းကို ပေးချေပါက တရားပြိုင်သည် ကျန်ငွေကိုလက်ခံကာ တရားလို

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ)
ဒေါ်ညိုညိုစန်း
နှင့်
ဒေါ်ကေကေစန်း (ခ)
မတွတ်

အား အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ချုပ်ဆိုပေးစေရန်နှင့် အချင်းဖြစ်မြေနှင့်တိုက်ကို လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ပေးခဲ့သည်။

မကွေးတိုင်းတရားရုံးက သက်သေခံအမှတ်(က) ဂရန်မြေနှင့်အဆောက်အအုံအား အပြီးအပိုင်ရောင်းဝယ်သည့် စာချုပ်တွင် ရောင်းသူများအဖြစ် ဒေါ်ခင်ခင်စန်းနှင့် ဒေါ်ကေကေစန်းတို့၏ အမည်များဖော်ပြထားသော်လည်း ဒေါ်ခင်ခင်စန်းတစ်ဦးတည်းကသာ လက်မှတ်ရေးထိုးထားကြောင်း၊ ဒေါ်ကေကေစန်းက လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း၊ တရားလို ဒေါ်ခင်စန်းမြင့်က စရန်ငွေ ပထမကျပ်(၁၃)သိန်းပေးပြီး ၊ ဒုတိယအကြိမ်ကျပ် (၁၅)သိန်းပေးကြောင်း ထွက်ဆိုသော်လည်း ကျပ်(၁၅)သိန်းပေးခြင်းကို အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ မူလရုံးက ကျပ်သိန်း (၄၀)ဖြင့် အရောင်းအဝယ်ပဋိညာဉ်ပြုလုပ်ပြီးနောက် တရားလိုက ငွေကျပ် (၂၈)သိန်း ပေးချေပြီး၍ ကျပ် (၁၂)သိန်းပေးချေရန် ကျန်ရှိသည်ဆိုခြင်းမှာ မမှန်ကြောင်း ဖြေဆိုဆုံးဖြတ်ချက်မှာမှန်ကန်ကြောင်း၊ ဒေါ်ကေကေစန်းအား ပြန်လှန်မေးမြန်းရာတွင် ထွက်ဆိုချက်၌ တိုက်အရောင်းအဝယ်ကိစ္စကို အစ်မ ဒေါ်ခင်ခင်စန်းက ပြုလုပ်ခဲ့ရာအစ်မကွယ်လွန်ပြီးနောက် အမွေဆက်ခံသူတစ်ဦးအနေဖြင့် ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ထွက်ဆိုထားသဖြင့် ဒေါ်ကေကေစန်းသည် သက်သေခံအမှတ်(က) စာချုပ်အရ မြေနှင့်တိုက်အရောင်းအဝယ်လုပ်သည်ကို သိရှိသည်မှာ ထင်ရှားကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ)အရ တရားလိုက ကျန်ငွေကို ပေးချေလျှင် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း သုံးသပ်လျက် အယူခံမှုကို ပလပ်ခဲ့သည်။

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်း နှင့် ဒေါ်ကေကေစန်း (ခ) မတွတ်

ဒုတိယအယူခံရုံးဖြစ်သော တရားရုံးချုပ်က သက်သေခံအမှတ်(က) အရောင်းအဝယ်စာချုပ် ချုပ်ဆိုစဉ်ကရှိနေကြသော ဦးပန်းအောင် (လိုပြ-၂)နှင့် ဒေါ်ထားထားညွန့် (လိုပြ-၃)တို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ဒေါ်ခင်ခင်စန်းက ဒေါ်ခင်စန်းမြင့်သို့ ရောင်းချခဲ့ခြင်းကို ဒေါ်ကေကေစန်းသိရှိသဘောတူသည်ဟု ပေါ်လွင်ခြင်းမရှိကြောင်း၊ ဒေါ်ကေကေစန်းသည် အရောင်းအဝယ်စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းမရှိကြောင်း၊ သို့ဖြစ်၍ အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ဒေါ်ခင်ခင်စန်းက တရားလိုသို့ရောင်းချခဲ့ရာတွင် ပူးတွဲပိုင်ရှင်ဖြစ်သူ ညီမ ဒေါ်ကေကေစန်းသိရှိသဘောတူခဲ့ခြင်းမရှိ၍ အချင်းဖြစ်မြေနှင့် အဆောက်အအုံတစ်ခုလုံးကို တရားလိုအနေဖြင့် ပိုင်ဆိုင်ခွင့်မရနိုင်ကြောင်း၊ သက်သေခံအမှတ်(က)စာချုပ်အရ ရောင်းချခြင်းတွင် ဒေါ်ခင်ခင်စန်းနှင့်သက်ဆိုင်သည့် ဝေစုထက်ဝက်အတွက်သာ အတည်ဖြစ်လျက်ရှိကြောင်း၊ ထိုမြေနှင့် အဆောက်အအုံတွင် ဒေါ်ခင်ခင်စန်း၏ ဝေစုထက်ဝက်အစိတ်အပိုင်းမှာ မည်သည့်အစိတ်အပိုင်းဖြစ်ကြောင်း သီးခြားခွဲခြမ်းစိတ်ပိုင်းနိုင်ခြင်းမရှိသေးသည့် အခြေအနေတွင် တရားလိုအား အရောင်းပဋိညာဉ်အတိုင်း ကျန်ငွေလက်ခံ၍ မြေနှင့်အိမ်၏ထက်ဝက်ကို လက်ရောက်ပေးအပ်ရန် မဖြစ်နိုင်ကြောင်း၊ ပဋိညာဉ်ပျက်ကွက်မှုအတွက် ပဋိညာဉ်ပြုခဲ့သူ ကွယ်လွန်သူ ဒေါ်ခင်ခင်စန်း၏ အမွေစားအမွေခံဖြစ်သူ ဒေါ်ကေကေစန်းအနေဖြင့် သင့်လျော်သောလျော်ကြေးငွေကို ပေးစေသင့်ကြောင်း၊ သက်သေခံအမှတ်(က)စာချုပ်အရ ရောင်းကြေးငွေကျပ် (၁၃)သိန်းပေးပြီး ထင်ရှားသဖြင့် ထိုငွေ၏ ၂ ဆဖြစ်သော ကျပ် (၂၆)သိန်းကို လျော်ကြေးအဖြစ်ပေးလျော်စေရန် ပြင်ဆင် ဒီကရီချမှတ်ခဲ့သည်။

၂၀၁၁

ဒေါ်ခင်စန်းမြင့် (ခ)
ဒေါ်ညိုညိုစန်း
နှင့်
ဒေါ်ကေကေစန်း (ခ)
မတွတ်

အယူခံတရားလို၏ရှေ့နေက အယူခံတရားပြိုင် ဒေါ်ကေကေစန်း (ခ) မတွတ်အား ပြန်လှန်မေးမြန်းရာတွင် အချင်းဖြစ်တိုက်အရောင်းအဝယ်ကိစ္စမှာ အစ်မဖြစ်သူ ဒေါ်ခင်ခင်စန်းပြုလုပ်သွားခြင်းမှန်ကြောင်း၊ ၎င်းကွယ်လွန်သည့်အခါ အမွေဆက်ခံသူတစ်ဦးအနေဖြင့် မိမိက ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသည်မှာမှန်ကြောင်း၊ ဆောင်ရွက်ရမည်ကိုသိပြီး ဆက်လက်မဆောင်ရွက်ဘဲနေခြင်းမှန်ကြောင်း၊ မိမိထံတရားလိုမှ နို့တစ်စာပေးပို့ခဲ့ခြင်းမှန်ကြောင်း ထွက်ဆိုထားခြင်း၊ ဦးတင်ဦး (ပြိုင်ပြ-၁)၊ ဒေါ်ခင်နွဲ့ရီ (ပြိုင်ပြ-၂) နှင့် ဦးဇော်ဝင်း (ပြိုင်ပြ-၃) တို့၏ ထွက်ချက်အရလည်း ဒေါ်ကေကေစန်းအနေဖြင့် သက်သေခံအမှတ်(က) အရောင်းအဝယ်စာချုပ်ပြုလုပ်ခဲ့သည်ကို သိရှိနေကြောင်း ထင်ရှားပေါ်ပေါက်နေခြင်းတို့ကြောင့် မူလရုံးနှင့်ပထမအယူခံတိုင်းတရားရုံးတို့က မူလရုံးတရားပြိုင် ဒေါ်ကေကေစန်းအပေါ် ပဋိညာဉ်အတိုင်း ကျန်ငွေကိုလက်ခံ၍ အရောင်းစာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးရန်နှင့် တိုက်နှင့်ဝိုင်းမြေကို တရားလိုအား လက်ရောက်ပေးစေရန် တစ်သဘောတည်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အကြောင်းခြင်းရာနှင့်စပ်လျဉ်း၍ မူလရုံးနှင့် ပထမအယူခံတရားရုံးတို့က တစ်ညီတစ်ညွတ်တည်း ကောက်ယူဆုံးဖြတ်ထားခြင်းကို တရားရုံးချုပ်က ဒုတိယအယူခံမှုတွင် ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေအရမှန်ကန်မှုမရှိကြောင်း၊ သို့ဖြစ်၍ ဤအထူးအယူခံမှုကို ခွင့်ပြု၍ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး မူလရုံးနှင့် ပထမအယူခံရုံးတို့၏ ဒီကရီကို ပြန်လည်အတည်ပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက သက်သေခံအမှတ်(က) အပြီးအပိုင်အရောင်းအဝယ်စာချုပ်တွင် ရောင်းသူအဖြစ် ဒေါ်ခင်ခင်စန်းနှင့်

၂၀၁၁

ဒေါ်ခင်စန်းမြင့် (ခ)
ဒေါ်ညိုညိုစန်း
နှင့်
ဒေါ်ကေကေစန်း (ခ)
မတွတ်

ဒေါ်ကေကေစန်း ဝယ်သူအဖြစ်ဒေါ်ခင်စန်းမြင့်နှင့် ဒေါ်ကြည်ကြည်ဝင်းတို့၏ အမည်များ ရေးသားထားပြီး ဒေါ်ခင်ခင်စန်းနှင့် ဒေါ်ခင်စန်းမြင့်တို့ကသာ လက်မှတ်ရေးထိုးထားကြောင်း၊ ဒေါ်ကေကေစန်းနှင့် ဒေါ်ကြည်ကြည်ဝင်း တို့ လက်မှတ်ရေးထိုးထားခြင်းမရှိကြောင်း၊ ထို့ကြောင့် ဒေါ်ခင်ခင်စန်းနှင့် ဒေါ်ကေကေစန်းတို့က ရောင်းချ၍ ဝယ်ယူခဲ့သည်ဆိုသော တရားလို၏ ထွက်ဆိုချက်ကို လက်မခံထိုက်ကြောင်း၊ မြေစာရင်းဦးစီးဌာနမှ ဦးပန်းအောင် (လိုပြ-၂) နှင့် သက်သေခံအမှတ် (က) စာချုပ်ပါ သက်သေစာရင်းစစ်မှူး ဖြစ်သူ ဒေါ်ထားထားညွန့်(လိုပြ-၃) တို့က စာချုပ်ပြုလုပ်စဉ် ဒေါ်ကေကေစန်း မရှိကြောင်း၊ ဒေါ်ကေကေစန်းကသဘောတူကြောင်းကို ဒေါ်ခင်ခင်စန်းက ပြောပြီး လက်မှတ်ရေးထိုးရန်သွားခေါ်မည်ဟု ပြော၍ ထွက်သွားရာ ပြန်လာ ခြင်း ရှိ မရှိမသိကြောင်း၊ ဒေါ်ကေကေစန်းက သဘောတူ မတူမသိကြောင်း ထွက်ဆိုချက်များအရ အချင်းဖြစ်မြေနှင့် တိုက်ရောင်းချခဲ့ခြင်းကို ဒေါ်ကေကေစန်းသိရှိသဘောတူသည်ဟု ထင်ရှားပေါ်လွင်ခြင်းမရှိကြောင်း၊ ထိုမြေနှင့်အဆောက်အအုံကို ပူးတွဲပိုင်ဆိုင်ခွင့်ရှိသူ ညီမ ဒေါ်ကေကေစန်း သိရှိသဘောတူခဲ့ခြင်းမရှိသဖြင့် တရားလိုအနေဖြင့် ပိုင်ဆိုင်ခွင့်မရရှိနိုင် ကြောင်း၊ သက်သေခံအမှတ်(က)စာချုပ်အရ ရောင်းချသူဒေါ်ခင်ခင်စန်း ကွယ်လွန်ပြီးနောက် ၁ နှစ်၊ ၈ လခန့်ကြာမှ ယင်းစာချုပ်တွင် ဒေါ်ကေကေစန်း အားလက်မှတ်ရေးထိုးခိုင်းရန် တရားလို ဒေါ်ခင်စန်းမြင့်က ကြိုးပမ်းဆောင် ရွက်ခြင်းကြောင့် ဒေါ်ကေကေစန်းအနေဖြင့် ယင်းတိုက်နှင့်မြေကို မရောင်း လိုသည့်အတွက် ဦးတင်ဦး (ပြိုင်ပြ-၁)၊ ဒေါ်ခင်နွဲ့ရီ (ပြိုင်ပြ-၂)၊ ဦးဇော်ဝင်း (ပြိုင်ပြ-၃) တို့အား ပြောပြပြီး အကူအညီတောင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်ကေကေစန်း၏ အထင်အရှား သို့မဟုတ် အဓိပ္ပါယ်သက်ရောက်သော

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်း နှင့် ဒေါ်ကေကေစန်း (ခ) မတွတ်

သဘောတူညီချက်မရှိဘဲ ဒေါ်ခင်ခင်စန်းက တရားလိုသို့ သက်သေခံအမှတ်(က) စာချုပ်ဖြင့် ရောင်းချခဲ့ရာတွင် ဒေါ်ခင်ခင်စန်းနှင့် သက်ဆိုင်သည့်ဝေစု ထက်ဝက်အတွက်သာ ရောင်းချခွင့်ရှိကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ)ဥပမာအရ ပဋိညာဉ်ချုပ်ဆို၍ ကွယ်လွန်ခဲ့သူ ဒေါ်ခင်ခင်စန်း၏ အမွေစားအမွေခံဖြစ်သူ ညီမ ဒေါ်ကေကေစန်းအား အစ်မဒေါ်ခင်ခင်စန်းပြုလုပ်ခဲ့သည့် အရောင်းပဋိညာဉ်အတိုင်း ဆောင်ရွက်စေနိုင်ကြောင်း၊ သို့ရာတွင် အချင်းဖြစ်မြေနှင့် အဆောက်အအုံတွင် ဒေါ်ခင်ခင်စန်း၏ဝေစုဖြစ်သော ထက်ဝက်အစိတ်အပိုင်းမှာ မည်သည့်အစိတ်အပိုင်းဖြစ်ကြောင်း သီးခြားခွဲခြမ်းစိတ်ပိုင်းနိုင်ခြင်းမရှိသေးသည့်အတွက် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၉ အရ သင့်လျော်သော လျော်ကြေးကို ပေးစေရန်လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၂၂ အရ တရားရုံးက ဆင်ခြင်တုံတရားသုံးစွဲနိုင်ခွင့်ရှိ၍လည်းကောင်း တရားရုံးချုပ်က လျော်ကြေးပေးစေခဲ့ခြင်းမှာ**ဒေါ်စောရွှေပါ ၂ နှင့် ဒေါ်မှန်အမှု**[၁] အရ မှားယွင်းမှုမရှိကြောင်း၊ အချင်းဖြစ်အမှုတွင် ဒေါ်ကေကေစန်းကသိရှိသဘောတူ၍ လွှဲပြောင်းရောင်းချခဲ့ခြင်းဟုတ် မဟုတ်ကို အောက်ရုံးများက စိစစ်ရာတွင် စာချုပ်ချုပ်စဉ်ရှိနေသော အရေးပါသည့် သက်သေများ၏ထွက်ဆိုချက်များသည် ဥပဒေကြောင်းအရ မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို သုံးသပ်ရန် ပျက်ကွက်ခဲ့သောကြောင့် ဒုတိယအယူခံရုံးဖြစ်သည့် တရားရုံးချုပ်က စိစစ်ဆုံးဖြတ်ခွင့်ရှိကြောင်း၊ **ဒေါ်ခင်ကြည်နှင့် ဦးမြင့်ဟန်အမှု** [၂] ကို ကိုးကားတင်ပြလျက် ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

---

**(၁) ၁၉၇၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၂**

**(၂) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈**

၂၀၁၁

ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်း နှင့် ဒေါ်ကေကေစန်း (ခ) မတွတ်

အချင်းဖြစ် မင်းဘူးမြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ် (ဂျီ-၂)၊ တောင်ရွာမြောက်၊ဦးပိုင်အမှတ်(၇၉)ဂရန်မြေနှင့် အဆောက်အအုံမှာ ဒေါ်ခင်ခင်စန်းနှင့် ဒေါ်ကေကေစန်း (ခ) မတွတ်တို့ ညီအစ်မနှစ်ဦး အမည်ပေါက်လျက် ပူးတွဲပိုင်ဆိုင်ကြောင်း အငြင်းမပွားချေ။ အဆိုပါ မြေနှင့်အဆောက်အအုံကို (၃-၅-၂၀၀၅) ရက်စွဲပါ သက်သေခံအမှတ် (က) စာချုပ်ဖြင့် တန်ဖိုးငွေကျပ် (၁၃) သိန်းဖြင့် မူလရုံးတရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းသို့ ရောင်းချကြောင်း၊ ရောင်းချသူအဖြစ် ဒေါ်ခင်ခင်စန်းနှင့် ဒေါ်ကေကေစန်း၊ ဝယ်သူအဖြစ် ဒေါ်ခင်စန်းမြင့်နှင့် ဒေါ်ကြည်ကြည်ဝင်းဟု အမည်ဖော်ပြထားပြီး ဒေါ်ခင်ခင်စန်းနှင့် တရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းတို့က လက်မှတ်ရေးထိုးထားကြသည်။ မူလရုံးတရားပြိုင် ဒေါ်ကေကေစန်းနှင့် ဒေါ်ကြည်ကြည်ဝင်းတို့ လက်မှတ်ရေးထိုးထားကြခြင်း မရှိကြောင်းတွေ့ရှိရသည်။ ယင်းစာချုပ်ချုပ်စဉ်ကရှိနေကြသော မြေတိုင်းစာရေးဦးပန်းအောင် (လိုပြ-၂)နှင့် စာချုပ်ပါသက်သေ ဒေါ်ထားထားညွန့် (လိုပြ-၃) တို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ်မြေနှင့်အဆောက်အအုံ ရောင်းချခြင်းကို ဒေါ်ကေကေစန်း (ခ) မတွတ်က အထင်အရှား သို့မဟုတ် အဓိပ္ပာယ်သက်ရောက်သောနည်းဖြင့် သိရှိသဘောတူရာရောက်သည်ဟု ပေါ်လွင်ထင်ရှားခြင်းမရှိချေ။ အချင်းဖြစ်မြေနှင့်အဆောက်အအုံရောင်းချခြင်းကို ဒေါ်ကေကေစန်း (ခ) မတွတ်ကသိသည်ဟုဆိုဦးတော့၊ သက်သေခံအမှတ် (က) အရောင်းစာချုပ်တွင် ရောင်းသူအဖြစ်လက်မှတ်ရေးထိုးထားခြင်းမရှိ၍ ဒေါ်ကေကေစန်း (ခ)မတွတ်အပါအဝင် ပူးတွဲပိုင်ရှင်နှစ်ဦးက ရောင်းချရာမရောက်ပေ။ သို့ဖြစ်၍ ဝယ်သူတရားလို ဒေါ်ခင်စန်းမြင့်သည် အချင်းဖြစ် မြေနှင့်အဆောက်အအုံ တစ်ခုလုံးကို ပိုင်ဆိုင်ခွင့်မရနိုင်ချေ။

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်း နှင့် ဒေါ်ကေကေစန်း (ခ) မတွတ်

သက်သေခံအမှတ် (က) စာချုပ်အရ ရောင်းချခြင်းတွင် အတိအလင်းရောင်းချသူ ဒေါ်ခင်ခင်စန်းနှင့် သက်ဆိုင်သည့် ဝေစုထက်ဝက်အတွက်သာ အတည်ဖြစ်သဖြင့် တရားလို ဒေါ်ခင်စန်းမြင့်သည် ထိုထက်ဝက်ကိုသာရခွင့်ရှိမည်ဖြစ်သည်။ ဒေါ်ကေကေစန်း၏ သဘောတူညီချက်ရရှိကြောင်း ထင်ရှားခြင်းမရှိသဖြင့် နှစ်ဦးပိုင်ပစ္စည်းမှ ဒေါ်ကေကေစန်း၏ ဝေစုဖြစ်သောအစိတ်အပိုင်းနှင့်ပတ်သက်၍ တရားဝင်လွှဲပြောင်းရောင်းချရာ မရောက်ချေ။ ထို့ကြောင့် တရားလိုသည် ဒေါ်ကေကေစန်း၏ ဝေစုထက်ဝက်အစိတ်အပိုင်းကို ရခွင့်မရှိချေ။ ယင်းမူသဘောကို **ဒေါက်တာ ဦးတင်ဦး (၎င်း၏ကိုယ်စားလှယ်စာရသူ ဦးကျော်ကျော်) နှင့် ဒေါ်အေးအေးသန်း အမှု**[၃] တွင် ကြည့်ပါ။

အဆိုပါသက်သေခံအမှတ် (က) ပဋိညာဉ်အပြီးသတ်မချုပ်ဆိုရသေးမီ ရောင်းသူ ဒေါ်ခင်ခင်စန်း ကွယ်လွန်သွားသဖြင့် ၎င်း၏ညီမဖြစ်သူ ဒေါ်ကေကေစန်း (ခ) မတွတ်သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ) ဥပမာအရ ဒေါ်ခင်ခင်စန်းပြုလုပ်ခဲ့သော အရောင်းပဋိညာဉ်ကို ဆောင်ရွက်ပေးရန်တာဝန်ရှိသည်။ ထို့ကြောင့် ဒေါ်ကေကေစန်း(ခ)မတွတ်သည် ကျန်ငွေကိုလက်ခံ၍ ကွယ်လွန်သူ အစ်မ ဒေါ်ခင်ခင်စန်း၏ထက်ဝက်ဝေစုဖြစ်သော မြေနှင့်အဆောက်အအုံ၏ ထက်ဝက်ကိုလက်ရောက်ပေးအပ်ရန်ဖြစ်သော်လည်း ၎င်းတို့ညီအစ်မ ၂ ဦးမှာ မိမိတို့ဝေစုထက်ဝက်စီကို သီးခြားခွဲဝေရခြင်းမရှိသေးသဖြင့် လက်ရောက်ပေးအပ်ရမည့်ထက်ဝက် အစိတ်အပိုင်းကို ပေးအပ်နိုင်မည်မဟုတ်ချေ။

---

**(၃) ၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၅၂**

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ)
ဒေါ်ညိုညိုစန်း
နှင့်
ဒေါ်ကေကေစန်း (ခ)
မတွတ်

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅အရဝယ်သူ ဒေါ်ခင်စန်းမြင့်သည် ရောင်းသူဒေါ်ခင်ခင်စန်း၏ အကျိုးသက်ဆိုင်ခွင့်ဖြစ်သော အချင်းဖြစ်မြေနှင့် အဆောက်အအုံ၏ ထက်ဝက်ကို ယင်းမြေနှင့် အဆောက်အအုံ တစ်ခုလုံးအတွက်ဝယ်ရန် သဘောတူထားသော ကျပ်သိန်း (၄၀)ဖြင့် ဝယ်ယူရန်သဘောတူပါက သီးခြားဆောင်ရွက်စေသည့် ဒီကရီရရှိနိုင်မည်ဖြစ်သည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅၊ ဥပမာ(က) တွင် ဦးဖြူသည် ဦးမဲအား ဧက ၁၀၀ ရှိသော မြေတစ်ကွက်ရောင်းရန်ပဋိညာဉ်ပြု၏။ ထိုမြေအနက် ၅၀ ဧကမှာ ဦးဖြူပိုင်ဖြစ်ပြီး အခြား ၅၀ ဧကမှာ သူတစ်စိမ်းပိုင်ဖြစ်ကြောင်း ပေါ်ထွက်လာပြီး ထိုသူက ထိုမြေကို ရောင်းရန်ငြင်း၏။ ဦးဖြူသည် ဦးမဲအပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန်အတွက် ဒီကရီမရနိုင်။ သို့ရာတွင် ဦးမဲသည် လျော့နည်းသည့်အစိတ်အပိုင်းအတွက်ဖြစ်စေ၊ ဦးဖြူ၏ ပေါ့ဆမှု သို့မဟုတ် ပျက်ကွက်မှုကြောင့် မိမိဆုံးရှုံးသည့်အတွက်ဖြစ်စေ လျော်ကြေးရခွင့်အရပ်ရပ်ကို စွန့်ပယ်ကာ သဘောတူညီထားသည့် တန်ဖိုးကိုပေးချေပြီး ဦးဖြူပိုင် ၅၀ ဧကကိုယူရန် လိုလားလျှင် ရောင်းဖိုးငွေကိုပေးချေသည့်အခါ ထို ၅၀ ဧကကို မိမိအား လွှဲပြောင်းပေးရန် ဦးဖြူကို ဆင့်ဆိုသည့် ဒီကရီရထိုက်ခွင့်ရှိသည်ဟု ရှင်းလင်းဖော်ပြထားသည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၅ အရ သက်သာခွင့်ပေးရန်မှာ တရားလိုသည် ရောင်းကြေးငွေအားလုံးကိုပေးချေ၍ ရောင်းရန်ပဋိညာဉ်ပြုသူ၏ ဝေစုကိုသာ ရယူရန်လိုလားရမည့်အပြင် နောက်ထပ်ဆောင်ရွက်ရန်တောင်းဆိုချက်များနှင့် လျော်ကြေးရခွင့်အရပ်ရပ်တို့ကို

၂၀၁၁
ဒေါ်ခင်စန်းမြင့် (ခ)
ဒေါ်ညိုညိုစန်း
နှင့်
ဒေါ်ကေကေစန်း (ခ)
မတွတ်

စွန့်လွှတ်ခြင်းရှိရန် လိုအပ်သည်။ ယခုအမှုတွင် တရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းသည် ယင်းဥပဒေပုဒ်မ ၁၅ ၏ ခြွင်းချက်များကို လိုက်နာကြောင်း ပေါ်လွင်ခြင်းမရှိသည့်အခြေအနေတွင် အဆိုပါပုဒ်မ ၁၅ ပြဋ္ဌာန်းချက်အတိုင်း သီးခြားဆောင်ရွက်စေသည့် ဒီကရီကို မရထိုက်ပေ။ ပုဒ်မ ၁၉ သို့မဟုတ် ၂၂ အရ သက်သာခွင့်ပေးရန်ကိစ္စရပ်မှာ တရားရုံးက မိမိဆင်ခြင်တုံတရားအရ ဆောင်ရွက်နိုင်သည်ဖြစ်သဖြင့် ဤအမှုတွင် အချင်းဖြစ်မြေနှင့် အဆောက်အအုံ၏ထက်ဝက်ကို ခွဲခြမ်းစိတ်ပိုင်း၍ လက်ရောက်ပေးအပ်စေခြင်းထက် ရောင်းကြေးငွေ၏ ၂ ဆကို လျော်ကြေးအဖြစ်ပေးစေခြင်းက ပိုမိုလျော်ကန်မှုရှိကြောင်း တရားရုံးချုပ် (မန္တလေး)က သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ တရားမျှတမှုကင်းမဲ့သည်ဟု မဆိုသာချေ။

သို့ဖြစ်၍ ဤအထူးအယူခံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

> "တရားရုံးချုပ်က မူလရုံးတရားပြိုင် ဒေါ်ကေကေစန်း (ခ)မတွတ်သည် မူလရုံးတရားလို ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညိုညိုစန်းသို့ လျော်ကြေးငွေကျပ် (၂၆) သိန်းပေးလျော်စေရန် ဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်မှုရှိကြောင်း။"

ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

**တရားမဒုတိယအယူခံမှု**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးစိုးညွန့် ရှေ့တွင်**

+ ၂၀၁၁ ခုနှစ်
ဒီဇင်ဘာလ
၃၀ ရက်

**ဦးစိုးအောင်**

**ဦးစိုးအောင်**

**နှင့်**

**ဒေါ်မြင့် (ခ) ဒေါ်စန်းရင် ပါ ၂***

**ဒေါ်ခင်အေး ပါ ၂**

**မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်ပါ ကတိပဋိညာဉ်အတိုင်း စာချုပ်မှတ်ပုံတင်ပေးစေရန်နှင့် အိမ်မြေ ဥပစာကို လက်ရောက်ပေးအပ်စေလိုမှုစွဲဆိုခြင်း၊ ရောင်းသူသည် ဦးစွာဝယ်ယူသူနှင့် အရောင်း အဝယ်ပြုထားပြီးနောက် တဖန်ဒုတိယဝယ်ယူသူသို့ အချင်းဖြစ်မြေနှင့်အိမ်ကိုပင် ရောင်းချကာ လက်ရောက်ပေးအပ်ခဲ့ခြင်း၊ မှတ်ပုံမတင်သောစာချုပ်စာတမ်းဖြင့် ဒုတိယဝယ်ယူသူသည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇ (ခ) တွင် အကျုံးဝင်**

---

* ၂၀၁၁ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၀၈ နှင့် ၁၀၉

+ ၂၀၁၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် $\frac{၁၃}{၁၅}$ ၌ ချမှတ်သော ရှမ်းပြည်နယ်လွှတ်တော်၏ ၁၄-၇-၂၀၁၁ ရက်နေ့စွဲပါစီရင်ချက် နှင့် ဒီကရီကို ဒုတိယအယူခံမှု။

၂၀၁၁
ဦးစိုးအောင်
ဦးစိုးအောင်
နှင့်
ဒေါ်မြင့် (ခ)
ဒေါ်စန်းရင်ပါ ၂
ဒေါ်ခင်အေးပါ ၂

**သည့်လွှဲပြောင်းရရှိသူဟုတ် မဟုတ်၊ဧင်းအပေါ်ပဋိညာဉ်အတိုင်း အတည်ပြုရန်လိုမလို၊ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၁၂ ၏ ရှင်းလင်းချက်၊ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအား လွှဲပြောင်းရောင်းချရန် ပဋိညာဉ်ဖောက်ဖျက်သည့်အတွက် လျော်ကြေးငွေပေးခြင်းသည်လုံလောက်သည့် သက်သာခွင့် ဟုတ် မဟုတ်။**

**ဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၂၇ (ခ) ပါ "လွှဲပြောင်းရရှိသူ" ဆိုသော စကားရပ်ကို လွှဲပြောင်းစာချုပ်ချုပ်ဆိုရရှိသောသူဟု ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲထားခြင်းမဟုတ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လိုက်နာကာ လွှဲပြောင်းရရှိသောသူအနေဖြင့် သုံးစွဲထားခြင်းဖြစ်သည်။ တန်ဖိုးကျပ် ၁၀၀ ကျော်တန်ဖိုးရှိသောမြေကို လွှဲပြောင်းပေးသည့် မှတ်ပုံမတင်ရသေးသောစာချုပ်သာရှိသူသည် ပုဒ်မ ၂၇ (ခ) ၏ အဓိပ္ပာယ်အရ လွှဲပြောင်းရရှိသူမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မူလရုံးတရားလိုနှင့် တရားပြိုင်အမှတ် (၁) တို့သက်သေခံအမှတ် (က) စာချုပ်ချုပ် ဆိုသည့်နေ့မှာ ၁-၆-၂၀၀၇ နေ့ဖြစ်ပြီး မူလရုံးတရားပြိုင်အမှတ် (၁) နှင့် တရားပြိုင်အမှတ် (၂)တို့ သက်သေခံအမှတ် (၁) စာချုပ် ချုပ်ဆိုသည့်နေ့မှာ ၁၀-၃-၂၀၀၉ နေ့ဖြစ်သည်။ မူလရုံးတရားလိုသည် မူလရုံးတရားပြိုင် အမှတ်(၁) ထံမှ မူလရုံးတရားပြိုင်အမှတ် (၂) ထက်အရင်အရောင်းအဝယ် ပဋိညာဉ်ပြုထားသူဖြစ်သည်။ မူလရုံး တရားပြိုင်အမှတ် (၂) သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇ (ခ)တွင် ခြွင်းချက်ပြုထားသည့် လွှဲပြောင်းရရှိသူ မဟုတ်သောကြောင့် ဦးစွာဝယ်ယူသူတရားလိုက တရားပြိုင်အမှတ် (၁) အပေါ်တွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်

စေရန် အတည်ပြုခွင့်ရှိမည်ဖြစ်သည်။ တရားပြိုင်အမှတ်(၁)ထံမှ မှတ်ပုံမတင်သောစာချုပ်ဖြင့် ဝယ်ယူသူတရားပြိုင်အမှတ် (၂) ထံပိုင်ဆိုင်မှု လွှဲပြောင်းရောက်ရှိသွားခြင်းမရှိ၍ တရားလိုက ၎င်းအပေါ် ပဋိညာဉ်အတိုင်း အတည်ပြုရန်လိုမည် မဟုတ်ပေ။

အယူခံတရားလိုအတွက် - ဦးမြင့်ဆွေ
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်(၁)အတွက် - ဒေါ်ရီရီမေ
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်(၂)အတွက် - ဦးမြင့်
တရားလွှတ်တော်ရှေ့နေ

ရှမ်းပြည်နယ်တရားရုံး (တောင်ကြီး)၏ ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၂၉ တွင် မူလရုံးတရားလို ဦးစိုးအောင်က မူလရုံးတရာပြိုင် ဒေါ်ခင်အေး နှင့် ဒေါ်မြင့်တို့အပေါ် မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်ပါ ကတိပဋိညာဉ်အတိုင်း ပြီးဆုံးအောင်ဆောင်ရွက်၍ စာချုပ်မှတ်ပုံတင်ပေးစေရန်နှင့် အိမ်မြေဥပစာကို လက်ရောက်ပေးအပ်စေလိုမှုစွဲဆိုရာ မူလရုံးတရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။ မူလရုံးတရားပြိုင် ဒေါ်မြင့် (ခ) ဒေါ်စန်းရင်က ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၁ ခုနှစ် တရားမပထမအယူခံမှု အမှတ် ၁၃ တွင်လည်းကောင်း၊ မူလရုံးတရားပြိုင် ဒေါ်ခင်အေးက ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၂၀၁၁ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၅ တွင်လည်းကောင်း အယူခံဝင်ရောက်ရာ ရှမ်းပြည်

၂၀၁၁
ဦးစိုးအောင်
ဦးစိုးအောင်
နှင့်
ဒေါ်မြင့် (ခ)
ဒေါ်စန်းရင်ပါ ၂
ဒေါ်ခင်အေးပါ ၂

နယ်တရားလွှတ်တော်က မူလရုံးတရားလို ဦးစိုးအောင်ထံသို့ မူလရုံးအမှတ် (၁) တရားပြိုင် ဒေါ်ခင်အေးက ငွေကျပ်သိန်း ၃၀၀ ကို ပြန်လည်ပေးအပ်စေရန် ဒီကရီချမှတ်ခဲ့သည်။ အဆိုပါစီရင်ချက်နှင့် ဒီကရီအပေါ် ကျေနပ်မှုမရှိသဖြင့် မူလရုံးတရားလို ဦးစိုးအောင်က ဒေါ်မြင့်ပါ ၂ ဦးအပေါ် ၂၀၁၁ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၁၀၈ ဖြင့်လည်းကောင်း၊ ဒေါ်ခင်အေးပါ ၂ ဦးအပေါ် ၂၀၁၁ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၁၀၉ ဖြင့်လည်းကောင်း အယူခံတင်သွင်းလာခြင်းဖြစ်သည်။

ဤအယူခံမှုများသည် မူလတရားမကြီးမှုတစ်မှုတည်းမှ ဖြစ်ပေါ်လာသော အယူခံမှုများဖြစ်၍ ဤစီရင်ချက်သည် ဖော်ပြပါအယူခံမှု ၂ မှုစလုံးနှင့် သက်ဆိုင်စေရမည်။

မူလရှမ်းပြည်နယ် (တောင်ကြီး) တရားရုံးက တရားပြိုင်အမှတ်(၁) ဒေါ်ခင်အေးသည် တရားလိုဦးစိုးအောင်သို့ အချင်းဖြစ်ဥပစာကို အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချသည့်ရက်မှာ ၁-၆-၂၀၀၇ နေ့ဖြစ်ပြီး တရားပြိုင်အမှတ် (၁) ဒေါ်ခင်အေးက တရားပြိုင်အမှတ် (၂) ဒေါ်မြင့်သို့ ရောင်းချသည့်ရက်မှာ ၁၀-၃-၂၀၀၉ ရက်နေ့ဖြစ်သဖြင့် အချင်းဖြစ်ဥပစာကို တရားပြိုင်အမှတ် (၁) ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ချုပ်ဆိုဝယ်ယူရာတွင် တရားလို ဦးစိုးအောင်က အရင်စော၍ဝယ်ယူခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဦးစွာဝယ်ယူသူက နောက်မှဝယ်ယူသူထက် အခွင့်အရေးပိုရကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ) အရ မြေရောင်းရန်ပဋိညာဉ်အား သီးခြားဆောင်ရွက်စေရန် ရောင်းသူအပေါ်တွင်သာမက မူလပဋိညာဉ်ရှိကြောင်းသိလျက်နှင့် နောက်ပိုင်းတွင် ဝယ်ယူသူအပေါ်တွင်လည်း

၂၀၁၁
ဦးစိုးအောင်
ဦးစိုးအောင်
နှင့်
ဒေါ်မြင့် (ခ)
ဒေါ်စန်းရင်ပါ ၂
ဒေါ်ခင်အေးပါ ၂

တောင်းဆိုနိုင်ကြောင်း၊ တရားပြိုင်အမှတ်(၁) ဒေါ်ခင်အေးသည် တရားလို ဦးစိုးအောင်အား မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ဆောင်ရွက်ပေးသင့်ကြောင်း၊ မှတ်ပုံတင်ပြီးပါက အိမ်နှင့် မြေကို တရားလိုက လက်ရောက်ရထိုက်ကြောင်း သုံးသပ်ဖြေဆို၍ တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။

ပထမအယူခံရုံးဖြစ်သည့် ရှမ်းပြည်နယ်တရားလွှတ်တော်က ကတိစာချုပ် (သက်သေခံအမှတ်-က)တွင် အသိသက်သေများအနေဖြင့် နန်းသန္တာမြင့်နှင့် ဦးလှဘော်ဆိုသူတို့ ပါဝင်လက်မှတ်ရေးထိုးထားကြောင်း၊ နန်းသန္တာမြင့်ကို မူလရုံးအမှတ်(၁) တရားပြိုင် ဒေါ်ခင်အေးဘက်က သက်သေတင်ပြခဲ့ကြောင်း၊ စာချုပ်သက်သေထွက်ဆိုချက်အတိုင်းဆိုလျှင် ၁-၆-၂၀၀၇ ရက်စွဲပါ အငြင်းပွားစာချုပ်မှာ အမှန်တကယ်အရောင်းအဝယ်စာချုပ်မဟုတ်၊ ချေးငွေအတွက်ချုပ်ဆိုသော ဟန်ဆောင်စာချုပ်သာဖြစ်ကြောင်း၊ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃(က) အရ လိမ်လည်လှည့်ဖြားမှုပါဝင်သည့် သဘောတူညီချက်၊ ကတိ၊ အဖိုးစားနား၊ အပေးအယူ၊ ရည်ရွယ်ချက်များသည် ပျက်ပြယ်မည်သာဖြစ်ကြောင်း၊ မူလရုံးတရားလို တောင်းဆိုသည့် ပထမအဆင့်သက်သာခွင့် (မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု)ကို ရထိုက်ခွင့်မရှိလျှင် ယင်းတောင်းဆိုသည့် ဒုတိယသက်သာခွင့် (အိမ်နှင့် မြေလက်ရောက်ရလိုမှု) ကို ချမှတ်ပေးနိုင်ဖွယ်မရှိကြောင်း၊ သို့ရာတွင် မူလရုံးတရားလို ဦးစိုးအောင်ထံမှ တရားပြိုင်အမှတ်(၁) ဒေါ်ခင်အေးသည် အဖိုးစားနားငွေများ လက်ခံထားပြီးဖြစ်၍ သာတူညီမျှမှုကျင့်စဉ်များအရ ယင်းငွေများကို ပြန်လည်ပေးဆပ်စေရန် သက်သာခွင့်အား ပြောင်းလဲချမှတ်ပေးသင့်ကြောင်း၊ တရားပြိုင်အမှတ်(၂) ဒေါ်စန်းရင်က အချင်းဖြစ်မြေနှင့် အဆောက်

၂၀၁၁
ဦးစိုးအောင်
ဦးစိုးအောင်
နှင့်
ဒေါ်မြင့် (ခ)
ဒေါ်စန်းရင်ပါ ၂
ဒေါ်ခင်အေးပါ ၂

အအုံကို နည်းလမ်းတကျ ဝယ်ယူပြီး လက်ရောက်ရရှိနေထိုင်ပြီးဖြစ်သည်ဟု ချေလွှာတင်သွင်းခဲ့ကြောင်း၊ ပိုင်ရှင်အနေဖြင့် မြေလက်ရှိဖြစ်ပြီး ပိုင်ရှင်၏ သာမန်အခွင့်အရေးကို သုံးစွဲနေထိုင်သူတစ်ဦးသည် ပိုင်ရှင်အစစ်မှတစ်ပါး ခပ်သိမ်းသောသူတို့နှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ခွင့်အခိုင်အမာရှိကြောင်း ကောက်ယူသုံးသပ်၍ မူလရုံးတရားလို ဦးစိုးအောင်သို့ မူလရုံးအမှတ်(၁) တရားပြိုင် ဒေါ်ခင်အေးက ငွေကျပ် သိန်း ၃၀၀ ကို ပြန်လည်ပေးအပ်စေရန် ပြင်ဆင်ဒီကရီ ချမှတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက ထင်ရှားပြီးဖြစ်သော အချက်များအရ သက်သေခံအမှတ်(က) စာချုပ် ချုပ်ဆိုပြီးနောက်ပိုင်း ငွေကျပ်သိန်း ၅၀ ယူခြင်းသည် သက်သေခံအမှတ်(က) စာချုပ်အရ ရောင်းဖိုးငွေ ထပ်ယူခြင်း ဖြစ်ကြောင်း၊ နောက်ဆက်တွဲ သက်သေခံအမှတ်(င) စာချုပ်ကို ချုပ်ဆိုခြင်းသည် သက်သေခံအမှတ် (က)စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ တရားပြိုင်အမှတ်(၁)သည် သက်သေခံအမှတ် (က) စာချုပ်ကို သဘောတူလိုက်နာဆောင်ရွက်ခဲ့သောကြောင့် ချေးငွေအတွက် ချုပ်ဆိုသော ဟန်ဆောင်စာချုပ်ဖြစ်ပါသည်ဟု ချေပခွင့်မရှိတော့ကြောင်း၊ နန်းသန္တာမြင့်သည် တရားပြိုင်အမှတ် (၁) ဒေါ်ခင်အေး၏ ယောင်းမဝမ်းကွဲဖြစ်ပြီး အိမ်ခြံမြေပွဲစားဖြစ်ကြောင်း၊ ငွေချေးယူခြင်းကို ဒေါ်ခင်အေးပြောပြ၍သိကြောင်း နန်းသန္တာမြင့်၏ ထွက်ဆိုချက်အရ နန်းသန္တာမြင့်သည် တစ်ဆင့်ကြားသိသူသာဖြစ်ကြောင်း၊ တရားပြိုင်အမှတ် (၁) ဒေါ်ခင်အေးက ငွေချေးယူခြင်းဖြစ်သည်ဆိုသော်လည်း သက်သေခံအမှတ်(က)ပါ ငွေသည် ချေးငွေတစ်ရပ်ဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်းမရှိကြောင်း၊ မူလရုံးအမှတ် (၂) တရားပြိုင် ဒေါ်စန်းရင်ဝယ်ယူ

သောစာချုပ်မှာ မှတ်ပုံမတင်သောစာချုပ်ဖြစ်ပြီး အချင်းဖြစ်မြေနှင့် အိမ်တွင် ဒေါ်စန်းရင်နေထိုင်ကြောင်း သက်သေခံအထောက်အထားမရှိသဖြင့် အယူခံရုံးက လက်ရှိထားပိုင်ခွင့် (Possessary Title) ကိုဖော်ပြသုံးသပ်ချက်မှာ မှားယွင်းနေကြောင်း၊ ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကိုပယ်ဖျက်ပေးပါရန် တင်ပြလျှောက်လဲသည်။

အယူခံတရားပြိုင် ဒေါ်မြင့်၏ရှေ့နေက ဦးစိုးအောင်သည် ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးရန် တောင်းဆိုခွင့်ရှိသည်မှာ အငြင်းပွားရန်မရှိကြောင်း၊ ဥပဒေအရ ဆောင်ရွက်၍မရနိုင်သော သက်သာခွင့်အစား ဥပဒေအရ ဆောင်ရွက်၍ရသော သက်သာခွင့်ကို ပဋိညာဉ်တွင်ပါ၍ ချမှတ်ပေးခြင်းဖြစ်ကြောင်း၊ ယင်းအာဏာကို တရားမကျင့်ထုံးဥပဒေအမိန့် ၇ နည်း ၇ တွင် တွေ့ရှိရကြောင်း၊ ဒေါ်မြင့်သည် ဦးစိုးအောင်ဝယ်ယူထားသည်ကို လုံးဝမသိရှိကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ) နှင့်စပ်လျဉ်း၍ **ကိုဖန်င နှင့် ဒေါ်ပွေး** ( ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၅၇ လွှတ်တော်) အမှုတွင် ဆုံးဖြတ်ထားချက်အရ အချင်းဖြစ်အိမ်နှင့်မြေကို ဒေါ်ခင်အေးက ဦးစိုးအောင်အား မူလပဋိညာဉ်ရှိကြောင်း သိလျက်နှင့် ဝယ်ယူခြင်းဖြစ်ပါမှ ဒေါ်မြင့်အပေါ် အရေးဆိုခွင့်ရှိမည်ဖြစ်ကြောင်း၊ အယူခံတရားလိုဘက်မှ တင်ပြသည့် အကြောင်းပြချက်များမှာ အကြောင်းခြင်းရာ ပြဿနာများဖြစ်ကြောင်း၊ အယူခံပြချက်ကောင်းတစ်ရပ်ဖြစ်သည့် အကြောင်းပြချက်မဟုတ်ကြောင်း၊ ပထမအယူခံရုံး၏ စီရင်ချက်တွင် သက်သေခံချက်တို့ကို စိစစ်ရာ၌ ဥပဒေအချက်အလက်တစ်ရပ်ကို လွဲမှားကောက်ယူသုံးသပ်ခြင်း၊ အထောက်အထားမဲ့ကောက်ယူဆုံးဖြတ်ခြင်း၊ သက်သေခံမဝင်သော သက်သေခံချက်အပေါ် အခြေပြု၍ ကောက်ယူဆုံး

၂၀၁၁
ဦးစိုးအောင်
ဦးစိုးအောင်
နှင့်
ဒေါ်မြင့် (ခ)
ဒေါ်စန်းရင်ပါ ၂
ဒေါ်ခင်အေးပါ ၂

ဖြတ်ခြင်း၊ သက်သေပြရန်တာဝန်လွဲမှားအပ်နှင်းခြင်းတို့မရှိကြောင်း၊ ဥပဒေနှင့် ညီညွတ်မျှတရန်လိုကြောင်း၊ အယူခံမှုများကို ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် ဒေါ်ခင်အေး၏ ရှေ့နေက သက်သေခံအမှတ် (က) စာချုပ်တွင် ရောင်းသူ ဝယ်သူနှစ်ဖက် လိုက်နာဆောင်ရွက်ရသည့် တာဝန်ထည့်သွင်းထားကြောင်း၊ ရောင်းသူပျက်ကွက်ပါက သက်သာခွင့်နှစ်ရပ်ရှိသည့်အနက် ဖြစ်နိုင်ချေရှိသည့် သက်သာခွင့်တစ်ရပ်ကို တောင်းဆိုခွင့်ရှိကြောင်း၊ ဦးစိုးအောင်သည် ယင်းတင်ပြသည့် စာချုပ်ပါအကြောင်းအချက်များ မှန်ကန်ကြောင်း စာချုပ်တွင် သက်သေအဖြစ် လက်မှတ်ရေးထိုးသူကို တင်ပြခဲ့ခြင်းမရှိကြောင်း၊ ဒေါ်နန်းသန္တာမြင့်ထွက်ချက်အနည်းငယ်ကွဲလွဲသည်ကို အကြောင်းပြု၍ ဒေါ်နန်းသန္တာမြင့်ကို မယုံကြည်ထိုက်သောသက်သေဟု ယူဆ၍မရကြောင်း၊ အမှန်တကယ်အရောင်းအဝယ်စာချုပ်ဖြစ်ကြောင်း သက်သေပြရမည့်တာဝန်မှာ ယင်းသက်သာခွင့် တောင်းဆိုသူ၏တာဝန်သာဖြစ်ကြောင်း၊ သက်သေခံအမှတ် (င) နောက်ဆက်တွဲစာချုပ်တွင် ဖော်ပြချက်အရ အပြီးသတ်ဆောင်ရွက်ရန် ဖော်ပြထားသည့် ၂၀၀၈ ခုနှစ် ဧပြီလကုန်ဆုံးသည့်နောက်ပိုင်း သက်ဆိုင်ရာသို့ သက်သေခံအမှတ် (ဈ) ကန့်ကွက်စာတင်သည့် ၂၆-၅-၂၀၀၉ နေ့ထိ ၁ နှစ်ခန့် ဦးစိုးအောင်သည် လိုအပ်သည်များကို အရေးယူဆောင်ရွက်ခြင်းမရှိကြောင်း၊ ဦးစိုးအောင်ထံမှ ငွေကျပ် သိန်း ၃၀၀ ရရှိသည်ကို ဒေါ်ခင်အေးက ငြင်းဆိုခြင်းမပြုသဖြင့် ဒေါ်ခင်အေးအနေဖြင့် ငွေကြေးချေးယူခြင်း အချိန်ကာလကို တင်ပြရန် တာဝန်မရှိကြောင်း၊ ဒေါ်မြင့်သည် အချင်းဖြစ်မြေကွက်နှင့် နေအိမ်ကိုမဝယ်ယူမီ လေ့လာစူးစမ်းမှုပြုပြီး ရပ်ရွာလူကြီးများရှေ့ အပေါင်ငွေကြေးပေးဆပ်

ကာ ကျန်ငွေအကြေပေးချေ၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများလွှဲပြောင်း လက်ခံ၊ မြေကွက်နှင့် နေအိမ်လက်ရောက်ရယူသည်ဖြစ်၍ ( Possessary Title ) ရှိကြောင်း ပြည်နယ်တရားလွှတ်တော်က သုံးသပ်ခြင်းမှာ မှားယွင်းမှု မရှိကြောင်း၊ အယူခံတရားလို၏ အကြောင်းပြချက်များမှာ အယူခံပြချက် ကောင်းဖြစ်သည့် အကြောင်းခြင်းရာများမဟုတ်၍ အယူခံတရားလိုက အယူခံကို ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

ယခုအယူခံမှုတွင် ပထမအယူခံရုံးက မူလရုံးတရားလိုနှင့် မူလရုံး တရားပြိုင်အမှတ်(၁)တို့ ချုပ်ဆိုသော သက်သေခံအမှတ် (က)စာချုပ်သည် ချေးငွေအတွက် ဟန်ဆောင်စာချုပ်ဖြစ်၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၃(ဂ) အရ ပျက်ပြယ်ကြောင်း၊ မူလရုံးတရားပြိုင်အမှတ် (၂) ဒေါ်မြင့် (ခ) ဒေါ်စန်းရင်သည် အချင်းဖြစ်မြေနှင့် အဆောက်အအုံတွင် လက်ရှိထားပိုင် ခွင့် ( Possessary Title ) ရှိကြောင်း သုံးသပ်၍ မူလရုံးတရားလို ဦးစိုးအောင် သို့ မူလရုံးတရားပြိုင်အမှတ် (၁) ဒေါ်ခင်အေးက ငွေကျပ်သိန်း ၃၀၀ ပြန်ပေးစေရန် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီသည် ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

အချင်းဖြစ်အမှုတွင် မူလရုံးတရားလိုက မူလရုံးတရားပြိုင်အမှတ်(၁) ဂရန်အမည်ပေါက်မြေ နှင့် အဆိုပါမြေပေါ်ရှိ အဆောက်အအုံကို ငွေကျပ် သိန်း ၆၀၀ ဖြင့် ရောင်းဝယ်ရန် နှစ်ဦးသဘောတူပြီး ၁-၆-၂၀၀၇ နေ့တွင် ကျပ်သိန်း ၂၅၀ ကို ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ်ပေးချေကာ သက်သေခံအမှတ် (က) သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြကြောင်း အဆိုပြု ထွက်ဆိုထားသည်။ မူလရုံးအမှတ်(၁) တရားပြိုင်က သက်သေခံအမှတ်(က)

၂၀၁၁
ဦးစိုးအောင်
ဦးစိုးအောင်
နှင့်
ဒေါ်မြင့် (ခ)
ဒေါ်စန်းရင်ပါ ၂
ဒေါ်ခင်အေးပါ ၂

စာချုပ်ကို ချုပ်ဆိုကြောင်း အငြင်းမပွားသော်လည်း ချေးငွေအတွက် ဟန်ဆောင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်းဖြစ်ကြောင်း ခုခံသည်။

ထို့ကြောင့် အချင်းဖြစ် သက်သေခံအမှတ် (က) စာချုပ်သည် ချေးငွေအတွက် ဟန်ဆောင်အရောင်းစာချုပ်ဖြစ်ကြောင်း သက်သေပြရန်တာဝန်သည် သက်သေခံဥပဒေပုဒ်မ ၁၀၂ အရ မူလရုံးတရားပြိုင်အမှတ် (၁) အပေါ်တွင် ကျရောက်သည်။

မူလရုံးတရားပြိုင်အမှတ် (၁) ဒေါ်ခင်အေးက သက်သေခံအမှတ် (က) စာချုပ်သည် ၎င်းကမူလရုံးတရားလိုထံမှ ချေးငွေကျပ် သိန်း ၂၅၀ အတွက် ဟန်ဆောင်အရောင်းစာချုပ်ဖြစ်ကြောင်း ထွက်ဆိုပြီး စာချုပ်ပါသက်သေ ဒေါ်နန်းသန္တာမြင့် (ပြိုင်ပြ-၁) ကို တင်ပြထားသည်။

ဒေါ်နန်းသန္တာမြင့် (ပြိုင်ပြ-၁)က ငွေချေးခြင်းဖြစ်၍ သက်သေခံအမှတ်(၁)စာချုပ်မှာဟန်ဆောင်စာချုပ်ဖြစ်ကြောင်း ထွက်ဆိုထားသော်လည်း ဦးစိုးအောင်က ၎င်းကို ငွေကျပ် သိန်း ၅၀ ချေးပေးကြောင်း ဒေါ်ခင်အေးက ပြောပြကြောင်း၊ ဦးစိုးအောင်ထံမှ ငွေကျပ် သိန်း ၂၀၀ ထပ်မံချေးကြောင်း ဒေါ်ခင်အေးကပြောပြကြောင်း ထွက်ဆိုထားသည့်အပြင် သက်သေခံအမှတ်(က) စာချုပ်ပါ အကြောင်းအရာ စာသားများနှင့်ပတ်သက်၍ ၎င်းလက်မှတ်ရေးထိုးစဉ်က သိရှိပြီးဖြစ်ကြောင်း၊ သက်သေခံအမှတ်(က) စာချုပ်သည် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း၊ ငွေချေးငှားသောစာချုပ်ဖြစ်ကြောင်း အကြောင်းခြင်းရာ တစ်စုံတစ်ရာမျှ ဖော်ပြထားခြင်းမရှိကြောင်းလည်း ထွက်ဆိုထားသည်ကို တွေ့ရှိရသည်။

ထို့ကြောင့် ဒေါ်နန်းသန္တာမြင့်အနေဖြင့် တရားပြိုင်အမှတ်(၁)သည်

တရားလိုထံမှ ငွေချေးယူသည်ဆိုသည့်ကိစ္စကို ဒေါ်ခင်အေးပြောပြ၍ သိရှိခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။

တရားပြိုင်အမှတ် (၁) ဒေါ်ခင်အေးအနေဖြင့် သက်သေခံအမှတ် (က) စာချုပ်အရဆိုရာတွင် စာချုပ်အပိုဒ် (၃)၌ စာချုပ် ချုပ်ဆိုသည့်နေ့မှ ၆ လအတွင်း မှတ်ပုံတင်ပေးရန် သဘောတူကြောင်းပါရှိသော်လည်း ထိုသို့ မဆောင်ရွက်နိုင်သဖြင့် ၁-၆-၂၀၀၇ ရက်စွဲဖြင့် ချုပ်ဆိုသော မြေနှင့် အိမ် အရောင်းအဝယ်သဘောတူညီမှုအတွက် တန်ဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေခြင်း သဘောတူစာချုပ်၏ နောက်ဆက်တွဲ (သက်သေခံ-င)စာချုပ်ကို ၂၁-၉-၂၀၀၇ နေ့တွင် ထပ်မံချုပ်ဆို၍ အရောင်းအဝယ်အပြီးသတ် သဘောတူမှတ်ပုံတင်စာချုပ် ချုပ်ဆိုရန်အတွက် ၂၀၀၈ ခုနှစ် ဧပြီလအတွင်း တွင် အရောင်းအဝယ်အပြီးသတ်မှတ်ပုံတင်စာချုပ်ကို ချုပ်ဆိုကြရန် ပြင်ဆင် သတ်မှတ်ကြောင်း သဘောတူခဲ့ကြသည်။ အဆိုပါသက်သေခံအမှတ် (င) ပေါ်ရှိ ဒေါ်ခင်အေး၏ လက်မှတ်ကို ဒေါ်ခင်အေးက ငြင်းဆိုခြင်းမရှိပေ။

ထို့ပြင် တရားပြိုင်အမှတ် (၁) ဒေါ်ခင်အေးက ၎င်းသည် တရားလို ထံမှ ၅ ကျပ်တိုးဖြင့် ချေးယူခဲ့သည်ဆိုသော်လည်း အချိန်ကာလမည်မျှ အတွက် အတိုးမည်မျှပေးသွင်းခဲ့ကြောင်း သက်သေတင်ပြနိုင်ခြင်းမရှိပေ။

သို့ဖြစ်ရာ သက်သေခံအမှတ် (က) စာချုပ်သည် ချေးငွေအတွက် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်းကို တရားပြိုင်အမှတ် (၁) အနေဖြင့် သက်သေ ထင်ရှား တင်ပြနိုင်ခြင်းမရှိဟုသာ သုံးသပ်ရသည်။

သက်သေခံအမှတ် (က) စာချုပ် အပိုဒ် ၃ တွင် " ဤစာချုပ် ချုပ်ဆိုသည့်နေ့မှ ၆ လအတွင်း အရောင်းအဝယ်အပြီးသတ် သဘောတူ

| |
|---|
| ၂၀၁၁ |
| ဦးစိုးအောင် |
| ဦးစိုးအောင် နှင့် ဒေါ်မြင့် (ခ) ဒေါ်စန်းရင်ပါ ၂ |
| ဒေါ်ခင်အေးပါ ၂ |

စာချုပ်ကို သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပြုလုပ်ချုပ်ဆိုကြရန် နှစ်ဦးနှစ်ဖက် သဘောတူကြပါသည်။ အပြီးသတ်စာချုပ် ချုပ်ဆိုသည့် အချိန်တွင် ဝယ်သူ ရောင်းသူတို့ ကျန်ငွေအားလုံးကို ပေးချေမည်ဖြစ်ပြီး ရောင်းသူက ဝယ်သူသို့ အရောင်းအဝယ်ပြုလုပ်သည့် မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဂရန်မူရင်း၊ သက်ဆိုင်ရာစာရွက်စာတမ်းများစုံလင်စွာဖြင့် လက်ရောက်ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်" ဟု ဖော်ပြထားသည်။

ထို့နောက် မူလရုံးတရားပြိုင်အမှတ် (၁) ဒေါ်ခင်အေးသည် တရားလိုအား တန်ဖိုးငွေ တစ်စိတ်တစ်ဒေသရယူ၍ ရောင်းချရန် ကတိပြုထားသည့် အချင်းဖြစ်အိမ်နှင့် မြေကို မူလရုံးတရားပြိုင်အမှတ် (၂) ဒေါ်မြင့်အား သက်သေခံအမှတ် (၁) စာချုပ်အရ ငွေကျပ် သိန်း ၆၇၀ ဖြင့် ရောင်းချကာ လက်ရောက်ပေးအပ်ခဲ့ကြောင်း တရားပြိုင်တို့၏ ထွက်ချက်နှင့် ပြိုင်ပြသက်သေများ၏ ထွက်ချက်အရ ပေါ်ပေါက်သည်။

အယူခံတရားပြိုင်အမှတ် (၂) ဒေါ်မြင့်၏ရှေ့နေက ဒေါ်မြင့်သည် ဦးစိုးအောင် ဝယ်ထားသည်ကို လုံးဝမသိရှိသဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ) နှင့် **ကိုဖန်င နှင့် ဒေါ်ပွေးအမှု** [၁] တွင်ဆုံးဖြတ်ထားချက်အရ ဦးစိုးအောင်အနေဖြင့် ဒေါ်မြင့်အပေါ် အရေးဆိုခွင့်ရှိမည်မဟုတ်ကြောင်း တင်ပြထားသည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇ တွင် " ဤအခန်းအရ အခြားနည်းအားဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်းမှတစ်ပါး အောက်ပါပုဂ္ဂိုလ်

---

**(၁) ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၅၇ (လွှတ်တော်)**

များအား ပဋိညာဉ်အတိုင်း ဆောင်ရွက်စေနိုင်သည်-

၂၀၁၁
ဦးစိုးအောင်
ဦးစိုးအောင်
နှင့်
ဒေါ်မြင့် (ခ)
ဒေါ်စန်းရင်ပါ ၂
ဒေါ်ခင်အေးပါ ၂

(က) × × × ×

( ခ) မူလပဋိညာဉ်ရှိကြောင်းမသိရှိဘဲ သဘောရိုးဖြင့် ငွေပေးချေကာ အဖိုးဖြင့် လွှဲပြောင်းရရှိသူမှတစ်ပါး ထိုပဋိညာဉ်ချုပ်ဆိုပြီးနောက် ပေါ်ပေါက်သော ပိုင်ဆိုင်ခွင့်အရ ပဋိညာဉ်ချုပ်ဆိုရာတွင် ပါဝင်သူအား အမှီပြု၍ တောင်းနိုင်သော အခြားသူတစ်ဦးဦး၊

( ဂ) × × × ×

(ဃ) × × × ×

( င) × × × × ” ဟု ပြဋ္ဌာန်းထားသည်။

သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၂၇(ခ)ပါ “ လွှဲပြောင်းရရှိသူ” ဆိုသောစကားရပ်ကို လွှဲပြောင်းစာချုပ် ချုပ်ဆိုရရှိသောသူဟု ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲထားခြင်းမဟုတ်၊ စာချုပ်စာတမ်းများမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို လိုက်နာကာ လွှဲပြောင်းရရှိသောသူအနေဖြင့် သုံးစွဲထားခြင်းဖြစ်သည်။ တန်ဖိုးကျပ် ၁၀၀ ကျော်တန်ဖိုးရှိသောမြေကို လွှဲပြောင်းပေးသည့် မှတ်ပုံမတင်ရသေးသော စာချုပ်သာရှိသူသည် ပုဒ်မ ၂၇(ခ) ၏ အဓိပ္ပါယ်အရ လွှဲပြောင်းရရှိသူမဟုတ်ပေ။ (A.I.R 1955. ALL 24 ) တွင် ကြည့်ပါ။

ထို့ကြောင့် မူလရုံးတရားပြိုင်အမှတ် (၂) နှင့် မူလရုံးတရားပြိုင်အမှတ် (၁) တို့ချုပ်ဆိုသော သက်သေခံအမှတ်(၁) စာချုပ်သည် မှတ်ပုံတင်

စာချုပ်စာတမ်းမဟုတ်သဖြင့် မူလရုံးတရားပြိုင်အမှတ်(၂)သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ) တွင် အကျုံးဝင်သော လွှဲပြောင်းရရှိသူမဟုတ်ပေ။ မူလရုံးတရားပြိုင်အမှတ် (၂)၏ရှေ့နေက မူလရုံးတရားပြိုင်အမှတ် (၂)သည် မူလပဋိညာဉ်ရှိသည်ကိုမသိဘဲ ဝယ်ယူခဲ့ခြင်းဖြစ်၍ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ) နှင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၄၀ တို့အရ မူလရုံးတရားလိုအနေဖြင့် တရားပြိုင်အမှတ် (၂) အပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေနိုင်မည်မဟုတ်ကြောင်း တင်ပြခဲ့သော်လည်း တရားပြိုင်အမှတ် (၂)သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ)တွင် အကျုံးဝင်သည့် လွှဲပြောင်းရရှိသူဖြစ်သည်၊ မဖြစ်သည်ကိုမူ တစ်စုံတစ်ရာတင်ပြထားခြင်း မရှိပေ။

မူလရုံးတရားလိုနှင့် တရားပြိုင်အမှတ် (၁)တို့ သက်သေခံအမှတ် (က) စာချုပ် ချုပ်ဆိုသည့်နေ့မှာ ၁-၆-၂၀၀၇ နေ့ဖြစ်ပြီး မူလရုံးတရားပြိုင်အမှတ် (၁) နှင့် တရားပြိုင်အမှတ် (၂) တို့ သက်သေခံအမှတ် (၁)စာချုပ်ချုပ်ဆိုသည့်နေ့မှာ ၁၀-၃-၂၀၀၉ နေ့ဖြစ်သည်။ မူလရုံးတရားလိုသည် မူလရုံးတရားပြိုင်အမှတ်(၁) ထံမှ မူလရုံးတရားပြိုင်အမှတ် (၂) ထက် အရင်အရောင်းအဝယ်ပဋိညာဉ်ပြုထားသူဖြစ်သည်။ မူလရုံးတရားပြိုင်အမှတ်(၂)သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၂၇(ခ)တွင် ခြွင်းချက်ပြုထားသည့် လွှဲပြောင်းရရှိသူမဟုတ်သောကြောင့် ဦးစွာဝယ်ယူသူ တရားလိုကတရားပြိုင်အမှတ် (၁)အပေါ်တွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်စေရန်အတည်ပြုခွင့်ရှိမည်ဖြစ်သည်။ တရားပြိုင်အမှတ် (၁) ထံမှ မှတ်ပုံမတင်သော စာချုပ်ဖြင့် ဝယ်ယူသူတရားပြိုင်အမှတ် (၂) ထံပိုင်ဆိုင်မှု လွှဲပြောင်းရောက်ရှိသွားခြင်းမရှိ၍ တရားလိုက ၎င်းအပေါ် ပဋိညာဉ်အတိုင်း အတည်ပြု

ရန် လိုမည်မဟုတ်ပေ။

ပထမအယူခံရုံးက မူလရုံးတရားပြိုင်အမှတ် (၂)သည် လက်ရှိထားပိုင်ခွင့် ( Possessary Title ) ရှိကြောင်း သုံးသပ်ထားသည်။ တရားပြိုင်အမှတ် (၁)သည် အချင်းဖြစ်မြေနှင့် အိမ်ကို တရားဝင်ပိုင်ဆိုင်သည်ဖြစ်ရာ မူလရုံးတရားပြိုင်အမှတ် (၂)သည် မူလရုံးတရားပြိုင်အမှတ် (၁)ထက်သာလွန်သည့် လက်ရှိထားပိုင်ခွင့် ( Better Title ) ရှိသည်ဟု ဆိုနိုင်မည်မဟုတ်ချေ။ သို့ဖြစ်ရာ အချင်းဖြစ်မြေနှင့် အိမ်ကို တရားဝင်ပိုင်ဆိုင်သည့် မူလရုံးတရားပြိုင်အမှတ် (၁) က မူလရုံးတရားလိုအား ရောင်းချသည့် ပဋိညာဉ်အတိုင်း အတည်ပြု ဆောင်ရွက်ပေးစေရန် ဝယ်သူတရားလိုက တောင်းဆိုနိုင်သည်။

အရောင်းအဝယ်စာချုပ် (သက်သေခံအမှတ်-က) တွင် အရောင်းအဝယ်ပြုလုပ်သည့် အိမ်မြေနှင့်ပတ်သက်၍ အရှုပ်အရှင်း ပြဿနာမရှိကြောင်း ပေါ်ပေါက်ပါက ရောင်းသူက မိမိစရိတ်ဖြင့် တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း၊ ပြေလည်မှုမရပါက ဝယ်သူပေးချေထားသော တန်ဖိုးငွေ၏နှစ်ဆကို ရောင်းသူက ဝယ်သူသို့ ပေးလျော်မည်ဖြစ်ကြောင်း၊ ရောင်းသူဘက်က ပျက်ကွက်မှုကြောင့် စာချုပ်ပျက်ပြားရခြင်းဖြစ်ပါက စရန်ငွေ၏ နှစ်ဆပေးလျော်ရမည်ဖြစ်ကြောင်း၊ ဝယ်သူဘက်မှ ပျက်ကွက်မှုကြောင့် စာချုပ်ပျက်ပြားရခြင်းဖြစ်ပါက ပေးချေထားသော စရန်ငွေအဆုံးခံရမည်ဖြစ်ကြောင်း စည်းကမ်းချက်များ သတ်မှတ်ထားသည်။

စည်းကမ်းချက်မှာ ရောင်းသူ အရောင်းအဝယ်ပဋိညာဉ်ပျက်ကွက်မှုမရှိစေရန်အတွက် အာမခံချက်တစ်ရပ်အဖြစ် ထည့်သွင်းထားခြင်းဖြစ်

| |
|---|
| ၂၀၁၁ |
| ဦးစိုးအောင် |
| ဦးစိုးအောင် နှင့် ဒေါ်မြင့် (ခ) ဒေါ်စန်းရင်ပါ ၂ |
| ဒေါ်ခင်အေးပါ ၂ |

သည်။ ဝယ်ယူသူသည် အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းများကို ရယူလိုသဖြင့် အဖိုးစားနားပေးကာ ဝယ်ယူခြင်းဖြစ်သည်။ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုခြင်းမှာ ရောင်းသူက အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းကို အဖိုးစားနားဖြင့် လွှဲပြောင်းရောင်းချရန်သာဖြစ်သည်။ ဝယ်သူက ရောင်းသူထံမှ လျော်ကြေးတောင်းရန် ရည်ရွယ်ချက်ဖြင့် ချုပ်ဆိုခြင်းမဟုတ်ကြောင်း မြင်သာသည်။

ထို့ကြောင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ ၏ ရှင်းလင်းချက်တွင် မရွှေ့မပြောင်းနိုင်သောပစ္စည်းအား လွှဲပြောင်းပေးရန် ပဋိညာဉ်ဖောက်ဖျက်သည့်အတွက် ငွေကြေးအားဖြင့် လျော်ကြေးပေးသော်လည်း လုံလောက်သည့် သက်သာခွင့်မရနိုင်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ **ဦးမြမောင် နှင့် ဦးဝမ်စွဲ (ခ) တန်ဝမ်စွဲပါ ၇ / ဦးတင်ဦးပါ ၈ အမှု** [၂] ကို ရည်ညွှန်းသည်။

သို့ဖြစ်ရာ မူလရုံးတရားပြိုင်အမှတ် (၁) သည် မူလရုံးတရားလိုနှင့် အချင်းဖြစ်အိမ်မြေအရောင်းအဝယ်ပြုလုပ်သည့် ပဋိညာဉ်ကို ဖောက်ဖျက်၍ မူလရုံးတရားပြိုင်အမှတ် (၂) သို့ မှတ်ပုံမတင်သည့်စာချုပ်ဖြင့် ထပ်မံရောင်းချခဲ့ကြောင်း ပေါ်ပေါက်နေသည်ဖြစ်ရာ မူလရုံးက တရားပြိုင်အမှတ် (၁) သည် တရားလိုပေးသည့်ရောင်းဖိုးကျန်ငွေ ကျပ် သိန်း ၃၀၀ ကို လက်ခံရယူပြီး အချင်းဖြစ်မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စေရန်နှင့် လက်ရောက်ပေးအပ်စေရန် ချမှတ်သည့်ဒီကရီမှာ မှားယွင်းခြင်းမရှိပေ။

ပထမအယူခံရုံးက သက်သေခံအမှတ် (က) စာချုပ်သည် ချေးငွေ

---

**(၂) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၁၅**

အတွက် ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း၊ မူလရုံးတရားပြိုင်အမှတ် (၂)သည် လက်ရှိထားပိုင်ခွင့်ရှိကြောင်း သုံးသပ်၍ တရားပြိုင်အမှတ်(၁)က မူလရုံးတရားလိုအား ရယူထားသည့်ငွေကျပ် သိန်း ၃၀၀ ပြန်ပေးစေရန် ဒီကရီချမှတ်ခဲ့ခြင်းသည် သက်သေခံချက်တို့ကို စိစစ်ရာ၌ ဥပဒေအချက်အလက်လွဲမှားစွာကောက်ယူသုံးသပ်ခြင်းဖြစ်သဖြင့် ဤအယူခံတွင် ဝင်ရောက်စွက်ဖက်ရန်အကြောင်းရှိနေပေသည်။

အထက်ပါအကြောင်းများကြောင့် ဤအယူခံမှုများကို ခွင့်ပြုသည်။ ပထမအယူခံရုံးဖြစ်သည့် ရှမ်းပြည်နယ်တရားလွှတ်တော်၏ ၁၄-၇-၂၀၁၁ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ရှမ်းပြည်နယ်တရားရုံး(တောင်ကြီး)၏ ၇-၁၂-၂၀၁၀ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀ဝိ/-စီ သတ်မှတ်သည်။

**တရားမပြင်ဆင်မှု**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးစိုးညွန့် ရှေ့တွင်**

+ ၂၀၁၁ ခုနှစ်
ဩဂုတ်လ
၂၄ ရက်

**မညွန့်ညွန့်ဆန်းပါ ၂**

**နှင့်**

**ဒေါ်ခင်မကြီး ***

**မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အား ဖျက်သိမ်းပေးစေလိုမှု၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းကို လင်ဖြစ်သူက မယား၏ သဘောတူညီချက်မရှိဘဲ သမီးဖြစ်သူအား မေတ္တာဖြင့်ပေး ကမ်းခြင်း၊ လင်မယားနှစ်ဦးအနက် တစ်ဦးဦးသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းမှ ၎င်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးနိုင်ခြင်း၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းတစ်ခု လုံးကို ပေးကမ်းခြင်းနှင့် တစ်စိတ်တစ်ပိုင်းကို ခွဲခြား၍ ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အကျိုးသက်ရောက် ပုံချင်းမတူညီခြင်း၊ လင်မယားနှစ်ဦး ပိုင်ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ပေးကမ်းခြင်းသည်**

* ၂၀၁၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉

\+ ၂၀၁၀ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁ ၅ ၌ ချမှတ်သော မုံရွာခရိုင်တရားရုံး၏ ၂၁-၁-၂၀၁၀ ရက်နေ့စွဲပါ စီရင်ချက် နှင့် ဒီကရီကို ပြင်ဆင်မှု။

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

**လင်မယားနှစ်ဦးပိုင်ပစ္စည်းကိုခွဲဝေပေးပြီး ပေးကမ်းရာ ရောက်၍ ထိုပေးကမ်းခြင်းသည် အတည်မဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ လင်မယားနှစ်ဦးပိုင်ပစ္စည်းတစ်ခုလုံးကို ပေးကမ်းခြင်းနှင့် တစ်စိတ်တစ်ပိုင်းကို ခွဲခြား၍ ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အကျိုးသက်ရောက်ပုံချင်းမတူညီပေ။

လင်မယားနှစ်ဦးအနက် တစ်ဦးက လင်မယားနှစ်ဦးပိုင် ပစ္စည်းတစ်ခုလုံးကို ပေးကမ်းရာတွင် ပစ္စည်းကိုခွဲဝေခြင်းမပြုဘဲ နှစ်ဦးပိုင်ပစ္စည်းမှ ပေးကမ်းသူ၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးရာရောက်သဖြင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းသည် လွှဲပြောင်းလက်ခံရရှိသူနှင့် ကျန်လင် သို့မဟုတ် မယားတစ်ဦးတို့၏ ပူးတွဲပိုင်ပစ္စည်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။

လင်မယားနှစ်ဦးပိုင် ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ပေးကမ်းခြင်းသည် လင်မယားနှစ်ဦးပိုင် ပစ္စည်းကို ခွဲဝေပြီးပေးကမ်းရာရောက်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရဆိုလျှင် လင်မယားကွာရှင်းပြီးသည့်နောက်တွင်မှ ပစ္စည်းခွဲဝေပေးရန် အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။ လင်မယားကွာရှင်းခြင်းမပြုရသေးမီ ပစ္စည်းခွဲဝေခြင်းပြုခဲ့သည့်တိုင် အောင်ပင်ယင်းပစ္စည်းခွဲဝေမှုသည် အပြည့်အဝအကျိုးသက်ရောက်မှုရှိနိုင်မည်မဟုတ်ဟု စီရင်ထုံးများတွင် ထုံးဖွဲ့သည်။ **မထွေး** နှင့် **မတင်ဦး အမှု**(၅)၊ **မောင်ထွန်းလင်းပါ ၆** နှင့် **မမယ်ခင် အမှု**(၆)၊ **ဦးစိုးမြင့်ပါ၂** နှင့် **မခင်စိုးဝင်း အမှု**(၇) ၊ **ဒေါ်စန်းရီ** နှင့် **ဒေါ်ကျော့ကျော့ခိုင်အမှု**(၈)များကို ကြည့်ပါ။

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအဖြစ် တည်နေသရွေ့ကာလပတ်လုံး လင်ကဖြစ်စေ၊ မယားကဖြစ်စေ လင်မယားပိုင်ပစ္စည်းများကို ခွဲဝေပေးစေရန် တရားစွဲဆိုခွင့်မရှိပါက မိမိတစ်ဦးတည်း၏သဘောအတိုင်း လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ခွဲဝေပေးကမ်းနိုင်ခွင့်လည်း ရှိမည်မဟုတ်ပေ။လင်မယားကွာရှင်းခြင်းမပြုရသေးမီ ပစ္စည်းကိုခွဲဝေပေးကမ်းသည့်တိုင်အောင် ခွဲဝေပေးကမ်းသည့် ပစ္စည်းတွင် လင်မယားနှစ်ဦး၏ အကျိုးသက်ဆိုင်ခွင့်သည်ခွဲခြားမရအောင် တည်ရှိနေသဖြင့် ယင်းပစ္စည်းခွဲဝေမှုသည် အပြည့်အဝ အကျိုးသက်ရောက်မှု ရှိနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ လျှောက်ထားသူ အမှတ်(၂) ဦးသိန်းဟန်သည် ၎င်းအကျိုးခံစား ခွင့်ရှိသောအစုထက်ပင် လျော့နည်း၍ ပေးကမ်းသည်ဆိုစေကာမူ မယားဖြစ်သူ ဒေါ်ခင်မကြီးသဘောမတူဘဲ လင်မယားနှစ်ဦးပိုင်ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ခွဲဝေပေးကမ်းခြင်းဖြစ်၍ ထိုပေးကမ်းခြင်းသည် အတည်မဖြစ်ချေ။

လျှောက်ထားသူများအတွက် - ဦးဇမာ
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူအတွက် - ဦးမင်းလွင်
တရားလွှတ်တော်ရှေ့နေ

မုံရွာမြို့နယ်တရားရုံး ၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ် ၉၇ တွင် ဒေါ်ခင်မကြီးက မညွန့်ညွန့်ဆန်း နှင့် ဦးသိန်းဟန်တို့နှစ်ဦးအပေါ် မေတ္တာဖြင့်အပြီးအပိုင် ပေးကမ်းခြင်းစာချုပ်အား ဖျက်သိမ်းပေးစေလိုမှု စွဲဆိုရာ

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

အဆိုလွှာကို စရိတ်နှင့်တကွ ပလပ်ခဲ့သည်။ ဒေါ်ခင်မကြီးက မုံရွာခရိုင်တရားရုံး ၂၀၁၀ ခုနှစ် တရားမအယူခံမှုအမှတ် ၁ ဖြင့် အယူခံမှုတင်သွင်းရာ ခရိုင်တရားရုံးက မုံရွာမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး ဒေါ်ခင်မကြီးစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။ ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မညွန့်ညွန့်ဆန်းနှင့် ဦးသိန်းဟန်တို့က ကျေနပ်မှုမရှိသဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ၏ ဒုတိယခွဲြင်းချက်အရ ပြင်ဆင်မှုဖွင့်လှစ်ပေးရန် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

မူလမြို့နယ်တရားရုံးက အချင်းဖြစ် ကလျာဏအမည်ရှိ တိုက်အပါအဝင် မရွှေ့မပြောင်းနိုင်သောပစ္စည်း နှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများသည် တရားလို ဒေါ်ခင်မကြီး နှင့် အမှတ် (၂) တရားပြိုင် ဦးသိန်းဟန်တို့လင်မယားနှစ်ဦးပိုင် ပစ္စည်းများသာဖြစ်ကြောင်း၊ ဦးသိန်းဟန်က သမီးဖြစ်သူ မညွန့်ညွန့်ဆန်းအား ပေးကမ်းခဲ့သည်မှာ ကလျာဏတိုက်ကြီး၏ ၃ ပုံ ၁ ပုံသာဖြစ်သဖြင့် ၎င်း၏အကျိုးခံစားခွင့်ရှိသည့် အစုအားလုံးကို ပေးကမ်းခဲ့ခြင်းမဟုတ်ကြောင်း၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို လင်ဖြစ်စေ၊ မယားဖြစ်စေ ခင်ပွန်းသည်၏ ဆန္ဒမရရှိဘဲ ပေးကမ်းလျှင် အဆိုပါပေးကမ်းပစ္စည်းတွင် ပေးသူ အကျိုးခံစားခွင့်ရှိသည့် အစုအတွက်သာအတည်ဖြစ်ကြောင်း၊ သဘောတူညီချက်မပေးသည့် ခင်ပွန်းသည်၏ အကျိုးခံစားခွင့်ကို ထိခိုက်ခြင်းမရှိကြောင်း၊ အမွေခွဲဝေပေးရန်ပစ္စည်း မကျန်ရစ်အောင် ပေးကမ်းခြင်းမဟုတ်သဖြင့် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့် ဆန့်ကျင်မှုမရှိကြောင်း၊ တရားလိုမှ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ်အား ဖျက်သိမ်းပေးစေလိုမှု စွဲဆိုရာတွင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၂၆ နှင့် ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၉ တို့နှင့် ငြိစွန်းမှုမရှိကြောင်း သုံးသပ်ကာ မေတ္တာ

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

ဖြင့် အပြီးအပိုင်ပေးကမ်းခြင်းသည် တရားဝင်အတည်ဖြစ်၍ အပေးစာချုပ်အား ဖျက်သိမ်းရန် မပေါ်ပေါက်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ခရိုင်တရားရုံးက မူလရုံးတရားလို ဒေါ်ခင်မကြီးအနေဖြင့် အချင်းဖြစ် မှတ်ပုံတင်အပေးစာချုပ်ဖြင့် ပေးကမ်းခြင်းကို သဘောတူညီမှုရှိသည်ကို မတွေ့ရကြောင်း၊ တရားလိုနှင့် အမှတ် (၂) တရားပြိုင်တို့သည် လင်ခန်းမယားခန်းတည်မြဲနေကြောင်း အငြင်းမထွက်ဘဲ မိမိတို့၏ဝေစုကို သီးခြားခွဲဝေထားပြီးဖြစ်ကြောင်း ပေါ်ပေါက်မှုမရှိသေးခြင်းကြောင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်သည့် ကလျာဏအမည်ရှိ တိုက်၏အစိတ်အပိုင်းအား အချင်းဖြစ်စာချုပ်ဖြင့် ပေးကမ်းခဲ့ခြင်းမှာ တည်မြဲခိုင်မာရန်မရှိကြောင်း၊ စာချုပ်ဖြင့်ပေးခဲ့သည့်ပစ္စည်းတွင် အယူခံတရားလို ဒေါ်ခင်မကြီး၏ အစုမှာ ခွဲခြား၍ မရအောင်ပါဝင်တည်ရှိလျက်ရှိသဖြင့် စာချုပ်ကို မပယ်ဖျက်ဘဲထားရှိပါက ၎င်းအတွက် ထိခိုက်နစ်နာမှုရှိကြောင်းသုံးသပ်၍ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်ပြီး မူလရုံး တရားလို ဒေါ်ခင်မကြီး စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူများ၏ရှေ့နေက မှတ်ပုံတင်ပေးကမ်းစာချုပ်ဖြင့် ဖခင် ဦးသိန်းဟန်က သမီးဖြစ်သူ အမှတ်(၁)တရားပြိုင် မညွန့်ညွန့်ဆန်းသို့ ပေးခဲ့သည့်ပစ္စည်းမှာ ဦးသိန်းဟန်နှင့် ဒေါ်ခင်မကြီးတို့လင်မယားနှစ်ဦးအတူပိုင်ဆိုင်သည့် မုံရွာမြို့၊ မြို့လယ်ရပ်၊ ဦးပိုင်အမှတ် ၃၅ မြေကွက်ပေါ်ရှိ တိုက် ၂ လုံးအနက် ကလျာဏ ၆ ခန်းတိုက်ကြီးမှ အခန်း ၂ ခန်းနှင့် တည်ရှိရာမြေကိုသာ ပေးကမ်းခြင်းဖြစ်၍ အမှတ်(၂) တရားပြိုင် ဦးသိန်းဟန် အကျိုးခံစားခွင့်ရှိမည့် လင်မယားနှစ်ဦးပိုင်ပစ္စည်းတွင် မိမိအကျိုးခံစားခွင့်ရှိသော ဝေစုထက်ပင် လျော့နည်းနေကြောင်း၊ မုံရွာခရိုင်တရားရုံးက ရည်ညွှန်း

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

ကိုးကားသည့် **ဒေါ်ဝင်းကြည် (ခ) ဒေါ်ဝင်းကြည်ညွန့် နှင့် ဒေါ်သိန်းသိန်းပါ ၃ အမှု** [၁] တွင် လင်မယားနှစ်ဦးပိုင် ပစ္စည်းတစ်စုလုံးကို မေတ္တာဖြင့်ပေးကမ်းရာတွင် ကျန်တစ်ဦးက သဘောတူမှုသာလျှင် အဆိုပါ ကျန်တစ်ဦး၏ အကျိုးခံစားခွင့်ရှိသော အစုအတွက်ပါ အတည်ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း၊ ပေးကမ်းသူ အကျိုးခံစားခွင့်ရှိသော အစုအတွက် ရည်ညွှန်းခြင်းမဟုတ်ကြောင်း၊ မုံရွာခရိုင်တရားရုံးက ထိုအမှုကို ရည်ညွှန်းသော်လည်း ကျန်ခင်ပွန်းဖြစ်သူ အကျိုးခံစားခွင့်ဝေစုအတွက် အတည်ဖြစ်မှုအပေါ် ဆုံးဖြတ်ခြင်းဖြစ်၍ ယခုအငြင်းပွားမှုအတွက် အဖြေမဟုတ်ကြောင်း၊ မုံရွာခရိုင်တရားရုံးက ရည်ညွှန်းကိုးကားထားသည့် **ဦးဖိုးဦး နှင့် မတုတ်ကြီး အမှု** [၂] စီရင်ထုံးနောက်မှ စီရင်ဆုံးဖြတ်ခဲ့သည့် **အင်အေပွီအာချစ်တီးကုန်တိုက် နှင့် မောင်သံဒိုင် အမှု** [၃] တွင် လင်မယားနှစ်ဦးပိုင်ပစ္စည်းကို လင်ကဖြစ်စေ၊ မယားကဖြစ်စေ ဆန္ဒမရှိဘဲ ပေးကမ်းလျှင် အဆိုပါပေးသည့်ပစ္စည်းကို ပေးသူအကျိုးခံစားခွင့်ရှိသည့်အစုအတွက်သာ အတည်ဖြစ်သော်လည်း သဘောတူညီချက်မပေးသည့် ခင်ပွန်းသည်၏ အကျိုးခံစားခွင့်ကို ထိခိုက်ခြင်းမရှိချေဟု ဆုံးဖြတ်ခဲ့ကြောင်း၊ **ဦးဖေ နှင့် မောင်မောင်ခ အမှု** [၄] စီရင်ထုံးတွင် ပရိဗွီကောင်စီက **အင်အေပွီအာချစ်တီးယားကုန်တိုက် နှင့် မောင်သံဒိုင်** စီရင်ထုံးကို ဆက်လက်အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း၊ မုံရွာခရိုင်တရားရုံး၏အမိန့်မှာ မြန်မာဓလေ့ထုံးတမ်း

---

**(၁) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၇၆**

**(၂) ၇ ရန်ကုန်၊ စာ-၁၇၄ (စုံညီ)**

**(၃) ၉ ရန်ကုန်၊ စာ-၅၂၄**

**(၄) ၁၀ ရန်ကုန်၊ စာ၂၆၁ (ပီစီ)**

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

ဥပဒေနှင့် ဆန့်ကျင်ဆုံးဖြတ်ထားခြင်းဖြစ်သဖြင့် ပြင်ဆင်မှုတရားရုံးက ဝင်ရောက်စွက်ဖက်ပြင်ဆင်ပေးသင့်ကြောင်း စီရင်ထုံးအကိုးအကားများဖြင့် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူရှေ့နေက လင်နှင့်မယားတရားဝင်ကွာရှင်းခြင်း မပြုရသေးမီ လင်ဖြစ်စေ၊ မယားဖြစ်စေ သီးခြားအကျိုးခံစားခွင့်ရှိစေနိုင်သည့် ပစ္စည်းဟူ၍မရှိကြောင်း၊ ထို့ကြောင့် တရားရုံးက ခွဲဝေသည့်ဒီကရီမချမှတ်နိုင်ကြောင်း၊ ယခုအမှုတွင် ဦးသိန်းဟန်၏ဝေစုသည် မည်သည့်ပစ္စည်းဖြစ်သည်၊ မည်သည့်အစိတ်အပိုင်းဖြစ်သည်ဟု မည်သည့်တရားရုံးကမျှ အဆုံးအဖြတ်မပေးရသေးကြောင်း၊ ထိုသို့ခွဲခြားသတ်မှတ်ရခြင်းမရှိသေးသည့် အခြေအနေတွင် ဦးသိန်းဟန်က အချင်းဖြစ်ပစ္စည်းဖြစ်သည့်အစိတ်အပိုင်းကို ၎င်းကအကျိုးခံစားခွင့်ရှိသည်၊ စီမံခန့်ခွဲခွင့်ရှိသည်ဟုဆိုကာ သမီးဖြစ်သူအား ခွဲဝေပေးကမ်းခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း **အင်အေဗွီအာချစ်တီးယားဖမ်း** အမှုနှင့် **ဦးဖေ နှင့် ဦးမောင်မောင်ခ** အမှုစီရင်ထုံးများအရ လင်ဖြစ်စေ၊ မယားဖြစ်စေ လင်မယားနှစ်ဦးပိုင်ပစ္စည်းကို လင်သို့မဟုတ် မယားက သဘောမတူဘဲ လွှဲပြောင်းပါက ၎င်း၏ဝေစုအတွက်သာ အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခြင်းဖြစ်ကြောင်း၊ ယခုအမှုတွင် ခင်ပွန်းဖြစ်သူက မိမိဝေစုကို လွှဲပြောင်းခြင်းမဟုတ်ဘဲ အချင်းဖြစ်မြေနှင့် အဆောက်အအုံကို သူပိုင်ပစ္စည်းဟုဆိုကာ ခွဲခြမ်းထုခွဲလွှဲပြောင်းခြင်းဖြစ်ကြောင်း၊ တရားရုံးကပင် ခွဲဝေခြင်းမပြုနိုင်သည့် အခြေအနေတွင် ခင်ပွန်းဖြစ်သူက ခွဲဝေရယူစီမံထုခွဲခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ နှစ်ဦးပိုင်ပစ္စည်းဖြစ်ပါလျက် အဆိုပါနှစ်ဦးပိုင်ပစ္စည်းအနက် မိမိကြိုက်နှစ်သက်သည့်အပိုင်းကို မိမိပိုင်ပစ္စည်းဖြစ်သည်ဟု ခင်ပွန်းဖြစ်သူ ဦးသိန်းဟန်ဆန္ဒတစ်ခုတည်းဖြင့် စီမံဆောင်

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

ရွက်ခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ ပြင်ဆင်မှုတွင် ဝင်ရောက်စွက်ဖက်ရန် အလို့ငှာ လက်အောက်ခံတရားရုံး၏ ဆုံးဖြတ်ချက်သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ အရ ပြဋ္ဌာန်းထားသည့် စီရင်ပိုင်ခွင့်ဆိုင်ရာ ပြဿနာ တစ်ရပ်ရပ်ပေါ်ပေါက်ရန် လိုအပ်မည်ဖြစ်သော်လည်း ဤပြင်ဆင်မှုတွင် ဖော်ပြပါစီရင်ပိုင်ခွင့်ဆိုင်ရာ ပြဿနာတစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း တင်ပြထားချက်မရှိပါကြောင်း၊ ခရိုင်တရားရုံးအနေဖြင့် အမှုကိုအကြောင်း ခြင်းရာများနှင့် သက်ဆိုင်ရာဥပဒေတို့ကို နည်းလမ်းတကျဆင်ခြင်သုံးသပ် ထားသည်မှာ ပေါ်ပေါက်ကြောင်း၊ ခရိုင်တရားရုံး၏ ဆုံးဖြတ်ချက် မှားယွင်း ခြင်းမရှိ၍ ပြင်ဆင်မှုအာဏာအရ စွက်ဖက်ပြင်ဆင်ခြင်းမပြုသင့်ကြောင်း စီရင်ထုံးအကိုးအကားများဖြင့် လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲအား စိစစ်ကြည့်ရှုရာတွင် လျှောက်ထားခံရသူ ဒေါ်ခင်မကြီး နှင့် လျှောက်ထားသူအမှတ် (၂) ဦးသိန်းဟန်တို့သည် တရား ဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးသည့် တရားဝင်လင်မယားဖြစ်ကြောင်း၊ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအနက် မိမိတို့၏ပစ္စည်းဝေစုကို သီးခြားခွဲဝေ ထားမှုမရှိသေးကြောင်း၊ လင်မယားနှစ်ဦးပိုင် မြေကွက် ၃ ကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ကလျာဏတိုက်၏ တိုက်ခန်း ၆ ခန်းရှိသည့်အနက် တိုက်ခန်း ၂ ခန်းနှင့် ယင်းတိုက်ခန်း ၂ ခန်းတည်ရှိရာ ဦးပိုင်အမှတ် ၃၅ ဟု ခေါ်တွင်သောမြေကို လျှောက်ထားသူအမှတ် (၂) ဦးသိန်းဟန်က အတူနေ သမီးဖြစ်သူ လျှောက်ထားသူအမှတ် (၁) မညွန့်ညွန့်ဆန်းအား ၃၁-၇-၂၀၀၈ ရက်စွဲပါ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ် (သက်သေခံအမှတ်-က) ဖြင့် ပေးကမ်းခဲ့ခြင်း စသည့်အချက်များမှာ နှစ်ဖက်အငြင်းမပွား ပေါ်ပေါက်သည်။ ထိုသို့ပေးကမ်းသည့်စာချုပ်မှာ ဥပဒေနှင့် ညီ မညီ အဓိက

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

စိစစ်ရန်ဖြစ်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်ယောကျ်ားပိုင်ဆိုင်သည့် ပစ္စည်းအပေါ် မယားဖြစ်သူက အတူပိုင်ဆိုင်ခွင့်ရှိသည်။ လျှောက်ထားသူ အမှတ် (၂) ဦးသိန်းဟန်က လျှောက်ထားသူ အမှတ်(၁) မညွန့်ညွန့်ဆန်း သို့ သက်သေခံအမှတ် (က) မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းစာချုပ် ဖြင့် ပေးကမ်းခဲ့ခြင်းသည် မုံရွာမြို့၊ အလယ်ရပ်ကွက်၊ အကွက်အမှတ် (၁၉- မုံရွာမြောက်)၊ ဦးပိုင်အမှတ် ၃၅၊ ဧရိယာ ၀.၀၂၀ ဧကရှိ မြေကွက်မှာ လျှောက်ထားခံရသူ ဒေါ်ခင်မကြီး (မူလရုံးတရားလို) မြေစာရင်းဌာနတွင် အမည်ပေါက်သည့် မြေဖြစ်ကြောင်း၊ သက်သေခံအမှတ် (ခ) (ခ-၁) (မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆) တို့အရ ပေါ်ပေါက်လျက်ရှိသည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မယားဖြစ်သူပိုင်ဆိုင်သည့်ပစ္စည်း ကို လင်ယောကျ်ားက အတူပိုင်ဆိုင်ခွင့်ရှိသည်။ လျှောက်ထားသူအမှတ်(၂) ဦးသိန်းဟန်သည် လျှောက်ထားခံရသူ ဒေါ်ခင်မကြီးအမည်ပေါက်မြေကို အတူပိုင်ဆိုင်ခွင့်ရှိသော်လည်း မေတ္တာဖြင့်အပြီးအပိုင် ပေးကမ်းခြင်းစာချုပ် (သက်သေခံအမှတ်-က)တွင် အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ၎င်း အကျိုးခံစားခွင့်ရရှိသော စီမံခန့်ခွဲခွင့်ရှိသောမြေနှင့် အဆောက်အအုံဖြစ် သည်ဟု ဖော်ပြ၍ လျှောက်ထားခံရသူ မယားဒေါ်ခင်မကြီးသဘောတူညီ ချက်မရှိဘဲ သမီးမညွန့်ညွန့်ဆန်းအား ပေးကမ်းခဲ့ခြင်းဖြစ်သည်။

မူလရုံးက ကိုးကားခဲ့သည့် **အင်အေဗွီအာချစ်တီးယားဖမ်း နှင့် မောင်သံဒိုင်** အမှု၊ **ဦးဖေ နှင့် ဦးမောင်မောင်ခ** အမှုတို့မှာ အယူခံ ခရိုင်တရားရုံးက ကိုးကားဖော်ပြသည့်**ဒေါ်ဝင်းကြည်(ခ)ဒေါ်ဝင်းကြည်ညွန့်**

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

**နှင့် ဒေါ်သိန်းသိန်းပါ ၃** အမှုနှင့် တစ်သဘောတည်း လမ်းညွှန်ထုံးဖွဲ့ထားခြင်းဖြစ်သည်။ ယင်းစီရင်ထုံးများက လင်မယားနှစ်ဦးပိုင်ပစ္စည်းကို လင်ကဖြစ်စေ၊ မယားကဖြစ်စေ ခင်ပွန်းသည်၏ သဘောတူညီချက်မရှိဘဲ မေတ္တာဖြင့်ပေးလျှင် ထိုပေးသည့်ပစ္စည်းတွင် ပေးသူ၏ အကျိုးခံစားခွင့်ရှိသော အစုအတွက်သာ အတည်ဖြစ်ကြောင်း သဘောတူညီချက်မပေးသည့် ခင်ပွန်းသည်၏အကျိုးခံစားခွင့်ကို ထိခိုက်ခြင်းမရှိကြောင်း ပြဆိုသည်။

လျှောက်ထားသူများ၏ရှေ့နေက **ဒေါ်ဝင်းကြည် (ခ) ဒေါ်ဝင်းကြည်ညွန့် နှင့် ဒေါ်သိန်းသိန်းပါ ၃** အမှုတွင် " လင်မယားနှစ်ဦးပိုင်ပစ္စည်းတစ်ခုလုံးကို မေတ္တာဖြင့်ပေးကမ်းရာတွင် ကျန်တစ်ဦးက သဘောတူမှုသာလျှင် အဆိုပါကျန်တစ်ဦး၏ အကျိုးခံစားခွင့်ရှိသောအစုအတွက်ပါ အတည်ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းဖြစ်ကြောင်း ပေးကမ်းသူအကျိုးခံစားခွင့်ရှိသောအစုအတွက် ရည်ညွှန်းခြင်းမဟုတ်ကြောင်း " တင်ပြသည်။

**ဒေါ်ဝင်းကြည် (ခ) ဒေါ်ဝင်းကြည်ညွန့် နှင့် ဒေါ်သိန်းသိန်းပါ ၃** သည် **အင်အေဗွီအာချစ်တီးယားဖမ်း နှင့် မောင်သံဒိုင်** အမှု၊ **ဦးဖေ နှင့် ဦးမောင်မောင်ခ** အမှုတို့အပေါ်အခြေခံ၍ ထုံးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ထိုစီရင်ထုံးများက လင်မယားနှစ်ဦးအနက် တစ်ဦးဦးသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းမှ ၎င်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးနိုင်သည်၊ ထို့ပြင် ခင်ပွန်းဖြစ်သူ၏ အတိအလင်း သို့မဟုတ် သဘောသက်ရောက်သည့် သဘောတူညီချက်ကိုရရှိလျှင်မူ ထိုသူ၏ အကျိုးခံစားခွင့်ကိုပါ လွှဲပြောင်းနိုင်သည်ဟု ဆိုလိုရင်းဖြစ်သည်။ သို့ဖြစ်ရာ လင်မယားနှစ်ဦးအနက် တစ်ဦးဦး

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းမှ ၎င်း၏အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးနိုင်ခြင်းမှ အငြင်းပွားဖွယ်မရှိပေ။ အခြေတကျ အတည်ဖြစ်ပြီးသည့်ဥပဒေသတစ်ရပ်ဖြစ်သည်။

ဤသို့ဆိုပါက လျှောက်ထားသူအမှတ် (၂) ဦးသိန်းဟန်သည် လင်မယားနှစ်ဦးပိုင်မြေကို မယားဖြစ်သူ ဒေါ်ခင်မကြီးသဘောမတူဘဲ သမီးဖြစ်သူအား ပေးကမ်းခြင်းသည် အတည်ဖြစ် မဖြစ် ဆန်းစစ်ရန်လိုသည်။

လျှောက်ထားသူများ၏ရှေ့နေက လျှောက်ထားသူအမှတ် (၂) ဦးသိန်းဟန်သည် ၎င်းအကျိုးခံစားခွင့်ရှိသော အစုထက်ပင် လျော့နည်း၍ ပေးကမ်းခြင်းဖြစ်၍ ပေးကမ်းခြင်းမှာ တည်မြဲခိုင်မာကြောင်း လျှောက်လဲသည်။

အထက်ဖော်ပြပါအမှုများတွင် လင်မယားနှစ်ဦးအနက် တစ်ဦးက ပေးကမ်းသည်ဆိုခြင်းမှာ လင်မယားနှစ်ဦးပိုင်ပစ္စည်းတစ်ခုလုံးကို ပေးကမ်းခြင်းဖြစ်သည်။ ယခုအမှုတွင် ဦးသိန်းဟန်က လင်မယားနှစ်ဦးပိုင်ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ပေးကမ်းခြင်းဖြစ်သည်။ လင်မယားနှစ်ဦးပိုင်ပစ္စည်း တစ်ခုလုံးကို ပေးကမ်းခြင်းနှင့် တစ်စိတ်တစ်ပိုင်းကိုခွဲခြား၍ ပေးကမ်းခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အကျိုးသက်ရောက်ပုံချင်း မတူညီပေ။

လင်မယားနှစ်ဦးအနက် တစ်ဦးက လင်မယားနှစ်ဦးပိုင်ပစ္စည်းတစ်ခုလုံးကို ပေးကမ်းရာတွင် ပစ္စည်းကို ခွဲဝေခြင်းမပြုဘဲ နှစ်ဦးပိုင်ပစ္စည်းမှ ပေးကမ်းသူ၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းပေးရာရောက်သဖြင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းသည် လွှဲပြောင်းလက်ခံရရှိသူနှင့် ကျန် လင် သို့မဟုတ် မယား

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

တစ်ဦးတို့၏ ပူးတွဲပိုင်ပစ္စည်းအဖြစ် ပြောင်းလဲသွားမည်ဖြစ်သည်။

လင်မယားနှစ်ဦးပိုင်ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ပေးကမ်းခြင်းသည် လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ခွဲဝေပြီး ပေးကမ်းရာ ရောက်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရဆိုလျှင် လင်မယားကွာရှင်းပြီးသည့်နောက်တွင်မှ ပစ္စည်းခွဲဝေပေးရန် အကြောင်းပေါ်ပေါက်မည်ဖြစ်သည်။ လင်မယားကွာရှင်းခြင်းမပြုရသေးမီ ပစ္စည်းခွဲဝေခြင်းပြုခဲ့သည့်တိုင်အောင်ပင် ယင်းပစ္စည်းခွဲဝေမှုသည် အပြည့်အဝ အကျိုးသက်ရောက်မှုရှိနိုင်မည်မဟုတ်ဟု စီရင်ထုံးများတွင် ထုံးဖွဲ့သည်။ **မထွေး နှင့် မတင်ဦး အမှု**[၅]၊ **မောင်ထွန်းလင်းပါ ၆ နှင့် မမယ်ခင် အမှု** [၆]၊ **ဦးစိုးမြင့်ပါ ၂ နှင့် မခင်စိုးဝင်း အမှု** [၇]၊ **ဒေါ်စန်းရီ နှင့် ဒေါ်ကျော့ကျော့ခိုင် အမှု**[၈] **များကို** ကြည့်ပါ။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအဖြစ် တည်နေသရွေ့ကာလပတ်လုံး လင်ကဖြစ်စေ၊ မယားကဖြစ်စေ လင်မယားပိုင်ပစ္စည်းများကို ခွဲဝေပေးစေရန် တရားစွဲဆိုခွင့်မရှိပါက မိမိတစ်ဦးတည်း၏သဘောအတိုင်း လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ခွဲဝေပေးကမ်းနိုင်ခွင့်လည်း ရှိမည်မဟုတ်ပေ။ လင်မယားကွာရှင်းခြင်းမပြုရသေးမီ ပစ္စည်းကို ခွဲဝေပေးကမ်းသည့်တိုင်အောင် ခွဲဝေပေးကမ်းသည့်ပစ္စည်းတွင် လင်မယားနှစ်ဦး၏ အကျိုးသက်ဆိုင်ခွင့်သည်

---

(၅) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၉ (လွှတ်တော်)

(၆) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၇၄

(၇) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၉

(၈) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၆

၂၀၁၁
ဒေါ်ညွန့်ညွန့်ဆန်းပါ ၂
နှင့်
ဒေါ်ခင်မကြီး

ခွဲခြားမရအောင် တည်ရှိနေသဖြင့် ယင်းပစ္စည်းခွဲဝေမှုသည် အပြည့်အဝ အကျိုးသက်ရောက်မှု ရှိနိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ လျှောက်ထားသူအမှတ် (၂) ဦးသိန်းဟန်သည် ၎င်း အကျိုးခံစားခွင့်ရှိသော အစုထက်ပင်လျော့နည်း၍ ပေးကမ်းသည်ဆိုစေကာမူ မယားဖြစ်သူ ဒေါ်ခင်မကြီးသဘောမတူဘဲ လင်မယားနှစ်ဦးပိုင်ပစ္စည်းထဲမှ တစ်စိတ်တစ်ပိုင်းကို ခွဲဝေပေးကမ်းခြင်းဖြစ်၍ ထိုပေးကမ်းခြင်းသည် အတည် မဖြစ်ချေ။

သုံးသပ်ခဲ့သည့်အတိုင်း လင်မယားကွာရှင်းခြင်းမပြုရသေးမီ လင်မယားနှစ်ဦးပိုင်ပစ္စည်းကို ခွဲခြမ်းမရနိုင်သဖြင့် လျှောက်ထားသူအမှတ် (၂) ဦးသိန်းဟန်က သမီးဖြစ်သူအားပေးကမ်းလိုက်သည့် ပစ္စည်းတွင် လျှောက်ထားခံရသူ ဒေါ်ခင်မကြီး၏ အကျိုးခံစားခွင့်သည် ပူးတွဲတည်ရှိနေသည်ဖြစ်ရာ ထိုအပေးစာချုပ်ကို မဖျက်ဘဲထားရှိပါက လျှောက်ထားခံရသူ၏ အကျိုးခံစားခွင့်ကို ထိခိုက်နစ်နာစေသည်မှာ မြင်သာသည်။

သို့ဖြစ်၍ ခရိုင်တရားရုံးက လျှောက်ထားသူအမှတ် (၂) ဦးသိန်းဟန်က သမီးဖြစ်သူ လျှောက်ထားသူအမှတ် (၁) မညွန့်ညွန့်ဆန်းအား မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းသည့် မှတ်ပုံတင်စာချုပ်ကို ပယ်ဖျက်စေရန် ဒီကရီချမှတ်ခြင်းသည် မှားယွင်းမှုမရှိပေ။

ခရိုင်တရားရုံး၏ ဒီကရီကို ဝင်ရောက်စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်သည့်အတွက် ဤပြင်ဆင်မှုကို ပလပ်ရန်သာရှိပေသည်။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ိ/- သတ်မှတ်သည်။

**တရားမပထမအယူခံမှု**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးသာဌေး ရှေ့တွင်**

+ ၂၀၁၁ ခုနှစ်
နိုဝင်ဘာလ
၁၅ ရက်

**ဦးဘစိန်ပါ ၂**

**နှင့်**

**ဦးထွန်းကြိုင်ပါ ၄***

**မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည် သို့မဟုတ် အမွေဆက်ခံခွင့်ရှိသည့်ပစ္စည်းဖြစ်သည်ဟု ပဏာမဒီကရီ ချမှတ်သည့်အဆင့်၌ မည်သည့်အခါသုံးသပ်ဆုံးဖြတ်နိုင်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အမွေမှုများတွင် အမွေပုံပစ္စည်းလက်ရှိဖြစ်သူ တရားပြိုင်တို့သည်-

(၁) အဆိုလွှာတွင်ဖော်ပြထားသည့် အမွေပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ မှန်ကန်သည်ဟုလည်းကောင်း၊

(၂) အချို့သာ ကျန်ရစ်ခဲ့သည်ဟုလည်းကောင်း၊

(၃) လုံး၀ကျန်ရစ်ခြင်းမရှိဟုလည်းကောင်း၊

---

* **၂၀၁၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆**

\+ **၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄ တွင် ရှမ်းပြည်နယ်တရားလွှတ်တော်က ၁၃-၅-၂၀၁၁ ရက်နေ့၌ ချမှတ်သော စီရင်ချက်နှင့် ဒီကရီအပေါ် ပထမအယူခံမှု။**

(၄) ကျန်ရစ်ခဲ့သောပစ္စည်းများသည် အမွေဆက်ခံခွင့်မရှိ၍ အမွေတောင်းဆိုခွင့်မရှိဟုလည်းကောင်း

၂၀၁၁
ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

အမျိုးမျိုး ချေပလေ့ရှိကြသည်။ အမွေမှုတစ်မှုနှင့် တစ်မှုဖြစ်စဉ်များ၊ ချေပချက်များ တူညီလေ့မရှိပေ။

အထက်အပိုဒ် (၁) နှင့် (၂) အရ ချေပလာသည့်အမှုများတွင် ပဏာမဒီကရီချမှတ်ရာ၌ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည်ဟု သုံးသပ်ဆုံးဖြတ်ရန်မလိုဘဲ အမွေပုံပစ္စည်းများကျန်ရစ်ခဲ့သည်မှာ မှန်ကန်သည်ဟု ပဏာမဒီကရီတွင် ဖြေကြားနိုင်သည်။

သို့ရာတွင် အထက်အပိုဒ် (၃) နှင့် (၄) အရ ချေပလာခဲ့ပါက အမွေရှင်ကွယ်လွန်စဉ် ကျန်ရစ်ခဲ့သော မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည် သို့တည်းမဟုတ် အမွေဆက်ခံခွင့်ရှိသောပစ္စည်းဖြစ်သည်ဟု သုံးသပ် ဆုံးဖြတ်ရန်လိုအပ်သည်။ သို့မှသာ အမွေပုံပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ မှန်ကန်သည် သို့မဟုတ် မှန်ကန်မှုမရှိဟု ပဏာမဒီကရီတွင် ဖြေကြားနိုင်မည်ဖြစ်သည်။

အယူခံတရားလိုများအတွက် - ဦးတင်မောင်ဝင်း
တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဦးဂျွန်လျန်ဇမ်း
တရားလွှတ်တော်ရှေ့နေ

ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားမကြီးမှုအမှတ် ၁၄/၂၀၁၁

၂၀၁၁

ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

တွင် ဦးထွန်းကြိုင်ပါ ၄ ဦးက ဦးဘစိန်ပါ ၂ ဦးအပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ရှမ်းပြည်နယ်တရားရုံးက တရားလိုများစွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ ဒီကရီချမှတ်သည်။

ဦးဘစိန်ပါ ၂ ဦးတို့က ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီအပေါ် မကျေနပ်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

မူလရုံးတရားလိုများ၏ အဆိုလွှာတွင် တရားလိုများနှင့်(၁) တရားပြိုင်တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး ဗုဒ္ဓဘာသာဝင် ဦးဘိုးလှိုင်နှင့် ဒေါ်ဖုန်းတို့၏ မြေးများဖြစ်ကြကြောင်း၊ ဦးဘိုးလှိုင်နှင့် ဒေါ်ဖုန်းတို့တွင် သမီး ဒေါ်ရွှေမြတစ်ဦးတည်း ထွန်းကားခဲ့ပြီး ဒေါ်ရွှေမြသည် ဦးစိုနှင့် အိမ်ထောင်ပြုကာ သားသမီးများအဖြစ် ဦးဘစိန်၊ ဦးထွန်းကြိုင်၊ ဒေါ်တင်လှ၊ ဦးသန်းညွန့်နှင့် ဒေါ်တင်ဝင်းတို့ကို မွေးဖွားခဲ့ကြောင်း၊ ဒေါ်ရွှေမြသည် ၁၉၇၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဦးဘိုးလှိုင်သည် ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း၊ ဦးစိုသည် ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ ဒေါ်ဖုန်းသည် ၁၉၉၉ ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြကြောင်း၊ ဦးဘိုးလှိုင်နှင့် ဒေါ်ဖုန်းတို့သည် တောင်ကြီးမြို့၊ မြို့မဈေးကြီး၊ ဆိုင်ခန်းအမှတ် (ကေ-၅၅)တွင် အင်းလေးထွက် သံကိရိယာပစ္စည်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ခဲ့ရာ အဘိုးအဘွားတို့ ကွယ်လွန်ပြီးနောက် ဆိုင်လုပ်ငန်းကို တရားပြိုင်က ဆက်လက်လုပ်ကိုင်ခဲ့ကြောင်း၊ ဒေါ်ဖုန်းကွယ်လွန်စဉ်က အမွေပုံပစ္စည်းများအဖြစ် နောက်ဆက်တွဲ (က) နှင့် (ခ) တွင်ဖော်ပြထားသည့်

၂၀၁၁
ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

ပစ္စည်းများကျန်ရစ်ခဲ့ကြောင်း၊ အဘိုးအဘွားတို့ ကျန်ရစ်ခဲ့သော ပစ္စည်းများပေါ်တွင် တရားလိုများသည် ၅ ပုံ ၄ ပုံ ရထိုက်ခွင့်ရှိသဖြင့် ခွဲဝေပေးရန် တရားပြိုင်တို့ထံ တောင်းဆိုခဲ့သော်လည်း လိုက်နာခြင်းမရှိ၍ ယခုအမှုကို စွဲဆိုခြင်းဖြစ်ကြောင်း တရားလိုများက အဆိုပြုသည်။

တရားပြိုင်များ၏ ချေပလွှာအရ ဦးဘိုးလှိုင် နှင့် ဒေါ်မုံးတို့ ပေါင်းသင်းစဉ် သမီး ဒေါ်ရွှေမြတစ်ဦးတည်းသာ ထွန်းကားခဲ့ကြောင်း၊ ဦးဘိုးလှိုင် နှင့် ဒေါ်မုံးတို့ ကွာရှင်းပြီးနောက် ဦးဘိုးလှိုင်သည် ဒေါ်ဖုန်းနှင့်အိမ်ထောင်သစ်ထူခဲ့ကြောင်း၊ ဒေါ်မုံးသည် သမီးဒေါ်ရွှေမြကိုခေါ်၍ ခေါင်တိုင်ကျေးရွာတွင် နေထိုင်ခဲ့ကြောင်း၊ ဒေါ်ရွှေမြသည် ဦးစိုးနှင့်လက်ထပ်ခဲ့ပြီး လက်သစ်အောက်ရွာတွင် နေထိုင်ရာမှ တရားပြိုင်(၁) နှင့် တရားလိုတို့ကို မွေးဖွားခဲ့ကြောင်း၊ အဘိုးအဘွားနှင့်မိဘများကွယ်လွန်သည့်အခါ အမွေပုံပစ္စည်းတစ်စုံတစ်ရာ ကျန်ရစ်ခဲ့ခြင်းမရှိကြောင်း၊ အိမ်နှင့်မြေတွင် တရားပြိုင်တို့သည် လွန်ခဲ့သည့် ၂၇ နှစ်ကျော်မှစ၍ ဆန့်ကျင်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေသည် အစိုးရမြေဖြစ်၍ အမွေဆက်ခံခွင့်မရှိကြောင်း၊ ဆိုင်ခန်းအမှတ်(ကေ-၅၅)သည် တရားပြိုင်(၁)၏ အမည်ဖြင့်ရောင်းချခွင့်ရှိသည့်အခန်းဖြစ်ကြောင်း၊ ရွှေထည်ပစ္စည်းများ ကျန်ရစ်ခဲ့ခြင်းမရှိ၍ အဆိုလွှာကိုစရိတ်နှင့်တကွ ပလပ်ပေးရန် တရားပြိုင် တို့က ချေပသည်။

အဆို၊ အချေများအရ အောက်ပါရုံးငြင်းချက်များကို ထုတ်နုတ်စစ်ဆေးကြားနာခဲ့သည်-

(၁) တရားလိုများနှင့် (၁) တရားပြိုင်တို့၏ အဘိုးအဘွားများပိုင်

၂၀၁၁
ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

မခွဲဝေရသေးသော ရွှေ့ပြောင်းနိုင်သော၊ မရွှေ့မပြောင်းနိုင်သော အမွေပုံပစ္စည်းကျန်ရှိသည်ဆိုသည်မှာ မှန်သလား၊

(၂) တရားလို မည်သည့်သက်သာခွင့် ရထိုက်သနည်း။

ရှမ်းပြည်နယ်တရားလွှတ်တော်က နှစ်ဖက်သက်သေများကို စစ်ဆေးကြားနာ၍ တရားလို၊ တရားပြိုင်တို့၏ အဘိုးအဘွားများပိုင် မခွဲဝေရသေးသော ရွှေ့ပြောင်းနိုင်သော၊ မရွှေ့မပြောင်းနိုင်သော အမွေပုံပစ္စည်းများ ကျန်ရှိခဲ့သည်မှာ မှန်ကြောင်း၊ တရားလို ၄ ဦးသည် ကွယ်လွန်သူ အဘိုးအဘွားများ ကျန်ရစ်သောအမွေပုံပစ္စည်း၏ ၅ ပုံ ၄ ပုံ ရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီချမှတ်သည်။

အယူခံတရားလိုများ၏ရှေ့နေက အမွေအုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှုတွင် ကွယ်လွန်သူတွင် အမွေပုံပစ္စည်း ရှိ မရှိ၊ တရားလိုသည် အမွေခံအမွေစား ဟုတ် မဟုတ်၊ အမွေခံမှန်လျှင် အမွေပုံပစ္စည်း၏ ဘယ်နှစ်ပုံရထိုက်သည် စသည်တို့ကို ပဏာမဒီကရီအဆင့်တွင် အဆုံးအဖြတ်ပေးရမည်ဟု **ဦးအရောင်ပါ ၈ နှင့် မကာကြူမွေးပါ ၃ အမှု** [၁] တွင် လမ်းညွှန်ထုံးဖွဲ့ထားကြောင်း၊ ယခုအမှုတွင် ရှမ်းပြည်နယ်တရားလွှတ်တော်က ဂရန်မထွက်ရှိသည့်အစိုးရမြေပေါ်တွင် ဆောက်လုပ်ထားသည့်အိမ်နှင့်မြေသည်လည်းကောင်း၊ အယူခံတရားလို၏အမည်ဖြင့် အခွန်ထမ်းဆောင်လျက်ရှိသော စည်ပင်သာယာဈေးဆိုင်ခန်းသည်လည်းကောင်း ကျန်ရစ်ခဲ့သည်ဟု အထောက်အထားမရှိသည့် ရွှေထည်ပစ္စည်းများသည်လည်းကောင်း အမွေပုံ

---

**(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၁၄**

၂၀၁၁
ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ကြောင်း သုံးသပ်ဆုံးဖြတ်ချက်သည် မှားယွင်းနေသဖြင့် မူလရုံး၏ ပဏာမဒီကရီကို ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးရန် လျှောက်ထားသည်။

အယူခံတရားပြိုင်တို့၏ရှေ့နေက မူလတရားရုံး၏ ပဏာမဒီကရီသည် မှားယွင်းမှုမရှိသဖြင့် ဤအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်ထားတင်ပြသည်။

အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုများတွင် ပဏာမဒီကရီချမှတ်သည့်အဆင့်၌ တရားလိုသည် အမွေခံ ဟုတ် မဟုတ်၊ အမွေခံမှန်လျှင် အမွေပုံပစ္စည်း၏ ဘယ်နှစ်ပုံရထိုက်သည်၊ ကွယ်လွန်သူတွင် အမွေပစ္စည်းကျန်ရစ်ခြင်း ရှိ မရှိတို့ကို စုံစမ်းစစ်ဆေး၍ အဆုံးအဖြတ်ပြုရသည်။ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည်၊ အငြင်းပွားသည့် ပစ္စည်းများသည် အမွေပုံပစ္စည်းတွင် ပါ မပါ မဆုံးဖြတ်သင့်ပေ။ **ဦးအရောင်ပါ ၈ နှင့် မကာကြူမွေးပါ ၃ အမှု** ကို ရည်ညွှန်းသည်။

ယခုအမှုတွင် မူလရုံးတရားလို (အယူခံတရားပြိုင်)များနှင့် (၁) တရားပြိုင် (အယူခံတရားလို-၁)တို့သည် အမွေရှင် ဦးဘိုးလှိုင်၏ တစ်ဦးတည်းသောသမီး ဒေါ်ရွှေမြ နှင့် ဦးစို တို့က မွေးဖွားသော သားသမီးများဖြစ်ကြသည်။ သို့ဖြစ်၍ အမွေရှင်၏အမွေကို အညီအမျှခံစားခွင့်ရှိကြသည်။ ၎င်းတို့အမွေခံ ၅ ဦးအနက် ၄ ဦးက အမွေတောင်းခံလာခြင်းဖြစ်၍ အမွေကျန်ရစ်ခဲ့ပါက အမွေပုံ၏ ၅ ပုံ ၄ ပုံကို ခံစားခွင့်ရှိသည်မှာလည်း ပေါ်လွင်သည်။

သို့ရာတွင် အမွေကျန်ရစ်ခဲ့ခြင်း ရှိ မရှိ နှင့်ပတ်သက်၍မူ တရားပြိုင်

၂၀၁၁
ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

တို့က ၎င်းတို့လက်ဝယ်ရှိ အမွေရှင်ထံမှ လွှဲပြောင်းလက်ခံရရှိထားသည့် အိမ်မြေတို့သည်လည်းကောင်း၊ ဈေးဆိုင်ခန်းသည်လည်းကောင်း အမွေဆက်ခံခွင့်ရှိသည့် ပစ္စည်းမဟုတ်ကြောင်း၊ ရွှေထည်ပစ္စည်းများလည်း ကျန်ရစ်ခဲ့ခြင်းမရှိကြောင်း ငြင်းဆန်ချေပခဲ့သည်။ ရှမ်းပြည်နယ်တရားလွှတ်တော်က အခင်းဖြစ် အိမ်၊ မြေ နှင့် ဈေးဆိုင်ခန်းတို့သည် အမွေဆက်ခံခွင့်ရှိသည့် အမွေပုံပစ္စည်းများဖြစ်၍ အမွေပုံပစ္စည်းများကျန်ရှိသည်မှာ မှန်ကြောင်း ပဏာမဒီကရီတွင် ရုံးငြင်းချက် (၁) ကို ဖြေကြားခဲ့ခြင်းဖြစ်သည်။

အမွေမှုများတွင် အမွေပုံပစ္စည်းလက်ရှိဖြစ်သူ တရားပြိုင်တို့သည်-

(၁) အဆိုလွှာတွင် ဖော်ပြထားသည့် အမွေပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ မှန်ကန်သည်ဟုလည်းကောင်း၊

(၂) အချို့သာ ကျန်ရစ်ခဲ့သည်ဟုလည်းကောင်း၊

(၃) လုံးဝကျန်ရစ်ခြင်း မရှိဟုလည်းကောင်း၊

(၄) ကျန်ရစ်ခဲ့သော ပစ္စည်းများသည် အမွေဆက်ခံခွင့်မရှိ၍ အမွေတောင်းဆိုခွင့်မရှိဟုလည်းကောင်း

အမျိုးမျိုးချေပလေ့ရှိကြသည်။ အမွေမှုတစ်မှုနှင့်တစ်မှုဖြစ်စဉ်များ၊ ချေပချက်များတူညီလေ့မရှိပေ။

အထက်အပိုဒ် (၁) နှင့် (၂) အရ ချေပလာသည့်အမှုများတွင် ပဏာမဒီကရီ ချမှတ်ရာ၌ မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည်ဟု သုံးသပ်ဆုံးဖြတ်ရန်မလိုဘဲ အမွေပုံပစ္စည်းများကျန်ရစ်ခဲ့သည်မှာ မှန်ကန်

၂၀၁၁
ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

သည်ဟု ပဏာမဒီကရီတွင် ဖြေကြားနိုင်ပေသည်။

သို့ရာတွင် အထက်အပိုဒ် (၃) နှင့် (၄) အရ ချေပလာခဲ့ပါက အမွေရှင်ကွယ်လွန်စဉ် ကျန်ရစ်ခဲ့သော မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည် သို့တည်းမဟုတ် အမွေဆက်ခံခွင့်ရှိသော ပစ္စည်းဖြစ်သည်ဟု သုံးသပ်ဆုံးဖြတ်ရန်လိုအပ်သည်။ သို့မှသာ အမွေပုံပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ မှန်ကန်သည် သို့မဟုတ် မှန်ကန်မှုမရှိဟု ပဏာမဒီကရီတွင် ဖြေကြားနိုင်မည်ဖြစ်သည်။

**ဦးအရောင်ပါ ၈ နှင့် မကာကြူမွှေးပါ ၃ အမှု** တွင် ခရစ်ယာန်ဘာသာဝင် အကြင်လင်မယား၊ ဦးအရောင် နှင့် မမွှေးတို့သည် မကာကြူမွှေးပါ ၃ ဦးကို မွေးဖွားခဲ့သည်။ ဇနီး မမွှေးကွယ်လွန်သွားခဲ့ရာ ဦးအရောင်သည် မမွှေးနှင့်အတူ နေထိုင်သည့်အဖော် ( House companion ) ဗုဒ္ဓဘာသာဝင် မအေးနှင့် လက်ထပ်ကာ မမွှေး၏ အိမ်ပေါ်တွင်ပင် နေထိုင်ခဲ့ကြသည်။ မအေးတွင် ပါရင်းပစ္စည်းတစ်စုံတစ်ရာ ပါလာခြင်းမရှိပေ။ သားသမီး ၅ ဦးထွန်းကားခဲ့သည်။ ၎င်းနောက် မကာကြူမွှေးပါ ၃ ဦးက ၎င်းတို့ မိခင် မမွှေး၏ အမွေစုကို ခွဲဝေပေးရန် ဖခင် ဦးအရောင်ပါ ၈ ဦးအပေါ် စွဲဆိုခဲ့သောအမှုဖြစ်သည်။ အဆိုပါ အမှုတွင် မမွှေးကွယ်လွန်စဉ်က နေအိမ်အပါအဝင်ပစ္စည်းများ ကျန်ရစ်ခဲ့သည်မှာ မြင်သာထင်ရှားလျက်ရှိပေသည်။ သို့အတွက်ပဏာမဒီကရီတွင် မည်သည့်ပစ္စည်းသည် အမွေပုံပစ္စည်းဖြစ်သည်ဟု ဆုံးဖြတ်ရန်မလိုအပ်ဘဲ အမွေပုံပစ္စည်းများကျန်ရစ်ခဲ့သည်ဟု ဖြေကြားဆုံးဖြတ်ရန်သာရှိရာ ယခုအမှုနှင့် အငြင်းထွက်ပြဿနာခြင်း တူညီမှုမရှိပေ။

၂၀၁၁
ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

" မှုခင်းဟူသည် အမှုတစ်မှုနှင့်တစ်မှု ထပ်တူမဖြစ်နိုင်ချေ။ အဖြစ်အပျက်အခြေအနေစသည်တို့သည် အနည်းနှင့်အများကလွဲရမည်သာဖြစ်သည်။ ထို့ကြောင့် စီရင်ထုံးများသည် မှုခင်းဆုံးဖြတ်ရာ၌ တွေးခေါ်ယူဆခြင်း၏ လမ်းညွှန်မှုမျှသာဖြစ်သည်။ စီရင်ထုံးများက ပုံသေကားချအဆုံးအဖြတ်ပေးနိုင်ကြသည်မဟုတ် " ဟု **ဗိုလ်ကြီး အောင်ဝင်း နှင့် နိုင်ငံတော် အမှု** [၂] တွင် သုံးသပ်ဖော်ပြခဲ့သည်။ ယင်းသုံးသပ်ချက်သည် ပြစ်မှုဆိုင်ရာအမှုများတွင်သာမက တရားမမှုခင်းများတွင်လည်း လိုက်နာသင့်သည်ဟု သုံးသပ် ရမိသည်။

သို့ဖြစ်၍ **ဦးအရောင်ပါ ၈ နှင့် မကာကြူမွေးပါ ၃ အမှု** နှင့် အငြင်းထွက်ပြဿနာ တူညီမှုမရှိသည့် ယခုအမှုတွင် ရှမ်းပြည်နယ်တရားလွှတ်တော်က အခင်းဖြစ် အိမ်မြေနှင့် ဈေးဆိုင်ခန်းတို့သည် အမွေဆက်ခံခွင့်ရှိကြောင်း အမွေရှင်ကျန်ရစ်သည့် အမွေပုံပစ္စည်းများဖြစ်ကြောင်း ပဏာမဒီကရီ၌ သုံးသပ်ဖော်ပြခဲ့ခြင်းသည် " အမွေပုံပစ္စည်း ကျန်ရစ်ခဲ့ခြင်း ရှိ မရှိ" ဟူသော ရုံးငြင်းချက် (၁) ကို ဖြေကြားနိုင်ရန် သုံးသပ်ခြင်းသာဖြစ်သည်။ ပစ္စည်းများနှင့်စပ်လျဉ်း၍ အသေးစိတ်စာရင်းရှင်းလင်း ကောက်ယူခဲ့ဝေသော ကိစ္စကို အပြီးသတ်ဒီကရီမချမှတ်မီ ဆက်လက်ဆောင်ရွက်ဦးမည်ဖြစ်သည်။ **ဦးတင်ထွန်း နှင့် ဒေါ်ဝိုင်းကြည်ပါ ၇ အမှု** [၃] ကို ရည်ညွှန်းသည်။

ထို့ကြောင့် ရှမ်းပြည်နယ်တရားလွှတ်တော်၏ ပဏာမဒီကရီသည်

(၂) **အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ၊ စာ-၂၉၂ (၁၄-၈-၆၉)**

(၃) **၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၉**

မှားယွင်းလျက်ရှိသည်ဟု မဆိုနိုင်သဖြင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ိ/- သတ်မှတ်သည်။

၂၀၁၁
ဦးဘစိန်ပါ ၂
နှင့်
ဦးထွန်းကြိုင်ပါ ၄

တရားမအထွေထွေလျှောက်ထားမှု
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
ဦးမြသိမ်း ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
မေလ ၂၃ ရက်

ဒေါ်ဘေဘီသန်းပါ ၉

ဦးညီညီထွန်းပါ ၁၁

ဒေါက်တာ လှမောင်ဒင်

နှင့်

ဦးတင့်လွင်

ဦးတင့်လွင်

ဦးတင့်လွင် *

စာချွန်တော်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း၊ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားလွှာနှင့်အတူ လျှောက်ထားရခြင်းအကြောင်းအချက်များနှင့် ယင်းအချက်များမှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရန် လိုအပ်ခြင်း၊ ကျမ်းကျိန်လွှာ ပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက် - လျှောက်ထားသူကိုယ်တိုင် ကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာမဟုတ်ဘဲ ရှေ့နေကျမ်း

* ၂၀၁၁ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ်၊ ၁၊ ၂၊ ၃

| |
|---|
| ၂၀၁၁ |
| ဒေါ်ဘေဘီသန်းပါ ၉ |
| ဦးညီညီထွန်းပါ ၁၁ |
| ဒေါက်တာလှမောင်ဒင် |
| နှင့် |
| ဦးတင့်လွင် |
| ဦးတင့်လွင် |
| ဦးတင့်လွင် |

**ကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားလွှာပါ အချက်များမှန်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားမဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားလွှာနှင့်အတူ အမှုခေါ်စာချွန်တော်အမိန့်လျှောက်ထားရခြင်း အကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်များ မှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရန်လိုအပ်သည်။ လျှောက်ထားသူများတင်သွင်းသည့် အမှုခေါ်စာချွန်တော်အမိန့် လျှောက်ထားလွှာနှင့်အတူ ကျမ်းကျိန်လွှာ ပူးတွဲတင်ပြထားခြင်းမရှိသဖြင့် လိုအပ်သည့် ကျမ်းကျိန်လွှာကို တင်သွင်းရန် လျှောက်ထားသူများ၏ ရှေ့နေအား ဤရုံးက ညွှန်ကြားခဲ့သည်။

ဤရုံး၏ ညွှန်ကြားချက်အရ လျှောက်ထားသူများ၏ရှေ့နေက တင်ပြသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာမဟုတ်ဘဲ ရှေ့နေမှ ကျမ်းကျိန်ထွက်ဆိုထားသည့် ကျမ်းကျိန်လွှာသာဖြစ်ကြောင်း တွေ့ရသည်။ စာချွန်တော်အမိန့် လျှောက်ထားမှုများတွင် ကျမ်းကျိန်လွှာပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက်သည် ယင်းလျှောက်ထားမှုအတွက် သီးခြားသက်သေခံချက်များ ရယူခြင်းမပြုဘဲ ကျမ်းကျိန်လွှာပါအချက်များအရ စာချွန်တော်အမိန့်ထုတ်ဆင့်ရန် သင့် မသင့် အဆုံးအဖြတ်ပြုနိုင်ရန်အတွက်ဖြစ်သည်။ လျှောက်ထားသူများ၏ရှေ့နေက စာချွန်တော်အမိန့်လျှောက်ထားမှုအတွက် တင်သွင်းသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ပြုလုပ်သည့် ကျမ်းကျိန်လွှာမဟုတ်သဖြင့် လျှောက်ထားလွှာပါအချက်များမှန်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားဖြစ်သည်ဟု မဆိုနိုင်ပေ။

၂၀၁၁
ဒေါ်ဘေဘီသန်းပါ ၉
ဦးညီညီထွန်းပါ ၁၁
ဒေါက်တာလှမောင်ဒင်
နှင့်
ဦးတင့်လွင်
ဦးတင့်လွင်
ဦးတင့်လွင်

လျှောက်ထားသူများအတွက် - ဦးခင်ထွန်း
တရားလွှတ်တော်ရှေ့နေ

ဒေါ်ဘေဘီသန်းပါ ၉ ဦးတို့ကလည်းကောင်း၊ ဦးညီညီထွန်းပါ ၁၁ ဦးကလည်းကောင်း၊ ဒေါက်တာ လှမောင်ဒင်ကလည်းကောင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပြည်မြစန္ဒာ အချိုရည်နှင့်ရေခဲစက်၊ စက်ရုံမှူး ဦးတင့်လွင်အပေါ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(က)(၅) အရ အမှုခေါ်စာချွန်တော်အမိန့် (Writ of Certiorari) ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာအသီးသီးတင်သွင်း လျှောက်ထားသဖြင့် တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁/၂၀၁၁၊ ၂/၂၀၁၁ နှင့် ၃/၂၀၁၁ အဖြစ် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ တရားမအထွေထွေလျှောက်ထားမှုများကို ဖတ်ရှုပြီးနောက် စာချွန်တော်အမိန့်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းအခန်း (၄) စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များဆိုင်ရာ ပြဋ္ဌာန်းချက်အပိုင်း၊ အပိုဒ် ၄၇ အရ ကနဦးဆုံးဖြတ်ချက်အဖြစ် ချမှတ်သည့်အမိန့်ဖြစ်သည်။ ဤအမိန့်သည် အဆိုပါအမှု (၃)မှုစလုံးနှင့် သက်ဆိုင်စေမည်ဖြစ်သည်။

ယခင်တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် စာချွန်တော်အမိန့် ထုတ်ဆင့်ခြင်းဆိုင်ရာ နည်းဥပဒေများတွင်လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သည့် စာချွန်တော်အမိန့်ထုတ်ဆင့်ခြင်းဆိုင်ရာ နည်းဥပဒေများတွင်လည်းကောင်း စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာပါ အကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်

| |
|---|
| ၂၀၁၁ |
| ဒေါ်ဘေဘီသန်းပါ ၉ |
| ဦးညီညီထွန်းပါ ၁၁ |
| ဒေါက်တာလှမောင်ဒင် နှင့် ဦးတင့်လွင် |
| ဦးတင့်လွင် |
| ဦးတင့်လွင် |

များ မှန်ကန်ကြောင်း ဝန်ခံသည့်ကျမ်းကျိန်လွှာကို လျှောက်ထားလွှာနှင့် ပူးတွဲတင်ပြရန်ဖြစ်ပြီး အကယ်၍ တစ်ဖက်လျှောက်ထားခံရသူသို့ အကြောင်းပြစေရန် အကြောင်းကြားစာထုတ်ပေးသည့်အခါ လျှောက်ထားခံရသူက ပြန်လှန်ကျမ်းကျိန်လွှာတင်ပြနိုင်ကြောင်း ပြဋ္ဌာန်းချက်များပါဝင်ကြောင်း တွေ့ရသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၃-၅-၂၀၁၁ ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့သည့် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင်လည်း ယခင်ပြဋ္ဌာန်းခဲ့သည့် နည်းဥပဒေများအတိုင်း စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာပါအကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်များ မှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာပြုလုပ်၍ လျှောက်ထားလွှာနှင့် ပူးတွဲတင်ပြရန်ဖြစ်ပြီး အကယ်၍ စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန်လျှောက်ထားခြင်းအတွက် တစ်ဖက်လျှောက်ထားခံရသူသို့ အကြောင်းပြရန် အကြောင်းကြားစာထုတ်ဆင့်သည့်အခါ လျှောက်ထားခံရသူသည် ပြန်လှန်ကျမ်းကျိန်လွှာတင်ပြနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အမှုခေါ် စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားလွှာနှင့်အတူ အမှုခေါ် စာချွန်တော်အမိန့် လျှောက်ထားရခြင်း အကြောင်းအချက်များနှင့် ယင်းအကြောင်းအချက်များ မှန်ကန်ကြောင်းဝန်ခံသည့် ကျမ်းကျိန်လွှာ ပူးတွဲတင်သွင်းရန်လိုအပ်သည်။ လျှောက်ထားသူများ တင်သွင်းသည့်အမှုခေါ် စာချွန်တော်အမိန့်လျှောက်ထားလွှာနှင့်အတူ ကျမ်းကျိန်လွှာပူးတွဲတင်ပြထားခြင်းမရှိသဖြင့် လိုအပ်သည့်ကျမ်းကျိန်လွှာကို တင်သွင်းရန် လျှောက်ထားသူများ၏ ရှေ့နေအား ဤရုံးတော်က ညွှန်ကြားခဲ့သည်။

၂၀၁၁

ဒေါ်ဘေဘီသန်းပါ ၉

ဦးညီညီထွန်းပါ ၁၁

ဒေါက်တာလှမောင်ဒင်

နှင့်

ဦးတင့်လွင်

ဦးတင့်လွင်

ဦးတင့်လွင်

ဤရုံးတော်၏ ညွှန်ကြားချက်အရ လျှောက်ထားသူများ၏ ရှေ့နေက တင်ပြသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ကျမ်းကျိန်ထွက်ဆိုသည့် ကျမ်းကျိန်လွှာမဟုတ်ဘဲ ရှေ့နေမှ ကျမ်းကျိန်ထွက်ဆိုထားသည့် ကျမ်းကျိန်လွှာသာဖြစ်ကြောင်း တွေ့ရသည်။ စာချွန်တော်အမိန့်လျှောက်ထားမှုများတွင် ကျမ်းကျိန်လွှာ ပူးတွဲတင်ပြစေခြင်း၏ အဓိကရည်ရွယ်ချက်သည် ယင်းလျှောက်ထားမှုအတွက် သီးခြားသက်သေခံချက်များ ရယူခြင်းမပြုဘဲ ကျမ်းကျိန်လွှာပါအချက်များအရ စာချွန်တော်အမိန့်ထုတ်ဆင့်ရန် သင့် မသင့် အဆုံးအဖြတ်ပြုနိုင်ရန်အတွက်ဖြစ်သည်။ လျှောက်ထားသူများ၏ ရှေ့နေက စာချွန်တော်အမိန့်လျှောက်ထားမှုအတွက် တင်သွင်းသည့် ကျမ်းကျိန်လွှာသည် လျှောက်ထားသူများကိုယ်တိုင် ပြုလုပ်သည့် ကျမ်းကျိန်လွှာမဟုတ်သဖြင့် လျှောက်ထားလွှာပါအချက်များ မှန်ကြောင်း ကောက်ယူနိုင်သည့် အထောက်အထားဖြစ်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်ရာ လျှောက်ထားသူများတင်သွင်းသည့် အမှုခေါ် စာချွန်တော်အမိန့်လျှောက်ထားမှုနှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူဘက်မှ အကြောင်းပြစေရန်အတွက် အကြောင်းကြားစာ ထုတ်ဆင့်ရန် လိုအပ်မည်မဟုတ်ပေ။

ထို့ကြောင့် လျှောက်ထားသူတင်သွင်းသည့် အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာကို ပယ်သည်။

တရားမအထူးအယူခံမှု
ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးစိုးညွန့် နှင့် ဦးအောင်ဇော်သိန်း တို့ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၁၉ ရက်

ဒေါ်မူမူသိန်း

ဒေါ်မူမူသိန်း

နှင့်

ဒေါ်တင်တင်လှိုင် (ခ) အင်ဂျလာလှိုင်ပါ ၇*

ဒေါ်တင်တင်လှိုင် (ခ) အင်ဂျလာလှိုင်ပါ ၇

**အပြီးအပိုင်အရောင်းအဝယ်စာချုပ်သည် ပျက်ပြယ်သောစာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာပြီး ပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုခြင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရယူနိုင်ရန် လိုအပ်ချက်တစ်ရပ်။**

**ဆုံးဖြတ်ချက်** ။ ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကိုရယူနိုင်ရန် လွှဲပြောင်းရရှိသူက အရောင်းအဝယ်ပြုလုပ်

* ၂၀၁၁ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၁ နှင့် ၁၂

\+ ၂၀၀၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၄၉/၁၁၆ ၌ ချမှတ်သော တရားရုံးချုပ်(ရန်ကုန်)၏ ၂-၁၂-၂၀၀၈ ရက်နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

သည့်တန်ဖိုးငွေကို အပြေအကျေပေးချေပြီးဖြစ်ရန်မလိုပေ၊ ပေးချေရန်အသင့် ရှိကြောင်း တင်ပြနိုင်ရမည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ယခုအမှုမှ တရားလို ဒေါ်တင်တင်လှိုင် (ခ) ဒေါ်အင်ဂျလာလှိုင်သည် (၂၃-၁၀-၈၆) ရက်စွဲပါ (သက်သေခံအမှတ်-ဠ) အရောင်းအဝယ်ကတိစာချုပ်နှင့် (၁-၆-၈၉) ရက်စွဲပါ (သက်သေခံအမှတ်-၁) စာချုပ်များကိုပြုလုပ်၍ ပစ္စည်းလွှဲပြောင်းပေးသူ ဒေါ်ကြင်၏ အမွေဆက်ခံသူဖြစ်ရာ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က နှင့် အကျုံးဝင်သူဖြစ်သည်။ သို့ဖြစ်ရာ ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့ပြုလုပ်ခဲ့သည့် (၂၃-၁၀-၈၆) ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်၊ ဒေါ်မူမူသိန်းနှင့် ဒေါ်ကြင်တို့ပြုလုပ်သည့် (၁-၆-၈၉) နေ့စွဲပါ သက်သေခံအမှတ် (၁) စာချုပ်များနှင့်စပ်လျဉ်း၍ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ၅၃-က ၏ အကာအကွယ်ကိုရထိုက်ကြောင်း ထင်ရှားပေါ်ပေါက်သည်။ တရားရုံးချုပ် (ရန်ကုန်)က မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းတို့သည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်ခွင့်မရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုသာချေ။

အယူခံတရားလိုအတွက် - ဦးမျိုးဟန်
တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်(၁)အတွက် - ကိုယ်တိုင်
အယူခံတရားပြိုင်(၂ မှ ၇ထိ)အတွက် - ကိုယ်တိုင် (မလာ)

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၃ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၈ တွင် မူလရုံးတရားလို ဒေါ်တင်တင်လှိုင်(ခ) အင်ဂျလာလှိုင်က မူလရုံးတရားပြိုင် ဒေါ်လှခင်ပါ ၁၁ ဦးအပေါ် (၁၆-၁၀-၁၉၉၀) ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် (၁၅၁၁/၉၀)နှင့် (၂၆-၂-၁၉၉၁) ရက်စွဲပါ အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၀၉/၉၂) တို့သည် ပျက်ပြယ်သောစာချုပ်များဖြစ်ကြောင်း မြွက်ဟကြေညာပယ်ဖျက်ပေးပြီး အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးက စာချုပ်များပျက်ပြယ်ကြောင်း မြွက်ဟကြေညာဖျက်သိမ်းစေသည့် ဒီကရီချမှတ်ပေးသော်လည်း လက်ရောက်ပေးအပ်ရန် တောင်းဆိုသည့် သက်သာခွင့်ကို ပလပ်သဖြင့် မူလရုံးတရားလို ဒေါ်တင်တင်လှိုင်က တရားရုံးချုပ်သို့ ၂၀၀၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၄၉ ဖြင့်လည်းကောင်း၊ မူလရုံးအမှတ်(၄) တရားပြိုင် ဒေါ်မူမူသိန်းက ၂၀၀၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၁၆ ဖြင့်လည်းကောင်း အသီးသီးအယူခံတင်သွင်းခဲ့ကြသည်။

တရားရုံးချုပ်က မူလရုံးတရားလို ဒေါ်တင်တင်လှိုင်၏ အယူခံမှုကို ခွင့်ပြုပြီး အချင်းဖြစ်ဥပစာကို မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းတို့က မူလရုံးတရားလို ဒေါ်တင်တင်လှိုင်သို့ လက်ရောက်ပေးအပ်စေရန် ပြင်ဆင်ဒီကရီချမှတ်ခဲ့သည်။ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်း တင်သွင်းသည့်အယူခံကို ပလပ်ခဲ့သည်။ တရားရုံးချုပ်၏ တရားမပထမအယူခံမှုနှစ်မှုတွင် ချမှတ်သောဒီကရီများကို မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းက ကျေနပ်မှုမရှိသောကြောင့် တရားရုံးချုပ်၊ ၂၀၀၉ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ် ၈၃ နှင့် ၈၄ တို့ကို လျှောက်ထားခဲ့ရာ တရားရုံးချုပ်က လျှောက်ထားလွှာနှစ်မှုလုံးကို ပယ်ကြောင်းအမိန့်ချမှတ်ခဲ့သည်။

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

တရားရုံးချုပ် (ရန်ကုန်)၏ စီရင်ချက်နှင့် ဒီကရီတွင် အများပြည်သူ အကျိုး၄၁ အရေးယူလောက်သော ပြဿနာပေါ်ပေါက်သည်ဟု တရားသူကြီးချုပ်က ယူဆသဖြင့် ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေးဥပဒေပုဒ်မ ၈ အရ အောက်ပါပြဿနာများကို အထူးအယူခံခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်စေရန် အထူးအယူခံမှုဖွင့်လှစ်ခဲ့သည်-

"(၁) ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့ပြုလုပ်ခဲ့သည့် (၇-၉-၈၆)နေ့နှင့် (၂၃-၁၀-၈၆) ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်များ၊ ဒေါ်မူမူသိန်း နှင့် ဒေါ်ကြင်တို့ပြုလုပ်သည့် (၁-၆-၈၉) နေ့စွဲပါ သက်သေခံ(၁) စာချုပ်များ နှင့်စပ်လျဉ်း၍ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်ခွင့်ရှိ မရှိ၊

(၂) တရားပြိုင်များက အချင်းဖြစ်ဥပစာကို တရားလို ဒေါ်တင်တင်လှိုင် (ခ) အင်ဂျလာလှိုင်သို့ လက်ရောက်ပေးအပ်စေရန် ချမှတ်သော တရားရုံးချုပ်၏ တရားမပထမအယူခံမှု အမှတ် ၂၄၉/၀၈နှင့် ၃၁၆/၀၈ တို့တွင် ချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီသည် မှန်ကန်ခြင်းရှိ မရှိ။"

ဤတရားမအထူးအယူခံမှုများသည် မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်လာပြီး အဆုံးအဖြတ်ပြုရမည့် ပြဿနာနှင့် အမှုသည်များတူညီကြသဖြင့် ဤစီရင်ချက်သည် အယူခံမှုနှစ်မှုလုံးနှင့် သက်ဆိုင်စေရမည်။

တိုင်းတရားရုံးက (၁၆-၁၀-၉၀) ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၁၅၁၁/၉၀) နှင့် ယင်းကိုအခြေခံ၍ ဖြစ်

၂၀၁၁

ဒေါ်မူမူသိန်း

ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

ပေါ်လာသည့် (၂၆-၂-၉၁) ရက်စွဲပါ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် အမှတ် (၁၆၀၉/၉၂) တို့သည် တရားမဝင် ပျက်ပြယ်သောစာချုပ်များဖြစ်ကြောင်း၊ သို့ရာတွင် ဒေါ်ကြင်မကွယ်လွန်မီက ၎င်းပိုင်မြေကွက်ကြီးကို စိတ်ပိုင်းရောင်းချခဲ့သည့် သက်သေခံချက်များရှိနေကြောင်း၊ သက်သေခံအမှတ် (၁) အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုသည့်အချိန်တွင် စာချုပ်ပါပစ္စည်းများကို ဒေါ်မူမူသိန်းတို့က ဝယ်ယူခြင်းဖြင့် လက်ရှိဖြစ်နေသည်မှာ ပေါ်ပေါက်ကြောင်း၊ ထို့ကြောင့် ဒေါ်မူမူသိန်းတို့သည် အဆိုပါပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရထိုက်ခွင့်ရှိကြောင်းသုံးသပ်ကာ စာချုပ်များပျက်ပြယ်ကြောင်း မြွက်ဟကြေညာ၍ ဖျက်သိမ်းစေသည့် ဒီကရီကိုချမှတ်ခဲ့ပြီး၊ အချင်းဖြစ်ဥပစာအား လက်ရောက်ပေးအပ်ရန်တောင်းဆိုသည့် သက်သာခွင့်ကိုမူ ပလပ်ခဲ့သည်။

တရားရုံးချုပ်က မူလရုံးတရားလို ဒေါ်တင်တင်စိန်နှင့် ဒေါ်တင်တင်လှိုင်တို့သည် ကွယ်လွန်သူ ဒေါ်ကြင်၏ အထက်ပါသမီးများဖြစ်ကြပြီး ဒေါ်တင်တင်လှိုင်အား ဒေါ်ကြင်ကျန်ရစ်သောပစ္စည်းများကို အုပ်ထိန်းရန်အတွက် တရားရုံးက အမွေထိန်းလက်မှတ်စာထုတ်ပေးခဲ့ကြောင်း၊ ဒေါ်ကြင်ကွယ်လွန်ပြီးနောက် ဒေါ်ကြင်၏ မောင်နှမ(၇)ဦးက (၁) သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၁၃ရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံး၊ (၂) သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၅၃ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာသည့် မှတ်ပုံတင်စာချုပ်အမှတ်(၁၅၁၁/၉၀)ကို (၁၆-၁၀-၉၀) ရက်စွဲဖြင့် ပြုလုပ်ခဲ့ကြောင်း၊ ထိုစာချုပ်တွင် ဒေါ်ကြင်၏မောင်နှမ(၇)ဦးက ဒေါ်ကြင်တွင် အမွေ

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

ဆက်ခံသူသားသမီးရင်းများမရှိသဖြင့် ဒေါ်ကြင်ကျန်ရစ်သော မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်း၏မောင်ငယ်ညီမငယ်(၇)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်သည်ဟု မြွက်ဟကြေညာခဲ့ကြောင်း၊ ဒေါ်ကြင်တွင် အမွေဆက်ခံခွင့်ရှိသူ အထက်ပါသမီး(၂) ဦးရှိနေသည်ဖြစ်၍ ဒေါ်ကြင်၏မောင်နှမ (၇)ဦးက ကြေညာခဲ့ခြင်းမှာ မမှန်မကန်လိမ်လည်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်ကြင်၏မောင်နှမ(၇)ဦးက ထိုကြေညာစာချုပ်အမှတ် (၁၅၁၁/၉၀)ကို အကြောင်းပြု၍ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၅၃ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်မူမူသိန်းသို့ လွှဲပြောင်းရောင်းချသည့် အပြီးအပိုင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၁၆၀၉/၉၁)ကို(၂၆-၂-၉၁) နေ့တွင် ပြုလုပ်ခဲ့ခြင်းမှာ အမွေဆက်ခံခွင့်ရှိသူများ၏ အခွင့်အရေးကို အနှောင့်အယှက်ပြုရာရောက်သဖြင့် ထိုမှတ်ပုံတင်စာချုပ်များသည် ပျက်ပြယ်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီနှင့် ပယ်ဖျက်စေသည့် ဒီကရီတို့ရထိုက်ခွင့်ရှိကြောင်း၊ (၇-၉-၈၆) ရက်စွဲပါ သက်သေခံအမှတ် (ည) ကတိစာချုပ်ဖြင့် ဒေါ်မူမူသိန်း၏ခင်ပွန်း ဦးအောင်ကြီးက ဒေါ်ကြင်ထံမှ သဃ်န်းကျွန်းမြို့နယ်၊ ကွင်းအမှတ် ၃၀၊ ဦးပိုင်အမှတ် ၅၃၊ ဧရိယာ (၁. ၇၅)ဧကအနက်မှ အလျား ၆၅ ပေ၊ အနံ ၈၃ ပေ မြေကွက်နှင့်တွဲလျက် အလျား ၂၅ ပေ၊ အနံ ၅၂ ပေ ရှိမြေကွက်အစိတ်အပိုင်းကိုလည်းကောင်း၊ (၂၃-၁၀-၈၆) ရက်စွဲပါ သက်သေခံအမှတ် (ဠ) စာချုပ်ဖြင့် ဒေါ်ကြင်နေထိုင်လျက်ရှိသည့် အိမ်အမှတ် ၂၀ ကိုလည်းကောင်း ဝယ်ယူခဲ့ကြောင်း၊ ဒေါ်မူမူသိန်း၏ ထွက်ချက်နှင့် သက်သေခံအမှတ် (၁) အရောင်းအဝယ်စာချုပ်တို့အရ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေကို အပြေအကျေပေးချေပြီးဖြစ်သည်ဟု ပေါ်ပေါက်ခြင်းမရှိကြောင်း၊ ရောင်းချရန်သဘောတူညီချက်အဆင့်သာရှိသေးကြောင်း၊

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

ယင်းကတိစာချုပ်တွင် ကျန်ငွေ ၂၆၃၀၀ဝိ/- ကို ဝယ်သူမှ တစ်လလျှင် ၁၀၀၀ဝိ/-ကျပ်ဖြင့် ငွေကျပ် ၂၃၀၀ဝိ/- ကျန်ရှိသည်အထိ ပေးချေသွားရန် ကတိပြုပါသည်ဟုသာပါရှိသောကြောင့် သက်သေခံအမှတ် (၁)သည် အရောင်းအဝယ်ပြုလုပ်သည့် ပဋိညာဉ်ဖြစ်သည်ဟု တစ်ထစ်ချမဆိုနိုင်သေးကြောင်း၊ သက်သေခံအမှတ် (၁) ကတိစာချုပ်ပါ ကျန်ငွေပေးချေခြင်းကို မည်သို့ဆောင်ရွက်ခဲ့ကြကြောင်း တိကျသည့်အထောက်အထားများ တင်ပြနိုင်မှုမရှိကြောင်း၊ သို့ဖြစ်၍ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းတို့သည် သက်သေခံအမှတ် (၁) ကတိစာချုပ်ကို အကြောင်းပြု၍ အချင်းဖြစ်ဥပစာတွင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရထိုက်ခွင့်ရှိမည်မဟုတ်ကြောင်း၊ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၆၀၉/၉၂)သည် မမှန်မကန်ပြုလုပ်ထားသော စာချုပ်ဖြစ်ခြင်း၊ ယခုအမှုသည် ယင်းကတိစာချုပ်ပါ ရောင်းသူဒေါ်ကြင်၏ မောင်နှမများနှင့် ၎င်းတို့၏ ဆက်ခံသူများအကြားဖြစ်ပွားသော အမှုမဟုတ်ခြင်းတို့ကြောင့် ယင်းစာချုပ်ကို အကြောင်းပြု၍ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကိုရထိုက်ခွင့်မရှိကြောင်း သုံးသပ်လျက် တရားလို ဒေါ်တင်တင်လှိုင်အား အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက အမှုတွင် ဒေါ်ကြင်ပိုင်ဆိုင်သည့် မြေကွက်ကြီးအတွင်း ကြိုးစက်ရှိသည့်မြေအစိတ်အပိုင်းကို ဒေါ်ကြင်သက်ရှိထင်ရှားရှိစဉ်ကတည်းက ဒေါ်မူမူသိန်း၏ခင်ပွန်း ဦးအောင်ကြီးက ဒေါ်ကြင်ထံမှ ဝယ်ယူပြီး ဂျုံစက်လုပ်ကိုင်ခြင်း၊ ၎င်းနောက် အလုပ်သမားတန်းလျားနှင့် အဆောက်အအုံတည်ရာမြေကိုပါ ဝယ်ယူ၍ အကျိုးခံစားခဲ့ခြင်း၊ နောက်ဆုံး ဒေါ်ကြင်နေထိုင်လျက်ရှိသော နေအိမ်နှင့် မြေတို့ကို ဦးအောင်ကြီးအား

၂၀၁၁

ဒေါ်မူမူသိန်း

ဒေါ်မူမူသိန်း

နှင့်

ဒေါ်တင်တင်လှိုင်(ခ)

အင်ဂျလာလှိုင်ပါ ၇

ဒေါ်တင်တင်လှိုင်(ခ)

အင်ဂျလာလှိုင်ပါ ၇

ရောင်းချရာ ယခင် ဦးအောင်ကြီးနှင့် နှစ်ကြိမ်အရောင်းအဝယ်ပြုလုပ်ခဲ့သော မြေအစိတ်အပိုင်းတို့ကိုပါပေါင်း၍ (၁-၆-၈၉) ရက်စွဲပါ သက်သေခံအမှတ် (၁) စာချုပ်ကို တစ်ပေါင်းတည်းတန်ဖိုးကျပ် (၇) သိန်းဖြင့် ဒေါ်မူမူသိန်း အမည်ဖြင့်ချုပ်ဆိုကာ လက်ဝယ်ထားအကျိုးခံစားလျက်ရှိသည်ဟု ပေါ်ပေါက်နေကြောင်း၊ ဒေါ်ကြင်နှင့် ဦးအောင်ကြီးတို့ အချင်းဖြစ်မြေအရောင်းအဝယ် ပြုလုပ်ကြခြင်းကို သက်သေခံအမှတ် (ည၊ ဋ၊ ဋ-၁၊ ဌ)စသည့် စာချုပ်စာတမ်းများဖြင့် မူလရုံးတရားလိုကိုယ်တိုင် တင်သွင်းထားသဖြင့် တရားပြိုင် ဒေါ်မူမူသိန်းအား ထောက်ခံရာရောက်ကြောင်း၊ ဒေါ်ကြင်သက်ရှိထင်ရှား ရှိစဉ်ကပင် အချင်းဖြစ်မြေတစ်ကွက်လုံးကို ဝယ်ယူလက်ရှိအကျိုးခံစားလျက် ရှိကြောင်းကို သက်သေခံအမှတ် (၁) စာချုပ်ပါသက်သေများဖြင့် တင်ပြထားကြောင်း၊ ထိုမြေကွက်တန်ဖိုးနှင့် ပတ်သက်၍ ရရန်ကျန်ငွေကို ရောင်းသူ ဒေါ်ကြင်ရယူလိုသည့်အတိုင်း ညီမဖြစ်သူ ဒေါ်သန်းသန်းအေး (ပြိုင်ပြသက်သေ)က လစဉ်ကျပ် (၁၀၀၀၀) မှန်မှန်ထုတ်ယူခဲ့ကြောင်းကို ထွက်ဆိုထားကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က ပါပြဋ္ဌာန်းချက်အရ ဒေါ်ကြင်၏အမွေခံဟု အဆိုရှိသူ တရားလို ဒေါ်တင်တင်လှိုင်သည် ဒေါ်ကြင်ထံမှ အချင်းဖြစ်မြေကို ဝယ်ယူ လက်ရှိထားအကျိုးခံစား လျက်ရှိကြသူ ဦးအောင်ကြီးနှင့် ဒေါ်မူမူသိန်းတို့အပေါ် အရေးဆိုငြင်းဆန်ခွင့် မရှိတော့သည်မှာထင်ရှားကြောင်း၊ ဒေါ်မူမူသိန်းတို့အနေဖြင့် အရောင်းစာချုပ် မှတ်ပုံတင်ရေးကို တာဝန်ခံသူ ဒေါ်ကြင်က မောင်နှမများအား မြေတန်ဖိုးကျန်ငွေကျပ်နှစ်သောင်းကျော်ကို ပေးချေ၍ စာချုပ်မှတ်ပုံတင်ခဲ့သည်ဖြစ်၍ ဝယ်သူက အရောင်းအဝယ် ပဋိညာဉ်ကိုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခု အငြင်းပွားအမှုသည် ဒေါ်မူမူသိန်းအား အချင်းဖြစ်မြေကို ရောင်းချ

လက်ရောက် ပေးအပ်ခဲ့သည့် ဒေါ်ကြင်၏အမွေခံ အထက်ပါ သမီးမှ ဒေါ်ကြင်ကွယ်လွန်ပြီးနောက် အရောင်းအဝယ်ကို အငြင်းပွားစွဲဆိုခဲ့ခြင်း ဖြစ်သောကြောင့် ပစ္စည်းလွှဲပြောင်း ခြင်းအက်ဥပဒေပုဒ်မ ၅၃-ကအ္ဍ အကျုံးဝင်သည်မှာ ထင်ရှားကြောင်း၊ သို့ဖြစ်၍ တရားရုံးချုပ်၏ ဒီကရီနှင့် အမိန့်တို့ကို ပယ်ဖျက်၍ မူလရုံးတရားလို၏ အဆိုလွှာကို ပလပ်သင့်ကြောင်း လျှောက်လဲ တင်ပြသည်။

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

အမှတ် (၁) အယူခံတရားပြိုင်က သက်သေခံအက်ဥပဒေပုဒ်မ ၉၁၊ ၉၂နှင့် ၉၃ ပါပြဋ္ဌာန်းချက်တို့အရ ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့ပြုလုပ်ခဲ့သော (၇-၉-၈၆) ရက်စွဲပါ ကတိစာချုပ်၊ (၂၃-၁၀-၈၆) ရက်စွဲပါစာချုပ်၊ (၁-၆-၈၉) ရက်စွဲပါ စာချုပ်များနှင့်စပ်လျဉ်း၍ ပဋိညာဉ်စည်းကမ်းချက်များကို ဆန့်ကျင်စေရန် နှုတ်သက်သေခံချက်တင်ပြခြင်းမပြုနိုင်ကြောင်း၊ အဆိုပါ ကတိစာချုပ်များပါအတိုင်း ဦးအောင်ကြီးတို့မှ ဒေါ်ကြင်အားပေးရန် ကျန်သည့် တန်ဖိုးငွေကို အပြေအကျေပေးချေပြီးကြောင်း မူလရုံးတရားလို ဒေါ်မူမူသိန်းက သက်သေခံအထောက်အထားခိုင်ခိုင်မာမာ အထင်အရှား တင်ပြနိုင်ခြင်းမရှိသည့်အတွက် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို မရထိုက်ကြောင်း၊ (၁-၆-၈၉) ရက်စွဲပါ သက်သေခံ အမှတ် (၁) စာချုပ်နှင့်စပ်လျဉ်း၍ တရားမကြီးအမှုအမှတ် ၄၂(က)/၁၉၉၁ ၏ (၂၉-၆-၉၄) ရက်စွဲပါ စီရင်ချက်၊ တရားရုံးချုပ်၊ တရားမအထွေထွေ အယူခံမှုအမှတ် (၉၆/၁၉၉၄)၏ အမိန့် (သက်သေခံအမှတ်-င၊ စ)တို့အရ ဒေါ်ကြင်၏ပစ္စည်းအဖြစ်ကျန်ရှိကြောင်း သုံးသပ်ဆုံးဖြတ်ထားချက်အရ နောက်စွဲဆိုသည့် မြွက်ဟကြေညာပေးစေလိုမှု၌ မီးသေဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ အမှတ် (၄၊ ၅၊ ၆၊ ၇) အယူခံတရားပြိုင်တို့သည် အချင်းဖြစ်

၂၀၁၁

ဒေါ်မူမူသိန်း

ဒေါ်မူမူသိန်း

နှင့်

ဒေါ်တင်တင်လှိုင်(ခ)

အင်ဂျလာလှိုင်ပါ ၇

ဒေါ်တင်တင်လှိုင်(ခ)

အင်ဂျလာလှိုင်ပါ ၇

ဒေါ်ကြင်ခြံတွင် နေထိုင်ကြကြောင်း အယူခံတရားလိုက ချေလွှာတွင် ဝန်ခံချက်အရ အယူခံတရားလိုသည် အချင်းဖြစ်ဥပစာတွင် ကိုယ်ထိလက်ရောက်နေထိုင်ခြင်းမရှိသည်မှာ ပေါ်ပေါက်ကြောင်း၊ သို့ဖြစ်ပါ၍ အယူခံတရားလိုသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ပြဋ္ဌာန်းချက်တွင်ပါရှိသည့် အရောင်းအဝယ်စာချုပ်ဖြင့် တန်ဖိုးကို အပြေအကျေပေးချေပြီးလက်ရောက်ရရှိနေထိုင်သူကို စာချုပ်ပါပစ္စည်းမှ နှင်ထုတ်ခွင့်မပြုရန် အကာအကွယ်ပေးခြင်းကို ဆန့်ကျင်၍ တောင်းဆိုနေခြင်းဖြစ်ကြောင်း၊ အယူခံတရားလို၏ နှစ်ပေါင်းများစွာဝယ်ယူထားသည့်မြေကို လက်ဝယ်အကျိုးခံစားလျက်ရှိကြောင်း အမှုတွင် အခိုင်အလုံပေါ်ပေါက်ခြင်းမရှိသဖြင့် အယူခံရုံး၏ဆုံးဖြတ်ချက်သည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ကိုဆန့်ကျင်ဆုံးဖြတ်ရာမရောက်ကြောင်း၊ ယင်းဥပဒေပုဒ်မ ၅၃-က ပါ ဝယ်သူဆောင်ရွက်ရမည့်တာဝန်သည် တန်ဖိုးကိုအပြေအကျေပေးချေရန်သာထင်ရှားပေါ်ပေါက်ပါလျက် ဝယ်သူဆောင်ရွက်ရမည့်တာဝန်မှာ အရောင်းအဝယ်ကို တရားဝင်ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပုဒ်မ ၅၃-က ပါတာဝန်ကို ဆန့်ကျင်၍ တင်ပြနေခြင်းသာဖြစ်သဖြင့် အယူခံရုံး၏ဆုံးဖြတ်ချက်သည် ဥပဒေအရမှန်ကန်ကြောင်း၊ အပြီးအပိုင်အရောင်းအဝယ်စာချုပ် (၁၆၀၉/၉၂) နှင့်စပ်လျဉ်း၍ အငြင်းပွားပြဿနာမှာ ဝယ်သူအယူခံတရားလိုနှင့် ရောင်းသူ ဒေါ်ကြင်၏ မောင်နှမများအကြား အငြင်းပွားမှုမဟုတ်သဖြင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရထိုက်ခွင့်မရှိကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းမှာ ယင်းဥပဒေပုဒ်မ ၅၃-က နှင့် မသက်ဆိုင်သော သုံးသပ်ချက်မဟုတ်ကြောင်း၊ အယူခံတရားပြိုင်ဒေါ်တင်တင်လှိုင်သည် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ ခြွင်းချက်

၂၀၁၁

ဒေါ်မူမူသိန်း

ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

အရ မှတ်ပုံတင်စာချုပ်များကို ပယ်ဖျက်ပေးရန်နှင့် ပယ်ဖျက်ကြောင်း မြွက်ဟကြေညာပေးရန်အပြင် လက်ရောက်ပေးအပ်ရန် သက်သာခွင့်ကိုပါ တောင်းဆိုထားရာ အယူခံတရားရုံးက ပေးအပ်သောသက်သာခွင့်သည် ဥပဒေအရ မှန်ကန်မှုမရှိကြောင်း၊ သို့ဖြစ်၍ တရားရုံးချုပ်၊ တရားမပထမအယူခံမှုအမှတ် ၂၄၉/၂၀၀၈ နှင့် ၃၁၆/၂၀၀၈တို့၏ စီရင်ချက်နှင့် ဒီကရီများကို အတည်ပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၂ မှ ၇) အယူခံတရားပြိုင်တို့သည် ရုံးရှေ့သို့ လာရောက်တင်ပြခြင်းမပြုကြချေ။

အမှုတွဲရှိ သက်သေခံချက်များအရ မူလရုံးတရားလိုများဖြစ်ကြသော ဒေါ်တင်တင်စိန်နှင့် ဒေါ်တင်တင်လှိုင်တို့သည် ညီအစ်မအရင်းတော်စပ်ပြီး ဦးလှတင်နှင့် ဒေါ်ခင်တို့မှ မွေးဖွားသည့် သမီးများဖြစ်ကြသည်။ ဦးလှတင်နှင့် ဒေါ်ခင်တို့ ကွာရှင်းကြပြီးနောက် ဦးလှတင်သည် ဒေါ်ကြင်နှင့် လက်ထပ်ခဲ့သောကြောင့် ဒေါ်တင်တင်စိန်နှင့် ဒေါ်တင်တင်လှိုင်တို့သည် အထက်ပါသမီးများဖြစ်ကြသည်။ ဒေါ်ကြင်သည် သဃ်န်းကျွန်းမြို့နယ် မြေကွက်အမှတ် ၂၀၊ ဦးပိုင်အမှတ် ၅၃ မြေနှင့် အဆောက်အအုံများကို အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သည်။ ဒေါ်ကြင်သည် (၅-၄-၁၉၉၀)နေ့တွင်ကွယ်လွန်သည်။ ဒေါ်ကြင်ကွယ်လွန်ပြီးနောက် ကွယ်လွန်သူ ဒေါ်ကြင်၏ မောင်နှမ(၇)ဦးသည် ဒေါ်ကြင်အမည်ပေါက် (၁) ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၀)၊ မြေကွက်အမှတ် (၁၃)၊ ဧရိယာ $\frac{\text{၂၉ '}}{\text{မြောက်}}$ $\frac{\text{၉၄'၆၀'၊ ၁၁၇'}}{\text{အရှေ့}}$ $\frac{\text{၂၀'၆၈'၊ ၁၁'၊ ၅၅'}}{\text{တောင်ဘက်}}$ ၊ $\frac{\text{၄၃ '၊ ၁၄၇ '}}{\text{အနောက်ဘက်}}$ ရှိ မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံး၊ (၂) ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၀)၊ မြေကွက်

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

အမှတ် (၅၃)၊ ဧရိယာအရှေ့ (၆၈)ပေ၊ အနောက် (၄၈)ပေ၊ တောင်ဘက် (၅၇) ပေ၊ မြောက်ဘက် (၈၄)ပေရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးနှင့်စပ်လျဉ်း၍ (၁၆-၁၀-၉၀) ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မှတ်ပုံတင်အမှတ် (၁၅၁၁/၉၀) (သက်သေခံအမှတ်-ဇ)ကို ပြုလုပ်ခဲ့ကြသည်။ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် (သက်သေခံအမှတ်-ဇ) ကို ပြုလုပ်ပြီးနောက် သက်သေခံအမှတ်(ဇ) မှတ်ပုံတင်စာချုပ်အမှတ်စဉ် (၁)ပါ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကွယ်လွန်သူ ဒေါ်ကြင်၏ မောင်နှမ (၇) ဦးတို့က မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းသို့ (၂၆-၂-၉၁)ရက်စွဲပါ အပြီးအပိုင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ် (၁၆၀၉/၉၂) (သက်သေခံအမှတ်-ဈ)ဖြင့် တန်ဖိုးငွေ ၂၅၀၀၀၀/- (ကျပ် နှစ်သိန်းငါးသောင်း)ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့သည်။

အဆိုပါ မှတ်ပုံတင်စာချုပ်ချုပ်ဆိုရောင်းချခြင်းမပြုမီ ဒေါ်ကြင်သက်ရှိထင်ရှားရှိစဉ်ကပင် ဒေါ်ကြင်နှင့် မူလရုံးတရားပြိုင် ဒေါ်မူမူသိန်း၏ ခင်ပွန်း ဦးအောင်ကြီးတို့သည် (၇-၉-၈၆) ရက်စွဲပါကတိစာချုပ်(သက်သေခံအမှတ်-ည)ကို ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်တွင် ဒေါ်ကြင်ပိုင် သဃ်န်းကျွန်းမြို့နယ်၊ ဦးပိုင်အမှတ် (၅၃)၊ အကျယ်အဝန်းမြေ (၁. ၇၅)ဧကေအနက်မှ မြေအစိတ်အပိုင်း ၂ ရပ်ကို ဦးအောင်ကြီးအားပေးပြီး ယင်းပစ္စည်းများအတွက် ထောက်ပံ့ငွေအဖြစ် ကျပ်ငါးသောင်းတိတိနှင့် လုပ်ကိုင်စားသောက်နိုင်ရန် လေးဘီးယာဉ်တစ်စီးတို့ကို ဦးအောင်ကြီးမှ ဒေါ်ကြင်အားပေးရန် သဘောတူချုပ်ဆိုခဲ့သည်။

ထို့နောက် ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့သည် (၂၃-၁၀-၈၆)

ရက်စွဲပါ (သက်သေခံအမှတ်-၄) အရောင်းကတိစာချုပ်ချုပ်ဆိုရာတွင် ဒေါ်ကြင်နေထိုင်လျက်ရှိသော သဃ်န်းကျွန်း၊ အိမ်အမှတ် (ဓ/၇၁၉)၊ ၉-တောင်ရပ်ကွက်နှင့် အိမ်အမှတ် (၂၀)၊ တယ်လီဖုန်း၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျပ်တစ်သိန်းဖြင့် အရောင်းအဝယ်ပြုလုပ်ကြောင်း၊ ကတိစာချုပ်လက်မှတ်ရေးထိုးသည့် (၂၃-၁၀-၈၆) နေ့၌ ဦးအောင်ကြီးက ကျပ်ငါးသောင်းပေးအပ်၍ ကျန်ငွေကျပ်ငါးသောင်းကို ၁၉၈၈ ခုနှစ်၊ ဇန်နဝါရီလမတိုင်မီ အပြီးပေးချေမည်ဖြစ်ကြောင်း သဘောတူချုပ်ဆိုခဲ့ကြသည်။



တစ်ဖန် မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းနှင့် ဒေါ်ကြင်တို့သည် ဒေါ်ကြင်ပိုင်ဆိုင်သည့် မြေကွက်အမှတ် (၅၃)၊ ဧရိယာ (၁. ၀၁၃)ဧကရှိမြေအနက်မှ ယာယီခွဲခြားတိုင်းတာခဲ့သည့် အရှေ့ဘက် ၁၄၄၊ အနောက်ဘက် ၇၁၊ ၆၊ တောင်ဘက် ၁၈၃၊ မြောက်ဘက် ၁၁၀ ရှိမြေအစိတ်အပိုင်းနှင့် အရှေ့ဘက် ၆၅၊ အနောက်ဘက် ၆၆၊ တောင်ဘက် ၅၅၊ မြောက်ဘက် ၂၉ ရှိ မြေအစိတ်အပိုင်းများနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံတို့ကို ကျပ် (၇)သိန်းဖြင့် (၁-၆-၈၉) ရက်စွဲပါ မြေနှင့် အိမ်အရောင်းအဝယ်ကတိစာချုပ် (သက်သေခံအမှတ်-၁) ချုပ်ဆိုခဲ့ကြသည်။ ထိုစာချုပ်တွင် စာချုပ်သည့်နေ့၌ (၄၃၇၀၀၀ိ/-)ကျပ်ကိုပေးချေ၍ ကျန်ငွေ (၂၆၃၀၀၀ိ/-)ကျပ်ကို ဝယ်သူမှ တစ်လလျှင် ငွေတစ်သောင်းကျပ်ဖြင့် ငွေ (၂၃၀၀၀ိ/-)ကျပ် ကျန်ရှိသည်အထိ ပေးချေသွားရန်၊ ကျန်ငွေ (၂၃၀၀၀ိ/-)ကျပ်ကို ရောင်းသူမှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အရောင်းစာချုပ်ပြုလုပ်ပေးသည့်အခါမှ ဝယ်သူကပေးချေရန်၊ လက်ရှိရောင်းသူနေထိုင်သော သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အမှတ် (ဓ/၇၁၉) နေအိမ်တွင် ရောင်းသူအသက်ထက်ဆုံးနေထိုင်ခွင့်ပြုသွားရန် သဘောတူချုပ်ဆိုထားကြောင်းတွေ့ရှိရသည်။

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

ထို့ကြောင့် မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းနှင့် ခင်ပွန်း ဦးအောင်ကြီးတို့သည် အချင်းဖြစ် သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် (၂၀)၊ မြေကွက်အမှတ် (၅၃)ရှိ မြေအစိတ်အပိုင်းများနှင့် ယင်းမြေအစိတ်အပိုင်းများပေါ်ရှိ အဆောက်အအုံ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြင်မကွယ်လွန်မီကပင် ဒေါ်ကြင်နှင့် အရပ်ကတိစာချုပ် (သက်သေခံအမှတ်-ည၊ ဋ) (သက်သေခံအမှတ်-၁)တို့ကို ချုပ်ဆိုဝယ်ယူခဲ့ကြကြောင်း တွေ့ရှိရသည်။

၎င်းအထူးအယူခံမှုများတွင် ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့ပြုလုပ်ခဲ့သည့် (၇-၉-၈၆)နှင့် (၂၃-၁၀-၈၆) ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်များ၊ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းနှင့် ဒေါ်ကြင်တို့ပြုလုပ်သည့် (၁-၆-၈၉) နေ့စွဲပါ သက်သေခံအမှတ် (၁)စာချုပ်များနှင့်စပ်လျဉ်း၍ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရထိုက်ခွင့်ရှိ မရှိဆိုသည့် ပထမပြဿနာကို ရှေးဦးစွာစိစစ်ရမည် ဖြစ်သည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရယူနိုင်ရန် ပြည့်စုံရန်လိုအပ်သည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း **ဒေါ်ကျော့ကျော့ပါ ၅နှင့် ဦးဝင်းကြိုင် (ကွယ်လွန်သူ ဒေါ်ခင်စိုး၏ တရားဝင်ကိုယ်စားလှယ်)အမှု**[၁] တွင် ညွှန်ပြထားသည်-

၁။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ပိုင်ရှင်က တရားပြိုင်အား အဖိုးစားနားဖြင့် လွှဲပြောင်းပေးခြင်းဖြစ်ရမည်၊

---

**(၁) ၂၀၀၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၆၅**

၂။ စာဖြင့်ရေးသားထားသော တရားဝင်ပဋိညာဉ်ဖြစ်ရမည်။
၃။ ပဋိညာဉ်စာချုပ်ကို ပိုင်ရှင်က လက်မှတ်ရေးထိုးရမည် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။
၄။ ပဋိညာဉ်ကို တစ်စိတ်တစ်ဒေသ ဆောင်ရွက်သောအားဖြင့် တရားပြိုင်သည် ပစ္စည်းကို လက်ရှိရယူထားရမည်၊
၅။ ကျန်ဆောင်ရွက်ရန်ရှိသမျှကို တရားပြိုင်ဘက်မှ ဆောင်ရွက်ပြီးဖြစ်စေရမည် သို့မဟုတ် ဆောင်ရွက်ရန် အသင့်ရှိစေရမည်။
၆။ တရားလိုသည် လွှဲပြောင်းပေးသူ သို့မဟုတ် ၎င်းမှတစ်ဆင့် အကျိုးခံစားခွင့်ရှိသူဖြစ်ရမည်။

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

မူလရုံးတရားပြိုင် ဒေါ်မူမူသိန်း၏ခင်ပွန်း ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့ချုပ်ဆိုသည့် (၇-၉-၈၆)နေ့စွဲပါ ကတိစာချုပ် (သက်သေခံအမှတ်-ည) သည် အရောင်းအဝယ်ကတိစာချုပ်မဟုတ်ပေ။ ဒေါ်ကြင်ပိုင်မြေနှစ်ကွက်ကို ဦးအောင်ကြီးအားပေးအပ်သဖြင့် ဦးအောင်ကြီးက အဆိုပါပစ္စည်းများအတွက် ဒေါ်ကြင်အား ငွေငါးသောင်းကျပ်ထောက်ပံ့ပြီး၊ လုပ်ကိုင်စားသောက်ရန် လေးဘီးယာဉ်တစ်စီးပေးရန် သဘောတူညီကြသည့် စာချုပ်ဖြစ်သည်။

ယင်းကတိစာချုပ် (သက်သေခံအမှတ်-ည)သည် အချင်းဖြစ်ပစ္စည်းကို အဖိုးစားနားဖြင့်လွှဲပြောင်းခြင်းမဟုတ်၍ အရောင်းအဝယ်ပဋိညာဉ်ဟု မဆိုနိုင်သကဲ့သို့ ပစ္စည်းချင်းဖလှယ်သည့်စာချုပ်ဟုလည်း တိတိကျကျမသတ်မှတ်နိုင်ပေ၊ အဖိုးစားနားမပါဘဲ လွှဲပြောင်းခြင်းဖြစ်၍ တရားပြိုင် ဒေါ်မူမူသိန်းသည် ယင်းစာချုပ်အရ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏

အကာအကွယ်ကို မရနိုင်ပေ။ **ဦးဥမားပသီးနှင့် ဦးဘီစနပ်ပါ ၂ အမှု**[၂] ကို ကြည့်ပါ။

(၂၃-၁၀-၈၆) ရက်စွဲပါ (သက်သေခံအမှတ်-ဈ) အရောင်းကတိစာချုပ်နှင့် (၁-၆-၈၉) ရက်စွဲပါ (သက်သေခံအမှတ်-၁)မြေနှင့် အိမ်အရောင်းအဝယ်စာချုပ်များမှာ အချင်းဖြစ်ပစ္စည်းကို ပိုင်ရှင်က တရားပြိုင်အား အဖိုးစားနားဖြင့်လွှဲပြောင်းရန် စာဖြင့်ရေးသားထားသည့် တရားဝင်ပဋိညာဉ်များဖြစ်ကြသည်။ ပဋိညာဉ်စာချုပ်များတွင် ပိုင်ရှင်က လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။

အမှတ်(၁) အယူခံတရားပြိုင်က အဓိကထားချေပသည်မှာ အယူခံတရားလိုသည် အချင်းဖြစ်ဥပစာတွင် ကိုယ်ထိလက်ရောက်နေထိုင်ခြင်းမရှိကြောင်းနှင့် ဝယ်သူဆောင်ရွက်ရမည့် တာဝန်ဖြစ်သည့် တန်ဖိုးငွေကို အပြေအကျေပေးချေရန်တာဝန်ကို ပြီးပြတ်အောင်မဆောင်ရွက်သေး၍ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို မရထိုက်ကြောင်းဖြစ်သည်။

မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းက ဒေါ်ကြင်အမည်ပေါက် အချင်းဖြစ်မြေကွက်ကြီးအနက်မှ မိမိခင်ပွန်းက အလီလီဝယ်သည့် မြေကွက်များကို ဒေါ်ကြင်ထံမှ လက်ရောက်ရရှိခဲ့ကြောင်း၊ ဝယ်သူလက်ရောက်ရရှိထားသည့် မြေကွက်များပေါ်တွင် အဆောက်အအုံဆောက်ပြီး ဂျုံစက်တည်ကာ ဂျုံစက်လုပ်ငန်းလုပ်ကိုင်ခဲ့ကြောင်းထွက်ဆိုသည်ကို ဒေါ်သီတာ (ပြိုင်ပြ-၁)၊ ဦးကြည်အေး (ပြိုင်ပြ-၂)၊ ဒေါ်နုနုဝင်း (ပြိုင်ပြ-၃)၊ ဒေါ်သန်းသန်းအေး

---

**(၂) ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂၈**

(ပြိုင်ပြ-၄) တို့က ထောက်ခံထွက်ဆိုထားသည်။

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇

မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းနှင့် ခင်ပွန်း ဦးအောင်ကြီးတို့သည် ဒေါ်ကြင်သက်ရှိထင်ရှားရှိစဉ်ကပင် အချင်းဖြစ်ဥပစာကို ဒေါ်ကြင်ထံမှ ဝယ်ယူပြီး လက်ရှိရယူထားကြောင်း ပေါ်ပေါက်သည်။

ထို့ကြောင့်ပင် တရားရုံးချုပ်က အချင်းဖြစ်ဥပစာကို ဒေါ်မူမူသိန်းက လက်ရှိရယူထားခြင်းမရှိဟု သုံးသပ်ခဲ့ခြင်းမရှိပေ။

တရားရုံးချုပ်က မူလရုံးတရားပြိုင် ဒေါ်မူမူသိန်း၏ ထွက်ဆိုချက်နှင့် ဒေါ်မူမူသိန်းတင်ပြထားသည့် သက်သေခံအမှတ်(၁) အရောင်းအဝယ်ကတိစာချုပ်တို့အရ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေကို အပြေအကျေပေးချေပြီးဖြစ်သည်ဟု ပေါ်ပေါက်ခြင်းမရှိကြောင်း၊ သက်သေခံအမှတ် (၁) ကတိစာချုပ်ပါ ကျန်ငွေကို ပေးချေရမည်ကဲ့သို့ ဆောင်ရွက်ခဲ့ကြောင်းကို တိကျသည့် အထောက်အထားဖြင့် တင်ပြနိုင်မှုမရှိဟု သုံးသပ်သည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရယူနိုင်ရန် လွှဲပြောင်းခံရသူက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေကို အပြေအကျေပေးချေပြီးဖြစ်ရန်မလိုပေ၊ ပေးချေရန်အသင့်ရှိကြောင်း တင်ပြနိုင်ရမည်ဖြစ်သည်။

သက်သေခံအမှတ်(၁) မြေနှင့် အိမ်အရောင်းအဝယ်ကတိစာချုပ်၌ ဝယ်သူမှ ရောင်းသူသို့ ပေးချေပြီးသော တန်ဖိုးငွေမှာ ၄၃၇၀၀၀ိ/-ဖြစ်ကြောင်း၊ ကျန်ငွေကျပ် ၂၆၃၀၀၀ိ/-ကို ဝယ်သူမှ တစ်လလျှင် ငွေကျပ် ၁၀၀၀၀ိ/-ဖြင့် ငွေကျပ် ၂၃၀၀၀ိ/- ကျန်ရှိသည်အထိ ပေးချေသွားရန် ကတိပြုကြောင်း ဖော်ပြပါရှိသည်။

မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းက ဒေါ်ကြင်အား လစဉ်ပေးရန်ငွေကျပ် ၁၀၀၀၀/-ကို ဒေါ်ကြင်က ၎င်း၏ညီမဖြစ်သူ ဒေါ်သန်းသန်းအေးအား စေလွှတ်၍ ၎င်းတို့ထံမှ ငွေရယူခဲ့ကြောင်းထွက်ဆိုပြီး ဒေါ်သန်းသန်းအေး (ပြိုင်ပြ-၄)က ဒေါ်မူမူသိန်းထံမှ ငွေသွားထုတ်သည့်အခါ ဒေါ်မူမူသိန်းတို့၏ မန်နေဂျာ ဦးရွှေမောင်ထံမှ ထုတ်ယူရကြောင်း ဝန်ခံထွက်ဆိုသည်။

ဒေါ်မူမူသိန်းသည် အချင်းဖြစ်ဥပစာအတွက် ပေးရန်ရှိသောငွေများကို ပေးဆပ်ပြီး ဒေါ်ကြင်၏ မောင်နှမ(၇)ဦးတို့နှင့် (၂၆-၂-၉၁) ရက်စွဲပါ အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းမှာ လွှဲပြောင်းခံရသူက ဆောင်ရွက်ရန်ရှိသမျှကို ဆောင်ရွက်ရန် အသင့်ရှိနေကြောင်း အထင်အရှားပြသသည့် အထောက်အထားတစ်ရပ်ဖြစ်သည်။

ယခုအမှုမှ တရားလို ဒေါ်တင်တင်လှိုင်(ခ) ဒေါ်အင်ဂျလာလှိုင်သည် (၂၃-၁၀-၈၆) ရက်စွဲပါ (သက်သေခံအမှတ်-ဠ) အရောင်းအဝယ်ကတိစာချုပ်နှင့် (၁-၆-၈၉) ရက်စွဲပါ (သက်သေခံအမှတ်-၁)စာချုပ်များဖြင့် ပြုလုပ်၍ ပစ္စည်းလွှဲပြောင်းပေးသူ ဒေါ်ကြင်၏ အမွေဆက်ခံသူဖြစ်ရာ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က နှင့် အကျုံးဝင်သူဖြစ်သည်။ သို့ဖြစ်ရာ ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့ပြုလုပ်ခဲ့သည့် (၂၃-၁၀-၈၆) ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်၊ ဒေါ်မူမူသိန်းနှင့် ဒေါ်ကြင်တို့ပြုလုပ်သည့် (၁-၆-၈၉) နေ့စွဲပါ သက်သေခံအမှတ်(၁) စာချုပ်များနှင့်စပ်လျဉ်း၍ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က အရ အကာအကွယ်ကိုရထိုက်ကြောင်း ထင်ရှားပေါ်ပေါက်သည်။ တရားရုံးချုပ် (ရန်ကုန်)က မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းတို့သည်

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရထိုက်ခွင့်မရှိကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်သည်ဟု မဆိုသာချေ။

ဤအထူးအယူခံခုံရုံးက ဒုတိယဖြေဆိုဆုံးဖြတ်ရမည့် ပြဿနာမှာ တရားပြိုင်များက အချင်းဖြစ်ဥပစာကို တရားလို ဒေါ်တင်တင်လှိုင် (ခ) အင်ဂျလာလှိုင်သို့ လက်ရောက်ပေးအပ်စေရန်ချမှတ်သော တရားရုံးချုပ်၏ တရားမပထမအယူခံမှုအမှတ် ၂၄၉/၀၈ နှင့် ၃၁၆/၀၈ တို့တွင်ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီသည် မှန်ကန်ခြင်း ရှိ မရှိ ဖြစ်သည်။

မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းတို့သည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရထိုက်ကြောင်း သုံးသပ်ခဲ့ပြီးဖြစ်ရာ တရားရုံးချုပ်က ဒေါ်မူမူသိန်းတို့သည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကိုမရထိုက်ဟု သုံးသပ်၍ အချင်းဖြစ်ဥပစာကို ဒေါ်တင်တင်လှိုင်(ခ) အင်ဂျလာလှိုင်သို့ လက်ရောက်ပေးအပ်ရန် ချမှတ်သော စီရင်ချက်နှင့် ဒီကရီသည် မှန်ကန်ခြင်းမရှိပေ။

ထို့ကြောင့် ဤအထူးအယူခံခုံရုံးဖြင့် ကြားနာသည့်ပြဿနာများကို အောက်ပါအတိုင်းဖြေဆိုလိုက်သည်-

"(၁) ဦးအောင်ကြီးနှင့် ဒေါ်ကြင်တို့ပြုလုပ်ခဲ့သည့်(၇-၉-၈၆)နေ့နှင့် (၂၃-၁၀-၈၆)ရက်စွဲပါ အရောင်းအဝယ် ကတိစာချုပ်များ၊ ဒေါ်မူမူသိန်းနှင့် ဒေါ်ကြင်တို့ပြုလုပ်သည့်(၁-၆-၈၉) နေ့စွဲပါ သက်သေခံ(၁) စာချုပ်များနှင့် စပ်လျဉ်း၍ မူလရုံးတရားပြိုင် ဒေါ်မူမူသိန်းသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၃-က၏ အကာအကွယ်ကို ရထိုက်ခွင့်ရှိကြောင်း၊

၂၀၁၁
ဒေါ်မူမူသိန်း
ဒေါ်မူမူသိန်း
နှင့်
ဒေါ်တင်တင်လှိုင်(ခ)
အင်ဂျလာလှိုင်ပါ ၇
ဒေါ်တင်တင်လှိုင်(ခ)

(၂) တရားပြိုင်များက အချင်းဖြစ်ဥပစာကို တရားလို ဒေါ်တင်တင်လှိုင် (ခ) အင်ဂျလာလှိုင်သို့ လက်ရောက်ပေး အပ်စေရန် ချမှတ်သော တရားရုံးချုပ်၏ တရားမပထမအယူ ခံမှုအမှတ် ၂၄၉/၀၈ နှင့် ၃၁၆/၀၈ တို့တွင် ချမှတ်ခဲ့သော စီရင်ချက်နှင့် ဒီကရီသည် မှန်ကန်ခြင်းမရှိကြောင်း။"

ဤတရားမအထူးအယူခံမှုနှစ်မှုလုံးကို စရိတ်နှင့်တကွခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီတွင် အချင်းဖြစ်ဥပစာကို မူလရုံးတရားလို ဒေါ်တင်တင်လှိုင်သို့ တရားပြိုင်များက လက်ရောက်ပေးအပ်စေရန် ပြင်ဆင် ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀ိ/-စီသတ်မှတ်သည်။

## တရားမအထွေထွေလျှောက်ထားမှု
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးစိုးညွန့် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
နိုဝင်ဘာလ
၁၆ ရက်

**ဒေါ်မြရွှေ**

**( ၎င်း၏အခွင့်ရကိုယ်စားလှယ် မစန်းစန်းဝေ )**

**နှင့်**

**ခရိုင်တရားသူကြီး၊ဟသ်ာတခရိုင်တရားရုံး၊ဟသ်ာတမြို့ပါ ၃***

**စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်း၊ အမှုခေါ် စာချွန်တော်အမိန့်သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့် လျှောက်ထားရမည့်စည်းကမ်းသတ်ကာလ၊ကာလစည်းကမ်း သတ်ဥပဒေပုဒ်မ ၅ သည် စာချွန်တော်လျှောက်ထားမှုများ နှင့် သက်ဆိုင်ခြင်း ရှိ မရှိ၊ စာချွန်တော်အမိန့် ထုတ်ဆင့် သည့်အာဏာနှင့်အယူခံမှုစီရင်ပိုင်ခွင့်အာဏာ ကွဲပြားခြား နားခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ သည် အယူခံမှု သို့မဟုတ် စီရင်ချက်ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန်လျှောက်လွှာ သို့တည်းမဟုတ် တည်ဆဲဥပဒေတစ်ခုခုက ၎င်းနှင့်သက်ဆိုင်စေရမည်ဟူ၍

---

* ၂၀၁၁ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၇

ပြဋ္ဌာန်းထားသော လျှောက်လွှာနှင့်သာ သက်ဆိုင်သည်။ အမှုခေါ် စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်လျှောက်ထားမှု များနှင့် သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ အမှုခေါ်စာချွန်တော်အမိန့်ဆိုသည်မှာ အောက်တရားရုံး၏ ဆုံးဖြတ်ချက်သည် ၎င်း၏စီရင်ပိုင်ခွင့်အာဏာအတွင်း ကျရောက်ခြင်း ရှိ မရှိ ကို အထက်တရားရုံးက ကျေနပ်စွာ သိရှိနိုင်ရန် အောက်ရုံးဆုံးဖြတ်ချက်ကို တောင်းယူကြည့်ရှုရန် ရည်ရွယ်ပြီး ထုတ်ပြန်သည့် အမိန့်ဖြစ်သည်။

တားမြစ်စေစာချွန်တော်အမိန့်ကို အောက်တရားရုံးက စီရင်ပိုင်ခွင့် အာဏာမရှိဘဲ စီရင်ခြင်းအား တားမြစ်ရန် ထုတ်ပြန်ခြင်းဖြစ်သည်။

အောက်တရားရုံးများကို ကြီးကြပ်ကွပ်ကဲသည့် စာချွန်တော်အမိန့် ထုတ်ဆင့်သည့်အာဏာသည် အယူခံမှုများကို ကြားနာသည့် စီရင်ပိုင်ခွင့် အာဏာနှင့် လုံးဝကွဲပြားခြားနားသည်။ အကယ်၍ အောက်တရားရုံးက ဥပဒေအရဖြစ်စေ၊ အကြောင်းခြင်းရာအရဖြစ်စေ မှားယွင်းဆုံးဖြတ်ထားခြင်း သည် သူ၏စီရင်ပိုင်ခွင့်အာဏာအတွင်း ဆုံးဖြတ်ခြင်းဖြစ်ပါက ကြီးကြပ်ကွပ် ကဲရန် အာဏာရှိသော စာချွန်တော်အမိန့်ထုတ်ဆင့်နိုင်ခွင့်ရှိသည့် ဤတရား ရုံးက ဝင်ရောက်စွက်ဖက်မည်မဟုတ်ပေ။ အောက်တရားရုံး၏ အဆိုပါ ဆုံးဖြတ်ချက်သည် မှန်ကန်မှု ရှိ မရှိ သင့်မြတ်လျော်ကန်မှု ရှိ မရှိ ကို စစ်ကြော ရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ အယူခံမှုလျှောက်ထားခြင်းပင် ဖြစ်သည်။

၂၀၁၁
ဒေါ်မြရွှေ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
မစန်းစန်းဝေ)
နှင့်
ခရိုင်တရားသူကြီး၊
ဟင်္သာတခရိုင်တရားရုံး
ဟင်္သာတမြို့ပါ ၃

လျှောက်ထားသူအတွက် - ဦးဟန်ညွန့်
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားသူ ဒေါ်မြရွှေက ၎င်း၏အခွင့်ရကိုယ်စားလှယ် မစန်းစန်းဝေမှတစ်ဆင့် ခရိုင်တရားသူကြီး၊ ဟင်္သာတခရိုင်တရားရုံး၊ ဟင်္သာတမြို့နှင့် ဦးမြင့်ဇော်၊ ဒေါ်မြင့်မြင့်ချိုတို့အပေါ် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၆(က)(၃) နှင့် (၅) တို့အရ တားမြစ်စေစာချွန်တော် ( Writ of Prohibition ) နှင့် အမှုခေါ်စာချွန်တော်အမိန့် ( Writ of Certiorari ) ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာ တင်သွင်းလျှောက်ထားသည်။

လျှောက်ထားသူ၏ လျှောက်ထားလွှာနှင့် ကျမ်းကျိန်လွှာတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၀/၂၀၀၉ တွင် တရားလို ဒေါ်မြရွှေ (၎င်း၏အခွင့်ရ ကိုယ်စားလှယ် မစန်းစန်းဝေ) ကတရားပြိုင် ဦးမြင့်ဇော်နှင့် ဒေါ်မြင့်မြင့်ချိုတို့အပေါ် တရားလိုပိုင် ဦးပိုင်အမှတ် ၁၀၆(က)၊ ဝ. ၀၂၂ ဧကရှိ မြေပေါ်တွင် တရားပြိုင်များက ကျူးကျော်ဆောက်လုပ်ထားသော ဈေးဆိုင်အပါအဝင် အဆောက်အအုံများအား ဖျက်သိမ်းပေးစေလိုမှုစွဲဆိုရာ ကျူးကျော်သည်ဆိုသော ဈေးဆိုင်၊ အဝီစိတွင်း၊ မြေအောက်ကွန်ကရစ်၊ မိလ္လာကန်၊ ရေလောင်းအိမ်သာနှင့် အိမ်သာကျင်းတို့ကို ဖယ်ရှားစေပြီး မြေအတိုင်းအတာကိုမူ တရားလို၏ တိုက်ရှေ့ခေါင်းရင်းဘက် အစွန်ဆုံးကွန်ကရစ်တိုင် အပြင်ဘက်မှနေ၍ တရားပြိုင်များ၏ တိုက်ရှိရာဘက်သို့ မျဉ်းဖြောင့်အတိုင်း ၅ ပေအထိ တရားလို၏တိုက်အနောက်ဘက်ရှိ အုတ်တံတိုင်းအစွန်ဆုံးမှနေ၍ တရားပြိုင်များ၏ တိုက်ရှိရာဘက်သို့ မျဉ်းဖြောင့်အတိုင်း ၄ ပေအထိရှိသော

၂၀၁၁
ဒေါ်မြရွှေ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
မစန်းစန်းဝေ)
နှင့်
ခရိုင်တရားသူကြီး၊
ဟသ်ာတခရိုင်တရားရုံး
ဟသ်ာတမြို့ပါ ၃

မြေကွက်လပ်ကို အပြည့်အဝ လက်ရောက်ရယူပိုင်ဆိုင်ခွင့်ရှိကြောင်း စီရင်ချက်နှင့် ဒီကရီကို ၂၀-၈-၂၀၁၀ နေ့က ချမှတ်ခဲ့ကြောင်း၊ ယင်းစီရင်ချက်နှင့် ဒီကရီအပေါ် ဟသ်ာတခရိုင်တရားရုံးသို့ မူလရုံး တရားပြိုင်တို့က တရားမအယူခံမှုအမှတ် ၃၀/၂၀၁၀ ဖြင့်လည်းကောင်း၊ မူလရုံးတရားလို ဒေါ်မြရွှေက တရားမအယူခံမှုအမှတ် ၃၂/၂၀၁၀ဖြင့်လည်းကောင်း တက်ရောက်ရာ ၂၅-၁၀-၂၀၁၀ နေ့က ဒေါ်မြရွှေ၏ အယူခံမှုအမှတ် ၃၂/၂၀၁၀ ကိုပလပ်ပြီး ဦးမြင့်ဇော်တို့၏ အယူခံမှုအမှတ် ၃၀/၂၀၁၀ ကို ခွင့်ပြုကာ တရားလို ဒေါ်မြရွှေစွဲဆိုသည့်အမှုကို ပလပ်ခဲ့ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အဆိုပါစီရင်ချက်နှင့်ဒီကရီအပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ဒုတိယခြွင်းချက်အရ တရားမပြင်ဆင်မှုဖွင့်လှစ်၍ ပြင်ဆင်ပေးရန် ၂၉-၁၁-၂၀၁၀ နေ့က လျှောက်ထားခဲ့ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပဏာမစိစစ်၍ လျှောက်ထားသူ၏ လျှောက်လွှာကိုခွင့်မပြုကြောင်း ၂၉-၆-၂၀၁၁ နေ့တွင် အကြောင်းပြန်ကြားခဲ့ကြောင်း စသည်ဖြင့် ဖော်ပြ၍ ဟသ်ာတခရိုင်တရားရုံး၏ တရားမအယူခံမှုအမှတ် ၃၂/၂၀၁၀ တွင် ၂၅-၁၀-၂၀၁၀ နေ့က ချမှတ်သည့် စီရင်ချက်၊ ဒီကရီနှင့် မူလကြံခင်းမြို့နယ်တရားရုံး၏ စီရင်ချက်၊ ဒီကရီတို့အပေါ် အမှုခေါ် စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်များ ထုတ်ဆင့်ပေးရန် ဤရုံးတော်သို့ လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူက ကြံခင်းမြို့နယ်တရားရုံးနှင့် ဟသ်ာတခရိုင်တရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများအပေါ် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ဒုတိယခြွင်းချက်အရ တရားမပြင်ဆင်မှုတင်သွင်းခွင့်ပြုရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၉-၁၁-၂၀၁၀ နေ့က လျှောက်ထားကြောင်း၊

၂၀၁၁
ဒေါ်မြရွှေ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
မစန်းစန်းဝေ)
နှင့်
ခရိုင်တရားသူကြီး၊
ဟသ်ာတခရိုင်တရားရုံး
ဟသ်ာတမြို့ပါ ၃

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပဏာမစိစစ်ပြီး လျှောက်ထားသူ၏ လျှောက်လွှာကို ခွင့်မပြုကြောင်း လျှောက်ထားလွှာတွင် ဖော်ပြထားသည်။

လျှောက်ထားသူက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ၏ ဒုတိယခြွင်းချက်အရ ပြင်ဆင်မှုတင်သွင်းခွင့်ပြုရန် လျှောက်ထားရာ မအောင်မြင်သဖြင့် စာချွန်တော်အမိန့်လျှောက်ထားမှုကို တင်သွင်းခြင်း ဖြစ်ဟန်ရှိသည်။

လျှောက်ထားသူ၏ရှေ့နေက လျှောက်ထားသူ ဒေါ်မြရွှေသည် မိမိအမှုအတွက် အစဉ်တစ်စိုက်ဂရုပြု၍ ကာလစည်းကမ်းသတ်ရက်များအမီအားထုတ်ခဲ့ကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၅ ၏ အကာအကွယ်ကို ဒေါ်မြရွှေရထိုက်ကြောင်း လျှောက်လဲတင်ပြသည်။

အဆိုပါကာလစည်းကမ်းသတ်ပြဿနာနှင့်စပ်လျဉ်း၍ လျှောက်ထားသူ၏လျှောက်လွှာတွင်လည်းကောင်း၊ ကျမ်းကျိန်လွှာတွင်လည်းကောင်း ဖော်ပြခဲ့ခြင်းမရှိသည့်အပြင် ဟသ်ာတခရိုင်တရားရုံးက ဒီကရီချမှတ်ခဲ့သည့် ၂၅-၁၀-၂၀၁၀ နေ့မှ ယခုစာချွန်တော်အမိန့်လျှောက်ထားသည့် ၁၄-၉-၂၀၁၁ နေ့အထိ ရက်ပေါင်း ၃၂၃ ရက် ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမှုခေါ် စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်ကို ၃ လအတွင်း လျှောက်ထားတောင်းခံရန်ဖြစ်သည်။ ယင်းသို့လျှောက်ထားခြင်းမရှိလျှင် စာချွန်တော်အမိန့် ထုတ်ပေးခြင်းမပြုရန် စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပိုဒ် ၆၁ တွင် ပိတ်ပင်ထားသည်။ စာချွန်တော်အမိန့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ယခင်တရားလွှတ်တော်ချုပ်က ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းသည့် နည်းဥပဒေ

၂၀၁၁
ဒေါ်မြရွှေ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
မစန်းစန်းဝေ)
နှင့်
ခရိုင်တရားသူကြီး၊
ဟသ်ာတခရိုင်တရားရုံး
ဟသ်ာတမြို့ပါ ၃

များနှင့် ၁၉၅၃ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းသည့် နည်းဥပဒေများတွင်လည်း အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့်ကို ပြက္ခဒိန် ၃ လအတွင်း လျှောက်ထားခြင်းမပြုလျှင် ခွင့်မပြုရန် အလားတူ ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရသည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၅ သည် အယူခံမှု သို့မဟုတ် စီရင်ချက်ကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ရန် (Review) လျှောက်လွှာ သို့တည်းမဟုတ် တည်ဆဲဥပဒေတစ်ခုခုက ၎င်းနှင့်သက်ဆိုင်စေရမည်ဟူ၍ ပြဋ္ဌာန်းထားသော လျှောက်လွှာနှင့်သာ သက်ဆိုင်သည်။ အမှုခေါ်စာချွန်တော်အမိန့် သို့မဟုတ် တားမြစ်စေစာချွန်တော်အမိန့် လျှောက်ထားမှုများနှင့်သက်ဆိုင်ကြောင်း ပြဋ္ဌာန်းခြင်းမရှိပေ။ **ဆရာတော်ဦးသြဘာသ (မေတ္တာရပ်ခံသူ) နှင့် ဆရာတော်ဦးရေဝတပါ ၅ (မေတ္တာရပ်ခံခြင်းခံရသူများ)အမှု** [၁] ကိုကြည့်ပါ။

အကယ်၍ လျှောက်ထားသူက ပြင်ဆင်မှုလျှောက်ထားရာတွင် ကုန်လွန်ခဲ့သောကာလများကို ကာလစည်းကမ်းသတ်ရေတွက်ခြင်းမှ ထုတ်နုတ်ပေးသည့်တိုင်အောင် ဤလျှောက်ထားလွှာသည် ကာလစည်းကမ်းသတ်ကျော်လွန်နေသေးကြောင်း တွေ့ရသည်။

ထို့ကြောင့် လျှောက်ထားသူက ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ တင်သွင်းသည့် အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့်တို့ ထုတ်ဆင့်ပေးရန် လျှောက်လွှာကို လက်ခံစဉ်းစားရန် အကြောင်းမရှိပေ။

---

**(၁) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၉ (တရားလွှတ်တော်ချုပ်)**

၂၀၁၁
ဒေါ်မြရွှေ
(ဇနီး၏ အခွင့်ရ
ကိုယ်စားလှယ်
မစန်းစန်းဝေ)
နှင့်
ခရိုင်တရားသူကြီး၊
ဟင်္သာတခရိုင်တရားရုံး
ဟင်္သာတမြို့ပါ ၃

လျှောက်ထားသူ၏ ရှေ့နေက စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရေး အတွက် စီရင်ချက်မိတ္တူကူးရာတွင် အမှုတွဲရှာမတွေ့သည့်အတွက် ၂၄-၈-၂၀၁၁ နေ့တွင်မှ ဟင်္သာတခရိုင်တရားရုံး၏ စီရင်ချက်မိတ္တူ ရရှိခဲ့ကြောင်း တင်ပြထားရာ အမှုတွဲရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လျှောက်ထားသူအနေဖြင့် မိတ္တူလျှောက်ထားရန်သာလိုသည်။ မိတ္တူကူးလျှောက်ထားသည့်ရက်မှ မိတ္တူရရှိသည့်အချိန်ကာလကို ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၁၂ အရ စည်းကမ်းသတ်ကာလမှ ထုတ်ပယ်ပေးမည်ဖြစ်သည်။ ထိုသို့မိတ္တူကူး လျှောက်ထားခဲ့ခြင်းမရှိ၍ လျှောက်ထားသူရှေ့နေတင်ပြသည့် ကာလများကို စည်းကမ်းသတ်ကာလမှ ထုတ်ပယ်ပေးရန် တောင်းဆိုခြင်းမပြုနိုင်ပေ။

အမှုခေါ် စာချွန်တော်အမိန့်ဆိုသည်မှာ အောက်တရားရုံး၏ဆုံးဖြတ်ချက်သည် ၎င်း၏စီရင်ပိုင်ခွင့် အာဏာအတွင်း ကျရောက်ခြင်း ရှိ မရှိကို အထက်တရားရုံးက ကျေနပ်စွာသိရှိနိုင်ရန် အောက်ရုံးဆုံးဖြတ်ချက်ကို တောင်းယူကြည့်ရှုရန် ရည်ရွယ်ပြီး ထုတ်ပြန်သည့်အမိန့်ဖြစ်သည်။

တားမြစ်စေစာချွန်တော်အမိန့်ကို အောက်တရားရုံးက စီရင်ပိုင်ခွင့် အာဏာမရှိဘဲ စီရင်ခြင်းအား တားမြစ်ရန် ထုတ်ပြန်ခြင်းဖြစ်သည်။

အောက်တရားရုံးများကို ကြီးကြပ်ကွပ်ကဲသည့် စာချွန်တော်အမိန့် ထုတ်ဆင့်သည့်အာဏာသည် အယူခံမှုများကို ကြားနာသည့် စီရင်ပိုင်ခွင့် အာဏာနှင့် လုံးဝကွဲပြားခြားနားသည်။ အကယ်၍ အောက်တရားရုံးက ဥပဒေအရဖြစ်စေ၊ အကြောင်းခြင်းရာအရဖြစ်စေ မှားယွင်းဆုံးဖြတ်ထားခြင်း သည် သူ၏စီရင်ပိုင်ခွင့်အာဏာအတွင်း ဆုံးဖြတ်ခြင်းဖြစ်ပါက ကြီးကြပ်ကွပ် ကဲရန် အာဏာရှိသော စာချွန်တော်အမိန့် ထုတ်ဆင့်နိုင်ခွင့်ရှိသည့် ဤတရား

၂၀၁၁
ဒေါ်မြရွှေ
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
မစန်းစန်းဝေ)
နှင့်
ခရိုင်တရားသူကြီး၊
ဟသ်ာတခရိုင်တရားရုံး
ဟသ်ာတမြို့ပါ ၃

ရုံးက ဝင်ရောက်စွက်ဖက်မည် မဟုတ်ပေ။ အောက်တရားရုံး၏ အဆိုပါ ဆုံးဖြတ်ချက်သည့် မှန်ကန်မှုရှိ မရှိ သင့်မြတ်လျော်ကန်မှုရှိ မရှိကို စစ်ကြောရန်အတွက် တစ်ခုတည်းသော နည်းလမ်းမှာ အယူခံမှုလျှောက်ထားခြင်းပင်ဖြစ်သည်။

အချင်းဖြစ်အမှုတွင် ကြံခင်းမြို့နယ်တရားရုံးနှင့် ဟသ်ာတခရိုင်တရားရုံးတို့သည် စီရင်ပိုင်ခွင့်အာဏာထက်ပို၍ ကျင့်သုံးထားကြောင်း၊ စီရင်ပိုင်ခွင့်အာဏာမရှိဘဲ စီရင်ဆုံးဖြတ်ထားကြောင်း ပေါ်ပေါက်မှုမရှိပေ။ အဆိုပါတရားရုံးများက အချင်းဖြစ်ပြဿနာကို စီရင်ပိုင်ခွင့်အာဏာရှိသည်ဖြစ်၍ ၎င်းတို့၏ ဆုံးဖြတ်ချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့်ဖြင့် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

သို့ဖြစ်ရာ လျှောက်ထားသူတင်သွင်းသည့် အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာအပေါ် လျှောက်ထားခံရသူများက အကြောင်းပြစေရန်အတွက် ဆင့်ဆိုရန်အကြောင်းမပေါ်ပေါက်၍ ကနဦးဆုံးဖြတ်ချက် ချမှတ်ပေးရန် မလိုအပ်သဖြင့် ဤအထွေထွေလျှောက်ထားမှုကို ပယ်သည်။

# တရားမပြင်ဆင်မှု*

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးမြင့်အောင် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
သြဂုတ်လ
၃၁ ရက်

## ဒေါ်လှအေးပါ ၃

## နှင့်

## ဦးကျော်သိန်းပါ ၁၄

**မည်သည့်အခါ မူလအငှားချထားခြင်းကို ပြန်အပ်ရာရောက်၍ မူလအငှားချထားမှု ကုန်ဆုံးခြင်း၊ မည်သည့်အခါ ငှားရမ်းသူအဖြစ်မှ အခမဲ့နေထိုင်သူအဖြစ်သို့ ရောက်ရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ၁၉၉၃ခုနှစ်နောက်ပိုင်းတွင် ဦးမြင့်ဌေး၊ ဒေါ်လှအေး မိသားစုသည် သဘောတူညီချက်အရ မူလ နေထိုင်သည့်နေရာမှ အရှေ့ဘက် ခြမ်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်ရာ ယင်းသို့ နေထိုင်ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၁၁ (စ) အရ ယခင်ငှားရမ်းနေထိုင်ခဲ့ သည့် အနောက်ဘက်ခြမ်းမြေနေရာကို ပြန်အပ်ရာရောက်ပေသည်။ ထို့ကြောင့် အနောက်ခြမ်းမြေနေရာနှင့်စပ်လျဉ်း၍ အငှားချထားခြင်းမှာ ကုန်ဆုံးပြီးဖြစ်သည်။ **ဦးခင်မောင်သန်း နှင့် ဒေါ်လှလှမြင့် (၎င်း၏**

---

* ၂၀၁၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၄

\+ ၂၀၀၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၄ တွင် ချမှတ်သော ၂၄-၄-၂၀၀၉ ရက်နေ့စွဲပါ မန္တလေးခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်မှု။

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

**ကိုယ်စားလှယ် ဒေါက်တာစိုးတင့်)အမှု** ကိုကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်။** ။ဒေါ်လှအေးက မြေပိုင်ရှင်များမှ မြေငှားရမ်းခ လက်ခံခြင်းမပြုဟု ထွက်ဆိုသည်။ သက်သေခံ (၅)စာဖြင့် ပြောင်းရွှေ့နေထိုင်သည့် အရှေ့ဘက်ခြမ်းမြေအတွက် မြေရှင်အား မြေလခပေးရန် ဦးမြင့်ဒွေးက တင်ပြသော်လည်း ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့က မြေငှားခရယူခဲ့ကြောင်း၊ ဦးမြင့်ဒွေး၊ ဒေါ်လှအေးတို့ကလည်း မြေငှားခပေးခဲ့ကြောင်း အမှုတွင် ပေါ်ပေါက်ခြင်းမရှိချေ။ သို့ဖြစ်၍ ၁၉၉၃ခုနှစ်၊ အောက်တိုဘာလ နောက်ပိုင်းတွင် ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းနှင့် ဦးမြင့်ဒွေး၊ ဒေါ်လှအေးမိသားစုတို့ကြားတွင် မြေရှင်မြေငှား ဆက်သွယ်မှု ထပ်မံပေါ်ပေါက်ခြင်းမရှိပေ။ ဦးမြင့်ဒွေးက ၎င်းတို့မိသားစု နောင်အချိန်ပြေလည်လျှင် မြေပေါ်မှ ပြောင်းရွှေ့ပေးရန် သဘောတူခဲ့ရာ ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့သည် ဦးမြင့်ဒွေး၊ ဒေါ်လှအေးမိသားစုအား အချင်းဖြစ် မြေနှင့်အိမ်တွင် အခမဲ့နေထိုင်စေခဲ့ကြောင်း ပေါ်ပေါက်သည်။

လျှောက်ထားသူများအတွက် - ဦးစိုးမြင့်
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ဒေါ်နီနီသိန်း
တရားလွှတ်တော်ရှေ့နေ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၃၂/၂၀၀၇ တွင် ဦးကျော်သိန်းပါ ၁၄ ဦးက ဒေါ်လှအေး၊ ဒေါ်မြင့်မြင့်ခိုင် နှင့် ဦးအောင်သန်းဦးတို့အပေါ် အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်

သော မြေနှင့်မြေပေါ်ရှိ အဆောက်အအုံမှ ဖယ်ရှားထွက်ခွာပေးစေလိုကြောင်း စွဲဆိုမှုကို စရိတ်နှင့်တကွ ပလပ်ကြောင်း အမိန့်ချမှတ်သည့် မြို့နယ်တရားရုံး၏ စီရင်ချက် နှင့် ဒီကရီကို ဦးကျော်သိန်းပါ ၁၄ ဦးက မန္တလေးခရိုင်တရားရုံးသို့ တရားမအယူခံမှုအမှတ် ၁၄/၂၀၀၉ အရ အယူခံရာ ခရိုင်တရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး ဦးကျော်သိန်းတို့ စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီကိုချမှတ်ခဲ့သည်။ မန္တလေးခရိုင်တရားရုံး၏ ဒီကရီသည် ဒုတိယအယူခံဝင်ခွင့်မရှိသဖြင့် ဒေါ်လှအေး၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်သန်းဦးတို့က တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ဒုတိယခြွင်းချက်အရ ဤတရားမပြင်ဆင်မှုကို လျှောက်ထားသည်။

ဦးအောင်စိန်၊ ဦးထွန်း၊ ဒေါ်စိုးတို့သည် မောင်နှမများဖြစ်ကြပြီး ဦးအောင်စိန်သည် ၁၂-၂-၉၁ နေ့တွင်လည်းကောင်း၊ ဦးထွန်းသည် ၃-၂-၀၇ နေ့တွင်လည်းကောင်း၊ ဒေါ်စိုးသည် ၄-၁-၉၉ နေ့တွင်လည်း အသီးသီး ကွယ်လွန်ကြသည်။ ဦးအောင်စိန်၏ အမွေဆက်ခံသူအဖြစ် သားဖြစ်သူ လျှောက်ထားခံရသူ မူလရုံးတရားလို(၁) ဦးစိုးသန်း၊ ဦးထွန်းအား အမွေဆက်ခံသူအဖြစ် သားသမီးများဖြစ်သော လျှောက်ထားခံရသူ ဒေါ်သန်းသန်း၊ ဦးကျော်ထွန်း၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်စန်းစန်းမြင့် နှင့် ဒေါ်စိုး၏ အမွေဆက်ခံသူအဖြစ် သားသမီးများဖြစ်သော ဦးအောင်သန်းညွန့်၊ ဦးမောင်မြင့်ဦး၊ ဒေါ်စောရှို၊ ဒေါ်အုံးရီ၊ ဦးထွန်းရှိန်၊ ဒေါ်ငွေးကြွယ်၊ ဒေါ်ခင်စန်းမြင့်၊ ဦးငွေအောင် နှင့် ဦးကျော်သိန်းတို့ ကျန်ရှိသည်။ လျှောက်ထားခံရသူ ဒေါ်မိမိကြီးသည် ကွယ်လွန်သူ ဦးကျော်ထွန်း၏ ဇနီးဖြစ်သည်။

လျှောက်ထားခံရသူအမှတ် (၇) ဒေါ်ကျင်နိုင်သည် ကွယ်လွန်သူ

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

ဦးထွန်းရှိန်၏ ဇနီးဖြစ်ပြီး လျှောက်ထားခံရသူအမှတ် (၁၀) ဒေါ်ရှုပသည် ကွယ်လွန်သူ ဦးငွေအောင်၏ဇနီးဖြစ်သည်။ အမှုတွင် ဦးစိုးသန်းမှအပ ကျန်သူများသည် ဦးကျော်သိန်းအား အထွေထွေကိုယ်စားလှယ်စာလွှဲအပ်ထားသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်၊ အကွက်အမှတ် ၁၂၂၊ ဦးပိုင်အမှတ် ၅၊ မူလဧရိယာ ၀. ၃၆၇၃ ဧကရှိ ဘိုးဘွားပိုင်မြေကွက်ကို ဦးစိုးသန်း၊ ကွယ်လွန်သူများဖြစ်ကြသော ဦးအောင်စိန်၊ ဦးထွန်း၊ ဒေါ်စိုးတို့ အမည်ပေါက်ပိုင်ဆိုင်ပြီး ၁၉၇၀ ခုနှစ်ခန့်တွင် မူလရုံးတရားပြိုင် ဒေါ်လှအေး နှင့် ခင်ပွန်း ဦးမြင့်ငွေတို့က ထိုမြေကွက်၏ အနောက်ဘက်ခြမ်းရှိ ဒေါ်သိန်းခင်ပိုင်သည့် အဆောက်အအုံကိုဝယ်ယူပြီး မြေငှားခတစ်လလျှင် ၁၀ိ/-(တစ်ဆယ်ကျပ်)ပေး၍ နေထိုင်ခဲ့ကြသည်။ ၁၉၉၃ ခုနှစ်တွင် ဦးစိုးသန်း၊ ဦးထွန်း၊ ဒေါ်စိုးတို့က ဒေါ်လှအေးတို့နေထိုင်သည့် မြေကွက်၏ အနောက်ဘက်ခြမ်းမြေနေရာကို ရောင်းချလိုသဖြင့် မြေငှား ဦးမြင့်ငွေ၊ ဒေါ်လှအေးမိသားစုနှင့် ဦးနဖူး၊ ဒေါ်သူရွှေမိသားစုတို့ထံမှ မြေငှားခမယူတော့ကြောင်းနှင့် မြေပေါ်မှ ထွက်ခွာပေးရန် တောင်းဆိုရာ ထွက်ခွာပေးရန်ငြင်းဆန်သဖြင့် ၇-၁-၁၉၉၃ နေ့တွင် ဦးထွန်း၊ ဦးစိုးသန်း၊ ဒေါ်စိုးတို့က ဥက္ကဋ္ဌ၊ မန္တလေးအနောက်မြောက်မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ထံ မြေငှားများအားဖယ်ရှားပေးရန် လျှောက်ထားခဲ့သည်။ ၇-၁၀-၁၉၉၃ နေ့တွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံး၌ ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဦးထွန်း၊ ဦးစိုးသန်း၊ ဒေါ်စိုးနှင့် ဦးမြင့်ငွေတို့ကို ခေါ်ယူညှိနှိုင်းပေးခဲ့ရာ နှစ်ဖက်မှ အချက် ၅ ချက် ဖြင့်သဘောတူညီခဲ့ကြသည်။ ဦးထွန်း၊ ဦးစိုးသန်း၊ ဒေါ်စိုးတို့က ဦးမြင့်ငွေနေထိုင်သည့် နေအိမ်ပုံစံအတိုင်း အရှေ့ဖက်

၂၀၁၁

ဒေါ်လှအေးပါ ၃

နှင့်

ဦးကျော်သိန်းပါ ၁၄

မြေကွက်လပ်ပေါ်တွင် နေအိမ်ဆောက်လုပ်ပေးပြီး ထိုအိမ်တွင် ဦးမြင့်ဌေးတို့ မိသားစုပြောင်းရွှေ့နေထိုင်ရန် သဘောတူညီခဲ့သည်။ ထိုသဘောတူညီချက်အတိုင်း ဦးထွန်း၊ ဦးစိုးသန်း၊ ဒေါ်စိုးတို့က မြေကွက်အရှေ့တောင်ထောင့်တွင် ၄၂ ပေ × ၃၂ ပေ အကျယ်ရှိ မြေပေါ်တွင် နှစ်ထပ်အိမ်ဆောက်ပေး၍ ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုမှာ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထို့နောက် မြေရှင်အား မြေလခပေးလိုသဖြင့် နှစ်ဖက်ခေါ်ယူညှိနှိုင်းပေးပါရန် အောင်မြေသာစံမြို့နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌထံ ဦးမြင့်ဌေးက ၃၀-၁၁-၁၉၉၃ နေ့တွင် တင်ပြသည်။ ယင်းသို့တင်ပြသော်လည်း နှစ်ဖက်ညှိနှိုင်းကြကြောင်း မပေါ်ပေါက်ပေ။

ဦးပိုင်အမှတ် ၅ မြေကွက်ကို ခွဲစိတ်ခဲ့ရာ ဒေါ်လှအေးမိသားစု နေထိုင်သည့်မြေနေရာပါသည့် မြေကွက်သည် ဦးပိုင်အမှတ် ၅-ခ ဖြစ်သည်။ ဦးကျော်သိန်းက ဒေါ်လှအေးမိသားစုအား နေခွင့်ပေးထားသည့် မြေကွက်ပေါ်မှ ထွက်ခွာပေးစေရေးအတွက် အောင်မြေသာစံရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြ၍ ၉-၆-၂၀၀၀ နေ့တွင် ထိုရုံး၌ ဒေါ်လှအေး၏ သမီး ဒေါ်မြင့်မြင့်ခိုင် (မူလရုံးတရားပြိုင်)တို့နှင့် ညှိနှိုင်းမှုပြုလုပ်ရာ၌ ၃၀-၁၂-၂၀၀၀ရက်နေ့ နောက်ဆုံးထားပြီး မြေကွက်ကို ပြန်လည်အပ်နှံရန် ဦးကျော်သိန်းက ပြောကြားခဲ့သည်။ ထိုမှတ်တမ်းမှာ **သက်သေခံ (စ)** ဖြစ်သည်။ ဒေါ်လှအေးမိသားစုမှ ဖယ်ရှားပေးခြင်းမရှိ၍ ဦးကျော်သိန်း၏ တင်ပြချက်အရ ၁၁-၃-၂၀၀၁ နေ့တွင် အောင်မြေသာစံ ရယကရုံး၌ ဒေါ်မြင့်မြင့်ခိုင်နှင့် ဦးကျော်သိန်းတို့ ဆွေးနွေးကြရာတွင်လည်း ဦးကျော်သိန်းက မြေကွက်ပြန်လည်ပေးအပ်ရန် ထပ်မံတင်ပြခဲ့သည်။ ထိုမှတ်တမ်းမှာ **သက်သေခံ (ဆ)** ဖြစ်သည်။

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

ဒေါ်လှအေးမိသားစုမှ ဖယ်ရှားပေးခြင်းမရှိ၍ ဦးကျော်သိန်း၏ ထပ်မံတင်ပြချက်အရ ၅-၁၂-၂၀၀၅ နေ့တွင် ထိုရုံး၌ ဦးကျော်သိန်း နှင့် ဒေါ်မြင့်မြင့်ခိုင်၊ ၎င်း၏ခင်ပွန်း ဦးအောင်သန်းဦး (မူလရုံးတရားပြိုင်)တို့ ဆွေးနွေးခဲ့ရာ ထိုဆွေးနွေးမှုမှတ်တမ်းမှာ **သက်သေခံ (ဇ)** ဖြစ်သည်။ ထိုစဉ်က ဦးကျော်သိန်းမှ ဒေါ်လှအေးမိသားစုအား (၃)လအတွင်း ထွက်ခွာပေးရန်တင်ပြခဲ့သည်။ ၃ လပြည့်ပြီးနောက် ဒေါ်လှအေးမိသားစုသည် မြေပေါ်မှ ဖယ်ရှားပေးခြင်းမရှိသဖြင့် ဦးကျော်သိန်းပါ ၁၄ ဦးက ဒေါ်လှအေး၊ ဒေါ်မြင့်မြင့်ခိုင် နှင့် ဦးအောင်သန်းဦးတို့ပေါ် မြေနှင့်မြေပေါ်တွင် မိမိတို့ ဆောက်လုပ်ထားသည့် အဆောက်အအုံမှ ဖယ်ရှားထွက်ခွာပေးစေရန် တရားစွဲဆိုသည်။

ဦးကျော်သိန်းပါ ၁၄ ဦးက အကွက်အမှတ် ၁၂၂၊ ဦးပိုင်အမှတ် ၅-ခ မြေကွက်၏ အရှေ့တောင်ထောင့် ၄၂ ပေ × ၃၂ ပေ အကျယ်ရှိ မြေနေရာပေါ်ရှိ နှစ်ထပ်အိမ်တွင် ဒေါ်လှအေး၊ ဦးမြင့်ဌေး(ကွယ်လွန်သူ) နှင့် သမီး မမြင့်မြင့်ခိုင်၊ သားမက်ဦးအောင်သန်းဦးတို့ကို ၁၉၉၃ ခုနှစ်ကတည်းက ဦးထွန်း၊ ဦးစိုးသန်း၊ ဒေါ်စိုးတို့က အခမဲ့နေခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းနှင့် ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးကြောင်း၊ ဦးစိုးသန်းမှအပ ကျန်သူတို့သည် ဦးထွန်း၊ ဒေါ်စိုးတို့၏ အမွေဆက်ခံသူများဖြစ်ကြောင်း အဆိုလွှာတွင် ဖော်ပြသည်။

ဒေါ်လှအေး၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်သန်းဦးတို့က သူတို့သည် အခမဲ့နေထိုင်ခြင်းမဟုတ်ဘဲ မြေကို ငှားရမ်းနေထိုင်ခြင်းဖြစ်ကြောင်း အဓိက ထုချေတင်ပြသည်။

အောင်မြေသာစံ မဝတရုံးတွင် ညှိနှိုင်းကြစဉ် အခမဲ့ခွင့်ပြုချက်ဖြင့်

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

တရားပြိုင်များအား နေထိုင်ခွင့်ပြုခြင်းကိစ္စမပါရှိကြောင်း၊ ဦးကျော်သိန်းတို့သည် အမွေဆက်ခံရရှိသူများအနေဖြင့် တရားပြိုင်တို့အား ဆက်လက်နေထိုင်ခွင့်ပြုကြောင်း သက်သေခံချက် ခိုင်မာစွာတင်ပြနိုင်ခြင်းမရှိ၍ ဦးထွန်း၊ ဒေါ်စိုးတို့လက်ထက်မှ တရားပြိုင်မိသားစုအား အချင်းဖြစ်ဉပစာတွင် အခမဲ့နေထိုင်ခွင့်ပြုသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ **သက်သေခံ (စ)(ဆ)(ဇ)** ညှိနှိုင်းချက်မှတ်တမ်းကို ဦးကျော်သိန်းတစ်ဦးတည်းကသာ ပြုလုပ်ခြင်းဖြစ်ရာ ခွင့်ပြုထားသူအားလုံးက ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်းမဟုတ်ကြောင်း နှင့် ခွင့်ပြုချက်ကို ရုပ်သိမ်းပြီးကြောင်း သုံးသပ်ပြီး မြို့နယ်တရားရုံးက ဦးကျော်သိန်းတို့ စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်ခဲ့ခြင်းဖြစ်သည်။

မန္တလေးခရိုင်တရားရုံးက ဒေါ်လှအေးတို့အနေနှင့် အချင်းဖြစ်မြေနှင့် အိမ်တွင် အိမ်ငှားအဖြစ်နေထိုင်သည်ဟု ထုချေသော်လည်း ငှားရမ်းခပေးဆောင်သည့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသဖြင့် အိမ်နှင့် မြေကွက်တွင် အခမဲ့နေထိုင်ခြင်းဖြစ်သည်ဟု ထင်ရှားပေါ်ပေါက်ကြောင်း၊ **သက်သေခံ (ဇ)** ညှိနှိုင်းချက်မှတ်တမ်းအရ ဦးကျော်သိန်းသည် တရားလိုအားလုံး၏ ကိုယ်စားအခွင့်အမိန့်ကို ရုပ်သိမ်းရာရောက်ကြောင်း သုံးသပ်၍ မူလမြို့နယ်တရားရုံး၏ ဒီကရီကို ပယ်ဖျက်ကာ ဦးကျော်သိန်းတို့စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

အမှုတွင် အဓိကသုံးသပ်ရန်မှာ အချင်းဖြစ်မြေနှင့် အိမ်တွင် ဒေါ်လှအေး၊ ဦးမြင့်ဌေးမိသားစုသည် ငှားရမ်းခြင်းဖြင့် နေထိုင်သည် သို့မဟုတ် အခမဲ့နေထိုင်ခြင်းဖြစ်သည်ဆိုသော အချက်ဖြစ်သည်။

၇-၁-၁၉၉၃ နေ့စွဲပါ **သက်သေခံ (၄)** တင်ပြစာအရ ဦးထွန်း၊

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

ဦးစိုးသန်း၊ ဒေါ်စိုးတို့က ၎င်းတို့ပိုင်သည့် အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၂၊ ဦးပိုင် (၅) မြေကွက်ကို ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုကို တစ်လလျှင် ၁၀ိ/-နှုန်းဖြင့် ငှားရမ်းခဲ့ကြောင်းမှာ အငြင်းမပွားပေ။

**သက်သေခံ (၁)** ညှိနှိုင်းချက်မှတ်တမ်းတွင် ၇-၁၀-၁၉၉၃ ရက်နေ့၌ ဦးမြင့်ဌေး၊ ဦးထွန်း၊ ဦးစိုးသန်း၊ ဒေါ်စိုးတို့သည် အောက်ပါအတိုင်း သဘောတူညီကြောင်း ဖော်ပြထားသည်-

" × × × × × × × × × × × × × × × × × × × × × × × × × × × ×

၁။ အောင်မြေသာစံရပ်ကွက်၊ အကွက် ၁၂၂၊ ဦးပိုင် ၅ ဘိုးဘွားပိုင်မြေကိစ္စနှင့်ပတ်သက်၍ ဦးမြင့်ဌေးနေထိုင်သည့် နေအိမ်ပုံစံအတိုင်း အရှေ့ဖက်မြေကွက်လပ်ပေါ်တွင် ရေတွင်း၏အနောက်ဖက်မျက်နှာစာ၌ ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့မှ နေအိမ်ကို ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလကုန် နေ့ရက်အတွင်း အပြီးဆောက်လုပ်ပေးရန် နှင့် နေအိမ်ဆောက်လုပ်ပြီးပါက ဦးမြင့်ဌေးမိသားစုမှ ပြောင်းရွှေ့ပေးရန် သဘောတူညီပါသည်။

၂။ နေအိမ်ဆောက်လုပ်ပြီးပါက ထိုနေအိမ်အား အိမ်ခွန်/မီးခွန် အနေနှင့် ဦးမြင့်ဌေးမှ ဆောင်ပေးရန် နှစ်ဦးသဘောတူညီပါသည်။

၃။ နေအိမ်ဆောက်လုပ်ပြီး မြေကွက်ပေါ်တွင် ဦးမြင့်ဌေးမိသားစုမှ နေထိုင်စဉ်အတွင်း မြေရှင်မှ အနှောင့်အယှက်မပြုရန် နှင့် မြေပေါ်နှင့် နေအိမ်တွင် နေထိုင်သည့် ဦးမြင့်ဌေးမိသားစုမှ

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

နောင်အချိန်ပြေလည်ပါက မြေပေါ်မှ ပြောင်းရွှေ့ပေးရေးကို စီစဉ်ဆောင်ရွက်သွားရန် နှစ်ဦးသဘောတူညီပါသည်။

၄။ နေအိမ်အသစ်ဆောက်လုပ်ပြီး နေအိမ်ပေါ်သို့ပြောင်းရွှေ့ပြီးပါက လက်ရှိနေအိမ်အဟောင်းကို ဦးမြင့်ဌေးမိသားစုမှ ရက်သတ္တပါတ်တစ်ပတ်အတွင်း ဖျက်သိမ်းပေးရန် သဘောတူညီပါသည်။

၅။ အထက်ပါအတိုင်း နှစ်ဦးနှစ်ဖက် သဘောတူညီကြပါသည်။

ထိုသဘောတူညီချက်အရ ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုသည် ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့ပိုင်သည့် မြေကွက်တွင် မူလနေထိုင်ရာ အနောက်ဘက်ခြမ်းမှ အရှေ့ဘက်ခြမ်းသို့ ပြောင်းရွှေနေထိုင်ခဲ့ကြကြောင်း လည်းပေါ်ပေါက်သည်။

လျှောက်ထားသူများ၏ရှေ့နေက **သက်သေခံ (၁)** ညှိနှိုင်းမှတ်တမ်း သဘောတူညီချက် (၅)ချက်တွင် ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုအား အခမဲ့ထားခဲ့ကြောင်း ဖော်ပြပါရှိခြင်းမရှိပါဟု လျှောက်ထားတင်ပြသည်။

**သက်သေခံ (၁)** ပါညှိနှိုင်းမှတ်တမ်းပါ သဘောတူညီချက် ၅ ချက် တွင် ဦးမြင့်ဌေးတို့အား အခမဲ့ထားကြောင်း အတိအလင်း ဖော်ပြထားချက်မရှိသော်လည်း ဦးမြင့်ဌေး၊ ဒေါ်လှအေးတို့အား ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့က ရွှေ့ပြောင်းပေးသည့်နေရာအတွက် ဆက်လက်ငှားရမ်းခြင်း ပြုမည်ဟု ဖော်ပြထားသည်ကိုလည်း မတွေ့ရှိရပေ။

သက်သေခံ (၅) တွင် ဦးမြင့်ဌေးမှ အောက်ပါအတိုင်း ဖော်ပြထား

၂၀၁၁ သည်ကိုတွေ့ရသည်-
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

"× × × × × × × × × × × × × × × × × × × × × × × ×

နေ့စွဲ ၊ ၁၉၉၃ နိုဝင်ဘာလ ၃၀ ရက်

၁၉၇၀ ခုနှစ်မှစ၍ မြေရှင်၏ မြေပေါ်တွင် မြေလခတစ်နှစ်လျှင် ၁၂၀ ကျပ် (တစ်ရာ့နှစ်ဆယ်ကျပ်)ပေးပြီး နေထိုင်လာခဲ့ပါသည်။ ယခင်အတိုင်း ကျွန်တော်တို့ ၎င်းတို့မြေပေါ်တွင် နေထိုင်စဉ်ကာလအတွင်း သင့်လျော်သောမြေလခကို ဆက်လက်ပေးပြီး နေထိုင်သွားမည်ဖြစ်ပါသည်။

ယခုအခါ အိမ်သစ်သို့ပြောင်းရွှေ့နေပြီဖြစ်သည့်အတွက် ကျွန်တော်အနေဖြင့် မြေလခပေးရမည့်ဝတ္တရားရှိသည့်အတိုင်း မြေရှင်အား မြေလခပေးရေးအတွက် မျက်နှာစုံညီဆွေးနွေးရန် လိုအပ်လာပြီဖြစ်ပါသဖြင့် မြို့နယ်ရုံးတော်မှ သင့်လျော်သောမြေလခကို တရားဝင်သတ်မှတ်ပေးပါရန် နှင့် နှစ်ဦးနှစ်ဖက်ခေါ်ယူ ညှိနှိုင်းမှုပြုလုပ်ပေးပါရန် လေးစားစွာဖြင့် လျှောက်ထားတင်ပြအပ်ပါကြောင်း၊ × × × ×

ထို့ကြောင့် ၃၀-၁၁-၁၉၉၃ နေ့တွင် ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုသည် မူလအိမ်ဟောင်းနေရာမှ အိမ်သစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ပြီးဖြစ်သည်ကို တွေ့ရသည်။ ထိုတင်ပြချက်အရ ဦးမြင့်ဌေး ဒေါ်လှအေးမိသားစုသည် မြေကွက်၏ အနောက်ဘက်ခြမ်းတွင် ၁၉၇၀ ခုနှစ် ၁၉၉၃ ခုနှစ် အောက်တိုဘာလအထိ မြေငှားခပေး၍ နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်သည်။

လျှောက်ထားသူများ၏ရှေ့နေက ဦးထွန်း၊ ဦးစိုးသန်း နှင့် ဒေါ်စိုးတို့က မန္တလေးအနောက်မြောက်မြို့နယ် မ၀တဥက္ကဌထံ ဘိုးဘွားပိုင်မြေပေါ်

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

မှ မြေငှားနေထိုင်သူများအား ဖယ်ရှားပေးရန် လျှောက်ထားသည့် **သက်သေခံ (၄)စာ** နှင့် ဦးမြင့်ဌေးက မြေငှားခပေးရေးကိစ္စတင်ပြသည့် သက်သေခံ (၅)စာအရ ဦးမြင့်ဌေး၊ ဒေါ်လှအေးတို့မှာ နှစ်ပေါင်း ၄၀ ကျော်ကတည်းက အငှားနေထိုင်ခဲ့ကြောင်း ပေါ်ပေါက်နေသည့်အတွက် Once tenants in always tenants ဟူသော ဥပဒေပြဋ္ဌာန်းချက်ကို မစဉ်းစားဘဲ အခမဲ့နေခြင်းဖြစ်သည်ဟု ကောက်ယူသုံးသပ်ချက်မှာ လျှောက်ထားသူအတွက် နစ်နာရာရောက်ကြောင်း လျှောက်ထားတင်ပြသည်။

ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ ၁၁၁(စ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" **ပုဒ်မ ၁၁၁** ။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း၏ အငှားချထားခြင်းသည် အောက်ပါအချက်များတွင် ကုန်ဆုံးသည်-

(စ) ပစ္စည်းကို ပေးအပ်ရာရောက်အောင် ပြုလုပ်သည့်အခါ

**အပိုဒ် (စ) ၏ ဥပမာ**

ငှားရမ်းသူတစ်ဦးသည် အငှားချထားသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ အငှားချထားခြင်း အတည်ဖြစ်နေခိုက် အငှားချထားသူထံမှ အငှားချထားခြင်းအသစ်ကို ရယူပြုလုပ်လျှင် မူလအငှားချထားခြင်းကို ပြန်အပ်ရာရောက်သဖြင့် မူလအငှားချထားခြင်း ကုန်ဆုံးရာရောက်သည်။

၁၉၉၃ ခုနှစ် နောက်ပိုင်းတွင် ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုသည် သဘောတူညီချက်အရ မူလနေထိုင်သည့် နေရာမှ အရှေ့ဘက်ခြမ်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြောင်း ပေါ်ပေါက်ရာ ယင်းသို့နေထိုင်ခြင်းမှာ ယခင်

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

ငှားရမ်းနေထိုင်ခဲ့သည့် အနောက်ဘက်ခြမ်းမြေနေရာကို ပြန်အပ်ရာရောက်ပေသည်။ ထို့ကြောင့် အနောက်ခြမ်းမြေနေရာနှင့်စပ်လျဉ်း၍ အငှားချထားခြင်းမှ ကုန်ဆုံးပြီးဖြစ်သည်။ **ဦးခင်မောင်သန်း နှင့် ဒေါ်လှလှမြင့် (၎င်း၏ ကိုယ်စားလှယ် ဒေါက်တာ စိုးတင့်) အမှု** [၁] ကို ကြည့်ပါ။

ဒေါ်လှအေးက မြေပိုင်ရှင်များမှ မြေငှားရမ်းခလက်ခံခြင်းမပြုဟု ထွက်ဆိုသည်။ **သက်သေခံ (၅)** စာဖြင့်ပြောင်းရွှေ့နေထိုင်သည့် အရှေ့ဘက်ခြမ်းမြေအတွက် မြေရှင်အား မြေလခပေးရန် ဦးမြင့်ဌေးကတင်ပြသော်လည်း ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့က မြေငှားခရယူခဲ့ကြောင်း၊ ဦးမြင့်ဌေး၊ ဒေါ်လှအေးတို့ကလည်း မြေငှားခပေးခဲ့ကြောင်း အမှုတွင် ပေါ်ပေါက်ခြင်းမရှိချေ။ သို့ဖြစ်၍ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလနောက်ပိုင်းတွင် ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်း နှင့် ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုတို့ကြားတွင် မြေရှင်မြေငှားဆက်သွယ်မှု ထပ်မံပေါ်ပေါက်ခြင်းမရှိပေ။ ဦးမြင့်ဌေးက ၎င်းတို့မိသားစု နောင်အချိန်ပြေလည်လျှင် မြေပေါ်မှ ပြောင်းရွှေ့ပေးရန် သဘောတူခဲ့ရာ ဦးထွန်း၊ ဒေါ်စိုး၊ ဦးစိုးသန်းတို့သည် ဦးမြင့်ဌေး၊ ဒေါ်လှအေးမိသားစုအား အချင်းဖြစ်မြေ နှင့် အိမ်တွင် အခမဲ့နေထိုင်စေခဲ့ကြောင်း ပေါ်ပေါက်သည်။

လျှောက်ထားသူများ၏ ရှေ့နေက အမှုတွင် အချင်းဖြစ်မြေနှင့် အဆောက်အအုံတွင် ဦးမြင့်ဌေး၊ ဒေါ်လှအေးတို့အား ၎င်းတို့၏ မိဘလက်ထက်က အခမဲ့ထားသည်ဟု ဦးကျော်သိန်းတို့က တင်ပြပြီး ၎င်းတို့က ဆက်လက်၍ အခမဲ့ထားကြောင်း အထောက်အထားတင်ပြထားခြင်းမရှိ၍

---

(၁) ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၆၆

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

ဦးကျော်သိန်းတို့က အခမဲ့ထားသည်ဟု မပေါ်ပေါက်ကြောင်း လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူ ဦးစိုးသန်းသည် အချင်းဖြစ်မြေကွက်၏ ပိုင်ဆိုင်သူများအနက် ပိုင်ရှင်တစ်ဦးဖြစ်သည်။ **သက်သေခံ (၁)** မဝတရုံးတွင် ဦးထွန်း၊ ဦးစိုးသန်း၊ ဒေါ်စိုးတို့ ၃ ဦး နှင့် ဦးမြင့်ဋ္ဌေးတို့ ညှိနှိုင်းချက်မှတ်တမ်းတွင်လည်း ဦးစိုးသန်း ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ထို့ကြောင့် ဦးစိုးသန်းက ဒေါ်လှအေးတို့အား မြေနှင့် အိမ်တွင်နေခွင့်ပြုခဲ့သူဖြစ်သည်မှာ အငြင်းမပွားပေ။ ဦးစိုးသန်းမှအပ ကျန်တရားလိုများသည် အချင်းဖြစ်မြေကွက်ပိုင်ဆိုင်သူများဖြစ်သည့် ဦးထွန်း၊ ဒေါ်စိုးတို့၏ အမွေဆက်ခံသူများဖြစ်ကြသည်။ အဆိုလွှာအပိုဒ် ၁ တွင်လည်း ယင်းသို့အမွေဆက်ခံသူများဖြစ်ကြကြောင်း ဖော်ပြထားသည်။ လျှောက်ထားသူ မူလရုံးတရားပြိုင်များက ပြန်လှန်မေး၍ ဦးကျော်သိန်းက “ ×××× တရားပြိုင်များကို ကျနော်အနေဖြင့် ထားခဲ့ခြင်းမရှိပါ။ မိဘများထားခဲ့ခြင်းဖြစ်ပါသည်။ ×× မိဘများကွယ်လွန်ပြီးနောက် ဒေါ်လှအေး နှင့် မိသားစုအား အချင်းဖြစ်မြေကွက် အဆောက်အအုံသည် ကျနော်တို့ပိုင်ရှင်များဖြစ်၍ ဆက်လက်အခမဲ့ထားကြောင်း၊ တစ်စုံတစ်ရာမျှ ပြောကြားခဲ့ခြင်းမရှိဆိုလျှင် မပြောပြခဲ့ပါ။ ×× ” ဟု ဖြေကြားထားသည်ကို တွေ့ရသည်။

ဦးစိုးသန်းမှအပ ကျန်တရားလိုတို့သည် ဒေါ်လှအေးတို့အား ၎င်းတို့က အခမဲ့နေခွင့်ပေးသူများအဖြစ် တရားစွဲဆိုခြင်း မဟုတ်ဘဲ မိဘများထံမှ အမွေဆက်ခံရရှိသည့်အနေဖြင့် တရားစွဲဆိုခြင်းဖြစ်သည်မှာ မြင်သာသည့်အတွက် အချင်းဖြစ်မြေနှင့် အိမ်ကို အမွေဆက်ခံရရှိသူ ဦးကျော်သိန်း

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

အပါအဝင် ၁၄ ဦးသည် ဦးထွန်း၊ ဒေါ်စိုးတို့၏ အခမဲ့နေထိုင်သူ ဒေါ်လှအေး မိသားစုအား မိမိတို့၏ အခမဲ့နေထိုင်သူများအဖြစ် ဖယ်ရှားခွင့်ရှိပေသည်။ **ဦးသိန်းအောင် နှင့် ဒေါ်ဝင်းအမှု** [၂] ကို ရည်ညွှန်းသည်။

လျှောက်ထားသူများ၏ရှေ့နေက **သက်သေခံ (စ) (ဆ) (ဇ)** ဆွေးနွေးချက်မှတ်တမ်းတွင် ဦးကျော်သိန်းတစ်ဦးတည်းသာ လက်မှတ်ထိုးပြီး ဦးစိုးသန်းလက်မှတ်ထိုးခြင်းမရှိကြောင်း၊ အဆိုပါဆွေးနွေးညှိနှိုင်းခြင်းများ ပြုလုပ်စဉ်က ဦးကျော်သိန်းအား မည်သူကမျှ ကိုယ်စားလှယ်လွှဲစာများ ပေးထားခြင်းမရှိသဖြင့် မြေပိုင်ဆိုင်သူများ အားလုံး၏ခွင့်ပြုချက်ကို ၎င်း တစ်ဦးတည်းက ရုပ်သိမ်း၍မရကြောင်း၊ ထိုစဉ်က အိမ်ထောင်ဦးစီးဖြစ်သူ ဒေါ်လှအေးပါဝင်ခဲ့ခြင်းမရှိသည့်ပြင် မြေပိုင်ရှင်အားလုံးပါဝင်ခြင်းမရှိသည့် အတွက် ရယကမှတ်တမ်းသည် တရားဝင်သည့် မှတ်တမ်းများမဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူများ၏ ရှေ့နေက **သက်သေခံ (ဇ)** မှတ်တမ်းတွင် ဦးကျော်သိန်းသည် အမွေဆိုင်များ၏ လွှဲအပ်ချက်အရ ကိုယ်စားလာခြင်းဖြစ်ကြောင်း နှင့် ၎င်းအား ဆုံးဖြတ်ပိုင်ခွင့်လွှဲအပ်ထား သဖြင့် ဦးကျော်သိန်း၏ ရုပ်သိမ်းချက်သည် ပိုင်ရှင်အားလုံးက ရုပ်သိမ်းခြင်းဖြစ်သည် မှာ ပေါ်လွင်ကြောင်း လျှောက်ထားတင်ပြသည်။

လျှောက်ထားသူ ဒေါ်မြင့်မြင့်ခိုင်သည် ဒေါ်လှအေး၏သမီးဖြစ်ပြီး ဦးအောင်သန်းဦးမှာ ၁၉၈၉ ခုနှစ်တွင် ဒေါ်မြင့်မြင့်ခိုင် နှင့် အိမ်ထောင်ပြု ပြီး အချင်းဖြစ်မြေနှင့် အိမ်တွင် ဒေါ်လှအေး၊ ဒေါ်မြင့်မြင့်ခိုင်တို့နှင့်အတူ

---

(၂) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၃၁

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

နေထိုင်သူဖြစ်သည်။ ထို့ကြောင့် ဦးအောင်သန်းဦး၊ ဒေါ်မြင့်မြင့်ခိုင်တို့သည် လည်း အချင်းဖြစ်မြေပေါ်တွင် အခမဲ့နေထိုင်သူများပင်ဖြစ်ကြသည်။ ဦးအောင်သန်းဦး နှင့် ဒေါ်မြင့်မြင့်ခိုင်တို့သည် အိမ်ထောင်ဦးစီးမဟုတ်သော် လည်း အောင်မြေသာစံ ရယကရုံးတွင် ညှိနှိုင်းစဉ်က မြေပေါ်နေထိုင်သူများ ဟု ဖော်ပြရာ အခမဲ့နေထိုင်သူများအနေဖြင့် ဆွေးနွေးသည်ဟု ဆိုရမည် ဖြစ်သည်။

၅-၁၂-၂၀၀၅ နေ့စွဲပါ **သက်သေခံ (ဇ)** ဆွေးနွေးခြင်းမှတ်တမ်း တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

" × × × × × × × × × × × × × × × × × × × × × × × × ×

ဦးကျော်သိန်း ( WMDY ၄၇၄၈၀၃) (အဘ) ဦးစိန်အေးမှ တင်ပြ သည်မှာ ကျနော်သည် အမွေဆိုင်များ၏ လွှဲအပ်ချက်အရ ကိုယ်စားလာ ရောက်ခြင်းဖြစ်ပါသည်။ ကျန်အမွေဆိုင်များသည် ကျနော်အား အဆုံး အဖြတ်ပေးနိုင်ခွင့်ကို လွှဲအပ်ခဲ့ပါသည်။×××"

ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၈၇ တွင် ကိုယ်စားလှယ်၏ အခွင့် အာဏာကို နှုတ်ဖြင့်လွှဲ၍ရကြောင်း ပြဋ္ဌာန်းထားသည်။ ၅-၁၂-၂၀၀၅ နေ့ တွင် အောင်မြေသာစံ ရယကရုံး၌ ဦးကျော်သိန်းသည် အမွေဆိုင်များအားလုံး ၏ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ထိုမှတ်တမ်းတွင် "×× ဒေါ်လှအေးတို့ မိသားစုအား (၃)လအတွင်း ထွက်ခွာပေးရန် နှင့် ထွက်ခွာ ခြင်းမပြုပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြပါသည်။ " ဟု ဖော်ပြထားရာ ဦးကျော်သိန်းပါ ၁၄ ဦးတို့သည် ဒေါ်လှအေး၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်သန်းဦးတို့အပေါ် အခမဲ့နေထိုင်ခြင်း

၂၀၁၁
ဒေါ်လှအေးပါ ၃
နှင့်
ဦးကျော်သိန်းပါ ၁၄

ကို ရုပ်သိမ်းပြီးဖြစ်ကြောင်း ပေါ်ပေါက်သည်။

အောင်မြေသာစံမြို့နယ်တရားရုံးက လျှောက်ထားခံရသူ ဦးကျော်သိန်းပါ ၁၄ ဦး စွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်သည့် စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ ဦးကျော်သိန်းပါ ၁၄ ဦး စွဲဆိုသည့်အတိုင်း အချင်းဖြစ်မြေ နှင့် အိမ်မှ ဒေါ်လှအေးပါ ၃ ဦးတို့အား အပြီးအပိုင် ထွက်ခွာသွားစေရန်ချမှတ်ခဲ့သည့် မန္တလေးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီမှာ မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း တွေ့ရသည့်အတွက် ဤရုံးမှ ဝင်ရောက်စွက်ဖက်ရန်မရှိပေ။

သို့အတွက် ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေစရိတ် ၁၀၀၀ိ/- သတ်မှတ်သည်။

## တရားမအထွေထွေလျှောက်ထားမှု
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးမြသိမ်း ရှေ့တွင်

## ဒေါ်သန်းသန်းဌေးပါ ၂

## နှင့်

## တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး
## မကွေးတိုင်းဒေသကြီးတရားလွှတ်တော်
## မကွေးမြို့ ပါ ၇*

+ ၂၀၁၁ ခုနှစ်
နိုဝင်ဘာလ
၂၉ ရက်

**ကျမ်းကျိန်လွှာပါအချက်များ မှန်ကြောင်းဝန်ခံချက်ပါရှိရန် လိုအပ်ခြင်း။ အမိန့်တစ်ရပ်သည် စီရင်ပိုင်ခွင့်အာဏာနှင့်စပ်လျဉ်း၍ မှားယွင်းခြင်းမရှိပါက စာချွန်တော်အမိန့် ထုတ်ဆင့်ရန် အကြောင်းမရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသည့် လျှောက်ထားလွှာနှင့်အတူ စာချွန်တော်အမိန့် လျှောက်ထားရခြင်း အကြောင်းအချက်များကို လျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာတွင်လည်း ပြည့်ပြည့်စုံစုံဖော်ပြပြီး ကျမ်းကျိန်လွှာပါအချက်များမှန်ကြောင်းဝန်ခံချက်ပါရှိရန် လိုအပ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် ထုတ်ဆင့်ရန် သင့် မသင့်ကို မူလရုံးများကဲ့သို့ သက်သေများဆင့်ခေါ် စစ်ဆေးမည်မဟုတ်ဘဲ လျှောက်ထားလွှာနှင့်ပူးတွဲ

* ၂၀၁၁ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၂၂

၂၀၁၁

ဒေါ်သန်းသန်းဌေးပါ ၂
နှင့်
တိုင်းဒေသကြီးတရား
လွှတ်တော်တရားသူကြီး
မကွေးတိုင်းဒေသကြီး
တရားလွှတ်တော်
မကွေးမြို့ပါ ၇

တင်ပြထားသည့် ကျမ်းကျိန်လွှာများကို စိစစ်ကြည့်ရှု၍ မျက်မြင်အားဖြင့် ချမှတ်သည့်အမိန့်များသည် ဥပဒေနှင့်ဆန့်ကျင်ခြင်း ရှိ မရှိ စာချွန်တော် အမိန့် ထုတ်ဆင့်ရန် လိုအပ်ခြင်း ရှိ မရှိကို စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။ **ချန်ယူတ (လျှောက်ထားသူ) နှင့် အမြဲတမ်း အတွင်းဝန်၊ နိုင်ငံခြား ရေးရုံး၊ ရန်ကုန်မြို့ပါ ၁ (လျှောက်ထားခံရသူများ) အမှု** [၁] ကိုကြည့်ပါ။

သို့ဖြစ်ရာ စာချွန်တော်လျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာများကို ပေါ့ပေါ့တန်တန် ပြုလုပ်ရန်မဟုတ်၊ လေးလေးနက်နက် သတိပြုဆောင်ရွက်ရန်ဖြစ်ကြောင်း **BO KYI MYINT and OTHERS (APPLICANTS) V. CONTROLLER OF RENTS, RANGOON and OTHERS (RESPONDENTS) အမှု** [၂] တွင်ညွှန်ပြထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အမိန့်တစ်ရပ်သည် အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည့်အမိန့်ဖြစ်သည်ဟုလည်းကောင်း၊ အခွင့်အာဏာရှိသည်ထက် ကျော်လွန်ဆုံးဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ထိုအမိန့်သည် အပေါ်ယံကြော ကြည့်ရုံဖြင့် ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်းဖြစ်နေသည့် အမိန့်တစ်ရပ်ဖြစ် သည်ဟုလည်း ကောင်း ပေါ်လွင်ခြင်းမရှိလျှင် ယင်းအမိန့်မျိုးကို ဤရုံးတော်မှ စာချွန်တော်အမိန့်နှင့် ပယ်ဖျက်ခွင့်မရှိကြောင်း **ဒေါ်ညွန့်ရီ (လျှောက်ထား သူ) နှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အတွင်းဝန်ပါ ၂ (လျှောက်ထားခံရသူ) အမှု** တွင်ညွှန်ပြထားသည်။

လျှောက်ထားသူများမှ နောက်တိုးငြင်းချက် ၇ ရပ် ထပ်မံထုတ် ပေးရန် လျှောက်ထားခြင်းအပေါ် ငြင်းပယ်ခဲ့သည့် တိုင်းဒေသကြီးတရားရုံး အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တိုင်းဒေသကြီးတရားလွှတ်တော်

အမိန့်များသည် ကြောင်းကျိုးဆီလျော်စွာသုံးသပ်၍ ၎င်းတို့၏ အခွင့်အာဏာရှိသည့်အတွင်း ဆုံးဖြတ်ခဲ့သည့် အမိန့်များဖြစ်ကြောင်းတွေ့ရသည်။ ထို့ပြင် ယင်းအမိန့်များသည် ဥပဒေအရ မှားယွင်းချွတ်ချော်လျက်ရှိသည်ဟု မဆိုနိုင်သဖြင့် စာချွန်တော်အမိန့်ထုတ်ဆင့်ရန် အကြောင်းမရှိပေ။

သို့ဖြစ်ရာ လျှောက်ထားသူများတင်သွင်းသည့် လျှောက်ထားလွှာအရ အမှုခေါ်စာချွန်တော်အမိန့်နှင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်အကြောင်းမရှိသဖြင့် လျှောက်ထားခံရသူများထံ အကြောင်းပြစေရန်အတွက် ကနဦး ဆုံးဖြတ်ချက်ချမှတ်ပေးရန် လိုအပ်ခြင်းမရှိကြောင်း တွေ့ရသည်။

လျှောက်ထားသူများအတွက် - ဒေါ်ဥမ္မာခင်
တရားလွှတ်တော်ရှေ့နေ

ဒေါ်သန်းသန်းဌေးနှင့် ဦးအောင်ငြိမ်းတို့က မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးပါ ၇ ဦးတို့အပေါ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆ အရ အမှုခေါ်စာချွန်တော်အမိန့် (Writ of Certiorari) နှင့် အာဏာပေးစာချွန်တော်အမိန့် ( Writ of Mandamas ) ထုတ်ဆင့်ပေးပါရန် လျှောက်ထားလွှာတင်သွင်း လျှောက်ထားသည်။

လျှောက်ထားသူများက မကွေးတိုင်းဒေသကြီးတရားရုံး၊ တရားမကြီးမှုအမှတ် ၂၆/၂၀၁၀ ဖြင့် လျှောက်ထားခံရသူ ဦးအေးကိုပါ ၅ ဦးက လျှောက်ထားသူများအပေါ် လိမ်လည်ဆောင်ရွက်ချုပ်ဆိုခဲ့သော မွေးစား

၂၀၁၁
ဒေါ်သန်းသန်းဌေးပါ ၂
နှင့်
တိုင်းဒေသကြီးတရား
လွှတ်တော်တရားသူကြီး
မကွေးတိုင်းဒေသကြီး
တရားလွှတ်တော်
မကွေးမြို့ပါ ၇

စာချုပ်နှင့် အပိုင်ပေးစာချုပ်များအားပယ်ဖျက်ပေးပြီး တရားလိုများ၏ အမွေပုံပစ္စည်းများကို ရုံးတော်မှ အုပ်ထိန်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခဲ့ကြောင်း၊ ရုံးငြင်းချက်များထုတ်ပြီးသည့်အဆင့်၌ လျှောက်ထားသူများ၏ရှေ့နေက တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၅ အရ နောက်တိုး ငြင်းချက် ၇ ခု ထပ်မံဖြည့်စွက်ထုတ်ပေးစေရန် လျှောက်ထားခဲ့ကြောင်း၊ ယင်းလျှောက်ထားချက်ကို မကွေးတိုင်းဒေသကြီးတရားရုံးက ၇-၁၂-၂၀၁၀ နေ့တွင် ပယ်ခဲ့ကြောင်း၊ အဆိုပါအမိန့်ကို မကျေနပ်သဖြင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားမပြင်ဆင်မှုအမှတ် ၁၁/၂၀၁၁ ဖြင့် တင်သွင်းလျှောက်ထားရာ ၂၉-၇-၂၀၁၁ နေ့စွဲပါအမိန့်ဖြင့် လျှောက်ထားသူများတင်သွင်းသည့် ပြင်ဆင်မှုကို ပလပ်ခဲ့ကြောင်း၊ လျှောက်ထားသူများက လျှောက်ထားခံရသူ ဦးအေးကိုပါ ၅ ဦး၏ အမှုသစ်စွဲဆိုခြင်းတည်မြဲနိုင်ခြင်း ရှိ မရှိ၊ ကိတ္တိမမွေးစားစာချုပ်မှတ်ပုံတင်အမှတ် ၄/၂၀၀၇ နှင့် မေတ္တာဖြင့် အပိုင်ပေးစာချုပ်မှတ်ပုံတင်အမှတ် ၁၉/၂၀၀၇ ကိုပယ်ဖျက်ပေးရန်အတွက် အမှုစွဲဆိုရန် အကြောင်းပေါ်ပေါက်ခြင်း ရှိ မရှိ၊ လျှောက်ထားသူ ဦးအောင်ငြိမ်းအား (၂) တရားပြိုင်အဖြစ် ပူးတွဲစွဲဆိုခြင်းသည် မှန်ကန်မှု ရှိ မရှိ တို့ကို ဆုံးဖြတ်ရန် ဥပဒေပြဿနာပေါ်ပေါက်နေကြောင်း စသည့်အကြောင်းအချက်များကို အဆုံးအဖြတ်ပေးရန်အတွက် နောက်တိုးငြင်းချက်အဖြစ် ထပ်မံထုတ်ပေးရန် လျှောက်ထားခြင်းဖြစ်ကြောင်းဖော်ပြ၍ မကွေးတိုင်းဒေသကြီးတရားရုံးတရားမကြီးမှုအမှတ် ၂၆/၂၀၁၀ တွင် ၇-၁၂-၂၀၁၀ နေ့စွဲဖြင့် ချမှတ်သည့်အမိန့်နှင့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားမပြင်ဆင်မှုအမှတ် ၁၁/၂၀၁၁ တွင် ၂၉-၇-၂၀၁၁ ရက်စွဲဖြင့် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီအပေါ် အမှုခေါ်စာချွန်တော်အမိန့်နှင့် အာဏာပေးစာချွန်တော်အမိန့်

များ ထုတ်ဆင့်ပေးရန် လျှောက်ထားလွှာတင်သွင်း လျှောက်ထားခဲ့ခြင်းဖြစ်သည်။

စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားသည့် လျှောက်ထားလွှာနှင့်အတူ စာချွန်တော်အမိန့် လျှောက်ထားရခြင်းအကြောင်းအချက်များကို လျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာတွင်လည်း ပြည့်ပြည့်စုံစုံဖော်ပြပြီး ကျမ်းကျိန်လွှာပါအချက်များ မှန်ကန်ကြောင်း ဝန်ခံချက် ပါရှိရန်လိုအပ်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စာချွန်တော်အမိန့် ထုတ်ဆင့်ရန် သင့် မသင့်ကို မူလရုံးများကဲ့သို့ သက်သေများဆင့်ခေါ်စစ်ဆေးမည် မဟုတ်ဘဲ လျှောက်ထားလွှာနှင့် ပူးတွဲတင်ပြထားသည့် ကျမ်းကျိန်လွှာများကို စိစစ်ကြည့်ရှု၍ မျက်မြင်အားဖြင့် ချမှတ်သည့်အမိန့်များသည် ဥပဒေနှင့်ဆန့်ကျင်ခြင်း ရှိ မရှိ၊ စာချွန်တော်အမိန့်ထုတ်ဆင့်ရန် လိုအပ်ခြင်း ရှိ မရှိကို စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။ **ချန်ယူတ (လျှောက်ထားသူ) နှင့် အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးရုံး၊ ရန်ကုန်မြို့ပါ ၁ (လျှောက်ထားခံရသူများ) အမှု** [(၁)] ကိုကြည့်ပါ။

သို့ဖြစ်ရာ စာချွန်တော်လျှောက်ထားလွှာနှင့် ပူးတွဲတင်သွင်းသည့် ကျမ်းကျိန်လွှာများကို ပေါ့ပေါ့တန်တန်ပြုလုပ်ရန်မဟုတ်၊ လေးလေးနက်နက် သတိပြုဆောင်ရွက်ရန်ဖြစ်ကြောင်း **BO KYI MYINT and OTHERS (APPLICANTS) V. CONTROLLER OF RENTS, RANGOON and OTHERS (RESPONDENTS) အမှု** [(၂)] တွင် ညွှန်ပြထားသည်။

လျှောက်ထားသူများတင်သွင်းသည့် လျှောက်ထားလွှာနှင့် ယင်း

---

**(၁) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်ချုပ်)၊ စာ-၄၆**

၂၀၁၁
ဒေါ်သန်းသန်းဌေးပါ ၂
နှင့်
တိုင်းဒေသကြီးတရား
လွှတ်တော်တရားသူကြီး
မကွေးတိုင်းဒေသကြီး
တရားလွှတ်တော်
မကွေးမြို့ပါ ၇

လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြသည့် ကျမ်းကျိန်လွှာများကို စိစစ်ကြည့်ရာ မကွေးတိုင်းဒေသကြီးတရားရုံးက အမှုအတွက် အဆုံးအဖြတ်ပေးရန်လိုအပ်မည့် ငြင်းချက်များကို ထုတ်ဆင့်ပေးပြီးနောက် လျှောက်ထားသူများက နောက်တိုးငြင်းချက် ၇ ရပ် ထပ်မံထုတ်ပေးရန် လျှောက်ထားခဲ့သည်။ တိုင်းဒေသကြီးတရားရုံးက ယင်းလျှောက်ထားချက်ကို ပယ်ခဲ့သဖြင့် လျှောက်ထားသူများက မကွေးတိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုတင်သွင်းရာ အောင်မြင်ခြင်းမရှိဘဲ ပလပ်ခံရသဖြင့် အဆိုပါအမိန့်များအပေါ် အမှုခေါ်စာချွန်တော်နှင့် အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် လျှောက်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။

လျှောက်ထားသူများမှ နောက်တိုးငြင်းချက်အဖြစ် ထုတ်ဆင့်ပေးရန် တင်ပြသည့်ငြင်းချက် ၇ ရပ်ကို ထပ်မံထုတ်ဆင့်ပေးရန် လိုအပ်ခြင်းမရှိကြောင်း တိုင်းဒေသကြီးတရားရုံးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တို့က တစ်သဘောတည်းကောက်ယူ သုံးသပ်၍ ခွင့်မပြုခဲ့ခြင်းဖြစ်သည်။

အမိန့်တစ်ရပ်သည် အခွင့်အာဏာမရှိဘဲ ချမှတ်ခဲ့သည့်အမိန့်ဖြစ်သည်ဟုလည်းကောင်း၊ အခွင့်အာဏာရှိသည်ထက် ကျော်လွန်ဆုံးဖြတ်ခဲ့သည်ဟုလည်းကောင်း၊ ထိုအမိန့်သည် အပေါ်ယံကြောကြည့်ရုံဖြင့် ဥပဒေအရ မှားယွင်းချွတ်ချော်ခြင်းဖြစ်နေသည့် အမိန့်တစ်ရပ်ဖြစ်သည်ဟုလည်းကောင်း ပေါ်လွင်ခြင်းမရှိလျှင် ယင်းအမိန့်မျိုးကို ဤရုံးတော်မှ စာချွန်တော်အမိန့်နှင့် ပယ်ဖျက်ခွင့်မရှိကြောင်း **ဒေါ်ညွန့်ရီ (လျှောက်ထားသူ) နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အတွင်းဝန်ပါ ၂ (လျှောက်ထား**

(၂) ၁၉၅၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်ချုပ်)၊ စာ-၁၈၅

**ခံရသူ)** (၃) အမှုတွင် ညွှန်ပြထားသည်။

လျှောက်ထားသူများမှ နောက်တိုးငြင်းချက် ၇ ရပ် ထပ်မံထုတ်ပေးရန် လျှောက်ထားခြင်းအပေါ် ငြင်းပယ်ခဲ့သည့် တိုင်းဒေသကြီးတရားရုံးအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် တိုင်းဒေသကြီးတရားလွှတ်တော်အမိန့်များသည် ကြောင်းကျိုးဆီလျော်စွာ သုံးသပ်၍ ၎င်းတို့၏အခွင့်အာဏာရှိသည့်အတွင်း ဆုံးဖြတ်ခဲ့သည့် အမိန့်များဖြစ်ကြောင်း တွေ့ရသည်။ ထို့ပြင် ယင်းအမိန့်များသည် ဥပဒေအရ မှားယွင်းချွတ်ချော်လျက်ရှိသည်ဟု မဆိုနိုင်သဖြင့် စာချွန်တော်အမိန့် ထုတ်ဆင့်ရန်အကြောင်းမရှိပေ။

၂၀၁၁
ဒေါ်သန်းသန်းဌေးပါ ၂ နှင့်
တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး
မကွေးတိုင်းဒေသကြီးတရားလွှတ်တော်
မကွေးမြို့ပါ၇

သို့ဖြစ်ရာ လျှောက်ထားသူများတင်သွင်းသည့် လျှောက်ထားလွှာအရ အမှုခေါ်စာချွန်တော်အမိန့်နှင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန်အကြောင်းမရှိသဖြင့် လျှောက်ထားခံရသူများထံ အကြောင်းပြစေရန်အတွက် ကနဦးဆုံးဖြတ်ချက် ချမှတ်ပေးရန် လိုအပ်ခြင်းမရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် လျှောက်ထားသူများ တင်သွင်းသည့် လျှောက်ထားလွှာကိုပယ်သည်။

---

**(၃) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားရုံးချုပ်)၊ စာ-၆၉၁(၆၉၆)**

**တရားမအထူးအယူခံမှု**
**ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော**
**ဦးစိုးညွန့် နှင့် ဦးအောင်ဇော်သိန်း တို့ရှေ့တွင်**

+ ၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၁၉ ရက်

**ဦးဟာရစ်ချန်ဒရာပါ ၄**

**နှင့်**

**ဒေါ်နီသား (ခ) ဒေါ်လှလှတင်ပါ ၆ ***

**နစ်နာကြေးငွေရလိုမှုနှင့် အမြဲတမ်း တားဝရမ်းရလိုမှုစွဲဆိုခြင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄၊ မည်သည့်အခါ ထာဝရတားဝရမ်းခွင့်ပြုနိုင်ခြင်း၊ ထာဝရတားဝရမ်း၏ သဘောသဘာဝ၊သီးခြားသက်သာ ခွင့်အက်ဥပဒေပုဒ်မ ၅၅၊ မည်သည့်အခါ အာဏာတ္တိက တားဝရမ်းထုတ်ပေးနိုင်ခြင်း၊ ထာဝရတားဝရမ်း နှင့် အာဏာတ္တိကတားဝရမ်းတို့၏ ကွဲပြား ခြားနားချက်။**

**ဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်အရဆိုလျှင် တရားပြိုင်သည်ပစ္စည်း၌ တရားလို၏ အခွင့်အရေးကို

---

* ၂၀၁၁ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၁၃

\+ ၂၀၀၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၃၁ ၌ ချမှတ်သော တရားရုံးချုပ် (ရန်ကုန်)၏ ၃-၁၁-၂၀၀၉ ရက်နေ့စွဲပါ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံမှု။

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

ဖြစ်စေ၊ တရားလို၏ပစ္စည်းခံစားခွင့်ကိုဖြစ်စေ ထိပါးလျှင်သော်လည်းကောင်း၊ ထိပါးရန်ခြိမ်းခြောက်လျှင်သော်လည်းကောင်း တရားရုံးက အောက်ပါကိစ္စများတွင် ထာဝရတားဝရမ်း ခွင့်ပြုနိုင်သည်-

(က) တရားပြိုင်သည် တရားလိုအတွက် ပစ္စည်းကို ယုံကြည်အပ်နှံခံရသူဖြစ်ခြင်း၊

( ခ) ထိပါးခြင်းကြောင့်ဖြစ်စေသော သို့မဟုတ် ဖြစ်စေတန်ရာသော အမှန်တကယ်ပျက်စီးနစ်နာမှုကို သိသာစေသည့် စံနှုန်းမရှိခြင်း၊

( ဂ) ငွေကြေးပေးလျော်စေခြင်းသည် လုံလောက်သော သက်သာခွင့်ဖြစ်မည်မဟုတ်သော ထိပါးမှုဖြစ်ခြင်း၊

(ဃ) ထိပါးခြင်းအတွက် ငွေကြေးဖြင့် လျော်ကြေးရနိုင်ဖွယ်ရာမရှိခြင်း၊

( င) တရားစီရင်သောမှုခင်းများ ပွားများခြင်းကို ပိတ်ပင်ရန်အလို့ငှာ တားဝရမ်းထုတ်ဆင့်ရန် လိုအပ်ခြင်း။

သို့ဖြစ်၍ထာဝရတားဝရမ်း၏ သဘောသဘာဝမှာ တရားပြိုင်အားသတ်မှတ်ထားသော အမှုကိစ္စကိုမပြုလုပ်စေရန်၊ အစဉ်အမြဲ ရှောင်ကြဉ်ရန်တားဆီးပိတ်ပင်ခြင်းဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ တွင် တာဝန်ဖောက်ဖျက်မှုကို တားဆီးပိတ်ပင်ရန် အလို့ငှာတရားရုံးက ဆောင်ရွက်စေနိုင်သော အမှုကိစ္စအချို့ကို ဆောင်ရွက်စေရန်အလို့ငှာ ဆင့်ဆိုရန်လိုအပ်လျှင် တိုင်တန်းလျှောက်ထားသောဖောက်ဖျက်မှုကိုတားဆီးပိတ်ပင်ရန်နှင့် လိုအပ်သည့်အမှုကိစ္စများကို ဆောင်ရွက်စေရန် အလို့ငှာ ဆင့်ဆိုရန်

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

မိမိသဘောအတိုင်း တားဝရမ်းခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ အရ ထုတ်ဆင့်သော အာဏတ္တိက တားဝရမ်းများသည် အနှစ်သာရအားဖြင့် တရားပြိုင်အား အမှုကိစ္စတစ်ရပ်ရပ်ကိုဆောင်ရွက်စေသည့် တားဝရမ်းမျိုးသာဖြစ်သည်။ အမြဲတမ်းတားဝရမ်းမှာကဲ့သို့ တာဝန်ဖောက်ဖျက်မှုကို တားဆီးပိတ်ပင်ပါသော်လည်း လိုအပ်သည့်အမှုကိစ္စကို ဆောင်ရွက်ရန် ဆင့်ဆိုသည့် တားဝရမ်းဖြစ်သည်။ သို့ဖြစ်၍ ထိုတားဝရမ်းကို အာဏတ္တိက သို့မဟုတ် အမိန့်ပေးတားဝရမ်းဟု ခေါ်ခြင်းဖြစ်သည်။ပုဒ်မ ၅၅ ၏ ဥပမာများကို ဖတ်ရှုပါက တရားပြိုင်များအား မည်သည့်အမှုကိစ္စများ ပြုလုပ်စေရန် ဆင့်ဆိုသည့် တားဝရမ်းများဖြစ်ကြောင်း ထင်ရှားတွေ့မြင်နိုင်သည်။ ဤအချက်တွင် အာဏတ္တိက တားဝရမ်းများသည် ထာဝရတားဝရမ်းများနှင့် ကွဲပြားခြားနားသည်။

အဆိုပါပုဒ်မ ၅၅ အရ အာဏတ္တိက တားဝရမ်းထုတ်ဆင့်ပေးရန် စွဲဆိုသောအမှုတွင် တရားပြိုင်အနေဖြင့် တစ်စုံတစ်ခုသော အမှုကိစ္စများကို ပြုရန် တာဝန်ရှိပြီး ထိုတာဝန်ကို ဖောက်ဖျက်ကြောင်း တရားလိုက အဆိုပြုရမည်ဖြစ်သည်။ တရားပြိုင်တွင် တစ်စုံတစ်ခုသောအမှုကိစ္စကိုပြုရန်တာဝန်မရှိပါက ထိုအမှုကိစ္စကို ဆောင်ရွက်စေရန်အတွက် အာဏတ္တိကတားဝရမ်းထုတ်ပေးနိုင်မည်မဟုတ်ပေ။ ယင်းမူသဘောကို **အီဝင်းရှောက်ဝ နှင့် ဦးဖိုးညွန့် အမှု**[7] တွင်ကြည့်ပါ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၅၅ အရ အာဏတ္တိက တားဝရမ်းကို တရားပြိုင်အနေဖြင့် တာဝန်ဖောက်ဖျက်

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

ခြင်းမပြုစေရန် ထုတ်ဆင့်ခြင်းဖြစ်ရာ တာဝန်မရှိသည့်ကိစ္စ၌ ထိုတားဝရမ်းကို ထုတ်ဆင့်ခြင်းပြုနိုင်မည်မဟုတ်ချေ။ မူလရုံးတရားပြိုင်များက အဆောက်အအုံကို ပြင်ဆင်ခြင်းတွင် အိမ်ရှင်ဖြစ်သူ တရားလို ဒေါ်နီသား (ခ) ဒေါ်လှလှတင်ထံ အကြောင်းကြားရန် တာဝန်မရှိသည့်အလျောက် တရားရုံးချုပ်က တရားပြိုင်များအား နောင်တွင် အဆောက်အအုံအား ပြင်ဆင်ရန်ပေါ်ပေါက်ပါက တရားလိုထံအကြောင်းကြား၍ ဆောင်ရွက်စေရန် အာဏာတ္တိကတားဝရမ်းထုတ်ဆင့်ပေးခြင်းမှာ တရားလိုမတောင်းဆိုသော ထာဝရတားဝရမ်းနှင့် အကျိုးသက်ရောက်မှုချင်းမတူညီသော သက်သာခွင့်ကို ချမှတ်ပေးရာရောက်သောကြောင့် မှန်ကန်သည်ဟု မဆိုသာချေ။

| | |
|---|---|
| အယူခံတရားလိုများအတွက် | - ဦးအောင်သစ်<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၁)အတွက် | - ဦးမြဟန်<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၂)(၃)(၄)(၆)အတွက် | - ကိုယ်တိုင် (မလာ) |
| အယူခံတရားပြိုင်(၅)အတွက် | - ဦးခင်မောင်ဌေး<br>တရားလွှတ်တော်ရှေ့နေ |

ရန်ကုန်တိုင်းတရားရုံး၊ ၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၉၅ တွင် ဒေါ်နီသား (ခ) ဒေါ်လှလှတင်က တရားပြိုင် ဦးမောင်မောင်ထွန်းပါ ၉ ဦးတို့အပေါ် နစ်နာကြေးငွေကျပ်သိန်း (၂၀၀) ရလိုမှုနှင့် အမြဲတမ်းတားဝရမ်းရလိုမှုစွဲဆိုရာ စရိတ်နှင့်တကွ ပလပ်ခံရသည်။ ယင်းဒီကရီအပေါ်

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

တရားလို ဒေါ်နီသား (ခ) ဒေါ်လှလှတင်က ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်သို့ ၂၀၀၉ ခုနှစ်၊ တရားမပထမ အယူခံမှုအမှတ် ၂၃၁ ဖြင့် တင်သွင်းခဲ့သည်။ တရားရုံးချုပ်က အယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြု၍ နစ်နာကြေးငွေကျပ်သိန်း (၂၀၀) ရလိုမှုနှင့်စပ်လျဉ်း၍ ပလပ်ခြင်းကို အတည်ပြုပြီး အမြဲတန်းတားဝရမ်းရလိုမှု စွဲဆိုခြင်းအပေါ် တရားပြိုင်များသည် နောင်တွင် အဆောက်အအုံအား ပြင်ဆင်ရန် ပေါ်ပေါက်ပါက တရားလိုထံအကြောင်းကြား၍ ဆောင်ရွက်စေရန် ထာဝရတားဝရမ်းကို စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့သည်။ တရားရုံးချုပ်၏ ဒီကရီအပေါ် တရားပြိုင် ဦးဟာရစ်ချန်ဒရာ၊ ဦးကြည်ဇင်၊ ဦးရွှေဖံအောင်နှင့် ဦးကျော်ဒိုးတို့ (၄)ဦးက ကျေနပ်မှုမရှိသဖြင့် အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၀ ပြည့်နှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၁၀၄ တွင် လျှောက်ထားရာ အောက်ပါပြဿနာကို အထူးအယူခံခုံရုံးဖြင့် ကြားနာရန်အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> " တရားလိုက တရားပြိုင်များအပေါ် နစ်နာကြေးရလိုမှုနှင့် ထာဝရတားဝရမ်းထုတ်ဆင့်ပေးရန် သက်သာခွင့် ၂ ရပ်ရထိုက်ကြောင်းတောင်းခံစွဲဆိုထားသောအမှုတွင် ဒုတိယသက်သာခွင့်သည် တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ အရ ထာဝရတားဝရမ်းတောင်းခံစွဲဆိုထားခြင်းဖြစ်ပါလျက် တရားပြိုင်အား လိုက်နာဆောင်ရွက်စေသည့် ဝရမ်းအမိန့်ထုတ်ဆင့်ရန် ဆုံးဖြတ်ခြင်းမှာ ယင်းဥပဒေပုဒ်မ ၅၅ အရ အာဏတ္တိက တားဝရမ်းအမိန့်ချမှတ်ထားရာရောက်သဖြင့် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်း ရှိ မရှိ။"

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

ရန်ကုန်တိုင်းတရားရုံးက ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉) ရပ်ကွက်၊ (၃၁) လမ်း၊ အမှတ် (၇၃/၇၅/၇၇) ဟုခေါ်တွင်သော အချင်းဖြစ်အဆောက်အအုံအား တရားပြိုင်များသည် ၎င်းတို့၏ ဆန္ဒအလျောက် ထုရိုက်ခြင်း၊ ဖောက်ထွင်းခြင်း၊ ခွာချခြင်းပြုလုပ်ဖျက်ဆီးဆောင်ရွက်ခြင်း မဟုတ်ဘဲ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အကြီးစားပြင်ဆင်ခွင့်ပြုချက်အရ အကြီးစားပြင်ဆင် ဆောင်ရွက်ခြင်း မှန်ကန်ကြောင်း၊ တရားပြိုင်များ၏ ပြုလုပ်ဆောင်ရွက်မှုကြောင့် တိုက်အတွင်းအခန်းများ အက်ကွဲရခြင်းမဟုတ်ဘဲ မူလကပင် အက်ကွဲမှုများဖြစ်ပေါ်နေကြောင်း၊ တရားလိုတောင်းဆိုသော နစ်နာကြေးနှင့် အမြဲတန်းတားဝရမ်းတို့ ရခွင့်ရှိမည်မဟုတ်ကြောင်း ဖြေဆိုသုံးသပ်ပြီး အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ်က အချင်းဖြစ်အဆောက်အအုံသည် အကြီးစားပြုပြင်ရန် အခြေအနေပေါ်ပေါက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ခွင့်ပြုချက်ဖြင့် တရားပြိုင်များက ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပြင်ဆင်ခဲ့ခြင်းအပေါ် တရားလိုဘက်မှ ပျက်စီးဆုံးရှုံးမှုမှာ ကျပ်သိန်း (၂၀၀) ဖြစ်ကြောင်း ယေဘုယျသာတင်ပြထားပြီး တိကျသောတွက်ချက်မှုမျိုးဖြင့် သက်သေတင်ပြနိုင်ခဲ့ခြင်းမရှိကြောင်း၊ ထို့ကြောင့် မူလတိုင်းတရားရုံးက တရားလိုတောင်းဆိုသော ပထမ သက်သာခွင့်ဖြစ်သည့် နစ်နာကြေး ငွေကျပ်သိန်း (၂၀၀) နှင့်ပတ်သက်၍ ပလပ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိကြောင်း၊ မူလရုံးတရားပြိုင်များဖြစ်သည့် အိမ်ငှားများသည် အချင်းဖြစ်အဆောက်အအုံအား အိမ်ရှင်တရားလို၏ ခွင့်ပြုချက်မရဘဲ ပြင်ဆင်ခဲ့ခြင်းဖြစ်၍ နောင်တွင်ထိုသို့ လုပ်ဆောင်မှုများ မပြုလုပ်နိုင်စေရန်

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

ထာဝရ တားဝရမ်းထုတ်ပေးသင့်သည်ဟု သုံးသပ်ပြီး အယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုကာ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီတွင် နစ်နာကြေး ငွေကျပ်သိန်း (၂၀၀) ရလိုမှုနှင့် စပ်လျဉ်း၍ ပလပ်ခဲ့ခြင်းအား အတည်ပြုပြီး၊ အမြဲတန်းတားဝရမ်းရလိုမှုစွဲဆိုခြင်းအပေါ် ပလပ်ခဲ့ခြင်းကို ပယ်ဖျက်၍ တရားပြိုင်များသည် နောင်တွင် အဆောက်အအုံအား ပြင်ဆင်ရန်ပေါ်ပေါက်ပါက တရားလိုထံ အကြောင်းကြား၍ ဆောင်ရွက်စေရန် ထာဝရတားဝရမ်းအား စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလိုတို့၏ ရှေ့နေက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၃၊ ဒုတိယအပိုဒ်တွင် (က) တရားလို၏ အခွင့်အရေးနှင့်ဆန့်ကျင်သည့်အခွင့်အရေးများရှိကြောင်း တောင်းဆိုခြင်းမပြုရန် သို့မဟုတ် (ခ) အမှုကိစ္စကိုမပြုရန်အတွက် ထာဝရတားဝရမ်းထုတ်ဆင့်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီး ပုဒ်မ ၅၄ ပြဋ္ဌာန်းချက်အရ ထာဝရ တားဝရမ်း၏ သဘောသဘာဝမှာ တရားပြိုင်အား တစ်စုံတစ်ရာမပြုလုပ်ရန် တားဝရမ်းထုတ်ဆင့်ခြင်းဖြစ်ကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၅၅ အရ ထုတ်ဆင့်သော အာဏတ္တိက တားဝရမ်းများသည် တရားပြိုင်အား အမှုကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေသည့် တားဝရမ်းမှုမျိုးဖြစ်ကြောင်း၊ အိမ်ငှားများသည် ငှားရမ်းသည့် ဥပစာကို ပြင်ဆင်ခြင်းသည်ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၈ တွင်ပါရှိသော အခွင့်အရေးနှင့်တာဝန်များအနက် အိမ်ငှားတာဝန်ကိုဖောက်ဖျက်ခဲ့လျှင် တရားရုံးသည် ပုဒ်မ ၅၅ အရ အာဏတ္တိက တားဝရမ်းထုတ်ဆင့်နိုင်ကြောင်း၊ **ဒေါ်ကျင်သီနှင့် ဦးထွန်းရပါ ၂ အမှု** [၁]၊ **ဦးစူလ်တန်နှင့်**

(၁) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

**ဦးစိန်မောင်အမှု[၂]၊ ဦးချစ်အောင်ပါ ၁၀ နှင့်ဦးဉာဏ်ဝင်းပါ ၂ အမှု[၃]** အရ လည်းဥပစာကို ပြင်ဆင်ခြင်းသည် အိမ်ငှားတာဝန်ဖောက်ဖျက်ခြင်း မဟုတ်ကြောင်း၊ အိမ်ငှားတာဝန်ဖောက်ဖျက်ရာရောက်ခဲ့လျှင် စည်ပင်သာယာရေးကော်မတီက အိမ်ငှားများအား အကြီးစားပြင်ဆင်မှုများကို ခွင့်ပြုမည်မဟုတ်ကြောင်း၊ သို့ဖြစ်၍ အိမ်ရှင်သည် အိမ်ငှားများပြုပြင်ထားသည်များကို မူရင်းအခြေအနေသို့ ပြန်ရောက်စေရန် တားဝရမ်းထုတ်ပေးရန် အရေးမဆိုခြင်း ဖြစ်ကြောင်း၊ အိမ်ငှားများသည်ဥပစာကို ပြင်ဆင်ရန် အကြောင်းအားလျော်စွာ ပေါ်ပေါက်ပါက အိမ်ရှင်ထံအကြောင်းကြားရန် တာဝန်ရှိကြောင်း ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေတွင်ဖြစ်စေ၊ ပဋိညာဉ်အက်ဥပဒေတွင်ဖြစ်စေ၊ အခြားဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ အာဏာတ္တိက တားဝရမ်းကို တရားပြိုင်အနေဖြင့် တာဝန်ဖောက်ဖျက်ခြင်းမပြု ရန် ထုတ်ဆင့်ခြင်းမပြုနိုင်ကြောင်း၊ အိမ်ရှင် ဒေါ်နီသား (ခ) ဒေါ်လှလှတင်က တားဝရမ်းထုတ်ဆင့်ပေးရန်သာ လျှောက်ထားစွဲဆိုခြင်းဖြစ်ပြီး တရားရုံးချုပ်က ထုတ်ဆင့်သော တားမြစ်သည့်ဝရမ်းမျိုးမဟုတ်ကြောင်း၊ ထာဝရတားဝရမ်းနှင့် အာဏာတ္တိက တားဝရမ်းတို့သည် ကွဲပြားခြားနားပါလျက် တရားရုံးချုပ်က မူလရုံးတရားလို မတောင်းဆိုသော တားဝရမ်းကို ထုတ်ဆင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တရားရုံးချုပ်၏စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ပြီး မူလရုံး၏ဒီကရီကို ပြန်လည်အတည်ပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

---

**(၂) ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၉**

**(၃) ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၉၁ (စုံညီ)**

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

အယူခံတရားပြိုင်အမှတ် (၁) ၏ ရှေ့နေက မူလရုံးတရားလို ဒေါ်နီသား(ခ)ဒေါ်လှလှတင်၊ လိုပြသက်သေ ဦးချစ်သိန်း၊ ဦးအောင်သန်းမြင့်တို့၏ ထွက်ဆိုချက်နှင့်တရားပြိုင် ဦးမောင်မောင်ထွန်း၊ ဦးရွှေဇံအောင်၊ ဦးဟာရစ်ချန်ဒရာတို့၏ထွက်ဆိုချက်အရ အချင်းဖြစ်ဆောက်အအုံကို ပြင်ဆင်ရာတွင် အိမ်ရှင် ဒေါ်နီသား (ခ) ဒေါ်လှလှတင်ထံ ခွင့်မတောင်းခဲ့ကြောင်းမှာ ထင်ရှားကြောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရလည်းကောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၈ (စ) အရလည်းကောင်း အိမ်ငှားသည် အိမ်ဥပစာကိုပြင်ဆင်လိုလျှင် အိမ်ရှင်၏ခွင့်ပြုချက်ရမှ ပြင်ဆင်ခွင့်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တရားရုံးချုပ်က နောင်ပြင်ရန်အကြောင်းပေါ်ပေါက်လျှင် အိမ်ရှင်တရားလိုထံ အကြောင်းကြားပြီး ဆောင်ရွက်ရန်ဟု ဆုံးဖြတ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်မှန်ကန်ကြောင်း၊ **ဘန်ဟင်းနှင့်မိုဟာမက်ဂျမေး အမှု**[၄] တွင် အိမ်ရှင်က အသိပေးတားမြစ်ထားသည့်ကြားမှ အိမ်ရှင်ခွင့်ပြုချက်မပါဘဲ အိမ်ငှားကဆောက်လုပ်လျှင် အမြဲတမ်း တားဝရမ်းထုတ်ပေးနိုင်ကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ တွင် တရားပြိုင်သည် ပစ္စည်း၌ တရားလို၏ အခွင့်အရေးကိုထိပါးလျှင် ထာဝရတားဝရမ်းခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ တွင် ရုံးတော်သည် တာဝန်တစ်ခုအား ချိုးဖောက်ခြင်းကို ကာကွယ်ရန် ဆင်ခြင်တုံတရားသုံးစွဲ၍ တားဝရမ်းကို ထုတ်ပေးနိုင်သည့်အပြင် လိုအပ်သော ဆောင်ရွက်မှုကို အတင်းအကျပ်ပြုလုပ်ရန်လည်း တားဝရမ်းထုတ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ တရားပြိုင်များသည် မြို့ပြဆိုင်ရာ ငှားရမ်းခ

(၄) **၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၅၀**

ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယ ပိုင်းနှင့်ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၈ အရ အိမ်ငှားတွင် တာဝန်ရှိသည့် အိမ်ရှင်ကို ခွင့်တောင်းရန်ကိစ္စကို မဆောင်ရွက်ပျက်ကွက် သဖြင့် နောင်တွင် ယင်းသို့ ပျက်ကွက်ခြင်း မပြုလုပ်စေရန်အတွက် တရားရုံးချုပ်က တားဝရမ်းထုတ်ပေးခြင်းမှာ မှားယွင်းမှုမရှိကြောင်း၊ ဤအထူးအယူခံမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၂) (၃) (၄) နှင့် (၆) တို့သည် ရုံးရှေ့သို့ လာရောက်တင်ပြကြခြင်းမပြုချေ။

အယူခံတရားပြိုင်အမှတ် (၅) ၏ ရှေ့နေက အချင်းဖြစ် အဆောက်အအုံတွင် ပါဝင်သော အိမ်ခန်းများကို အပျောက်ငွေဖြင့်ဝယ်ယူထားသူ အိမ်ခန်းပိုင်ရှင်များသည် မိမိတို့ဝယ်ယူလက်ရှိထားသော အိမ်ခန်းနှင့်စပ်လျဉ်း၍ ပြုပြင်မွမ်းမံပြင်ဆင်ပိုင်ခွင့်၊ သက်ဆိုင်ရာဌာန၏ တရားဝင်ခွင့်ပြုချက်နှင့်အညီ စုပေါင်းမွမ်းမံပြင်ဆင်ပိုင်ခွင့်များအပေါ် တရားရုံးချုပ်မှထာဝရ တားဝရမ်းချမှတ်ခဲ့သည်မှာ အမှန်တကယ်အကျိုးခံစားပိုင်ဆိုင်ခွင့်ရှိသူများ၏ ရမြဲဖြစ်သော အခွင့်အရေးကို မီးသေပိတ်ပင်ရာရောက်ကြောင်း၊ အပျောက်ငွေပေး၍ ဝယ်ယူထားသော အိမ်ခန်းပိုင်ရှင်များ ရမြဲအခွင့်အရေးများ ကွယ်ပျောက်စေကာ တရားမျှတမှုကင်းမဲ့ရာရောက်စေကြောင်း၊ သို့ဖြစ်၍ တရားရုံးချုပ်၏ဆုံးဖြတ်ချက်မှာ လူအများလက်ခံလိုက်နာကျင့်သုံးသည့် ဓလေ့ထုံးစံနှင့် ဆန့်ကျင်နေကြောင်း၊ အပျောက်ငွေအဖိုးစားနားပေး၍ ဝယ်ယူထားသော အိမ်ခန်းများကို ရေရှည်နေထိုင်နိုင်ရေးအတွက် မပျက်စီး၊ မယိုယွင်းစေအောင် မွမ်းမံ၊ ပြင်ဆင်၊ ထိန်းသိမ်းလိုသော မူလရုံးတရားပြိုင် အိမ်ခန်းပိုင်ရှင်များ ရခွင့်ရှိသည့် အခွင့်အရေးနှင့်စပ်လျဉ်း၍ မရနိုင်စေရန် ပိတ်ပင်တားမြစ်သည့်

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄ နှင့် ဒေါ်နီသား (ခ) ဒေါ်လှလှတင်ပါ ၆

မီးသေအမိန့်ချမှတ်ခြင်းမျိုးဖြစ်နေ၍ တရားရုံးချုပ်၏ ထာဝရတားဝရမ်းအမိန့်ကို ပြန်လည်စိစစ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးတရားလိုက အဆိုလွှာတွင် အချင်းဖြစ် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၉) ရပ်ကွက်၊ (၃၁) လမ်း၊ အမှတ် (၇၃/၇၅/၇၇) အဆောက်အအုံပိုင်ရှင်ဖြစ်ကြောင်း၊ ယင်းအဆောက်အအုံကို တရားလို၏ ခွင့်ပြုချက်မရဘဲ ပြင်ဆင်ခြင်းမပြုရန် ၁၉-၅-၀၃ နေ့စွဲပါ ကြေးမုံသတင်းစာဖြင့် တားမြစ်ခဲ့ကြောင်း၊ တရားပြိုင်များသည် တရားလိုအား ခွင့်တောင်းခြင်းမပြုဘဲ ၎င်းတို့သဘောဆန္ဒအလျှောက် ၆-၉-၀၆ နေ့မှစ၍ အဆောက်အအုံကိုထုရိုက်ခြင်း၊ ဖောက်ထွင်းခြင်း၊ ခွာချခြင်းများပြုလုပ်ကြောင်း၊ တရားပြိုင်များနှင့် ၎င်းတို့အလုပ်သမားများ၏ ဆောင်ရွက်မှုကြောင့် အဆောက်အအုံမှာ ပျက်စီးဆုံးရှုံးမှုဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုမှာ ကျပ်သိန်း (၂၀၀) ခန့်ရှိပြီဖြစ်ကြောင်း၊ အမြဲတန်း တားဝရမ်းရထိုက်ကြောင်း အဆိုပြုသည်။ သို့ဖြစ်၍ မူလရုံးတရားလိုသည် ၎င်း၏ခွင့်ပြုချက်မရဘဲ တရားပြိုင်များက အဆောက်အအုံကို မိမိတို့သဘောအလျောက်ပြုပြင်ခြင်းမပြုလုပ်စေရန် အတွက် တားမြစ်စေသည့် ထာဝရတားဝရမ်း(perpetual Injunction) ထုတ်ဆင့်ပေးရန် သက်သာခွင့် တောင်းဆိုခြင်းဖြစ်သည်။

မူလရုံးတရားလို ဒေါ်နီသား (ခ) ဒေါ်လှလှတင်က အချင်းဖြစ် အဆောက်အအုံ၏ အခန်းအမှတ် (၅) (၆) (၁၃) (၁၄) တွင် တရားလိုက နေထိုင်ပြီး တရားပြိုင်များသည် ကျန်အခန်းများ၌ နေထိုင်သူ အိမ်ငှားမိသားစုဝင်များဖြစ်ကြကြောင်းအဆိုပြုထားရာ ချေလွှာတွင် တရားပြိုင်တို့သည် တရားလို၏ အိမ်ငှားမိသားစုဝင်များမဟုတ်ကြောင်းသာ ငြင်းဆိုထားပြီး၊

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

မည်သည့်အကြောင်းကြောင့် အချင်းဖြစ်အဆောက်အအုံတွင် နေထိုင်ခြင်း ဖြစ်ကြောင်း ချေပထားခြင်းမရှိချေ။

အချင်းဖြစ်အဆောက်အအုံကို မူလပိုင်ရှင်ဖြစ်သူ ဦးစောဟန်လာ(လ်) လီဟာလာက မူလရုံးတရားလို ဒေါ်နီသား(ခ)ဒေါ်လှလှတင်သို့ ၇-၇-၁၉၉၇ ရက်စွဲပါ သက်သေခံအမှတ် (ခ) မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းမှတ်ပုံတင် စာချုပ်အရ လွှဲပြောင်းပေးကမ်းခဲ့သဖြင့် ဒေါ်နီသား (ခ) ဒေါ်လှလှတင်သည် ပိုင်ရှင်ဖြစ်လာသည်။ မြေပုံ မြေရာဇဝင်သက်သေခံအမှတ် (ဃ၊ ဃ-၁)တို့ အရလည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်နီသား (ခ) ဒေါ်လှလှတင် အမည်ပေါက်ဖြစ် ကြောင်း တွေ့ရသည်။

တရားပြိုင် အမှတ် (၁) ဦးမောင်မောင်ထွန်းက အချင်းဖြစ်အခန်းကို ၎င်း၏ယောက္ခမဖြစ်သူအား အိုးအိမ်ဦးစီးဌာနမှ နေထိုင်ခွင့်ပေးခဲ့ခြင်းဖြစ် သည်ဟုလည်းကောင်း၊ တရားပြိုင် အမှတ်(၃)ဦးရွှေဖုံအောင်က ပိုင်ရှင် ဦးကြည်ရွှေ နှင့် မိခင်တို့ထံမှ ၁၉၉၄ ခုနှစ်တွင်ဝယ်ယူခဲ့သည်ဟုလည်းကောင်း၊ တရားပြိုင်အမှတ်(၈) ဦးဟာရစ်ချန်ဒရာက မိဘများလက်ထက်ကတည်းက နေထိုင်ခဲ့သည်ဟုလည်းကောင်း အသီးသီးချေပထွက်ဆိုကြသော်လည်း ခိုင်လုံသော သက်သေ၊ အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိ ချေ။

တရားပြိုင်တို့သည် အချင်းဖြစ်အဆောက်အအုံကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အကြီးစားပြင်ဆင်ခွင့်ပြုချက်သက်သေခံ အမှတ်(၃)အရ ပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်ရှင်ဖြစ်သူ တရားလို

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

ဒေါ်နီသား (ခ) ဒေါ်လှလှတင်အား ပြင်ဆင်ရန်ခွင့်ပြုချက်တောင်းခံခဲ့ခြင်း မရှိကြောင်း နှစ်ဖက်အငြင်းမပွားပေါ်ပေါက်သည်။

မူလရုံးတရားလိုက တရားပြိုင်များသည် အချင်းဖြစ်အဆောက်အအုံတွင် အိမ်ငှားများအဖြစ် နေထိုင်ခြင်းဖြစ်သည်ဟု ဆိုသည်။ ငှားရမ်းသူ၏ အခွင့်အရေးနှင့်တာဝန်များကို ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၈ တွင် ပြဋ္ဌာန်းထားရှိရာ အပိုဒ်ခွဲ (စ) အရ အငှားချထားသောပစ္စည်းကိုပြုပြင်ရန် အကြောင်းကြားပြီးနောက် သင့်လျော်သည့်ကာလတွင် အငှားချထားသူက ပြုပြင်ရန်ပျက်ကွက်လျှင် ငှားရမ်းသူကိုယ်တိုင်ပြုပြင်ခွင့်ရှိကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ မူလရုံးတရားပြိုင်များသည် မူလရုံးတရားလိုအဆိုပြုသကဲ့သို့ အိမ်ငှားများဖြစ်သည်ဟုဆိုစေဦးတော့၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၈(စ) အရ ၎င်းတို့အနေဖြင့် အချင်းဖြစ်အဆောက်အအုံကို အိမ်ရှင်ဖြစ်သူ ဒေါ်နီသား (ခ) ဒေါ်လှလှတင်က ပြင်ဆင်ပေးခြင်းမပြုလျှင် ပြင်ဆင်ခွင့်ရှိကြောင်း တွေ့ရှိရသည်။ တစ်နည်းအားဖြင့်ဆိုသော် အိမ်ငှားဟုဆိုသူ တရားပြိုင်များသည် အချင်းဖြစ်ဥပစာကို သတ်မှတ်သည့်ကာလအတွင်း ပြုပြင်ရန်လိုအပ်ပါက အိမ်ရှင်၏ခွင့်ပြုချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပြုပြင်ရန်အခွင့်အရေးရှိသည်ဟု ဆိုရပေမည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၄ ပါပြဋ္ဌာန်းချက်အရဆိုလျှင် တရားပြိုင်သည် ပစ္စည်း၌ တရားလို၏အခွင့်အရေးကိုဖြစ်စေ၊ တရားလို၏ ပစ္စည်းခံစားခွင့်ကိုဖြစ်စေ ထိပါးလျှင်သော်လည်းကောင်း၊ ထိပါးရန်ခြိမ်းခြောက်လျှင်သော်လည်းကောင်း တရားရုံးက အောက်ပါကိစ္စများတွင် ထာဝရတားဝရမ်းခွင့်ပြုနိုင်သည်-

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

(က) တရားပြိုင်သည် တရားလိုအတွက် ပစ္စည်းကို ယုံကြည်အပ်နှံခံရသူဖြစ်ခြင်း၊

(ခ) ထိပါးခြင်းကြောင့်ဖြစ်စေသော သို့မဟုတ် ဖြစ်စေတန်ရာသော အမှန်တကယ်ပျက်စီးနစ်နာမှုကို သိသာစေသည့် စံနှုန်းမရှိခြင်း၊

(ဂ) ငွေကြေးပေးလျော်စေခြင်းသည် လုံလောက်သော သက်သာခွင့်ဖြစ်မည်မဟုတ်သော ထိပါးမှုဖြစ်ခြင်း၊

(ဃ) ထိပါးခြင်းအတွက် ငွေကြေးဖြင့် လျော်ကြေးရနိုင်ဖွယ်ရာမရှိခြင်း၊

(င) တရားစီရင်သောမှုခင်းများ ပွားများခြင်းကို ပိတ်ပင်ရန်အလို့ငှာ တားဝရမ်းထုတ်ဆင့်ရန် လိုအပ်ခြင်း။

သို့ဖြစ်၍ ထာဝရတားဝရမ်း၏သဘောသဘာဝမှာ တရားပြိုင်အား သတ်မှတ်ထားသောအမှုကိစ္စကို မပြုလုပ်စေရန်၊ အစဉ်အမြဲရှောင်ကြဉ်ရန် တားဆီးပိတ်ပင်ခြင်းဖြစ်သည်။

မူလရုံးတရားလို၏ အဆိုလွှာအရ တရားပြိုင်များသည် အဆောက်အအုံကို ၎င်းတို့၏ဆန္ဒအလျောက် ပြင်ဆင်မှုများပြုလုပ်သဖြင့် ပျက်စီး ဆုံးရှုံးမှုများဖြစ်ပေါ်သောကြောင့် နစ်နာကြေးငွေရလိုကြောင်းနှင့် ထာဝရတားဝရမ်းရထိုက်ကြောင်း အဆိုပြုခြင်းဖြစ်ရာ အဆောက်အအုံကို တရားပြိုင်များက ပြင်ဆင်ခြင်းတစ်စုံတစ်ရာ မပြုလုပ်စေရန် တားမြစ်ပိတ်ပင်သည့် ထာဝရတားဝရမ်းရလိုကြောင်း သက်သာခွင့်တောင်းဆိုခြင်းဖြစ်သည်။

တရားရုံးချုပ်က တရားပြိုင်များသည် နောင်တွင် အဆောက်အအုံ

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

အား ပြင်ဆင်ရန်ပေါ်ပေါက်ပါက တရားလိုထံအကြောင်းကြား၍ ဆောင်ရွက်စေရန် ထာဝရတားဝရမ်းအား စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။ တရားရုံးချုပ်က ထုတ်ဆင့်သည့်တားဝရမ်းမှာ တရားပြိုင်များအား အမှုကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေသည့် တားဝရမ်းမျိုးဖြစ်၍ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ အရ ထုတ်ဆင့်သော အာဏတ္တိကတားဝရမ်း (Mandatory Injunction) ဖြစ်သည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ တွင် တာဝန်ဖောက်ဖျက်မှုကို တားဆီးပိတ်ပင်ရန်အလို့ငှာ တရားရုံးက ဆောင်ရွက်စေနိုင်သော အမှုကိစ္စအချို့ကို ဆောင်ရွက်စေရန်အလို့ငှာ ဆင့်ဆိုရန်လိုအပ်လျှင် တိုင်တန်းလျှောက်ထားသော ဖောက်ဖျက်မှုကို တားဆီးပိတ်ပင်ရန်နှင့် လိုအပ်သည့်အမှုကိစ္စများကို ဆောင်ရွက်စေရန်အလို့ငှာ ဆင့်ဆိုရန် မိမိသဘောအတိုင်း တားဝရမ်းခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ အရ ထုတ်ဆင့်သော အာဏတ္တိကတားဝရမ်းများသည် အနှစ်သာရအားဖြင့် တရားပြိုင်အား အမှုကိစ္စတစ်ရပ်ရပ်ကို ဆောင်ရွက်စေသည့် တားဝရမ်းမျိုးသာဖြစ်သည်။ အမြဲတန်းတားဝရမ်းမှာကဲ့သို့ တာဝန်ဖောက်ဖျက်မှုကို တားဆီးပိတ်ပင်ပါသော်လည်း လိုအပ်သည့်အမှုကိစ္စကို ဆောင်ရွက်ရန်ဆင့်ဆိုသည့် တားဝရမ်းဖြစ်သည်။ သို့ဖြစ်၍ ထိုတားဝရမ်းကို အာဏတ္တိက သို့မဟုတ် အမိန့်ပေးတားဝရမ်းဟု ခေါ်ခြင်းဖြစ်သည်။ ပုဒ်မ ၅၅ ၏ ဥပမာများကို ဖတ်ရှုပါက တရားပြိုင်အား မည်သည့်အမှုကိစ္စများ ပြုလုပ်စေရန် ဆင့်ဆိုသည့် တားဝရမ်းမျိုးဖြစ်ကြောင်း ထင်ရှားတွေ့မြင်နိုင်သည်။ ဤအချက်တွင် အာဏတ္တိက

တားဝရမ်းများသည် အမြဲတန်းတားဝရမ်းများနှင့် ကွဲပြားခြားနားသည်။

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

အဆိုပါပုဒ်မ ၅၅ အရ အာဏာတ္တိက တားဝရမ်းထုတ်ဆင့်ပေးရန် စွဲဆိုသောအမှုတွင် တရားပြိုင်အနေဖြင့် တစ်စုံတစ်ခုသော အမှုကိစ္စများကို ပြုရန် တာဝန်ရှိပြီး ထိုတာဝန်ကို ဖောက်ဖျက်ကြောင်း တရားလိုက အဆိုပြုရမည်ဖြစ်သည်။ တရားပြိုင်တွင် တစ်စုံတစ်ခုသော အမှုကိစ္စကိုပြုရန်တာဝန်မရှိပါက ထိုအမှုကိစ္စကို ဆောင်ရွက်စေရန်အတွက် အာဏာတ္တိက တားဝရမ်းထုတ်ပေးနိုင်မည်မဟုတ်ပေ။ ယင်းမူသဘောကို **အီဝင်းရှောက်ဝ နှင့် ဦးဖိုးညွန့်အမှု**[5] တွင်ကြည့်ပါ။

မူလမှုတွင် အချင်းဖြစ် အဆောက်အအုံတွင် နေထိုင်သူမူလရုံးတရားပြိုင်များသည် အဆောက်အအုံကို ကောင်းမွန်အောင်ပြုပြင်ခြင်းသည် အိမ်ငှားတာဝန်ဖောက်ဖျက်သည်ဟု မူလရုံးတရားလိုက အဆိုပြုထားခြင်းမရှိချေ။ ဥပစာကိုပြင်ဆင်ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၈ တွင် သတ်မှတ်ထားသော အိမ်ငှားတာဝန်ကို ဖောက်ဖျက်ခြင်းမဟုတ်ပေ။ **ဒေါ်ကျင်သီနှင့် ဦးထွန်းရပါ၂ အမှု**[1]၊ **ဦးစူးလ်တန် နှင့် ဦးစိန်မောင် အမှု**[2]၊ **ဦးချစ်အောင်ပါ ၁၀ နှင့် ဦးဉာဏ်ဝင်းပါ၂ အမှု**[3] တို့ကို ကြည့်ပါ။

အိမ်ငှားများသည် ဥပစာကိုပြင်ဆင်ရန် အကြောင်းပေါ်ပေါက်ပါကလည်း အိမ်ရှင်ထံအကြောင်းကြားရန် တာဝန်ရှိကြောင်း ဥပဒေတစ်ရပ်ရပ်တွင် ပြဋ္ဌာန်းသတ်မှတ်ထားခြင်းလည်းမရှိချေ။ ထို့ကြောင့် အိမ်ငှားများဖြစ်သည်ဟု အဆိုပြုထားသော တရားပြိုင်များသည် အဆောက်အအုံကို

---

**(၅) ရန်ကုန် အတွဲ ၅၊ စာ-၄၀၄**

၂၀၁၁
ဦးဟာရစ်ချန်ဒရာပါ ၄
နှင့်
ဒေါ်နီသား (ခ)
ဒေါ်လှလှတင်ပါ ၆

ပြင်ဆင်ရာတွင် အိမ်ရှင်ဖြစ်သူ မူလရုံးတရားလို ဒေါ်နီသား(ခ)ဒေါ်လှလှတင်အား အကြောင်းကြားရန် တာဝန်မရှိပေ။

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၅၅ အရ အာဏာတ္တိက တားဝရမ်းကို တရားပြိုင်အနေဖြင့် တာဝန်ဖောက်ဖျက်ခြင်းမပြုစေရန် ထုတ်ဆင့်ခြင်းဖြစ်ရာ တာဝန်မရှိသည့်ကိစ္စ၌ ထိုတားဝရမ်းကို ထုတ်ဆင့်ခြင်း ပြုနိုင်မည်မဟုတ်ချေ။ မူလရုံးတရားပြိုင်များက အဆောက်အအုံကို ပြင်ဆင်ခြင်းတွင် အိမ်ရှင်ဖြစ်သူတရားလို ဒေါ်နီသား(ခ)ဒေါ်လှလှတင်ထံအကြောင်းကြားရန် တာဝန်မရှိသည့်အလျောက် တရားရုံးချုပ်က တရားပြိုင်များအား နောင်တွင် အဆောက်အအုံအား ပြင်ဆင်ရန် ပေါ်ပေါက်ပါက တရားလိုထံ အကြောင်းကြား၍ ဆောင်ရွက်စေရန် အာဏာတ္တိက တားဝရမ်းထုတ်ဆင့်ပေးခြင်းမှာ တရားလိုမတောင်းဆိုသော ထာဝရတားဝရမ်းနှင့် အကျိုးသက်ရောက်မှုချင်း မတူညီသော သက်သာခွင့်ကို ချမှတ်ပေးရာရောက်သောကြောင့် မှန်ကန်သည်ဟု မဆိုသာချေ။

အထက်ပါအကြောင်းများကြောင့် ဤအထူးအယူခံရုံးက ကြားနာလျက်ရှိသော ပြဿနာကို အောက်ပါအတိုင်း ဖြေဆိုလိုက်သည်-

“ တရားလိုက တရားပြိုင်များအပေါ် နစ်နာကြေးရလိုမှုနှင့် ထာဝရတားဝရမ်း ထုတ်ဆင့်ပေးရန် သက်သာခွင့် ၂ ရပ်ရထိုက်ကြောင်း တောင်းခံစွဲဆိုထားသောအမှုတွင် ဒုတိယသက်သာခွင့်သည် တရားလိုက သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၅၄ အရ ထာဝရတားဝရမ်းတောင်းခံစွဲဆိုထားခြင်းဖြစ်ပါလျက် တရားပြိုင်အားလိုက်နာဆောင်ရွက်စေသည့် ဝရမ်းအမိန့်ထုတ်ဆင့်ရန် ဆုံးဖြတ်ခြင်း

မှာ ယင်းဥပဒေပုဒ်မ ၅၅ အာဏာတွင်က တားဝရမ်းအမိန့်ချမှတ်ထား ရာရောက်သဖြင့် ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းမရှိကြောင်း။"

ဤတရားမအထူးအယူခံမှုကို စရိတ်နှင့်တကွခွင့်ပြုပြီး တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကာ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြန်လည်အတည်ပြုလိုက်သည်။

**တရားမပြင်ဆင်မှု**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးစိုးညွန့် ရှေ့တွင်**

+ ၂၀၁၁ ခုနှစ်
စက်တင်ဘာလ
၁၉ ရက်

**ဦးအောင်ခင်**

**နှင့်**

**ဒေါ်မြခင် ***

**(၎င်း၏ကိုယ်စားလှယ်စာရသူ မကြည်ကြည်ဝင်း)**

**မူလမြို့နယ်တရားရုံး၏ဒီကရီကို ခရိုင်တရားရုံးက အတည်ပြုခဲ့သဖြင့် ဥပဒေသဘောအရ ခရိုင်တရားရုံး ၏ဒီကရီအဖြစ် တည်ရှိသွား၍ မြို့နယ်တရားရုံးက တရားပြိုင်ရရှိသော ဒီကရီသည် မူလကပင် ပျက်ပြယ်သော ဒီကရီဖြစ်ကြောင်း ကြေညာရုံမျှဖြင့် ခရိုင်တရားရုံး၏ ဒီကရီကိုပယ်ဖျက်ရာ မရောက်ခြင်း၊ ခရိုင်တရားရုံး၏ ဒီကရီကိုအဆင့်မြင့် တရားရုံးက ပြင်ဆင်ပယ်ဖျက်ခြင်းမပြုပါက အတည်ဖြစ်နေခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ဦးအောင်ခင်က ဒေါ်မြခင်အပေါ် ၁၉၆၀ ပြည့်နှစ်

---

* ၂၀၁၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၁

\+ ၂၀၀၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇ ၌ ချမှတ်သော ကျောက်မဲခရိုင်တရားရုံး၏ ၂၉-၁၂-၂၀၀၉ ရက်နေ့စွဲပါ စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင်မှု။

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) နှင့် ၁၂(၁)(ဂ)တို့အရ အနိုင်ဒီကရီကိုရရှိခဲ့သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ကျောက်မဲခရိုင်တရားရုံး ၂၀၀၈ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင် အတည်ပြုခဲ့သည်။ **ဦးအေးပါ ၃ နှင့် ဒေါ်နှင်းရီပါ၂အမှု**[၇] နှင့် **ဦးစင်းတစ်(ခ)ဦးတင်မြင့်ပါ ၂နှင့် ဦးစိန်မြင့်အမှု**[၈]တွင် ညွှန်ပြချက်အရ မူလမြို့နယ်တရားရုံး၏ ဒီကရီကို ခရိုင်တရားရုံးက အတည်ပြုခဲ့သဖြင့် တရားဥပဒေသဘောအရ ခရိုင်တရားရုံး၏ ဒီကရီသည် မြို့နယ်တရားရုံး၏ ဒီကရီနှင့်ပေါင်းစပ်သွား၍ မြို့နယ်တရားရုံး၏ ဒီကရီမဟုတ်တော့ဘဲ ခရိုင်တရားရုံး၏ ဒီကရီအဖြစ်တည်ရှိသွားသည်။ ဤအခြေအနေတွင် မြို့နယ်တရားရုံးက တရားပြိုင်ရရှိထားသော စီရင်ချက်နှင့်ဒီကရီများသည် မူလကပင် တရားမဝင်ပျက်ပြယ်သောဒီကရီများဖြစ်ကြောင်း မြွက်ဟကြေညာရုံမျှဖြင့် ခရိုင်တရားရုံး၏ ဒီကရီကိုပယ်ဖျက်ရာရောက်မည် မဟုတ်ပေ။

တစ်နည်းအားဖြင့်ဆိုပါက ကျောက်မဲခရိုင်တရားရုံး ၂၀၀၈ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင် ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီကို အဆင့်မြင့်ရုံးက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းမရှိသဖြင့် အတည်ဖြစ်နေရာ ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ချမှတ်သော တရားပြိုင်ရရှိထားသော စီရင်ချက်နှင့်ဒီကရီသည် မူလကပင် တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာသည့်ဒီကရီသည် အဟောသိကံဖြစ်ပေလိမ့်မည်။

လျှောက်ထားသူအတွက် - ဦးကျော်ညွှန့်
တရားလွှတ်တော်ရှေ့နေ

၂၀၁၁ လျှောက်ထားခံရသူအတွက် - ဦးအေးကျော်

ဦးအောင်ခင် တရားလွှတ်တော်ရှေ့နေ

နှင့်

ဒေါ်မြခင်

(၎င်း၏ကိုယ်စားလှယ်ရသူ

မကြည်ကြည်ဝင်း)

ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၄ တွင် တရားလို ဒေါ်မြခင် (၎င်း၏ကိုယ်စားလှယ်စာရသူ မကြည်ကြည်ဝင်း) က တရားပြိုင် ဦးအောင်ခင်အပေါ် ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် တရားပြိုင်ရရှိထားသော စီရင်ချက်နှင့် ဒီကရီများသည် မူလအစကပင် တရားမဝင်ပျက်ပြယ်သော ဒီကရီများဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုရာ မြို့နယ်တရားရုံးက အနိုင်ဒီကရီချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးအောင်ခင်ကမကျေနပ်၍ ကျောက်မဲခရိုင်တရားရုံး ၂၀၀၉ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင် အယူခံဝင်ရောက်ရာ ပလပ်ခံရသည်။ ခရိုင်တရားရုံး၏ဒီကရီကို ဒုတိယအယူခံဝင်ရောက်ခွင့်မရှိသဖြင့် ဦးအောင်ခင်က တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ၏ ဒုတိယခွဲခြင်းချက်အရ ဤတရားမပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ ၏ စီရင်ချက်နှင့် ဒီကရီကို ခရိုင်တရားရုံး၏ ၂၀၀၈ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင် အတည်ပြုပြီးဖြစ်၍ မြို့နယ်တရားရုံး၏ ဒီကရီအဖြစ် သီးခြားမတည်ရှိတော့ဘဲ ခရိုင်တရားရုံး၏ ဒီကရီနှင့် ပေါင်းစပ်သွားပြီဖြစ်ကြောင်း၊ ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီအဖြစ် ရောက်ရှိသွားသည့် မြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ ၏ စီရင်ချက်နှင့် ဒီကရီကို မြို့နယ်တရားရုံးက ပယ်ဖျက်နိုင်သည့်အာဏာ

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

ကိုဥပဒေအရ အပ်နှင်းထားခြင်းမရှိ၍ လျှောက်ထားခံရသူတို့စွဲဆိုသည့်အမှုကို အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းသည် အပ်နှင်းထားခြင်းမရှိသည့် စီရင်ပိုင်ခွင့်အာဏာကို သုံးစွဲကြောင်း ထင်ရှားပေါ်ပေါက်နေကြောင်း၊ အမှုတွင် လျှောက်ထားခံရသူ တင်ပြရသော လခပေးချေခြင်း၊ လက်ခံခြင်းကိစ္စရပ်များ၊ အိမ်ရှင်အိမ်ငှားဆက်သွယ်မှု ရှိ မရှိကိစ္စ၊ တရားဝင်ဝယ်ယူမှုဖြစ် မဖြစ်ကိစ္စတို့မှာ ယခင်အမှုတွင် တင်ပြသင့် တင်ပြထိုက်သောအချက်များဖြစ်ပြီး ယခင်အမှုတွင် ခုခံချေပရန် အခွင့်အရေးရရှိခဲ့ပြီးဖြစ်လျက် မခုခံမတင်ပြခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရ ယခုအမှုအတွက် မီးသေပြီးဖြစ်ကြောင်း ထင်ရှား၍ ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး လျှောက်ထားခံရသူစွဲဆိုသောအမှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ၏ ရှေ့နေက **မစန်းမြင့်** နှင့် **ဦးထွန်းစိန်** အမှု၊ **ဦးမြတ်သာဒွန်းပါ ၂** နှင့် **မလွန်ဈေးဆန်လှူအသင်း အမှု** [(၁)] များကို ကိုးကားပြီး သတ်မှတ်ထားသောနေ့တွင်ဖြစ်စေ၊ ထိုနေ့မတိုင်မီဖြစ်စေ သို့မဟုတ် အမှုသစ်မစွဲဆိုမီ ပထမအမှုအတွက် တရားစရိတ်ကို ပေးဆောင်ပါက တရားလိုအား အမှုသစ်စွဲဆိုခွင့်ပြုသည့် စည်းကမ်းချက်ဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁(၂) အရ အမှုရုပ်သိမ်းခွင့်ပြုလိုက်လျှင် တရားစရိတ်ပေးဆောင်ခြင်းသည် အမှုသစ်မစွဲဆိုမီ ဦးစွာဆောင်ရွက်ရမည့်စည်းကမ်းချက်ဖြစ်ကြောင်း၊ တရားလိုသည် ထိုစည်းကမ်းချက်ကို လိုက်နာရန်ပျက်ကွက်ပါက ဒုတိယစွဲဆိုသောအမှုသည် ကနဦးကတည်းက

**(၁) ၁၉၅၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (လွှတ်တော်)၊ စာ-၂၀၀**

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

ပျက်ပြယ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၃၊ နည်း ၁(၂) အရ အမှုသစ်စွဲဆိုခွင့်ဖြင့် အမှုကိုရုပ်သိမ်းခွင့်ပြုသော စည်းကမ်းချက်ကို မလိုက်နာခြင်း၏ အကျိုးသက်ရောက်မှုမှာ ဒုတိယစွဲဆိုသောအမှုကို ကနဦးကတည်းက ပျက်ပြယ်စေကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူ ဦးအောင်ခင်သည် လျှောက်ထားခံရသူ ဒေါ်မြခင်အပေါ် ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) ပထမပိုင်းနှင့် ဒုတိယပိုင်း၊ ၁၂(၁)(ဂ) တို့အရ အိမ်ငှားအား နှင်လိုမှုစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သည်။ အဆိုပါအနိုင်ဒီကရီအပေါ် ဒေါ်မြခင်က ကျောက်မဲခရိုင်တရားရုံး ၂၀၀၈ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင် အယူခံဝင်ရောက်ရာ ပလပ်ခံရသည်။ ဒေါ်မြခင်က အယူခံရုံးအမိန့်အပေါ် ပြန်လည်သုံးသပ်ပေးရန် ကျောက်မဲခရိုင်တရားရုံးတွင် တရားမအထွေထွေမှုအမှတ် ၂/၂၀၀၉ တင်သွင်းသော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။

ထို့နောက် လျှောက်ထားခံရသူ ဒေါ်မြခင်က ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၄ ဖြင့် လျှောက်ထားသူ ဦးအောင်ခင်အပေါ် " တရားပြိုင်ရရှိထားသော စီရင်ချက် နှင့် ဒီကရီများသည် မူလအစကပင် တရားမဝင်ပျက်ပြယ်သော ဒီကရီများဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု " စွဲဆိုရာ မြို့နယ်တရားရုံးက တရားပြိုင် ဦးအောင်ခင်သည် တရားမကြီးမှုအမှတ် ၃/၁၉၉၉ အား ရုပ်သိမ်းခဲ့ရာတွင် စရိတ်ပေးဆောင်ရန် အမိန့်ချမှတ်ထားသည်ကို ပေးဆောင်ခြင်းမရှိဘဲ တရားမကြီးမှုအမှတ် ၁၂/၂၀၀၇ ကို ထပ်မံစွဲဆိုခြင်းဖြစ်ကြောင်း၊ တရားမ

၂၀၁၁

ဦးအောင်ခင်

နှင့်

ဒေါ်မြခင်

(၎င်း၏ကိုယ်စားလှယ်ရသူ

မကြည်ကြည်ဝင်း)

ကျင့်ထုံးဥပဒေအမိန့် ၂၃ နည်း ၁ (၂) အရ အမှုသစ်စွဲဆိုခွင့်ဖြင့် အမှုကို ရုပ်သိမ်းခွင့်ပြုသော စည်းကမ်းချက်ကို မလိုက်နာခြင်း၏ အကျိုးသက်ရောက်မှုမှာ ဒုတိယအမှုကို ကနဦးကတည်းက ပျက်ပြယ်စေကြောင်း **ဦးမြတ်သာဒွန်းပါ ၂ နှင့် မလွန်ဈေးဆန်လှျူအသင်း** အမှုကို ကိုးကားပြီး တရားပြိုင်ရရှိထားသော တရားမကြီးမှုအမှတ် ၁၂/၂၀၀၇ ၏ စီရင်ချက်နှင့် ဒီကရီသည် မူလကပင်ပျက်ပြယ်ကြောင်း၊ ယခင်အမှုဆုံးဖြတ်ချက်သည် ယခုအမှုတွင် မီးသေခြင်းမရှိကြောင်း ဖြေဆိုပြီး လျှောက်ထားခံရသူ ဒေါ်မြခင် စွဲဆိုသည့်အမှုကို အနိုင်ဒီကရီချမှတ်ပေးခဲ့သည်။

အဆိုပါစီရင်ချက်နှင့် ဒီကရီအပေါ် လျှောက်ထားသူ ဦးအောင်ခင်က ကျောက်မဲခရိုင်တရားရုံး တရားမအယူခံမှုအမှတ် ၇/၂၀၀၉ တင်သွင်းရာ ခရိုင်တရားရုံးက အမှုသစ် စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်းခွင့်ပြုရာတွင် တရားစရိတ်ပေးခြင်းကို စည်းကမ်းချက်အဖြစ် သတ်မှတ်ရာ၌ တရားစရိတ်ပေးဆောင်ခြင်းသည် အမှုသစ်မစွဲဆိုမီ ဦးစွာဆောင်ရွက်ရမည့်စည်းကမ်းချက်ဖြစ်ကြောင်း၊ တရားလိုသည် ယင်းစည်းကမ်းချက်ကို လိုက်နာရန်ပျက်ကွက်ပါက ဒုတိယစွဲဆိုသောအမှုသည် ကနဦးကတည်းက ပျက်ပြယ်ကြောင်း၊ တရားလိုစွဲဆိုသောအမှုသည် အိမ်ရှင် အိမ်ငှားနှင်ထုတ်ပေးစေလိုမှုဖြစ်၍ အကြောင်းအရာသစ်ဟု မဆိုနိုင်ကြောင်း **မစန်းမြင့် နှင့် ဦးထွန်းစိန် အမှု** [(၂)]၊ **ဦးမြတ်သာဒွန်းပါ ၂ နှင့် မလွန်ဈေးဆန်လှျူအသင်းအမှု** တို့ကို ရည်ညွှန်း ၍ မြို့နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့သည်။

အမှုတွဲများကို စိစစ်ကြည့်ရှုရာ လျှောက်ထားသူ ဦးအောင်ခင်က

(၂) ၁၉၃၉ ခုနှစ်၊ ရန်ကုန်၊ စာ-၇၄၉

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

လျှောက်ထားခံရသူ ဒေါ်မြခင်အပေါ် စွဲဆိုခဲ့သော ကျောက်မဲမြို့နယ်တရားရုံး ၁၉၉၉ ခုနှစ် တရားမကြီးမှုအမှတ် ၃ ၌ အမှုသစ်စွဲဆိုခွင့်နှင့်တကွ အမှုရုပ်သိမ်းခွင့်တောင်းခံခဲ့ရာ မြို့နယ်တရားရုံးက " တရားလိုစွဲဆိုသောအမှုကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၃ နည်း ၁ အပိုဒ် (၂) အရ အမှုသစ်စွဲဆိုခွင့်နှင့်တကွ ရုပ်သိမ်းခွင့်ပြုသည်။ ဤအမှုအတွက် တရားစရိတ် ကျပ် ၅၀၀ ကို တရားပြိုင်အား ပေးစေရန် စည်းကမ်းချက်အဖြစ် သတ်မှတ်သည် " ဟု အမိန့်ချမှတ်ခဲ့ကြောင်း ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၄ ရှိ တရားလို ဒေါ်မြခင်၏ အဆိုလွှာ၌ ဖော်ပြထားသည်ကို တွေ့ရှိရသည်။

ကျောက်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃/၁၉၉၉ အမှုတွင် အမှုသစ်စွဲဆိုခွင့်နှင့်တကွ အမှုရုပ်သိမ်းခွင့်ပြုရာ၌ တရားပြိုင်အားပေးဆောင်ရမည့် တရားစရိတ်ငွေကျပ် ၅၀၀ ကို မည်သည့်နေ့တွင် ပေးရမည်ဖြစ်ကြောင်း သတ်မှတ်ထားခြင်းမရှိပေ။

**ဒေါ်ကင်လင်း (အယူခံတရားလို) နှင့် တန်ကော့ထိုင်းပါ ၅ အမှု** [၃] တွင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၃ နည်း ၁(၂) အရ အမှုသစ်စွဲဆိုခွင့်နှင့် အမှုရုပ်သိမ်းခွင့်ပြုရာ၌ တရားစရိတ်ပေးဆောင်ရမည့်နေ့ကို သတ်မှတ်ခြင်းမရှိလျှင် သို့မဟုတ် တရားစရိတ်ပေးဆောင်ခြင်းသည် အမှုသစ်စွဲခြင်းအတွက် စည်းကမ်းချက်ဖြစ်ကြောင်း ဖော်ပြထားခြင်းမရှိလျှင် တရားစရိတ်ပေးရန် ပျက်ကွက်ခြင်းသည် ဒုတိယစွဲဆိုသောအမှုကို ပိတ်ပင်ခြင်းမပြုဟု ထုံးဖွဲ့ထားသည်။

---

**(၃) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်)၊ စာ-၂၄၁**

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

ကျောက်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၃/၁၉၉၉ အမှုတွင် တရားစရိတ်ပေးရမည့်နေ့ကို သတ်မှတ်ထားခြင်းမပြုသော်လည်း "၎င်းအမှုအတွက် တရားစရိတ် ကျပ် ၅၀၀ ကို တရားလိုက တရားပြိုင်အား ပေးစေရန် စည်းကမ်းချက်အဖြစ် သတ်မှတ်သည် " ဟု ဖော်ပြထားရာ တရားစရိတ် ပေးဆောင်ခြင်းသည် အမှုသစ်မစွဲဆိုမီ ဦးစွာဆောင်ရွက်ရမည့် စည်းကမ်းချက်ဖြစ်ကြောင်း ထင်ရှားသည်။

သို့ရာတွင် လျှောက်ထားသူ ဦးအောင်ခင်က လျှောက်ထားခံရသူ ဒေါ်မြခင်အပေါ် အသစ်စွဲဆိုသည့် ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင်လည်းကောင်း၊ ဒေါ်မြခင် ကအယူခံဝင်ရောက်ခဲ့သည့် ကျောက်မဲခရိုင်တရားရုံး ၂၀၀၈ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင်လည်းကောင်း လျှောက်ထားခံရသူ ဒေါ်မြခင်သည် တရားလိုပေးဆောင်ရန် တရားစရိတ်ငွေနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ထုချေတင်ပြခဲ့ခြင်းမရှိပေ။

ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီအပေါ် ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားသည့် ကျောက်မဲခရိုင်တရားရုံး ၂၀၀၉ ခုနှစ် တရားမအထွေထွေမှုအမှတ် ၂ တွင် လျှောက်ထားခံရသူ ဒေါ်မြခင်က ယခင်တရားမကြီးမှုအမှတ် ၃/၉၉ တွင် စည်းကမ်းချက်အဖြစ် သတ်မှတ်သည့် တရားစရိတ် ၅၀၀ ကျပ်ကို တရားပြိုင်အားပေးစေရန် ချမှတ်ထားသည့်အမိန့်ကို လိုက်နာဆောင်ရွက်ပြီးကြောင်းကို လျှောက်ထားသူ၏ အဆိုလွှာတွင် ဖော်ပြထားမှုမရှိကြောင်း၊ ဦးစွာလိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များကို လိုက်နာခြင်းမရှိဘဲ အမှုသစ်စွဲဆိုခြင်းဖြစ်ကြောင်း၊ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပြီး ဒုတိယအမှုကို စွဲဆိုလျှင် ကနဦးပင် ပျက်ပြယ်သ

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

ဖြင့် အယူခံရုံးအမိန့်အား ပြန်လည်သုံးသပ်ပေးရန် တင်ပြခဲ့သည်။

ဒေါ်မြခင်၏ တင်ပြချက်အပေါ် ခရိုင်တရားရုံးက အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်-

" သို့ဖြစ်၍ အမှုမစွဲဆိုမီ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ တရားလိုက မဆောင်ရွက်ခဲ့ကြောင်းကို တရားပြိုင်၏ ချေလွှာတွင် ထည့်သွင်းဖော်ပြ စွပ်စွဲခဲ့ရမည်။ ထိုသို့ဖော်ပြစွပ်စွဲခြင်းမပြုဘဲ တရားလို၏ အမှုကို အရှုံးမပေးရ။ ယခုအမှုတွင် တရားလိုက အမှုသစ်စွဲဆို ရာ၌ တရားစရိတ် ကျပ် ၅၀၀ မပေးခဲ့ကြောင်းကို တရားပြိုင် ဒေါ်မြခင်၏ ကျောက်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၂/၂၀၀၇ ချေလွှာတွင် ထည့်သွင်းဖော်ပြ စွပ်စွဲခဲ့ခြင်းမရှိပေ။ အဆိုပါအကြောင်းအရာကို အယူခံရုံးတွင်ပင် တင်ပြခွင့်မရှိတော့ပေ။ သို့ဖြစ်၍ တရားလို၏ အမှုကို အရှုံးမပေးနိုင်၊ တရားလိုသည် စည်းကမ်းချက်အတိုင်း လိုက်နာပြီးဖြစ်သည်ဟု မှတ်ယူရပေမည်။ "

အမှုရုပ်သိမ်းခွင့်ပြုရာတွင် တရားစရိတ်ငွေကျပ် ၅၀၀ ပေးစေရန် စည်းကမ်းချက်နှင့်စပ်လျဉ်း၍ ကျောက်မဲခရိုင်တရားရုံး ၂၀၀၉ ခုနှစ် တရားမအထွေထွေမှုအမှတ် ၂ တွင် တင်ပြလျှောက်ထားသဖြင့် အဆုံးအဖြတ်ပေးပြီးဖြစ်၍ ခရိုင်တရားရုံး၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်နေသည်။ လျှောက်ထားခံရသူ ဒေါ်မြခင်သည် ခရိုင်တရားရုံးက ဆုံးဖြတ်ပြီး၍ အတည်ဖြစ်နေသည့် အဆိုပါအကြောင်းပြချက်ကိုပင် တရားမကြီးမှုအမှတ် ၄/၂၀၀၉ တွင် ထပ်မံတင်ပြခဲ့ခြင်းဖြစ်သည်။

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

တရားစရိတ်မပေးဘဲ အမှုသစ်စွဲဆိုခွင့်မရှိကြောင်း ယခင်အမှုတွင် မတင်ပြခဲ့၍ ယခုအမှုတွင် တင်ပြခွင့် ရှိ မရှိ နှင့်စပ်လျဉ်း၍ လျှောက်ထားခံရသူ၏ရှေ့နေက **SR.M.C.T ANNAMALAI CHETTYAR BY AGENT K.L.M.C.T MANJKAM CHETTYAR V.GOR KYIN SEIN and eight others အမှု** (၄) ကို ကိုးကားပြီး တရားဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို ပိတ်ပင်ခြင်း (Estoppel) မရှိကြောင်း တင်ပြသည်။

လျှောက်ထားခံရသူရှေ့နေတင်ပြသည့်အမှုမှာ လေလံရောင်းချစဉ်အခါက လေလံဝယ်သူသည် နိုင်ငံခြားသားတစ်ဦးဖြစ်နေသဖြင့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ လေလံရောင်းချခြင်း ကနဦးကပင် ပျက်ပြယ်နေရာ လေလံဝယ်သူမြန်မာနိုင်ငံသားဖြစ်ပြီးနောက် ရောင်းချခြင်းကို အတည်ပြုကာမျှဖြင့် တရားဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ကို ပိတ်ပင်ခြင်းမပြုနိုင်သောကြောင့် ရောင်းချခြင်းသည် တရားဝင်မည်မဟုတ်ကြောင်း ထုံးဖွဲ့ထားခြင်းဖြစ်သည်။ အဆိုပါအမှုနှင့် ယခုအမှုသည် ဖြစ်ရပ်ခြင်းမတူပေ။ ထို့ပြင် တရားစရိတ်ပေးဆောင်ပါက အမှုသစ်စွဲဆိုခွင့်ဖြင့် စည်းကမ်းချက်ထားကာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၃ နည်း ၁(၂) အရ အမှုရုပ်သိမ်းခွင့်ပြုလိုက်လျှင် ထိုစည်းကမ်းချက်ကို လိုက်နာရန်ပျက်ကွက်ပါက ဒုတိယစွဲဆိုသောအမှုသည် ကနဦးတည်းက ပျက်ပြယ်သည်ဟူ၍ စီရင်ထုံးဖွဲ့ထားသော်လည်း ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းထားခြင်းမရှိပေ။

ထို့ပြင် လျှောက်ထားခံရသူရှေ့နေတင်ပြသည့် ဒီကရီကို အတည်မပြုနိုင်သည့်ကိစ္စများသည် ဤအမှုတွင် ပေါ်ပေါက်သည့်ပြဿနာနှင့်

(၄) ၁၉၅၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၅

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

မသက်ဆိုင်သဖြင့် နှိုင်းယှဉ်သုံးသပ်နိုင်မည် မဟုတ်ပေ။

လျှောက်ထားခံရသူ ဒေါ်မြခင်စွဲဆိုသည့် တရားမကြီးမှုအမှတ် ၄/၂၀၀၉ အဆိုလွှာတွင် တရားလိုနှင့် တရားပြိုင်တို့ လခများပေးချေခြင်း၊ လက်ခံခြင်းကိစ္စရပ်များ၊ အိမ်ရှင် အိမ်ငှားဆက်သွယ်မှုရှိ မရှိ၊ အချင်းဖြစ် အိမ်နှင့် မြေဝယ်ယူမှု တရားဝင်ခြင်းရှိ မရှိ၊ တရားစရိတ်ပေးဆောင်စေရန် စည်းကမ်းချက်ကို မလိုက်နာဘဲ အမှုသစ်စွဲဆိုသည့်ကိစ္စရပ်များကို အဆိုပြု တင်ပြ၍ ကျောက်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၂/၂၀၀၈ တွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီသည် မူလကပင် တရားမဝင် ပျက်ပြယ် သော ဒီကရီဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် အမှုစွဲဆိုခဲ့ခြင်းဖြစ်သည်။ ဒေါ်မြခင်တင်ပြသည့်အချက်များမှာ ဦးအောင်ခင်က ၎င်းအပေါ် စွဲဆိုသည့် ယခင်ကျောက်မဲမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၁၂/၂၀၀၇ တွင် တင်ပြသင့် တင်ပြထိုက်သော အချက်များဖြစ်သည့်အပြင် ထိုအမှု၌ ခုခံ တင်ပြသင့် တင်ပြနိုင်ပါလျက် မခုခံမတင်ပြခဲ့သဖြင့် ထိုအချက်များကို အကြောင်းပြုပြီး နောက်အမှုကို စွဲဆိုနိုင်မည်မဟုတ်ပေ။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ၏ ရှင်းလင်းချက် ၄ အရ ယခင်တရားမကြီးမှုအမှတ် ၁၂/၂၀၀၇ အမှုတွင် ချမှတ်သော စီရင်ချက်သည် ဒေါ်မြခင် နောက်ထပ် စွဲဆိုသောအမှုကို ပိတ်ပင်ထားသဖြင့် ထပ်မံ၍ တရားတစ်ထုံးစွဲဆိုခွင့်မရှိ တော့ပေ။ **ဦးရွှေအိုး နှင့် ဦးသန်းမောင် အမှု** [၅]၊ **မညိုညိုမြင့် (ခ) မလွင်လွင်မြင့် နှင့် ဒေါ်ခင်မာမာပါ ၂ အမှု** [၆] တို့ကို ကြည့်ပါ။

---

**(၅) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၈၈**

**(၆) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၀၅**

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

ထို့ကြောင့် ယခင်အမှုဆုံးဖြတ်ချက်သည် ယခုအမှုတွင် မီးသေခြင်းမရှိကြောင်း ဖြေဆိုပြီး လျှောက်ထားခံရသူစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည့် မြို့နယ်တရားရုံး၏အမိန့်အပေါ် အတည်ပြုခဲ့သည့် ခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီသည် မှန်ကန်ခြင်းမရှိပေ။

ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ဦးအောင်ခင်က ဒေါ်မြခင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) နှင့် ၁၂(၁)(ဂ) တို့အရ အနိုင်ဒီကရီရရှိခဲ့သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ကျောက်မဲခရိုင်တရားရုံး ၂၀၀၈ ခုနှစ် တရားမအယူခံမှုအမှတ် ၇ တွင် အတည်ပြုခဲ့သည်။ **ဦးအေးပါ ၃ နှင့် ဒေါ်နှင်းရီပါ ၂ အမှု** (၇) နှင့် **ဦးစင်းတစ် (ခ) ဦးတင်မြင့်ပါ ၂ နှင့် ဦးစိန်မြင့် အမှု** (၈) တွင် ညွှန်ပြချက်အရ မူလမြို့နယ်တရားရုံး၏ ဒီကရီကို ခရိုင်တရားရုံးကအတည်ပြုခဲ့သဖြင့် တရားဥပဒေသဘောအရ ခရိုင်တရားရုံး၏ဒီကရီသည် မြို့နယ်တရားရုံး၏ ဒီကရီနှင့် ပေါင်းစပ်သွား၍ မြို့နယ်တရားရုံး၏ ဒီကရီမဟုတ်တော့ဘဲ ခရိုင်တရားရုံး၏ ဒီကရီအဖြစ် တည်ရှိသွားသည်။ ဤအခြေအနေတွင် မြို့နယ်တရားရုံးက တရားပြိုင်ရရှိထားသော စီရင်ချက်နှင့် ဒီကရီများသည် မူလကပင် တရားမဝင်ပျက်ပြယ်သော ဒီကရီများဖြစ်ကြောင်း မြွက်ဟကြေညာရုံမျှဖြင့် ခရိုင်တရားရုံး၏ ဒီကရီကို ပယ်ဖျက်ရာရောက်မည် မဟုတ်ပေ။

တစ်နည်းအားဖြင့်ဆိုပါက ကျောက်မဲခရိုင်တရားရုံး ၂၀၀၈ ခုနှစ်

---

**(၇) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၃၇**

**(၈) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၈**

၂၀၁၁
ဦးအောင်ခင်
နှင့်
ဒေါ်မြခင်
(၎င်း၏ကိုယ်စားလှယ်ရသူ
မကြည်ကြည်ဝင်း)

တရားမအယူခံမှုအမှတ် ၇ တွင် ချမှတ်သည့် စီရင်ချက် နှင့် ဒီကရီကို အဆင့်မြင့်ရုံးက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းမရှိသဖြင့် အတည်ဖြစ်နေရာ ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၇ ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ချမှတ်သော တရားပြိုင်ရရှိထားသော စီရင်ချက်နှင့် ဒီကရီသည် မူလကပင် တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာသည့်ဒီကရီသည် အဟောသိကံ ဖြစ်ပေလိမ့်မည်။

သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးတို့၏ အမိန့်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသဖြင့် ပယ်ဖျက်ရပေမည်။

အထက်ပါအကြောင်းများကြောင့် ဤတရားမပြင်ဆင်မှုကို ခွင့်ပြုသည်။ ကျောက်မဲခရိုင်တရားရုံး ၂၀၀၉ ခုနှစ် တရားမအယူခံမှုအမှတ် ၇ နှင့် ကျောက်မဲမြို့နယ်တရားရုံး ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၄ တို့တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်ပြီး လျှောက်ထားခံရသူ ဒေါ်မြခင်စွဲဆိုသောအမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ိ/- သတ်မှတ်သည်။

## တရားမပြင်ဆင်မှု
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
## ဦးစိုးညွန့် ရှေ့တွင်

+ ၂၀၁၁ ခုနှစ်
နိုဝင်ဘာလ
၁ ရက်

**Myanmar C.P Marketing Co.Ltd**

**( ၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်မာဆွေ )**

**နှင့်**

**Mirari Japan Co.Ltd ***

**( ၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်ဆွေ )**

**အမှုတွင် ချေလွှာတင်ရန် ချိန်းဆိုသောနေ့၌ လျှောက်ထားခံရသူနှင့် ၎င်း၏ရှေ့နေတို့လာရောက်ခြင်း မရှိသဖြင့် ချေလွှာမတင်သွင်းဘိသကဲ့သို့သတ်မှတ်၍ အမှုကို ဆက်လက်ဆောင်ရွက်ပေးရန်လျှောက်ထားခြင်း၊ တရားပြိုင် ကချေလွှာ တင်သွင်းရန်ပျက်ကွက်ပါကမည်သို့မည်ပုံဆောင်ရွက်ရမည်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁ တွင် ပြဋ္ဌာန်းမထားခြင်း၊ တရားမမှုများတွင် အတိအလင်း သတ်မှတ်ထားခြင်းမရှိသည့်ကိစ္စများ၌ အမှုတစ်မှုစီတွင် ပေါ်ပေါက်သော အကြောင်း**

---

* ၂၀၁၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၁

\+ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၈၈ ၌ ချမှတ်သော ရန်ကုန်တိုင်းဒေသကြီး တရားရုံး၏ ၁၈-၇-၂၀၁၁ ရက်နေ့စွဲပါ စီရင်ချက်နှင့် အမိန့်ကို ပြင်ဆင်မှု။

၂၀၁၁
Myanmmar C.P
Marketing Co.Ltd
( ၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
ဒေါ်ခင်မာဆွေ)
နှင့်
Mirari Japan Co.Ltd
(၎င်း၏ အခွင့်ရ
ကိုယ်စားလှယ်
ဦးမြင့်ဆွေ)

**ခြင်းရာများကို ထောက်ချင့်၍ ဆင်ခြင်တုံတရား အရ ဆုံးဖြတ်ရန်ဖြစ်ခြင်း၊ ချေလွှာတင်ရန် အကြိမ်ကြိမ် ပျက်ကွက်ပါမူ တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်း ၃ ၌ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်နိုင်ခြင်း၊ ချေလွှာတင်ရန် တစ်ကြိမ်တစ်ခါသာ ပျက်ကွက်မှုအတွက် ချမှတ်သင့်သည့် ပြစ်ဒဏ်သည် တရားစရိတ်ပေးစေသည့် ပြစ်ဒဏ်ဆိုပါက တရားမျှတသည့်အမိန့်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁ တွင် အောက်ပါအတိုင်း ဖော်ပြ ပြဋ္ဌာန်းထားသည်-

> " တရားပြိုင်သည် မိမိ၏ခုခံချေပချက်အတွက် ချေလွှာကို အမှုပထမအကြိမ်ကြားနာ စစ်ဆေးသည့်အခါဖြစ်စေ၊ ထိုသို့ ကြားနာစစ်ဆေးခြင်းမပြုမီဖြစ်စေ၊ တရားရုံးကခွင့်ပြုသည့် အချိန်အတွင်းဖြစ်စေ တင်သွင်းနိုင်သည်။ တရားရုံးက ဆင့်ဆိုလျှင် တရားပြိုင်သည်မိမိ၏ ခုခံချေပချက်အတွက် ချေလွှာကို တင်သွင်းရမည်။ "

တရားရုံးက ဆင့်ဆိုပါလျက် တရားပြိုင်က ချေပလွှာ တင်သွင်းရန် ပျက်ကွက်လျှင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို နည်း ၁ တွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁၀ တွင် "ချေလွှာ တင်သွင်းရန် ဆင့်ဆိုခြင်းခံရသည့် အမှုသည်တစ်ဦးဦးသည် တရားရုံးက သတ်မှတ်သော အချိန်အတွင်းတင်သွင်းရန် ပျက်ကွက်သည့်အခါ တရားရုံး

| ၂၀၁၁ |
| --- |
| Myanmmar C.P Marketing Co.Ltd ( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ) နှင့် Mirari Japan Co.Ltd (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ) |

သည် ၎င်းအမှုသည်အား အရှုံးပေးသော စီရင်ချက်ချမှတ်နိုင်သည်။ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။

နည်း ၁၀ တွင် ရည်ညွှန်းသော ချေလွှာတင်ရန် ဆင့်ဆိုခြင်းခံရသည့်အမှုသည်တစ်ဦးဦးဆိုသည်မှာ နည်း ၉ အရ ဆင့်ဆိုခြင်းခံရသော တရားလို သို့မဟုတ် တရားပြိုင်ဖြစ်သည်။ သို့ဖြစ်ရာ တရားရုံးက သတ်မှတ်ပေးသောနေ့တွင် နည်း ၁ အရ ချေလွှာတင်ရန်ပျက်ကွက်လျှင် တရားရုံးသည် ၎င်းအပေါ် နည်း ၁၀ အရ ၎င်းအားအရှုံးပေးသော စီရင်ချက် ချမှတ်နိုင်မည်မဟုတ်ပေ။ အမိန့် ၈ နည်း ၉ အရ ဆင့်ဆိုသော ချေလွှာကို တင်သွင်းရန် ပျက်ကွက်မှသာ တရားရုံးသည်ပျက်ကွက်သည့် အမှုသည်အပေါ် နည်း ၁၀ အရ စီရင်ချက် ချမှတ်နိုင်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားပြိုင်သည် ချေလွှာတင်ရန်ပျက်ကွက်၍ တရားရုံးကချေလွှာတင်ရန်ပျက်ကွက် ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက တရားပြိုင်သည် အမှုတွင် ခုခံချေပချက် တင်သွင်းခွင့်နှင့် သက်သေထူခွင့်များ လက်လွတ်သွားမည်ဖြစ်၍ ချေလွှာတင်ခွင့်မရသည့် ပြစ်ဒဏ်သည် မည်မျှကြီးမားကြောင်း သိသာသည်။

တရားမမှုများတွင် အတိအလင်း သတ်မှတ်ထားခြင်းမရှိသည့် ကိစ္စများ၌ တရားစရိတ်ပေးစေသည့် ပြစ်ဒဏ်ကို ချမှတ်ပေးခြင်းဖြင့် တစ်ဖက်အမှုသည်၏ နစ်နာမှုကို ကုစားနိုင်သည် သို့မဟုတ် တရားမျှတသည် ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ မည်သို့သော အမိန့်ချမှတ်သင့်သည်ကိုမူ တရားရုံးက အမှုတစ်မှုစီတွင် ပေါ်ပေါက်သော

၂၀၁၁
Myanmmar C.P Marketing Co.Ltd ( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ) နှင့် Mirari Japan Co.Ltd (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ)

အကြောင်းခြင်းရာများကို ထောက်ချင့်၍ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ရန် ဖြစ်သည်။

ချေလွှာတင်ရန် အကြိမ်ကြိမ်ပျက်ကွက်ပါက တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်း ၃ ၌ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်နိုင်သည်။ **ဒေါ်လှကြည်ပါ ၆** နှင့် **ဒေါ်တင်မာဦး** အမှုကိုကြည့်ပါ။ ယခုအမှုတွင် တရားပြိုင်သည် ချေလွှာတင်ရန် အကြိမ်ကြိမ် ပျက်ကွက်နေခြင်းမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ တရားပြိုင်သည် ချေလွှာတင်ရန် တစ်ကြိမ်တစ်ခါသာ ပျက်ကွက်ပြီး ပျက်ကွက်ခြင်း အတွက် အကြောင်းပြနိုင်သည့် အခြေအနေတွင် ချေလွှာတင်သွင်းခွင့် ဆုံးရှုံးသည့်ပြစ်ဒဏ်ထက် သက်ညှာသောပြစ်ဒဏ်ကိုသာ ပေးသင့်သည်။

သို့ဖြစ်ရာ ချေလွှာတင်ရန် တစ်ကြိမ်တစ်ခါ ပျက်ကွက်မှု အတိုင်းအတာအလျောက် ပြစ်ဒဏ်ကို ချိန်ဆသတ်မှတ်မည်ဆိုပါက တရားစရိတ်ပေးစေသည့် ပြစ်ဒဏ်ချမှတ်ပေးခြင်းက တရားမျှတသည့်အမိန့် ဖြစ်ပေမည်။

လျှောက်ထားသူအတွက် - ဦးစိုးသိန်း၊
တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ဦးကျော်ငြိမ်း၊
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၁ ခုနှစ် တရားမကြီးမှု

၂၀၁၁

Myanmmar C.P Marketing Co.Ltd
( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ)
နှင့်
Mirari Japan Co.Ltd
(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ)

အမှတ် ၁၃၈၈ တွင် လျှောက်ထားသူက လျှောက်ထားခံရသူအပေါ် နှစ်ဖက်သဘောတူ အတည်ပြုထားပြီးဖြစ်သော လုပ်ငန်းဆောင်ရွက်ရန်များကို တရားပြိုင်ဘက်က မဆောင်ရွက်နိုင်ခဲ့သည့်အတွက် နစ်နာကြေးငွေကျပ်သိန်း ၁၀၀၀၀ တိတိကို တရားလိုထံပေးအပ်စေပြီး လုပ်ငန်းအာမခံငွေ ဒေါ်လာ ၆၀၀၀၀ ကို တရားပြိုင်က လက်ခံထားဆဲဖြစ်၍ တရားလိုနှင့် လုပ်ငန်းဆက်လက်ဆောင်ရွက် ပေးစေလိုမှု စွဲဆိုသည်။

အမှုတွင် ချေလွှာတင်ရန် ချိန်းဆိုသည့်နေ့၌ လျှောက်ထားခံရသူနှင့် ၎င်း၏ရှေ့နေတို့ လာရောက်ခြင်းမရှိသဖြင့် ချေလွှာမတင်သွင်းဘိသကဲ့သို့ သတ်မှတ်၍ အမှုကိုဆက်လက်ဆောင်ရွက်ပေးရန် လျှောက်ထားသူဘက်က လျှောက်ထားရာ နှစ်ဖက်ကြားနာပြီးနောက် လျှောက်ထားသူ၏ လျှောက်ထားချက်ကို ပယ်ကြောင်း အမိန့်ချမှတ်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

တိုင်းဒေသကြီးတရားလွှတ်တော်က တရားရုံးများအနေဖြင့် ရုံးချိန်းအကြိမ်ကြိမ် ပျက်ကွက်ပြီး ခိုင်လုံသော အကြောင်းမပြနိုင်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍သာ ချေလွှာတင်ခွင့်မပြုသည့် ကြီးလေးသော ပြစ်ဒဏ်ကို ချမှတ်လေ့ရှိကြောင်း၊ ယခုဖြစ်ရပ်တွင် တရားပြိုင်ဘက်အနေဖြင့် တစ်ကြိမ်တစ်ခါ ရုံးချိန်းပျက်ကွက်ခြင်းသာဖြစ်ပြီး ထိုနေ့က ရုံးချိန်း ပျက်ကွက်ရခြင်းအတွက်လုံလောက်သောအကြောင်းပြချက်များကိုလည်းတင်ပြထားကြောင်း၊ ငွေကြေးပမာဏ ကြီးမားစွာတောင်းခံ စွဲဆိုထားသောအမှုမျိုးဖြစ်၍ နှစ်ဖက်သက်သေခံချက် အထောက်အထားများ ပြည့်စုံစွာ ရယူကြားနာသင့်ကြောင်း သုံးသပ်၍ လျှောက်ထားချက်ကို ပယ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၁

Myanmmar C.P Marketing Co.Ltd ( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ) နှင့် Mirari Japan Co.Ltd (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ)

လျှောက်ထားသူ၏ရှေ့နေက တရားပြိုင်သည် ချေလွှာတင်ရန် ချိန်းဆိုထားသည့်နေ့တွင် ချေလွှာတင်သွင်းခြင်းမရှိဘဲ ပျက်ကွက်နေကြောင်း အမှုတွင် ထင်ရှားပါလျက် တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁နှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ တရားပြိုင်၏ချေလွှာ တင်သွင်းခြင်းကို လက်ခံပြီး တရားလို၏ လျှောက်လွှာကို ပယ်ခဲ့ခြင်းသည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ အရ အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်ကိုကျင့်သုံးရန် ပျက်ကွက်ခြင်းနှင့် စီရင်ပိုင်ခွင့်ကို ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်ပယ်ဖျက်ပြီး မူလရုံးတရားလို လျှောက်ထားသည့်အတိုင်း ချေလွှာမတင်ဘိသကဲ့သို့ အမှုဆက်လက်ဆောင်ရွက်စေသည့် အမိန့်ချမှတ်ပေးရန် တင်ပြလျှောက်လဲသည်။

လျှောက်ထားခံရသူ၏ရှေ့နေက ရုံးချိန်းနေ့ ၉-၃-၂၀၁၁ တွင် တရားရုံးက တရားလိုဘက်၏ လျှောက်ထားချက်ကို ခွင့်ပြုသည့်အနေဖြင့် အမှုအားတစ်ဖက်သတ် ဆောင်ရွက်သွားမည်ဟု လည်းကောင်း၊ တရားလိုအားကြားနာစစ်ဆေးရန်ဟုလည်းကောင်း မှတ်တမ်းတင်ခြင်းမပြုခဲ့ဘဲ တရားပြိုင်ဘက်မှ တင်ပြရန်ဟုသာ မှတ်တမ်းတင်ရွှေ့ဆိုင်းခဲ့ပြီး ၁၀-၃-၂၀၁၁ နေ့တွင် တရားပြိုင်၏အခွင့်ရကိုယ်စားလှယ် ရုံးရှေ့လာရောက်ချေလွှာ တင်သည်ကို လက်ခံရယူ၍ တင်ပြရန်ပင် ချိန်းဆိုခဲ့ကြောင်း၊ တရားပြိုင်၏အခွင့်ရကိုယ်စားလှယ်၏ လက်ဝယ်တွင်ချေလွှာအသင့်ရှိနေပြီး ရုတ်တရက်ကျန်းမာရေး အခြေအနေကြောင့် ရုံးချိန်းအမီတင်ပြစေရေးမစီစဉ်နိုင်သည်မှာ ခိုင်လုံသောအကြောင်းပြချက်အဖြစ် မှတ်ယူပေးသင့်ပါကြောင်း၊ မူလရုံး၏အမိန့်မှာ ဥပဒေနှင့်အညီ ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ခဲ့ခြင်းဖြစ်၍ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

၉-၃-၂၀၁၁ ရုံးချိန်းနေ့တွင် တရားရုံးသို့ မလာရောက်နိုင်ခြင်းနှင့် စပ်လျဉ်း၍ တရားပြိုင်၏ ရှေ့နေ ဦးကျော်ငြိမ်းသည် ထိုနေ့တွင် ချေလွှာကို ပူးတွဲတင်သွင်းသည့် စာရွက်စာတမ်းများနှင့်အတူ အမှုသည်ဖြစ်သူ တရားပြိုင်၏ အခွင့်ရကိုယ်စားလှယ်ဦးမြင့်ဆွေထံ ကြိုတင်ပေးအပ်ထားကြောင်းနှင့် တာချီလိတ်မြို့သို့ အရေးပေါ်ခရီးထွက်ခွာသွားခဲ့ကြောင်း၊ ဦးမြင့်ဆွေသည် သွေးတိုးရောဂါနှင့် မျက်စိနှစ်ဖက်လုံး ရေတိမ်စွဲကပ်နေကာ ၉-၃-၂၀၁၁ နေ့တွင် ရုတ်တရက် သွေးတိုးပြီး မူးဝေသတိချွတ်ယွင်းခဲ့သဖြင့် ဆေးကုသမှုခံယူခဲ့ရကြောင်း၊ တမင်ပေါ့လျော့၍ ရုံးချိန်းပျက်ကွက်ခြင်းမဟုတ်ဘဲ မလွှဲမရှောင်သာသော အကြောင်းတိုက်ဆိုင်မှုများကြောင့် ပျက်ကွက်ရခြင်းဖြစ်ကြောင်း၊ ယခင်ပျက်ကွက်ခဲ့ခြင်းမရှိသည့်အပြင် ချေလွှာမပျက်မကွက်တင်ရန် သတိပေး ချိန်းဆိုခဲ့ခြင်းမရှိကြောင်း၊ ခရီးသွားလာခဲ့ကြောင်း လေယာဉ်လက်မှတ်၊ ဆေးကုသမှုမှတ်တမ်းများကို ပူးတွဲ၍ ကျမ်းကျိန်လွှာဖြင့် တင်ပြလျှောက်ထားခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁ တွင် အောက်ပါအတိုင်း ဖော်ပြ ပြဋ္ဌာန်းထားသည်-

“ တရားပြိုင်သည် မိမိ၏ ခုခံချေပချက်အတွက် ချေလွှာကို အမှုပထမအကြိမ် ကြားနာစစ်ဆေးသည့်အခါဖြစ်စေ၊ ထိုသို့ကြားနာစစ်ဆေးခြင်းမပြုမီဖြစ်စေ၊ တရားရုံးက ခွင့်ပြုသည့်အချိန်အတွင်းဖြစ်စေ တင်သွင်းနိုင်သည်။ တရားရုံးကဆင့်ဆိုလျှင် တရားပြိုင်သည် မိမိ၏ခုခံချေပချက်အတွက် ချေလွှာတင်သွင်းရမည်။ ”

တရားရုံးက ဆင့်ဆိုပါလျက် တရားပြိုင်က ချေပလွှာတင်သွင်းရန်

၂၀၁၁

Myanmmar C.P Marketing Co.Ltd
( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ)
နှင့်
Mirari Japan Co.Ltd
(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ)

၂၀၁၁

Myanmmar C.P Marketing Co.Ltd ( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ) နှင့် Mirari Japan Co.Ltd (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ)

ပျက်ကွက်လျှင် မည်သို့မည်ပုံဆောင်ရွက်ရမည်ကို နည်း ၁ တွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁၀ တွင် " ချေလွှာတင်သွင်းရန် ဆင့်ဆိုခြင်းခံရသည့် အမှုသည် တစ်ဦးဦးသည် တရားရုံးက သတ်မှတ်သော အချိန်အတွင်း တင်သွင်းရန် ပျက်ကွက်သည့်အခါ တရားရုံးသည် ၎င်းအမှုသည်အား အရှုံးပေးသောစီရင်ချက်ချမှတ်နိုင်သည်။ သို့တည်းမဟုတ် ယင်းအမှုနှင့်စပ်လျဉ်း၍ သင့်သည် ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။

နည်း ၁၀ တွင် ရည်ညွှန်းသော ချေလွှာတင်ရန် ဆင့်ဆိုခြင်းခံရသည့် အမှုသည်တစ်ဦးဦးဆိုသည်မှာ နည်း ၉ အရ ဆင့်ဆိုခြင်းခံရသော တရားလိုသို့မဟုတ် တရားပြိုင်ဖြစ်သည်။ သို့ဖြစ်ရာ တရားရုံးက သတ်မှတ်ပေးသော နေ့တွင် နည်း ၁ အရ ချေလွှာတင်ရန် ပျက်ကွက်လျှင် တရားရုံးသည် ၎င်းအပေါ် နည်း ၁၀ အရ ၎င်းအား အရှုံးပေးသော စီရင်ချက်ချမှတ်နိုင်မည်မဟုတ်ပေ။ အမိန့် ၈ နည်း ၉ အရ ဆင့်ဆိုသော ချေလွှာကို တင်သွင်းရန် ပျက်ကွက်မှသာ တရားရုံးသည် ပျက်ကွက်သည့်အမှုသည်အပေါ် နည်း ၁၀ အရ စီရင်ချက် ချမှတ်နိုင်မည်ဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက **ဒေါ်သန်းတင်ပါ ၂ နှင့် ဦးချန်ဘွန်ရှောင်ပါ ၂ အမှု** [၁] ကို ကိုးကားပြီး ချေလွှာတင်သွင်းရန် ပျက်ကွက်ပါက ချေလွှာတင်သွင်းရန် ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန်သာဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

---

**(၁) ၁၉၇၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၀၆**

၂၀၁၁

Myanmmar C.P Marketing Co.Ltd
( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ)
နှင့်
Mirari Japan Co.Ltd
(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ)

**ဒေါ်သန်းတင်ပါ ၂ နှင့် ဦးချန် ဘွန်ရှောင်ပါ ၂ အမှု** [၁] တွင် ချေလွှာတင်ရန် ပျက်ကွက်ခြင်းကြောင့် ဒီကရီချမှတ်ပေးခဲ့သည်မှာ မှားယွင်းကြောင်း ဝေဖန်သုံးသပ်ခြင်းဖြစ်သည်။ ယင်းအမှုတွင် ချေလွှာတင်ရန် ပျက်ကွက်ရုံမျှဖြင့် တရားလိုစွဲဆိုသည့်အမှုကို တစ်ဖက်သတ်ဒီကရီချမပေးနိုင်။ တရားပြိုင်သည် ချေလွှာတင်ရန် ပျက်ကွက်ပါက တရားရုံးသည် ချေလွှာတင်ရန် ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်ရန်သာရှိသည်ဟု ဆောင်ရွက်နိုင်သည့်နည်းလမ်းကို လမ်းညွှန်ခဲ့ခြင်းသာဖြစ်သည်။ ယင်းကဲ့သို့ လမ်းညွှန်ခဲ့စေကာမူ အယူခံမှုကို ဆုံးဖြတ်ရာ၌ မူလရုံးတရားပြိုင်ဖြစ်သည့် အယူခံတရားလိုတို့အား ချေလွှာတင်ရန် သင့်တော်သည့် အချိန်ပေး၍ အမှုကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားထားသည်ကို တွေ့ရသည်။

**မောင်သာဌေးပါ ၄ နှင့် ဦးခင်မောင်မြင့် အမှု၊ ဦးခင်မောင်မြင့် နှင့် မောင်သာဌေးပါ ၄ အမှု** [၂] တွင် အမိန့် ၅ နည်း ၂၀-က အရ လိုအပ်သည့် လိပ်စာတင်ရန် ပျက်ကွက်သည့်အတွက် ချမှတ်နိုင်သည့် အမိန့်အမျိုးမျိုးကို ဖော်ပြရာ၌ အမိန့် ၈ နည်း ၁ အရ တရားပြိုင်မှ ချေလွှာတင်သွင်းရန် ပျက်ကွက်ပါက ချေလွှာတင်သွင်းခွင့် ဆုံးရှုံးကြောင်းကို ဆက်စပ်၍ ဖော်ပြခဲ့ခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၈ နည်း ၁ တွင် ချေလွှာတင်သွင်းရန် ပျက်ကွက်ပါက ချေလွှာတင်သွင်းခွင့် ဆုံးရှုံးစေရမည်ဟု အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိချေ။

---

**(၂) ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၇၈**

၂၀၁၁
Myanmmar C.P Marketing Co.Ltd
( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ)
နှင့်
Mirari Japan Co.Ltd
(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ)

တရားပြိုင်သည် ချေလွှာတင်ရန်ပျက်ကွက်၍ တရားရုံးက ချေလွှာတင်ရန် ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက တရားပြိုင်သည် အမှုတွင် ခုခံချေပချက်တင်သွင်းခွင့်နှင့် သက်သေထူခွင့်များ လက်လွတ်သွားမည်ဖြစ်၍ ချေလွှာတင်ခွင့်မရသည့် ပြစ်ဒဏ်သည် မည်မျှကြီးမားကြောင်း သိသာသည်။

တရားမမှုများတွင် အတိအလင်းသတ်မှတ်ထားခြင်း မရှိသည့်ကိစ္စများ၌ တရားစရိတ်ပေးစေသည့် ပြစ်ဒဏ်ကို ချမှတ်ပေးခြင်းဖြင့် တစ်ဖက်အမှုသည်၏ နစ်နာမှုကို ကုစားနိုင်သည်။ သို့မဟုတ် တရားမျှတသည် ထင်မြင်သည့် အခြားအမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ မည်သို့သောအမိန့် ချမှတ်သင့်သည်ကိုမူ တရားရုံးက အမှုတစ်မှုစီတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာများကို ထောက်ချင့်၍ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ရန် ဖြစ်သည်။

ချေလွှာတင်ရန် အကြိမ်ကြိမ်ပျက်ကွက်ပါက တရားရုံးသည် တရားမကျင့်ထုံးဥပဒေအမိန့် ၁၇ နည်း ၃ ၌ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်အရ ဆောင်ရွက်နိုင်သည်။ **ဒေါ်လှကြည်ပါ ၆ နှင့် ဒေါ်တင်မာဦးအမှု** [၃] ကိုကြည့်ပါ။ ယခုအမှုတွင် တရားပြိုင်သည် ချေလွှာတင်ရန် အကြိမ်ကြိမ်ပျက်ကွက်နေခြင်းမဟုတ်ပေ။ ချေလွှာတင်ရန် ချိန်းဆိုသည့် ၉-၃-၂၀၁၁ နေ့တွင် ရုံးသို့လာရောက်ရန် ပျက်ကွက်ပြီး ၁၀-၃-၂၀၁၁ နေ့တွင် ရုံးရှေ့လာရောက်၍ ချေလွှာတင်သွင်းခဲ့ကြောင်း တွေ့ရသည်။

---

**(၃) ၁၉၈၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၉**

၂၀၁၁

Myanmmar C.P Marketing Co.Ltd
( ၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခင်မာဆွေ)
နှင့်
Mirari Japan Co.Ltd
(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးမြင့်ဆွေ)

ချေလွှာတင်ရန် ပျက်ကွက်ခြင်းအတွက် လျှောက်ထားခံရသူ၏ ရှေ့နေ (တရားပြိုင်ရှေ့နေ) က ၎င်းမှာ တာချီလိတ်မြို့သို့ အရေးပေါ် ခရီးထွက်ခွာသွားရခြင်း၊ တရားပြိုင်၏ အခွင့်ရကိုယ်စားလှယ်မှာ မကျန်းမာ၍ ဆေးကုသမှုခံနေရခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ ဤအကြောင်းပြချက်များကို ခိုင်လုံသော အကြောင်းပြချက်အဖြစ် မှတ်ယူပေးပါရန် တင်ပြသည်။

တရားပြိုင်သည် ချေလွှာတင်ရန် တစ်ကြိမ်တစ်ခါသာ ပျက်ကွက်ပြီး ပျက်ကွက်ခြင်းအတွက် အကြောင်းပြနိုင်သည့် အခြေအနေတွင် ချေလွှာတင်သွင်းခွင့် ဆုံးရှုံးသည့်ပြစ်ဒဏ်ထက် သက်ညှာသောပြစ်ဒဏ်ကိုသာ ပေးသင့်သည်။

သို့ဖြစ်ရာ ချေလွှာတင်ရန် တစ်ကြိမ်တစ်ခါ ပျက်ကွက်မှုအတိုင်းအတာအလျောက် ပြစ်ဒဏ်ကို ချိန်ဆသတ်မှတ်မည်ဆိုပါက တရားစရိတ်ပေးစေသည့် ပြစ်ဒဏ်ချမှတ်ပေးခြင်းက တရားမျှတသည့်အမိန့် ဖြစ်ပေမည်။

မူလရုံးသည် မိမိအားအပ်နှင်းထားသည့် စီရင်ပိုင်ခွင့်ကို နည်းလမ်းတကျဆောင်ရွက်သည်ဟု မဆိုနိုင်သဖြင့် ဤပြင်ဆင်မှုရုံးက ဝင်ရောက်စွက်ဖက်ရပေမည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကိုပယ်ဖျက်၍ မူလရုံးတရားပြိုင်သည် မူလရုံးတရားလိုအား တရားစရိတ် ငွေကျပ်သုံးသောင်းပေးကာ အမှုကို ဆက်လက်ဆောင်ရွက်သွားစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ိ/- သတ်မှတ်သည်။